
# ရှင်မာကုခရစ်ဝင်ကျမ်းမှ
# တရားဟောချက်များ

လေ့လာခြင်းနှင့် ဟောပြောခြင်း။



*...written for Bible teachers around the world*

# PREACHING MARK

ရှင်မာကုခရစ်ဝင်ကျမ်းမှ တရားဟောချက်များ
လေ့လာခြင်းနှင့် ဟောပြောခြင်း။

This book is a combination of
Preaching Mark Book 1 and
Preaching Mark book 2

© Phil Crowter / The Good Book Company 2006,2007

Published by

CLC Myanmar
No, 180/2 39th Street,
Kyauktada Tsp,
Yangon, Myanmar
Email : clcmyan@gmail.com
July, 2010.

by the permimion of
The Good Book Company Ltd
Elm House, 37 Elm Road
New Malden, Surrey KT3 3HB, UK
email : philcrowter@thegoodbook.co.uk
website: www.thegoodbook.co.uk

ISBN: 9781905564880

In memory of Christopher Hayward (1968-2007)

who love God's Word and

taught it faithfully.

ဘုရားသခင်၏နှုတ်ကပတ်တော်ကို

ချစ်မြတ်နိုးပြီး သစ္စာရှိစွာ သွန်သင်သော

ခရစ္စတိုဖာဟေဝဒ် (၁၉၆၈ - ၂၀၀၇)ကို သတိရ အောက်မေ့လျက်

## ကျေးဇူးပြု၍ ဤစာကို အရင်ဖတ်ပါ။

ကျွန်ုပ်တို့ တရားဟောဆရာများသည် ကမ္ဘာပေါ်၌ အကောင်းဆုံးအလုပ်ကို ရရှိထားကြသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် သေနေသောသူများကို အသက်ရှင်ခွင့်ပေးပါသည်။ ဆာလောင်နေသော သူများကို ကျွေးမွေးပါသည်။ ကျွန်ုပ်တို့ထံသို့ သခင်ယေရှုကို ပို့ဆောင်ပေးပါသည်။ ကျွန်ုပ်တို့သည် ၎င်း နှုတ်ကပတ်တော်ကို ဟောပြောနေခြင်းဖြစ်သည်။

၂တိ၊၂း၁၅ တွင် "သင်မူကား ဝန်ခံသောသူ၊ ရှက်ကြောက်စရာအကြောင်းမရှိဘဲ သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက် ဘုရားသခင်ရှေ့၌ ကိုယ်ကိုကိုယ်ဆက်သခြင်းငှါ ကြိုးစားအားထုတ်လော့။"

ဤတရားဟောချက်စာအုပ်သည် အထက်ပါကျမ်းအတိုင်း လုပ်ဆောင်နိုင်ရန် သင့်အား ကူညီမည်ဖြစ်သည်။ ရှင်မာကုခရစ်ဝင်ကျမ်းကို ဖော်ပြထားသော ဤစာအုပ်သည် ဤကဲ့သို့ သင့်အား ကူညီပါလိမ့်မည်။

- သခင်ယေရှုနှင့်ပတ်သက်၍ ရှင်မာကုက မည်သည့်အရာပြောခဲ့သည်ကို နားလည်နိုင်ရန်။
- သင်ခန်းစာတစ်ခုစီတိုင်းသည် ယုံကြည်သူများအတွက် မည်မျှအရေးပါသည်ကို စဉ်းစား တွေးမိနိုင်ရန်။
- အဓိကအချက်များကို ရှင်းရှင်းလင်းလင်း သင်ကြားပြသနိုင်ရန်။

သင်ခန်းစာတစ်ခုစီတိုင်းသည် ရှင်မာကုခရစ်ဝင်ကို လေ့လာနိုင်ရန်နှင့်ဟောပြောနိုင်ရန် သင့်ကို ကူညီပါ လိမ့်မည်။ သို့သော် သင့်အနေဖြင့် အားထုတ်ရန် လိုပါသေးသည်။ ကျွန်ုပ်တို့ ကူညီပေးနိုင်သည်မှာ အကြံဉာဏ်အချို့နှင့် အချက်အလက်အချို့သာဖြစ်သည်။ သင်၏ပရိသတ်များအား သမ္မာတရားကို သေသေချာချာ နားလည်နိုင်ရန် မည်သို့ ရှင်းပြရမည်ကို ဘုရားသခင်ထံတွင်သာ တောင်းလျှောက်ရမည် ဖြစ်သည်။

ဤစာအုပ်ကို ထိထိရောက်ရောက် အသုံးပြုနိုင်ရန် ဤကဲ့သို့ အကြံပေးပါရစေ။ သင်ခန်းစာအစမှ တစ်ခုချင်းစီကို အစဉ်လိုက်သင်ပြပါ။ ထို့နောက် သင်၏ပရိသတ်များသည် သခင်ယေရှုနှင့်ပတ်သက်ပြီး ဘာတွေပြောထားသည်ကို နားလည်လာပါလိမ့်မည်။ ကျွန်ုပ်တို့သည် ကမ္ဘာပေါ်တွင် အကောင်းဆုံးသော အလုပ်ကို ရထားသူများဖြစ်ကြသည်အတိုင်း ဘုရားသခင်၏အကူအညီဖြင့် အကောင်းဆုံး လုပ်ဆောင်ကြပါစို့။

သင်ခန်းစာများကို မလေ့လာခင် ဦးစွာ ဤအရာများကို ဖတ်စေလိုပါသည်။

က။ လေ့လာမှုအထောက်အကူပြုဇယား (ရှင်မာကုခရစ်ဝင်ကျမ်းကို လေ့လာပြင်ဆင်ခြင်း)။

ခ။ ရှင်မာကုခရစ်ဝင်ကျမ်း တရားဟောချက်စာအုပ်ကို အသုံးပြုနည်း။

ဂ။ ရှင်မာကုခရစ်ဝင်ကျမ်း။

Phil Crowter

## မာတိကာ


က။ လေ့လာမှုအထောက်အကူပြုဇယား

(ရှင်မာကုခရစ်ဝင်ကျမ်းကို လေ့လာပြင်ဆင်ခြင်း) ၇

ခ။ ရှင်မာကုခရစ်ဝင်ကျမ်းတရားဟောချက်စာအုပ်ကို အသုံးပြုနည်း ၈

ဂ။ ရှင်မာကုခရစ်ဝင်ကျမ်း ၁၁

ဃ။ ရှင်မာကုခရစ်ဝင်ကျမ်းမှ တရားဟောချက်များ

(လေ့လာခြင်းနှင့် ဟောပြောခြင်း) ၁၃

## က။ လေ့လာမှု အထောက်အကူပြုဇယား

## ရှင်မာကု ခရစ်ဝင်ကျမ်းကို လေ့လာပြင်ဆင်ခြင်း

၁။ ဘုရားသခင်၏ကူညီမစမှုခံယူရန် ဆုတောင်းပါ။

▼

၂။ သမ္မာကျမ်းကို အကြိမ်ကြိမ်ဖတ်ပါ။

အသုံးပြုရန် [■] သမ္မာကျမ်းကို နားလည်နိုင်ရန် "နောက်ခံသမိုင်း" ဆိုသော ခေါင်းစဉ်ကို လေ့လာပါ။

အသုံးပြုရန် [▲] ခက်ခဲသောကျမ်းပိုဒ်များကို နားလည်ရန် "မှတ်သားရန်" ဆိုသော ခေါင်းစဉ်ကို လေ့လာပါ။

▼

၃။ သင်လေ့လာနေသော သမ္မာကျမ်းအခန်းကြီးများထဲမှ ဘုရားသခင် သွန်သင်လိုသော အဓိကအချက်ကို ကြိုးစားရှာဖွေပါ။

[•] "အဓိကအချက်" ဟူသော ခေါင်းစဉ်က အထောက် အကူပြုပါလိမ့်မည်။

▼

၄။ သင်၏ပရိသတ်များအတွက် ဆုတောင်းပါ။ ယခု လေ့လာမည့် သမ္မာကျမ်းက သူတို့အတွက် မည်သို့သော အထောက်အမဖြစ်စေနိုင်သည်ကို စဉ်းစားပါ။

[★] "လုပ်ဆောင်ရန်" ဟူသော ခေါင်းစဉ်က သင့်အား ကူညီပါလိမ့်မည်။

▼

၅။ သင်ပြောမည့်စကားများကို ရေးချပါ။ သမ္မာကျမ်း သွန်သင်သော "အဓိကအချက်" ဆိုသည့် နေရာမှစတင်ပါ။

(တရားဟောချက်အပိုင်းတွင် ပါသောအချက်အလက်များကို အသုံးပြုပါ)။

▼

၆။ ယခု တရားဟောချက်၏အစနှင့်အဆုံးကို ရေးချပါ။

▼

၇။ သင်ရေးချပြီးသမျှကို ပြန်၍စစ်ဆေးပါ။

- အဓိကအချက်သည် ရှင်းရှင်းလင်းလင်းဖြစ်ပါသလား။
- သမ္မာကျမ်း၏သွန်သင်ချက်များကို ဖော်ပြမိပါသလား။
- သင်၏ပရိသတ်များ နားလည် မှတ်မိနိုင်ရန် ဥပမာစကားများကို အသုံးပြုထားပါသလား။
- သမ္မာကျမ်းကို သင်၏ပရိသတ်နှင့်ချိတ်ဆက်ပေးနိုင်ပါသလား။

မည်သို့သော အပြောင်းအလဲမျိုးကို မျှော်လင့်ထားပါသနည်း။

▼

၈။ သင်၏ဟောပြောချက်များကို အသုံးပြုမည့်အကြောင်း ဆုတောင်းပါ။ သမ္မာတရားအားဖြင့် လူများကို ပြောင်းလဲစေနိုင်ရန် ဆုတောင်းပါ။

တရားဟောရန် ပြင်ဆင်သည့်အခါတိုင်း ဤအချက်များကို မမေ့ပါနှင့်။

- ဦးစွာ ဆုတောင်းပါ။
- သမ္မာကျမ်းကို သေချာစွာ ဖတ်ရှုပါ။
- သမ္မာကျမ်း သွန်သင်သည့် အဓိက အချက်ကိုရှာပါ။

ထို့နောက် အထောက်အကူဖြစ်စေရန် ဤစာအုပ်ကို အသုံးပြုပါ။ တရားဟောချက်တစ်ပိုဒ်စီတိုင်းအတွက် စာမျက်နှာ(၂)မျက်နှာစီ ဖော်ပြထားပါသည်။ ပထမတစ်မျက်နှာက သမ္မာကျမ်းကို နားလည် နိုင်ရန် သင့်အားကူညီပါလိမ့်မည်။ ဒုတိယ စာမျက်နှာ၌ တရားဟောချက်ခေါင်းစဉ်နှင့် ဟောပြောရမည့် အကြောင်းအရာများကို စဉ်းစားနိုင်ရန် အထောက် အကူပြုပါလိမ့်မည်။ သမ္မာကျမ်းက ဘာပြောထား သည်ကို သိနိုင်ရန် ဖော်ပြထားသော ကျမ်းညွှန်းများ ကို ဖတ်ဖို့ လိုအပ်ပါလိမ့်မည်။

## လေ့လာခြင်းအပိုင်း၊


## သမ္မာကျမ်းကို သဘောပေါက် နားလည်ခြင်း

သမ္မာကျမ်းပိုဒ်ကို နားလည်သဘောပေါက် နိုင်ရန် ပထမစာမျက်နှာက ကူညီသည်။

### ▣ နောက်ခံသမိုင်း

သမ္မာကျမ်းပိုဒ်၏ အရှေ့ပိုင်းနှင့် အနောက်ပိုင်း ဖြစ်ပျက်သော အကြောင်းအရာများကို စဉ်းစားရန် အလွန်အရေးကြီးသည်။ ရှင်မာကုခရစ်ဝင်ကျမ်းထဲမှ ခရစ်တော်၏သမိုင်းကြောင်း အကျယ်တဝင့်သိရန် သမ္မာကျမ်း အခန်းငယ်လေးများကို တစ်ခုချင်း ဖတ်ရပါမည်။ ဤသမ္မာကျမ်းပိုဒ်သည် မာကုကျမ်းထဲမှ အခြားအကြောင်းအရာများနှင့် မည်ကဲ့သို့ တူညီကြောင်း အမြဲမေးပါ။ ခရစ်တော်သည် မည်သူဖြစ်သည်၊ ခရစ်တော်သည် အဘယ်ကြောင့် ကြွလာသည်ကို နားလည်သဘောပေါက်နိုင်ရန် မည်သို့ ကူညီကြောင်းမေးပါ။

ထိုနောက်ခံ သမိုင်းအကြောင်းကဏ္ဍက နားလည် သဘောပေါက်ရန် ကူညီပေးလိမ့်မည်။



### ⊡ အဓိကအချက်

ကျွန်ုပ်တို့အနေဖြင့် အရေးကြီးဆုံး သော့ချက်ကို ဖော်ပြသည်။ ဤသော့ချက်ကို စဉ်းစားပါ။ သမ္မာကျမ်းပိုဒ်က မည်သည့်အရာကို သင်ပေးကြောင်း သင်မြင်ပါသလား။ ဤသော့ချက်သည် သင်၏ဟောပြောချက်တွင် အလွန် ရှင်းလင်းစေရန် ကြိုးစား၍ သေချာအောင်လုပ်ပါ။

### ⊠ လုပ်ဆောင်ရန်

ဤကဏ္ဍသည် သင်စဉ်းစားရန် လိုအပ်သော သမ္မာကျမ်းပိုဒ်ထဲမှ ရွေးချယ်ခြင်းအချို့ဖြစ်သည်။ သမ္မာကျမ်းကို နားလည်နိုင်ဖို့ ပြင်းပြင်းထန်ထန် ကြိုးစားရန် အရေးကြီးပါသည်။ ဤကျမ်းပိုဒ်ထဲမှ အဓိကသော့ချက်ကို ဘယ်လိုသင်ကြားရကြောင်း ကောင်းစွာ ဂရုစိုက်၍စဉ်းစားပါ။ သင်ထောက်ကူဖို့ (Word Picture) စကားလုံးရုပ်ပုံကားချပ်များကို အသုံးပြုနိုင်ပါသည်။


### ⊿ မှတ်သားရန်

ဤကဏ္ဍသည်ခက်ခဲသော ကျမ်းပိုဒ်များကို ဖော်ပြပါသည်။ သင် ဟောပြောသောအခါ အမှား မရှိရလေအောင် ၎င်းက ကူညီပေးမည်။

# သွန်သင်ဟောပြောခြင်း အပိုင်း

## သမ္မာကျမ်း သင်ကြားခြင်း

ဒုတိယစာမျက်နှာက သင့်ကို သမ္မာကျမ်းပိုဒ်ကို သင်ကြားဖို့ ကူညီပါသည်။ သင်ကိုယ်တိုင် လေ့လာ ပြင်ဆင်ရပါမည်။ ဖော်ပြထားသော အရာများက သင့်အတွက် အကြံပေးလိမ့်မည်။ ထိုအကြံကို ယူပြီး အကောင်းဆုံးနည်းဖြင့် အသုံးပြုပါ။ ကျွန်ုပ်တို့ သင့်ကို အရိုးပေးသော်လည်း ထိုအရိုးပေါ်မှာ အသားကို ဖြည့်ရပါမည်။



**၁။ သင့်ကိုကူညီရန်ရေးသားချက်များ**

ခေါင်းစဉ် (၂) (သို့) (၃)ခုကို ရေးသားထား ပါသည်။ ဤခေါင်းစဉ်များက သင့်ကို ရှင်းလင်းစွာဖြင့် သမ္မာကျမ်း သင်ကြားဖို့ အထောက်အကူပြုမည်။ သင့်လူများအတွက် ပိုမိုဆီလျော်မည် ထင်ပါက ခေါင်းစဉ်ကို ပြောင်းနိုင်ပါသည်။

သမ္မာကျမ်း ပြောသည့်အရာကို ဖော်ပြခြင်း။ လူတိုင်း သမ္မာကျမ်းကို နားထောင်စေလိုသည်။ ကျမ်းစာပြောသောအရာများကို ဆင်ခြင်စဉ်းစား ရပါမည်။ သူတို့မှာ ကျမ်းစာအုပ်ရှိလျှင် သင်ပြောနေ သောကျမ်းပိုဒ်ငယ်ကို ရှာဖွေနိုင်းပါ။ ဤသင်္ကေတ 📖က၊ သင်ဘယ်အချိန်မှာ လုပ်ရမည်ကို သိအောင် ကူညီပေးမည်။

- သမ္မာကျမ်း သွန်သင်ချက်များကို ရှင်းလင်း ခြင်း။ သင်၏လူများ နားလည်နိုင်ဖို့ မည်သို့ ရှင်းပြ ရမည်ကို စဉ်းစားဖို့ လိုအပ်ပါသည်။ ကျွန်ုပ် သင်တို့၏လူများအကြောင်းကို မသိနိုင်ပါ။ သင်တို့သာ သင်တို့၏လူများအကြောင်းကို သိပါသည်။ သင်၏ ဟောပြောခြင်းသည် ကျွန်ုပ်တို့ပြောခြင်းထက် ပို၍ ထိရောက် ကောင်းမွန်ပါသည်။
- ရုပ်ဖန်ရုပ်ခံ စကားလုံးဖြင့်ပုံဖော်ခြင်း။

ရှင်မာကု ခရစ်ဝင်၊ ၁း၁၆–၂၀ ထဲမှ ဥပမာ ကောက်နုတ်ချက်အချို့ ဖြစ်ပါသည်။

⊞ ***ဤအရာကို တွေးခေါ်စဉ်းစားကြည့်ပါ။*** *အလုပ်အလွန်များသောသူတစ်ယောက်ကို သင် တွေ့သည်ဆိုပါစို့။ သူ၏အလုပ်မှာ အလွန် ကောင်းသော အရာ၊ သူသည်သူ၏အိမ်ထောင် မိသားစုကို တာဝန်ယူ ကြည့်ရှုစောင့်ရှောက်နေရသူ ဖြစ်သည်။ ''သင်က သူ့အလုပ်ကိုပစ်ပြီး သင့်နောက်လိုက်ဖို့ ပြောကြည့်ပါ။ သင် သူ့ကို အခကြေးငွေမပေးလျှင် သူက သင့်ကို ဘာပြောမလဲ၊ သင့်ကို မောင်းထုတ် ပစ်မည်သာဖြစ်သည်။ သို့သော် ခရစ်တော်က ''ငါ့နောက်လိုက်ပါ'' ဟု ပြောသောအခါ ဘာဖြစ်သလဲ။*

စကားလုံး ပုံဖော်ခြင်းသည် မိမိပရိသတ် အတွက် ကောင်းချင်မှကောင်းမည်။ မိမိနေသော ဒေသအလိုက် လူများနားလည်နိုင်ပြီး ပို၍ သင့်လျော် သောစကားလုံး ပုံဖော်ခြင်းများကို ရှာဖွေအသုံးပြုရ မည်။ သင်၏ ကျမ်းစာသင်ကြားခြင်း အထောက် အကူပြုရန် ပုံဆောင်စကားများကို ရှာဖွေစုစည်းထား

ဖို့ လိုအပ်ပါသည်။ ဤပုံဖော်ချက်တွင် သမ္မာကျမ်းက ပြောဆိုသည့်အချက်ကို သေချာစွာ ဂရုစိုက်ပါ။

ကျမ်းစာသင်ကြားခြင်းနှင့် သင်၏ လူများကို ဘယ်ကဲ့သို့ ဆက်သွယ်ရမည်ကို ကျွန်ုပ် ဖော်ပြပေးမည်။ ဘုရားက ကျွန်ုပ်တို့ကို ပြောနေသော စကားများကို ကြားနိုင်ဖို့ အရေးကြီးပါသည်။ သမ္မာကျမ်း သင်ကြားချက်က ကျွန်ုပ်တို့ကိုဘယ်လို ပြောင်းလဲစေသည် ဆိုသည့်အချက်ကို သိဖို့ လိုအပ် ပါသည်။ ဥပမာတစ်ခုကို ပြပါမည်။

⊠ *ကျွန်ုပ်တို့၌ ပြောဖို့ရန် အကောင်းဆုံး သတင်းစကားရှိပါသည်။ ယေရှုခရစ်တော်၏ကယ်တင်ခြင်းအကြောင်း သတင်းကောင်းကို မကြားဘူးသောလူများကို တွေးကြည့်ပါ။ မိမိအနေဖြင့် ထိုသူတို့ကို ဘယ်လိုပြောပြမလဲ။*

• သင့်အား အကြံတစ်ခု(သို့)နှစ်ခု ပေးလေ့ရှိပါသည်။ သင်၏လူများအနေနှင့် သမ္မာကျမ်း ခံယူနိုင်ဖို့ အခြားနည်းလမ်းများကို စဉ်းစားပါ။ သင်၏ လူများအကြောင်း သင်သိပါသည်။ သမ္မာကျမ်းက ထိုသူများ၏အသက်တာကို အဘယ်ကဲ့သို့ ပြောင်းလဲဖို့ လိုအပ်ကြောင်းကိုလည်း သင်သိပါ သည်။

## ၂။ သင်လုပ်ဆောင်ရန်လိုအပ်သော အခြားအရာများ

• သင်၏ဟောပြောချက်ကို မည်ကဲ့သို့ အစပြုမည်ကို စဉ်းစားပါ။ သင်၏လူများက ယနေ့ နားထောင်သော အကြောင်းအရာများမှာ အဘယ်ကြောင့် အရေးကြီးကြောင်းကို သိမြင်ဖို့လိုအပ်ပါသည်။ သမ္မာကျမ်းထဲမှ သင်ကြားမည့် အကြောင်းအရာတို့ကို ပြောပြ ပါ။

• သင်၏ဟောပြောချက်ကို မည်သို့ အဆုံးသတ်မည်ကိုလည်း စဉ်းစားပါ။ အဓိကသော့ချက်များကို သူတို့အား ပြန်၍သတိပေးပါ။ သူတို့အား တစ်စုံတစ်ခု စဉ်းစားနိုင်ရန်နှင့် လုပ်ဆောင်နိုင်ရန် တစ်ခုခု လုပ်ပေးပါ။

• ဆုတောင်းပါ။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်မှ သမ္မာတရားကို လူတို့အား ပြောနေခြင်းဖြစ်ပါသည်။ သင်၏လူများကိုပြောဖို့ သင်၏ နှုတ်ထွက်စကားကို ဘုရားအသုံးပြုဖို့ ဆုတောင်းပါ။ နှုတ်ကပတ်တော် သမ္မာတရားက လူများကို ပြောင်းလဲဖို့ ဆုတောင်းပါ။

• သင်၏ဘာသာစကားကိုသာ အသုံးပြုပါ။ လူများက အင်္ဂလိပ်စကားမတတ်ရင် ဘယ် တော့မှ အင်္ဂလိပ်ဘာသာစကားကို မသုံးပါနှင့်။

# ၈။ ရှင်မာကုခရစ်ဝင်ကျမ်း

## ၁။ မည်သူရေးသားခဲ့ပါသနည်း။

ရှင်မာကုရေးသားခဲ့သည်။ ရှင်မာကုသည် တပည့်တော်(၁၂)ပါးတွင် မပါဝင်ပါ။ တမန်တော်ဝတ္ထု ၁၂း၁၂၊၂၅နှင့် အခြားကျမ်းပိုဒ်အချို့တွင် ရေးသားထားသော ယောဟန်နှင့်မာကု ဖြစ်နိုင်ပါသည်။ ထို့နောက် မာကုက သူ၏ခရစ်ဝင်ကျမ်းတွင် ရေးသားခဲ့ခြင်းဖြစ်ပါသည်။

## ၂။ မည်သည့်အချိန်တွင် ရေးသားခဲ့ပါသနည်း။

AD ၄၀ နှင့် AD ၆၅ အကြား ဖြစ်ဟန်တူပါသည်။ ရှင်မာကုခရစ်ဝင်ကျမ်းသည် အစောဆုံး ခရစ်ဝင်ကျမ်း ဖြစ်ပါသည်။ မဿဲနှင့်လုကာသည် ရှင်မာကုခရစ်ဝင် ကျမ်းပိုဒ်အချို့ကို ကိုးကားအသုံးပြုထားပါသည်။ ထို့ကြောင့် မဿဲနှင့်လုကာပါ အချို့အပိုဒ်များသည် မာကုကျမ်းနှင့် တူနေခြင်းဖြစ်သည်။

## ၃။ မည်သည့်အတွက်ကြောင့် ရေးသားခဲ့ရပါသနည်း။

မာကု၊ ၁း၁တွင် ရှင်မာကုက အဘယ်ကြောင့် သူရေးခဲ့သည်ကို ဖော်ပြထားသည်။ အဦးဆုံး ခရစ်ဝင်ကျမ်းမှာ ဘုရားသခင်၏သားတော် ယေရှုခရစ်တော်အကြောင်း ဖြစ်ပါသည်။ ယေရှုခရစ်တော်၏ သတင်းကောင်းကို ပြောထားခြင်းဖြစ်ပါသည်။ ရှင်မာကုခရစ်ဝင်ကျမ်းသည် ခရစ်တော်၏သက်တော်စဉ်အကြောင်း သက်သက်မျှသာမဟုတ်ဘဲ

- ယေရှုမည်သူဖြစ်သည့်အကြောင်း။
- ယေရှု ကြွဆင်းလာရသည့်အကြောင်း။
- ယေရှုအသေခံရသည့်အကြောင်း။

အထက်ပါ အချက်တွေက ရှင်မာကု၏ "ကြီးမြတ်တဲ့သတင်းအကြောင်း" ဖြစ်ပါသည်။

ဤအကြောင်းချက်များကို သတိပြုမိပါက ခရစ်တော်၏သမိုင်းအကြောင်းကို နားလည်ဖို့ အထောက်အကူပြုပါလိမ့်မည်။ မာကုသည် သမိုင်းကြောင်းကိုသာ ပြောခြင်းမဟုတ်သောကြောင့် မည်သို့ဖြစ်ပျက်ခဲ့သည်ကို ကျွန်ုပ်တို့သိရပါသည်။ မာကုတွင် ပို၍ကောင်းသော အကြောင်းပြချက်များရှိပါသည်။ ယေရှု၏သမိုင်းကြောင်းကို ပြောခြင်းသည် ယေရှုမည်သူနည်း။ ယေရှု အဘယ်ကြောင့် ကြွလာသနည်းဆိုသည့်အရာကို နားလည်နိုင်ဖို့ အထောက်အကူပြုပါသည်။ ယေရှုက ကျွန်ုပ်တို့ကို နောင်တရဖို့နှင့် ယုံကြည်ဖို့ အလိုရှိပါသည် (မာကု၊ ၁း၁)။

ရှင်မာကုခရစ်ဝင်ကျမ်းကို ဟောပြောသောအခါ ဤကြီးမြတ်သောသတင်းကို သတိရပါ။ သမိုင်းကြောင်းမှာ အားလုံးအံ့ဝင်ဂွင်ကျဖြစ်၍ သတင်းကောင်းကိုယ်စီရှိပါသည်။ မာကု၏ခရစ်ဝင်ကျမ်းမှာ ကွဲပြားခြားနားသောပုံဆောင်ချက်များ မဟုတ်ဘဲ ခရစ်တော်၏ကြီးမြတ်သော သတင်းကောင်းဖြစ်ပါသည်။

ထို့ကြောင့် ပုံဆောင်ချက်တစ်ခုကို သင်ကြားသောအခါ မိမိကိုယ်ကို အောက်ပါအတိုင်း မေးခွန်းထုတ်ပါ။

- *အဘယ်ကြောင့် ဤပုံဆောင်ချက်ကို ထည့်သွင်းထားသနည်း။ မည်ကဲ့သို့အံဝင်သနည်း။*
- *ယေရှုသည် မည်သူနည်း(သို့) ယေရှု ဘာကြောင့် ကြွလာသနည်းဆိုတဲ့အကြောင်း ဘယ်လို ဖော်ပြထားပါသလဲ။*
- *ယေရှုကို ယုံကြည်ဖို့ ကျွန်ုပ်တို့ကို ဘယ်လို အထောက်အကူပြုသလဲ။*

## ၄။ မာကု၏အကြံအစည်က ဘာလဲ။

မာကုက သူ၏ခရစ်ဝင်ကျမ်းကို (၂)ပိုင်းခွဲခြားထားပါသည်။

ယေရှုသည် မည်သူနည်း။ မာကု၊ ၁–၈

ဘာကြောင့်ယေရှုကြွလာသနည်း။ မာကု၊၉–၁၆

| ယေရှုသည် မည်သူနည်း | ယေရှုဘာကြောင့်ကြွလာသနည်း |
|---|---|
| မာကု ၁-၈ | မာကု ၈-၁၆ |

မာကု ၁-၈ က ယေရှုသည် မည်ကဲ့သို့ သောပုဂ္ဂိုလ်ဖြစ်ကြောင်း ဖော်ပြသည်။ ယေရှုသည် ခရစ်တော်၊ ဘုရား၏သားတော်ဖြစ်သည်။ မာကု ၁း၁၊ ၂း၇၊ ၄း၄၁၊ ၁၈း၂၉။

မာကု၊ ၉-၁၆ က ယေရှု ကြွလာသည့် အကြောင်းကို ဖော်ပြသည်။ ယေရှုသည် အပြစ်ဝင်ကြွေးအတွက် ဒုက္ခဝေဒနာခံပြီး အသေသတ်ခြင်းကို ခံဖို့ရန် ဖြစ်သည်။ မာကု ၁၀း၄၅

ဤအကြံအစည်တော်ကို သတိပြုပါ။ ရှင်မာကု ခရစ်ဝင်ကျမ်းကို နားလည်ဖို့ရန် အထောက်အကူ ဖြစ်စေပါလိမ့်မည်။

📖 - မာကု၊ ၈း၂၉၊၃၁ ၌ အပိုင်း(၂)ပိုင်း မြင်နိုင်ပါသည်။

မာကု ၁-၈တွင် ယေရှုသည် သူမည်သူဖြစ်ကြောင်း တပည့်တော်တို့အား ကြိမ်ဖန်များစွာ ဖော်ပြခဲ့သည်။ သို့သော် သူတို့နားမလည်ကြချေ။ နောက်ဆုံး၌ မာကု၊၈း၂၉တွင် ယေရှု မည်သူဖြစ်ကြောင်းကို ပေတရု တွေ့ရှိခဲ့သည်။ ယေရှုသည် အဘယ်ကြောင့် သူကြွဆင်းလာသည်ကို တပည့်တော်တို့အား ချက်ချင်းပင် သင်ကြားပေးခဲ့သည်(မာကု ၈း၃၁)။ သို့သော် ယေရှုအသေခံရမည်ကို တပည့်တော်တို့ကနားမလည်နိုင်ကြ။ ထို့ကြောင့် ယေရှုသည် ယေရုရှလင်မြို့ လက်ဝါးကားတိုင်ဆီသို့ လှမ်းသွားခြင်းက သူအသေခံဖို့ကြွလာခြင်းဖြစ်သည်ကို တပည့်တော်များအား သင်ကြားခဲ့ပါသည် (မာကု ၈-၁၆)။

ရှင်မာကုခရစ်ဝင်ကျမ်းမှ
တရားဟောချက်များ
လေ့လာခြင်းနှင့် ဟောပြောခြင်း။

# ၁ ယေရှုခရစ်တော်အကြောင်း သတင်းကောင်း

## ◼ နောက်ခံသမိုင်း

📖 မာကု၊ ၁း၁-၁၅ ကိုဖတ်ပါ။

ဤအပိုင်းမှာ မာကုကျမ်း၏အစ(သို့)နိဒါန်း ဖြစ်ပါသည်။ ကျမ်း၏အဓိကသော့ချက်ကို ပြောထားပါသည်။ နှစ်ခြင်းဆရာယောဟန်နှင့် ခရစ်တော်၏ဟောပြော သွန်သင်ချက်မှာ ထပ်တူဖြစ်သည်ကိုသတိပြုပါ။ ခရစ်တော်အကြောင်း ဖတ်ပြီးသောအခါ ကျွန်ုပ်တို့ လည်း နောင်တရပြီး သတင်းကောင်းကို ယုံကြည်ဖို့ ဖြစ်ပါသည်။

## ⊙ အဓိကအချက်

ယေရှုခရစ်သည် ဘုရားကတိတော်အတိုင်း ကြွလာခြင်းဖြစ်သည်။ ဤအရာသည်သတင်းကောင်း ဖြစ်သည်။ ကျွန်ုပ်တို့ ယေရှုထံသို့လာ၍ နောင်တရ သင့်သည်။

## ★ လုပ်ဆောင်ရန်

၁။ ယေရှုသည် မည်ကဲ့သို့အရေးကြီး၍ ထူးခြားကြောင်းဟောပြောရာတွင် ဘုရားရှင်မစဖို့ ဆုတောင်းပါ။ မာကု၏သတင်းကောင်းမှာ ယေရှု ဖြစ်၍ ကျွန်ုပ်တို့သည်လည်း ယေရှုအကြောင်း ကိုသာ ဟောပြောရမည်။

၂။ နောင်တရခြင်းကို သေချာစွာ နားလည်သဘော ပေါက်ဖို့ရှင်းပြပါ(အပြစ်ဒုစရိုက်ကို စွန့်ပစ်ခြင်း) မာကု၊ ၁း၄၊ ၁၅။ နောင်တရခြင်းသည် တောင်းပန် ခြင်းထက် ပို၍ အဓိပ္ပါယ်ရှိပါသည်။

ကျွန်ုပ်တို့ နောင်တရသောအခါ နောက်ပြန်လှည့်သည်။ ကျွန်ုပ်တို့စိတ်ကို ပြောင်းလဲ၍ အပြစ်ဒုစရိုက်ရှိရာသို့ ဘယ်တော့မှမသွားတော့ပါ။ ဘုရားလမ်း၌သွားသည်။ အထောက်အကူရရန် စကားလုံး ပုံဖော်ချက်ကိုသုံးပါ။

## ▲ မှတ်သားရန်

• မာကု၊ ၁း၂၊ ၃။ မာကုသည် ဟေရှာယ၊ ၄၀း၃၏ စကားလုံးများကို သုံးထားသည်။ ဟေရှာယက လူများအကြောင်းကို ပြောထားသည့်အတိုင်း ယောဟန်သည်ပရောဖက်ဖြစ်ကြောင်းကို ဖော်ပြထားသည်။ ဟေရှာယက ပုံဆောင်စကားကို အသုံးပြုသည်။ လူတစ်ဦးသည် ကောင်းသောလမ်းကိုဖောက်သည်။ ထိုလမ်းကို ရှင်ဘုရင်ကြွလာရန် အဆင်သင့်လုပ်ထားသည်။ ယောဟန်သည်လည်း ထိုကဲ့သို့ဖြစ်သည်။

• မာကု၊ ၁း၆။ နှစ်ခြင်းဆရာယောဟန်သည် ပရောဖက်ဧလိယကဲ့သို့ ဝတ်ဆင်သည်(၄ရာ၊ ၁း၈)။

• မာကု၊ ၁း၇။ နှစ်ခြင်းဆရာယောဟန်သည် ယေရှုအကြောင်းကိုပြောသည်။ လူထုကြီးက ယောဟန်ပြောတာကိုနားထောင်သည်။ သို့သော် သူသည် အရေးကြီးသောသူဖြစ်သည်ဟု မခံစားမိပါ။ ယေရှုသည် သူ့ထက်သာ၍ အရေးကြီးသည်။

• မာကု၊ ၁း၈။ နှစ်ခြင်းဆရာယောဟန်သည် ရေ့ပြေးအနေဖြင့်သာ လုပ်ဆောင်နိုင်သည်။ ယေရှုသည် လူများကို အပြစ်မှဆေးကြောလိမ့် မည်။ ယေရှုသည် သူ၏သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လူများကို ပြောင်းလဲစေမည်။ ဤအပိုဒ်ငယ်တွင် ယေရှု ကျွန်ုပ်တို့ကို ခရစ်ယာန်ဖြစ်အောင် လုပ်ဆောင်သောအခါ မည်သို့ဖြစ်ပျက်သည်ကို ပြောခြင်းဖြစ်သည်။

📖 - ဖတ်ရန် - ၁ကော၊ ၁၂း၁၃။

☞ ဟောပြောချက်၊ မာကု၊၁း၁-၈

## သတင်းကောင်း

📖 – ဖတ်ရန် – မာကု ၁း၁–၃။

၁။ ယေရှုခရစ်သည် သတင်းကောင်းဖြစ်သည်။

မာကု၁း၁ တွင် "ဧဝံဂေလိ"ကို "သတင်းကောင်း" ဟု အဓိပ္ပါယ်ရသည်။ သတင်းကောင်းသည် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ထုံးစံအားဖြင့် သတင်းကောင်းသည် တစ်စုံတစ်ရာ ဖြစ်ပျက်ခြင်းအကြောင်းကို ဖော်ပြခြင်းဖြစ်သည်။ သို့သော် အကောင်းဆုံးသတင်းမှာ လူသား ကြွဆင်းလာခြင်းဖြစ်သည်။ ဘုရားသခင်သည် နှစ်ပေါင်းများစွာကတည်းက ဤလူသားကို ကတိပေး ထားခဲ့ခြင်းဖြစ်သည်။ ပရောဖက်ဟေရှာယသည် သူ၏ အကြောင်းကို ပြောဆိုခဲ့ပါသည်(မာကု၊၂း၂၃)။

● ယေရှုသည်ခရစ်တော်ဖြစ်သည်။ မာကု ၁း၁

"ခရစ်တော်"သည် ယေရှု၏အခြားနာမည်တစ်ခုမျှသာမဟုတ်ဘဲ သူ၏လုပ်ငန်းဖြစ်ပါသည်။ ယေရှု၏လုပ်ငန်းမှာ ခရစ်တော်(သို့)ဘုရားစေလွှတ်သောရှင်ဘုရင်ဖြစ်ပါသည်။ တန်ခိုးအကြီးဆုံးဘုရင်က သင့်ကို တွေ့ဖို့ ဤလောကသို့ ကြွဆင်းလာသည်ဆိုပါလျှင် သင်ဘယ်လောက် စိတ်လှုပ်ရှားမည်ကို တွေးကြည့်ပါ။ ယေရှုသည် ထိုထက်မက သာလွန်၍ အရေးကြီးပါ သည်။ အကြောင်းမှာ သူသည် ကောင်းကင်နိုင်ငံ၏ ဘုရင်ဖြစ်သောကြောင့်ဖြစ်ပါသည်။

● ယေရှုသည် ဘုရားသားတော်ဖြစ်သည်။ မာကု၊၁း၁

ယေရှုသည် ဘုရား၏သားတော်ဖြစ်ကြောင်း ကျွန်ုပ်တို့ အမှန်တကယ် ယုံကြည်သောအခါ ကျွန်ုပ်တို့ သူ့ကို ဝပ်တွားဦးချကိုးကွယ်ကြမည်ဖြစ်ပါသည်။ သူပြုသမျှအားလုံးကို ကျွန်ုပ်တို့ ယုံကြည်လိမ့်မည်။ ကျွန်ုပ်တို့၏အသက်တာကို သူ့ထံသို့ အပ်နှံလိမ့်မည်။ ယေရှုသည် ကျွန်ုပ်တို့၏စိတ်နှလုံးကို စင်ကြယ်အောင် ဆေးကြောဖို့ကြွဆင်းလာသည်။ မာကု၊၁း၈

ယေရှုသည် အကျွန်ုပ်တို့၏အပြစ်များအတွက် အပြစ်စီရင်ရန် ကြွလာခြင်းမဟုတ်ပါ။ အပြစ်လွှတ်ရန် ကြွဆင်းလာပါသည်။ ထို့ကြောင့် နှစ်ခြင်းဆရာယောဟန်သည် လူများကိုရေထဲတွင် နှစ်၍ ဗတ္တိဇံပေးခြင်းဖြစ်ပါသည်။ လူများကို ဗတ္တိဇံပေးခြင်းသည် အပြစ်မှဆေးကြောဖို့ ယေရှုလာခဲ့ကြောင်းကို ဖော်ညွှန်းပါသည်။

၂။ သတင်းကောင်းကိုပြောပါ။

သင်၌ သတင်းကောင်းရှိနေလျှင် သင်တိတ်ဆိတ်စွာ နေမည်မဟုတ်ပါ။ ထိုအကြောင်း လူများကို ပြောပြမည်ဖြစ်သည် (ဥပမာတစ်ခုကို စဉ်းစားကြည့်ပါ)။ ဘုရားသည် နှစ်ခြင်းဆရာယောဟန်ကို အလုပ်တာဝန်ပေးခဲ့သည်။ ၎င်းမှာ ယေရှုအကြောင်း သတင်းကောင်းကို ပြောရန်ဖြစ်ပါသည်။

📖 – ဖတ်ရန် – မာကု ၁း၂–၄၊၇၊၈။

» *ကျွန်ုပ်တို့ပြောဖို့အကောင်းဆုံး သတင်းရှိပါသည်။ ယေရှုအကြောင်း သတင်းကောင်းမကြားဘူးသေးသောသူများ အကြောင်းစဉ်းစားပါ။ သင်သူတို့ကို မည်ကဲ့သို့ပြောမည်နည်း။*

## ကျွန်ုပ်တို့ ဘာလုပ်သင့်သလဲ။

📖 – ဖတ်ရန် – မာကု ၁း၄။

လူတော်တော်များများက ယေရှုကို အရေးမပါဟု ထင်ကြသည်။ ယေရှု ကြွလာသည်ကို ယုံကောင်းယုံမည်။ သို့သော် သူတို့အသက်တာ မပြောင်းလဲစေပါ။

● အဘယ်ကြောင့် ထိုကဲ့သို့ထင်မြင်ခြင်းမှာ မှားရသနည်း။

● ရှင်ဘုရင်ယေရှု ကြွလာမည်ဖြစ်သောကြောင့် နှစ်ခြင်းဆရာယောဟန်က လူများကို နောင်တရဖို့ ပြောပါသည်။ (သူတို့ အတွေးအခေါ်ကိုပြောင်းစေပါ)။ သူတို့၏အပြစ်များကို ရှုံ့ရှာ၍ ယေရှုကို အပြစ်လွှတ်ဖို့တောင်းလျှောက်ရမည်။

» ကောင်းကင်ဘုရင်ကြွလာပြီ

- *သင်တစ်စုံတစ်ခုမျှမလုပ်ဘူးလား။*
- *ယေရှုကို သင်၏အသက်တာထဲမှစွန့်ပစ်မှာလား။*
- *သို့မဟုတ် နောင်တရ၍ ယေရှုကို ယုံကြည်မည်လား။*

[?] လေ့လာချက်၊ မာကု၊၁း၉-၁၅

# ၂ ယေရှုသည် ဧဝံဂေလိသတင်း ဟောပြောခြင်းကို အစပြုသည်

## နောက်ခံသမိုင်း

– မာကု ၁း၁-၁၅ ဖတ်ပါ။ ဤအပိုင်းတွင် မာကုသည် သူ၏ခရစ်ဝင်ကျမ်းကို အစပြုခြင်း ဖြစ်သည်။ မာကုက ယေရှု မည်သူဖြစ်ကြောင်း ကျွန်ုပ်တို့အား သိစေလိုသည် (မာကု၊၁း၁-၁၁)။ ကျွန်ုပ်တို့ အပြစ် ဒုစရိုက်ကိုစွန့်၍ သတင်းကောင်းကို ယုံကြည်စေလိုသည် (မာကု၊၁း၁၅)။

## အဓိကအချက်

ယေရှုသည် ဘုရား၏သားတော် ဖြစ်သည်။ ဘုရားက ထိုကဲ့သို့ပြောထားပါသည်။ ယေရှုသည် ထိုသတင်းကောင်းကိုပြောဖို့ ကြွလာခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့အပြစ် ဒုစရိုက်ကိုစွန့်၍ သတင်းကောင်းကို ယုံကြည်ရပါမည် (နောင်တရပါမည်)

## လုပ်ဆောင်ရန်

သင်သည် ယေရှုအကြောင်း သတင်းကောင်းကို အကြိမ်များစွာ ပြောပြီးပြီလား။ သင်၏လူများအတွက် အထူးအဆန်းမဟုတ်ကြောင်း ဖြစ်နိုင်ပါသည်။ သူတို့ အသက်ကြီးလာသည့်အထိ စောင့်ရမည်ဟု ထင်မှတ်နိုင်သည်။ ယေရှု၏သတင်းကောင်းမှာ အလွန်အရေးကြီးကြောင်း ဖော်ပြရန်စဉ်းစားပါ။ အထောက်အကူပြုရန် စကားလုံးရုပ်ပုံကားချပ်ကို စဉ်းစားထားပါ။ ယနေ့ သူတို့ အဘယ်ကြောင့် ဒုစရိုက်ကိုစွန့်ပြီး ယေရှုကို ယုံကြည်ရမည်ကို ပြောပြပါ။

– **စကားလုံးပုံဖော်ခြင်းဥပမာ။** သင်အလွန်ဖျားနာနေသည်ဟု တွေးကြည့်ပါ။ ဆေးရုံတွင် လူနာကုသပေးသည်ကို သင်ကြားရပါသည်။ ဤအရာသည် သတင်းကောင်းဖြစ်သည်။ သို့ဖြစ်၍ သင့်အိမ်တွင်နေ၍ အသေခံမည်မဟုတ်ပါ။ သင်ဆေးရုံကို သွားမည်ဖြစ်သည်။ ယနေ့ပင်လျှင် ယေရှုအကြောင်းသည် သတင်းကောင်း ဖြစ်ပါသည်။

## မှတ်သားရန်

- မာကု ၁း၉။ ယော်ဒန်မြစ်သည် ယောဟန်က လူများကို ဗတ္တိဇံပေးသောမြစ်၏အမည်ဖြစ်သည်။
- မာကု၊၁း၁၀။ ချိုးငှက်သည် အဖြူရောင်ငှက်ဖြစ်သည်။ ဘုရားက ယေရှုကို ဘယ်လောက်ချစ်ကြောင်း ဖော်ပြနေပါသည်။ဘုရား၏သန့်ရှင်းသောဝိညာဉ်တော် ယေရှုအပေါ်ဆင်းသက်သည့် နိမိတ်ပုံကို ဖော်ပြသည်။ သူ၏သန့်ရှင်းသောဝိညာဉ်တော်သည် ချိုးငှက်နှင့်သဏ္ဍာန်တူပါသည်။
- မာကု ၁း၁၃။ ယေရှုအား စာတန် စုံစမ်းပြီးနောက် ဘုရားသည် ယေရှုကို အလုပ်အကျွေးပြုရန် ကောင်းကင်တမန် စေလွှတ်ပေးပါသည်(မဿဲ၊ ၄း၁၁)။
- မာကု ၁း၁၅။ အချိန်ရောက်ပြီ။ ဘုရားသည် ဓမ္မဟောင်းကျမ်းထဲတွင် ဣသရေလလူမျိုးများအား မေရှိယကို ကတိပေးထားခဲ့သည်။ နှစ်ပေါင်းများစွာ သူတို့ စောင့်စားခဲ့သည်။ သို့သော် ယခုအချိန် ရောက်ခဲ့ပြီ။ ယေရှုသည် ဘုရားသခင်နိုင်ငံတော်၏ ရှင်ဘုရင်ဖြစ်သည်။ ယေရှုသည် ဘုရားသခင်၏ လူများကို အုပ်စိုးမည်။

## ဟောပြောချက်၊ မာကု၁း၉-၁၅

## ဘုရားသခင် စကားပြောသည်

– ဖတ်ရန် – မာကု ၁း၉–၁၁။

ယေရှုအမှုတော်ဆောင်ရန် စတင်ချိန်ဖြစ်သည်။ သူ၏လုပ်ငန်းတော်မှာ သတင်းကောင်းကို ယူဆောင်လာရန် ဖြစ်သည်။

- **ယေရှု ပထမဦးဆုံး လုပ်ဆောင်သောအရာက ဘာလဲ။** မာကု၁း၉။ ကျွန်ုပ်တို့အတွက် စံပြနမူနာဖြစ်ရန် ယေရှုသည် ရေနှစ်ခြင်း(ဗတ္တိဇံ)ခံသည်။ ယေရှုနောက်လိုက်သူတိုင်း ဗတ္တိဇံခံရမည်။
- **ယေရှု၏အမှုတော် စတင်ဆောင်ရွက်ခြင်း ကို ဘုရားသခင်က မည်ကဲ့သို့ မြင်ပါသနည်း။** မာကု ၁း၁၀၊၁၁။ ယေရှု ဘယ်လိုထူးမြတ်ကြောင်း နှစ်ခြင်းဆရာယောဟန်မှ လူများအား ပြောခြင်းကို သတိရပါသလား(မာကု၁း၄–၈)။ ယခုကောင်းကင်မှ ဘုရားသခင် စကားပြောပါသည်။ ယေရှုအကြောင်းနှင့်ပတ်သက်၍ ယောဟန် ပြောတာမှန်ပါသည်။ ယခု ဘုရားက ယေရှုသည် သူ၏သားဖြစ်ကြောင်းကို ပြောပါသည်။ ကျွန်ုပ်တို့ သူ့ကို ယုံကြည်ရမည်။

## စာတန်မာရ်နတ် စုံစမ်းသွေးဆောင်သည်

– ဖတ်ရန် – မာကု ၁း၁၂–၁၃။

ဘုရား ကျေနပ်သော်လည်း စာတန်မာရ်နတ် ဒေါသထွက်ပါသည်။ ယေရှုသည် လူသားတို့အတွက် သတင်းကောင်း ယူဆောင်လာရန် ဘုရားသခင် အလိုတော်ရှိပါသည်။ စာတန်က ယေရှုကို တားဆီးလိုပါသည်။ စာတန်က ယေရှုကိုအလွယ်ဆုံးလမ်းကိုလိုက်ဖို့ သွေးဆောင်ပါသည်။ သို့သော် ယေရှုသည် နားမထောင်ခဲ့ပါ။

ဘုရားလူမျိုးများဖြစ်သော ဣသရေလလူမျိုးများ သဲကန္တာရတွင်ရှိနေခြင်းနှင့် အလားတူပါသည်။ (ထွက်မြောက်ရာကျမ်းနှင့် ဝတ်ပြုရာကျမ်း)၊ ဣသရေလလူမျိုးများ ဘုရားသခင်၏စမ်းသပ်ခြင်း ကို ရှုံးနိမ့်ပါသည်။ ဣသရေလလူမျိုးများက ဘုရားကို မယုံကြည်ဖို့ ရွေးချယ်ခဲ့ပါသည်။ သို့သော် ယေရှုသည် ထိုစမ်းသပ်ချက်ကို မရှုံးနိမ့်ခဲ့ပါ။

*စာတန်က၊ လွယ်သောလမ်းကိုလိုက်ဖို့ ကျွန်ုပ်တို့ကို စုံစမ်းပါသည်။ ယေရှုကိုသတိရပါ။ သူက စာတန်ကို ငြင်းဆိုပါသည်။ သူကဘုရားကိုဘဲ ယုံပါသည်။ စာတန် ကိုငြင်းဆိုဖို့ ယေရှု ကူညီပေးရန် ကျွန်ုပ်တို့ တောင်း လျှောက်နိုင်ပါသည်။*

## ယေရှုဟောကြားသည်

– ဖတ်ရန် – မာကု ၁း၁၄–၁၅။

ယေရှုသည် ထိုစမ်းသပ်ခြင်းကို အောင်မြင်ပါသည်။ ယေရှုသည် သတင်းကောင်းကို ဟောပြောရန် သဲကန္တာရထဲမှ ထွက်ခဲ့ပါသည်။ ယောဟန်သည် သတင်းကောင်းကို ဆက်၍ မဟောပြောနိုင်တော့ပါ။ (အဘယ်ကြောင့်နည်း မာကု၁း၁၄) ယခုတွင် ယေရှုသည် ယောဟန် ပြောသောသတင်း ကိုသာ လူတို့ကို ဟောပြောပါသည်။

**ထိုသတင်းကဘာလဲ။**

မာကု ၁း၁၅

သတင်းကောင်းမှာ လူများ နောက်ထပ်စောင့်စရာမလိုတော့ပါ။ ရှင်ဘုရင်ကြွလာခဲ့ပြီ။ လူတို့၏အပြစ်ကို ဖြေလွှတ်ပိုင်သောသူကြွလာပြီ။ တစ်ခုခုလုပ်ဆောင်ရန် အချိန်တန်ပြီ။

*ကျွန်ုပ်တို့အပြစ်များဖြေလွှတ်ခြင်းခံရဖို့ စောင့်ဆိုင်းစရာမလိုပါ။ ယေရှု ကြွလာပြီ။ ယေရှုအတွက် ဘုရားကို ချီးမွမ်းပါ။ ယခုပင် ဒုစရိုက်ကို စွန့်ပစ်ပါ။ (နောင်တရပါ) ပြီးနောက် သူ့နောက်ကိုလိုက်ပါ (နောင်တအကြောင်း အဓိပ္ပါယ်ရှင်းပါ။ မာကု၊၁း၁–၈)။*

[?] လေ့လာချက်၊ မာကု၊၁း၁၆–၂၀

# ၄ ငါ့နောက်သို့လိုက်ပါ။

## [■] နောက်ခံသမိုင်း

[📖] – မာကု ၁း၁–၁၅ ကိုဖတ်ပါ။

မာကုက ယေရှုသည်ခရစ်တော်၊ ဘုရား၏သားတော်ဖြစ်ကြောင်း ပြောပါသည်။ ယောဟန်က ယေရှု မကြာမီ ကြွလာမည့်အကြောင်း လူများကို ပြောခဲ့သည်။ ဘုရားသခင်က ကျွန်ုပ်တို့အား ယေရှုသည် သူ၏သားတော်ဖြစ်ကြောင်းပြောပါသည်။

ယခု ယေရှုက သူမည်သူဖြစ်ကြောင်း စတင်၍ ဖော်ပြပါသည်။ မာကု ၁–၅တွင် ယေရှုသည် သူမည်သူဖြစ်ကြောင်း လူများကို နည်းလမ်းများစွာ အသုံးပြု၍ သွန်သင်ခဲ့ပါသည်။ သူတို့ ဘာလုပ်ရမည်ကို ပြောရန် သူ၌အစွမ်းတန်ခိုးရှိကြောင်း ဖော်ပြပါသည်။

[📖] – မာကု ၁း၂၂၊ ၂၇ မှ သာကေ(၂)ခုကိုဖတ်ပါ။

ဤကဏ္ဍတွင် မာကု ၁း၁၆–၂၀ အရ ယေရှုသည် တပည့်များအပေါ် ဩဇာရှိကြောင်း တွေ့ရပါသည်။ ထိုသူများသည် ယေရှု၏အထူးနောက်လိုက်များဖြစ်လာခဲ့ပါသည်။ သူတို့ကို နောင်တွင် တပည့်တော်များဟု ခေါ်ပါသည်။

## [•] အဓိကအချက်

ဘုရား၏သားတော်ယေရှုသည် ကျွန်ုပ်တို့ကို စေခိုင်းဖို့ အခွင့်အာဏာတန်ခိုးရှိပါသည်။

## [★] လုပ်ဆောင်ရန်

ယေရှုသည် အမိန့်ပေးပိုင်ကြောင်း သင်၏လူများမြင်သာရန် ကူညီပါ။ ကျွန်ုပ်တို့ကို တစ်စုံတစ်ဦး စေခိုင်းခြင်းကို ကျွန်ုပ်တို့ မနှစ်သက်ပါ။ ကျွန်ုပ်တို့ဘဝကို ကျွန်ုပ်တို့ ရွေးချယ်လိုပါသည်။ စစ်မှန်သော ယုံကြည်သူခရစ်ယာန်တစ်ယောက်ဆိုသည်မှာ ထိုတံငါသည်များကဲ့သို့ ယေရှု မိန့်တော်မူသမျှကို လိုက်လျှောက် လုပ်ဆောင်သောသူဖြစ်ပါသည်။ ထိုအရာကို သင်၏လူများကို ဘယ်လို သင်ပေးရမည်ဆိုတာ စဉ်းစားပါ။ ထိုအရာကို နားလည်နိုင်ဖို့ အထောက်အကူဖြစ်နိုင်သော စကားလုံး ပုံဆောင်ချက်ကို စဉ်းစားပါ။

## [▲] မှတ်သားရန်

• မာကု ၁း၁၆။ ဂါလိလဲအိုင်၊ ဂါလိလဲ ဒေသရှိ ရေအိုင်တစ်ခုဖြစ်ပါသည်။ သမ္မာကျမ်းမြေပုံထဲတွင် ရှာကြည့်ပါ။ ထိုနေရာတစ်ဝိုက်တွင် ယေရှု သွားလာလှည့်လည်လျက်ရှိပါသည်။

• မာကု ၁း၁၆။ ရှိမုန် – နောက်ဆုံး၌ ယေရှုသည် သူ့ကိုပေတရုဟုအမည် ပေးခဲ့ပါသည်။ ရှိမုန် (ပေတရု)၊ အန္ဒြေ၊ ယာကုပ်နှင့်ယောဟန်တို့မှာ သခင်ယေရှု၏တပည့်တော်(၁၂)ပါးအနက်မှ (၄)ဦး ဖြစ်ပါသည်။

**ဟောပြောချက်၊ မာကု၊၁း၁၆-၂၀**

**ငါ့နောက်သို့လိုက်ပါ။**

**- ဖတ်ရန် - မာကု ၁း၁၆-၂၀။**

ယေရှုက သူသည် အမိန့်ပေးပိုင်ကြောင်းကိုပြသည်။

**ဤအရာကိုစဉ်းစားပါ။** သင်သည်အလုပ်ခွင်၌ အလုပ်များသောသူတစ်ယောက်နှင့် တွေ့သည် ဆိုပါစို့။ သူ၏အလုပ်မှာ အလွန်ကောင်း၍ သူ၏ အိမ်ထောင်မိသားစုကို ကြည့်ရှုစောင့်ရှောက်ရ၏။ သူ့အလုပ်ကိုပစ်၍ သင့်နောက်သို့လိုက်ဖို့ ပြောကြည့် ပါ။ သင်သူ့ကို အခကြေးငွေမပေး။ သင့်ကို ဘာ လုပ်နိုင်းမယ်လို့ ထင်သလဲ။ သင့်ကို ထွက်သွားဖို့ သူပြောလိမ့်မည်။ သို့သော် ယေရှုက ငါ့နောက်သို့ လိုက်ပါဟု ပြောသောအခါ ဘာဖြစ်သလဲ။

**• ယေရှုက ပေတရုနှင့်ရှိမုန်ကို သူ့ နောက်သို့ လိုက်ဖို့ပြောသောအခါ သူတို့ဘာလုပ်သနည်း။ မာကု ၁း၁၈။**

သူတို့အငြင်းမပွားပါ။ အိမ်ပြန်၍ မိသားစုများနှင့် မတိုင်ပင်ခဲ့ပါ။ ချက်ချင်း ယေရှု နောက်လိုက်ခဲ့ပါသည်။ သူတို့အလုပ်များကို စွန့်ပစ်ရပါသည်။ တံငါသည်များ မဟုတ်တော့ပါ။ သူတို့သည် ယေရှု၏ နောက်လိုက်များဖြစ်ကြပါသည်။

**• ယေရှုက သူ့နောက်လိုက်ဖို့ ယာကုပ်နှင့် ယောဟန်ကိုပြောသောအခါ သူတို့ ဘာလုပ်ရပါသနည်း။ မာကု ၁း၂၀။**

*ယေရှုသည် အမိန့်ပေးပိုင်ခွင့်အာဏာရှိပါသည်။ ကျမ်းစာဖတ်သောအခါ၊ ကျွန်ုပ်တို့ ဘာလုပ်ရမည်ကို ပြောပိုင်သောအာဏာရှိပါသည်။ ယေရှုက ကျွန်ုပ်တို့ အားလုံးအစရှိက်ကို စွန့်ပစ်ဖို့ပြောပါသည်။ သူ့ကို နာခံသောအသက်တာသည် ပဓါနကျကြောင်း ပြောပါသည်။ ငါ့နောက်လိုက်ပါဟု သူပြောပါသည်။*

# လူကိုမျှားခြင်း

**- ဖတ်ရန် - မာကု ၁း၁၇။**

ယေရှု၌ ထိုသူများအတွက် အထူးလုပ်ငန်းတာဝန်ရှိပါသည်။ ယေရှုသည် လူတိုင်းအား ၎င်းတို့လုပ်နေကျ အလုပ်ကို ရပ်တန့်ပစ်ဖို့ အလိုမရှိပါ။ လူတိုင်းကို တရားဟောဖို့မခေါ်ပါ။

**• ယေရှုက ထိုတံငါသည်များကို ခေါ်၍ စေခိုင်းသော အထူးလုပ်ငန်းတာဝန်သည် အဘယ် နည်း။ မာကု ၁း၁၇။**

အရင်က သူတို့ငါးဖမ်းသည်။ ယခုသူတို့ လူကိုဖမ်းရမည်။ ယေရှုက သူ့အကြောင်း သတင်းကောင်းကို လူများကိုပြောဖို့ သင်ပေးမည်။ ထို့နောက် အချို့တို့မှာ သူ၏ပိုက်ဖြစ်သော ကောင်းကင်နိုင်ငံတော် ထဲဝင်လာမည်။ သူကဲ့သို့ ဟောပြောသူ ဖြစ်လာဖို့ဖိတ်ခေါ်နေသည်။

*အရေးကြီးဆုံးလုပ်ငန်းမှာ လူများကို သတင်းကောင်းပြောဖို့ဖြစ်ပါသည်။ ယေရှုက သင့်အလုပ်ကို စွန့်ပစ်ဖို့ အလိုမရှိပါ။ သင့်ကိုလည်း ဟောပြောသူဖြစ်ဖို့ ခေါ်ချင်မှလဲခေါ်မည်။ မည်သို့ပင်ဖြစ်စေ ခရစ်ယာန်တိုင်းသည် လူများကို ခရစ်တော်ထံသို့ ခေါ်ဆောင်လာဖို့ အမှန်တကယ်အလိုရှိပါသည်။*

*ယေရှုအကြောင်း နားမလည်သောသူများကို စဉ်းစား ကြည့်ပါ။ ယေရှု အကြောင်းသတင်းကောင်းကို သူတို့ အား ပြောနိုင်အောင်ကူညီဖို့ ဘုရားကို တောင်းလျှောက်ပါ။*

# ၄ ယေရှုသည် အခွင့်အာဏာနှင့် သင်ကြားသည်

## ▣ နောက်ခံသမိုင်း

📖 – မာကု ၁း၁၆–၂၀ ဖတ်ပါ။ ယေရှု၌ ကျွန်ုပ်တို့ကို စေခိုင်းဖို့ အခွင့်အာဏာရှိပါသည်။ ယေရှုက ငါ့နောက်လိုက်ပါဟု ပြောပါသည်။ တံငါသည်များသည် ငါးဖမ်းပိုက်များကို စွန့်ပစ်ထားခဲ့၍ ယေရှု နောက်လိုက်ပါသည်။

📖 – မာကု ၁း၂၉–၄၅ ဖတ်ပါ။ ယေရှု၌အနာရောဂါငြိမ်းစေသော အစွမ်းတန်ခိုးရှိသည်။

📖 – မာကု ၂း၁–၁၂ ဖတ်ပါ။ ယေရှု၌အပြစ်ဖြေလွှတ်ပိုင်သောအခွင့်အာဏာရှိသည်။

မာကုက ယေရှုသည်၊ ဘုရား၏သားတော်ဖြစ်ကြောင်းပြောပါသည်။ ယခု မာကုက၊ ဘုရားသားတော်ယေရှု၏အခွင့်အာဏာအစွမ်းတန်ခိုးကို ဖော်ပြပါသည်။

## ⊡ အဓိကအချက်

ဘုရားသားတော်ယေရှုသည် ကျွန်ုပ်တို့အား သမ္မာတရားကို သင်ကြားပေးဖို့ အခွင့်အာဏာရှိပါသည်။

## ★ လုပ်ဆောင်ရန်

မာကုက ကျွန်ုပ်တို့သည် ယေရှုကဲ့သို့ ထူးခြားသောအစွမ်းတန်ခိုးရှိနိုင်မည်ဟု မဆိုလိုပါ။ ယေရှု ဘယ်လိုထူးခြားသည်ကို မြင်ဖို့အလိုရှိပါသည်။ ယေရှုသည် ဘုရား၏သားတော်ဖြစ်ကြောင်း မြင်တတ်ဖို့ရန် အလိုရှိပါသည်။ သင်ပြောသော စကားများသည် ယေရှု၏အကြောင်းများ ဖြစ်သင့်သည်။ ယေရှု ဘယ်လောက် အစွမ်းတန်ခိုးရှိကြောင်းကို လူများမြင်နိုင်ရန် ဆုတောင်းပါ။ ထိုအခါ ယေရှုကို ယုံကြည်လာကြမည်။ ယေရှု ပြောသောအရာများကို လည်း ယုံကြည်လာလိမ့်မည်။

## ▲ မှတ်သားရန်

• မာကု ၁း၂၁။ ဥပုသ်နေ့၊ ဂျူးလူမျိုးများသည် ဘုရားဝတ်ပြုရန် ဥပုသ်နေ့၌ တွေ့ဆုံကြသည်။ ကျမ်းတတ်ဆရာများက ဓမ္မဟောင်းကျမ်းကိုဖတ်၍ ဘုရားအကြောင်းကို လူတို့အားသင်ကြားပေးသည်။

• မာကု ၁း၂၂။ ကျမ်းတတ်ပုဂ္ဂိုလ်များက၊ တရားဇရပ်တွင် သင်ကြားလေ့ရှိသည်။ သူတို့သည် ဓမ္မဟောင်းကျမ်း သွန်သင်ချက်များကို နှစ်ပေါင်းများစွာ သင်ယူမှတ်သားကြသည်။

• မာကု ၁း၂၄။ နတ်ဆိုးက ယေရှုအစွမ်းတန်ခိုးကို အောင်နိုင်ရန်၊ ယေရှုနာမကိုမြွက်ဆိုသည်။ ယေရှု၌ သာလွန် ကြီးမြတ်သောအစွမ်းတန်ခိုးရှိပါသည်။ နတ်ဆိုးကို တိတ်ဆိတ်စွာနေဖို့ ဆုံးမခဲ့ပါသည်။

## ⇒ ဟောပြောချက်၊ မာကု၁း၂၁–၂၈

### သင်ကြားခြင်း အစွမ်းတန်ခိုး

📖 – ဖတ်ရန် – မာကု ၁း၂၁–၂၂။

ယေရှုသည် အခွင့်အာဏာနှင့် ဟောပြောသူ ဖြစ်လာဖို့ မည်သည့်အရာက စွမ်းဆောင်သလဲ။

- အသံအောင်လို့လား။
- ပုံပြင်သာဓကများစွာ ပြောတတ်လို့လား။

မဟုတ်ပါ။ မာကုက ဤကဲ့သို့ ဆိုလိုခြင်း မဟုတ်ပါ။ လူများ အံ့ဩမိန်းမောကြခြင်းသည် ဤအရာများကြောင့်မဟုတ်ပါ။ လူများ အံ့ဩမိန်းမောကြခြင်းသည် ယေရှုက ဘုရား၏သမ္မာတရားအကြောင်း ပြောသည်ကို သိကြသောကြောင့်ဖြစ်ပါသည်။ ယေရှုသည် ကျမ်းတတ်ဆရာများကဲ့သို့ သင်ကြားခြင်း မဟုတ်ပါ။ ယေရှုသည် ဓမ္မဟောင်းကျမ်းကိုသာ သင်ကြားခြင်းမဟုတ်ပါ။ ယေရှုက အကြောင်းအရာ အသစ်များကိုပါ သူတို့ကို သင်ကြားခြင်းဖြစ်သည် (မာကု၊၁း၂၇)။ ထိုအသစ်သော အကြောင်းအရာများမှာ သူတို့သိသည့် ကောင်းသောအရာများနှင့် အံ့ဝင်ဂွင်ကျဖြစ်နေပါသည်။

⪢ *လူအတော်များများသည် မှားယွင်းစွာ သင်ကြားပေးတတ်ကြပါသည်။ သူတို့သည် စကားပြောကောင်းသောသူများဖြစ်ကောင်းဖြစ်လိမ့်မည်။ ယေရှုအကြောင်း အမှန်တရားကိုပြောသော သူကိုသာလျှင်ယုံပါ။ သမ္မာကျမ်းထဲက အကြောင်းအရာများကို ပြောလျှင် ယုံကြည်လိုက်ပါ။*

⪢ *ယေရှုသည် သင်ကြားနိုင်သောအစွမ်းတန်ခိုး ရှိသည်။ ယေရှုပြောသမျှသည် အမှန်ဖြစ်သည် (ယောဟန် ၁၄း၆)။*

### နတ်ဆိုးများကို အောင်နိုင်သော အစွမ်းတန်ခိုး။

📖 –ဖတ်ရန် – မာကု ၁း၂၃–၂၆။

နတ်ဆိုးသည် ယေရှုမည်သူဖြစ်သည်ကို သိသောကြောင့် ကြောက်ရွံ့ပါသည်။ ယေရှုသည်၊ ဘုရား၏သားတော်ဖြစ်ကြောင်းမှာ မှန်ကန်သည်ကို သိသောကြောင့်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော်၊ ယေရှုသည် ဘုရား၏သားတော်ဖြစ်၍ နတ်ဆိုးတို့ကိုအောင်နိုင်သော အစွမ်းတန်ခိုးရှိပါသည်။ ယေရှုကို ကျွန်ုပ်တို့ ယုံလျှင် နတ်ဆိုးများကို ကြောက်ရွံ့ဖို့ရန် မလိုပါ။ ယေရှု သည် နတ်ဆိုးများထက်ပို၍ ကြီးမားပါသည်။ ယေရှုသည် နတ်ဆိုးတို့ကို ကားတိုင်ထက်တွင် အောင်နိုင်ပြီး ဖြစ်ပါသည်။

⪢ *သင့်ကိုနတ်ဆိုးများ ကြောက်ရွံ့ခြင်းမှကယ်တင်ရန် ယေရှုအား တောင်းလျှောက်ပါ။ သင့်အသက်တာ ဘဝ တစ်လျှောက်လုံး ယေရှု၏အစွမ်းတန်ခိုးကို ယုံကြည်ပါ။*

### လူများအလွန်အံ့ဩမိန်းမောကြသည်။

📖 – မာကု ၁း၂၇၊ ၂၈ ဖတ်ပါ။

- ဘယ်အရာများက သူတို့ကို ပို၍ အံ့ဩမိန်းမော စေပါသနည်း (မာကု၁း၂၇)။
- မည်သည့်မေးခွန်းများ မေးခဲ့ပါသနည်း။

⪢ ယေရှုသည်၊ ထူးကဲသော အစွမ်းတန်ခိုးရှိသောကြောင့်သာ လူများ စိတ်လှုပ်ရှားကြခြင်း မဟုတ်။ သူသည် ထူးမြတ်သောသူတစ်ယောက်ဖြစ်ကြောင်းကို သိသောကြောင့်ဖြစ်သည်။ သူ၏သင်ကြားခြင်း၌ တန်ခိုးပါသည်ကို သူတို့သိကြသည်။

# ၅ ယေရှုသည် ဟောပြောဖို့ ကြွလာခဲ့သည်။

## ▣ နောက်ခံသမိုင်း

📖 – မာကု၊ ၁း၂၁–၂၈ဖတ်ပါ။ ယေရှုသည် ကျွန်ုပ်တို့အား သမ္မာတရားကို သင်ကြားပေးဖို့၊ အစွမ်းတန်ခိုးရှိသည်။

📖 – မာကု၊ ၂း၁–၁၂ ဖတ်ပါ။ ယေရှုသည် အပြစ် လွှတ်ပိုင်သော အခွင့်အာဏာရှိသည်။

မာကုသည် ကျွန်ုပ်တို့ကို ဘုရားသားတော် ယေရှု၏အစွမ်းတန်ခိုးများကို ဖော်ပြထားပါသည်။ မာကု၊၁း၂၉–၄၅တွင် ယေရှု၏အစွမ်းတန်ခိုးများကို ဖော်ပြသော ဥပမာအချို့ကို ပေးထားပါသည်။ မာကုက ယေရှုသည် နိမိတ်လက္ခဏာများကိုသာ ပြုလုပ်ရန် ကြွလာခြင်းမဟုတ်ကြောင်းကို ပါ ဖော်ပြထားပါသည်။

မာကုက ယေရှု အဘယ်ကြောင့် ကြွလာရ ကြောင်းကို(၃)ကြိမ်ပြောထားပါသည် (မာကု ၁း၃၈။ ၂း၁၇။ ၁၀း၄၅)။

## ⊙ အဓိကအချက်

ဘုရားသားတော်ယေရှုသည် ဟောပြောဖို့ ကြွလာခဲ့သည်။ ယေရှု ကြွလာခြင်းသည် သူတို့ကို အနာငြိမ်းစေခြင်းထက် လူများကိုယေရှု၏ သမ္မာတရားအကြောင်းကို ပြောပြဖို့ပို၍ အရေးကြီးပါ သည်။

## ★ လုပ်ဆောင်ရန်

ဤအပိုင်းသည်၊ ကျွန်ုပ်တို့ ကြည့်ခဲ့ပြီးသော အခြားအပိုင်းများထက် ပို၍ရှည်လျားပါသည်။ သမ္မာကျမ်းပိုဒ်ထဲမှ အရာအားလုံးကို ပြောဖို့မလိုပါ။ သူ၏အစွမ်းတန်ခိုးတော်ကို ပုံဖော်နိုင်ရန် ယေရှု၏ အနာရောဂါငြိမ်းခြင်းသာကေများကို အသုံးပြုပါ။ မည်သည့်အရာတစ်ခုမျှ ယေရှုအတွက် လွန်စွာ ခက်ခဲခြင်း မရှိပါ။ ယေရှုသည် ထိုအစွမ်းသတ္တိ အားလုံးရှိပါသည်။ အနာငြိမ်းစေခြင်း သက်သက် အတွက်သာ ကြွလာခဲ့ခြင်း မဟုတ်ပါ။ လူများကို သတင်းကောင်း ပြောကြားဖို့ ပို၍အရေးကြီးပါသည်။

## ▲ မှတ်သားရန်

• မာကု ၁း၄၀။ နူနာရောဂါသည် ယနေ့ ကျွန်ုပ်တို့ ဆီမှာဖြစ်သော အနာကြီးရောဂါနှင့် တူချင်မှတူလိမ့်မည်။ ဤရောဂါသည် အရေပြားပေါ်တွင် ဖြစ်တတ်သောရောဂါတစ်မျိုးဖြစ်သည်။ ဓမ္မဟောင်းကျမ်း၌ ထိုရောဂါဖြစ်သော လူများအကြောင်းကို ဖော်ပြထား ပါသည်။ လူတို့သည် ရောဂါသည်လူများနှင့်ဝေးဝေး မှာ နေချင်ကြသည်။ သူတို့ကို ဘုရားဝတ်ပြုခြင်း တက်ရောက်ဖို့ ခွင့်မပြုပါ။ (ဝတ်ပြုရာကျမ်း ၁၃း၄၅၊ ၄၆)။ မာကု ၁း၄၄တွင် ယေရှုက ထိုသူကို ဘုရား တစ်ဖန် ဝတ်ပြုနိုင်ရန် ယဇ်ပုရောဟိတ်ဆီသို့ သွားခိုင်းခဲ့သည်။ ဝမ်းနည်းစရာမှာ ထိုသူသည် ယေရှုကို နာမခံခဲ့ခြင်းဖြစ်သည်။

## ဟောပြောချက်၊ မာကု၁း၂၉–၄၅

### မည်သည့် တစ်စုံတစ်ရာမျှ ယေရှုအတွက် အလွန်ခက်ခဲလွန်းသည်ဟု မရှိပါ။

ယေရှုက မည်သည့်အနာရောဂါမျိုး၌မဆို သူ၌ တန်ခိုးရှိကြောင်း ပြသည်။

– မာကု ၁း၂၉–၃၁ ဖတ်ပါ။ ရှိမုန်၏ယောက္ခမ

– မာကု ၁း၃၂–၃၄ ဖတ်ပါ။ အနာရောဂါ အမျိုးမျိုးနှင့် နတ်ဆိုးများ

– မာကု ၁း၄၀–၄၂ ဖတ်ပါ။ နူနာရောဂါစွဲခြင်း။

### ဤနေရာ၌ သတိပြုရန် အချက်များ။

- ယေရှုသည် လူနာများကို ချက်ချင်း ကုသပေးသည်။ (မာကု ၁း၃၁၊၄၂) ယေရှုသည် နှုတ်ဖြင့် အမိန့်ပေးခြင်း(သို့) တို့ထိခြင်းကိုသာပြု၍ ကုသပါသည်။ ဤသည်မှာ ယေရှုသည် ဘုရား၏ တန်ခိုးရှိသောကြောင့်ဖြစ်သည်။
- ယေရှုသည် လူနာများကိုချစ်ခြင်း မေတ္တာဖြင့် ကုသပေးသည်။ မာကု ၁း၃၁ တွင် ယေရှုသည် မည်မျှ သိမ်မွေ့သည်ကိုသတိပြုပါ။ မာကု ၁း၄၁ တွင် ထိုလူကိုမည်မျှကရုဏာရှိကြောင်း သတိပြုပါ။ မာကု ၁း၄၁တွင် ယေရှုသည် နူနာစွဲသူကို တို့ထိခဲ့ပါသည်။ လူများသည် နူနာစွဲသူများကို ကြောက်ရွံ့ကြပါသည်။ နူနာစွဲသူသည် လူများနှင့် ဝေးဝေးနေကြပါသည်။ သို့သော် ယေရှုက မကြောက်ပါ။ သူ၏တန်ခိုးက နူနာရောဂါထက် ကြီးမားပါသည်။
- ယေရှုသည် ကျော်ကြားဖို့ရန် အလိုမရှိပါ။ (မာကု ၁း၄၃–၄၅) လူများကို သူ့ထံသို့ နိမိတ်လက္ခဏာများ သက်သက်ကြောင့်သာ လာကြခြင်းကို အလိုမရှိပါ။ သူမည်သူဖြစ်သည်ကို သူတို့ နားလည်ဖို့ အလိုရှိပါသည်။

### ယေရှုသည် ဟောပြောရန် ကြွလာသည်

– ဖတ်ရန် – မာကု ၁း၃၅–၃၉။

*(မည်သည့်အရာများ ဖြစ်ပျက်နေသည်ကို လူများ စဉ်းစားနိုင်ဖို့ ကူညီပေးပါ)*။ နံနက်စောစော အချိန်ဖြစ်ပါသည်။ ယေရှုသည် တိတ်ဆိတ်စွာ အချိန်ယူဖို့ ကြိုးစားပါသည်။ တစ်စုံတစ်ဦးက အရင်နိုးနှင့်ပြီးဖြစ်သည်။ သူတို့က ယေရှုကို ရှာကြသည်။ လူနာမြောက်မြားစွာက ယေရှု ကုသပေးဖို့ အလိုရှိသည်။ ယေရှုက ဘာပြောသလဲ(မာကု ၁း၃၈) ယေရှု သနားကြင်နာစိတ်မရှိ၍ မဟုတ်ပါ။ သူ၏လုပ်ငန်းကို ရှင်းလင်းစွာ သူသိပါသည်။ လူများကို ကုသဖို့သက်သက်အတွက် ကြွလာခြင်း မဟုတ်ပါ။ သူမည်သူဖြစ်ကြောင်း သတင်းကောင်းကို လူတို့အားပြောပြဖို့ ကြွဆင်းလာခြင်း ဖြစ်ပါ သည်။ ယေရှုရှင်သည် သမားတော်မဟုတ်၊ ကယ်တင်ရှင် ဖြစ်ပါသည်။ မြို့ရွာပေါင်းများစွာကို လှည့်လည်ရ ပါသည်။ လူတိုင်း သတင်းကောင်းကို ကြားသိစေဖို့ ဖြစ်ပါသည်။

*ယနေ့လူပေါင်းများစွာက အနာရောဂါ ငြိမ်းစေရန် ယေရှုကို အလိုရှိကြပါသည်။ သို့သော် ယေရှုသည် လူများကို အနာရောဂါငြိမ်းစေဖို့ သက်သက်ကြွလာခြင်း မဟုတ်ပါ။ ကျွန်ုပ်တို့ကို အပြစ်မှ ကယ်နှုတ်ခြင်း အမှုသည် ယေရှုအတွက် ပို၍ အရေးကြီးပါသည် ယေရှုသည် အနာရောဂါ အမျိုးမျိုးကို ကုသပေး သော်လည်း ကျွန်ုပ်တို့ရေကို သွားရမည်ဆိုပါလျှင် အဘယ် အကျိုးရှိသနည်း။*

[?] လေ့လာချက်၊ မာကု၊၂း၁-၁၂

# ၆ ယေရှုသည် အပြစ်လွှတ်ပိုင်ခွင့်ရှိသည်။

## ▣ နောက်ခံသမိုင်း

မာကုက ဘုရားသားတော် ယေရှုသည် အစွမ်းတန်ခိုးရှိကြောင်း ဖော်ပြပါသည်။ မာကု ၁း၂၉တွင် ယေရှု၏အစွမ်းတန်ခိုးများကို သာဓကအချို့ ပေး၍ ဖော်ပြထားပါသည်။

မာကု၊၂း-၁၂ ယေရှုသည် ကွဲပြားခြားနားသော အစွမ်းတန်ခိုးကိုပြပါသည်။ သူသည် ဘုရား အစစ် အမှန်ဖြစ်ကြောင်းကို ပြသည်။

## ⊡ အဓိကအချက်

ယေရှုသည် အပြစ်လွှတ်ပိုင်ခွင့်ရှိပါသည်။ ဘုရားတစ်ပါးတည်းသာ အပြစ်လွှတ်ပိုင်ခွင့်ရှိပါ သည်။ ထို့ကြောင့် ယေရှုသည် ဘုရားဖြစ်ပါသည်။

## ☆ လုပ်ဆောင်ရန်

အချို့လူများက၊ သူတို့၏အပြစ်များသည် အလွန်ကြီးမားသော ပြဿနာမဖြစ်နိုင်ဟု ထင်ကောင်းထင်ကြမည်။ နည်းလမ်းများစွာဖြင့် သူတို့အား ဘုရား ကူညီဖို့ အလိုရှိကြသည်။ သို့သော် အများအားဖြင့် သူတို့၏အပြစ်များကို လွှတ်ဖို့ အလိုမရှိကြပါ။ သူတို့အတွက် အထောက်အကူပြုဖို့ ဤဥပမာကို ဘယ်လို အသုံးပြုမလဲဆိုတာ စဉ်းစားပါ။ ယေရှုသည် ထိုသူနှင့် တစ်ယောက်ချင်း စကားပြောပါသည်။ အချို့သူများက သူတို့အပြစ်များကို ထုတ်ဖော်ပြောဆိုခြင်းမှာ ယေရှုရိုင်းပျသည်ဟု ထင်ကြလိမ့်မည်။ သို့သော် ကျွန်ုပ်တို့၌ အကြီးမားဆုံးသော လိုအပ်ချက်ကို ယေရှုသိပါသည်။

## ◭ မှတ်သားရန်

• မာကု ၂း၃ ခြေဆွံ့သောသူ။ ဤသူသည် ခြေဆွံ့သောသူဖြစ်သည်။ သူ၏ခြေများ မသန်စွမ်းသဖြင့် သူ လမ်းလျှောက်နိုင်ပါ။

• မာကု ၂း၄ အိမ်၏အမိုးများသည် ပြားသော ခေါင်မိုးများဖြစ်ပါသည်။ ခေါင်မိုးပေါ်သို့ တက် ရန် ဘေးလှေခါးများရှိပါသည်။ ခေါင်မိုးကို အပေါက်ဖောက်ရန် လွယ်ကူပြီး ပြန်လည် ပြင်ဆင်ရန်လည်း လွယ်ကူပါသည်။

• မာကု ၂း၇ ဘုရားကိုပုန်ကန်ပြောဆိုခြင်း။ ဘုရားလုပ်နိုင်သည့်အရာများကို ကျွန်ုပ်တို့ လုပ်နိုင်သည်ဟု ကျွန်ုပ်တို့ပြောလျှင် ကျွန်ုပ်တို့ ဘုရားကို ပုန်ကန်ပြောဆိုခြင်းဖြစ်သည်။

➡ ဟောပြောချက်၊ မာကု၊၂း၁-၁၂

## ထိတ်လန့်စရာကောင်းသော စကားကို ပြောခြင်း

📖 - ဖတ်ရန် - မာကု ၂း၁-၇။

*မည်သို့ဖြစ်ပျက်နေသည်ကို လူများစဉ်းစားနိုင် ရန် ရှင်းပြပါ။ မာကု၊၂း၅ တွင် ယေရှု၏ထိတ်လန့်စရာ စကားများက လူများကိုတို့ထိနိုင်ရန် သာဓကများ ပြောပါ။ လူထုကြီးက ယေရှု ဘာပြောမည်ဟုထင်သလဲ။ ထိုလူများက ယေရှုကို ဘာပြောစေချင်သလဲ။ အဘယ်ကြောင့် ခရစ်တော်၏စကားလုံးများက ထိတ်လန့်စရာ ဖြစ်ခဲ့ရသလဲ။*

⊞ (*လူများနားလည်စေဖို့ ပုံသာဓကကို အသုံးပြုပါ*) အလွန်ဖျားနာနေသော လူကလေးတစ်ယောက် အကြောင်း စဉ်းစားကြည့်ပါ။ သူ့ကို ကုသလို့ မရပါ။ အထူးကုဆရာဝန်တစ်ယောက် ရွာသို့ လာမည့်အကြောင်း သူ့မိသားစုက ကြားသည်။ ထိုကလေးကို ကျန်းမာအောင် ကုသနိုင်ပါသည်။ ဆရာဝန်ထံသို့ သွားရောက်ပြသသည်။ ကလေးကျန်းမာလာမည်ဟု ဆရာဝန် ပြောသည်ကို ကြားရဖို့ မျှော်လင့်သည်။ ဆရာဝန်က သင့်အပြစ်လွှတ် ခြင်းခံရဖို့ လိုအပ်သည်ဟု ပြောလိုက်သည်။ သူတို့ ဘယ်လို ခံစားရမလဲ။ သူတို့ဘာပြောကြမလဲ။

⊠ *ယေရှုပြောသည့် စကားသည် ကျွန်ုပ်တို့ခြ ကြားလိုသောစကား ဖြစ်ပါသလား။ အချို့သူများမှာ အလွန် ထိတ်လန့်ကြသည်။*

မာကု ၂း၇။ တစ်နည်းအားဖြင့် သူတို့မှန်ပါသည်။ ဘုရားတစ်ပါးတည်း သာအပြစ်လွှတ်ပိုင်ပါသည်။ သင်နှင့် ကျွန်ုပ်အတွက်မူကား "သား၊ သင့်အပြစ်လွှတ်ပြီ"ဟုပြောလျှင် ဘယ်လို အဓိပ္ပါယ်ရှိမည်နည်း။ ယေရှုသည် ဘုရားဖြစ်ကြောင်း ကြေငြာခြင်း ဖြစ်ပါသည်။

## အံ့ဩဖွယ်ရာအကြောင်းကို ပြောခြင်း

📖 - ဖတ်ရန် - မာကု ၁း၈-၁၂။

သင့်အပြစ်လွှတ်ပြီဟူသော စကားကို မည်သူမဆို ပြောလို့ရပါသည်။ ၎င်းသည် မှန်ကန်ကြောင်း ကျွန်ုပ်တို့ ဘယ်လိုသိနိုင်မလဲ။ ယေရှုသည် အပြစ်ဖြေလွှတ်ပိုင်သည်ကို လူများ ဘယ်လိုသိနိုင်မလဲ။

ယေရှုက သူ၏နှုတ်ထွက်စကားများ မှန်ကန်ကြောင်းကိုပြပါသည်(မာကု ၂း၉-၁၂)။ (*ဤအရာများနှင့် အလားသဏ္ဌာန်တူသော ပုံဥပမာများကိုပြောပါ။ လူအစုအဝေး၏ အံ့ဩမိန်းမောကြပုံကို သင်၏ လူများတို့ ထိတွေ့ခံစားနိုင်ဖို့ကူညီပါ*)။

ယေရှုသည် အပြစ်ကိုဖြေလွှတ်နိုင်ခြင်းမှာ ထိုသူကို လမ်းလျှောက်စေနိုင်သော အစွမ်းတန်ခိုး ရှိသောကြောင့် ဖြစ်ပါသည်။ ဘုရားတစ်ပါးတည်း သာ ထိုအစွမ်းတန်ခိုးရှိပါသည်။ ထို့ကြောင့် ယေရှုသည် ဘုရားဖြစ်ပါသည်။

⊠ *'သင်၏အပြစ်လွှတ်ပြီ'ဟူသော ဤစကားသည် အံ့ဩဖွယ်စကားဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယေရှုသည် သူတို့ကို ထိုကဲ့သို့ ပြောနိုင်သော အစွမ်းတန်ခိုး ရှိသောကြောင့် ဖြစ်ပါသည်။ ယေရှုသည် အပြစ်လွှတ်ရန် ဤလောကသို့ ကြွဆင်းလာခြင်းဖြစ်ပါသည်။ ယေရှုသည် အပြစ်လွှတ်ရန် ကားတိုင်ပေါ်တွင် အသေခံခဲ့ပါသည်။ ကျွန်ုပ်တို့ သူ့ကို ယုံကြည်လျှင် ကျွန်ုပ်တို့၏ အပြစ်လွှတ်မည်ဟု ယေရှု ကတိပေးပါသည်။ အကယ်၍ ဤအရာသည် သင့်အသက်တာအတွက် အရေးကြီးဆုံး ဖြစ်လျှင် သင့်အပြစ်လွှတ်ရန် ယေရှုကို ယနေ့ယုံကြည်လက်ခံပါ။*

# ၇ ယေရှုခေါ်သောလူအမျိုးအစား

## [■] နောက်ခံသမိုင်း

မာကု ၂း၁-၂တွင် ယေရှုသည် အပြစ်လွှတ်ပိုင် သောအခွင့်ရှိကြောင်း ပြပါသည်။ ထို့ကြောင့် ယခု၊ ယေရှုသည် ကောင်းသော သူများအတွက် ကြွလာခြင်း မဟုတ်ပါ။ အပြစ်သား များအတွက် ကြွလာခြင်း ဖြစ်ပါသည်။ ယေရှု၏ အပြစ်လွှတ်ခြင်းကို လိုချင်သော အပြစ်သားများ အတွက် ယေရှုကြွလာခြင်းဖြစ်ပါသည်။

မာကု ၂း၁၇တွင် ယေရှုက သူအဘယ်ကြောင့် ဤလောကသို့ကြွလာကြောင်း ဒုတိယအကြိမ် ပြောခဲ့ ပါသည်။ (မာကု၊ ၁း၃၈ကိုကြည့်ပါ)

## [•] အဓိကအချက်

ယေရှုသည် ကောင်းသောသူများအတွက် ကြွလာခြင်းမဟုတ်ပါ။ အပြစ်သားများအတွက် ကြွလာခဲ့ခြင်းဖြစ်ပါသည်။

## [★] လုပ်ဆောင်ရန်

ယေရှုသည် ဖြောင့်မတ်သောသူများကိုရွေးနှုတ်ဖို့ ကြွလာသည်ဟု လူများထင်နေကြဆဲဖြစ်ပါသည်။ လူအတော်များများက သူတို့သည် လူကောင်းများ ဖြစ်ကြသည်ဟုထင်ကြသည်။ သူတို့သည် ဖြောင့်မတ်သောသူများဖြစ်သောကြောင့် ယေရှုသည် သူတို့ကို စိတ်တော်နှင့်တွေ့သည်ဟု ထင်နေကြသည်။ ဤအပိုင်းက ထိုအရာမှားကြောင်းကို သင်ပြပေးပါသည်။ ဤအရာကိုပြောဖို့၊ စဉ်းစားပြီးဆုတောင်းရန်လိုအပ်ပါသည်။

သင့်အနေဖြင့် ယေရှုက ဆိုးသောသူများ အတွက် ကြွလာသည်ဟု မြင်စေလိုသည်။ သူတို့ အမြင်များမှ ကယ်တင်ခြင်းရဖို့ ယေရှုကို တောင်း လျှောက်ရန် သင်အလိုရှိသည်။

အချို့က သူတို့သည် လူကောင်းများဖြစ်သည် ဟုထင်ကြသည်။ သူတို့သည် ဆိုးသောသူများဖြစ်ကြောင်း သူတို့ကိုယ်ကိုမြင်ဖို့ သင်အလိုရှိသည်။ သင်က၊ သူတို့ကို ဖြောင့်မတ်သောသူများဖြစ်စေဖို့ ယေရှုကို တောင်းလျှောက်ဖို့ အလိုရှိသည်။

## [▲] မှတ်သားရန်

- မာကု၊ ၂း၁၄ "လေဝိ"သည် မဿဲ၏အခြား နာမည်တစ်ခုဖြစ်ပါသည်။
- မာကု ၂း၁၄ အခွန်ခံများ။ သူတို့သည် ရောမများ အတွက် အခွန်ကောက်ပေးသောဂျူးလူမျိုးများ ဖြစ်ပါသည်။ လူအတော်များများက သူတို့ကိုမုန်းတီး ကြခြင်းမှာ၊ အခြားတစ်ဖက်မှ လူများအတွက် အလုပ်လုပ်ပေးသောကြောင့်ဖြစ်ပါသည်။ ဂျူးလူမျိုး အစစ်များသည် ဘယ်တော့မှရောမလူမျိုးများကို မကူညီဟု သူတို့ထင်ထားပါသည်။ အခွန်ခံအများစု မှာ လိမ်လည်ကြပါသည်။ သူတို့ချမ်းသာလာကြ ခြင်းမှာ သူတို့အဖို့ငွေများစွာကို ဖယ်၍ ထားကြ သောကြောင့်ဖြစ်ပါသည်။
- မာကု၊ ၂း၁၅ အပြစ်သားများ။ လူတိုင်းအပြစ် သားများဖြစ်ကြောင်း၊ ကျွန်ုပ်တို့သိပြီးဖြစ်ပါသည်။ သို့သော် ဂျူးလူမျိုးများသည် လူအချို့တို့ကိုသာ အပြစ်သားဟုခေါ်ကြပါသည်။ ထိုသူများသည် ဆိုးသွမ်းစွာ အသက်ရှင်သူများဖြစ်သည်။ ဥပမာ တစ်ခုမှာ ဂျူးလူမျိုးများက ပြည့်တန်ဆာများကို အပြစ်သားဟုခေါ်ကြပါသည်။ အခွန်ခံများနှင့် ပြည့်တန်ဆာများမှာ မိတ်ဆွေဖြစ်လေ့ရှိပါသည်။ ဂျူးလူမျိုးများက သူတို့ကို မုန်းတီးကြပါသည်။
- မာကု၊ ၂း၁၆ ဖာရိရှဲများ။ ဤသူများသည် ဘုရား ၏ပညတ်တော်များကို ပြင်းပြင်းထန်ထန်ကြိုးစား၍ စောင့်ရှောက်သောသူများဖြစ်သည်။ သူတို့သည် အလွန်စည်းကမ်းကြီးကြသည်။ သူတို့ကိုယ်ကို ဖြောင့်မတ်သောသူများဟုထင်ကြသည်။

## ဟောပြောချက်၊ မာကု၊ ၂း၁၃-၁၇

## ယေရှုသည် အပြစ်သားများကိုခေါ်သည်

- ဖတ်ရန် - မာကု၊ ၂း၁၄။

သင်သည် ယေရှုခေါ်သော လူအမျိုးအစားဖြစ်ပါသလား။ သင်သည် အပြစ်သားလား (ယေရှုပြောသော အံ့ဩဖွယ်ရာအကြောင်းကိုပြောပါ။ ယေရှုအပြစ်သားများအတွက် ကြွလာသည်)။

• အပြစ်သားများအတွက် ဤအရာသည် သတင်းကောင်းဖြစ်ပါသည်။ လူတိုင်းက အပြစ်သားအဖြစ်သတ်မှတ်သော ပြည့်တန်ဆာများနှင့်အခွန်ခံများကို မုန်းတီးကြပါသည်။ သို့သော် ယေရှုက ဆိုးသွမ်းဆုံးသောသူများအတွက် ကြွလာပါသည်။ ထိုသူများကို ယေရှုချစ်ပါသည်။

• ကောင်းသောလူများအတွက် ဤအရာသည် သတင်းဆိုးဖြစ်ပါသည်။ ယေရှု မခေါ်သောသူများကို မြင်ကြည့်ပါ(မာကု၊ ၂း၁၇)။ ဖြောင့်မတ်သောသူများသည် လူကောင်းများဖြစ်ကြပါသည်။ ဖာရိရှဲများက သူတို့ကိုယ်သူတို့ သူတော်ကောင်းများဟု ထင်ကြသည်။ ယေရှုက ဆိုးသွမ်းသော သူများနှင့် အတူ စားသောက်သည်ကို သူတို့မနှစ်သက်ပါ။ (မာကု၊ ၂း၁၆)

• ကယ်တင်ခြင်းရပြီးသောသူများအတွက် ဤအရာမှာအရေးကြီးသည်။ ယေရှုက ကျွန်ုပ်တို့ကို အပြစ်လွှတ်လျှင် ကျွန်ုပ်တို့က အခြားသူများကို ပြောပြချင်မှာဖြစ်တယ်။ ဒီလိုဆိုရင် ဘယ်လိုလူစားမျိုးကို ပြောပြရမှာလဲ။ လူကောင်းများ(သို့မဟုတ်) ဘုရားကျောင်းမှန်မှန်တက်သောသူများကို ပြောပြမှာလား။ ဒါမှမဟုတ် ဆိုးသွမ်းသောသူများကိုပြောပြမှာလား။

## အဘယ်ကြောင့်ယေရှုသည် အပြစ်သားများကိုခေါ်ပါသလဲ။

- ဖတ်ရန် - မာကု၊ ၂း၁၇။

ယေရှုသည်၊ အပြစ်သားများအတွက် ကြွလာသည့်အကြောင်းကို ရှင်းပြပါသည်။ အကြောင်းမှာ၊ ထိုအပြစ်သားများက သူ့ကို လိုအပ်သောကြောင့်ဖြစ်ပါသည်။ (ဤအရာကို မိမိပရိသတ်နားလည်အောင် အထောက်အကူရဖို့ သမားတော်ယေရှု၏ ရုပ်ပုံကားချပ်ကို အသုံးပြုပါ)။ များနာသူများသာ ဆရာဝန်ထံ သွားကြသည်။ ယေရှုသည် ကျွန်ုပ်တို့၏အပြစ်များကို သက်သာအောင် လုပ်ပေးနိုင်ပါသည်။ ထိုသို့လုပ်ဖို့ ကားတိုင်ပေါ်တွင် အသေခံခဲ့ပါသည်။ သင့်အပြစ်ဖြေလွှတ်ခြင်းခံရဖို့နှင့် သင့်ကို ကောင်းလာအောင် လုပ်ပေးဖို့ ယေရှုကို တောင်းလျှောက်ပါ)

*(လူကောင်းများ အဘယ်ကြောင့် သမားတော်ယေရှုကို မလိုအပ်ကြောင်း ဖော်ပြပါ။ မိမိကိုယ်မိမိ လူကောင်းဖြစ်သည်ဟုထင်သူတို့၌ အပြစ်မှလွှတ်ရန် ယေရှုကို မလိုအပ်ပါ။)*

ကျန်းမာသောအမျိုးသမီးတစ်ဦး ဆရာဝန်ထံ သွားသည့်ပုံပမာကိုပြောပြပါ။ သူမ မည်မျှ ကျန်းမာကြောင်း ဆရာဝန်အားပြောပြသောအခါ စမ်းသပ်စစ်ဆေးခြင်း မပြုတော့ပါ။ မလိုအပ်သောကြောင့်ဖြစ်သည်။ ဆရာဝန်သည် ကျန်းမာသောသူများအတွက် အချိန်မဖြုန်းပါ။ ယေရှုသည် ကောင်းသောသူများအတွက် ကြွလာခြင်းမဟုတ်ပါ။ အကြောင်းမှာ သူတို့သည်ဆရာဝန်ကို မလိုအပ်သောကြောင့်ဖြစ်ပါသည်။

## ယေရှုသည် အပြစ်သားများကိုခေါ်၍ ဘာလုပ်စေခိုင်းသလဲ။

- ဖတ်ရန် - မာကု၊ ၂း၁၄။

လေဝိသည် ငွေမက်ပါသည်။ ယေရှုကသူ့ကို ငွေနှင့်ဝေးသွားဖို့ခေါ်ခြင်းဖြစ်ပါသည်။ သူသည် ယေရှုနောက်သို့လိုက်ပါသည်(ဤအရာသည်၊ လေဝိအသက်တာ မည်သို့ လုံးလုံးပြောင်းလဲသွားစေသည်ကိုပြောပြပါ)။

ယေရှုသည် ကျွန်ုပ်တို့ဘဝ လမ်းလွှဲခြင်းကို စွန့်ပစ်ဖို့ခေါ်ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့ အပြစ်ဒုစရိုက်ကို စွန့်ပစ်ဖို့ခေါ်ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့ ပြန်လှည့်၍ ယေရှုနောက်သို့လိုက်ဖို့ ခေါ်ခြင်းဖြစ်ပါသည်။

*ယေရှုပေးတဲ့ဆေးကို လက်ခံကြမည်လား။ မိမိ၏အပြစ်များအတွက် ဝန်ချတောင်းပန်ပြီး လမ်းလွဲသောဘဝဟောင်းကို စွန့်လွှတ်ပါမည်လား။*

# ၈ ယေရှုဟာ ကောင်းသလား၊ ဆိုးသလား။

## နောက်ခံသမိုင်း

မာကုခရစ်ဝင်ကျမ်းသည် ယေရှုနှင့် ပတ်သက်သော ပုံဆောင်ချက်စကားများကို စုစည်းထားခြင်း တစ်ခုသာ မဟုတ်ပါ။ ၎င်းသည် ယေရှု၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းနှင့်အဆုံးသတ်မည့် ဇာတ်လမ်းဖြစ်ပါသည်။

ဤဇာတ်လမ်းသည် ကားတိုင်ဆီသို့ တရွေ့ရွေ့ ဦးတည်နေကြောင်း သင်သတိပြုမိပါသလား။ အစပိုင်း၌ လူတိုင်းသည်ယေရှုကို အံ့သြမိန်းမော၍ သဘောကျကြပါသည်။ သူ၏သင်ကြားဟောပြောခြင်းနှင့် ကုသခြင်းကို နှစ်သက်ကြပါသည်။ သူတို့က ယေရှုသည် လူကောင်းတစ်ဦးဖြစ်သည်ဟုထင်ပါသည်။ ထို့နောက်ယေရှုက လူအချို့ မနှစ်သက်သောအရာများကိုလုပ်ပါသည်။ 📖– မာကု၊ ၂း၇၊ ၁၆။ ယခုမှာ လူအချို့က ယေရှုကို ဆိုးသောသူဟု ထင်ပါ သည်။ ထိုသူတို့က၊ သူ့ကို စတင်၍ မုန်းတီးလာကြ သည်။ 📖 – မာကု၊ ၂း၁၈–၃း၆တွင် ဤကဏ္ဍ မည်သို့ အဆုံးသတ်သည်ကိုသတိပြုပါ။

## အဓိကအချက်

ကျွန်ုပ်တို့ ဘာသာရေးဆိုင်ရာ ထုံးတမ်းများ အံ့ဝင်ဂွင်ကျဖြစ်ဖို့ ယေရှု ကြွလာခြင်းမဟုတ်ပါ။ အသက်တာသစ်ကိုပေးဖို့ ကြွလာခြင်းဖြစ်ပါသည်။ ထိုအသက်တာသစ်သည် ကျွန်ုပ်တို့ အတွင်းစိတ်ကို ပြောင်းလဲပေးပါသည်။

## မှတ်သားရန်

- မာကု၊ ၂း၁၈။ အစာရှောင်ခြင်း။ သင်အစာရှောင်သောအခါ အချိန်ကြာမြင့်စွာ အများအားဖြင့် တစ်နေကုန် အစာမစားခြင်းဖြစ်သည်။ ဓမ္မဟောင်းကျမ်း၌ ဘုရား၏လူများသည် သူတို့အပြစ်များအတွက် ဝမ်းနည်းကြောင်း ဖော်ပြသည့်အနေဖြင့် အစာရှောင်ကြသည်။ (ဝတ်၊ ၁၆။ ထွက်၊ ၃၄း၃၈။ နေဟမိ၊ ၁း၄)။ ဖာရိရှဲများသည် ဘုရားစိတ်တော်နှင့်တွေ့ရန် မကြာခဏ အစာရှောင်ကြသည်။ ဗတ္တိဇံဆရာယောဟန်၏ တပည့်များ အစာရှောင်ခြင်းမှာ သူတို့အပြစ်များကြောင့် ဝမ်းနည်းပူဆွေးကြခြင်းဖြစ်၍ မေရှိယကြွလာမည်ကိုစောင့်မကြခြင်းဖြစ်သည်။
- မာကု၊ ၂း၁၉၊၂၀။ မင်္ဂလာဆောင်သတို့သား ယေရှုသည်၊ ဓမ္မဟောင်းကျမ်း၏ပုံရိပ်ကို အသုံးပြုပါသည်။ (ဟောရှေ၊ ၂း၁၆–၂၀။ ဟေရှာယ၊ ၅၄း၅)။ ဘုရားသခင်သည် သူ၏လူများနှင့်မင်္ဂလာဆောင်မည့် သတို့သားဖြစ်သည်။ လက်ထပ်ခြင်းသည် ပျော်ရွှင်ရမည့်အချိန်ဖြစ်ပါသည်။ အစာရှောင်ရန် မဟုတ်ပါ။ ယေရှုက သူသည် သတို့သားဖြစ်ကြောင်း အမှန်အကန် ပြောဆိုပါသည်။ သူ၏ နောက်လိုက်များမှာ ပျော်ရွှင်နေရပါမည်။ ဝမ်းနည်းစရာမရှိပါ။ သို့မှသာ လက်ထပ်ခြင်းနှင့်တူမည် ဖြစ်ပါသည်။
- မာကု၊ ၂း၂၂။ စပျစ်ရည်ထည့်သောသားရေဘူး။ စပျစ်ရည်ကို ဆိတ်သားရေထဲတွင် သိုထားလေ့ရှိပါသည်။ စပျစ်ရည် ဆူတက်လာသောအခါ ထိုသားရေ ဆန့်ထွက်လာပါသည်။ ကြာရှည်မခံ နိုင်တော့ပါ။ ထို့ကြောင့် စပျစ်ရည်အသစ်သည် ထိုသားရေ အဟောင်းကို စုတ်ပြဲစေပါသည်။

## ⇨ ဟောပြောချက်၊ မာကု၊၂း၁၈-၂၂
## ယေရှုသည် ပညတ်တော်ကို ချိုးဖောက်ပါသလား။

📖 - ဖတ်ရန် - မာကု၊၂း၁၈-၂၀။

⊞ *ဤကဲ့သို့ ဥပမာကို အသုံးပြုပါ။ ဤ၌ ကောင်းသော ဥပမာများကို ရှုံးစားနိုင်သည်။ အချို့အသင်းတော်ရှိ ခရစ်ယာန်ပီသသူ အမျိုးသားများသည် လည်စီးကို ဝတ်ဆင်ကြသည်။ ကျမ်းစာက၊ ကျွန်ုပ်တို့ကို လည်စီးတပ်ဆင်ရန် မပြောပါ။ သို့သော် ဤသည်မှာ အသင်းတော်၏စည်းမျဉ်းဖြစ်ပါသည်။ သူတို့က လည်စီးမတပ်သောသူသည် ခရစ်ယာန် မပီသဟု ထင်ကြပါသည်။*

ဂျူးလူမျိုးတိုင်းက ဂျူးပီသသူများ အစာရှောင်ကြသည်ဟု ထင်မှတ်ကြသည်။ ဓမ္မဟောင်းကျမ်းတွင် သူတို့ကို မကြာခဏ အစာရှောင်ဖို့ပြောမထားပါ။ သို့သော် ဤအရာမှာ သူတို့၏ပညတ်ထုံးစံဖြစ်ပါသည်။ ယေရှုသည် အစာရှောင်ခြင်းကို မကန့်ကွက်ပါ။ သို့သော် သူ၏တပည့်တော်များကို အစာရှောင်ဖို့ မပြောပါ။ ထို့ကြောင့် ယေရှုသည် ဂျူးလူမျိုးကောင်း တစ်ဦးမဖြစ်နိုင်ဟု သူတို့ ထင်ကြပါသည်။

- ယေရှု၏တပည့်တော်များအတွက် အစာရှောင်ရန် အချိန်လွဲနေခြင်းမှာ အဘယ်ကြောင့်နည်း။ သင့်လူများကိုရှင်းပြပါ။ ယေရှုသည် ဘုရားသခင်၏ မေရှိယ ဖြစ်ပါသည်။ ၎င်းသည် ပျော်ရွှင်ရန်အချိန်ဖြစ်ပါ သည်။ ဝမ်းနည်းစရာအချိန်မဟုတ်ပါ။

⪢ *ထိုဂျူးလူမျိုးများကဲ့သို့ အလားတူ အမှားများကို ပြုရန်လွယ်ကူပါသည်။ သင်၌ ကျမ်းစာထဲမှာ မပါသော ဥပဒေသများရှိပါသလား။ သင့်ရဲ့ ကိုယ်ပိုင်ဥပဒေသများဖြင့် အခြားခရစ်ယာန်များကို စီရင်ပါသလား။ ခရစ်ယာန်တစ်ဦး၏အသက်တာမှာ နည်းဥပဒေများနှင့် မပတ်သက်ပါ။ ယေရှုကဲ့သို့ သဏ္ဍာန်တူရန် ဖြစ်သည်။*

## ယေရှု၏စပျစ်ရည်အသစ်

📖 - ဖတ်ရန် - မာကု၊၂း၂၁-၂၂။

ယေရှုသည်အလွန်အရေးကြီး သောအရာကို ပြောဖို့ ပုံဆောင်စကား(၂)ခုကို အသုံးပြုပါသည်။ ယေရှုသည် ဘာသာရေးဆိုင်ရာထုံးတမ်းများနှင့် အံဝင်ဂွင်ကျဖြစ်ဖို့ ကြွလာခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့အား အသက်တာသစ်ပေးဖို့ ကြွလာခြင်းဖြစ်သည်။

- အဝတ်နှင့်စပျစ်ဝိုင် ပုံဖော်ချက်(၂)ခုအကြောင်းကို ရှင်းပြပါ။ မည်သို့ဖြစ်လာမည်ကို တွေးမြင်နိုင်ဖို့ အထောက်အကူရအောင် ဇာတ်လမ်းအသွင်ဖန်တီးပါ။

ဂျူးလူမျိုးများသည် ဘာသာတရားအလွန်ကိုင်းရှိုင်းကြသည်၊ သို့သော် ပြင်းထန်လွန်း၍တင်းကြပ်ပုံမှာ စပျစ်ရည်ဘူးကဲ့သို့ဖြစ်သည်။ ကျွန်ုပ်တို့ ဥပဒေသများသည်လည်း ဟောင်းသောစပျစ်ရည်ဘူးနှင့် တူကောင်းတူနိုင်ပါသည်။ ယေရှုက ကျွန်ုပ်တို့ကို စပျစ်ရည်အသစ်ဖြစ်သည့် ဧဝံဂေလိတရားကို ပေးဖို့ ကြွလာခြင်းဖြစ်သည်။ သူ၏''သမ္မာတရား''သည် အသက်ရှင်၍ ချစ်ခြင်းနှင့်ပြည့်ဝလျက်ရှိပါသည်။ ယေရှုသည် ကျွန်ုပ်တို့ကို အပေါ်ယံဖြစ်သော ဘာသာရေးဆိုင်ရာ ဥပဒေသများကို စောင့်ထိန်းခြင်းထက် အတွင်းစိတ်နှလုံးကို ပြောင်းလဲဖို့ အလိုရှိပါ။

ထို့ကြောင့် ယေရှုသည် ကျွန်ုပ်တို့ နည်းဥပဒေများဖြစ်သော သားရေဘူးအဟောင်းထဲသို့ သူ၏ စပျစ်ရည်အသစ်ကို လောင်းထည့်လိုက်တဲ့အခါ ဘာဖြစ်သနည်း။ စပျစ်ရည်ရေဘူးမှာ စုတ်ပြဲသွားပါသည်။ ယေရှုက ဘာသာရေး စည်းမျဉ်းဥပဒေဖြစ်သော သားရေဘူးကို မသိမ်းထားနိုင်းပါ။

⪢ *ယေရှုဖြစ်သောစပျစ်ရည်အသစ်ကို သင်အလိုရှိပါသလား။ သင့်အပြစ်လွှတ်ဖို့နှင့်ပြောင်းလဲဖို့ အလိုရှိပါသလား။ သူ၏လမ်းခရီးတော်ကို လိုက်လျှောက်၍ ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝစေဖို့ အလိုရှိသလား။ (သို့) မာကျောသောစပျစ်ရည်ဘူးကဲ့သို့ ဘာသာရေးပညတ်ချက်များကို အလိုရှိသလား။ (၂)ခုစလုံးသင်မရနိုင်ပါ။*

[?] လေ့လာချက်၊ မာကု၊၂း၂၃–၂၈

## ၄ ယေရှုသည် ဥပုသ်နေ့၏အရှင်ဖြစ်သည်။

### ▣ နောက်ခံသမိုင်း

ဂျူးလူမျိုးများက ယေရှုကိုကြည့်နေကြသည်။ သူတို့က ယေရှုသည် အမှန်ပင် လူဆိုးတစ်ဦးဖြစ်ကြောင်းကို ပြချင်သည်။ ယေရှုက သူတို့၏နည်းဥပဒေများကို စောင့်ရှောက်ပါသလား။

📖 – မာကု၊၂း၁၈၊၂၄ နှင့် မာကု၊၃း၂။

ဂျူးလူမျိုးများသည် ဥပုသ်နေ့နှင့် ပတ်သက်၍ အလွန်တင်းကြပ်သည်။ ဓမ္မဟောင်းကျမ်း၌ ဥပုသ်နေ့သည် အလွန်သန့်ရှင်းရာနေ့ဖြစ်သည်။

📖 – ဖတ်ရန် – ထွက်၊၂၀း၈–၁၁။

မာကု၊၂း၂၃–၂၈နှင့် နောက်ပိုင်းသည် ဥပုသ်နေ့ အကြောင်းဖြစ်ပါသည်။ ဂျူးလူမျိုးများက ယေရှု သည် ဥပုသ်နေ့ဆိုင်ရာ ပညတ်ချက်ဥပဒေကို ချိုးဖောက်သည်ဟု ထင်ကြသည်။

### ⊡ အဓိကအချက်

ယေရှုသည် ဥပုသ်နေ့၏အရှင်သခင်ဖြစ်သည်။ သူသည် ဘုရားသခင်၏ပညတ်တော်များကို နည်းလမ်းမှန်ကန်စွာ လိုက်ရှောက်ပါသည်။ သို့သော် ကျွန်ုပ်တို့အနေဖြင့် စောင့်ထိန်းကြပါသလား။

### ⊠ လုပ်ဆောင်ရန်

ဖာရိရှဲများက ယေရှုကို ဥပုသ်နေ့အကြောင်း မေးပါသည်။ သို့သော် ယေရှုက၊ သန့်ရှင်းသောမုန့် အကြောင်းကိုသာ ဖြေကြားပါသည်။ ဤအကြောင်းကို စဉ်းစားကြည့်ပါ။ ယေရှုက သူတို့ထင်သော အရာများ အားလုံးမှားယွင်းနေကြောင်းကို ထောက်ပြပါသည်။ သူတို့ထင်ထားသောဘုရား၏ပညတ်ချက်များနှင့်ပတ်သက်၍ မှားယွင်းချက်ကို ဖော်ပြပါ။

### ▲ မှတ်သားရန်

• မာကု၊၂း၂၄။ "ဖာရိရှဲများ" ပညတ်ချက်များကို တင်းကြပ်စွာ စောင့်ရှောက်သူများ ဖြစ်ပါသည်။ သူတို့သည် ဓမ္မဟောင်းကျမ်းမှ ပညတ်ချက်များကို စောင့်ရှောက်သည့်သာမက မိမိတို့ကိုယ်ပိုင်ပညတ်ချက်များစွာကိုလည်း ပြဋ္ဌာန်းကြသည်။ ပညတ်ချက်များအနက်တစ်ခုမှာ ဥပုသ်နေ့၌ အစေ့တစ်စေ့ကိုမျှ မကောက်ယူရပါ။ အကြောင်းမှာ ဥပုသ်နေ့၌အလုပ်မလုပ်ရဟု ဘုရားမိန့်မှာထားသောကြောင့်ဖြစ်ပါသည်။ အကယ်၍ အစေ့တစ်စေ့ကို ကောက်လျှင် အလုပ်လုပ်ရာ မြောက်ပါသည်။ သူတို့၏ပညတ်ချက်များမှာ ရယ်စရာဖြစ်လာပါသည်။

• မာကု၊၂း၂၅၊၂၆။ ယေရှုသည် ဓမ္မဟောင်းကျမ်း အသုံးပြုသောသူများကို သင်ကြားပေးပါသည်။ ဝတ်၊၂၄း၅–၉ တွင် ဘုရားက၊ ယဇ်ပုရောဟိတ်များသည် သန့်ရှင်းရာဌာနမှ ရှေ့တော်မုန့်ကို စားခွင့်ရှိသည်ဟု သင်ကြားပါသည်။ သို့သော် ၁ရာ၊ ၂၁း၁–၆ တွင် ဒါဝိဒ်နှင့် သူ့တပည့်များသည် အလွန်ဆာလောင်မွတ်သိပ်သဖြင့် ထိုသန့်ရှင်းသောမုန့်ကို ယူစားကြသည်။ သူတို့သည် ယဇ်ပုရောဟိတ်များ မဟုတ်ပါ။ သို့သော် အလွန်အမင်း လိုအပ်နေပါသည်။ ထို့ကြောင့် သူတို့ယူစားခြင်းကို ဘုရားသခင် နှစ်သက်သည်။

• မာကု၊၂း၂၈။ "လူသား" ယေရှုက မိမိကိုယ်ကို လူသားဟု မကြာခဏခေါ်လေ့ရှိသည်။ ဓမ္မဟောင်းကျမ်းထဲမှာ ဤအမည်ကိုအသုံးပြုထားပါသည်။ လူသားကဲ့သို့စွမ်းဆောင်နိုင်သည်ဟုဆိုလိုပါသည်။

ဓာတ်ပြောချက်၊ မာကု၊၂း၂၃-၂၈

## ဥပုသ်နေ့သည် လူသားအတွက်ဖြစ်သည်။

- ဖတ်ရန် - မာကု၊၂း၂၇။

တစ်ခါတစ်ရံ ပညတ်ချက်များကို ချိုးဖောက်ခြင်းမှာ ကောင်းပါသည်။ ဤပုံပြင်အကြောင်း ပြောပြပါ။

လူကလေးတစ်ယောက်သည် သေလုနီးပါး ဆာလောင်နေပါသည်။ သင် သူ့ကို တွေ့သော်လည်း သင်၌ အစားအစာမရှိပါ။ သင့်အိမ်နီးချင်း အိမ်မှာ အစားအစာရှိသည်။ သို့သော် သင့်အိမ်နီးချင်းက အိမ်မှာမရှိပါ။ သင်သည် မခိုးယူရပါ။ ထို့ကြောင့် ကလေးအသက်ဆုံးရှုံးရတော့မည်။

သင်မခိုးခဲ့သောကြောင့် သင်ဘုရားကို ကျေနပ်စေခဲ့လား။ မဟုတ်ပါ။ သင်လူကလေးကို သေဆုံးစေခဲ့ပါသည်။ အမှန်မှာ ထိုအစားအစာကို ယူခြင်းမှာ မှန်ကန်ပါသည်။ (နောက်မှပြန်ပေးလို့ရပါသည်)။ တစ်ခါတစ်ရံ ပညတ်ချက်များကို ချိုးဖောက်ရန် လိုအပ် ပါသည်။ ဒါဝိဒ်နှင့်ပတ်သက်သော ပုံပမာကို ပြောခြင်းဖြင့် ယေရှုထောက်ပြပါသည်။

ကျွန်ုပ်တို့အကောင်းဆုံး အသက်ရှင်ဖို့အတွက် ဤပညတ်ချက်များကို ဘုရားပေးခဲ့ပါသည်။ ဥပုသ်သည် လူသားအတွက်ဖြစ်ပါသည်။ ဘုရား၏ ပညတ်များသည် ကျွန်ုပ်တို့ကိုကူညီဖို့ဖြစ်သည်။ ထိခိုက်နစ်နာစေရန် မဟုတ်ပါ။ ပညတ်တော်များကို လိုက်ရှောက်ဖို့ ဘုရားအလိုရှိသည်။ အရေးကြီးပါသည်။ သို့သော် ဘုရားသည် သူ၏ပညတ်ချက်များကိုသာ ချစ်တာ မဟုတ်ပါ။ ကျွန်ုပ်တို့ကိုလည်း ချစ်ပါသည်။

ဘုရားသည် ကျွန်ုပ်တို့အတွက် အထောက်အကူပြုဖို့ ဥပုသ်နေ့ပညတ်ကိုပေးခဲ့သည်။ (၄-ခု မြောက်သော ပညတ်တော်ဖြစ်သည်)။ တစ်ရက်နားနေပြီး ဘုရားအကြောင်း ဆင်ခြင်စဉ်းစားခြင်းသည် အလွန်အရေးကြီးသည်။ ကျွန်ုပ်တို့ လုပ်နေကျ အလုပ်များမှ နားဖို့ရန် ဘုရားအလိုရှိခြင်းမှာ ကျွန်ုပ် အတွက် ကောင်းသောကြောင့်ဖြစ်ပါသည်။ ဥပုသ်သည် လူသားအတွက်ဖြစ်ပါသည်။

သို့သော်လည်း ဂျူးလူမျိုးများသည် ကျော ထက်၌လေးလံသော အိတ်ကိုသယ်ထားသောသူနှင့် တူနေပါသည်။ လမ်းလျှောက်ဖို့ ခက်ခဲပါသည်။ ထိုအိတ်ထဲ၌ သူစောင့် ရှောက်ရမည့်ပညတ်ချက် ငယ်များ အမြောက်အများရှိပါသည်။ ထိုသို့ အသက်ရှင်ရန် အလွန်ခက်ခဲပါသည်။ ဘုရားက ကျွန်ုပ် တို့ကို ထိုကဲ့သို့ အသက်မရှင်စေလိုပါ။ အစေ့ အဆွေ့ တစ်ခုကိုမျှ ဥပုသ်နေ့၌မကောက်ယူရဟု သူ၏ တပည့်တော်များကို ဘယ်တော့မှမပြောပါ။ (မဿဲ၊၁၁း၂၈-၃၀)။

## ယေရှုသည် ဥပုသ်နေ့၏အရှင်သခင်ဖြစ်သည်။

- ဖတ်ရန်- မာကု၊၂း၂၈။

ဂျူးလူမျိုးများက သူတို့သည် ဥပုသ်နေ့၏ အရှင်သခင်များဟု ကိုယ်ကိုထင်ကြသည်။ သူတို့သာလျှင် ဥပုသ်နေ့တွင် လူများဘာလုပ်ရမည်ကို ပြောခွင့်ရှိသည့်လူများ ဖြစ်သည်ဟုထင်သည်။ ယေရှုက ပြောပါသည်။ သင်တို့မှားနေပြီ။ ဘုရားရဲ့ပညတ်ချက်များကို မှားယွင်းစွာ နားလည်ထားကြတယ်။ ငါဟာ ဥပုသ်နေ့ရဲ့ အရှင်သခင်ဖြစ် တယ်။ ငါဟာ ဘုရားရဲ့ ပညတ်တော်များကို မှန်ကန်စွာ နားလည်ထားပါတယ်။ ငါ့အနေနဲ့ လူများကို ဘုရားပညတ်တော်များ ဘယ်လိုစောင့်ရှောက်ရမည်ကို ပြောပိုင်ခွင့်ရှိတယ်။

*ဘုရားပညတ်ချက်များကို ဂျူးလူမျိုး များကဲ့သို့ စောင့်ရှောက်ဖို့ရန် သင်ကြိုးစားနေသလား။ သင့်၌ လေးလံသော ကျောပိုးအိတ်ကဲ့သို့ များစွာသော ပညတ်ချက်ငယ်များ ရှိနေပါသည်။*

*(သို့မဟုတ်) ဘုရား၏ပညတ်တော်များကို ယေရှုကဲ့သို့ စောင့်ရှောက်မည်လား။ ဘုရားကို နာခံခြင်းသည် ဝမ်းမြောက်စရာဖြစ်ပါသည်။ အကြောင်းမှာ သူ၏ လမ်းတော်ကို သင်ချစ်သောကြောင့် ဖြစ်ပါသည်။*

[?] လေ့လာချက်၊ မာကု၊၃း၁-၆

# ၁၀ ယေရှုကို သတ်ချင်သောလူများ

## [■] နောက်ခံသမိုင်း

ဂျူးလူမျိုးအတော်များများ ယေရှုကို စတင်၍ မုန်းလာကြသည်။ ယေရှုက သူသည် ဆိုးသောသူများအတွက်ကြွလာခြင်းဖြစ်သည်။ 📖 – မာကု၊ ၂း၁၇

ယေရှုသည် သူတို့၏ဥပဒေများကို မလိုက်လျှောက်ပါ။ 📖 – မာကု၊၂း၁၈၊၂၃

သူတို့၏ဘာသာရေးနှင့်ဆိုင်သော ယုံကြည်ချက်များမှာ မှားယွင်းနေကြောင်း ယေရှုက ထောက်ပြခဲ့ပါသည်။ 📖 – မာကု၊၂း၁၉–၂၂၊ ၂၅၊၂၆

ထို့ထက်မက၊ ယေရှုက သူသည်၊ ဥပုသ်နေ့၏ အရှင်သခင်ဖြစ်ကြောင်း ရဲဝံ့စွာပြောပါသည်။ 📖 – မာကု၊ ၂း၂၈

ယခုမှာ ဂျူးလူမျိုးခေါင်းဆောင်များက ယေရှုကို စောင့်ကြည့်ကြပါသည်။ သူ့ကို အကျဉ်းအကြပ်ထဲ ရောက်စေချင်ကြပါသည်။ 📖 – မာကု၊ ၃း၁–၆

## [•] အဓိကအချက်

ကျွန်ုပ်တို့သည် ဘာသာရေးကို အလွန်ကိုင်းရှိုင်းကြသော်လည်း၊ ယေရှုကိုမူ မုန်းတီးတတ်ကြပါသည်။

## [★] လုပ်ဆောင်ရန်

ယနေ့ လူများသည် ယေရှုကို လူကောင်းဟု ထင်ကြပါသည်။ ထိုဂျူးလူမျိုးများကဲ့သို့ ယေရှုကို မမုန်းကြပါ။ ယနေ့ လူများသည် ယေရှုကို လျစ်လျူရှု၍ မိမိတို့အတွက်သာ အသက်ရှင် လျှောက်လှမ်းနေကြပါသည်။ ကျွန်ုပ်တို့ ယေရှုကို ထိုသို့ လျစ်လျူမရှုဖို့၊ ကျွန်ုပ်တို့လူများကို ထောက်ပြဖို့လို အပ်သည်။ ယေရှုကို အသေအချာ နားလည်ပါက သူ့ကို ချစ်မည်(သို့မဟုတ်) မုန်းမည်။ ကျွန်ုပ်တို့၏ ကယ်တင်ရှင်အဖြစ် ကြွလာခြင်းအတွက် ယေရှုကို ကျွန်ုပ်တို့ချစ်မည်ဖြစ်သည်။ (သို့မဟုတ်) ကျွန်ုပ်တို့ကို ဆိုးသောလူများဟု ထောက်ပြခြင်းကြောင့် သူ့ကို မုန်းကြမည်။

## [▲] မှတ်သားရန်

- မာကု၊၃း၁။ "လက်သေသောသူ" သူ၏ လက်မှာ မလှုပ်ရှားနိုင်ပါ။

- မာကု၊၃း၂။ ဂျူးများ၏ပညတ်ချက်မှာ၊ ဥပုသ်နေ့တွင် အနာရောဂါကို မငြိမ်းစေရဟု ဆိုသည်။ ထိုအရာ ဘာကြောင့် မှားသည်ကို ယေရှုထောက်ပြခဲ့ပါသည်။

- မာကု၊၃း၆။ "ဟေရုဒ်အပေါင်းအပါများ" ဤလူများသည် ဟေရုဒ်မင်းနှင့် ရောမအစိုးရ၏ မိတ်ဆွေများ ဖြစ်ပါသည်။ ဖာရိရှဲများက ဟေရုဒ်အပေါင်းအပါတို့ကို မုန်းပါသည်။ ယခုမှာ ယေရှုကို သတ်ဖို့ သူတို့ပူးပေါင်းကြပါသည်။

## ⇥ ဟောပြောချက်၊ မာကု၊၃း၁-၆

### မာကျောသောနှလုံးသား

📖 - ဖတ်ရန် - မာကု၊၃း၅။

• မာကု၊၃း၁-၆ တွင် သူတို့၏နှလုံးသားများမှာ မာကျော၍ ခက်ထန်ကြသည်ဟု မည်သည့်အချက်က ဖော်ပြထားပါသလဲ။ (မာကျောသော နှလုံးသား ဆိုသည်မှာ အမှန်တရားကို လက်မခံနိုင်ခြင်း၊ မပြောင်းလဲနိုင်ခြင်းဖြစ်သည်)။ မာကျောသော နှလုံးသားမှာ ဘာနဲ့တူသလဲဆိုတာကိုပြဖို့ ပုံဆောင်စကားကို စဉ်းစားပါ။

ယေရှုဘယ်လောက် ကောင်းမြတ်ကြောင်းနှင့် ဂျူးခေါင်းဆောင်များ ဘယ်လောက် ရက်စက်ကြမ်းကြုတ်ကြောင်းကို ထောက်ပြရန် ပုံသာဓကကို ပြောပြပါ။ သူတို့သည် လူနာအတွက် လုံးဝမစဉ်းစားပါ။ ယေရှုက ထိုလူနာကို ဂရုစိုက်သောကြောင့် သူတို့က ယေရှုကို မုန်းကြပါသည်။

မာကု၊၃း၄ တွင် ယေရှုသည် အလွန်လွယ်ကူသော မေးခွန်းတစ်ခုကို မေးမြန်းခဲ့ပါသည်။ သူတို့ ဘာကြောင့် ပြန်မဖြေချင်ကြောင်းကို ကျွန်ုပ်တို့သိပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏နှလုံးသားများမှာ မာကျောသောကြောင့်ဖြစ်သည်။ ယေရှု ကောင်းတာလုပ်ခြင်းကို သူတို့မလိုချင်ပါ။ သူတို့၏ ပညတ်ချက်များကို ယေရှုလိုက်နာဖို့ကိုသာ လိုချင်ကြပါသည်။

≫ *သင်၏နှလုံးသား မာကျောနေပါသလား။(အောက်ပါ ဥပမာအကြောင်းကို စဉ်းစားကြည့်ပါ)*

≫ *သင်သည် ကျမ်းစကားကို နားမထောင်ဘဲလျက် မိမိအလိုဆန္ဒအတိုင်းသာ လုပ်ဆောင်နေပါသလား။ သင်သည် လူများကို ယေရှုအကြောင်း ပြောပြပြီး၊ တစ်ခါမှ မကူညီခဲ့ဘူးလား။ တစ်စုံတစ်ယောက်က သင်လုပ်တာ မှားတယ်ဟု ပြောသောအခါ သင်စိတ်ဆိုးပါသလား။*

### လူကိုသတ်သောဘာသာရေးခေါင်းဆောင်များ

📖 - ဖတ်ရန် - မာကု၊၃း၆။

ဂျူးလူမျိုးများသည် ဘာသာရေးနှင့်ပတ်သက်၍ အလွန်စည်းကမ်းတင်းကြပ်သည်။ လူတိုင်းက ဂျူးလူမျိုးများသည် လူကောင်းများဖြစ်၍ ကောင်းကင်သို့သွားရမည့်သူများဟု ယူဆထားကြသည်။ ထို ဘာသာရေးခေါင်းဆောင်များက လူကောင်းတစ်ဦးကို မုန်းတီးခြင်းမှာ ဖြစ်နိုင်သည်ဟု ထင်စရာရှိသည်။ သူတို့သည် ယေရှုကို အလွန်မုန်းတီးခြင်းကြောင့် သတ်ဖို့အထိ ကြိုးစားခဲ့ခြင်းဖြစ်သည်။ နောက်ဆုံးတွင် ဘာသာရေးခေါင်းဆောင်များက ယေရှုကို ကားတိုင်ပေါ်တင်သတ်ခဲ့ပါသည်။ ဘာကြောင့် သတ်ချင်ရသနည်း။ အကြောင်းမှာ လူနာကို ဥပုသ်နေ့မှာ အနာငြိမ်းစေသောကြောင့်ဖြစ်သည်၊ ယေရှုက သူတို့၏ပညတ်ချက်ကို ချိုးဖောက်သည်။ သူတို့၏ ဘာသာရေးနှင့်ဆိုင်သော ယူဆချက်များ အလွန်မှားယွင်းကြောင်း ကျွန်ုပ်တို့ တွေ့မြင်နိုင်ပါသည်။

≫ *ပညတ်ချက်များအပေါ်၌သာ အခြေပြုသော ဘာသာရေးမှာ အလွန်အန္တရာယ်ရှိသည်။ ပညတ်ချက်များကို အခြေပြု၍ဘာသာရေးကျင့်ထုံးများအတိုင်း ခရစ်ယာန်များဟု ခေါ်ခြင်းမှာ မှားယွင်းပါသည်။ ပညတ်ချက်များကို မလိုက်နာသောခရစ်ယာန်များကို အမြင်မရှင်းခြင်းမှာ မှားပါသည်။*

≫ *သင်ယေရှုကိုချစ်ပါသလား(သို့) ပညတ်ချက်များကိုသာ ချစ်ပါသလား။ သင်ကောင်းတာကိုလုပ်ချင်သလား(သို့) ပညတ်ချက်များကိုဘဲ လိုက်နာဖို့ အလေးထားမိပါသလား။ ယေရှု သင့်ကိုကြည့်သောအခါ(မာကု၊ ၃း၅)နဲ့တူပါသလား။ သင့်ကိုခွင့်လွှတ် ဖို့နှင့် သိမ်မွေ့နူးညံ့သောနှလုံးသားကို ပေးဖို့ ယေရှုကို တောင်းလျှောက်ပါ။*

[?] လေ့လာချက်၊ မာကု၃း၇-၁၉

# ၁၁ ယေရှု တပည့်တော်(၁၂)ပါးကို ခေါ်ယူခြင်း

## ■ နောက်ခံသမိုင်း

ဂျူးလူမျိုးများစွာက၊ ယေရှုကို အလိုမရှိကြောင်း ကျွန်ုပ်တို့ တွေ့ရပါသည်။ ယေရှုကို မေရှိယအဖြစ် သူတို့ကြိုဆိုသင့်ပါသည်။ သို့သော် ယေရှုက သူတို့၏ပညတ်ချက်များကို မလိုက်နာသောကြောင့် သူတို့ မုန်းတီးကြပါသည်။ ထို့ကြောင့် ယေရှုက သူတို့ထံမှ ရှောင်ရှားခဲ့ပါသည်။ 📖 - မာကု၃း၇။

ယေရှုက သူ၏သီးသန့်လူများအဖြစ် တပည့်တော်(၁၂)ပါးကို ခေါ်ယူခဲ့သည်။ ဂျူးလူမျိုးအများစုသည် ဓမ္မဟောင်းကာလမှ ဣသရေလလူမျိုးများကဲ့သို့ပင် ယုံကြည်ခြင်းမရှိပါ။ သူတို့က ယေရှုကို အလိုမရှိကြသောကြောင့် ယေရှုက သူ့နောက်တော်ကိုလိုက်ဖို့ ဣသရေလလူမျိုးသစ်ကို ခေါ်ဖိတ်ခြင်းဖြစ်သည်(📖- မာကု၃း၁၃)။ (၁၂)ဂဏန်းကိုသတိပြုပါ။ ဣသရေလမျိုးနွယ်(၁၂)နွယ်ရှိသကဲ့သို့ တပည့်တော် (၁၂)ပါးရှိပါသည်။

| ဂျူးအများစု | တပည့်တော်(၁၂)ပါး |
|---|---|
| ဘာသာရေးအလွန်ကိုင်းရှိုင်း | ယေရှု၏ဣသရေလလူမျိုးသစ် |
| ဣသရေလလူမျိုးကဲ့သို့ | ဘုရားသခင်၏မိသားစုဝင်အသစ် |
| ယေရှုကိုအလိုမရှိကြ | ယေရှုနောက်သို့လိုက်သည် |

ယခုအချိန်မှစ၍ ယေရှုသည် သူ၏တပည့်တော်များကို သင်ကြားပေးဖို့ အလွန်ဂရုပြုပါသည်။ လူထုကြီးကိုလည်း ဟောကြားနေဆဲဖြစ်ပါသည်။ သို့သော် ယေရှုက ထိုတပည့်တော်(၁၂)ပါးကို ပို၍ သင်ကြားပေးလိုပါသည်။

## ⊙ အဓိကအချက်

တပည့်တော်(၁၂)ပါးကို ယေရှုဖိတ်ခေါ်သည်။ မိမိအလိုရှိသောသူကို ရွေးနှုတ်ပြီး၊ ဘုရားသခင်၏မိသားစုဝင်ဖြစ်စေသည်။

## ★ လုပ်ဆောင်ရန်

လူအချို့က ယေရှုကို ရွေးရမည်ဟု ပြောပြပါသည်။ တစ်ချို့တစ်ဝက် မှန်ကန်နေပါသည်။ မည်သို့ဆိုစေ သမ္မာကျမ်းထဲမှ တွေ့ရှိရသည့်အတိုင်း ယေရှုသည် ပထမဦးစွာ ရွေးနှုတ်ကြောင်း တွေ့ရသည် (ယော၊၁၅း၁၆)။ ရှင်မာကု၊၃ ၌ လူထုသည် ယေရှုကို မှားယွင်းစွာ ရွေးခဲ့ကြသည်။ မကြာမီ ယေရှုထံတော်ပါးမှ ထွက်ခွာသွားကြသည်။ ယေရှုရွေးနှုတ်သော တပည့်တော်များသည် ယေရှုနှင့်အတူ နေကြသည်။

## ▲ မှတ်သားရန်

- မာကု၊၃း၁၂။ နတ်ဆိုးများမှ ယေရှုသည် မည်သူဖြစ်ကြောင်း ပြောပြရန် ယေရှု အလိုမရှိပါ။ မိမိကိုယ်ကိုလည်း ဘုရားသခင်၏သားတော်ဟု မပြောပြခဲ့ချေ။ လူများ အမှန်အတိုင်းသိမြင်စေလိုသည်။

မာကု၊၃း၁၄။ "တမန်တော်များ" ယေရှု၏အစီအမံ၌ ဤ(၁၂)ပါးသည် အထူးနေရာရရှိထားသူများဖြစ်ကြသည်။ အသင်းတော်၏အခြေခံအုတ်မြစ်ကျောက်များဖြစ်သည်။ ဤလူတို့အား အထူးတန်ခိုးတော်ကို ယေရှုပေးအပ်ခဲ့သည်။ (နတ်ဆိုးနှင်ထုတ်ခြင်းစသည်ဖြင့်)။ တမန်တော်များအကြောင်း ဟောကြားသွန်သင်သည့်အခါ ကျွန်ုပ်တို့၌ သတိပြုရပါမည်။ ထိုသူတို့နည်းတူ ကျွန်ုပ်တို့၌လည်း ထပ်တူထပ်မျှ လုပ်ရမည်ဟု မထင်ရပါ။

## ဟောပြောချက်၊ မာကု၊၁း၇-၁၉
## လူထုကြီးက ယေရှုနောက်သို့လိုက်ခြင်း

- ဖတ်ရန် - မာကု၊၁း၇-၁၂။

သင်လူထုကြီးနောက်လိုက်သလား။ သင်သည် နာမည်ကျော် အဟောအပြောကောင်းသူ(သို့) လူပြည့်ကြပ်နေသော ဘုရားကျောင်းကို နှစ်သက်ပါသလား။ ဒါဟာ မှားယွင်းတယ်လို့မဆိုလိုပါ။ သို့သော် ယေရှု နောက်လိုက်ခြင်းသည် လူထုကြီးနောက် လိုက်ခြင်းထက် ပို၍ အဓိပ္ပါယ်ရှိပါသည်။

ယေရှုသည် နာမည်ကျော်ပါသည်။ သူဘယ်သွားသွား လူထုကြီးက လိုက်ပါသည်။ သူတို့သည် ယေရှုနှင့်ပတ်သက်၍ စိတ်လှုပ်ရှားကြသည်။ ယေရှုက သူတို့အနာရောဂါကို ကုသပေးဖို့အလိုရှိသည်။ မာကု၁း၇ တွင် ယေရှုသည် သူ့ကိုမုန်းသော ဂျူးလူမျိုးများကို ချန်ထားခဲ့ပါသည်။ သို့သော် များစွာသော သာမန်ဂျူးများသည် ယေရှုအနီးတွင် ရှိနေကြခဲ့ဖြစ်သည်။

ယေရှုက နာမည်ကြီးဖို့ မလိုချင်ပါ။ လူများက သူ့ကို မှားယွင်းစွာထင်မြင်ပြီး အလိုရှိကြောင်း ယေရှု သိပါသည်။ ထို့ကြောင့် ယေရှုကို ဥပေက္ခာပြုခဲ့ကြပါသည်။ အကြောင်းမှာ၊ ယေရှု သွန်သင်ချက်များကို သူတို့ မနှစ်သက်ပါ။ နောက်ဆုံးသူတို့သည် ယေရှုကို ကားတိုင်ပေါ် တင်သတ်ရန် ဟစ်ကြော်ခဲ့ကြပါသည်။

*မှန်ကန်သောအကြောင်းပြချက်အတွက် သင်ယေရှုနောက်လိုက်ခြင်းလား(သို့မဟုတ်) လူထုကြီးနောက်ကို သာလိုက်နေခြင်းလား။ (ယေရှုနောက်လိုက်ဖို့ မှန်ကန်သောအကျိုးအကြောင်းကို ပို၍ပြောပြပါ)။*

## ယေရှု (၁၂)ပါးကိုရွေးချယ်ခြင်း

- ဖတ်ရန် - မာကု၊၃း၁၃-၁၉။

ယေရှုသည် သီးသန့်လူ(၁၂)ဦးကိုရွေးချယ်ဖို့၊ လူထုကြီးကို ချန်ခဲ့ခြင်းဖြစ်ပါသည်။ ယေရှုက လူထုကြီးသည် မကြာခင် သူ့ကို စွန့်ပစ်မည်ကို သိပြီးဖြစ်ပါသည်။ ယေရှုက သူ့အနားမှာနေဖို့ရန် လူကို အလိုရှိပါသည်။ သူ့ကို အမှန်တကယ် ယုံကြည်သော သူများဖြစ်ဖို့ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။ သူက ဘုရားအလိုရှိသော စံညွှန်းနှင့်တူသောသူများဖြစ်ရန်၊ သင်ကြားပြသပေးမည်ဖြစ်သည်။ ယေရှုက သူတို့ကို၊ ပညတ်ချက်များနှင့်သာ အသက်ရှင်သော ဂျူးလူမျိုးများနှင့်မတူစေလိုပါ။ သူတို့ ဘုရားသခင်ကိုချစ်မြတ်နိုးရန် နှလုံးသားအသစ်ကိုပေးမည် (ဣသရေလလူဟောင်းနှင့် လူသစ်များအကြောင်းကို သင့်လူများနားလည်ဖို့ အထောက်အကူဖြင့် ရှင်းပြပါ)။

ယေရှုက သူ၏လုပ်ငန်းတော်ကို လုပ်ဆောင်ဖို့ ရွေးတော်သော ထိုသူ(၁၂)ဦးသည် သူ၏တပည့်တော်များဖြစ်ကြသည်။ သူတို့သည် ယေရှု၏ မိသားစုဝင်အသစ်များဖြစ်သည်။ ယေရှုသည် ဘယ်လိုလူမျိုးအမျိုးအစားကိုရွေးချယ်ပါသနည်း။

လူအချို့ကို ဤနှစ်ဝိုဖြင့်ဖူးပါသည်။ သူတို့ သည် အလွန်ကောင်းသောသူများမဟုတ်။ ဘာသာရေးဆိုင်ရာ စည်းကမ်းတင်းကြပ်မှုများလဲမရှိ။ လူတော်များလည်းမဟုတ်ပါ။ သာမန် လူတန်းစားသာဖြစ်ပါသည်။ အချို့မှာ တံငါသည်(ယာကုပ်၊ ယောဟန်၊ ရှိမုန်နှင့်အန္ဒြေ)၊တစ်ဦးမှာ အခွန်ခံမသာဖြစ်သည်။ အစ၌ သင်ကြားပေးရန် ခက်ခဲမှုများစွာ ရှိနိုင်သည်။ ယေရှုက သူတို့ကိုပြောင်းလဲစေပါသည်။ သူတို့သည် ယေရှုအလိုရှိသောသူများဖြစ်ကြပါသည်။ ထို့ပြင် သူတို့သည် ယေရှု ဖိတ်ခေါ်သောအခါ နောက်တော်သို့ လိုက်လာကြသောသူများဖြစ်ကြပါသည်(မာကု၊၃း၁၃)။

*ယေရှုသည် သူအလိုရှိသောသူများကို ဖိတ်ခေါ်နေဆဲဖြစ်ပါသည်။ သူ ဤနှစ်ဝိုကို ရွေးချယ်ပါသည်။ ကနဦးခေတ် တပည့်တော်များနည်းတူဖြစ်ဖို့ရန် မဟုတ်သော်လည်း၊ သူ့နောက်လိုက်ဖို့ဖြစ်သည်။ လူတန်းစား အလွှာပေါင်းစုံမှ လူများကို ဖိတ်ခေါ်လျက်ရှိနေပါသည်။ (ဥပမာ အချို့ပေးပါ) ယေရှု သင့်ကို အလိုရှိ၍ ဖိတ်ခေါ်ခြင်းကို ချီးမွမ်းပါ။ ယေရှု ခေါ်သံကို ကြား၍ နောက်သို့လိုက်ရခြင်းအတွက် ဘုရားသခင်ကို ချီးမွမ်းပါ (ယောဟန်၊၁၀း၂၇၊၂၈)။*

လေ့လာချက်၊ မာကု၊၃း၂၀-၃၅

# ၁၂ ယေရှု၏မိသားစုဝင် အစစ်အမှန်များ

## နောက်ခံသမိုင်း

ဂျူးလူမျိုးအများစုက ယေရှုကို မုန်းတီးကြသည်။ ယေရှုသည် ဣသရေလလူဟောင်းများမှ ထွက်၍ သူ၏ဣသရေလလူသစ်များဖြစ်ဖို့ တပည့်တော်များကို ရွေးချယ်ပါသည်။ - မာကု၊၃း၁၃-၁၉။

ယခု အုပ်စု(၂)စု ရှိပါသည်။ ယေရှုကို မယုံကြည်သူများအုပ်စုနှင့် ယေရှုနောက်သို့လိုက်သူများအုပ်စုတို့ဖြစ်ပါသည်။

- မာကု၊၃း၂၀-၃၅တွင် ယေရှု၏ မိသားစုဝင်များ နှင့် ကျွန်ုပ်တို့ သက်ဆိုင်ကြောင်း တွေ့ရှိရပါသည်။

## အဓိကအချက်

အချို့လူများက ယေရှုကိုမုန်းတီး၍ သူ့ကို ယုံကြည်ဖို့ ငြင်းဆန်ကြပါသည်။ ယေရှု၏မိသားစုဝင်အသစ်များက ယေရှုမိန့်မှာသမျှကို လိုက်လျှောက်ပါသည်။

## လုပ်ဆောင်ရန်

ကြားနေအဖွဲ့ဟူ၍ မရှိပါ။ ကျွန်ုပ်တို့ လူများစွာသည် ထိုကြားနေအဖွဲ့တွင် ရှိချင်ကြပါသည်။ ယေရှုကိုလည်းမမုန်း၊ ယေရှုနောက်ကိုလည်း မလိုက်လိုပါ။ အကယ်၍ သူတို့သည် ယေရှုအတွက်မဟုတ်လျှင် ယေရှုကို ဆန့်ကျင်နေသူများသာ ဖြစ်ပါသည်။ ထိုအရာကို သူတို့မြင်ဖို့ ထောက်ပြပါ။ အကယ်၍ ယေရှုမိန့်မှာချက်များကို သူတို့မလုပ်ဆောင်လျှင် ယေရှု၏ မိသားစုဝင်အသစ်များ မဖြစ်နိုင်ကြပါ။

## မှတ်သားရန်

- မာကု၊၃း၂၃။ "ပုံဥပမာများ" အခြားသော အဓိပ္ပါယ်ရှိသည့် ရုပ်ပုံများ(သို့)ပုံပြင်များ။ မာကု၊၄း၁-၂၀ ကိုကြည့်ပါ။

- မာကု၊၃း၂၅။ "အိမ်ထောင်" ယေရှုက မိသားစုအလိုက် လူများနေသောအိမ်ကို ဆိုလိုပါသည်။

- မာကု၊၃း၂၈-၃၀။ လူအတော်များများမှာ အပြစ်လွှတ်ခြင်းမရနိုင်သော ဒုစရိုက်များကို ပြုမိခြင်း ကြောင့် ကြောက်ရွံ့တတ်ကြပါသည်။ မာကု၊၃း၂၈ တွင် အလွန်ရှင်းပါသည်။ အပြစ်များအားလုံးမှ လွတ်မြောက်နိုင်ပါသည်။ ယေရှုနှင့်ပတ်သက်၍ မကောင်း ပြောမိသော်လည်း ပြောမိပါလိမ့်မည်။ ကျွန်ုပ်တို့ အပြစ်ကိုလွှတ်ဖို့ ဘုရားကို တောင်းလျှောက်နိုင်ပါသည်။ "ဘုရားကို ပုန်ကန်ခြင်း" ဖြစ်သော သန့်ရှင်းသောဝိညာဉ်တော်ကို ဆန့်ကျင်ခြင်း အပြစ်မှာခြားနားပါသည်။ မာကု၊၃ တွင် လူများက ယေရှုကို ငြင်းဆန်ကြပါသည်။ ယေရှုက အံ့ဩဖွယ် အရာများကို ပြုလုပ်သောကြောင့် သူ့တွင် နတ်ဆိုးစွဲနေသည်ဟု ပြောကြပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်က၊ ယေရှု မည်သူဖြစ်ကြောင်းကို ဖော်ပြလျက်ပင် ယေရှုကို ကျွန်ုပ်တို့မုန်းတီးကြပါက ကျွန်ုပ်တို့၏အပြစ်များမလွှတ်နိုင်ပါ။ ယေရှုကို ချစ်၍ သင်၏အပြစ်ကို လွှတ်စေလိုလျှင် ထိုဒုစရိုက် အပြစ်များကို သင်မလုပ်ရပါ။

## ➡ ဟောပြောချက်၊ မာကု၊၃း၂၀-၃၅

### ယေရှုကို မုန်းသောသူများ

📖 - ဖတ်ရန် - မာကု၊၃း၂၂-၃၀။

အချို့လူများ ယေရှုကို အလွန်မုန်းတီးခြင်းကို သင် အံ့ဩမိပါသလား။ ယေရှု အကောင်းချည်း လုပ်နေရက်နဲ့ သူ့ကိုလူများ ဘာကြောင့် မုန်းတီးကြပါသလဲ။

မာကု၊၃း၂၂တွင် ဂျူးများသည် အရေးကြီး သော ခေါင်းဆောင်များဖြစ်ကြသည်။ လူများက သူတို့စကားကို နားထောင်ကြသည်။ ယေရှု အကြောင်း ပြောသမျှသည် မတရားပြောနေခြင်းဖြစ်သည်။ သူတို့ ယေရှုကို ဘာကြောင့် အလွန်မုန်းတီးကြောင်း သင်နားလည်နိုင်သလား။

သူတို့ ပြောသောအရာများသည် ဆိုးသော အရာများသာဖြစ်သည်။ 📖 - မာကု၊၃း၂၃-၂၇။ ယေရှုသည် နတ်ဆိုးအတွက် အလုပ်လုပ်နေ ခြင်းမဟုတ်ပါ။ အကယ်၍ သူသည် နတ်ဆိုးအတွက် အလုပ်လုပ်နေပါက နတ်ဆိုးများကို မနှင်ထုတ်နိုင်ပါ။

⊞ *ဤအရာကိုရှင်းလင်းရန် ရုပ်ပုံကားချပ်များ အသုံးပြုသည်။*

သူတို့ပြောသောအရာများမှာ အလွန် ဆိုးရွားလှသောအရာများဖြစ်ကြောင်း သတိ ပေးပါသည်။ 📖 - မာကု၊ ၃း၂၈-၃၀။

ဂျူးလူမျိုးခေါင်းဆောင်များက သူတို့သည် ကောင်းကင်နိုင်ငံသို့ သွားရမည်ဟု ထင်ပါသည်။ သူတို့က သူတို့၏အမည်စာရင်းထိပ်ဆုံးတွင် ပါသည် ဟု ထင်ကြသည်။ သို့သော် ယေရှုကို မုန်းတီးသော သူ တစ်စုံတစ်ယောက်မျှ ဘုရားအပြစ်လွှတ်ခြင်းကို မရနိုင်ပါ။

*(ယေရှုဆိုလိုသော အပြစ်လွှတ်ခြင်းမရနိုင်သော အပြစ်များအကြောင်းကို ရှင်းပြပါ။)*

### ယေရှုကိုချစ်သောသူများ

📖 - ဖတ်ရန် - မာကု၊၃း၂၀-၂၁၊၃၁-၃၅။

ယေရှု၏ မိသားစုဝင်များအားလုံး ယေရှုကို မချစ်ကြပါ။ 📖 - မာကု၊၃း၂၀-၂၁။ သူတို့က ယေရှုကို ရူးနေသည်ဟုပြောပါသည်။ ယေရှု၏ လုပ်ဆောင်ချက်များကို ရပ်တန့်ပစ်ဖို့ပြောခဲ့ပါသည်။ ယေရှု ဤမျှလောက် ဂရုတစိုက်နှင့် ခက်ခက်ခဲခဲ လုပ်ဆောင်သင့်သည်ဟု မထင်ကြပါ။

⊠ *ယေရှုကဲ့သို့ သင်ဂရုတစိုက်ရှိရဲ့လား။ သို့မဟုတ် ဘာသာတရားကို တော်ရုံလုပ်ရင်လုံလောက်ပြီဟု ထင်နေပါသလား။ ယေရှုနောက်သို့လိုက်ခြင်းက သင့် အသက်တာကို အောင်မြင်စေနိုင်သည်ဟု သင်ထင်မိ ပါသလား။ သေချာစွာစဉ်းစားပါ။ ယေရှုကို သင် တကယ်ချစ်ပါသလား။*

ယေရှု၏မိသားစုဝင် အစစ်အမှန်များသည် ယေရှုပြောသည့်အတိုင်း လုပ်ဆောင်နေကြပါသည်။ 📖 - မာကု၊၃း၃၁-၃၃။ ယေရှုသည် သူ၏ မိခင်နှင့်အစ်ကိုများကို ချက်ချင်းသွားမတွေ့ပါ။ ဤအရာသည် လူများအမှန်တကယ် ထိတ်လန့်စရာ ဖြစ်ပါသည်။ သို့သော်၊ ယေရှုက၊ သူ၏မိသားစုဝင် အစစ်အမှန်များသည် သူနှင့်အတူ ရှိနေသောသူများ ဖြစ်သည်ဟု ပြောပါသည်။ ထိုသူများမှာ သူပြောတဲ့ စကားကို နားထောင်တဲ့လူတွေဖြစ်ပါသည်။ ဘုရား အလိုတော်ကို ဆောင်သောသူများလည်းဖြစ်သည်။

⊠ *ယေရှု၏ ညီအစ်ကိုမောင်နှမအရင်းများကဲ့သို့ ကျွန်ုပ်တို့ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ယေရှုကိုသူတို့ ထိန်းချုပ်ချင်ကြပါသည်။ သူ့ကို အောက်မကျို့ချင်ကြ ပါ။ စစ်မှန်သောခရစ်ယာန် မည်သည် ယေရှု သွန်သင် ခြင်းကို နာခံသောသူများသာဖြစ်ပါသည်။*

*(မဿဲ၊၇း၂၄-၂၇ မှယေရှု၏ပုံသာဓကများကို ပြောပြပါ။) သင်သည် ဘုရားသခင်၏မိသားစုဝင် အစစ်အမှန် ဟုတ်ပါသလား။*

# ၁၃ နားထောင်ပါ။

ဤကဏ္ဍသည် အကြောင်းအရာ(၂)ခုကို ပြောထားပါသည်။ ပထမ၊ ယေရှု ဘာကြောင့် ပုံဥပမာများကို အသုံးပြုသနည်း။ ဒုတိယ၊ မျိုးကြဲသူပုံပမာအကြောင်းဖြစ်ပါသည်။

## နောက်ခံသမိုင်း

ယေရှုနှင့် သူ၏သွန်သင်ချက်များသည် လူများကို အုပ်စု(၂)စုကွဲစေပါသည်။

ယေရှုထံမှထွက်ခွာသွားသောသူများ

ယေရှုကိုယုံကြည်သောသူများ

ယခုအချိန်မှစ၍ ယေရှုသည် ဒုတိယအုပ်စုနှင့် သာအချိန်ပေး၍ နေခဲ့ပါသည်။ သူ၏တပည့်တော်များနှင့် သူ့စကားနားထောင်သောသူများကိုသာ သွန်သင်ခဲ့ပါသည်။

ယေရှု၏ပုံဥပမာများကလည်း လူထုကြီးကို (၂)ဖွဲ့ကွဲစေပါသည်။ 📖 - မာကု၊ ၄း၁-၂၀။

## အဓိကအချက်

နားရှိသောသူမည်သည်ကား ကြားပါစေ။

📖 - မာကု၊ ၄း၉။

(သင်ကျမ်းစာကို သင်ကြားသောအခါ၊ သင်၏သော့ချက်ကို ဖွင့်ရန် မာကု၊ ၄း၉ကို သတိပြုပါ)။ ဤပုံဥပမာသည် ကျွန်ုပ်တို့ ဘုရားစကားကို ဘယ်လို နားထောင်သလဲဆိုသည့်အကြောင်းဖြစ်သည်။ ပုံပမာအဆုံး၌ ယေရှုက ကျွန်ုပ်တို့ ဘယ်လို သေသေချာချာနားထောင်ရမည်ကို ပြောပါသည်။)

## လုပ်ဆောင်ရန်

မာကု၊ ၄း၁၊ ၁၂တွင် ယေရှု ဘာပြောသည်ကို သေချာစွာ ဂရုစိုက်နားထောင်ပါ။ (နောက်စာမျက်နှာတွင် ဤအရာကို ရှင်းထားပါသည်။) ကျွန်ုပ်တို့အတွက် ခက်ခဲသယောင် ဖြစ်ကောင်းဖြစ်မည်။ ယေရှုပြောသောအရာများကို မငြင်းပယ်ရပါ။ တံခါးမပိတ်ပစ်ရပါ။ ကျွန်ုပ်တို့ ပြောလိုသောစကားများကိုပြောဖို့၊ နှုတ်ကပတ်တော်ကို မပြောင်းပစ်ရပါ။ ဘုရားက သင့်ကို ဟောပြောသူဖြစ်စေလျှင် ကျမ်းစာအတိုင်း သင်ကြားရမည်။

## မှတ်သားရန်

- "ပုံဥပမာများ" 📖 - မာကု၊ ၄း၂။ ဘုရားသခင်နှင့် ဘုရားသခင်၏နိုင်ငံတော်အကြောင်း သင်ကြားသော ပုံပမာများဖြစ်ပါသည်။ တစ်ခါတစ်ရံ လူများသည် အမှန်တရားကို တိုက်ရိုက်နည်းဖြင့် ပြောခြင်းကို နားထောင်ဖို့ အဆင်သင့်မရှိကြပါ။ ထို့ကြောင့် လူများ စဉ်းစားနိုင်အောင် ယေရှုက ပုံပမာများဖြင့် ပြောခြင်းဖြစ်ပါသည်။ ယေရှု၏ပုံဥပမာများမှာ မကြာခဏ လူတို့၏အပြစ်ကို ဖော်ပြပါသည်။ ယေရှု၏ပုံဥပမာများသည် လူများကို(၂)ဖွဲ့ကွဲစေပါသည်။ နားထောင်လိုသောသူများနှင့် နားမထောင်လိုသောသူများဖြစ်ပါသည်။ ပုံဥပမာများသည် ရေစစ်နဲ့တူပါသည်။ ကောင်းသောအရာများကို မကောင်းသောအရာများထဲက ခွဲထုတ်ပေးပါသည်။

## ဟောပြောချက်၊ မာကု၊၄း၁-၂၀(၁)

### နားထောင်သူများအတွက်

- ဖတ်ရန် - မာကု၊၄း၁-၃၊၉။

အခန်းတွင်း ပြည့်ကြပ်နေသော လူထုကြီးသည် ယေရှုစကားကို နားထောင်နေကြပါသည်။ သူတို့အားလုံး အမှန်ကို မြင်နိုင်သောနားများ မရှိကြပါ။

• ကျွန်ုပ်၌ မည်သည့်နားမျိုးရှိရန် ယေရှု အလိုရှိသနည်း။

*ဘုရားကျောင်းတက်သော လူစုထဲတွင် ကျွန်ုပ်တို့ပါနိုင်သည်။ သမ္မာကျမ်းနှင့်ဟောပြောချက်ကို နားထောင်နိုင်သည်။ ဤဟောပြောချက်ကောင်းသည်ဟုပင် ဆိုတတ်ပါသည်။ သို့သော် နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အထဲသို့ဝင်ရောက်၍ အသက်တာကို ပြောင်းလဲပေးမှသာ ကြားတတ်သောနားများရှိသည်ဟု ဆိုနိုင်မှာဖြစ်ပါသည်။*

ယေရှုပြောသော မြေဆီလွှာအကြောင်းမှာသူတို့ကို ရည်ညွှန်းကြောင်း လူထုကြီးကသိသည်။ မာကု၊ ၄း၉ တွင် ယေရှုက "ထို့ကြောင့် သင်တို့ ဘာလုပ်ကြမလဲ"ဟု ပြောပါသည်။ ပုံဥပမာက သူတို့အကြောင်း အမှန်တရားကိုပြောပါသည်။ သူတို့ဂရုပြု၍ မှတ်သားမလား။ ကျွန်ုပ်တို့ ဂရုပြု၍ မှတ်သားမလား။

(*ဤအရာမှာ အရေးကြီးသည်။ လူများကို အထောက်အကူပြုဖို့ ရုပ်ပုံကားချပ်များကိုရှာထားပါ။ ဤဥပမာက အထောက်အကူ ပြုနိုင်ပါသည်။*) သင် ဘောလုံးပွဲကို ကြည့်နေသည်ဆိုပါစို့။ သင် ဘောလုံးပွဲကို နှစ်သက်ပါသည်။ သင့်ဖက်က ဂိုးသွင်းလျှင် သင် အားပေးသည်။ ပြီးလျှင် ထိုဘောလုံးပွဲအကြောင်းကိုဘဲ ပြောနေမည်။ သို့သော် ဘောလုံးပွဲက သင့်ကို မပြောင်းလဲနိုင်ပါ။ သင်ဘုရား ကျောင်းတက်သည်။ အစည်းအဝေးတက်သည်။ သီချင်းဆိုသည်။ အသင်းတော်အကြောင်းပြောသည်။ သို့သော် သင့်ကိုပြောင်းလဲစေသလား။ သို့မဟုတ် သင် ဘောလုံးပွဲ ကြည့်နေတာနဲ့ဘဲ တူနေသလား။

### နားမထောင်သောသူများအတွက်

- ဖတ်ရန် - မာကု၊၄း၁-၁၂။

ယေရှုပုံဥပမာပြောပြီးသောအခါ ဘာဖြစ်သလဲဆိုတာ သတိပြုပါ။ ပုံဥပမာက သူတို့အတွက် စဉ်းစားစရာဖြစ်လာပါသည်။ ယေရှုက သူတို့အကြောင်း ပြောနေမှန်းသိကြပါသည်။ ယနေ့ လူနည်းစုကသာ ယေရှုပုံဥပမာများအကြောင်းကို မေးမြန်းဖို့ လိုကြပါသည်။ - မာကု၊၄း၁၀။

ယေရှုက သူ၏ပုံဥပမာကို ရှင်းပြပါသည်။ အမှန်တရားကို သိလိုသောသူများကို ဖော်ထုတ်ခြင်း ဖြစ်ပါသည်။ - မာကု၊၄း၁၁၊၁၂။

ယေရှုပြောသောအရာများမှာ ကျွန်ုပ်တို့ အတွက် အံ့ဩစရာများဖြစ်နိုင်ပါသည်။ ပုံဥပမာများကိုအသုံးပြုခြင်းမှာ လူများကို ရှင်းလင်းစွာနားလည်စေဖို့ဖြစ်သည်။ သူ၏ပုံဥပမာများ ကြားရပြီးနောက် လူများ သူ့ထံမှ ထွက်ခွာသွားမည်ကို ယေရှုသိသော်လည်း ဂရုမစိုက်ပါ။ အမှန်မှာ ထိုသူများကို အပြင်၌သာနေဖို့ သေချာအောင်လုပ်ခြင်းဖြစ်သည်။ ယေရှုက သူ့နောက်သို့ မှားယွင်းသောထင်မြင်ချက်ဖြင့် မလိုက်စေချင်ပါ။ သူသည် ပုံဥပမာများကိုပြောခြင်းမှာ လူများကို စီရင်ဖို့ဖြစ်ပါသည်။ ဤအကြောင်းအရာမှ ကျွန်ုပ်တို့ ဘာများသင်ယူမိပါသလဲ။

ယေရှုက အကြောင်းမသိသူများကို မစီရင်ပါ။ ထိုသူများမှာ ဂျူးလူမျိုးများဖြစ်သည်။ ယေရှုကို မေရှိယအဖြစ် ကြိုဆိုသင့်သော်လည်း နိုင်မာတဲ့ စိတ်နှလုံးရှိကြသည်။ ယေရှုကို နားထောင်ဖို့ ငြင်းဆိုပါသည်။ ထို့ကြောင့် ယေရှုက သူတို့ကို စီရင်ခြင်း ဖြစ်သည်။ ယေရှုက သူတို့ကို တိုက်ရိုက်မသင်ကြားပါ။ ကောင်းစွာနားလည်သော ပုံဥပမာများနှင့် သင်ကြားပါသည်။ ပရောဖက်ဟေရှာယ ပြောခဲ့သည့် အတိုင်းဖြစ်ပါသည်(မာကု၊၄း၁၂)။

*ယေရှုနှုတ်ကပတ်တော်က ကျွန်ုပ်တို့ အသက်တာကိုပြောင်းလဲစေသည်(သို့)စီရင်သည်။ သင်ရဲ့ အသက်တာမှာရော ဘယ်လို ထူးခြားမှုတွေ ဖြစ်လာပါသလဲ။*

[?] လေ့လာချက်၊ မာကု၊ ၄း၁-၂၀(၂)

# ၁၄ မျိုးကြဲသူပုံဥပမာ

## ■ နောက်ခံသမိုင်း

ယေရှု၏ပုံဥပမာများက လူထုကြီးကို(၂)ခြမ်း ကွဲစေပါသည်။ ပုံဥပမာ ပြောအပြီး လူထုကြီးထဲမှ အများစုမှာ ထွက်ခွာသွားကြသည်။ ပုံဥပမာမှာ မည်သည့်အဓိပ္ပါယ် ဖော်ဆောင်ကြောင်း မေးမြန်းရန် လူအနည်းငယ်သာ ကျန်ရစ်နေပါသည်။

📖 – မာကု၊ ၄း၁၀

ယေရှုသည် တပည့်တော်များကို သွန်သင်လို ကြောင်း သတိရပါ။ သူ သွန်သင်သော အချက် တစ်ချက်မှာ မည်သို့မျိုးကြဲရမည်အကြောင်း ဖြစ် ပါသည်။ ဤပုံဥပမာတွင် သင်ခန်းစာယူရန်(၂)ခုမှာ မြေဆီလွှာနှင့်မျိုးကြဲသူ ဖြစ်ပါသည်။

## ⊡ အဓိကအချက်

ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ကြားနာသောသူ အနည်းငယ်ကိုသာ ကယ်တင်ပါ သည်။ ထိုသူများသည ကြီးစွာသော ရိတ်သိမ်းသူများ ဖြစ်ကြပါသည်။

## ★ လုပ်ဆောင်ရန်

လူတိုင်းက မိမိတို့ကိုယ်ကို ကောင်းသော မြေဟု ထင်တတ်ကြပါသည်။ အရေးကြီးသည်မှာ သီးနှံများအကြောင်း ဖြစ်သည်ကိုလည်း မြင်တတ်ရန် လိုပါသည်။ နှုတ်ကပတ်တော်သတင်းကို ကျွန်ုပ်တို့ ကြားချင်ကြပါသည်။ လယ်သမားများအတွက် အဓိကအချက်မှာ စိုက်ပျိုးမြေမဟုတ်ပါ။ သီးနှံများ ရိတ်သိမ်းရန် မျှော်လင့်နေခြင်းသာဖြစ်ပါသည်။ ထို စိုက်ပျိုးသီးနှံများက ဘာတွေလဲ။ နှုတ်ကပတ်တော် အားဖြင့် ပြောင်းလဲစေမဲ့ ကျွန်ုပ်တို့အသက်တာ အတွက် ဘုရားက ဘာကို မျှော်လင့်နေပါသလဲ။ ဘယ်အရာကသူ့ကိုကျေနပ်စေပါသလဲ။

## ▲ မှတ်သားရန်

- မျိုးကြဲသူ(သို့) လယ်သမား။

📖 – မာကု၊ ၄း၃

လယ်သမားသည် သူ၏လယ်ထဲ၌ မျိုးစေ့ ကြဲသည်။ လမ်းလျှောက်ရင်း မျိုးစေ့များကို သူ၏ လက်ဖြင့် ကြဲဖြန့်ပါသည်။

## ဟောပြောချက်၊ မာကု၊၄း၁–၂၀(၂)

### မြေဆီလွှာ၏သတင်း

– ဖတ်ရန် – မာကု၊၄း၁၄–၂၀။

ထိုမြေအမျိုးအစား(၄)မျိုးနှင့်တူသော လူ(၄)မျိုး အကြောင်းကို ဆင်ခြင်ပါ။ နှုတ်ကပတ်တော်ကို ကြား ရသောအခါ ဖြစ်ပျက်လာတဲ့အကြောင်းကိုပြောပါ။ မိမိလူများ မည်သည့်အမျိုးအစား ဖြစ်ကြောင်း ကိုယ့်ကိုယ်ကို ပိုင်းခြားဖို့ ထောက်ပြကူညီပါ။ ထို့နောက် မြေအမျိုးအစားများ အကြောင်းကို ပို၍ စဉ်းစား လာနိုင်ဖို့ သင့်လူများကို အဖွဲ့ဖွဲ့၍ ဆွေးနွေးခိုင်းပါ။

• **လမ်း၊ – မာကု၊၄း၄၊၁၅။** နတ်ဆိုးသည် မျိုးစေ့များကို စောင့်စားရှာဖွေနေသောငှက်နှင့်တူပါသည်။ ကျွန်ုပ်တို့အသက်တာထဲသို့ နှုတ်ကပတ်တော် နက်ရှိုင်းစွာ ဝင်ရောက်မည်ကို သူမုန်းပါ သည်။ ကျွန်ုပ်တို့ လျင်မြန်စွာ မေ့ပစ်လိုက်စေချင်ပါသည်။

• **ကျောက်မြေ၊ – မာကု၊၄း၅–၆၊၁၆–၁၇၊**

ဤလူအမျိုးအစားသည် ကျမ်းစာကို နားထောင်ရခြင်းကို အလွန်နှစ်သက် သဘောကျပါသည်။ ခရစ်ယာန်ဖြစ်လို သည့်ဆန္ဒကိုလည်း ဖော်ထုတ်လျက်ရှိကြပါသည်။ သို့သော် ခက်ခဲသော အခြေအနေသို့ ရောက်သောအခါ ဘာဖြစ်သလဲ။ ဘာငြ်ြာင့်လဲ။

• **ဆူးခြုံနွယ်(ပေါင်းပင်များ)၊ – မာကု၊၄း၇၊ ၁၈–၁၉။** ဤလူအမျိုးအစားမှာ ယုံကြည်ခြင်း၌ အစပြုလာသောသူများဖြစ်သည်။ နှုတ်ကပတ်တော်သည် သူတို့ကိုစတင်၍ ပြောင်းလဲစပြုလာသည်။ သို့သော် သူတို့သည် လောကအရာများကိုပို၍ နှစ်သက်စွဲလန်းတတ်ကြသည်။ ပေါင်းပင်ဆူးခြုံများကို မရှင်းလင်းပစ်ပါ။ ထိုပေါင်းပင်ဆူးခြုံများက ဘာတွေလဲ။

• **ကောင်းသောမြေ။ – မာကု၊၄း၈၊၂၀။** "အဘဘုရား၊ ဤမြေနှင့်တူရန် ကျွန်ုပ်ကိုပြုတော်မူပါ" ဟု သင်တောင်းလျှောက်မလား။ ကျွန်ုပ်အသက်တာကို ဘုရားရှင်ရိတ်သိမ်းဖို့ အလိုရှိပါသည်။ ဘုရားသခင်ကို ချီးမွမ်းလိုပါသည်။ အခြားလူများ ယေရှုကို သိလာဖို့ ကျွန်ုပ်အလိုရှိပါသည်။

*ကောင်းသောမျိုးစေ့အကြောင်း ကျွန်ုပ်တို့အားလုံး ကြားကြပါသည်။ ထိုမျိုးစေ့သည် သင့်အသက်တာကို ပြောင်းလဲစေသလား။ ထိုအရာက သင်၏ဒုစရိုက်စွန့်လွှတ်စေပြီး ယေရှုကို ယုံကြည်ဖို့ လုပ်ပေးပါသလား။ ထိုအရာက သူ့ကို ချစ်ဖို့နှင့်နာခံလိုက်လျှောက်ဖို့ လုပ်ပေးပါသလား။ သီးပွားသောတစ်ခုတည်းသာ ဘုရားသခင်၏စိတ်တော်နှင့် တွေ့သော တစ်ခုတည်းသော မြေအမျိုးအစားဖြစ်ပါသည်။*

### မျိုးကြဲသူ၏သတင်း

– ဖတ်ရန် – မာကု၊၄း၁၁။

ယေရှုသည် ဤပုံဥပမာကို သူ၏တပည့်တော်များအား ပြောပြပါသည်။ သူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကြဲဖြန့်သောသူများဖြစ်ဖို့ သင်ယူရပါမည်။ ဘုရားသွန်သင်သောအရာကို အခြားသူများ အား ပြောပြရပါမည်။ ကျွန်ုပ်တို့မှာ မျိုးကြဲသူများဖြစ်လာကြပါသည်။ မျိုးကြဲသူများသည် အချက်(၂)ချက်ကို သင်ယူရပါမည်။

၁။ **အနည်းငယ်သောလူစုသာ ကယ်တင်ခြင်း ရမည်။** အဆုံးတွင် မြေအမျိုးအစားတစ်ခုတည်းကသာ အသီးအနှံကို လယ်သမားအား ပေးပါသည်။ ဧဝံဂေလိသတင်းကောင်းကို လူပေါင်းများစွာ ကြားရကြပါသည်။ တစ်ခါတလေ လူများစွာက သူတို့သည် ခရစ်ယာန်များဖြစ်သည်ဟုဆိုကြသည်။ လူနည်းစုသာ ယေရှုကဲ့သို့ တူလာခြင်းက ဝမ်းနည်းစရာဖြစ်ပါသည်။ လူအနည်းငယ်သာ အမှန်ကယ်တင်ခြင်းရပါသည်။ ယေရှုက ထိုအရာကို သတိပြုဖို့ ပြောပါသည်။

၂။ **သီးနှံရိတ်သိမ်းပွဲတော်ကြီးရှိပါလိမ့်မည်။** ( – မာကု၊ ၄း၂၀)။ ကျွန်ုပ်တို့အလွန်အမင်း ဝမ်းနည်းကြေကွဲစရာမရှိပါ။ မြေတစ်ခုတည်းသာ သီးနှံကိုပေးပါသည်။ ထိုမြေက မြောက်များစွာသော အသီးအနှံများကို ထွက် စေပါသည်။ လူတစ်ဦးသာ စစ်မှန်သောခရစ်ယာန် ဖြစ်လာနိုင်သော်လည်း ထိုသူက ဘုရားကို များစွာချီးမွမ်း ပါလိမ့်မည်။ ဘုရားသခင်၏ မျိုးစေ့ကိုကြဲခြင်းမှာ ခက်ခဲသောအလုပ်ဖြစ်ပါသည်။ အလွန်စိတ်ညစ်စရာ ဖြစ်နိုင်ပါသည်။ သို့သော် အရှုံးမပေးပါနှင့်။ အဆုံးတွင် သီးနှံရိတ်သိမ်းရမည့် ပွဲတော်ကြီးရှိပါလိမ့်မည်။ ဂလာတိ၊၆း၉။

# ၁၅ ဘုရားသခင်၏သမ္မာတရားကို ဝေမျှခြင်း

## ■ နောက်ခံသမိုင်း

ယေရှုက မျိုးကြဲသူ၏ပုံဥပမာကို သာပြောပါသည်။ ၎င်းသည် ယေရှု၏သွန်သင်ခြင်းနှင့် သက်ဆိုင်သောပုံဥပမာ ဖြစ်ပါသည်။ မျိုးကြဲသူ ပုံဥပမာပြီးသည့်နောက် အခြားပုံဥပမာများကို မာကု၄ တွင် ဆက်လက်တွေ့ရသည်။ မျိုးစေ့(၂)မျိုးအကြောင်း ပုံဥပမာဖြစ်ပါသည်။ (📖 – မာကု၊ ၄း၂၃)။ ယေရှု၏ စကားကို သူတို့ကြားနိုင်ဖို့ နည်းလမ်းများ ဖြစ်ပါ သည်။ ကျွန်ုပ်တို့က ကောင်းသောမြေဖြစ်လျှင် ယေရှု စကားနှင့်ပတ်သက်၍ ရှေ့ဆက် ကျွန်ုပ်တို့ ဘာလုပ် ရမည်နည်း။ ဘုရား၏ နှုတ်ကပတ်တော်ကို အခြား သူများအား ဝေမျှရမည် ဖြစ်ပါသည်။

## ◉ အဓိကအချက်

ကျွန်ုပ်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အခြားသူများအား ဝေမျှရပါမည်။

## ★ လုပ်ဆောင်ရန်

ဤပုံပြင်ဥပမာ(၂)ခုတွင် ယေရှု အမှန်ဆိုလိုသောအဓိပ္ပါယ်ကို တိတိ ကျကျလုပ်ဆောင်ရန် ခက်ခဲပါသည်။ မာကု၄း၁–၃၄ ကို အကြိမ်ပေါင်းများစွာ ဖတ်ရှု၍ နားလည် သဘောပေါက်နိုင်ဖို့ ဆုတောင်းပါ။ မာကု၄း၂၁–၂၅ တွင် ပုံဥပမာများမှာ ဘယ်လိုအံ့ဝင်မှုရှိပါ သလဲ။

သင်၏ဟောပြောချက်တွင် ဤအဓိကအချက်ကို ရှင်းရှင်းလင်းလင်း ပေါ်လွင်စေဖို့ ဤအချက်သည် အလွန် အရေးကြီးသောသတင်းဖြစ်ပါသည်။ လူများကို မရှုပ်ထွေးစေလိုပါ။

## ▲ မှတ်သားရန်

• မာကု၊၄း၂၂။ ကျွန်ုပ်တို့သည် တစ်စုံတစ်ရာကို အမြဲကွယ်ဝှက်၍ မထားနိုင်ပါ။ တစ်စုံတစ်ခုကို ကွယ်ဝှက်ထားရခြင်း အကြောင်းရင်းမှာ အချိန်ရောက်သည့်အထိ လုံခြုံစွာသိမ်းထားရန်ဖြစ်ပါသည်။ ထို့နောက် ကျွန်ုပ်တို့ ဝှက်ထားသောအရာများကို လူတို့အားမြင်စေခြင်းဖြစ်သည်။ ဘုရားသခင်သည် ယေရှုနှင့်ပတ်သက်သော သတင်းကောင်းကို ကြာမြင့်စွာ ကွယ်ဝှက်ထားခဲ့ပါသည်။ ဓမ္မဟောင်းကျမ်း၌ သဲလွန်စ ပေးထားခဲ့ပြီးဖြစ်ပါသည်။ သို့သော် ယခုမှာ ထိုသတင်းစကားကို လူတိုင်းကြားရန် ယူဆောင်ရသောအချိန် ဖြစ်ပါသည်။

• မာကု၊၄း၂၄။ သင်အသုံးပြုသော အချိန်အတွယ် အတိုင်း သင့်ကို ချိန်တွယ်လိမ့်မည်။ ဆိုလိုရင်း အတိုင်း ဘာသာပြန်ရာ၌ ''သင် သူတစ်ပါးကိုစီရင်သည့် ဥပဒေအတိုင်း ဘုရားသခင်က သင့်ကို စီရင်လိမ့်မည်''။ ပထမဘာသာပြန်ခြင်းက ပို၍ ကောင်းပါသည်။ ယေရှုအသုံးပြုသော 'အချိန်အတွယ်'ဆိုသည့် စကားမှာ ဇွန်းချောင်း (သို့မဟုတ်) ခွက်တစ်ခုနှင့် တူပါသည်။ ကျွန်ုပ်၏အမြင်မှာ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ ဘယ်လို ဝေမျှမလဲဆိုသည့်အကြောင်းကို ပြောနေခြင်းဖြစ်ပါသည်။ နှုတ်ကပတ်တော်ကို ပြောထုတ်ဖို့ ဇွန်းသေးသေးကို သုံးသလား(သို့) ခွက်ကြီးကြီးကိုသုံးသလား။ နှုတ်ကပတ်တော်ကို ဝေမျှဖို့ ကျွန်ုပ်တို့ကို ရက်ရက်ရောရော ရှိစေချင်ပါသည်။ ထို့နောက် သူက ကျွန်ုပ်တို့အပေါ် ရက်ရက်ရောရောရှိပါလိမ့်မည်။

## ဟောပြောချက်၊ မာကု၊၄း၂၁-၂၅

### မီးခွက်ကဲ့သို့ဖြစ်ပါ။

- ဖတ်ရန် - မာကု၊၄း၂၁-၂၃။

ပုံပြင်တစ်ခုကိုပြော၍ သရုပ်ဖော်ကြည့်ပါ။ အမှောင်ထုထဲတွင် ဖြစ်ပါသည်။ လူတစ်ဦး၌ မီးခွက်(သို့) လက်နှိပ်ဓာတ်မီးရှိပါသည်။ သို့သော် အခြားသူများနှင့်အတူမျှဝေမသုံးချင်ပါ။ သူတစ်ဦးတည်းသာ အလင်းလိုချင်ပါသည်။ ထို့ကြောင့် ထိုအလင်းကို စောင်အောက်(သို့) ဗျာအောက်၌ ဖုံးထားလိုက်ပါသည်။ ယခု မည်သူမျှ အလင်းမရတော့ပါ။ အဘယ်ကဲ့သို့သောမိုက်ခြင်းနည်း။

လောက၏အလင်းဖြစ်သည့် ယေရှု ကြွလာပါပြီ။ ယေရှုမပါရှိပါက လူတိုင်း အမှောင်ထဲမှာသာ ရှိနေမည်။ ယေရှုက အမှန်တရားကိုသူ့အဖို့ သိမ်းထားခြင်းမဟုတ်ပါ။ အလင်းသည် ထွန်းလင်းဖို့ဖြစ်သည်။ အမှန်တရားသည် ထွက်ပေါ်လာရမည်။ ဘုရား၏နှုတ်ကပတ်တော်ကို ဝေငှရမည်။ ထို့ကြောင့် ယေရှုက ဘုရားသခင်၏သမ္မာတရားကို သွန်သင်ပေးခြင်းဖြစ်သည်။

ယေရှု၏အလင်း သင်၌ရှိပါသလား။ သူ၏အလင်းကို သူတစ်ပါးနှင့် မဝေမျှလိုသော ခရစ်ယာန်တစ်ဦးအကြောင်း ဆင်ခြင်ကြည့်ပါ။ အခြားသူများက သူ့ကိုဘယ်လိုထင်မည်နည်း။ စိုးရိမ်ကြောက်ရွံ့မှု ရှိကောင်းရှိမည်။ ထို့ကြောင့် မည်သည့်အလင်းမှ မထွက်ပေါ်စေဖို့ သူအကြီး အကျယ် ကြိုးစားမည်။ သူ ဘယ်လိုလုပ်သနည်း။ သင်ကော တစ်ခါတလေ ဘယ်လိုလုပ်ရပါမည်နည်း။

ယေရှုကဗတ္တိဇံဆရာယောဟန်ကို ''ထွန်းလင်းတောက်ပသော အလင်း''ဟု ခေါ်ပါသည်။ သင့်အတွက် မှန်ပါသလား။ မှန်ကန်ဖို့ရန် သင်ဆုတောင်းမည်လား။ ဒီအပတ် ဘုရားသခင်ရဲ့သမ္မာတရားကို သင်ဘယ်သူ့ကိုဝေငှလိုပါသလဲ။

### ရေပုံးကဲ့သို့ဖြစ်ပါ။

- ဖတ်ရန် - မာကု၊၄း၂၄-၂၅။

သန့်ရှင်းကြည်လင်သော ရေကန်ကြီးတစ်ကန်ကို ပိုင်ဆိုင်သည့် ချမ်းသာသောတစ်ဦးအကြောင်းကို ဆင်ခြင်ပါ။ မိုးမရွာတော့သောကြောင့် ရေရှားပါး၍ အခြားနေရာများ၌ ရေမရ ဖြစ်နေပါသည်။ လူတိုင်း ထိုလူဆီသို့လာ၍ ရေကို တောင်းကြပါသည်။ သူက ခွက်သေးလေးတစ်လုံးနှင့်ရေကိုထည့်၍ ပေးမှာလား။ သို့မဟုတ် ရေပုံးနှင့်ခပ်၍ ပေးမှာလားဟု သင်္ခါအား ထက်သန်ဖို့ရန် ယေရှုက ပြောပါသည်။

*ဤပုံဥပမာများသည် နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ ဘယ်လိုကြားသည်ဆိုသည့်အကြောင်းများဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားစကားကို ကြားပြီးလျှင် ထပ်၍ ဝေမျှရမည်။ ကျွန်ုပ်တို့သည် ရေအများကြီးရှိသော ရေကန်ကြီးနှင့်တူပါသည်။ လူတိုင်းက ရေခတ်နေကြသည်။ သူတို့ ဘုရားသခင်၏သမ္မာတရားကိုသိဖို့ လိုအပ်နေပါသည်။ သင့်ဆီမှာဘဲ သင်အားလုံး သိမ်းထားမှာလား။ ရေခွက်လေးတစ်ခွက်စာလောက်ဘဲ သင်ဝေငှမှာလား။ (သို့) ရေပုံးကြီးနှင့်ခပ်မှာလား။ နှုတ်ကပတ်တော်ကို များများဝေငှမှာလား။*

ထို့နောက် ဘာဖြစ်သလဲ။ - မာကု၊၄း၂၅။ ကျွန်ုပ်တို့သည် ''ပိုရှိလေပိုရလေ''ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားနှုတ်ကပတ်တော်ကို လက်တွေ့လိုက်ရောက် အသက်ရှင်လျှင် ကျွန်ုပ်တို့ ပိုမိုတည်ကြည်ခိုင်ခံ့လာမည်။ အခြားသူများကို ဝေငှပေးကမ်းလျှင် ကျွန်ုပ်တို့ ပို၍ ချမ်းသာလာမည်။ သင်သိသော ခရစ်ယာန်များအကြောင်း ဆင်ခြင်စဉ်းစားကြည့်ပါ။ ယေရှု၏စကားတော်သည် အလွန်မှန်ကန်ပါသည်။ ဘုရားစကားကိုကြားပြီး ဘာမှမလုပ်သောသူများက ဘာဖြစ်ကြသလဲ။ ဘုရားနှင့် ဝေးရာသို့ ထွက်ခွာသွားကြသည်။ အဆုံး၌အရာအားလုံးကို ဆုံးရှုံးရပါသည်။

[?] လေ့လာချက်၊ မာကု၄း၂၆-၃၄

# ၁၆ မျိုးစေ့များကြီးထွားလာခြင်း

## ▣ နောက်ခံသမိုင်း

ယေရှုသည်မျိုးစေ့နှင့်ပတ်သက်သော ပုံဥပမာ (၂)ခု အကြောင်း ထပ်ပြောပါသည်။ သူ၏ တပည့်တော်များကို သွန်သင်လိုခြင်းဖြစ်ကြောင်း သတိရပါ။ ယေရှုက သူကဲ့သို့ ဟောပြောသောဆရာ ဖြစ်စေလိုပါသည်။ ဘုရား၏နှုတ်ကပတ်တော် မျိုးစေ့ ဘယ်လို ကြီးထွားလာမလဲဆိုသည့်အကြောင်းကို နားလည်ဖို့ သူအလိုရှိသည်။ တပည့်တော်များသည် သူတို့လုပ်သောအရာများ တစ်ခုမှဖြစ်မလာသော အခါ လက်မြှောက်အရှုံးပေးဖို့ ယေရှုအလိုမရှိပါ။ ထို့ကြောင့် ကျွန်ုပ်တို့အတွက် အထောက်အကူရဖို့ ဤပုံဥပမာ(၂)ခုအကြောင်းကို ပြောပြခြင်းဖြစ်သည်။

📖 – မာ၄း၂၆-၃၄

## ⊡ အဓိကအချက်

သင့်အသက်တာ ကြီးထွားရှင်သန်လာဖို့ ဘုရားနှုတ်ကပတ်တော်ကို ယုံကြည်ကိုးစားပါ။

## ☒ လုပ်ဆောင်ရန်

လူများကိုပြောပြနိုင်ဖို့ ပုံဥပမာများကို ပြင်ဆင်ထားရမည်။ ယေရှု၏ပုံဥပမာများနှင့်ဆင်တူသော အရာများကို ပြောပြရမည်။ သူတို့၏လက်တွေ့ဘဝနှင့်တူသောပုံဥပမာများ ပြောပါ။ အဝေးသို့ ထွက်သွားသောအချိန်နှင့် ပြန်လာသောအခါ တစ်စုံတစ်ခု (တစ်စုံတစ်ယောက်)ကြီးထွားလာသည်ကို သင့်လူများ သတိထားမိကြပါသလား။ မုံညင်းစေ့ကဲ့သို့ အလွန်သေးငယ်သောအစေ့မှ အပင်ကြီးအဖြစ် ကြီးထွားလာခြင်းကို သင်၏လူများ သိပါသလား။ သို့မဟုတ် အစပိုင်း၌ အလွန်သေးငယ်၍ နောက်ပိုင်း၌ အလွန်ကြီးထွားလာသောအရာများက သင့်လူများကို သိပါသလား။ သူတို့ သိသောအရာများကို အသုံးပြုပါ။

## ▲ မှတ်သားရန်

• ရှင်မာကု၄း၂၆-၃၀။ "ဘုရားသခင်၏နိုင်ငံတော်သည် မည်သည့်အရာနှင့်တူကြောင်း" ဟူသော စကားကို နိုင်ငံတော်အကြောင်း ယေရှုပြောပြရာတွင် အသုံးပြုလေ့ရှိသောစကားဖြစ်သည်။ ယေရှုပြောသော ပုံဆောင်စကား၌ ဘုရားသခင်၏နိုင်ငံတော်သည် လောကကြီးနှင့် ခြားနားလှကြောင်း ထင်ရှားစွာ ဖော်ပြသည်။ ဘုရားသခင်၏နိုင်ငံတော်မှာ ဘုရားသခင်အလိုတော်အတိုင်း အုပ်စိုးခြင်းဖြစ်သည်။ ယေရှုသည် ကျွန်ုပ်တို့၏ရှင်ဘုရင်ဖြစ်ပါက ဘုရားသခင်၏နိုင်ငံတော်ထဲ၌ ကျွန်ုပ်တို့သည်လည်း ဝင်စား ခွင့်ရရှိမည်ဖြစ်သည်။

• မာကု၄း၂၆-၂၉။ ယေရှုသည် လယ်သမားအကြောင်းကို ဥပမာပြု ပြောပြရာတွင် မျိုးစေ့ကြဲပြီး နောက်တွင် အလုပ်မှ နားရမည်ဟု မဆိုလိုပါ။ ထိုနည်းတူစွာ ခရစ်ယာန်တစ်ဦးသည် နှုတ်ကပတ်တော်ကို သင်ကြားပြီးသည်နောက်၊ နောက်ဆက်တွဲ တစ်စုံတစ်ရာ လုပ်စရာမလိုဟု ဆိုလိုခြင်းမဟုတ်ပါ။ ဆုတောင်းရမည်။ နှုတ်ကပတ်တော်ကို ဟောပြောခြင်းကို သာ၍ ကြိုးစားအားထုတ်ရပါမည်။ သို့သော် သတိပြုရမည့်အချက်မှာ ထိုမျိုးစေ့ကို ကြီးထွားစေရန် ကျွန်ုပ်တို့၌ အစွမ်းမရှိပါ။

## ⇥ ဟောပြောချက်၊ မာကု၊၄း၂၆-၃၄

## သဘာဝအစေ့လျောက် ကြီးထွားခြင်း

📖 – ဖတ်ရန် – *မာကု၊၄း၂၆-၂၉။*

စိုက်ပျိုးသည့် သီးနှံပင်များကြီးထွားရန် တိုက်တွန်းစကားပြောသည့် လူများရှိကြောင်း ကျွန်ုပ် ကြားသိခဲ့ရဖူးပါသည်။ မည်သို့သော လုပ်ရပ်ဖြစ်ပါသနည်း။

⊞ *ကြဲခဲ့သောမျိုးစေ့များအတွက် စိုးရိမ်ပူပန်ပြီး အိပ်မပျော်နိုင်သော လယ်သမားတစ်ဦးကို စဉ်းစားကြည့်ပါ။ ရာသီဥတုက အေးစက်၍ နေသာသောနေ့ရက်ဟူ၍မရှိ။ သို့ဖြင့် မျိုးစေ့များ ကြီးထွားလာစေဖို့ မိမိ အိပ်ရာမှထပြီး လယ်တောထဲသို့ သွားပါက မည်သို့ သော အကျိုးထူး ဖြစ်လာပါမည်နည်း။ လယ်သမား လုပ်ရန်အချက်မှာ စောင့်ဆိုင်းရန် သာဖြစ်သည်။ အချိန်တန်သောအခါ မျိုးစေ့သည် အပင်ပေါက် ရှင်သန်လာပါလိမ့်မည်။ မည်သည့် အကူအညီမလို ပါ။ ဘုရားသခင်သည် လိုအပ်သော နေရောင်ခြည်၊ မိုးရေနှင့်ကြီးထွားမှုကို ဖြစ်စေပါမည်။*

ထိုအံ့ဩဖွယ်ရာဖြစ်စဉ်အတွက် ဘုရားသခင်၏ နာမတော်ကို ချီးမွမ်းပါမည်။ အနည်းငယ်သော မျိုးစေ့သည် များစွာသောအသီးကို ဖြစ်ထွန်းစေပြီး ကျွန်ုပ်တို့ စားသုံးရန် သီးပွားစေပါသည်။ အစေ့သည် သေးငယ်သော်လည်း ထိုအစေ့ထဲ၌ အသက်ရှိသည်။ ထိုအစေ့အားဖြင့် ကြီးမား သောပင်စည်နှင့် အသီးအနှံများကို ဖြစ်ထွန်းစေပါသည်။

နှုတ်ကပတ်တော်သည် ထိုနည်းတူဖြစ်ကြောင်း ယေရှုသွန်သင်ခြင်းဖြစ်သည်။ သေးငယ်ပြီး အရေးမပါလှသည်ဟုယူဆရသော်လည်း အစွမ်းတန်ခိုးကြီးမားလှပေရာ ကျွန်ုပ်တို့၌အသက်ရစေသည်။ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အသက်တာထဲ၌ မျိုးစေ့ကဲ့သို့ ကြဲချပြီးသည်နောက် အသက်ရှင်ကြီးထွားခြင်း၊ ပွားများခြင်းများ ဖြစ်ပေါ်စေပါသည်။

⪢ *ကြီးထွားရန် နှုတ်ကပတ်တော်ကို ယုံကြည်ပါ။ နှုတ်ကပတ်တော်ကို သွန်သင်ပေးတဲ့အခါတိုင်း မျိုးစေ့အတွက် စိတ်မပူပါနဲ့။ ထိုမျိုးစေ့၌အသက်ပါသည်။ ကြီးထွားစေသူမှာ မိမိမဟုတ်၊ ဘုရားသခင်ဖြစ်ကြောင်း သတိပြုပါ။ မိမိလုပ်ဆောင်ရန် အချက်မှာ နှုတ်ကပတ်တော်မျိုးစေ့ ကြဲဖို့ရန်သာဖြစ်သည်။ တစ်နေ့သောအခါ အပင်ပေါက်ရှင်သန်ကြီးထွားပြီး သီးပွင့်သည်ကို မြင်တွေ့ရပါလိမ့်မည်။ ဟေရှာ၊၅၅း၁၀၊၁၁ ကိုလည်းကြည့်ပါ။*

## ကြီးထွားဖွံ့ဖြိုးလာသည်

📖 – ဖတ်ရန် – *မာကု၊၄း၃၀-၃၂။*

*(ပုံပြောပြပါ။ အလွန်သေးငယ်သော်လည်း ကြီးထွားဖွံ့ဖြိုးလာသော တစ်စုံတစ်ခုအကြောင်းပြောပါ။ ဘယ်လောက် အံ့ဩဖို့ကောင်းသလဲ။ ငှက်များ ကောက်စားနိုင်သောအစေ့မှ နားနေနိုင်သောအပင်ကြီးဖြစ်လာသည်။)*

ဤအရာသည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်တူပါသည်။ ယေရှုနှင့် ကားတိုင်အကြောင်း ပြောပြသောအခါ လူများစိတ်ဝင်စားမှုမရှိ ဖြစ်ကောင်းဖြစ်မည်။ သင်အိမ်ပြန်၍ စိတ်ထိခိုက်မည်။ ဘာမှအကျိုးမရှိပါဘူးဟု ထင်မိမည်။ အစေ့ငယ်လေးမှာ အလွန်သေးငယ်၍ အားနည်းသဖြင့်၊ တစ်စုံတစ်ဦးကိုမျှ မပြောင်းလဲစေနိုင်ဟု ထင်စရာရှိသည်။ သို့သော် နားထောင်သောသူ တစ်စုံတစ်ယောက်ရှိလျှင် ထိုအစေ့သည် ကြီးထွားလာသည်။ သူ့အပြစ်အားလုံး ဖြေလွှတ်ခြင်းခံရသည်။ အသက်တာတစ်ခုလုံး ပြောင်းလဲသွားသည်။ လူမြောက်များစွာကို ယေရှုအကြောင်းပြောပြသည်။ သူသည် ထာဝရအသက်ကိုရသည်။ ဘုရား၏နှုတ်ကပတ်တော်သည် အလွန်ကြီးမားသောသစ်ပင်ကဲ့သို့ဖြစ်လာပါသည်။

⪢ *ကြီးထွားဖွံ့ဖြိုးလာရန် နှုတ်ကပတ်တော်ကို ယုံကြည်ပါ။ သင်လုပ်ဆောင်သောအရာများ ဘာတစ်ခုမှ ဖြစ်မလာဘူးဟု ထင်စရာရှိလျှင် ထိုသို့မဆုံးဖြတ်ပါနှင့်။ ဘာမှ ကြီးကြီးမားမား ဖြစ်မလာနိုင်သည်လည်း ရှိပါသည်။ သို့သော် သေးငယ်သောအစေ့မှလွန်စွာ ကြီးထွားလာနိုင်ကြောင်းသတိရပါ။*

⪢ *ဝိညာဉ်ရေးရာ ကြီးထွားလာရန် နှုတ်ကပတ်တော်ကို ယုံကြည်ပါ။ အစေ့မှာ အလွန်သေးငယ်သည်ဟု ထင်သောကြောင့် အစေ့ကိုမပြောင်းလဲပစ်လိုက်ပါနှင့်။ လူများကိုပို၍ဆွဲဆောင်နိုင်ရန် (သို့) အမြင်အားဖြင့်ပို၍ကြီးထွားသည် ထင်ရအောင် မလုပ်ပါနှင့်။ ဘုရားသခင် အပြစ်ဒုစရိုက်၊ ယေရှုနှင့် သူ၏ကားတိုင် အကြောင်း သတင်းကောင်းကိုပဲ ယုံကြည်ပါ။*

? လေ့လာချက်၊ မာကု၊၄း၃၅-၄၁

## ၁၇ သူဘယ်သူလဲ။

### ■ နောက်ခံသမိုင်း

ရှင်မာကုခရစ်ဝင်ကျမ်းကို လေ့လာရာတွင်

- ဘုရားသခင်၏နိုင်ငံတော်အကြောင်း သတင်းကောင်းကို ဟောပြောရန် ယေရှုကြွလာသည်။
- ယေရှုက သူ၏အစွမ်းတန်ခိုးကို လူများ၊ ရောဂါများ၊ အပြစ်များအပေါ် ပြသပါသည်။
- ဂျူးလူမျိုးများစွာက ယေရှုကို မုန်းတီး၍ သတ်ချင်ကြသည်။
- ယေရှုက ထိုလူများကို စွန့်ခွာပြီး၊ တပည့်တော်များကို ဣသရေလလူမျိုးသစ်ဖြစ်စေရန် ဖိတ်ခေါ်ခဲ့ပါသည်။
- ဘုရားသခင်၏ နိုင်ငံတော်အကြောင်း တပည့်တော်များ နားလည်နိုင်ဖို့ အထောက်အကူပြုရန် ယေရှုက ပုံဥပမာများဖြင့် သွန်သင်ပါသည်။

သို့ရာတွင် တပည့်တော်များပင်လျှင် ယေရှုမည်သူဖြစ်ကြောင်း ရှင်းလင်းစွာ မသိရကြသေး ပါ။ ဤအချက်သည် မာကု၊၁-၈၏ အရေးကြီး ဆုံးမေးခွန်းဖြစ်ပါသည်။ ရှင်မာကု၏အဓိက မေးခွန်းမှာ''သူဘယ်သူလဲ''ဟူသော မေးခွန်းကို ဖြေကြားဖို့ရန်ဖြစ်ပါသည်။

### ⊡ အဓိကအချက်

လေနှင့်လှိုင်းပင်လျှင် ယေရှုကို နာခံကြသော ကြောင့် သူ့အပေါ်ယုံကြည်မှုရှိရပါမည်။

### ★ လုပ်ဆောင်ရန်

ကြောက်ရွံ့ခြင်းရှိပါသလား (သို့) ယုံကြည်ခြင်းရှိပါသလား။ အချို့လူများက ယေရှုကိုယုံကြည်ဖို့ မလိုအပ်(သို့) သူ၏အစွမ်းတန်ခိုးကို ကြောက်ဖို့ရန် မလိုအပ်ဟု ထင်နေကြသည်။ ယေရှု၏ အစွမ်းတန်ခိုးတော်ကို အမှန်တကယ် လက်ခံဖို့ထောက်ပြရန် ဂရုပြုပါ။ ကျွန်ုပ်တို့ကို ကယ်တင်ဖို့ သူ့ကို မယုံကြည်လျှင် ကျွန်ုပ်တို့၌ အလွန်ကြောက်စရာ ကောင်းပါလိမ့်မည်။

### ▲ မှတ်သားရန်

မာကု၊၄း၃၉။ ထုံးစံအားဖြင့် လေမုန်တိုင်း ငြိမ်ပြီးနောက် နာရီအတော်ကြာမှ လှိုင်းသည် ငြိမ်သက်လေ့ရှိပါသည်။ ဤနိမိတ်လက္ခဏာသည် ယေရှု၏ မဟာတန်ခိုးတော်ကို ဖော်ပြပါသည်။

## ဟောပြောချက်၊ မာကု၊၄း၃၅–၄၁

### သူဘယ်သူလဲ။

– ဖတ်ရန် – မာကု၊၄း၃၅–၄၁။

အစပိုင်း၌ ယေရှုက ဂရုမစိုက်ဟု ထင်ရသည်။ လှေနစ်မြုပ်လုချိန်၌ သူအိပ်ပျော်နေပါသည်။ သူက သခင်ဖြစ်သော်လည်း တပည့်တော်များကို ဘာ တစ်ခုမှ အကူအညီမပေးခဲ့ပါ။

*တစ်ခါတလေ သင်ဒီလိုမျိုးခံစားခဲ့ရပါသလား။ သင် ဒုက္ခရောက်နေသော်လည်း ယေရှု သင့်ကို မကူညီပါ။ သင့်ကို ထိုဒုက္ခထဲမှာဘဲထားပါသည်။ သူတစ်စုံ တစ်ခုလုပ်ပေးဖို့ အစွမ်းတန်ခိုးရှိမှန်းလဲ သင်သိနေ သည်။ သို့သော် ယေရှု အိပ်ပျော်နေပုံရသည်။ သူ ကျွန်ုပ်တို့ကို ဂရုမစိုက်ဟု ခံစားရပါသည်။ ဘယ်တော့မှ ထိုကဲ့သို့ မယုံလိုက်ပါနှင့် (ဟေရှာယ၊ ၄၃း၁–၃)။*

ထို့နောက် ယေရှုက သူဘယ်သူလဲဆိုတာ ကို ဖော်ပြပါသည်။

သင်လှေထဲမှာရှိနေသလိုပဲ စိတ်ကူးကြည့်ပါ။ မုန်တိုင်း ကျလာသည်။ သင်က လူတိုင်းကို ''မကြောက်နှင့်၊ ငါရပ်တန့်ပစ်မည်''ဟုပြောသည်။ သင်က ''လေမုန်တိုင်း ရပ်လော့။ လှိုင်းများ ငြိမ်သက် လော့''ဟု အော်ဟစ်သည်။ အဲဒီနောက် ဘာဖြစ်သလဲ။ ဘာမှ မဖြစ်ပါ။ သင့်မိတ်ဆွေများက သင့်ကို ရူးနေသည်ဟု ထင်နေမှာ သေချာတယ်။ သူတို့ ထင်တာမှန်ပါသည်။

• သို့ဖြစ်လျှင် ယေရှုက လေနှင့်လှိုင်းကို ယခုကဲ့ သို့ ဘာလို့ပြောနိုင်သလဲ။ ဘာကြောင့်သူတို့ချက်ချင်း ယေရှုကို နာခံသလဲ။ သူဘယ်သူလဲ။ ဒီအစွမ်း တန်ခိုးများရှိတဲ့ တစ်ပါးတည်းသောအရှင်ဟာ ဘယ်သူလဲ။

*(သူဘယ်သူလဲ။ ဒီမေးခွန်းကို မဖြေဘို့ သင် ဆုံးဖြတ်ချက် ချကောင်းချပါလိမ့်မည်။ သင့်လူများက သူတို့ကိုယ်သူတို့ အဖြေထုတ်ဖို့လိုအပ်ပါလိမ့်မည်။ တပည့်တော်များပင် ထိုအဖြေကို ယခုထိ မသိကြသေးပါ။ ဘုရားတစ်ပါးတည်းသာ ပင်လယ်ကို ငြိမ်သက်စေရန် ယခုကဲ့သို့လုပ်နိုင်ကြောင်း ကျွန်ုပ်တို့ သိကြပါသည်။ သို့သော် ယေရှုဘုရားဖြစ်ကြောင်း တပည့်တော်များ ယခုထိ မမြင်သေးပါ။)*

### ကြောက်ရွံ့သလား (သို့) ယုံကြည်သလား။

– မာကု၊၄း၄၀ ဖတ်ပါ။

ယေရှု ဘာမှလုပ်မပေးသောအခါ တပည့် တော်များ ကြောက်စိတ်ဝင်လာပါသည်။ ယခု ပင်လယ်ကို ငြိမ်သက်စေသောကြောင့် ထိတ်လန့် ကြောက်ရွံ့ပြန်သည်။ လေမုန်တိုင်းမတိုက်တော့ လှိုင်းမထန်တော့ပါ။ ယေရှု သူတို့ကို ကယ်တင်ပါ သည်။ ယခုမှ သူတို့ ပို၍ ကြောက်ရွံ့ကြပါသည်။ သူတို့သည် ယေရှု၏အစွမ်းတန်ခိုးကို ကြောက်ရွံ့ ကြပါသည်။ အကြောင်းမှာ ယေရှုဘယ်သူလဲဆိုတာ သူတို့မသိသောကြောင့်ဖြစ်သည်။

သူတို့သည် ယေရှုကို သူတို့၏ဘုရား၊ ကယ်တင်ရှင်အဖြစ် မြင်သင့်ပါသည်။ သူတို့ကို ပင်လယ်ထဲမှ ကယ်တင်ခဲ့ပါသည်။ သူတို့ဘာမှ ကြောက်စရာမရှိတော့ပါ။

*ယေရှုသည် ဘုရားဖြစ်သည်။ ကျွန်ုပ်တို့အပေါ်၌ သူ၏အစွမ်းတန်ခိုးများ လွှမ်းမိုးထားပါသည်။ သူ လုပ်ချင်သမျှကို လုပ်နိုင်ပါသည်။ တစ်နေ့ သူသည် ကျွန်ုပ်တို့ကို စီရင်မည့်သူဖြစ်ပါသည်။ သင်သူ့ကို ကြောက်ရွံ့သလား။*

*ယေရှုသည် ကယ်တင်ရှင်ဖြစ်သည်။ သူ့ကို ယုံကြည်လျှင် သူ၏အစွမ်းတန်ခိုးများကို ကျွန်ုပ်တို့ ကြောက်စရာမလိုပါ။ ယေရှုသည် ကျွန်ုပ်တို့ကို အပြစ်မှကယ်တင်ဖို့ ကြွလာပါသည်။*

*ယောဟန်၊၃း၁၆–၁၈၊၃၁။*

*ထိုကြောင့် သူ၏အစွမ်းတန်ခိုးသည် ကျွန်ုပ်တို့ ကိုဆန့်ကျင်ဖို့မဟုတ်ပါ။ ကျွန်ုပ်တို့အတွက်သာ ဖြစ်ပါသည်။ လေမုန်တိုင်း ဘယ်လောက်ပြင်းထန်ပါ စေ ကိစ္စမရှိပါ။ အကြောင်းမှာ ယေရှု ကျွန်ုပ်တို့ကို ကြည့်ရှုစောင့်ရှောက်ပါသည်။*

[?] လေ့လာချက်၊ မာကု၊၈း၁–၂၀

# ၁၈ ယေရှုသည် နတ်ဆိုးများအပေါ် အစွမ်းတန်ခိုးရှိသည်။

## ▣ နောက်ခံသမိုင်း

မာကု၊၁–၈တွင် ယေရှုဘယ်သူလဲဆိုတဲ့ မေးခွန်းမှာ အကြီးမားဆုံးသော မေးခွန်းဖြစ်ပါသည်။ ယခု ရှင်မာကုအခန်းကြီး(၅)သို့ ရောက်လာပါပြီ။ ယေရှု၏ အစွမ်းတန်ခိုးတော်သည်

- မကျန်းမာသူများကို ကုသပျောက် ကင်းစေခြင်း (နူနာစွဲသူအပါအဝင်)နှင့် နတ်ဆိုးများကို နှင်ထုတ်စေပါသည်။
- အပြစ်များကို လွှတ်သည်။
- ဘုရားတန်ခိုးတော်ဖြင့် သင်ကြား၍ တပည့်တော်များကို ခေါ်ယူသည်။
- လှိုင်းတံပိုးပင်လျှင် သူ့ကို နာခံအောင် ပြောခဲ့ပါသည်။

သို့သော် တပည့်တော်များက သူဘယ်သူလဲ ဆိုသည့်မေးခွန်းကို မေးနေဆဲဖြစ်သည် (မာကု၊၄း၄၁)။ ယေရှုကို ဘုရားသားတော်အဖြစ် သူတို့ မယုံသေးပါ။ မာကု၊၅ တွင် သူဘယ်သူဖြစ်ကြောင်း တစ်ဖန် ထပ်၍ဖော်ပြပါသည်။ လူများ သူ့တန်ခိုးတော်ကို ယုံကြည်မလား(သို့) ကြောက်ကြမလား။

📖 – မာကု၊၅း၁–၄၃။

## ⊡ အဓိကအချက်

ယေရှုသည် နတ်ဆိုးများအပေါ် အစွမ်းတန်ခိုးရှိပါသည်။ ကျွန်ုပ်တို့ သူ့အပေါ်ယုံကြည်အားထား၍ ကျွန်ုပ်အတွက် ကောင်းတဲ့အရာများ လုပ်ဆောင်မှုများကို လူတိုင်းပြောပြရပါမည်။

## ⊛ လုပ်ဆောင်ရန်

မာကု၊၄း၃၅–၄၁မှ မှတ်စုကိုကြည့်လျှင်၊ ခေါင်းစဉ်များမှာ အတူတူ ဖြစ်နေကြောင်း တွေ့ရပါမည်။ ပုံဥပမာများ ကွဲပြားသော်လည်း ယေရှုအကြောင်း အရေးကြီးသည့် တူညီသောအချက်များသာဖြစ်ပါသည်။ ဤကြီးမားသော သင်ခန်းစာကို သင်၏လူများကို ဖော်ပြနိုင်ဖို့ ဘုရားကိုတောင်းလျှောက်ပါ။ သင်၏လူများက၊ ယေရှု ကေန်အမှန် ဘယ်သူလဲဆိုတာကို မြင်တတ်ဖို့ရန်နှင့် သူ့ကို လုံးဝ ဉသုံ ယုံကြည်ဖို့ လိုအပ်ပါသည်။

## ▲ မှတ်သားရန်

- မာကု၊၅း၁။ သင့်မှာ သမ္မာကျမ်းမြေပုံရှိပါက ကြည့်ပါ။ ဤဒေသသည် အများစုနေထိုင်ရာဒေသ ဖြစ်ပါသည် (ဂျူးလူမျိုးမဟုတ်သောသူများ)
- မာကု၊၅း၁၃။ ဝက်များအတွက် စိတ်မကောင်း မဖြစ်ပါနှင့်။ ယေရှုသည် ရက်စက်သူမဟုတ်ကြောင်း ကျွန်ုပ်တို့သိပါသည်။ ယေရှုသည် မျှတပါသည်။ အရေးကြီးသောအချက်မှာ နတ်ဆိုးများက ထိုသူကို ဒုက္ခပေးနေခြင်းဖြစ်ပါသည်။ ယေရှုက ထိုသူကို ငရဲသို့ခေါ်သွားမည့် နတ်ဆိုး၏ချုပ်နှောင်ခြင်းမှ လွတ်မြောက်စေခဲ့ပါသည်။၏
- မာကု၊၅း၂၀။ "ဒေကာပေါလိ" သည် မြို့(၁၀)မြို့ ဒေသ ဖြစ်ပါသည်။ ယေရှု ပြောတာထက် လူပေါင်း မြောက်မြားစွာကို သူဘယ်လို ပြောမလဲဆိုတာ သတိပြုကြည့်ပါ။

## ဟောပြောချက်၊ မာကု၊၅း၁-၂၀

### သူဘယ်သူလဲ?

- ဖတ်ရန် - မာကု၊၅း၁-၁၃။

(ထိုလူကို ဖော်ပြဖို့ မာကု၊၅း၃-၅ကို အသုံးပြုပါ။ သူ၏ ကြောက်ရွံ့တုန်လှုပ်ခြင်း။ သူ့အထဲ၌ရှိသော နတ်ဆိုးများ သူ၏ဝေဒနာခံစားရခြင်းနှင့် လူတိုင်း သူ့ကို ကြောက်ရွံ့သည့်အကြောင်း စသည်တို့ကို ဖော်ပြပါ။)

• ထိုကြောက်စရာကောင်းသောသူ၊ သူ့ထံသို့ ပြေးလာသောအခါ ယေရှု ဘာလုပ်သနည်း။ ဘာကြောင့် ယေရှုထွက်မပြေးသနည်း။ မာကု၊၅း၆-၁၀တွင် ဘယ်သူက ကြောက်သလဲ။

ထိုသူက ယေရှုကို ကြောက်ရခြင်းအကြောင်းမှာ ယေရှုဘယ်သူလဲဆိုတာကို သိသောကြောင့်ဖြစ်ပါသည်( မာကု၊ ၅း၇)။ သူ၏တပည့်တော်များမှာ လူကန်းကဲ့သို့ မမြင်ရသော်လည်း ထိုလူထဲ၌ရှိသော နတ်ဆိုးက မြင်ပါသည်( ယာကုပ်၊၂း၁၉) ထိုသူသည် ယေရှုကို အလွန်ကြောက်ရွံ့သော်လည်း ဘုရားသားတော်ကို ရှိသေပျပ်ဝပ်ရပါသည်။ ထိုသူအထဲမှာရှိသော နတ်ဆိုးသည် ယေရှု၌ အစွမ်းတန်ခိုးရှိကြောင်းကို သိနေပါသည်။ သနားခြင်း ကရုဏာတော်ကို တောင်းခံဖို့ပဲရှိပါတော့သည်။

*ဘုရားသားတော်ကို ကျွန်ုပ်တို့သိလျှင် နတ်ဆိုး များ ကြောက်စရာမလိုတော့ပါ။ နတ်ဆိုးများက ယေရှုကို ကြောက်ပါသည်။ အကြောင်းမှာ၊ သူတို့အပေါ် ယေရှု အစွမ်းတန်ခိုးရှိသောကြောင့်ဖြစ်ပါသည်။*

*သင်နတ်ဆိုးများကို ကြောက်ရွံ့နေသေးသလား။ ယေရှု သူတို့ကို စီရင်မည်ကို သတိရပါ။ ဘုရားသားတော် ယေရှုကို ယုံကြည်ပါ။ မကြောက်ပါနှင့်။*

### ကြောက်ရွံ့သလား(သို့)ယုံကြည်သလား။

- ဖတ်ရန် - မာကု၊၅း၁၄-၂၀။

ဘယ်လောက်ထူးဆန်းသလဲ၊  - မာကု၊ ၅း၁၅၊၁၇။ ယခု ထိုသူမှာ တည်ကြည်ငြိမ်သက်သွားပြီဖြစ်သော်လည်း လူများက ကြောက်ရွံ့ကြပါသည်။ ယေရှုက သူတို့ကို ဤကြောက်စရာကောင်းသောသူ၏ရန်မှ ကယ်တင်ခဲ့သော်လည်း၊ သူ့ကို ထွက်သွားဖို့သာ အလိုရှိပါသည်။

အဘယ်ကြောင့်နည်း။ အကြောင်းမှာ ယေရှု၏ အစွမ်းတန်ခိုးကို ကြောက်ရွံ့သောကြောင့်ဖြစ်ပါသည်။ ယေရှု သူတို့ကို ဘာများ လုပ်အုံးမလဲဟု ကြောက်နေကြခြင်းဖြစ်ပါသည်။

*သင်ယေရှု၏ အစွမ်းတန်ခိုးကို ကြောက်ရွံ့ပါသလား။ သင့်အပေါ်၌ သူ၏အစွမ်းတန်ခိုးရှိသော ကြောင့် ယေရှုနောက်လိုက်ဖို့ သင်ကြောက်ရွံ့နေပါ သလား။ သင့်အပေါ်၌ သူ၏အစွမ်းတန်ခိုးမရှိစေလိုပဲ ဖြစ်မိပါသလား။ သေချာစွာ စဉ်းစားပါ။ ယေရှုတစ်ပါး တည်းသာ ကယ်တင်ရှင်ဖြစ်ပါသည်။ ယေရှုကိုအဝေး သို့ ထွက်သွားစေလိုသည်မှာ အလွန်မှားပါသည်။*

ယခုတွင် ထိုလူသည်များစွာ ခြားနားသွားပါ သည်။ သူ့မှာ ယုံကြည်ခြင်းရှိလာပါသည်။

မာကု၊၅း၁၈-၂၀၊ ယေရှုသူ့ကို လွတ်မြောက်စေသောကြောင့် ယေရှုကို ယုံကြည်ခြင်းဖြစ်ပါသည်။ သူ ယေရှုနှင့်အတူ ရှိချင်ပါသည်။

သို့သော် ထိုသူလုပ်ဖို့ အလုပ်တစ်ခုကို ခိုင်းထားပါသည်။ သူ့မိသားစုကိုပြောဖို့ရန်သာမက ယေရှု သူ့အပေါ်ပြုခဲ့တဲ့ ကြီးမားသောအမှုကို ပေးတွေ့သော သူတိုင်းအား သူပြောခဲ့ပါသည်။

*သင့်အတွက် ယေရှု ဘယ်လောက် လုပ်ပေးခဲ့ပါ သလဲ။ သူတစ်ပါးကို ဘယ်လောက်ထိ ပြောပြမှာလဲ။*

# ၁၉ ယုံကြည်ခြင်းအကြောင်း သင်ခန်းစာ

## ▣ နောက်ခံသမိုင်း

ရှင်မာကုခရစ်ဝင်ကျမ်း လေ့လာရာတွင် ယခုထိတိုင်း ယေရှုအပေါ် ယုံကြည်မှုရှိကြောင်း မတွေ့ရသေးပါ။ ယေရှုက အဘယ်ကြောင့် တပည့်တော်များက သူ့ကို မယုံကြည်သည်ကို မေးခွန်းထုတ်သည်။ 📖 - မာကု၊၄း၄၀။

ယခု မာကု ယုံကြည်ခြင်းဖြင့် ယေရှုထံသို့ လာသော လူနှစ်ဦးအကြောင်းကို ဖော်ပြထားပါသည်။ သူတို့ကို ကူညီမစဖို့ ယေရှု၏ချစ်ခြင်း မေတ္တာနှင့်အစွမ်းတန်ခိုးအပေါ်ယုံကြည်မှုရှိပါသည်။ 📖 - မာကု၊၅း၂၁-၄၃တွင် မာကုသည် ပုံဥပမာ(၂) ခုကို တွဲလျက် ဖော်ပြထားပါသည်။ ထိုသို့ပြုရခြင်းမှာ ပုံဥပမာ(၂)ခု စလုံးသည် အကြောင်းအရာတစ်ခုတည်းကို သွန်သင်သောကြောင့် ဖြစ်ပါသည်။

ဤကဏ္ဍကိုကျွန်ုပ်တို့(၂)ပိုင်းခွဲ၍ပြောပါမည်။ အကြောင်းမှာ၊ သင်ယူမှတ်သားစရာ အကြောင်းအရာများစွာရှိသောကြောင့်ဖြစ်ပါသည်။

## ⊙ အဓိကအချက်

ယာဣရုနှင့် အမျိုးသမီးကြီး နည်းတူ ယေရှုကို ယုံကြည်ပါ။

## ★ လုပ်ဆောင်ရန်

ပုံဥပမာများက ယေရှုကို ယုံကြည်ခြင်း အကြောင်းကို ပြောပါသည်။ ထိုလူများက၊ သူတို့၏ လိုအပ်ချက်များကို ကူညီမစပေးဖို့ ယုံကြည်ပါသည်။ ကျွန်ုပ်တို့လည်း ယေရှုကို လိုအပ်ပါသည်။ ကျွန်ုပ်တို့ အများစုက၊ အပြစ်မှ ဖြေလွှတ်ခြင်းခံရသည့် ယေရှုကို လိုအပ်ပါသည်။ ဤအရာသည် သူတို့၏ အကြီးမားဆုံး လိုအပ်ချက်ဖြစ်ကြောင်း သင်၏လူများ မြင်နိုင်ရန် ဆုတောင်းပါ။ ယေရှုကို ယုံကြည်ခြင်းသည် အလွန်စိတ်ချရကြောင်း သူတို့မြင်နိုင်ဖို့ ကူညီထောက်ပြပေးပါ။

## ▲ မှတ်သားရန်

- မာကု၊၅း၂၂။ ယာဣရုသည် အရေးပါသော ဂျူးတစ်ဦးဖြစ်သည်။ သူသည် တရားဇရပ်တွင် လူများကို သွန်သင်သောသူဖြစ်သည်။ ကျွန်ုပ်တို့ ဖတ်ရှုပြီးဖြစ်သော ဂျူးလူမျိုးခေါင်းဆောင်များနှင့် သူ ဘယ်လို ခြားနားသည်ကို ယှဉ်ကြည့်ပါ။

- မာကု၊၅း၂၅။ ဓမ္မဟောင်းပညတ်ချက်များအရ သွေးသွန်ခြင်းသည် အမျိုးသမီးကို ညစ်ညမ်း ရွံရှာစရာ ဖြစ်စေပါသည်။ အဓိပ္ပါယ်မှာ သူမသည် အခြားသူများနှင့်အတူ ဘုရားဝတ်ပြုခြင်းကို မလုပ်နိုင်ပါ။ လူများနှင့် သီးခြားနေရပါသည်။ လူများက သူ့ကို ဘာထင်ကြမလဲဟု စိုးရိမ်နေပါသည်။

## ဟောပြောချက်၊ မာကု၊၅း၂၁-၃၄

## ယေရှုကို ယုံကြည်ခြင်းသည် နှိမ့်ချခြင်းဖြစ်ပါသည်။

*- ဖတ်ရန် - မာကု၊၅း၂၂။*

ယာဣရုသည် အလွန်အရေးပါသောသူ ဖြစ်ပါသည်။ သို့သော် ယေရှုက အဆပေါင်းများစွာ သာလွန်၍ အရေးပါကြောင်းကို သူသိပါသည်။ ထို့ကြောင့် ယေရှု ရှေ့တော်၌ ပျပ်ဝပ်ခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့သည် အမှန်တကယ် ယေရှုကိုယုံကြည်လျှင် အလွန်နှိမ့်ချခြင်းရှိရမည်။ ကျွန်ုပ်တို့ ဘယ်လောက်ကောင်းကြောင်း တွေးတောကြမည် မဟုတ်ပါ။ ယေရှု ဘယ်လောက် ကောင်းမြတ်ကြောင်းကို တွေးမည်ဖြစ်သည်။ ကျွန်ုပ်တို့ ယေရှုထံချဉ်းကပ်၍ ဝတ်ပြုကိုးကွယ်ပြီး ကျွန်ုပ်တို့အပေါ် သနားခြင်းကရုဏာရှိဖို့ တောင်းလျှောက်မည်။

## အလွန်တရာလိုအပ်ခြင်းမှ ယေရှုကို ယုံကြည်ခြင်း ဖြစ်ပေါ်စေပါသည်။

*- မာကု၊၅း၂၃၊ ၂၅-၂၈။*

ဤလူများယေရှုကို ယုံကြည်ခြင်းမှာ ယေရှုကို လိုအပ်၍ဖြစ်သည်။ (သူတို့၏ကြီးမားသော လိုအပ်ချက်ကို ဖော်ပြပါ။ သူတို့လိုအပ်သောအရာများသည် သေးငယ်သောအရာ မဟုတ်ကြောင်းပြပါ။ သူ၏ အသက်တာအတွက်အရေးအကြီးဆုံးဖြစ်ပါသည်။)

သေးငယ်သောအရာများအတွက် ကူညီမစဖို့ ယေရှုကို တောင်းလျှောက်နိုင်ပါသည်။ သို့သော် ယေရှုက၊ ကျွန်ုပ်တို့၏အကြီးမားဆုံး လိုအပ်ချက်အတွက် ကြွလာ ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၌သေပြစ်ရှိပါသည်။ အလွန် ကြောက်မက်ဖွယ် ငရဲသို့ သွားရမည်ဖြစ်သည်။ သင်၏ အကြီးမားဆုံးသောလိုအပ်ချက်များနှင့် ယေရှုထံသို့ သွားပါ။ သင့်ကို ကယ်တင်ဖို့ ယေရှုကို တောင်းလျှောက်ပါ။

## ယေရှုတစ်ပါးတည်း၌သာယုံကြည်ခြင်း

ဤသူနှစ်ဦးက အခြားမည်သည့်အရာမှ သူတို့ကို မကူညီနိုင်ကြောင်း သိပါသည်။ ထိုအမျိုးသမီးသည် ဆရာဝန်များစွာထံသွားပြီးဖြစ်သည်။ ယာဣရုက သူ၏သမီး သေတော့မည်ကိုသိသည်။ ယေရှုတစ်ပါးတည်းသာ သူတို့၏မျှော်လင့်ချက်ဖြစ်ပါသည်။

သင်၏ တစ်ခုတည်းသော မျှော်လင့်ချက်မှာ "ယေရှု" ဖြစ်ပါသလား။ ဤစကြာဝဠာတစ်ခုလုံးတွင် ယေရှုတစ်ပါးတည်းသာ ကျွန်ုပ်တို့အပြစ်များမှ လွတ်မြောက်ပြီး စင်ကြယ်စေနိုင်သော အစွမ်းတန်ခိုး ရှိပါသည်။ ယေရှု တစ်ပါးတည်းသာ သေခြင်းနှင့်ငရဲမှ ကယ်တင်နိုင်ပါ သည်။ အခြားအရာများကို မယုံပါနှင့်။ ယေရှုတစ်ပါး တည်းဆီသို့သာသွားပါ။

## ယေရှုကိုယုံကြည်ခြင်းသည် ကျွန်ုပ်တို့အဖို့ ရှက်စရာမဟုတ်ပါ။

မာကု၊၅း၂၁၊ ၂၂ကိုဆင်ခြင်ပါ။ လူတစ်ဦးသည် ရုတ်တရက် လူအုပ်ကြားထဲ တိုးဝှေ့သွားသည်။ သူ၌ ယဉ်ကျေးမှုမရှိ။ တစ်ပါးသူ၏ထင်မြင်ချက်ကိုလည်း ဂရုမစိုက်ပါ။ ယခုပင် သူ ယေရှု လိုအပ်ပါသည်။

မာကု၊၅း၃၃ ဆင်ခြင်ပါ။ ပထမတွင် ထိုအမျိုးသမီးသည် ကြောက်ရွံ့ပါသည်။ မသန့်ရှင်းသော မိန်းမအပေါ် လူများ ဘယ်လို ရက်စက်ကြကြောင်းကို သူသိပါသည်။ သို့သော် ယခု သူယေရှုကို ယုံကြည်သည်။ ယေရှု သူ့အတွက် ဘာလုပ် ပေးသည်ကို ပြောဖို့ သူမရှက်ပါ။

*ယေရှုကို သင်ယုံကြည်လျှင် ရှက်ကြောက်မည် မဟုတ်ပါ။ ထိုအမျိုးသမီးကဲ့သို့ဖြစ်ကောင်းဖြစ်မည်။ သင်၌ လျှို့ဝှက်လိုသောစိတ် ရှိနိုင်ပါသည်။ သူတစ်ပါးကို အသိမပေးဘဲ ယေရှုတစ်ပါးတည်းကိုဘဲ တင်ပြချင်ပါသည်။ သို့သော် ယေရှုကသူ့ကြောင့် ကျွန်ုပ်တို့ ရှက်ကြောက်ခြင်းကို အလိုမရှိပါ။*

# ၂၀ ယုံကြည်ခြင်းဆိုင်ရာ အခြားသင်ခန်းစာများ

## နောက်ခံသမိုင်း

နောက်ဆုံးဟောပြောဖို့ နောက်ခံသမိုင်းကြောင်းကို ကြည့်ပါ။

မာကုက၊ ယေရှု၏အစွမ်းတန်ခိုးအကြောင်း ဘယ်လို ဖော်ပြသလဲဆိုတာကိုသတိရပါ။ ယေရှုက ကျွန်တော်တို့၏ရောဂါများ၊ နတ်ဆိုးများ၊ အပြစ်များ၊ ပင်လယ်နှင့်အရာအားလုံးကို ထိန်းချုပ်ထားသည်။

မာကု၊၅တွင် ယေရှု၏ အစွမ်းတန်ခိုးအကြောင်း ထပ်မံ၍သတိပြုပါ။ ယေရှုဘယ်လောက် တည်ငြိမ်သလဲ။ သေခါနီး မိန်းကလေးဆီသွားစဉ် ထိုအမျိုးသမီးကို စကားပြောဖို့ ရပ်တန့်နေခဲ့သည်။ ကြည့်ပါ။ ထိုအမျိုးသမီးက သူ့ရောဂါပျောက်ဖို့၊ ယေရှုဝတ်လုံကို တို့ဖို့သာ လိုအပ်ကြောင်းကိုမြင်ပါ။ ယေရှုက သေနေသောမိန်းကလေးကို ဘယ်လိုပြောကြောင်းနှင့် သူ့ကို လုံးဝသက်သာစေဖို့ ဘယ်လို လုပ်ကြောင်း မြင်ပါ။

## အဓိကအချက်

ယာဣရုနှင့်ထိုအမျိုးသမီးကဲ့သို့ ယေရှုကို ယုံကြည်ပါ။

## လုပ်ဆောင်ရန်

ယုံကြည်ခြင်းအကြောင်း သင်ခန်းစာအချို့ကို သင်တို့ကို ပေးထားပြီးဖြစ်သည်။ ဤသင်ခန်းစာများသည် ယာဣရုအကြောင်းမှ မှတ်သားရပါသည်။ ဤသင်ခန်းစာများကို သင်ကြားသောအခါ ပုံဥပမာများကို တကယ့် အသက်ဝင်လာအောင် ကြိုးစားပါ။ ယာဣရု၏ခံစားရပုံကို သင့်လူများ တွေးနိုင်ရန် ကူညီပေးပါ။

## မှတ်သားရန်

• မာကု၊၅း၃၉။ ယေရှုက၊ ထိုမိန်းကလေး အိပ်နေသည် ဟုပြောပါသည်။ ထိုမိန်းကလေး သေပြီဖြစ်ကြောင်း လူတိုင်းသိပါသည်။ သို့သော် သူ့အတွက် ဤအရာမှာ ပြဿနာမဟုတ်ကြောင်း ယေရှုဆိုလိုခြင်းဖြစ်သည်။ ယေရှု၌ သေသောသူကို ထစေနိုင်သော အစွမ်းတန်ခိုးရှိပါသည်။

[📖] – ယောဟန်၊ ၁၁း၁၁–၁၄

• မာကု၊၅း၄၃။ သူ၏နိမိတ်လက္ခဏာများ အကြောင်း တိတ်တဆိတ်နေရန် လူများကို ယေရှု မကြာခဏပြောပါသည်။ ယေရှုက သူ၏နိမိတ်လက္ခဏာများကြောင့် လူထုကြီးကို မထိတ်လန့်စေလိုပါ။ ဤနိမိတ်လက္ခဏာများသည် သူဘယ်သူလဲဆိုတာကို ပြလို၍ဖြစ်ပါသည်။ ယနေ့ဤအရာသည် ကျွန်ုပ်တို့အတွက် အရေးကြီးပါသည်။ နိမိတ်လက္ခဏာများကအဓိကမဟုတ်ပါ။ လူများသည် ယေရှုဘယ်သူလဲဆိုတာ သိလိုခြင်းထက် သူတို့ အနာရောဂါများကို ကုသပေးဖို့သာ ယေရှုကို လိုအပ်ကြပါသည်။ ဘုရားသားတော် ယေရှုသာလျှင် တစ်ပါးတည်းသော ကယ်တင်ရှင်ဖြစ်ကြောင်း သူတို့ ယုံကြည်ဖို့ လိုအပ်ပါသည်။

→ ဟောပြောချက်၊ မာကု၊၅း၃၅–၄၃

## ယေရှုကို ယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏ စောင့်မျှော်တတ်ရန် မစပါသည်။

သင်သည် ယာဣရုဖြစ်သည်ဟု စိတ်ကူးပါ။ သင်၏သမီးသေခါနီးနေပြီ။ ယေရှု သင့်အိမ်သို့လာမည်။ သို့သော် သူအလွန်နေးသည်။ လမ်းခုလပ်၌ အမျိုးသမီးတစ်ယောက်ကို စကားပြောဖို့ ရပ်တန့်လိုက်သည်။ ထို့နောက်သတင်းဆိုးကို သင်ကြားရသည်။ ''သင့်သမီးသေပြီ''။

ယာဣရု စောင့်ဆိုင်းနေရပါသည်။ ထိုစောင့်ဆိုင်းခြင်းက သူ့ကို ဘယ်လိုကူပေးသလဲ။ စောင့်ဆိုင်းခြင်းကို ဆိုးရွားစွာ ခံစားရသော်လည်း အမှန်မှာ ကောင်းသောအရာဖြစ်ပါသည်။ ယေရှုသူ၏ယုံကြည်ခြင်း ပို၍ခိုင်မာလာအောင်လုပ်ခြင်းဖြစ်ပါသည်။

>> *ကျွန်ုပ်တို့ မစောင့်ဆိုင်းလိုကြပါ။ သို့သော် ယေရှုကို ယုံကြည်ရမည်။ တစ်ခါတစ်ရံ၊ ယေရှုသည် ကျွန်ုပ်တို့ဆီကြွလာပြီး ကူညီဖို့ အလွန်နေးကွေးသည်ဟုထင်ရပါသည်။ သို့သော် ယေရှုကို ယုံကြည်ရပါမည်။ သင့်အတွက် ပို၍ ဆိုးရွားလာသောအခြေအနေဖြစ်နိုင်ပါသည်။ သို့သော် ယေရှုကိုယုံကြည်ရမည်။*

## ယေရှုကို ယုံကြည်ခြင်းသည် ကြောက်ရွံ့ခြင်းထက်ပို၍ ခိုင်မာပါသည်။

📖 – မာကု၊၅း၃၅၊ ၃၆ ဖတ်ပါ။

''သင့်သမီးသေပြီ''။ ယေရှု အရမ်းနောက်ကျသည်ဟု မြင်စရာရှိပါသည်။ သို့သော် ယေရှုက ဘာပြောသလဲ။

>> သူတို့၏ကြောက်ရွံ့ခြင်းများကို သင့်လူများအား စဉ်းစားခိုင်းပါ။ ယေရှု ကျွန်ုပ်တို့ကို ဘာပြောသလဲ မာကု၊၅း၃၆။

## ယေရှုကို ယုံကြည်ခြင်းဆိုသည်မှာ သူပြောတာကို ယုံကြည်ခြင်းဖြစ်သည်။

📖 – မာကု၊၅း၃၆ ကိုဖတ်ပါ။

ယာဣရုကြားသော အချက်(၂)ချက်ရှိပါ သည်။ ''သင့်သမီးသေပြီ''နှင့်''မစိုးရိမ်နှင့်'' တို့ဖြစ် သည်။ ယေရှုစကားကို ယုံကြည်ဖို့ စိတ်ချရရဲ့လား၊ ဟုတ်ပါသည်။ ဤအရာသည် မလွယ်ကူလှပါ။ သို့သော် ယေရှုသည် ဘယ်တော့မှ မုသားမပြောပါ။

>> ဘယ်လိုအချိန်မျိုးမှာ ယေရှုစကားကို ယုံကြည်ဖို့ ခက်ခဲပါသလဲ။ သင်ခံစားမှုရှိသည်အတိုင်း ယုံမည်လား(သို့) ယေရှုစကားအတိုင်း ယုံမည်လား။ ဘယ်အရာက စိတ်ချရသလဲ(အထောက်အကူရဖို့ ပုံဆောင်စကားကိုရှာထားပါ။ ဥပမာ ယေရှုစကားသည် ကြီးမားသော ကျောက်ဆောင်နှင့်တူသည်။ ပင်လယ်လှိုင်းများက ပတ်ပတ်လည်တွင် ရိုက်ခတ်သော်လည်း အစဉ်အမြဲ လုံခြုံစွာ မားမားမတ်မတ်ရပ်တည်နေပါသည်)

## ယေရှုကို ယုံကြည်ခြင်းက သင့်ကို ဘယ်တော့မှ စိတ်မပျက်စေနိုင်ပါ။

📖 – မာကု၊၅း၄၂ ကိုဖတ်ပါ။

ထိုမိန်းကလေးသေပြီးကြောင်း သတိရပါ။ သူ့ခန္ဓာကိုယ် အေးစက်နေသည်။ ဤအချိန်အထိ ယာဣရုက ယေရှုကို သူ၏သမီး သေခြင်းမှရှင်လာအောင် လုပ်ပေးဖို့ ယုံကြည်နေဆဲဖြစ်သည်။ သူ စိတ်ပျက်ခဲ့ပါသလား။ ချက်ချင်း မိန်းကလေး အသက်ရှင်လာပြီး၊ စားကောင်းသောက်ဖွယ်ရာများကို စားသည်။

>> ဘာတစ်ခုမှ ယေရှုအတွက် မခက်ခဲပါ။ မဖြစ်နိုင်သောအရာများပင် ဖြစ်လင့်ကစား ယေရှုကိုကျွန်ုပ်တို့ ယုံကြည်လို့ ရပါသည်။ ယေရှုကတိပေးပြီးဖြစ်လျှင် သူကျွန်ုပ်တို့ကို စိတ်ပျက်အောင်မလုပ်ပါ။

📖 – ၁ယော၊၅း၁၄၊၁၅

[?] လေ့လာချက်၊ မာကု၆း၁-၆

# ၂၁ ယေရှု၏မွေးရပ်မြေ

## ■ နောက်ခံသမိုင်း

မာကု၅ တွင် ယေရှုကို ယုံကြည်သောသူ (၃)ဦး အကြောင်း ဖော်ပြပါသည်။ လူအများစုမှာ ယေရှုကို မယုံကြည်ကြပါ။ သူ၏နိမိတ်လက္ခဏာများကို လိုလားသော်လည်း သူတို့ကို ကယ်တင်ရန် ဘုရားထံမှကြွလာကြောင်းကို မယုံကြည်ကြပါ။

မာကု၆ တွင် ယေရှုမွေးရပ်ဇာတိမြေမှ လူများပင် သူ့ကို အလိုမရှိကြကြောင်း တွေ့ရသည်။ စောစောက မာကု ဖော်ပြပြီးဖြစ်သည်။

📖 - မာကု၃း၂၀၊၂၁၊၃၁-၃၅။

လုကာက ယေရှု နာဇရက်မြို့သို့ လှည့်လည်ခြင်းအကြောင်း ပို၍ပြောပြပါသည်။ အဆုံး၌သူတို့သည် ယေရှုကို တောင်ပေါ်မှ တွန်းချဖို့ ကြိုးစားခဲ့ပါသည်။ 📖 - လုကာ၄း၁၆-၃၀။

## ⊡ အဓိကအချက်

ယေရှုကို ကောင်းကောင်းသိသော ထိုလူများသည် သူ့ကို အလိုမရှိပါ။

## ★ လုပ်ဆောင်ရန်

နာဇရက်မြို့မှ လူများကဲ့သို့ ကျွန်ုပ်တို့ ဘယ်လိုတူကြပါသလဲ။ ကျွန်ုပ်တို့ကလည်း ယေရှု မကောင်းကြောင်းကိုတော့ မပြောကြပါ။ သို့သော် ယုံကြည်ခြင်း အားနည်းကြပါသည်။ ယေရှု အကြောင်းများစွာသိသော်လည်း သူ့ကို လျစ်လျူရှုထားကြပါသည်။ သူတို့အပေါ် ယေရှုသည် အရှင်သခင်ဖြစ်သည်ကို မလိုလားကြပါ။ ကယ်တင်ပိုင်ရှင်အဖြစ်လည်း ယုံကြည်ကြမည်မဟုတ်ပါ။ ဤသင်ခန်းစာများအားဖြင့် သင့်လူများ ယုံကြည်ခြင်း ပေးသနားဖို့ ဘုရားသခင်ကို ဆုတောင်းပါ။

## ▲ မှတ်သားရန်

- မာကု၊၆း၁။ နာဇရက်မြို့သည် ယေရှု ကြီးပြင်းလာသော မွေးရပ်မြေ ဖြစ်ပါသည်။
- မာကု၊၆း၅၊၆။ ယေရှုသည် ထို နေရာ၌ နိမိတ်လက္ခဏာ လုပ်လို့မရသည့်အကြောင်းမှာ ထိုသူများ၏ယုံကြည်ခြင်းအားနည်းခြင်းကြောင့်ဖြစ်သည်။ ယေရှုက နိမိတ်လက္ခဏာများပြုခြင်းမှာ လူများ သူ့ကို ယုံကြည်ဖို့ အထောက်အကူဖြစ်ရန် ဖြစ်ပါသည်။ သူတို့မယုံကြည်ပါက ယေရှုနိမိတ်လက္ခဏာများ ပြုလုပ်မည်မဟုတ်ပါ။
- မာကု၊၆း၆။ ယေရှုက အံ့အားသင့်ပါသည်။ ယေရှုသည် ဘုရားစင်စစ်ဖြစ်ပြီး လူသားစင်စစ်လည်း ဖြစ်ပါသည်။ မြေကြီးပေါ်၌ လူသားဖြစ်သောကြောင့် အရာအားလုံးကို သူမသိပါ။ နာဇရက်မြို့အားဖြင့် သူအံ့အားသင့်ရခြင်း ဖြစ်ပါသည်။ ထိုသူများသည် ယေရှုအကြောင်း များစွာသိသော်လည်း မယုံကြည်ကြခဲ့ဖြစ်ပါသည်။ သူတို့၏နှလုံးသားများအလွန် ခိုင်မာသောကြောင့် ယေရှုအံ့သြခြင်းဖြစ်သည်။

## ➾ ဟောပြောချက်၊ မာကု၊ ၆း၁-၆

### ယေရှုအကြောင်းကို များစွာသိသောသူများ

📖 – ဖတ်ရန် – မာကု၊ ၆း၂-၃။

ယေရှုအကြောင်းသူတို့ဘာသိထားသလဲ။

- ယေရှု၏ သွန်သင်ချက်နှင့် ဉာဏ်ပညာက သူတို့ကို အံ့သြစေသည်။
- သူ၏အံ့ဖွယ်နိမိတ်လက္ခဏာများကို သိပါသည်။
- လက်သမားဘဝဖြင့် ကြီးပြင်းလာသော ယေရှုနှင့် အတူနေထိုင်ကြသောသူများဖြစ်ပါသည်။

ယေရှုနှင့်ပတ်သက်၍ အဆိုး မမြင်ကြပါ။ အားလုံးကောင်းပါသည်။ သူတို့သိသမျှ ယေရှု ကောင်းများသာဖြစ်သည်။ ယခုအထိ သူတို့ လက်မခံဘဲ ရှိနေဆဲဖြစ်သည်။ 📖 – မာကု၊ ၆း၃။

▷ *ယေရှုအကြောင်း သင်ဘာသိသလဲ။ အားလုံး အကောင်းချည်းဘဲလား။ အကြောင်းအရာတစ်ခုခုကများ ယေရှုကို မယုံကြည်ဝံ့အောင် ချောက်လှန့်ထားသလား။ ထိုသို့မဟုတ်ရင် ဘာကြောင့် ယေရှုကို သင်လက်မခံတာလဲ။*

*ယေရှုအကြောင်းပို၍ သိလေလေ၊ သူ့ကိုပို၍ ယုံကြည်လေလေဖြစ်ရမည်။ (ယေရှုကို ယုံကြည်ဖို့ အကြောင်းပြချက် များများပြောပြပါ)။ ယေရှု ကောင်းမြတ်ခြင်း မြောက်မြားစွာကို ကျွန်ုပ်တို့ သိပါသည်။ ဘာကြောင့် သင်သူ့ကို မယုံကြည်သလဲ။*

### ယေရှုကို မယုံကြည်သောသူများ

📖 – ဖတ်ရန် – မာကု၊ ၆း၃၊ ၆။

မာကုက၊ ထိုသူများယေရှုကို မယုံကြည်ရသည့်အကြောင်း ပြောပြပါသည်။ သူတို့မယုံကြည်လိုပါ။ ယေရှုကို သူတို့ သိပါသည်။ သူတို့ထက် ယေရှု သာလွန်ကောင်းမြတ်သည်ဟု မထင်ချင်ကြပါ။ လက်သမားတစ်ဦးက သူတို့ကို ဘယ်လို အသက်ရှင်ရမည်ဟု သွန်သင်တာကို မခံချင်ပါ။

သူတို့က ယေရှုဟာ သီးသန့်ဖြစ်ကြောင်း သိပါသည်။ သို့သော် မချစ်နိုင်သလို မယုံကြည်ကြပါ။ ဒါကြောင့် သူ့ကို မုန်းခြင်းဖြစ်သည်။

▷ *ဤလူမျိုးများနှင့် သင်တူနေမိပါသလား။ သင် ယေရှုအကြောင်း အရာရာကိုသိပေမဲ့ သင်၏အရှင်သခင်ဖြစ်စေဖို့ မလိုလားဘူးမဟုတ်လား။ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ။*

*သင်၏အားနည်းသော ယုံကြည်ခြင်းအတွက် ခွင့်လွှတ်ရန်ယေရှုကို တောင်းလျှောက်ဖို့ မလိုအပ်ဘူးလား။*

ယေရှုအကြောင်း မြောက်မြားစွာ သိထားသော်လည်း သူ့ကို မလိုလားကြခြင်းကို သင် ထိတ်လန့် နေပါသလား။ အကြောင်းမှာ လက်သမား ဖြစ်သော ယေရှုက သူတို့၏ဘဝနေထိုင်မှုကို သွန်သင်သောကြောင့်ဖြစ်သည်။ ယေရှုကို သူတို့၏ ဘုရင်အဖြစ်မလိုလားပါ။

[?] လေ့လာချက်၊ မာကု၊၆း၁-၁၃

# ၂၂ ယေရှုအကြောင်း လူတိုင်းကို ပြောပါ။

## ■ နောက်ခံသမိုင်း

မာကု၊၆း၁-၂၉က ယေရှု၏သတင်းအကြောင်းကို လူတို့မလိုလားသောအခါ ဘာဖြစ်သလဲ။

- မာကု၊၆း၁-၆ သူ၏မွေးရပ်ဇာတိမြေတွင် ယေရှု၌ ဘာတွေဖြစ်ပျက်ခဲ့ပါသလဲ။
- မာကု၊၆း၁၄-၂၉ ဟေရုဒ်ကို နောင်တရဖို့ပြောသောအခါ ဗတ္တိဇံဆရာယောဟန် ဘာဖြစ်သွားလဲ။
- မာကု၊၆း၆-၁၃ မှာ အလယ်ပိုင်းဖြစ်သည်။ တပည့်တော်(၁၂)ပါးက လူတွေကို နောင်တရဖို့နဲ့ ယေရှုကို ယုံကြည်ဖို့ ပြောသောအခါ သူတို့ ဘာဖြစ်သွားလဲဆိုတာကို ဤနေရာမှာဖော်ပြပါသည်။

## ▣ အဓိကအချက်

ယေရှုအကြောင်း သတင်းကောင်းကို လူတိုင်းအားပြောပြဖို့လို အပ်ပါသည်။ သို့သော် ထိုသို့ဖြစ်ဖို့ လူတိုင်းအပေါ် မျှော်လင့်မထားပါနဲ့။

## ★ လုပ်ဆောင်ရန်

ဤကဏ္ဍ၌ အချို့အကြောင်းအရာများသည် ယနေ့ကျွန်ုပ်တို့အတွက် အရေးကြီးပါသည်။ အခြားသောအကြောင်းအရာများသည် တပည့်တော် (၁၂) ပါးအတွက်သာဖြစ်ပါသည်။ ဘယ်အရာများက ယနေ့ ကျွန်ုပ်တို့အတွက်ဖြစ်ကြောင်း၊ သင်ဘယ်လိုပြောနိုင်သနည်း။ ကျွန်ုပ်တို့လုပ်ငန်းမှာ ခြားနားပြီး အတူတူဖြစ်ကြောင်းသတိရပါ။

"ခြားနား"သည်ဟု ပြောခြင်းမှာ တပည့်တော်များက ဂျူးလူမျိုးများကို ပြောခြင်းဖြစ်သည်။ လူများကို နောင်တရဖို့ပြောရခြင်းမှာ သူတို့ရှင်ဘုရင်ကြွလာသောကြောင့်ဖြစ်သည်။ ထိုသတင်းကောင်းကို တပည့်တော်များ ယူဆောင်လာသောကြောင့် ကြိုဆိုသင့်ပါသည်။ ကျွန်ုပ်တို့အတွက်မူကား ကျွန်ုပ်တို့ပြောမည့် လူများသည် များများနားမလည်ကြသေးပါ။ ကျွန်ုပ်တို့ စိတ်ရှည်ဖို့ လိုအပ်ပါသည်။

"အတူတူ"ဖြစ်သည်ဆိုခြင်းမှာ ယေရှုက သူ၏အသင်းတော်ကို ကမ္ဘာတစ်ဝန်းသွား၍ သတင်းကောင်း ဟောပြောဖို့ ပြောပါသည်။ လူတိုင်းယေရှုအကြောင်း သိဖို့လိုအပ်ပါသည်။ လူများကို ယေရှုအကြောင်းပြောသောအခါ ယေရှု ကျွန်ုပ်တို့နှင့်အတူရှိဖို့ ယုံကြည်ရန် လိုအပ်ပါသည်။ သို့သော် အစားအစာနှင့် ငွေကြေးမပါဘဲ သွားဖို့မလိုပါ။

## ▲ မှတ်သားရန်

- မာကု၊၆း၇ သူတို့ပြောသောယေရှုအကြောင်း မှန်ကန်ကြောင်း သက်သေပြနိုင်ဖို့ နတ်ဆိုးများကိုနိုင်သောအခွင့်ကို ယေရှုက ပေးခဲ့ခြင်းဖြစ်ပါသည်။ သမှာကျမ်းသည် ကျွန်ုပ်တို့၌ရှိသောကြောင့် ကျွန်ုပ်အတွက်မူ ခြားနားပါလိမ့်မည်။ ယေရှုအကြောင်း ဘုရားသခင် ဖော်ပြချက်များကို သင့်လူများ ပြောပြရပါမည်။
- မာကု၊၆း၁၁။ တစ်ပါးအမျိုးသားတို့နေသောမြို့မှ ထွက်ခွာသောအခါ ယေရှုသည် မြေမှုန့်ကို ခါပစ်လေ့ရှိသည်။ သို့သော် ဤနေရာ၌ ယေရှု သတင်းကောင်းကို မယုံကြည်သော ဂျူးများကို ဘုရားသခင် အဘယ်ကဲ့သို့ စဉ်းစားကြောင်း ထောက်ပြထားသည်၊ ထိုလူများသည် ဘုရား၏လူများ မဟုတ်ကြကြောင်း ဘုရားက ဖော်ပြလိုပါသည်။

➡ ဟောပြောချက်၊ ဟကုဖ်-၁၃

**ယေရှုအကြောင်းလူတိုင်းကိုပြောပါ။**

📖 – ဖတ်ရန် – မာကု၊၆း၇၊၁၂။

• မာကု၊၆း၆၊ ကျေးရွာများသို့ ယေရှုလှည့်လည်သည်။

• မာကု၊၆း၇၊ ယေရှုက တပည့်တော်များကို ကျေးရွာများသို့ စေလွှတ်ပါသည်။

ယေရှုက တပည့်တော်များ လုပ်ရမည့်အလုပ်ကို ဖော်ပြပြီး၊ ထိုသို့ လုပ်ဆောင်ရန် စေလွှတ်ပါသည်။ ယေရှုကဲ့သို့ပင် အနာငြိမ်းစေခြင်းနှင့် နတ်ဆိုးများကို မောင်းထုတ်နိုင်သော အစွမ်းတန်ခိုးရှိကြပါသည်။ ယေရှုသည် ဘုရားထံမှ ကယ်တင်ပိုင်ရှင်ဖြစ်ကြောင်း လူတိုင်း သိရမည်။ လူများ နောင်တရ၍ ယေရှုကို ယုံကြည်ရမည်။

ယေရှု၏အဓိကတာဝန်မှာ ကျွန်ုပ်တို့အပြစ်များအတွက် အသေခံရန်နှင့် ရှင်ပြန်ထမြောက်ရန်ဖြစ်ပါသည်။ ယေရှုက ကျွန်ုပ်တို့(တပည့်တော်များ)ကို ပေးသောတာဝန်မှာ ယေရှုအကြောင်း လူတိုင်းကို ပြောပြဖို့ပဲဖြစ်ပါသည်။

ဂျူးလူမျိုးများအားလုံးသည် သူတို့၏ ကယ်တင်ရှင် ကြွလာပြီဖြစ်ကြောင်း သိဖို့လိုအပ်ပါသည်။ ကယ်တင်ရှင်ကြွလာပြီးကြောင်း ကမ္ဘာပေါ်ရှိ လူတိုင်းသိဖို့လိုအပ်သည်။

⊠ သင်နေသောမြို့(သို့) ကျေးရွာတွင် လူတိုင်း ယေရှုအကြောင်း သိရှိကြပါသလား။ အနီးအနားရှိလူတိုင်း ယေရှုအကြောင်း သိရှိကြပါသလား။ ယေရှုခရစ်တော်၏ သမ္မာတရားကို သူတို့သိရှိပါသလား။

⊠ ယေရှုအကြောင်း သူတို့သိဖို့ လိုအပ်ပါသည်။ ဘယ်လိုလူမျိုးများကို ပြောဖို့အကောင်းဆုံးလဲ။

*မဿဲ ၂၈း၁၈–၂၀။*

**သတင်းကောင်းကို လူတိုင်း နှစ်သက်မယ်လို့ မျှော်လင့်မထားပါနဲ့။**

📖 – ဖတ်ရန် – မာကု၊၆း၁၁။

ယေရှုအကြောင်း လူများကို ပြောပြရန် လွယ်လှသည်ဟုမထင်ပါနှင့်။

လူများသည် ယေရှုကို မကြိုဆိုပါက တပည့်တော်များကိုလည်း ကြိုဆိုမည်မဟုတ်ပါ။ လူများစွာသည် မိမိတို့အပြစ်များမှ နောင်တရ၍ ခရစ်တော်ကို ယုံကြည်ဖို့ မလိုလားကြပါ။ ကျွန်ုပ်တို့ ထွက်သွားဖို့ ခွင့်ပန်မည် (သို့) ကျွန်ုပ်တို့ကို ရိုက်နှက်ကြမည်။

• ထိုကြောင့် ထိုသတင်းကိုလွယ်ကူသွားအောင် လုပ်ဖို့ ပြောင်းပစ်သင့်ပါသလား။

• လူများက မသိချင်သောကြောင့်၊ ယေရှုအကြောင်းပြောနေခြင်းကို ရပ်တန့်သင့်ပါသလား။

မဟုတ်ပါ။ လူများ ကျွန်ုပ်တို့ မြို့(သို့)ရွာသို့လာခြင်းမှာ ယေရှုအကြောင်းပြောရန်ဖြစ်ကြောင်း သတိရပါ။ လွယ်ကူသောအရာမဟုတ်သော်လည်း သူတို့အရှုံးမပေးပါ။ ထို့ကြောင့် ယနေ့ ကျွန်ုပ်တို့ ယေရှုအကြောင်းသိရပါသည်။ (ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ခုကိုပြောပြပါ)

မာကု၊၆း၁၁တွင် ယေရှုက သူ၏ တပည့်တော်များအား သူတို့ကို မလိုလားသော မည်သည့်ရွာမဆို စွန့်ပစ်ဖို့ ပြောပါသည်။ ယေရှုကို ငြင်းဆန်ခြင်းမှာ အမြဲမှားယွင်းပါသည်။ သို့သော် ကျွန်ုပ်တို့ ယခုပြောနေသော လူများသည် ထိုဂျူးများနှင့် ခြားနားပါသည်။ အမှန်တရားကို သူတို့ မသိကြပါ။ ကျွန်ုပ်စိတ်ရှည်ရမည်။ ကျွန်ုပ်တို့ကို ရိုက်နှက်ပါကလည်း ကျွန်ုပ်တို့ဖက်က အဆင်သင့် ဖြစ်နေရပါမည်။

# ၂၃ ဟေရုဒ်နှင့် ဗတ္တိဇံဆရာယောဟန်

## ■ နောက်ခံသမိုင်း

မာကု၊၆း၁–၂၉ တွင် လူများက ယေရှု၏ သတင်းကို မလိုလားလျှင် ဘာဖြစ်သလဲဆိုသည့် အကြောင်းကို ပြောထားပါသည်။

📖 – မာကု၊၆း၁–၆ ယေရှု၏မွေးရပ်မြို့တွင် သူ ဘာဖြစ်သလဲ။

📖 – မာကု၊၆း၆–၁၃ လူများကို နောင်တရ၍ ယေရှုကို ယုံကြည်ဖို့ ပြောသောအခါ တပည့်တော် (၁၂)ပါး ဘာဖြစ်မလဲ။

📖 – မာကု၊၆း၁၄–၂၉ ဟေရုဒ်မင်းကို နောင်တရဖို့ပြောသောအခါ ဗတ္တိဇံဆရာယောဟန် ဘာဖြစ်လဲ။ နောင်တရဖို့ငြင်းဆိုပြီးနောက် ဟေရုဒ် ဘာဖြစ်သလဲ။

## ● အဓိကအချက်

နှိပ်စက်ခံဖို့ အသင့်ပြင်ထားပါ။ ဗတ္တိဇံဆရာ ယောဟန် ကဲ့သို့ဖြစ်ရမည်။ နောင်တရဖို့ လျင်မြန်ပါစေ။ ဟေရုဒ်ကဲ့သို့မဖြစ်ပါနှင့်။

## ★ လုပ်ဆောင်ရန်

လူအများစုက ဤဟေရုဒ်အကြောင်း သိကြမည် မဟုတ်ပါ။ သူတို့နားလည်အောင် သင်ဘယ်လို ကူညီမလဲဆိုတာ စဉ်းစားပါ။ လူတစ်ဦးချင်းကို ယောဟန်၊ ဟေရုဒ်၊ ဟေရောဒိ၊ ဟေရောဒိ၏သမီး အကြောင်း တစ်ယောက်တစ်ပိုဒ်စီ ဖတ်ခိုင်းပါ။ ထိုသူ တစ်ဦးစီ၏ အကြောင်းကို သူတို့မဖတ်ခင် ကြိုပြောပါ။

## ▲ မှတ်သားရန်

• မာကု၊၆း၁၆၊ ဟေရုဒ် ထိတ်လန့်နေပါသည်။ သူ အမှားလုပ်မိကြောင်း သူသိပါသည်။ ယေရှုက နိမိတ် လက္ခဏာများ ဘာကြောင့် လုပ်ရသည်ကို ဟေရုဒ် မသိနိုင်ပါ။ ယောဟန်က ယေရှုအကြောင်း အသေအချာ ပြောပြီးဖြစ်ပါသည်။ ယေရှုထံမှ ဝေးကွာသွားလျှင် ကျွန်ုပ်တို့သည်လည်း မျက်စိကန်း သူများကဲ့သို့ အမှန်တရားကို သိရှိနိုင်မည်မဟုတ်ပါ။ ဟေရုဒ်အကြောင်း ဆက်ဖတ်ပါ။ – လုကာ၊ ၂၃း၈–၁၂။ တမန်၊၁၂း၂၃။

• မာကု၊၆း၁၇။ ဗတ္တိဇံဆရာယောဟန် အကြောင်းကို လပေါင်းများစွာ ကြိုပြီး ဖြစ်ပျက်ခဲ့ခြင်း ဖြစ်သည်။ မာကုက ဤအကြောင်းကို ထည့်သွင်းရခြင်းမှာ သစ္စာရှိသော ဟောပြောသူ၏နမူနာကို ပြောလိုခြင်းဖြစ်သည်။ လူများကို နောင်တရဖို့ ပြောရန်မလွယ်ကူပါ။

ဟောပြောချက်၊ မာကု၊၆း၁၄–၂၉

**နှုတ်ကပတ်တရားကို မပြောင်းပစ်ရပါ။**

– ဖတ်ရန် – မာကု၊၆း၁၇–၁၈။

ယေရှုအတွက် အသေခံသော ခရစ်ယာန်တစ်ဦး၏ဖြစ်ရပ်မှန်ကို ပြောပြပါ။ ထိုခရစ်ယာန် ဘာကြောင့် သေရသလဲ။ အကြောင်းမှာ၊ အမှန်တရားကို ပြောသောကြောင့် ဖြစ်သည်။ သူ့အသက် အန္တရာယ်မှလွတ်ဖို့ ထိုသတင်းစကားကို မပြောင်းပစ်ရပါ။

ဗတ္တိဇံဆရာယောဟန် သေရခြင်းမှာ အမှန်တရားကို ပြောသောကြောင့်ဖြစ်သည်။ (*ထိုအကြောင်းအရာကိုပြောပြပါ။ ဟေရုဒ်ဘုရင်ကို သူလုပ်တာမှားကြောင်း ထောက်ပြဖို့ ဘယ်လောက် ခက်ခဲလှသည်ကို တွေးကြည့်ပါ(မာကု၊၆း၁၈)။ ယောဟန် အချုပ်ထဲကျပုံကို တွေးကြည့်ပါ။ သူ လွတ်မြောက်ချင်ပါသည်။ မကြာခင် ဟေရုဒ် အခေါ်ခံရအုံးမည်ကိုသိသည်။ အကယ်၍သာ ယောဟန်က ဟေရုဒ်ကို ကောင်းတဲ့အကြောင်း ပြောပြပါက သူ့ကို လွှတ်ကောင်းလွှတ်လိမ့်မည်။*)

သို့သော် ယောဟန်က သတင်းကောင်းအကြောင်းကို မပြောင်းပစ်ပါ။ သူက ဟေရုဒ်ကို မှားကြောင်း ထောက်ပြ၍ နောင်တရဖို့ပြောပါသည်။ ထို့ကြောင့် နောက်ဆုံးတွင် ဟေရုဒ်က ယောဟန်ကို ခေါင်းဖြတ်ခဲ့ခြင်းဖြစ်ပါသည်။

*ဤအကြောင်းက သင့်ကို ထိတ်လန့် စေပါသလား။ သို့မဟုတ် သင့်ကို ခိုင်ခံ့စေဖို့ အထောက်အကူပြုပါသလား။*

*သတင်းစကားကို ပြောင်းပစ်ပါက လူများ ကျွန်ုပ်တို့ကို နာကျင်အောင်လုပ်မှာ မဟုတ်ပါ။ သို့သော်၊ ယေရှုအကြောင်း အမှန်တရားကိုလည်း ကြားရကြမည် မဟုတ်ပါ။ ဤအတွက်လည်း ယေရှု စိတ်ကျေနပ်မှု ရှိမည်မဟုတ်ပါ။ (မဿဲ၊ ၅း၁၀–၁၂)။*

**နှုတ်ကပတ်တော်ကသာ ကျွန်ုပ်တို့ကို ပြောင်းလဲစေသည်။**

၁။ ဟေရုဒ်သည် နားထောင်ချင်သော်လည်း မပြောင်းလဲချင်ပါ။ – မာကု၊၆း၂၀

ယောဟန်က ဟေရုဒ်ကို ယေရှု အကြောင်းအတော်များများ ပြောပြထားပြီးကြောင်း သေချာပါသည်။ ဟေရုဒ်က ထိုအကြောင်းအရာကို ကြားချင်ပါသည်။ သို့သော် သူ့ညီ၏မယား ဟေရုဒီကိုလည်း လက်မလွှတ်လိုပါ။ သူ ယေရှုကို မယုံကြည်လိုခြင်းမှာ မပြောင်းလဲလို၍ ဖြစ်ပါသည်။

*သင်လည်း ထိုနည်းတူလား။ ယေရှုအကြောင်းကို သင် နားထောင်ချင်ပါသည်။ ဘုရားကျောင်းလာပါ သည်။ သို့သော် ဘယ်လိုဒုစရိုက်မျိုး သင်ပြုလိုသလဲ။ ယေရှုနောက်လိုက်ဖို့ ဘယ်အရာတွေက ဟန့်တားထိန်းချုပ် ထားပါသလဲ။*

၂။ ဟေရုဒ်မင်းကြီးက ယောဟန်ကို သဘောကျသည်။ သို့သော် သူသတ်လိုက်ပါသည်။

– မာကု၊၆း၂၇။

ဟေရုဒ်က ယောဟန်ကို ဘာဖြစ်လို့ သတ်ရသလဲ။ အကယ်၍ ဟေရုဒ်က ယောဟန်ပြောသော သတင်းစကားကို နားထောင်ခဲ့ရင် သူ ယောဟန်ကို သတ်ပါ့မလား။ ယေရှုကို လက်ခံမည့် အစား ကျွန်ုပ်တို့၌ အပြစ်ဒုစရိုက်ပြုဖို့သာ ရွေးချယ်သောအခါ ဘာဖြစ်သလဲ။

ဟေရုဒ်၏နှလုံးသားမှာ အလွန် မာကျောလှသဖြင့် ဘုရားသခင်၏ ပရောဖက်ကိုပင်သတ်ခဲ့ပါသည်။

ယေရှုကို ယုံကြည်သည်ဟု ပြောသူများကို သင် သိပါသလား။ နှစ်ပေါင်းများစွာ ကတည်းက ဘုရားကျောင်းသို့ လာကြသော်လည်း သူတို့ အပြစ်များကို မစွန့်ပစ်ချင်ပါ။ သူတို့ ယေရှုကို ချစ်တာလား။ ယခု ဘုရားစကားကို နားထောင်ပါသလား။

ဟေရုဒ်ကဲ့သို့မဖြစ်ပါနှင့်။

[?] လေ့လာချက်၊ မာကု၊ ၆း၃၀-၄၄

## ၂၄ လူငါးထောင်ကို ယေရှုကျွေးမွေးခြင်း

### ■ နောက်ခံသမိုင်း

မာကု၊ ၆း၁-၂၉က ယေရှု၏ သတင်းစကားကို လူများ မလိုလားသောအခါ ဖြစ်ပျက်လာသည့် အခြေအနေကို ဖော်ပြထားပါသည်။

ယခု၊ တပည့်တော်များ ဝေဝေလီခရီးစဉ်မှ ပြန်လာကြပါသည်။ 📖 - မာကု၊ ၆း၇၊ ၃၀

ခရီးစဉ်မှာ အလွန်အောင်မြင်ပုံရပါသည်။ လူများစွာက ယေရှုကို တွေ့မြင်လိုသည်။ ယေရှုနှင့် တပည့်တော်များက နားနေဖို့ရန် တိတ်ဆိတ်ငြိမ်သက်သောနေရာကိုရှာဖွေကြပါသည်။ သို့သော် မိုင်ချီဝေးသောနေရာမှ လူထောင်ပေါင်းများစွာသည် အိုင်နားတွင် ယေရှုကိုတွေ့ရန် အပြေးအလွှားလာကြပါသည်။📖 - မာကု၊ ၆း၃၀-၃၃။

သူတို့ဘာလိုချင်လို့လဲ။ ယေရှု၏သတင်းစကားအကြောင်းကို လိုချင်လို့လား (သို့မဟုတ်) နိမိတ်လက္ခဏာများကိုသာ အလိုရှိကြတာလား။

### ▣ အဓိကအချက်

ယေရှုက နိမိတ်လက္ခဏာများကို ပြုလုပ်သူ သက်သက်သာမဟုတ်ပါ။ ကျွန်ုပ်တို့ အမှန်တကယ် လိုအပ်သောအရာများကို မြင်တွေ့ဖို့ ကြွလာခြင်း ဖြစ်ပါသည်။

### ★ လုပ်ဆောင်ရန်

ဤအပိုင်းကို သင်ကြားဖို့ ခက်ခဲပါသည်။ အကြောင်းမှာ ယေရှုက စကားအားဖြင့်လည်းကောင်း၊ လက်တွေ့အားဖြင့် လည်းကောင်း ဟောပြောသောကြောင့်ဖြစ်ပါသည်။ နိမိတ်လက္ခဏာများက တစ်စုံတစ်ရာ အဓိပ္ပါယ်ကိုဆောင်ပါသည်။

📖 - မာကု၊ ၆း၅၂။

ယောဟန် ၆ ကို ဂရုစိုက်လေ့လာခြင်းဖြင့် ဤနိမိတ်လက္ခဏာများအကြောင်းကို ပို၍နားလည်ပါလိမ့်မည်။

ယေရှုအကြောင်းထက် မုန့်နှင့် ငါးအကြောင်းကို ပို၍ပြောပြပါ။ အဘယ်ကြောင့်ဆိုသော် ထိုနိမိတ်လက္ခဏာသည် ယေရှု ဘယ်သူဖြစ်ကြောင်း ထင်ရှားစေပါသည်။

### ▲ မှတ်သားရန်

• မဿဲ၊ မာကု၊ လုကာနှင့်ယောဟန် အားလုံးမှာ နိမိတ်လက္ခဏာများ အကြောင်းကို ပြောထားပါသည်။ ဤအရာများ အရေးကြီးကြောင်း ဖော်ပြပါသည်။

• မာကု၊ ၆း၃၁။ တပည့်တော်များ အနားယူဖို့ လိုအပ်ပါသည်။ သို့သော် လူအုပ်ကြီး၏ လိုအပ်မှုသည် ပို၍ကြီးမားပါသည်။

• မာကု၊ ၆း၃၄။ သိုးထိန်းသည် သိုးများကို ထိန်းကျောင်းသောသူဖြစ်သည်။ သိုးထိန်းက၊ သိုးများကို မပျောက်ဆုံးဘဲ ဦးဆောင်ရပါသည်။

• မာကု၊ ၆း၃၇။ ယေရှု၌ တပည့်တော်များကို သွန်သင်ပေးဖို့ သင်ခန်းစာများစွာ ရှိပါသည်။ သူတစ်ပါးတည်းသာ ဤလူအုပ်ကြီးကို ကျွေးမွေးနိုင်ကြောင်း သူတို့ကိုမြင်စေလိုခြင်း ဖြစ်ပါ သည်။ နိမိတ်လက္ခဏာများ မြင်ပြီးနောက် သူတို့ ယေရှုကို ပို၍ ယုံကြည်လာသလား။

📖 - မာကု၊ ၆း၄၅-၅၂ ဖတ်ပါ။

## ဟောပြောချက်၊ မာကု၊၆း၃၀-၄၄

## ကျွန်ုပ်တို့၌ မည်သည့်အရာ လိုအပ်ပါသနည်း။

– ဖတ်ရန် – မာကု၊၆း၃၄။

နောက်ဆုံးနေ့တွင် လူများ စားစရာလိုအပ်ပါသည်။ ထိုနေရာတွင် အစာအလုံအလောက်ရဖို့ လမ်းမရှိပါ။ ထို့ကြောင့် ဤအံ့ဖွယ် နိမိတ်လက္ခဏာကို ယေရှု ပြုခဲ့ပါသည်။

သို့သော် လူများ၏လိုအပ်ချက်မှာ အစာစားရဖို့ထက် ပိုပါသည်။ ယေရှု ထိုလူအုပ်ကြီးကို ကြည့်လိုက်သောအခါ ဘာမြင်သလဲ။ – မာကု၊၆း၃၄။

သူတို့သည် လမ်းပျောက်သောသိုးများကဲ့သို့ ဖြစ်နေသည်။ သူတို့၏အသက်တာမှာ ဦးတည်ရာမဲ့ ဖြစ်နေပါသည်။ မှန်သောလမ်းကိုလိုက်ဖို့ ပြောပြရန် သိုးထိန်းမရှိပါ။ တစ်ဦးနောက်တစ်ဦး လိုက်နေကြပါသည်။ နောက်ဆုံးတွင် စိတ်လှုပ်စရာ အကောင်းဆုံးသောသူ၏နောက်ကိုသာ လိုက်ကြပါသည်။ ဆိုလိုသည်မှာ နိမိတ်လက္ခဏာများကိုပြုသော အံ့ဖွယ်လူသားတစ်ဦးဖြစ်ပါသည်။

သူတို့ ဘာလိုချင်ကြပါသနည်း။ ယေရှုသည် ကေန်အမှန် မည်သူဖြစ်ကြောင်း သိချင်ပါသည်။ ယေရှုသည် လမ်းခရီး၊ သမ္မာတရားနှင့်အသက် (ယော၊၁၄း၆)ဖြစ်ကြောင်း သူတို့သိဖို့ လိုအပ်သည်။ ယေရှုသည် သူ၏သိုးများအတွက် အသက်စွန့်သော သိုးထိန်းဖြစ်ကြောင်း သူတို့သိဖို့ လိုအပ်ပါသည်။

*ထိုလူများနှင့် သင်တူနေပါသလား။ လူအုပ်ကြီးနောက်ကိုသာ လိုက်နေပါသလား။ နောက်ဆုံးပေါ် စိတ်လှုပ်ရှားဖွယ်ရာ သွန်သင်မှုနောက်ကို လိုက်နေသလား။ နိမိတ်လက္ခဏာများကိုသာ မြင်ချင်ပါသလား။ ယေရှု မည်သူ ကေန်အမှန်ဖြစ်ကြောင်း သင်သိဖို့ လိုအပ်ပါသည်။ (အပြစ်သားများ၏ ကယ်တင်ပိုင်ရှင်၊ ကျွန်ုပ်တို့ အသက်တာ အရှင်သခင်ယေရှုအကြောင်းကို ပြောပါ။)*

## ယေရှု ဘာပေးသလဲ။

သူတို့လိုချင်သောအရာများကို ယေရှု ပေးခြင်းမဟုတ်ပါ။ လူတို့ လိုအပ်သောအရာများ ကိုလည်း ပေးပါသည်။

- ယေရှု သူတို့ကို စားစရာပေးပါသည်။သူတို့ ဆာလောင်နေသည်ကို ဂရုစိုက်ပါသည်။
- ယေရှုသူတို့ကို သွန်သင်မှုပေးပါသည်။

– မာကု၊၆း၃၄ အမှန်တရားကို သူတို့ကြားဖို့ လိုအပ်ပါသည်။

- ယေရှုက သူတို့ကို အထူးအံ့ဖွယ် နိမိတ်လက္ခဏာများ ပေးပါသည်။ သူတို့ ဝမ်းဗိုက်ပြည့်ဖို့ သက်သက်မဟုတ်ပါ။ သူတို့ကို စိတ်လှုပ်ရှားအောင် လုပ်ဖို့ သက်သက်မဟုတ်ပါ။ ယေရှု ဘယ်သူလဲဟု မြင်ဖို့ဖြစ်ပါသည်။ သူတို့ကို သွန်သင်ဖို့ အမှတ်လက္ခဏာဖြစ်ပါသည်။ လမ်းပျောက်နေသော သိုးများကို ယေရှုထံသို့ လမ်းညွှန်ပေးသည့် လမ်းညွှန်အမှတ်အသားနှင့်တူပါသည်။

ဤနိမိတ်လက္ခဏာက၊ လူများကို ကျမ်းစာထဲရှိ အခြားနိမိတ်လက္ခဏာများကို စဉ်းစားစရာဖြစ်စေပါသည်။ ကန္တာရထဲ၌ ဣသရေလများကို ကောင်းကင်မှ မုန့်ချပေးသကဲ့သို့ ယေရှုက သူတို့ကို စားစရာပေးပါသည်။ ယောဟန်က၊ အဲဒီနောက် ယေရှုဘာပြောသည်ကို ဖော်ပြထားပါသည်။ ယေရှုက ငါသည် အသက်မုန့်ဖြစ်သည်ဟု ပြောပါသည်။ – ယောဟန်၊၆း၃၂-၃၆။

*နိမိတ်လက္ခဏာများက၊ ဘယ်တော့မှ ကျွန်ုပ်တို့ကို စိတ်ကျေနပ်မှုမပေးနိုင်ပါ။ မကြာခင်၊ ကျွန်ုပ်တို့ ဆာလောင်မည် သာဖြစ်သည်။ သို့သော် ယေရှုက ကျွန်ုပ်တို့ အမှန်လိုအပ်သောအရာများကို မြင်တွေ့ဖို့ ကြွလာပါသည်။ ကျွန်ုပ်တို့ သူ့ကို လိုအပ်ပါသည်။ သူသည် အသက်မုန့်ဖြစ်သည်။ သူကသာလျှင် ကျွန်ုပ်တို့ကို အစဉ်အမြဲစိတ်ကျေနပ်မှု ရှိစေပါသည်။*

? လေ့လာချက်၊ မာကု၊၆း၄၅–၅၆

# ၂၅ မာကျောသော နှလုံးသားများ

## နောက်ခံသမိုင်း

မာကု(၃)တွင် ယေရှုသည် သူ၏တပည့်တော် (၁၂)ပါးကို ခေါ်ခဲ့ပါသည်။ ယေရှုက အကြောင်းအရာများစွာကို သွန်သင်ပေးပါသည်။ သူ မည်သူဖြစ်ကြောင်း သူတို့ကို သိစေလိုသည်။ သူတို့၏ မေရှိယအရှင် ယေရှု ကြွလာမည်ဖြစ်သောကြောင့် အခြားလူများကို နောင်တရဖို့ပြောရန် စေလွှတ်ပါသည်။

ဂျူးလူမျိုးခေါင်းဆောင်များစွာက ယေရှုကို ဆန့်ကျင်ကြကြောင်း မာကု ဖော်ပြပါသည်။ လူအုပ်ကြီးက ယေရှုကို ချစ်ကြသော်လည်း အများစုမှာ သူ၏ နိမိတ်လက္ခဏာများကိုသာ လိုလားကြပါသည်။ တပည့်တော်များပင်လျှင် ယေရှုကိုယုံကြည်ဖို့ အလွန်နှေးကွေးလှပါသည်။

📖 – မာကု၊၄း၃၅–၄၁ နှင့် မာကု၊၆း၄၅–၅၂ တပည့်တော်များ ထိပ်မံ၍ ကြောက်ရွံ့ကြပါသည်။ ယခုအချိန်အထိ ယေရှုဘယ်သူလဲဆိုတာ သူတို့ နားမလည်ကြပါ။ ထိုအကြောင်းကို မာကု၊၆း၅၂က ပြောထားပါသည်။

## အဓိကအချက်

ယေရှုအကြောင်း မြောက်မြားစွာ ကျွန်ုပ်တို့ သိနိုင်သော်လည်း မာကျောသောနှလုံးသားများ ရှိနေကြဆဲဖြစ်သည်။ ကျွန်ုပ်တို့ကိုယ်တိုင် ယေရှုကို ယုံကြည်ဖို့လိုအပ်ပါသည်။

## လုပ်ဆောင်ရန်

ကျွန်ုပ်တို့ နှလုံးသားများ မာကျောနေသောအခါ၊ အမှန်တရားကို မြင်ရဖို့ခက်ခဲပါသည်။ တပည့်တော်များကဲ့သို့ပင်၊ ကျွန်ုပ်တို့ ယေရှုကို ချစ်သည်ဟု ကိုယ့်ကိုယ်ကိုထင်ကြသည်။ ဘုရားကျောင်းကိုလည်း လာကြသည်။ သို့သော် ယေရှုကို ကယ်တင်ရှင်အဖြစ် မယုံကြည်လျှင် ကျွန်ုပ်တို့ နှလုံးသားများမှာ မာကျောခိုင်မာလာသည်။ (မာကျောသောနှလုံးသားက ဘာလဲဆိုတာ ရှင်းပြရန် ရုပ်ပုံကားချပ်ကို ရှာထားပါ။ ဘုရား နှုတ်ကပတ်တော် ကျွန်ုပ်တို့ကို စကားပြောသောအခါ ကျွန်ုပ်တို့ မပြောင်းလဲကြောင်းကို ဆိုလိုပါသည်။)

## မှတ်သားရန်

- မာကု၊၆း၄၈။ စတုတ္ထမြောက်မြင်ကွင်း
  နံနက် ၃နာရီနှင့် ၆နာရီအကြားဖြစ်သည်။
- မာကု၊၆း၄၉။ 'တစ္ဆေ'လူသေနှင့်တူသောဝိညာဉ်
- မာကု၊၆း၅၂။ သူတို့နှလုံးသား မာကျောလာသည်။ အချို့ကျမ်းပိုဒ်များ၌ သူတို့စိတ်နှလုံးမှောင်မိုက်၍
  နားမလည်နိုင်ကြဟုပြောသည်။
- မာကု၊၆း၅၃–၅၆။ ယေရှုသည် အလွန်ကျော်ကြားသူဖြစ်သည်။ လူများစွာကသူတို့ကို ကုသပေးစေလို သည်။ ယေရှု ကောန်အမှန် မည်သူဖြစ် ကြောင်း နားမလည်ကြပါ။ သူဘာကြောင့် ကြွလာခဲ့သည်ကို သူတို့မမြင်ပါ။ သူတို့ကို ကုသပေးဖို့သာ လိုလားကြပါသည်။

## ⇒ ဟောပြောချက်၊ မာကု၊၆း၃၅-၅၆

### သူတို့ကြောက်ရွံ့ကြသည်။

📖 - ဖတ်ရန် - မာကု၊၆း၅၀။

ယေရှုသည် လှေအုပ်ကြီးကိုချန်ထားပါသည်။ (သူသည် မည်သူဖြစ်ကြောင်း နားမလည်ကြသောသူများ) ယေရှုသည် တပည့်တော်များကို ချန်ထားခဲ့ပါသည်။ (သူမည်သူဖြစ်ကြောင်း နားမလည်သောသူများ)။ ယေရှုတစ်ဦးတည်း သူ့အဘကို ဆုတောင်းပါသည် (အရာအားလုံးကိုသိသူ)။ ထို့နောက် တပည့်တော်များ ထပြန်သွား၍ သူဘယ် သူလဲဆိုတာ ထပ်မံ သင်ကြားပေးပါသည်။ အိုင်ပေါ်တွင် ဖြစ်သောအရာများမှာ တပည့်တော်များအတွက် စဉ်းစားဖို့ အလွန်ခက်ခဲသောအရာ ဖြစ်ပါသည်။ (ထိုပုံပြင်ကို ပြောပြပါ)

• သူတို့ ကြောက်ဖို့လိုအပ်ပါသလား။ ဘာကြောင့် သူတို့ ကြောက်ကြတာလဲ။ ၎င်းသည် ယေရှုဖြစ်ကြောင်း သူတို့မမြင်ကြသောကြောင့် သူတို့ ကြောက်ရွံ့ခြင်းဖြစ်သည်။

⊠ ယေရှု ကျွန်ုပ်တို့နှင့်အတူရှိပါက၊ ကျွန်ုပ်တို့၌ ကြောက်စရာမရှိပါ။ ဘယ်အချိန်မှာ သင်ကြောက်ရွံ့ပါသလဲ။ သင်ကြောက်ရွံ့နေချိန်၌ ယေရှုအကြောင်း စဉ်းစားမိပါသလား (သို့မဟုတ်) သင်သူ့ကို မေ့လျော့နေပါသလား။

⊠ 📖 - ဟေရှာယ၊၄၃း၁-၃ ယေရှုက သူ၏လူများနှင့် အတူရှိမည်ဟု ကတိထားပါသည်။ ကျွန်ုပ်တို့ကို ကြည့်ရှု စောင့်ရှောက်သောအခါ ကျွန်ုပ်တို့ အမြဲတမ်း လုံခြုံမှုရှိပါ သည်။ ဒါဝိဒ်က၊ ထာဝရဘုရားအား "ကျွန်ုပ် ကြောက်ရွံ့သောအခါ ကိုယ်တော့်ကို ယုံကြည်ပါမည်"ဟု ပြောပါ သည်။ ဆာလံ၊၅၆း၃ သင်ဒီလိုပြောနိုင်ပါသလား။

### သူတို့နားမလည်ကြပါ

📖 - ဖတ်ရန် - မာကု၊၆း၅၂။

ဘာကြောင့် သူတို့ယေရှုကို ဖုတ်တစ္ဆေဟု ထင်ကြသနည်း။ ဘာကြောင့် ယေရှုလို့ မထင်ကြသနည်း။

သူတို့ နားမလည်ကြသောကြောင့် ယေရှုဟု မမြင်ခြင်းဖြစ်ပါသည်။ ယေရှုက လှိုင်းလေကို ငြိမ်သက်စေသော အချိန်ကို သူတို့သိပါသည်။ ယခုလေးတင် ယေရှု မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်ကို လူငါးထောင်အား ကျွေးမွေးခဲ့သည်မှာ ကိုယ်တွေ့ဖြစ်ပါသည်။ သို့ရာတွင် ယေရှုမည်သူဖြစ်ကြောင်း သူတို့နားမလည်ကြ။ ထို့ကြောင့် ရေပေါ်၌ ယေရှု လမ်းလျှောက်နိုင်လိမ့်မည်ဟု သူတို့ မထင်ကြ။

မာကုက၊ ကျွန်ုပ်တို့ကို ထိတ်လန့်စရာ အကြောင်းများပြောပါသည်။ သူတို့နှလုံးသားများ ခိုင်မာကြသည်။ ယေရှုဘယ်သူဖြစ်ကြောင်း ပြသော အရာများစွာကို သူတို့မြင်ကြပါသည်။ သို့သော် သူတို့ မယုံကြည်ဘဲလျက် ရှိနေသည်။ ယခုလည်း သူတို့ မမြင်ပါ။ သူတို့ နှလုံးသားများ အလွန်မာကျောပါသည်။

⊠ *ကျွန်ုပ်တို့ တပည့်တော်များနှင့် တူနိုင်ပါမည်လား။ ယေရှုအကြောင်းများစွာ သိနိုင်သော်လည်း သူ့ကို မယုံကြည်ကြသေးပါ။ ထို့နောက်ဘာဖြစ်သလဲ။ ကျွန်ုပ်တို့နှလုံးသားများ ခိုင်မာလာသည်။ အကြောင်းအရာများစွာကို ကြားရသော်လည်း ကျွန်ုပ်တို့ ဘာတစ်ခုမှ မပြောင်းလဲကြပါ။ ယနေ့ပင် ယေရှုထံပြန်လာပါ။*

📖 - ဟေဗြဲ၊၃း၁၂-၁၅။

[?] လေ့လာချက်၊ မာကု၊ ၇း၁-၁၃

## ၂၄ ယေရှုက ဖာရိရှဲများ၊ ဘာနဲ့တူကြသလဲဆိုတာကို ထောက်ပြခြင်း

### ■ နောက်ခံသမိုင်း

ဖာရိရှဲများက ယေရှုကို မုန်းတီးကြကြောင်း၊ ကျွန်ုပ်တို့ မြင်ရပါသည်။ ယေရှုက သူတို့၏ ပညတ်ချက်များကို မစောင့်ရှောက်ပါ။ သူအလွန်ကျော်ကြားပါသည်။ ဖာရိရှဲများ မည်သည့်အရာနှင့်တူကြောင်း လူများကို ထောက်ပြပါသည်။

ထို့ကြောင့် ယခုတွင် အချို့ ဖာရိရှဲများသည် ယေရုရှလင်မှ လာကြသည်။ ဘာဖြစ်လာမလဲ ကြည့်ကြပါစို့။

📖 မာကု၊ ၇း၁-၂၃။ ယခုအလွန် အရေးကြီးသော ကဏ္ဍဖြစ်ပါသည်။ ဖာရိရှဲများနှင့် ဂျူးခေါင်းဆောင်များ၌ မည်သည့်အမှားရှိကြောင်းကို ထောက်ပြထားပါသည်။ နေရာတိုင်း ယောက်ျားများ၊ မိန်းမများ မည်သည့်အရာများနေကြောင်း ထောက်ပြပါသည်။ ကျွန်ုပ်တို့ ပြဿနာ၏ အလယ်ဗဟိုကို ထောက်ပြပါသည်။

### ● အဓိကအချက်

ဘုရားက စစ်မှန်သောဝတ်ပြုခြင်းကို လိုလားပါသည်။ မှန်သောအရာများကိုပြောဖို့ တစ်ခုသာမဟုတ်ပါ။ နှလုံးသားထဲမှ ချစ်ဖို့ရန် အလိုရှိပါသည်။

### ★ လုပ်ဆောင်ရန်

မှတ်စုအတိုင်း အသေအချာလုပ်ပါ။ ဘုရားပညတ်တော်နှင့် ကျွန်ုပ်တို့၏ပညတ်ချက်များ ကွာခြားမှုရှိနိုင်ကြောင်း သင့်လူများ နားလည်ထားရပါမည်။ ကျမ်းစာ၌မပါသော စည်းမျဉ်းစည်းကမ်း များ သင်၏အသင်းတော်မှာရှိပါသလား။ လူများ လိမ်ညာခြင်း၊ မုန်းတီးခြင်း၊ အတင်းအဖျင်းပြောခြင်းများအပေါ် စိုးရိမ်မှုမရှိဘဲ အသင်းတော်၏ ထုံးတမ်း စဉ်လာများကို ဂရုစိုက်မိနေပါသလား။

### ▲ မှတ်သားရန်

• မာကု၊ ၇း၁-၄။ ဈေးထဲတွင် ဂျူးများနှင့်တစ်ပါးအမျိုးသားများ ရောနှောနေပါသည်။ ဤအရာက သူတို့ကို ဘုရားရှေ့မှာ မသန့်ရှင်းသောအရာ (ညစ်ညူးသောအရာ)ဖြစ်စေသည်ဟု ထင်ကြသည်။ သူတို့ အစားအားဖြင့်လည်း ကိုယ်အတွင်း၌ မသန့်စင်ညစ်ညူးလာမည်ဟု ထင်ကြသည်။ ထို့ကြောင့် ဘာသာရေးထုံးတမ်းအရ ထိုသို့မဖြစ်လာရန် လက်ဆေးသန့်စင်ခြင်း ပြုကြပါသည်။ ဤသွန်သင်ချက်သည် ဓမ္မဟောင်းကျမ်းထဲမှ လာသော သွန်သင်ချက်မဟုတ်ပါ(အစာမစားခင် လက်သန့်စင်ခြင်းမှာ ကောင်းပါသည်။ ယခုမှာ ဘာသာရေးထုံးစံဖြစ်၍ ကွာခြားပါသည်။)

• မာကု၊ ၇း၅။ 'ဘိုးဘေးတို့၏ရိုးရာထုံးတမ်းစဉ်လာ'။ ဘိုးဘေးတို့က ဂျူးလူမျိုးများ၊ ဘုရားပညတ်တော်ကို ပို၍ ထိန်းသိမ်းစောင့်ရှောက်ဖို့ အထောက်အကူပြုရန် စည်းမျဉ်းစည်းကမ်းများ ထုံးစံများကို ချထားပေးခြင်းဖြစ်သည်။ ဘုရားပညတ်ချက်ကို ထပ်မံဖြည့်စွက်ခြင်းသည် အန္တရာယ်ကြီးပါသည်။ ကျွန်ုပ်တို့ စည်းမျဉ်းများ၊ ထုံးတမ်းစဉ်လာများက ဘုရားသခင်၏ပညတ်ချက်များထက် ပို၍ အရေးကြီးလာသည် (မာကု၊ ၇း၈)။

• မာကု၊ ၇း၆။ 'သူတော်ကောင်း ယောင်ဆောင်သူများ'၊ ထိုလူများသည် ပရိယာယ်မာယာဖြင့် ဟန်ဆောင်တတ် သူများဖြစ်သည်။ သူ၏ပကတိ အခြေအနေနှင့် ကွဲပြားစွာ မြင်ရခြင်းကို ဆိုလိုပါသည်။ ဘုရားနောက်ကို လိုက်လျှောက်ပုံရသော်လည်း သူတို့ ဘုရားကို အမှန်မချစ်ပါ။ သူတို့စိတ်နှလုံးအထဲ၌ ဘုရားကိုမချစ်ဘဲ မိမိကိုယ်သာမိမိ ချစ်ကြပါသည်။

• မာကု၊ ၇း၁၁။ ဂျူးလူမျိုးတစ်ဦး၌ ငွေအချို့ရှိသည်။ သူ့မိဘ၌ အကူအညီလိုအပ်သည်။ သူ့ငွေကို မပေးချင်ပါ။ ထို့ကြောင့် ၎င်းကို ''ကော်ဘန်''ဟုပြောလိုက်ပါသည်။ အဓိပ္ပါယ်မှာ၊ ဘုရားကိုပေးဖို့ ကတိပေးထားသောငွေဖြစ်သည်။ ထို့ကြောင့် သူ့မိဘကိုကူညီလို့မရပါ။

⇨ ဟောပြောချက်၊ မာကု၊၇း၁-၁၃

**ကျွန်ုပ်တို့ မှန်ဆောင်သောအခါ ယေရှု မုန်းတီးသည်**

📖 - ဖတ်ရန် - မာကု၊ ၇း၆။

ဤဂျူးလူမျိုးများသည် ဘုရားသခင်ကို နှစ်သက်စေကြောင်း မိမိကိုယ်ကို ဆင်ခြင်ခဲ့ကြသည်။ ဘုရားအမြင်၌ သူတို့သာ အကောင်းဆုံးဟု ထင်ကြသည်။ ဘုရားသခင်၏ ပညတ်ချက်အားလုံးအပြင် အခြားပညတ်ချက်များကိုလည်း စောင့်ရှောက်နိုင်သည်ဟု လည်းယူဆကြသည်။ တပည့်တော်များသည် လက်ဆေးခြင်းအမှုကို ကောင်းစွာ မပြုကြသောကြောင့် ဆိုးသောသူများဖြစ်သည်ဟု ထင်ကြသည်(ဤအကြောင်းကို မာကု၊ ၇း၁-၄ တွင် ရှင်းပြထားသည်)။

- ထို့ကြောင့် ခရစ်တော်သည် သူတို့အား တိုက်ခိုက်သည့် ပြင်းထန်သောစကားများကို ပြောပြခြင်းဖြစ်သည်။ အဘယ့်ကြောင့် သူတို့ကို "သူတော်ကောင်းယောင်ဆောင်သူများ"ဟု ယေရှု ပြောပါသနည်း.

ဤဂျူးလူမျိုးများသည် အပြင်ပိုင်း ကြည့်ကောင်းရန်သာ ကြိုးစားကြသည်။ ဘုရားသခင်ကမူ အတွင်းပိုင်း လုပ်မှုကို မြင်လိုသည်။

- အပြင်ပိုင်းကြည့်ကောင်းအောင် လုပ်မိသောအရာများကို စဉ်းစားကြည့်ပါ။ ဘုရားကျောင်းတက်ခြင်း၊ ဂုဏ်တော်ချီးမွမ်းခြင်း၊ ဆုတောင်းခြင်း၊ သူတစ်ပါးအကြောင်း အကောင်းပြောခြင်းစသည်အားဖြင့်
- ဤအရာများအတွက် ဘုရားသခင်သည် မည်သည့်အချိန်၌ ကျေနပ်၍ မည်သည့်အချိန်တွင် မကျေမနပ်ဖြစ်နေပါသနည်း။

⊠ *ကျွန်ုပ်တို့၌ ဟန်ဆောင်မှုရှိလာသောအခါ ယေရှု မုန်းတီးကြောင်း သတိပြုစေလိုပါသည်။ သူသည် ကျွန်ုပ်တို့၏အတွင်းနှလုံးသားကို သိမြင်သောအရှင်ဖြစ်သည်။ ကျွန်ုပ်နှလုံးသားထဲ၌ရှိနေသောအရာကို ကြားသိသောအရှင်ဖြစ်သည်။ မည်သူတစ်စုံတစ်ဦးမျှ မမြင်သောအရာကို ဘုရားသခင် သိမြင်တော်မူသည်။*

*မာကု၊ ၇း၆သည် သင်၏ဖြစ်ရပ်မှန်ကို ဖော်ပြနေပါသလား ။*

**ဘုရားသခင်၏ ပညတ်ချက်များအား ဥပေက္ခာပြုခြင်းကို ယေရှု မုန်းတီးသည်။**

📖 - ဖတ်ရန် - မာကု၊ ၇း၈။

⊞ သင့်ကလေးများက သင့်ကို နာခံချင်ယောင်ဆောင်ခြင်းကို သင်လိုလားပါသလား။ သင့်ကို နာခံသည်ဟု ထင်အောင်လုပ်တတ်ပါသည်။ သို့သော် အမှန်မှာ သူ၌ ကိုယ်ပိုင်အစီအစဉ်ရှိနေပါသည်။ သင့်ကို အမှန်တကယ် နာခံလိုခြင်းမဟုတ်ပါ။ (နမူနာများ စဉ်းစားထားပါ)

ယေရှုရွေးချယ်ထားသော နမူနာက ထိုဂျူးလူမျိုးများအား အမှန်ကို ထောက်ပြခြင်းဖြစ်သည်။ သူတို့၏ကိုယ်ပိုင် စည်းမျဉ်းစည်းကမ်းများကို ဂရုစိုက်ကြခြင်းမှာ သူတို့ကိုကောင်းသည်ဟု ထင်ရအောင်ဖြစ်ပါသည်။ သို့ရာတွင် ဘုရား၏ပညတ်တော်များကို သူတို့ဂရုမစိုက်ပါ။ အကြောင်းမှာ ဘုရားကို သူတို့မချစ်သောကြောင့်ဖြစ်ပါသည်။ (*ကော်ဘန် နမူနာကိုရှင်းပြပါ။* 📖 *- မာကု၊ ၇း၉-၁၃*)။ သူတို့စည်းကမ်းချက်တစ်ခုဖြစ်သော ကော်ဘန်မှာ ကောင်းပုံရပါသည်။ ဘုရားပညတ်ချက်ဖြစ်သော "မိဘကိုရိုသေလော့"ကို မလိုက်လျှောက်ပါ။ အကြောင်းမှာ ဘုရားကို သူတို့မချစ်ပါ။

⊠ *မာကု၊ ၇း၈။ ယေရှု၏စကားများက အလွန်ပြင်းထန်ပါသည်။ သင့်ကို စကားပြောပါသလား။ ဘုရားပညတ်ချက်ကို သင်နှစ်သက်ပါသလား။ သို့မဟုတ် အခြားလူများ အမြင်တော်ဖို့အတွက်ဘဲ စောင့်ရှောက်တာလား။ (နမူနာအချို့ပေးပါ)*

⊠ *အခြားသူများက သင့်ကို ခရစ်ယာန်ကောင်းတစ်ဦးဟု မြင်စေလိုပါသည်။ သို့သော် သင်က သင့်ရဲ့အလို ပျော်ရွှင်မှုအတွက်သာ လုပ်ဆောင်နေပါသည်။ သင်သည် အသင်းတော် ထုံးတမ်းဥပဒေများကိုသာ အသေအချာ စောင့်ရှောက်ပြီး ဘုရားပညတ်တော်များကို ဥပေက္ခာပြုနေပါသလား။(နမူနာအချို့ပေးပါ)*

? လေ့လာချက်၊ မာကု၊ ၇း၁၄-၂၃

# ၂၇ ပြဿနာသည် ကျွန်ုပ်တို့အတွင်းနှလုံးသား၏ အနက်ရှိုင်းဆုံးနေရာတွင် ရှိပါသည်။

## ■ နောက်ခံသမိုင်း

မာကု၊ ၇း၁-၁၃ ယေရှုက ဖာရိရှဲများအား သူတို့၌ ကြီးမားသော ပြဿနာရှိကြောင်း ထောက်ပြပါသည်။ သူတို့သည် မိမိကိုယ်ကို သန့်ရှင်းသူများကဲ့သို့ ဟန်ဆောင်၍ မိမိအလိုဆန္ဒကိုသာ လုပ်သောသူများဖြစ်ပါသည်။ သူတို့က ဘုရားကိုချစ်သည်ဟု ပြောသော်လည်း အမှန်တကယ်မှာ သူတို့ကိုယ်သူတို့သာချစ်ကြသည်။ အပြင်ပန်းအားဖြင့် စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာကြသော်လည်း သူတို့၏နှလုံးသားအတွင်း ဘုရားပညတ်တော်များကို နာခံခြင်းမရှိကြပါ။

ယခု ယေရှုက၊ ပြဿနာ၏အမြစ်ကို ဖော်ထုတ်သည်။ အပြစ်ဒုစရိုက်များက အပြင်ဖက်မှ ဝင်ရောက်လာမည်ကို စိုးရိမ်ကြသည်။ သို့သော် ခရစ်တော်က၊ ကျွန်ုပ်တို့၌ အပြစ်ရှိကြောင်းပြောပါသည်။ ဘုရား အမြင်အရ အပြင်မှ အစားအသောက်များကြောင့် ကျွန်ုပ်တို့ကို ညစ်ညူးစေသည်မဟုတ်။ စိတ်နှလုံးထဲမှ ထွက်ပေါ်လာသော အပြစ်များကသာ ညစ်ညူးစေ ပါသည်။

📖 – မာကု၊ ၇း၁၄-၂၃။

**နှလုံးသားသည် အပြစ်ဒုစရိုက်၏ပြဿနာ များ ထွက်ပေါ်ရာ နေရာဖြစ်သည်။**

ဓမ္မဟောင်း၌ ဘုရားက သူ၏လူများကို အသစ်သောနှလုံးသားပေးမည်ဟု ကတိထားပါသည်။ ကျွန်ုပ်တို့ နှလုံးသားပြောင်းလဲရန် ကယ်တင်ရှင်ကို စေလွှတ်ပေးမည်ဟု ကတိထားပါသည်။

📖 – ယေဇကျေလ၊ ၃၆း၂၆။ ယော၊ ၃း၃။

## ● အဓိကအချက်

အပြစ်သည် ကျွန်ုပ်တို့နှလုံးသား နက်ရှိုင်းသောနေရာမှ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ကျွန်ုပ်တို့အတွင်းနှလုံးသား ပြောင်းလဲဖို့ ဘုရားကို လိုအပ်သည်။

## ★ လုပ်ဆောင်ရန်

ယေရှု၏သွန်သင်ချက်သည်၊ အလွန်အရေးကြီးသည်။ လူများစွာက အပေါ်ယံလူကောင်းဖြစ်ဖို့သာ ကြိုးစား၍ ကောင်းသောအရာများကို လုပ်ဖို့ ကြိုးစားကြသည်။ ခရစ်ယာန်တစ်ဦးကဲ့သို့ အသက်ရှင်နေထိုင်ဖို့ သူတို့ကြိုးစားကြသည်။ ဖာရိရှဲများနှင့် တူကြသည်။ အသစ်သောနှလုံးသားကို သူတို့ လိုအပ်သည်။ သူတို့၏ အပြစ်များသည် နှလုံးသားအတွင်း နက်ရှိုင်းစွာရှိသည်ကို သင့်လူများအား ဘုရားသခင်ဖော်ပြရန် ဆုတောင်းပါ။

## ▲ မှတ်သားရန်

- မာကု၊ ၇း၁၄၊၁၅။ ဖာရိရှဲများ နားမလည်ကြပါ။ လူအုပ်ကြီးနှင့်တပည့်တော်များကလည်း နားမလည်ပါ။ အပြစ်သည် ကျွန်ုပ်တို့နှလုံးသားထဲမှ ထွက်ပေါ်လာကြောင်း သူတို့မြင်ရန် လိုအပ်သည်။
- မာကု၊ ၇း၁၉။ ဘုရား၏အမြင်အရ အစားအသောက်သည် ကျွန်ုပ်တို့ကို ညစ်ညူးအောင်မလုပ်နိုင်ပါ။ ဓမ္မဟောင်းကျမ်းပါ အစားအသောက်ဆိုင်ရာ စည်းမျဉ်းဥပဒေများသည် ဣသရေလလူမျိုးများအား သန့်ရှင်းသောဘုရားအကြောင်း သွန်သင်သည့် ရုပ်ပုံကားချပ်နှင့်တူပါသည်။ သို့သော် ယေရှုက ထိုအစားအသောက်ဆိုင်ရာ စည်းမျဉ်းဥပဒေများပြီးပြီဖြစ်ကြောင်း ထောက်ပြပါမည်။ ဘုရားက ကျွန်ုပ်တို့ဝမ်းဗိုက်အတွင်း မည်သည့်အရာ ဝင်ရောက်လာမည်ကို မစိုးရိမ်ပါ။ ကျွန်ုပ်တို့နှလုံးသားမှ ထွက်လာသောအရာကိုသာ ဂရုပြုသည်။
- မာကု၊ ၇း၂၁။ အောက်ပါ စကားလုံးများ၏ အဓိပ္ပါယ်ကို ရှာဖွေဖော်ထုတ်ပါ။ ၎င်းတို့မှာ ကျွန်ုပ်တို့ လုပ်သော မကောင်းမှုများ(မတရားမေထုန်) ပြောသော မကောင်းမှုများ (လိမ်လည်ပြောဆို)၊ တွေးတောစဉ်းစားသောမကောင်းမှုများ (မာနထောင်လွှားခြင်း၊ သူများထက်ကိုယ်သာသည်ဟု အထင်ကြီးခြင်း)

## ⇒ ဟောပြောချက်၊ မာကု၊ ၇း၁၄–၂၃

## အပြစ်သည် အပြင်မှမလာပါ။

📖 – ဖတ်ရန် – မာကု၊ ၇း၁၅၊ ၁၈–၁၉။

⊞ အချို့နိုင်ငံများတွင် သူတို့၏သန့်ရှင်းသော နေအိမ်ထဲသို့ ဖုန်မှုန့်များ ဝင်ရောက်လာမည်ကို မလိုလားပါ။ အပြင်မှလာလျှင် ဖိနပ်ချွတ်ခိုင်းပါသည်။ သို့သော် သူတို့၏အိမ်ထဲတွင် အမှိုက်သရိုက်နှင့် ဖုန်မှုန့်များစွာရှိနေပါသည်။ ဆိုးသော စကား၊ ဆိုးသောခံစားချက်၊ တီဗွီမှလာသော ဆိုးသောအစီအစဉ်များ၊ အမှန်စင်စစ် ဖုန်မှုန့်များသည် အိမ်၏အတွင်းမှာပင်ရှိပါသည်။ (သင့်လူများကို အထောက်အကူပြုဖို့ ဤရုပ်ပုံကားချပ်လိုအပ်ပါသည်)။

ဖာရိရှဲများက အပြစ်သည် အပြင်မှ လာသည်ဟုထင်သည်။ ထိုအရာများကို ဆေးကြောပစ်ဖို့ မသန့်စင်သောအရာတစ်ခုမှ မစားကြပါ။ သို့သော် ယေရှုက ဤအရာ မိုက်မဲကြောင်း ပြောပါသည်။ အစားအသောက်သည် လူ၏ဝမ်းဗိုက်သို့ဝင်၍ အခြားတစ်ဖက်မှ ထွက်သွားပါသည်။ ဤဖြစ်စဉ်သည် အပြစ်နှင့် ဘာမျှမဆိုင်ပါ။ သူတို့၏အထဲ၌ မကောင်းမှု ဖုန်မှုန့်များရှိနှင့်ပြီးဖြစ်သည်။

• အပြင်ပိုင်းဆိုင်ရာများသည် အပြစ်၏ဇစ်မြစ် မဟုတ်ပါ။

(ကျွန်ုပ်တို့အသက်တာထဲသို့ အပြင်မှ အပြစ်များ အဝင် မခံရပါ။ မကောင်းသောအရာများသည် ကျွန်ုပ်တို့ နှလုံးသားထဲသို့ ဝင်ရောက်၍ အတွင်း၌ အလွန် ဆိုးရွားစေတတ်ပါသည်။)

⊠ 📖 – *၁ရာ၊၁၆း၇။* အတွင်း၌ မိုက်မဲသော နှလုံးသား ရှိနေရက်နဲ့ အပြင်ပန်းမှာ ခရစ်ယာန်ကောင်း တစ်ဦးကဲ့သို့ထင်ရအောင် သင်ကြိုးစားနေပါသလား။

## အပြစ်သည် အတွင်းမှလာသည်။

📖 – မာကု၊ ၇း၂၀–၂၃ ဖတ်ပါ

ကွဲပြားသော အပြစ်အမျိုးအစားများကို တွေးကြည့်ပါ။ မည်သည့်နေရာက အစပြုပါသနည်း။ အပြစ်သည် အတွင်းမှအစပြုသည်။ မကောင်းသော စဉ်းစားခြင်းမှ အစပြုသည်။ ယေရှု ဖော်ပြလိုသော ပထမအချက်မှာ မကောင်းသော ကြံစည်တွေးခေါ်ခြင်း ဖြစ်သည်(မာကု၊ ၇း၂၁)။ ကျွန်ုပ်တို့သည် အထဲ၌ ဆိုးရွားကြသည်(ယေရှုစာရင်းတွင်ပါသော အပြစ်များ အကြောင်းကြောင့် ထိုအရာများအားလုံးမှာ အတွင်းမှ လာကြောင်း ထောက်ပြပါ။ အပြစ်ရှိ သမျှသည် ဘုရားကို ဆန့်ကျင်ကြောင်း ထောက်ပြပါ။)

(နမူနာကိုအသုံးပြုပါ။ သင်ခရစ်ယာန်ဖြစ်ချင်သောကြောင့် မခိုးရတော့ပါ။ သို့သော် သင့်အထဲ၌ ခိုးချင်ဆဲဖြစ်သည်။ ဘယ်သူမှ မတွေ့သောအခါ သင်ခိုးပါသည်။ လူများက သင်ပြောင်းလဲသွားပြီဟု ထင်ပါသည်။ သို့သော် အတွင်း၌ ဆိုးယုတ်ဆဲ ဖြစ်သည်။ သင့်နှလုံးသားက ခိုးချင်ပါသည်။)

*ယနေ့သင့်ကို ဘုရားစကားပြောပြီလား။ သင့်နှလုံးသား မည်မျှဆိုးယုတ်ကြောင်း မြင်သလား။ ထို့နောက် ဘုရားကို ထိုအကြောင်းပြောပါ။ သင် ဘယ်လောက် ဆိုးသည်ကို ပြောပါ။ သင် ဘယ်လောက် ဝမ်းနည်းသည်ကိုပြောပါ။*

သင့် အတွင်းနှလုံးသားကို ဘယ်သူ သန့်ရှင်းစေနိုင်သလဲ။

• သင့်နှလုံးသားကို သင်မပြောင်းလဲနိုင်ပါ။ သင် ကောင်းအောင်ကြိုးစားသော်လည်း အတွင်း၌ ဆိုးရွားဆဲဖြစ်သည်။

• ဘုရားသခင်သည် သင့်နှလုံးသားကို ပြောင်းလဲနိုင်ပါသည်။ ယေရှုသည် အတွင်း၌ ဆိုးသွမ်းသော သူများအတွက် ကြွလာသောသမားတော်ဖြစ်သည်။ (မာကု၊ ၂း၁၇)သူ၏အသွေးတော်ကသာ ညစ်ညူးသော နှလုံးသားကို သန့်ရှင်းစင်ကြယ်စေနိုင်ပါသည်။ ဤအကြောင်းကြောင့် ကားတိုင်ပေါ် အသေခံရန် ကြွလာခဲ့ခြင်းဖြစ်သည်။ သင့်နှလုံးသားကို သန့်ရှင်းစင်ကြယ်စေဖို့ ယေရှုကိုသင်ယုံကြည်မလား။ 📖 – ၁ယော၊၁း၉။

? လေ့လာချက်၊ မာကု၊ ၇း၂၄–၃၀

# ၂၈ တစ်ပါးအမျိုးသားမိန်းမတစ်ဦး၏ ကြီးမားသောယုံကြည်ခြင်းကို ဖော်ပြပါ။

## ▣ နောက်ခံသမိုင်း

ဂျူးလူမျိုးများက သန့်ရှင်းသည်ဟုထင်ကြသည်။ ယေရှုက သူတို့ မသန့်ရှင်းကြောင်းကို ပြောပြသည်။ အကြောင်းမှာ အပြစ်သည် အတွင်းမှလာသောကြောင့်ဖြစ်ပါသည်။ 📖– မာကု၊ ၇း၁–၂၃

ယခုယေရှုက ဂျူးလူမျိုးများထံမှ ထွက်သွား၍ တစ်ပါးအမျိုးသားများရှိသောနေရာသို့ သွားပါသည်။ တစ်ပါးအမျိုးသားများသည် ဂျူးလူမျိုးမဟုတ်သောသူများဖြစ်သည်။ ဂျူးလူမျိုးများက တစ်ပါးအမျိုးသားများကို မသန့်ရှင်းဟု ထင်ကြပါသည်။ သို့သော် ယေရှုက တစ်ပါးအမျိုးသားများနှင့် ဂျူးလူမျိုးများမှာ အတူတူပင်ဖြစ်ကြောင်း ပြချင်ပါသည်။ ဂျူးလူမျိုးများရော၊ တစ်ပါးအမျိုးသားများပါ အတွင်းစိတ်ပြောင်းလဲရန် ဘုရားကို လိုအပ်သည်။

ယေရှုက တစ်ပါးအမျိုးသားများ၏မြို့သို့ သွားသောအခါ တပည့်တော်များ(ဂျူးများ)က ဘယ်လိုထင်ကြမည်နည်းဆိုတာကို စဉ်းစားကြည့်ပါ။ ဂျူးလူမျိုးများက ဘုရားသခင်သည် တစ်ပါးအမျိုးသားများအပေါ် စိတ်ဝင်စားမှုမရှိဟု ထင်ကြသည်ကို သတိရပါ။

📖 – မာကု၊ ၇း၂၄–၈း၁၀။ အခြားသောပုံဥပမာများမှာ မာကုတွင်ကျွန်ုပ်တို့ ဖတ်ပြီးသောပုံဥပမာများနှင့် တူပါသည်။ ကြီးမားသော ခြားနားချက်မှာ ယေရှုက တစ်ပါးအမျိုးသားများကို သူဘယ်သူလဲ ဆိုတာဖော်ပြခြင်းဖြစ်သည်။

## ⊙ အဓိကအချက်

ယေရှုက သူ့ကို ယုံကြည်သောသူအားလုံးကို လက်ခံပါသည်။

## ★ လုပ်ဆောင်ရန်

တစ်ပါးအမျိုးသားများရှိရာ မြို့ထဲသို့ ယေရှုသွားရောက်ခြင်းသည် တပည့်တော်များအတွက် ခက်ခဲသည့်အရာတစ်ခုဖြစ်သည်။ ဤအခက်အခဲကို လူတွေ နားလည်ဖို့ရန် လိုအပ်သည်။ သင့်လူမျိုး (သို့) သင့်တိုင်းပြည်တွင် ရန်သူများရှိပါသလား။ အခြားသူတွေကို အထင်သေးပါသလား။ ယေရှုက သင်နှင့်တကွ ထိုသူများအတွက် ကြွလာပါသည်။

## ▲ မှတ်သားရန်

- မာကု၊ ၇း၂၄။ တစ်ပါးအမျိုးသားများရှိသော တုရုမြို့သို့ ယေရှု သွားရောက်ခဲ့ပါသည်။ တစ်ပါးအမျိုးသားများကို ရှာဖွေဖို့ယေရှုသွားခြင်းမဟုတ်ပါ။ သူတို့က ယေရှုကို တွေ့ဖို့လာခြင်းဖြစ်သည်။ ယေရှု၏လုပ်ငန်းမှာ သူမည်သူဖြစ်ကြောင်း ဂျူးလူမျိုးများ သိရှိနားလည်ဖို့ ဖော်ပြရန်ဖြစ်သည်။ ကမ္ဘာအနှံ့ သတင်းကောင်း သယ်ဆောင်ဖို့ ပြောပါသည်။

- မာကု၊ ၇း၂၇။ ညှာတာမှုကင်းမဲ့သကဲ့သို့ ဖြစ်သော်လည်း ယေရှု ဘယ်တော့မှ မရိုင်းစိုင်းပါ။ ဂျူးများက တစ်ပါးအမျိုးသားများကို တစ်ခါတစ်ရံ 'ခွေး' ဟုခေါ်ပါသည်။ အဓိပ္ပါယ်မှာ ဘုရားသခင်၏ နိုင်ငံတွင် သူတို့အတွက်နေရာမရှိဟု ဆိုလိုခြင်းဖြစ်သည်။ ယေရှုက ထိုအမျိုးသမီးအား မေတ္တာပြမည်ကို သိကြပါသည်။ သူ့စကားအဓိပ္ပါယ်မှာ 'သင့်ကို ဂျူးများက ဘယ်လိုထင်လဲဆိုတာ သင်သိရက်နဲ့ ဘာကြောင့် ငါ့ထံလာသနည်း'ဟု ဆိုလိုခြင်းဖြစ်နိုင်သည်။ ယေရှုက ထိုအမျိုးသမီးကို မောင်းမထုတ်ပစ်လိုပါ။ သူမ၏ယုံကြည်ခြင်းကို ဖော်ထုတ်စေလိုသည်။

➔ ထောင်မြှောချက်၊ မာကု၊ ၅း၂၄-၃၀

## ကြီးမားသောလိုအပ်ချက်

📖 – ဖတ်ရန် – မာကု၊ ၅း၂၄–၂၈။

ယေရှုက သူ့ကို လိုအပ်သောသူများအား အစဉ်လက်ခံလျက်ရှိပါသည်။

• ထိုအမျိုးသမီး မည်မျှမျှော်လင့်ချက်ကင်းမဲ့နေသည်ကို ကြည့်ပါ။ ယေရှုအိမ်ထဲက ထွက်လာသည်အထိ မစောင့်နိုင်ပါ။ ယခုပင် သူ့ကိုတွေ့မှ ဖြစ်မည်။

• ယေရှုက သူ့တပည့်တော်များနှင့် သီးခြားနေလိုပါသည်။ သို့သော် ထိုအမျိုးသမီးကို ထွက်သွားဖို့ သူမပြောပါ။ သူ့ကို လိုအပ်သောသူများအတွက် သူ့မှာ အချိန်အမြဲ ရှိနေပါသည်။

ထိုအမျိုးသမီး ဘယ်လောက်နှိမ့်ချသည်ကို ကြည့်ပါ။ မာကု၊ ၅း၂၇ တွင် ယေရှုပြောတာကို သူအမှု မထားပါ။ သူမက ဂျူးလူမျိုးကဲ့သို့ပင် ကောင်းပါသည်ဟု မပြောပါ။ သူယေရှုထံမှ ကောင်းချီးခံစားရန် ဘာတစ်ခုမှ မထိုက်တန်သည်ကို သူသိပါသည်။

*သင်ဘယ်သူလဲဆိုတာ ကိစ္စမရှိပါ။ သင် ဘယ်လောက် ဆိုးဝါးသလဲဆိုတဲ့ အချက်ကလည်း ကိစ္စမရှိပါ။ ခရစ်ယာန်မိသားစုကနေ မပေါက်ဖွားလာလဲ ကိစ္စမရှိပါ။*

***သင်ယေရှုကို လိုအပ်သည်ကိုသိလျှင် ယေရှု သင့်ကို မောင်းမထုတ်ပါ။***

## ကြီးမားသောယုံကြည်ခြင်း

ယေရှုက သူ့ကို ယုံကြည်သောသူများကို အမြဲလက်ခံပါသည်။

• သူယေရှုကို ဘယ်လို တောင်းပန်လဲကြည့်ပါ။ (တောင်းပန်ဟူသော စကား၏အဓိပ္ပါယ်မှာ နိုင်မာစွာ မရမက တောင်းဆိုခြင်းကို ဆိုလိုသည်။) "ကျမကို ကူညီနိုင်မလား" ဟု မပြောပါ။ ယေရှုက နတ်ဆိုးများကို မောင်းထုတ်နိုင်သည်ကို သူသိပါသည်။ ယေရှုကို သူတောင်းပန်ရခြင်းမှာ ယေရှုတစ်ပါးတည်းသာ တတ်စွမ်းနိုင်ခြင်းကြောင့်ဖြစ်သည်။

• အစဉ်မပြတ် တောင်းလျှောက်နေခြင်းကို ကြည့်ပါ။ သူ၏ယုံကြည်ခြင်းကို ယေရှု စမ်းသပ်သောအခါ၊ သူအရှုံးမပေးပါ။ စားပွဲအောက်ကျသော စားနပ်စားပေါက်ကို စားသောခွေးဖြစ်ရခြင်းကိုလဲ မမှုပါ။

• ယေရှုပြောတာကို သူဘယ်လိုလက်ခံသလဲ ကြည့်ပါ။ 📖 – မာကု၊ ၅း၂၉ သူ အိမ်သို့ပျော်ရွှင်စွာ ပြန်သွားသည်။ အကြောင်းမှာ ယေရှုကို သူယုံကြည်သောကြောင့်ဖြစ်သည်။ သူ့သမီး နေကောင်းသွားရန် မျှော်လင့်ထားသည်။

တပည့်တော်များက ယေရှုကို စောင့်ကြည့်နေကြကြောင်းသတိရပါ။ ဂျူးများထဲမှာပင် ဤမျှလောက် ယုံကြည်ခြင်းရှိသူကို မြင်ရခဲ့ပါသည်။ သို့သော် ထိုတစ်ပါးအမျိုးသမီးက ယုံကြည်သည်။

*သင်ဘယ်သူလဲဆိုတာ အကြောင်းမဟုတ်ပါ။ အခြားသူများ သင့်ကို မလိုလားရင်လဲ ပြဿနာမဟုတ်ပါ။ သူ့ကို ယုံကြည်သော ဘယ်သူမဆို သူလက်ခံပါသည်။ ထိုမိန်းမနဲ့ သင်တူသလား။ သင့်ရဲ့ကြီးမား သောလိုအပ်ချက်ကို ယေရှုထံ ယူဆောင်လာမလား။ သင့်ကို ကယ်တင်ဖို့ သူ့ကို တောင်းပန်မလား။ သူ၏ကတိတော်ကို ယုံကြည်မလား။*

📖 – *ယောဟန်၊ ၆း၃၇*

*သူ့ကိုယုံကြည်လိုသောသူ ဘယ် သူ့ကိုမဆို ကြိုလားလား လက်ခံပါသည်။ သင်ကော၊ အခြားသူများကို မကောင်းဟု အထင်သေးသလား။ ဘယ်သူ့ကိုမဆိုနှင့် လူတိုင်းကို ကျွန်ုပ်တို့ကြိုဆိုရပါမည်။*

[?] လေ့လာချက်၊ မာကု၊ ၇း၃၁-၃၇

# ၂၉ သတင်းစကားပါသော နိမိတ်လက္ခဏာ

## ■ နောက်ခံသမိုင်း

ယခုတွင် ယေရှုသည် တစ်ပါးအမျိုးသားတို့၏နေရာတွင်ရှိနေပါသည်။ ယေရှုဘယ်သူလဲဆိုတာ ဂျူးများ မသိကြသေးပါ။ တစ်ပါးအမျိုးသားများ အနေဖြင့် နားလည်ပါ့မလား။

တပည့်တော်များပင်လျှင် အသေအချာ နားမလည်ပါ။ နားဆွံ့သောသူများကဲ့သို့ဖြစ်ပါသည်။ ယေရှု သူတို့ကို သွန်သင်သော်လည်း ဘုရားသခင်၏သားတော်ဖြစ်ကြောင်း မယုံကြည်ကြပါ။

📖 – မာကု၊ ၇း၁၈

📖 – မာကု၊ ၈း၁-၁၀။ ဤအရာက ပြီးခဲ့သည့်အချိန်က အစားအစာ ကုန်သွားခြင်းနှင့် အခြေအနေတူပါသည်။ သို့သော် တပည့်တော်များက ဖြစ်ပျက်ခဲ့တဲ့အရာကို မေ့လျော့ပါသည်။ 📖 – မာကု၊ ၈း၁၇-၁၈၊၂၁။

မာကု၊ ၇း၃၁-၃၇ တွင်ပါသော အံ့ဖွယ်နိမိတ်လက္ခဏာသည် အခြားအံ့ဖွယ်နိမိတ်လက္ခဏာတစ်ခုမှုသာ မဟုတ်ပါ။ သတင်းစကားပါသော နိမိတ်လက္ခဏာဖြစ်ပါသည်။ တစ်နည်းအားဖြင့် နားဆွံ့နေသော တပည့်တော်များကို သွန်သင်နေခြင်းဖြစ်သည်။

## ⊡ အဓိကအချက်

ကျွန်ုပ်တို့လည်း နိမိတ်လက္ခဏာ လိုအပ်ပါသည်။ ကျွန်ုပ်တို့ယုံကြည်နိုင်ဖို့ ကျွန်ုပ်တို့နား များကို ဖွင့်ဟပေးရန် ယေရှုကို လိုအပ်ပါသည်။ ယေရှုအကြောင်း ပြောပြနိုင်ဖို့၊ ကျွန်ုပ်တို့ နှုတ်ကို ဖွင့်ပေးရန် ယေရှုကို ကျွန်ုပ်တို့ လိုအပ်ပါသည်။

## ★ လုပ်ဆောင်ရန်

ဤနိမိတ်လက္ခဏာသည် တပည့်တော်များကို သင်ကြားပေးရန် ပုံဥပမာနှင့်တူပါသည်။ ၎င်းသည် အခြားပုံဥပမာများထက် ပို၍ခက်ခဲသောအရာ မဟုတ်ပါ။ ဤပုံဥပမာကို ကြီးမားသောအရာဖြစ်သည်ဟု ထင်ရအောင် ဘာကြောင့်လုပ်ရပါသနည်း။ ယေရှုဘာလို့သက်ပြင်းချသနည်း။ သူ ဘာလို့ ဝမ်းနည်းသနည်း။ လူအုပ်ကြီးနှင့် တပည့်တော်များကို ယေရှုက နားဆွံ့သောသူကဲ့သို့မြင်ပါသည်။ သူတို့သည် ဘုရား၏'အမှန်တရား'ကို ကြားဖို့ ဆွံ့အနေသည်နှင့်တူပါသည်။ သူတို့လည်း နိမိတ်လက္ခဏာ လိုအပ်ပါသည်။ သူတို့ နှလုံးသားများကို ပြောင်းလဲစေဖို့ နိမိတ်လက္ခဏာလိုအပ်ပါသည်။ သင့် လူများကို ဘယ်လိုရှင်းပြမလဲဆိုတာ စဉ်းစားပါ။

## ▲ မှတ်သားရန်

- မာကု၊ ၇း၃၁ ဒေကာပေါလိ(သို့) မြို့ဆယ်မြို့သည် တစ်ပါးအမျိုးသားများနေထိုင်ရာ နေရာဖြစ်သည်။ 📖 – မာကု၊ ၅း၂၀
- မာကု၊ ၇း၃၄ 'သက်ပြင်းချခြင်း' 'ညည်းညူ ခြင်း' ယေရှု အလွန်ဝမ်းနည်း၍ စိတ်ပျက်ပါသည်။ ဘာကြောင့်လဲ။ ထိုသူနားဆွံ့နေခြင်း သက်သက်ကြောင့်သာမဟုတ်ပါ။ လူများက သူ့ကို မယုံကြည်ကြခြင်းက ကြီးမားသောပြဿနာဖြစ်ပါသည် (မာကု၊ ၈း၁၂)။
- မာကု၊ ၇း၃၆ ယေရှုက လူများ သူ၏နိမိတ်လက္ခဏာများအကြောင်း ပြောခြင်းကိုမလိုလားပါ။ သူ့အကြောင်း မှားယွင်းသောသတင်းများ ဖြန့်ခြင်းကို မလိုလားပါ။ ယေရှုသည် နိမိတ်လက္ခဏာများကို ပြသောသူတစ်ဦးမျှသာ မဟုတ်ပါ။ ယေရှု ဘယ်သူလဲဆိုတာ သူတို့ အသေအချာသိလျှင် ယေရှုကို သူတို့ နာခံပါလိမ့်မည်။

⇒ ဟောပြောချက်၊ မာကု၊ ၇း၃၁-၃၇

## ယေရှုဝမ်းနည်းသည်။

📖 - ဖတ်ရန် - မာကု၊ ၇း၃၄။

ယေရှုက နားဆွံ့အသော ထိုသူအတွက် ဝမ်းနည်းပါသည်။ ကျွန်ုပ်တို့ ဒုက္ခရောက်သောအချိန်များ၌ ယေရှု အမြဲ ဝမ်းနည်းပါသည်။ ကမ္ဘာ ပေါ်ရှိ အနာရောဂါများ၊ နာကျင်မှုအားလုံးအတွက် ယေရှု ဝမ်းနည်းပါသည်။ သို့သော် လူများ သူ့ကို မယုံကြည်သောအခါ သူပို၍ဝမ်းနည်းပါသည်။

(ယေရှု ဘယ်သူလဲဆိုတာကို မသိရသော အခါ တပည့်တော်များနှင့် ကျွန်ုပ်တို့သည် ထိုနားမကြားသူနှင့်တူကြောင်း ရှင်းပြပါ။)

⊳ *ယေရှု သင့်ကို ကြည့်သောအခါ သက်ပြင်းချပါသလား။ သူ့အကြောင်း များစွာသိသော်လည်း သင့် နှလုံးသားထဲသို့မဝင်ရောက်ခြင်းကြောင့် သူဝမ်းနည်းမိပါသလား။*

⊳ *သင် ထိုနားဆွံ့သောသူနှင့်တူ လိုပါသလား။ မတူလိုပါ။ ယေရှု၏နှုတ်ကပတ်တော်(ဝိညာဉ် နားဆွံ့ခြင်း)ကပို၍ ဆိုးဝါးပါသည်။ သင်ထိုအရာကို သတိပြုပါသလား။*

## ယေရှုနိမိတ်လက္ခဏာပြုလုပ်ခြင်း

📖 - ဖတ်ရန် - မာကု၊ ၇း၃၃-၃၅။

ပထမဦးစွာ ထိုသူကို ကုသနိုင်ကြောင်း ယေရှုပြပါသည်။ ထိုသူသည် နားမကြားရပါ။ မြင်သာအောင် ယေရှု လုပ်ပါသည်။ သူ့လက်ချောင်းများကို ထိုလူ၏နားထဲထည့်ပြီးနောက် လျှာကိုလည်း တို့ထိပါသည်။ ယခုတွင် ယေရှုသည် သူ့ကို ကျန်းမာစေမည်အကြောင်း ထိုသူသိပါသည်။

ထို့နောက် ဘုရားသခင်၏ နိမိတ်လက္ခဏာ လိုအပ်ကြောင်း ယေရှုပြပါသည်။ ထို့ကြောင့်၊ ယေရှု ကောင်းကင်သို့မော့ကြည့်သည်။ ထိုသူ၏နားများနှင့် လျှာကို ဖွင့်စေပါသည်။ သူပြောသကဲ့သို့ ဖြစ်လာသည်။

⊳ *နားဆွံ့သူသည် နားကြားဖို့ မိမိကိုယ်မိမိ လုပ်၍မရသလို ကျွန်ုပ်တို့ကိုယ်တိုင် ယုံကြည်ရန် မလုပ်နိုင်ပါ။ ကျွန်ုပ်တို့ ဘုရားသခင် ၏နိမိတ်လက္ခဏာ လိုအပ်ပါသည်။ ယေရှုအကြောင်း ကြားရုံနှင့် မလုံလောက်ပါ။ ကျွန်ုပ်တို့ နားလည်နိုင်ဖို့ ကျွန်ုပ်တို့ နားများကိုဖွင့်ပေးဖို့၊ ယေရှုကို လိုအပ်ပါသည်။ ယေရှုသည် မည်သူဖြစ်ကြောင်း ပြောနိုင်ဖို့၊ ကျွန်ုပ်တို့ နှုတ်များကိုဖွင့်ရန် ယေရှုကို လိုအပ်ပါသည်။ ထိုသို့ ပြုလုပ်စေဖို့ ယေရှုကို တောင်းလျှောက်မည်လား။ သင့်အတွက် တောင်းလျှောက်ပါ။ သင့်မိတ်ဆွေများ အတွက် တောင်းလျှောက်ပါ။*

## ယေရှုသည် အံ့ဩဖွယ်ဖြစ်သည်။

📖 - ဖတ်ရန် - မာကု၊ ၇း၃၇။

ဤသူများက ယေရှုအကြောင်း လူတိုင်းကို ပြောပါသည်။ ယေရှုသည် အံ့ဩဖွယ်ဖြစ်သည်ဟု မြင်ကြသည်။

• လူများကို ယေရှုအကြောင်း ပြောသင့်ပါသလား(သို့) တိတ်ဆိတ်စွာ နေသင့်ပါသလား။ သူတို့ ယေရှုကို တကယ်မချစ်ပါ။ သူ့ကို နာမခံကြပါ။ ကျွန်ုပ်တို့ ယေရှုကိုချစ်ပါက သူ့ကို နာခံကြမည်သာဖြစ်သည်။

⊳ *ယေရှုသည် အံ့ဩဖွယ်ဖြစ်သည်ဟု သင်ထင် လျှင် ဦးစွာသူ့ကို နာခံရမည်။ ယေရှုပြောသည့်အတိုင်း မလုပ်နိုင်ပါက ယေရှု၏ ကောင်းမြတ်ခြင်းအကြောင်း လူများကို မပြောပါနှင့်။*

⊳ *ယေရှု ကျွန်ုပ်တို့ကို ကယ်တင်၍ အသက်တာ ကို ပြောင်းလဲပေးသောအခါ ကျွန်ုပ်တို့ကို တိတ်ဆိတ်စွာနေဖို့ မပြောပါ။ ယခုတွင် အံ့ဩဖွယ် ယေရှုအကြောင်း အမှန်တရားကို အခြားသူများအား ပြောပြဖို့ အလိုရှိပါသည်။*

[?] လေ့လာချက်၊ မာကု၈း၁-၁၀

# ၃၀ ကောင်းကင်မှ နောက်တစ်ကြိမ် မုန့်ချပေးခြင်း

## ■ နောက်ခံသမိုင်း

ရှင်မာကုခရစ်ဝင်ကျမ်း၌ ယေရှုအကြောင်း အနည်းငယ်သာ တွေ့ရှိရပါသည်။ ထိုသို့ဆိုပါက ဘာကြောင့် ကောင်းကင်မုန့်အကြောင်းပုံဥပမာ(၂)ခုကို ထည့်သွင်းထားပါသနည်း။ 📖 - မာကု၆း ၃၀-၄၄ နှင့် မာကု၈း၁-၁၀ တို့၏ တူညီချက်များကို ကြည့်ပါ။

မာကုက ဘာတွေဖြစ်ပျက်ခဲ့သလဲဆိုတာ ကျွန်ုပ်တို့ကို ပြောပြချင်ရုံသက်သက်မဟုတ်ကြောင်း သတိရပါ။ ကျွန်ုပ်တို့အတွက် သတင်းစကားရှိပါသည်။ ဤအရာသည် မာကု၏ဧဝံဂေလိ(သတင်းကောင်း)ဖြစ်သည်။ ကောင်းကင်မှ မုန့်အကြောင်းကို နောက်တစ်ကြိမ် ပြောပြသည်။

ယေရှုသည် တစ်ပါးအမျိုးသားကြားထဲ၌ အမှုဆောင်နေချိန်ဖြစ်သောကြောင့်ဖြစ်သည်။ သူ့အကြောင်းကို တပည့်တော်များအား သွန်သင်ပေးဖို့ အလိုရှိပါသည်။ သူသည် ကယ်တင်ရှင်ဖြစ်ကြောင်း ဖော်ပြလိုပါသည်။ ဂျူးလူမျိုးများအတွက်သာ မဟုတ်၊ လူသားအားလုံး၏ ကယ်တင်ရှင်ဖြစ်ပါသည်။ 📖 - မာကု၈း၁၁-၂၁။ ဤအရာက ယေရှုသည် သူတို့ကို နိမိတ်လက္ခဏာကို နားလည်စေချင်ကြောင်း ဖော်ပြပါသည်။ သူဘယ်သူလဲဆိုတာ သူတို့ကို မြင်စေလိုပါသည်။ ထို့ကြောင့် တစ်ပါး အမျိုးသားများအတွက်လည်း နိမိတ်လက္ခဏာကို ပြခဲ့ခြင်းဖြစ်သည်။ သူသည် မည်သူဖြစ်ကြောင်း တပည့်တော်များကို ပြသခြင်းဖြစ်သည်။

## ▣ အဓိကအချက်

ယေရှုသည် ဂျူးလူမျိုးအတွက်မျှသာ မဟုတ်ဘဲ လူသားအားလုံးအတွက် ကြွဆင်းလာသော ကယ်တင်ရှင် ဖြစ်ပါသည်။

## ★ လုပ်ဆောင်ရန်

ဤဥပမာသည် မာကု၆ တွင်ပါရှိသော ပုံဥပမာ နီးပါးတူပါသည်။ ဤအရာမှာ မာကုက ကျွန်ုပ် တို့ကို မြင်စေလိုသောအရာဖြစ်သည်။ နိမိတ်လက္ခဏာများကို ပြီးခဲ့သောအကြိမ်ကကဲ့သို့ပင် ပြောရုံမဟုတ်ဘဲ ဂျူးလူမျိုးများနှင့် ထိုတစ်ပါးအမျိုးသားများကို ကျွေးမွေးခဲ့ခြင်းအကြောင်း ထောက်ပြခြင်းဖြစ်သည်။

## ▲ မှတ်သားရန်

- သင့်မှာ ကျမ်းစာမြေပုံရှိလျှင် တစ်ပါးအမျိုးသားတို့နေရာသို့သွားသော ခရီးစဉ်ကို လေ့လာပါ။ တုရုမြို့သို့သွားပါသည်(မာကု၊ ၇း၂၄)။ ထို့နောက် 'ဒေကာပေါလိ'သို့ သွားသည် (မာကု၊ ၇း၃၁) ထို့နောက် ဂျူးလူမျိုးများနေသော ရေအိုင်တစ်ဖက်ကမ်းရှိ 'ဒါလမနုသ'(မာကု၊ ၈း၁၀) ကျေးရွာသို့ ပြန်လာပါသည်။
- မာကု၊ ၈း၈ 'ခြင်းတောင်း'ဟု သုံးထားခြင်းသည် မာကု၊ ၆း၄၃တွင် သုံးထားခြင်းနှင့် ကွာခြားပါသည်။ အကြောင်းမှာ တစ်ပါးအမျိုးသားများသုံးသော ခြင်းတောင်းသည် ဂျူးလူမျိုးများသုံးသောခြင်းတောင်းနှင့် ကွာခြားသောကြောင့် ဖြစ်သည်။

➡ ဟောပြောချက်၊ မာကု၊၈း၁-၁၀

## မျှတသောချစ်ခြင်းမေတ္တာ

📖 - ဖတ်ရန်။ မာကု၊၈း၁-၃။

သင်သည် လူအချို့အတွက် များစွာဂရုစိုက်မှုရှိပြီး အခြားလူများအတွက် သိပ်ပြီးဂရုစိုက်မှုမရှိဘူး။ အချို့လူများ ဆာလောင်နေခြင်းကို သင်အမှုမဲ့ အမှတ်မဲ့ ရှိနေနိုင်ပါသည်။ သူတို့ကို သင်မနှစ်မြို့ပါ။ သူတို့တန်ဖိုးနည်းသောသူများဟု သင်ထင်ကောင်းထင်လိမ့်မည်။

ယေရှုကသူ၏ လူမျိုးတော်ကဲ့သို့ တစ်ပါးအမျိုးသားများအတွက်၊ 'တူညီသောချစ်မေတ္တာ'ကို ပြသပါသည်။ သူတို့ဆာလောင်မှုအတွက် ယေရှုအလွန်ဂရုစိုက်ပါသည်။ မာကု(၆)တွင် ဂျူးလူမျိုး ငါးထောင်ကို ကျွေးမွေးသည့်နည်းတူ တစ်ပါးအမျိုးသားလေးထောင်ကို ကျွေးမွေးပါသည်။ (ဤအကြောင်းနှင့်စပ်လျဉ်း၍ ရှင်းပြပါ)။ ယေရှု ဤလူများကို ဂရုစိုက်ကြောင်း ထောက်ပြပါ။ မာကု(၆)တွင်ပါသော နိမိတ်လက္ခဏာနှင့် ဘယ်လိုတူကြောင်း ထောက်ပြပါ။

• တပည့်တော်များက ဘာတွေ စဉ်းစားသလဲဆိုတာစိတ်ကူးကြည့်ပါ။ သူတို့ တစ်ပါးအမျိုးသားများကို အလေးမထားကြောင်း သတိရပါ။ ဘုရားက ဂျူးလူမျိုးများကိုဘဲ ဂရုပြုသည်ဟု သူတို့ထင်သည်။ မာကု၊၈း၆ တွင် တစ်ပါးအမျိုးသားများကို ကျွေးမွေးရသောအခါ သူတို့ ဘာစဉ်းစားကြသလဲဆိုတာ စိတ်ကူးကြည့်ပါ။

⏩ *ယေရှုက သူဘယ်သူဖြစ်သည်ကို တပည့်တော်များနားလည်ဖို့အလိုရှိပါသည်။ ယေရှုဘယ်သူလဲဆိုတာ သင်နားလည်ပါသလား။ သူသည် လူသားအားလုံးအတွက် ကယ်တင်ရှင်ဖြစ်ပါသည်။ သင် မနှစ်မြို့သောသူများကိုလည်း သူဂရုစိုက်ပါသည်။ ကလေးသူငယ်များ၊ လူအိုများကိုလည်း ဂရုစိုက်ပါသည်။ အမျိုးသမီးများကိုလည်း အမျိုးသားများကဲ့သို့ ဂရုစိုက်ပါသည်။*

*ယေရှုကို သင်၏ကယ်တင်ရှင်ဖြစ်စေလိုပါသလား။ သင်မနှစ်မြို့သောသူများ၏ ကယ်တင်ရှင်ဖြစ်ဖို့ သင်လိုလားပါသလား။*

## တန်ပြန်တဲ့ပြန်မှု

📖 - ဖတ်ရန် - မာကု၊၈း၄-၁၀။

တပည့်တော်များက အရင်အတိုင်းဖြစ်ပါသည်။

📖 - မာကု၊၈း၄။ အရင်တစ်ခါကကဲ့သို့၊ ကောင်းကင်မှမုန့်ကို ဘာကြောင့်မပေးတာလဲဟု ဘယ်သူမှမပြောပါ။ ဤလူအုပ်ကြီးကို ကျွေးဖို့မဖြစ်နိုင်ဟု သူတို့ထင်သည်။ အကြောင်းမှာ ယေရှုမည်သူဖြစ်ကြောင်း သူတို့မမြင်ကြသေးပါ။

📖 - မာကု၊၈း၂၁

လူထုကြီးကလည်း အရင်အတိုင်းဖြစ်ပါသည်။

📖 - မာကု၊၈း၈၊၉။ အားလုံးဗိုက်ပြည့်ကြပါသည်။ ယေရှုက ကျွေးမွေးသောကြောင့် သူတို့ပျော်ရွှင်ကြပါသည်။ သို့သော် ယေရှုထံမှ ထွက်သွားရမည်ကိုလည်း ပျော်ကြပါသည်။ သူတို့သည် ယေရှု ကျွေးမွေးခဲ့သော ဂျူးလူမျိုးငါးထောင်နှင့် တူပါသည်။ သူတို့နိမိတ်လက္ခဏာကို ကြိုက်ကြပါသည်။ သို့သော် ယေရှု ဘယ်သူလဲဆိုတာ သူတို့မမြင်ပါ။ "ယေရှု မုန့်နှင့်ငါးကို ကျွန်ုပ်တို့အတွက် ပေးသောကြောင့်၊ သူသည် ဘုရားဖြစ်ရမည်။ ကျွန်ုပ်တို့အတွက် သူကြွလာခြင်းဖြစ်သည်"ဟု မထင်ကြပါ။ ထို့ကြောင့် ယေရှုနောက်ကို မလိုက်ကြခြင်းဖြစ်သည်။ သူတို့အိမ်သို့ပြန်သွားကြပါ သည်။

⏩ *ယေရှု၏ အကြောင်းအရာများစွာ ကျွန်ုပ်တို့ ကြားရပါသည်။ ကျွန်ုပ်တို့ နားထောင်ချင်ပါသည်။ ပုံဥပမာများကိုလည်း ယုံကြည်ပါသည်။ သို့သော် ယေရှု ဘယ်သူလဲဆိုတာ ကျွန်ုပ်တို့ တကယ်မြင်ရဲ့လား။ ကျွန်ုပ်တို့မြင်တယ်ဆိုရင် အဲဒါကို ဘယ်လို ဖော်ပြမလဲ။*

[?] လေ့လာချက်၊ မာကု၊၈း၁၁–၂၁

# ၃၁ ခိုင်မာသော နှလုံးသားများရှိသည့်လူကန်းနှင့်နားဆွံ့သူ

## ▣ နောက်ခံသမိုင်း

မကြာခင်၊ ယေရှု မည်သူဖြစ်သည်ကို တပည့်တော်များ မြင်ရတော့မည်။ 📖 – မာကု၊ ၈း၂၉ နောက်ဆုံးတွင် သူတို့ နားလည်လာ လိမ့်မည်။ ဒီတော့ သူတို့ ဘယ်လိုနားလည်ကြမလဲ။

တပည့်တော်များ နိမိတ်လက္ခဏာ လိုအပ်ကြောင်း မာကုက ထောက်ပြထားပါသည်။ မာကု၊ ၈း၁၁–၂၁ တွင် ယေရှု မည်သူဖြစ်သည်ကို မမြင်ကြသေးပါ။ သူတို့၏နှလုံးသားများသည် ခိုင်မာဆဲဖြစ်သည်။ သူတို့မယုံကြည်ကြပါ။ ဖာရိရှဲများနဲ့ အဘယ်မျှလောက် တူကြောင်းသတိပြုပါ။

📖 – မာကု၊ ၃း၆၊ ၆း၅၂၊ ၇း၁၇၊ ၁၈။

📖 – မာကု၊ ၈း၁၁၊ ၁၂၊ ၁၆၊ ၁၇၊ ၁၈၊ ၂၁။

ကို ယခုဖတ်ပါ။

## ◉ အဓိကအချက်

တပည့်တော်များကဲ့သို့ ကျွန်ုပ်တို့၏ နှလုံးသားများခိုင်မာကြပါသည်။ ယေရှုကိုယုံကြည်နိုင်ဖို့ ကျွန်ုပ်တို့လည်း နိမိတ်လက္ခဏာများလိုအပ်ပါသည်။

## ☒ လုပ်ဆောင်ရန်

ယေရှုကို မုန်းသောသူများနှင့် ကျွန်ုပ်တို့ တူသည်ဟုထင်ရန် ခက်ခဲပါသည်။ သို့သော် ယေရှုက၊ သူ၏တပည့်တော်များကို ဖာရိရှဲနှင့်ဟေရုဒ်များနည်းတူ ဖြစ်မလာရန် သတိပေးထားပါသည်။ တပည့်တော်များက ယေရှုကို မမုန်းသော်လည်း ယေရှု၏ရန်သူများနည်းတူ ခိုင်မာသော နှလုံးသားများ ရှိကြသည်။

ကျွန်ုပ်တို့ နှလုံးသားကို စစ်ဆေးကြပါစို့။ ယေရှုအတွက် အချိန်မပေးနိုင်သူများနည်းတူ ဖြစ်နေကြပါသလား။ သူတို့၏နှလုံးသားများ ပြောင်းလဲ ရန် လိုအပ်ကြောင်း သင့်လူများ မြင်တတ်ဖို့ ကူညီ ပေးပါ။

## ▲ မှတ်သားရန်

• မာကု၊ ၈း၁၅။ လူများက 'တံဆေး'ကို ပေါင်မုန့်ဖုတ်ရန် အသုံးပြုသည်။ ပေါင်မုန့်ကို ဖောင်းကြွစေသည့်အရာဖြစ်သည်။ တဆေးအနည်း ငယ်သည် မုန့်အရောအနှောထဲ ပျော်ဝင်သွားပါသည်။ ဤသည်မှာ ပုံဆောင်စကားဖြစ်ပါသည်။ ယေရှုက သူ၏တပည့်တော်များကို သတိထားဖို့ ပြောပါသည်။ ဖာရိရှဲများ၏တံဆေးက သင်တို့အထဲပျော်ဝင်သွားလိမ့်မည်။ သင်တို့နှလုံးသားများလည်း ထိုကဲ့သို့ ခိုင်မာသောစိတ်နှလုံးရှိကြလိမ့်မည်။

• မာကု၊ ၈း၁၅ 'ဟေရုဒ်'သည် ထိုဒေသတွင် အုပ်ချုပ်သော ရောမဘုရင်ဖြစ်သည်။ ဂျူးလူမျိုးများ၏ ဘုရားကို ရောမလူမျိုးများ မယုံကြည်ကြပါ။ ထို့ကြောင့် ယေရှုကို မယုံကြည်ကြပါ။

## ⇒ ထောပြောချက်၊ မာကု၊ ၈း၁၁-၂၁ သတိပြုပါ။

📖 - ဖတ်ရန်။ မာကု၊ ၈း၁၁-၁၅။

ကျွန်ုပ်တို့နှင့်နီးစပ်သူများနှင့် ကျွန်ုပ်တို့ တူလာနိုင်ပါသည်။

- သင်ဘယ်သူနဲ့တူလာသလဲ။ သင်၏ ခင်ပွန်း(သို့)ဇနီး၊ သင့်မိဘ(သို့)သင်၏မိတ်ဆွေ၊ ကျွန်ုပ်တို့သည် သူတို့ကဲ့သို့ စဉ်းစားပြီး ပြောဆိုတတ်ကြပါသည်။

ယေရှုက "ဂရုပြုပါ"၊ "သတိပြုပါ"ဟု ပြောသည်။ တပည့်တော်များက ဖာရိရှဲတို့က ယေရှုကို မုန်းတီးကြောင်း သိသော်လည်း အန္တရာယ်ရှိဆဲဖြစ်သည်။ တပည့်တော်များက ဖာရိရှဲများကဲ့သို့ စ၍ စဉ်းစားလာကြသည်။

- ယေရှုနှင့်ပတ်သက်၍ လွဲမှားစွာ ထင်မြင်ကြသောသူများမှာ ဘယ်သူတွေလဲ။ (တီဗွီနှင့်ရေဒီယိုပေါ်မှ လူများ၊ နိုင်ငံရေးသမားများ၊ ဆရာ/မများ၊ မိတ်ဆွေသူငယ်ချင်းများ) ထိုသူများလား။ ယေရှုအကြောင်းကို သူတို့စိတ်ထင်အတိုင်း မြင်နေမိပါသလား။

📖 - မာကု၊ ၈း၁၁-၁၂ သူတို့၏နှလုံးသားများ ဤမျှလောက် ခိုင်မာကြသည်ကို မြင်သောကြောင့် ယေရှု ဝမ်းနည်းပါသည်။ ယေရှုကိုသူတို့ မယုံကြည်ကြပါ။ ယေရှုကို စမ်းသပ်ချင်ကြပါသည်။ လူများက ယေရှုကို ဆန့်ကျင်လိုကြပါသည်။

⊠ *ယေရှုက "ထိုတဆေးများကို ဂရုပြုပါ"ဟု ပြောပါသည်။ ကျွန်ုပ်တို့အထဲ၌ လွယ်ကူစွာ ပျံ့နှံ့ဝင် ရောက်နိုင်ပါသည်။ ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိ လူများနှင့်လည်း ကျွန်ုပ်တို့တူနိုင်ပါသည်။ ကျွန်ုပ်တို့မှာ ခိုင်မာသော နှလုံးသားများ ရှိနိုင်ပါသည်။ ယေရှုကို ယုံကြည်ဖို့ အလွန် နှေးကွေးသွားနိုင်ပါသည်။*

## ခိုင်မာသောနှလုံးသားများ

📖 -မာကု၊ ၈း၁၆-၂၁ ကိုဖတ်ပါ။

တပည့်တော်များက ယေရှုကို နားမလည် ကြပါ။ သူတို့ထင်သည်မှာ ယေရှုက မုန့်အကြောင်း ပြောနေသည်ဟု ထင်သည်။ ယေရှု မေးသော မေးခွန်း(၂)ခုမှာ

၁။ မအောက်မေ့ဘဲ နေကြသလား ။

📖 - မာကု၊ ၈း၁၈-၂၀။

ဖြစ်ပျက်ခဲ့သည့်အရာများကို တပည့် တော်များ မှတ်မိပါသည်။ သို့သော် သင်ခန်းစာ ကို မသင်ယူမိကြပါ။ ယေရှု ဘယ်သူဖြစ်လဲဆိုတာ မယုံကြည်ကြဆဲဖြစ်သည်။

*ယေရှုအကြောင်း လေ့လာပြီးသမျှကို သင် မှတ်မိပါသလား။ သင့်ကို မပြောင်းလဲစေဘူးလား။ ယခု ယေရှုကို သင်ယုံပြီလား။*

၂။ နှလုံးမသွင်း၊ နားမလည်နိုင်ကြသလော ။

📖 - မာကု၊ ၈း၁၈-၂၀

သူတို့နားမလည် ကြပါ။ သူတို့သည် လူကန်းများ(သို့မဟုတ်) နားဆွံ့သောသူများနှင့် တူပါသည်။ ယေရှုပြုလုပ်သမျှကိုလည်း တွေ့ရ သည်။ ယေရှုပြောသမျှကိုလည်း ကြားရသည်။ သို့သော် သူတို့ နားမလည်ဘဲလျက် ရှိနေဆဲဖြစ် သည်။ သူတို့နှလုံးသားများ မာကျောနေဆဲ ဖြစ် သည်။ နိမိတ်လက္ခဏာများကို တောင်းဆိုနေတုန်း ဖြစ်ပါသည်။

⊠ *သင်ယေရှုအကြောင်း မြောက်မြားစွာ သိထားပြီး ဖြစ်ကောင်းဖြစ်မည်။ သို့သော် ယေရှုပြုခဲ့တဲ့အမှုကို သင့်နှလုံးသားထဲမှာ မှတ်သားရပြီလား။*

*သင်စိတ်နှလုံးကို ယေရှု ပြောင်းလဲစေပြီး သူ့ကို ယုံကြည်ဖို့ရန် သင့်၌ ယုံကြည်ခြင်းကို မစပြီလား။ ထိုသို့မဟုတ်ရသေးပါက ယခုသူ့ကို တောင်းလျှောက်ပါ။*

[?] လေ့လာချက်၊ မာကု၊ ၈း၂၂-၃၀

# ၃၂ ပေတရု တွေ့မြင်ခြင်း

## ■ နောက်ခံသမိုင်း

တပည့်တော်များသည် မျက်စိကန်းနေဆဲဖြစ်ပါသည်။ ယေရှု ဘယ်သူလဲဆိုတာ သူတို့ မမြင်နိုင်ပါ။ သူတို့နိမိတ်လက္ခဏာလိုပါသည်။

ကျွန်ုပ်တို့ဖတ်ရသည့် နောက်အကြောင်းအရာတစ်ခုမှာ နိမိတ်လက္ခဏာအကြောင်းပင်ဖြစ်ပါသည်။ 📖 - မာကု၊ ၈း၂၂-၂၆။ မျက်စိကန်းသူမြင်ရသည်။ သတင်းစကားပါသော နောက်ထပ် နိမိတ်လက္ခဏာ တစ်ခုဖြစ်သည်။ (မာကု၊ ၇း၃၁-၃၇ နှင့် တူပါသည်)

ဤနိမိတ်လက္ခဏာကို ရှေ့ဆက်၍ ဖတ်ပါက ပေတရုက သူမြင်ကြောင်းကို ဖော်ပြပါသည်။ ယေရှုသည် ခရစ်တော်၊ ကယ်တင်ရှင်ဖြစ်သည်ကို သူမြင်ပါသည်။ 📖 - မာကု၊ ၈း၂၇-၃၀

မာကု၊ ၈း၂၉ က မာကု၊ ၁-၈ တွင် ပါသော ယေရှု ဘယ်သူလဲဆိုသည့် အကြီးမားဆုံး မေးခွန်းကို ဖြေထားပါသည်။ ယေရှုသည်ခရစ်တော်ဖြစ်ပါသည်။

မာကုတွင် ပါသော အခြားအကြောင်းအရာများက ယေရှုဘာကြောင့် ကြွလာသလဲဆိုသည့် အခြား ကြီးမားသည့်မေးခွန်းကို အဖြေပေးပါသည်။

| ယေရှုဘယ်သူလဲ | ယေရှုဘာကြောင့်ကြွလာသလဲ |
|---|---|
| မာကု၊ ၁-၈ | မာကု၊ ၈-၁၆ |

## ⊡ အဓိကအချက်

ပေတရုက ယေရှုသည် ခရစ်တော်ဖြစ်သည်ဟုပြောသည်။

## ▲ မှတ်သားရန်

• မာကု၊ ၈း၂၃၊ ၂၆။ ယေရှုက ထိုသူကို ရွာ၏အပြင်သို့ ခေါ်ထုတ်သွားပါသည်။ သူ့ကို ရွာထဲသို့ပြန်မသွားစေချင်ပါ။ အကြောင်းမှာ ယေရှုက နိမိတ်လက္ခဏာများကို လျှို့ဝှက်ထားလို၍ဖြစ် သည်။ ဤအရာမှာ တပည့်တော်များကို စဉ်းစားဆင်ခြင်စေလိုသော နိမိတ်လက္ခဏာဖြစ်သည်။

• မာကု၊ ၈း၂၃-၂၅။ ဘာကြောင့် ယေရှု ထိုသူ၏ မျက်စေ့ကို 'နှစ်ကြိမ်'တို့ရသနည်း။ ပထမအကြိမ် ပြုလုပ်ခြင်းက မထင်ရှား၍ မဟုတ်ပါ။ ယေရှုက ထိုနိမိတ်လက္ခဏာကို (၂)ပိုင်းခွဲ၍ ပြုလုပ်ခြင်း ဖြစ်သည်။ အကြောင်းမှာ နိမိတ်လက္ခဏာတွင် သတင်းစကားပါသောကြောင့် ဖြစ်ပါသည်။

ဤသူသည် တပည့်တော်များနှင့်တူပါသည်။ မကြာခင်ကာလ၌ သူတို့မြင်ရလိမ့်မည်။ သို့သော် တစ်ဝက်သာ မြင်ရသေးသည်။ ပေတရုက ယေရှုကို ခရစ်တော်ဖြစ်သည်ဟု မြင်သော်လည်း ယေရှု အသေခံရမည်ကို မသိရပါ (မာကု၊ ၈း၃၁၊ ၃၂)။ ပေတရုသည် မာကု၊ ၈း၂၄တွင်ပါသော သူနှင့် တူပါသည်။ မာကု၏ကျန်အကြောင်းအရာများမှာ တပည့်တော်တစ်ဝက်မှာ ကန်းနေဆဲဖြစ်သည်။ ယေရှု သူတို့ကို သင်ကြားသော်လည်း ကောင်းစွာ မမြင်ကြသေးပါ။ ယေရှုသေခြင်းမှ ထမြောက်သော အချိန်ထိတိုင်အောင် သူတို့အပြည့်အဝ နားမလည်ကြပါ။

• မာကု၊ ၈း၂၉။ ပေတရုက ယေရှုသည် ဝမ်းဟောင်းကျမ်း၌ဘုရား ကတိထားသောခရစ်တော် (မေရှိယ) ဖြစ်သည်ဟုမြင်သည်။ ဘုရားသခင်သည် သူ၏လူများကို ကယ်တင်ဖို့ ယေရှုကိုစေလွှတ်သည်ဟု မြင်သည်။

• မာကု၊ ၈း၃၀။ သူတို့လူများကို စကား မပြောရပါ။ အကြောင်းမှာ လူများက ယေရှုအကြောင်းများယွင်းစွာ နားလည်ကြသောကြောင့် ဖြစ်သည်။ ယေရှု ကြွလာသည့်အကြောင်းရင်း သူတို့မြင်ဖို့ရန် ဦးစွာလိုအပ်ပါသည်။

## ဟောပြောချက်၊ မာကု၊၈း၂၂-၃၀

### အရေးကြီးသောမေးခွန်း

– ဖတ်ရန်– မာကု၊၈း၂၃၊၂၇၊၂၉။

ကျွန်ုပ်တို့အားလုံး မြင်လိုကြပါသည်။ သင်ဘာမှ မမြင်ရသောအခါ သင်ဘယ်လို ခံစားရသလဲ။ မျက်စိကန်းသောသူ ဘယ်လောက် မြင်ချင်မလဲဆိုတာ သင်စဉ်းစားကြည့်ပါ။

ယေရှုက နိမိတ်လက္ခဏာကို ပြုလုပ်ပြီးဖြစ်သည်။ လူကန်းသည် စတင်၍မြင်ရပါသည်။ ယေရှုက သူ့ကို အရေးကြီးသောမေးခွန်းကို မေးပါသည်။ 'တစ်စုံတစ်ခုကို သင်မြင်သလား'။ သူအလွန်စိတ် လှုပ်ရှားပါသည်။ လူများကို သူစ၍မြင်ရပါသည်။

ယေရှုက သူ၏တပည့်တော်များကို အရေးကြီးသော မေးခွန်းတစ်ခုမေးပါသည်။ ဤအချိန်အထိ သူတို့ကန်းနေဆဲဖြစ်သည်။ ယေရှုသည် မည်သူဖြစ်သည်ကို မမြင်နိုင်သည့် အခြားလူကန်းများကဲ့သို့ ဖြစ်နေသလား။ – မာကု၊၈း၂၇၊၂၈။

(သို့မဟုတ်) သူတို့ခြားနားသွားပြီလား။ နောက်ဆုံးမှာ သူတို့ မြင်တတ်လာသလား။

– မာကု၊၈း၂၉။

*ယနေ့တွင်ပင်လျှင် ယေရှုက ထိုမေးခွန်းကို ကျွန်ုပ်တို့အား မေးလျက်ရှိပါသည်။ အခြားသူများက ယေရှုအကြောင်း များစွာသိကြသည်။ သို့သော် ယေရှုက သင့်ကို မေးပါသည်။ ယေရှုအကြောင်း သင်ဘာပြောမလဲ။ ယေရှုက သင့်မျက်လုံးကိုဖွင့်ပြီလား။ အရင်က နားမလည်တဲ့အရာတွေကို အခုသင်မြင်ပြီလား။ တစ်စုံတစ်ယောက်ကမေးရင် သင်ဘာပြောမလဲ။*

### အရေးကြီးသောအဖြေ

– ဖတ်ရန်– မာကု၊၈း၂၉။

''ကျွန်ုပ်တွေ့ပြီ'၊ လူကန်းပြောသွားသည့်အထဲက အကောင်းဆုံးသောစကားလုံးဖြစ်သည်။ ယခုမှစ၍ သူ့အသက်တာတစ်ခုလုံး ပြောင်းလဲသွားပါသည်။

သင်သည် ခရစ်တော်ဖြစ်သည်ဟူသော အချက်မှာ ပေတရု ပြောဖူးသမျှအထဲက အကောင်းဆုံးစကားလုံးဖြစ်သည်။ ယခုမှာ၊ ထိုအရာ မှန်ကန်ကြောင်းကို သူသိသည်။ ဘုရားက ကယ်တင်ရှင်ကို စေလွှတ်သည်။ ပေတရုက သူ့ကိုယုံကြည်သည်။ အခြားသူများက ယေရှုအကြောင်းအမျိုးမျိုးပြောကြသည်။ သို့သော် ပေတရုက အမှန်တရားကို သိပါသည်။ ထိုအရာကိုပြောဖို့ ပေတရုမကြောက်ရွံ့ပါ။

*ယေရှုသည် ခရစ်တော်ဘုရား ကယ်တင်ရှင်ဖြစ်ကြောင်းကို သင်ယုံကြည်ပါသလား။ သင့်အတွက် အရေးကြီးပါသလား။ ဤအရာ အလွန်အရေးကြီးကြောင့် အခြားသူတွေကို ပြောဖို့ သင်ဝမ်းမြောက်သလား။ ယေရှုသည် ကယ်တင်ရှင်ဖြစ်သောကြောင့် ပေတရုကဲ့သို့ပင် သူ့ကိုယုံကြည်၍ သူ့နောက်သို့ လိုက်မည်လား။*

*ပေတရုနှင့်သင် တူကောင်းတူလိမ့်မည်။ သင်တချို့တဝက်သာ မြင်သည်။ သင်နားမလည်သော အရာအတော်များများ ရှိနေဆဲဖြစ်သည်။ ကယ်တင်ရှင်ယေရှုကို သင်ယုံကြည်ကြောင်း လူများကို ပြောပြဖို့ရန် မကြောက်ပါနှင့်။ သင်နားလည်သောအရာများကနေ စပြောပါ။ သင်ယေရှုနောက်လိုက်လျှင် သင်ပိုမို၍ မြင်လာရန်၊ သူက ကူညီပါလိမ့်မည်။*

# ၃၃ ကားတိုင်လမ်း

## ▣ နောက်ခံသမိုင်း

ယခုတွင် ယေရှု မည်သူဖြစ်ကြောင်း တပည့်တော်များ မြင်ကြပါသည်။ ပေတရုက၊ သင်သည် ခရစ်တော်ဖြစ်သည်ဟု ပြောသည်။ သို့သော် သူတို့ တစ်ဝက်သာမြင်ရသေးသည်။ ယေရှု ကြွလာပြီး ဘာလုပ်သလဲဆိုတာ သူတို့နားမလည်ပါ။ သူတို့ ထင်နေ သောအချက်မှာ ယေရှုက ဂျူးများကို ဦးဆောင်ပြီး ရောမများကို ဆန့်ကျင်မည်။ ယေရှုက ယေရုရှလင် မြို့တွင် မိမိကိုယ်ကို ဘုရင်အဖြစ် တင်မြှောက်မည်။ ယေရုရှလင်မြို့တွင် သူတို့ အရေးကြီးသောအလုပ် များရှိမည်ဟု မျှော်လင့်ပါသည်။ သို့သော် သူတို့ မှားပါသည်။ သူတို့ ယေရှုကို နားထောင်ဖို့ လိုအပ်ပါသည်။ ခရစ်တော် ဦးဆောင်သောလမ်းခရီးကို လိုက်လျှောက်ဖို့ လိုအပ်ပါသည်။ ရှင်မာကုခရစ်ဝင် ကျမ်း၏ဒုတိယတစ်ဝက်မှာ ယေရှု လုပ်ဆောင်ရမည့် အရာများအကြောင်း ဖော်ပြခြင်းဖြစ်သည်။

## ⊡ အဓိကအချက်

စစ်မှန်သော ခရစ်ယာန်များသည် ခရစ်တော်၏ ကားတိုင်လမ်းကို လိုက်လျှောက်ကြပါသည်။

## ⊞ လုပ်ဆောင်ရန်

လူများစွာက သူတို့သည် ခရစ်ယာန်ဖြစ်သည်ဟု ပြောလိုကြပါသည်။ ယေရှုက ယေရှု၏ ကားတိုင်လမ်းကို လိုက်လျှောက်မှသာ ခရစ်ယာန်ဖြစ်သည်ဟု ထောက်ပြပါသည်။ လူများက ဤအရာကို မယုံကြည်လိုကြပါ။ လူများစွာက လွယ်ကူသော ခရစ်ယာန်အသက်တာကိုသာ လိုချင်ကြပါသည်။ ယေရှုက သူတို့ကိုကောင်းသောအရာ မြောက်မြားစွာကို ပေးလိမ့်မည်ဟု မျှော်လင့်ထားပါသည်။ ယေရှု နောက်သို့ သူတို့၏ကိုယ်ပိုင်လမ်းဖြင့်သာလိုက်ချင်ပါသည်။ ယေရှုက သူတို့မှား ကြောင်းပြောပါသည်။ ခရစ်ယာန်တစ်ဦးဖြစ်ဖို့ လမ်းတစ်လမ်းတည်း ရှိပါသည်။ ၎င်းမှာ 'ယေရှု၏လမ်း' ဖြစ်ပါသည်။

ဤအရာကို သင့်လူများရှင်းလင်းစွာ သိရန် သင် ဘယ်လိုလုပ်မလဲ။ ။

• ဤကဏ္ဍမှာအလွန်အရေးကြီးပါသည်။ ဆွေးနွေးခြင်းတစ်ခုထက် ပို၍ လုပ်ရပါမည်။

## ▲ မှတ်သားရန်

• မာကု၊၈း၃၁၊ ယေရှုက မိမိကိုယ်ကို 'လူသား' ဟု ခေါ်ပါသည်။ သူသည် လူတစ်ဦးဖြစ်သည်ဟုသာ ဆိုလိုခြင်းမဟုတ်ပါ။ ဒံယေလပြောသည့် အစွမ်းတန်ခိုးရှိသော 'လူသား' ကို ဆိုလိုခြင်းဖြစ်သည်။

📖 - ဒံယေလ၊၇း၁၃၊၁၄။ ယေရှုကားတိုင်ဆီသို့သွားမည်။ သို့သော် ဤအရာကို သတိထားပါ။ ယေရှုသည် တန်ခိုးရှိသော ရှင်ဘုရင်ဖြစ်သည်။ သူသည် အရာခပ်သိမ်းကို အုပ်စိုးလိမ့်မည်။

• မာကု၊၈း၃၃။ ယေရှုက ပေတရုကို 'စာတန်' ဟု ခေါ်ခြင်းမှာ သူသည် ဘုရား၏အကြံအစည်တော်ကို ဆန့်ကျင်၍ဖြစ်သည်။ ပေတရုက၊ ဘုရားကဲ့သို့ မဟုတ်ဘဲ စာတန်ကဲ့သို့ စဉ်းစားပါသည်။ ပေတရုက၊ ယေရှုအတွက် ဘုရား၏အကြံအစည်တော်ကို လက်ခံဖို့ လိုအပ်ပါသည်။ ယေရှုက ကားတိုင်ဆီသို့ သွားရမည်။ ပေတရုက တားဆီးဖို့ မကြိုးစားပါ။ ယေရှုက ပေတရုကို ဆုံးမပါသည်။ (သူမှားနေကြောင်း ယေရှုပြောပါသည်။)

**ဟောပြောချက်၊ မာကု၊ ၈း၃၁-၃၈**

## ခရစ်တော်သည် မည်သို့ဖြစ်ပါသနည်း။

– ဖတ်ရန် – မာကု၊ ၈း၃၁-၃၃။

*သင်ဘယ်သူနဲ့တူချင်သလဲ။ သင့်ရဲ့သူရဲကောင်းက ဘယ်သူလဲ။ ဘယ်သူက ကြီးမြတ်တယ်လို့ သင် ထင်ပါသလဲ။*

ကျန်းမာသန်စွမ်း၍ အနိုင်ရမည့်သူ၏နောက် သို့ လိုက်လိုကြသော်လည်း လူအများက မုန်းတီး၍ သတ်လိုသောသူနောက်သို့ ဘယ်သူမှ မလိုက်လိုကြပါ။ ကျွန်ုပ်တို့သည် တပည့်တော်များနှင့်တူပါသည်။ တပည့်တော်များက ယေရှု တစ်ကမ္ဘာလုံးကို အုပ်စိုးဖို့ ကူညီလိုပါသည်။ သူတို့က ယေရှုနှင့်အတူ ကားတိုင်ဆီသို့မသွားလိုကြပါ။

ပေတရုကို သင်နားလည်ပါသလား။ ယေရှုကို ဘုရားသခင်၏ဘုရင်၊ ခရစ်တော်ဟု သူမြင်ပါ သည်။ ဒါဆိုရင် ယေရှု ဘာဖြစ်လို့ ရှုံးနိမ့်ရမှာလဲ။ ယေရှု ဘာဖြစ်လို့ အသေခံရမှာလဲ။ ပေတရုအမြင်မှာ မဖြစ်နိုင်ပါဟုမြင်သည်။ ယေရှုသည် ထူးခြားသော ဘုရင်၊ သူရဲကောင်းတစ်ဦးဖြစ်ပါသည်။ အကြောင်းမှာ ယေရှုသည် ကားတိုင်ပေါ်တွင် အသေသတ်ခြင်းကို ခံခဲ့သည်။ သူသည် ကြီးမြတ်၍ ကျွန်ုပ်တို့အပြစ်များ အတွက် အသေခံပါသည်။ ကျွန်ုပ်တို့ သူ့နောက် လိုက်ကြပါသည်။ ယေရှုသည် ရှင်ဘုရင်ဖြစ်ကြောင်း တစ်နေ့တွင် ကျွန်ုပ်တို့အားလုံးတွေ့မြင်ရမည်။ ယေရှုသည် တန်ခိုးကြီးသောရှင်ဘုရင်အဖြစ်ပြန်လာမည်။ ( မာကု၊ ၈း၃၈) သို့သော် ပထမတွင် လူများက သူ့ကို ငြင်းပယ်ပါသည်။ ယေရှုကို သူတို့၏ဘုရင် အဖြစ် လက်မခံလိုကြပါ။ သူတို့ ကားတိုင်ပေါ်တင် သတ်ကြပါသည်။

*ယေရှုနောက်သို့ သင်လိုက်မည်လား။ လူအများ မုန်းတီးသော ယေရှုနောက်သို့ သင်လိုက်မည်လား။ လူများက ယေရှုကို အဆိုးပြောနေချိန်မှာ "ယေရှုဟာ ကျွန်ုပ်ရဲ့ကယ်တင်ရှင်၊ ဘုရင်ဖြစ်တယ်'လို့ သင် ပြောမှာလား။*

## မည်သည့်ခရစ်ယာန်အမျိုးအစားနည်း

– ဖတ်ရန် – မာကု၊ ၈း၃၄-၃၈။

စစ်မှန်သော ခရစ်ယာန်တစ်မျိုးတည်းရှိသည်။ ခရစ်ယာန်တစ်ဦးသည် ခရစ်တော်နောက်လိုက်သည်။ ခရစ်တော် ကားတိုင်ဆီသို့သွားသည်။ ဤအရာသည် ကျွန်ုပ်တို့အတွက် မည်သည့်အဓိပ္ပါယ်ရှိသည်ကို ယေရှု ပြောပြပါသည်။ (*အချက်တိုင်းအတွက် စကားလုံးရှပ်ပုံကားချပ် များကို စဉ်းစားထားပါ။ တပည့်တော်များအတွက် မည်သည့် အဓိပ္ပါယ်ရှိသည်ကို စဉ်းစားပါ။ ကျွန်ုပ်တို့ အသက်တာတွင် မည်သည့် အဓိပ္ပါယ်ရှိ တယ်ဆိုတာကို စဉ်းစားပါ။*)

- **မိမိမဟုတ်၊ ယေရှု။** – မာကု၊ ၈း၃၄

ယေရှုကို လက်ခံယုံကြည်သောအခါ ကိုယ့်ကိုယ်ကို ငြင်းပယ်ခြင်းဖြစ်သည်။ ကျွန်ုပ် ခရစ်ယာန်ဖြစ်လာရသည့်အကြောင်းမှာ ဘဝအဆင်ပြေစေဖို့ မဟုတ်ပါ။ မည်မျှပင် အဖိုးအခကြီးပါစေ၊ ကျွန်ုပ် ယေရှုနောက်သို့လိုက်လျှောက်ပါမည်။

- **ဘဝမဟုတ် ကားတိုင်။** မာကု၊ ၈း၃၄-၃၅

ယေရှုထံသို့ ကျွန်ုပ်အသက်တာကို ပေးအပ်ပါသည်။ ကျွန်ုပ်၏အချိန်၊ လိုအပ်ချက်၊ မိသားစု၊ အသက်တာပေါ်မှာ လက်ကိုင်မပြုပါ။ အကြောင်းမှာ ယေရှုနှင့်ဆိုင်သောကြောင့် ဒုက္ခခံရမည်ကို ကျွန်ုပ်လိုလိုလားလား ရှိပါသည်။ ယေရှု ကားတိုင်ဆီသို့သွားသောကြောင့် သူ့အတွက်အသေခံဖို့ ကျွန်ုပ် လိုလိုလားလားရှိပါသည်။

- **လောကီရေးရာမဟုတ်၊ ဧဝံဂေလိသတင်း။**

မာကု၊ ၈း၃၅၊ ၃၆။ ယေရှုနောက်လိုက်သော အခါ ကျွန်ုပ်တွင် အိမ်ခြံမြေ၊ ရွှေငွေဥစ္စာများ မလိုပါ။ ဤအရာများ အရေးမကြီးပါ။ အကြောင်းမှာ ယေရှုက ကျွန်ုပ်၏ဝိညာဉ်ကို ကယ်တင်ပြီးဖြစ်ပါသည်။ ယခုမှာ လူများကို ဧဝံဂေလိပြောဖို့ အရေးကြီးသည်။ ယေရှုအကြောင်းလူတိုင်းသိဖို့ လိုအပ်ပါသည်။

*သင်သည် ဤခရစ်ယာန်အမျိုးအစား ဖြစ်ပါသလား။ အခြားအမျိုးအစားမရှိပါ။ ယေရှု၏ ကားတိုင်လမ်းကို ကျွန်ုပ်တို့ မလိုက်လျှောက်လျှင် သူဘယ်လိုခံစားရ မည်နည်း။*

– မာကု၊ ၈း၃၈

# ၃၄ အထူးဖွင့်ပြခြင်း

## နောက်ခံသမိုင်း

တပည့်တော်များက နောက်ဆုံး၌ သခင်ယေရှုသည် ခရစ်တော်ဖြစ်ကြောင်း ဘုရား၏သားတော်ဖြစ်ကြောင်း သိမြင်လာခဲ့သည်။ ယခု ရှင်မာကုခရစ်ဝင်ကျမ်း တစ်ဝက်လောက်၌ သခင်ယေရှုက ခရစ်တော်သည် သေခြင်းနှင့် ရင်ဆိုင်ရမည့်အကြောင်းကို သူတို့အားဖော်ပြထားသည်။ သူတို့သည်လည်း မိမိတို့၏အသက်တာကို လိုလိုလားလား ပေးဆပ်သင့်ကြောင်း ယေရှုကပြခဲ့သည်။ 📖 မာကု၊ ၈း၃၁-၃၈ ထဲတွင် သူက သူတို့အား ဤအကြောင်းများကို ပြောခဲ့သည်။ ယခု သခင်ယေရှုက သူတို့အား ပို၍ သွန်သင်ဟောပြောမှုများ ပြုလိမ့်မည်။

ဤသည်မှာ တပည့်တော်သုံးဦးနှင့်ဆိုင်သည့် ပထမဆုံးသော သင်ခန်းစာဖြစ်သည်။ သခင်ယေရှုက သူ၏တန်ခိုးအာဏာနှင့် ဘုန်းတော်ကို သူတို့အားပြလိမ့်မည်။ သခင်ယေရှုက ကားတိုင်လမ်းကိုလျှောက်ရန် ရည်ရွယ်ခဲ့ခြင်းက ကြီးစွာသောအမှားပြုခဲ့ခြင်းမဟုတ်။ ယေရှုသည် ဘုရား၏သားဖြစ်သည်။ သူ့တွင် တန်ခိုးအာဏာရှိသည်။ ကားတိုင်တင်ပြီးနောက် သူသည် ဘုရားသခင်၏နိုင်ငံတော်၌ ဘုရင်အဖြစ်စိုးစံတော်မူလိမ့်မည်။ 📖 မာကု၊၉း၁-၁၃။

## အဓိကအချက်

ယေရှုသည် ဘုရား၏သားဖြစ်သည်။ သူသည် သေခြင်းကိုအောင်မြင်ပြီး တစ်ဖန် ရှင်ပြန်ထမြောက်နိုင်ရန် တန်ခိုးရှိသည်။ ထို့ကြောင့် သူ၏စကားကို နားထောင်ကြပါစို့။ သူပြောသောစကားများကို ကိုးစားယုံကြည်ကြပါစို့။

## လုပ်ဆောင်ရန်

တပည့်တော်များသည် ကြောက်ရွံ့ကြကြောင်း သတိရပါ။ ကားတိုင်နှင့်ပတ်သက်ပြီး သခင်ယေရှုပြောသည့်အရာများကို သူတို့ နားမလည်ကြပါ။ သခင်ယေရှုက သူပြောသည့်အရာများကို သူတို့အား နားလည်စေလိုသော်လည်း သူတို့က မခံစားနားမလည်နိုင်ကြပါ။ သမ္မာကျမ်းကို ယုံကြည်သင့်ကြောင်း သင်၏ပရိသတ်များ မြင်တွေ့လာစေရန် ကူညီပါ။ ဤသို့လုပ်ဆောင်ရန် ခက်ခဲနေပါက သူတို့အတွက် စဉ်းစားပေးပါ။

## မှတ်သားရန်

● မာကု၊၉း၁။ သခင်ယေရှု၏တန်ခိုးအာဏာကို တပည့်တော်တို့အား ဖော်ပြရန် တစ်စုံတစ်ခု ဖြစ်ပျက် လိမ့်မည်။ သခင်ယေရှုသည် သေခြင်းမှ ရှင်ပြန်ထမြောက်သောအချိန် (သို့) သူသည် သန့်ရှင်းသော ဝိညာဉ်တော်အား စေလွှတ်သည့်အချိန်(သို့) အေဒီ(၇၀) ခန့်က ယေရှုရှလင်မြို့ကို တရားစီရင်သည့်အချိန် တို့သည် သူတို့၌ သခင်ယေရှု၏တန်ခိုးတော်ကို မြင်ရ ကြလိမ့်မည်ဟု ပြောပြချိန်ဖြစ်ကောင်းဖြစ်နိုင်သည်။ ကျွန်ုပ်တို့ သေချာစွာမသိနိုင်ပါ။ ဤအချက်ကို ဖော်ပြ ထားသည်မှာ သခင်ယေရှု၏ တန်ခိုးတော်ကို သူတို့ မြင်တွေ့ကြလိမ့်မည်ဟူ၍ဖြစ်သည်။ ယခု သခင်ယေရှုက သူတို့သုံးယောက်ကို ယုံကြည်လာအောင် ကူညီပေးလိမ့်မည်။ ထို့ကြောင့်လည်း သူတို့အား တောင်ပေါ်သို့ ခေါ်ဆောင်သွားခြင်းဖြစ်သည်။

● မာကု၊၉း၂-၃။ ခရစ်ဉ်ယာန်များက ဤသို့သော အဖြစ်အပျက်များကို "အဆင်းသဏ္ဍာန်ပြောင်းလဲခြင်း" ဟု တစ်ခါတစ်ရံ ခေါ်ဆိုတတ်ကြသည်။ ဆိုလိုသည်မှာ သခင်ယေရှုသည် အသွင်သဏ္ဍာန်ပြောင်းလဲသွားသည့် သဘောဖြစ်သည်။ သူ၏အရောင်အဆင်း အလွန်တောက်ပသောကြောင့် သူ့အား တွေ့မြင်ရန် မလွယ်ကူလှပေ။

● မာကု၊၉း၄။ လေယနှင့်မောရှေတို့သည် ပညတ်တော်များနှင့် ပရောဖက်များကို ကိုယ်စား ပြုထားသည်။ ဓမ္မဟောင်းကျမ်းသည် သခင်ယေရှုနှင့်အတူ ထိုနေရာ၌ ရှိနေသည့်သဘောဖြစ်သည်။ လေယနှင့် မောရှေသည် သခင်ယေရှုနှင့် တစ်စိတ်တစ်သဘောတည်း ရှိနေပါသည်။

● မာကု၊၉း၁၁-၁၃။ ဓမ္မဟောင်းကျမ်းထဲတွင် မာလခိက လေယသည် သခင်ယေရှု၏ရှေ့တွင် ကြွလာမည်ဖြစ်ကြောင်းပြောခဲ့သည်။ သခင်ယေရှုက လေယ ကြွလာပြီးဖြစ်ကြောင်း ပြောခဲ့သည်။ သခင်ယေရှုက မာလခိပြောသော လေယသည် ဗတ္တိဇံဆရာယောဟန်ပင်ဖြစ်ကြောင်း သွန်သင်ခဲ့သည် (မဿဲ၊၁၁း၁၄)။

## ဟောပြောချက်၊ မာကု၉း၁-၁၃

**သခင်ယေရှုသည် အမှန်တကယ်ပင် ဘုရားသခင်၏သားဖြစ်သည်။**

📖 *မာကု၉း၂-၇။*

ထူးခြားသောပြပွဲ(သို့) ဘာသာရေးပွဲတော်များကို သင်တက်ရောက်ဖူးပါသလား (*ဥပမာ တစ်ခုလောက်စဉ်းစားကြည့်ပါ*)။ ထူးဆန်းသောအရာတချို့ကို သင်မြင်ခဲ့ဖူးသည်။ သင်အမှန်တကယ်ပင် ဝမ်းမြောက်ပျော်ရွှင်ခဲ့ပါသည်။

သခင်ယေရှုသည် သူ၏တပည့်တော် သုံးယောက်ကို အထူးဖွင့်ပြရန် ခေါ်ဆောင်သွားခဲ့သည်။ ၎င်းသည် ကျွန်ုပ်တို့ တက်ရောက်ခဲ့ဖူးသော ပြပွဲများ အားလုံးထက် ပို၍ အံ့ဩဖွယ် ကောင်းလှပါသည်။ သို့သော် သခင်ယေရှုက ပျော်ရွှင်မှုအတွက် လုပ်ဆောင်ခဲ့ခြင်း မဟုတ်ပါ။ တပည့်တော်များအား အချက်နှစ်ချက်ကို နားလည်လာအောင် ကူညီပေးနေခြင်း ဖြစ်သည်။

၁။ သခင်ယေရှုသည် ကားတိုင်ပေါ်တွင် အသေခံရမည်။

၂။ သခင်ယေရှုသည် ဘုရား၏သားဖြစ်သည်။

သခင်ယေရှုက ဤအချက်နှစ်ချက်စလုံးကို သူ၏တပည့်တော်များအား ယုံကြည်စေလိုပါသည်။

- *တောင်ပေါ်တွင် မည်သည့်အဖြစ်အပျက်များဖြစ်ပျက်ခဲ့ပြီး ၎င်းက သူတို့အား မည်သို့ သွန်သင်မှုပြုနေသနည်း။*

အစပိုင်းတွင် သူတို့ ကောင်းစွာနားမလည်ကြပါ။ သူတို့ အမှားတစ်စုံတစ်ရာပြုမိမည်ကို လွန်စွာ ကြောက်ရွံ့နေကြသည်။

📖 မာကု၉း၅-၆။ သို့သော် ကောင်းကင်ဘုံမှ ဘုရားသခင်ပြောသည့်အသံကို သူတို့ကြားခဲ့ရသည်။

📖 မာကု၉း၇။ သခင်ယေရှု၏ဘုန်းတော်နှင့် တန်ခိုးတော်ကို သူတို့ဘယ်တော့မှ မေ့ပျောက်နိုင်မည်မဟုတ်။ သူသည် အလွန်တရာပင် ဖြူစင်တောက်ပနေပါသည်။ ပေတရုပြောသောစကားသည် အမှန်ပင်ဖြစ်သည်(မာကု၈း၂၉)။ သခင်ယေရှုသည် ခရစ်တော်၊ ဘုရင်၊ ဘုရား၏သားဖြစ်သည်။

[>>] *သခင်ယေရှုက ဤအချက်နှစ်ချက်စလုံးကို ကျွန်ုပ်တို့အား ယုံကြည်စေလိုပါသည်။ (၁) သူသည် ကားတိုင် ပေါ်တွင် ကြောက်မက်ဖွယ်ရာကောင်းသည့်သေခြင်းကို ရင်ဆိုင်ခဲ့ရသည်။ (၂) သူသည် အမှန်တကယ်ပင် ဘုရား၏ သားဖြစ်သည်။*

*သူသည် ရှင်ဘုရင်ဖြစ်ပြီး တစ်နေ့နေ့၌ သူ၏ တောက်ပလင်းလက်ခြင်းကို ကျွန်ုပ်တို့မြင်တွေ့ရမည် ဖြစ်သည်။ သခင်ယေရှုနှင့်ပတ်သက်သော ဤအကြောင်း အရာများကို သင်ယုံကြည်ပါသလား။*

**သို့ဖြစ်၍သူ၏စကားကိုနားထောင်လော့။**

📖 **မာကု၉း၇-၁၀။**

- သင်မည်သူ့ကိုနားထောင်မည်နည်း။ သင် မည်သူ့အားယုံကြည်ပါသနည်း။ သင် မည်သူအား အားကိုးယုံကြည်ပါသနည်း။

တပည့်တော်များက သခင်ယေရှုအား ယုံကြည်ရန် တုံ့ဆိုင်းနေကြသည်။ ပေတရုသည် ကိုယ်တော်ကိုမိမိနှင့် အတူခေါ်၍ အပြစ်တင်သော စကားကိုလျှောက်သော် (မာကု၈း၃၂) ဘုရားသခင်က ကောင်းကင်ဘုံမှ သူတို့အားပြောသည်မှာ "ငါ၏သားစကားကို နားထောင်ကြလော့"ဖြစ်သည်။ ထိုနေရာတွင် မောရှေနှင့် ဧလိယလည်းရှိနေပါသည်။ ဘုရားသခင်က တပည့်တော်များအား ပြောသကဲ့သို့ပင် ဓမ္မဟောင်းကျမ်းသည် သခင်ယေရှုနှင့် တစ်စိတ်တစ်သဘောတည်းရှိနေသည်။ တပည့်တော်များက ဓမ္မဟောင်းကျမ်းကို ယုံကြည်ကြသည်။ သို့သော် သူတို့သည် သခင်ယေရှု ပြောသမျှကို ယုံကြည်ရန် အသင့်မဖြစ်ကြသေးပါ။

သခင်ယေရှုက သူသည် အသေခံရမည်ဟု ပြောသောစကားကို သူတို့ ယုံသင့်ပါသည်။ သခင်ယေရှုက သူသည် သေခြင်းမှ ရှင်ပြန်ထမြောက်မည်ဟု ပြောသောစကားကို သူတို့ယုံသင့်ပါသည်။ ဤအရာသည် ခက်ခဲနေလိမ့်မည်။ သူတို့တွေးထင်ထားသည့်အရာနှင့် ကွဲပြားခြားနားနေသောကြောင့် ဖြစ်သည်။

[>>] *ကျွန်ုပ်တို့သည်လည်း သမ္မာကျမ်းထဲမှ သခင်ယေရှု ပြောထားသမျှကို အစဉ်အမြဲ ယုံကြည်သင့်ပါသည်။*

[>>] *ကောင်းကင်ဘုံမှ ဘုရားသခင်၏အသံတော်ကို သတိရပါ။ ဘုရား၏သားတော်ကို နားခံကြလော့။ တစ်နေ့နေ့၌ သခင်ယေရှုပြန်ကြွလာဦးမည်။ သူသည်နေကဲ့သို့ တောက်ပလင်းလက်နေမည်။ ၎င်းအပြင် သင်သည် သူ့အား နားထောင် မထောင်ကို သူသိချင်နေလိမ့်မည်။ (သင်၏ ပရိသတ်များအား ဤစကားဖြင့် စိန်ခေါ်လိုက်ပါ)*

[?] လေ့လာချက်၊ မာကု၉း၁၄–၂၉

# ၃၅ ယုံကြည်ခြင်းမရှိလျှင် တန်ခိုးမရှိ

## ■ နောက်ခံသမိုင်း

သခင်ယေရှုက သူ၏နောက်လိုက်တပည့်တော်များအား အဓိက သွန်သင်လိုသောအချက်မှာ ''မေရှိယသည် အသေသတ်ခြင်းကို ခံရမည်'' ဟူသော အချက်ဖြစ်သည်။ 📖 မာကု၊ ၈း၃၁။ သခင်ယေရှုက မာကု၊ ၉း၃၁ တွင် တစ်ဖန် ထပ်၍ ပြောထားပါသည် (မာကု၊ ၁၀း၃၃။ ၃၄)။

မာကု၊ ၉း၁၄–၂၉နှင့် မည်သို့ ကိုက်ညီမှု ရှိနေပါသနည်း။ တပည့်တော်များက သခင်ယေရှုအား ယုံကြည်ရန် မည်ကဲ့သို့ သွန်သင်ထားပါသနည်း။

သခင်ယေရှုက တပည့်တော်သုံးဦးကိုသာ သူ၏တန်ခိုးအာဏာကို ပြသခဲ့သည်။

သူတို့သည် သခင်ယေရှု၏စကားတော်ကို နားထောင်သင့်ပြီး သူ၏အကြံအစည်တော်များကိုယုံကြည်သင့်သည်။ 📖 မာကု၊ ၉း၁–၁၃။

ယခု သခင်ယေရှု အခြားတပည့်တော်များကိုတွေ့ရန်၊ တောင်ပေါ်မှဆင်းသက်ပါသည်။ သခင်ယေရှုမပါပဲနှင့် သူတို့ဘာများ လုပ်ဆောင်နိုင်ပါသနည်း။ 📖 မာကု၊ ၉း၁၄–၂၉။ သူတို့သည် သူ့အား ယုံကြည်အပ်နှံခြင်း မပြုကြပါ။

## ▣ အဓိကအချက်

သခင်ယေရှုခရစ်တော်အား မယုံကြည်ပဲနှင့် ကျွန်ုပ်တို့ဘာမှ မစွမ်းဆောင်နိုင်ပါ။

## ★ လုပ်ဆောင်ရန်

၁။ သခင်ယေရှုတွင်သာ အနာရောဂါငြိမ်းစေသော တန်ခိုးရှိသည်။ သခင်ယေရှုထံတွင်သာ နတ်ဆိုးများကို နှင်ထုတ်ရန် တန်ခိုးရှိသည်။ အနာရောဂါငြိမ်းစေရန် သို့မဟုတ် နတ်ဆိုးနှင်ထုတ်ရန် သခင်ယေရှုအား ကျွန်ုပ်တို့တောင်းဆိုနိုင်ပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင်ဘာမျှ မလုပ်ဆောင်နိုင်ပါ။ 📖 – မာကု၊ ၉း၂၉။

ဤအကြောင်းကို သင်၏ပရိသတ်များအား ရှင်းပြစရာလိုပါသလား။

၂။ ကျွန်ုပ်တို့၌ ကြီးစွာသော ယုံကြည်ခြင်း လိုအပ်သည်ဟု တစ်ခါတစ်ရံ လူများက ပြောကြသည်။ ခမည်းတော်က ကျွန်ုပ်တို့အား ပြသွန်သည့်အရာမှာ သခင်ယေရှု၏ တန်ခိုးအာဏာသည် အရေးကြီးသည်ဆိုသည့်အချက်ပင်ဖြစ်သည်။ သင်၏ပရိသတ်များသည် မိမိကိုယ်ကို အားမကိုးပဲ ခရစ်တော်ကို အမြဲမျှော်ကြည့်တတ်ရန် ကူညီပေးပါ။

## ▲ မှတ်သားရန်

- မာကု၊ ၉း၁၇၊ ၁၈၊ ၂၀။ ဤသူသည် နတ်ဆိုးစွဲကပ်လျက်ရှိ၏။ နတ်ဆိုးစွဲခြင်းသည် ဝက်ရူးပြန်ခြင်းမဟုတ်ပါ။ မာကု၊ ၉း၁၈တွင် ဖော်ပြထားသည့်လက္ခဏာမှာ ဝက်ရူးပြန် လက္ခဏာနှင့်တူသည်။ ဝက်ရူးပြန်ရောဂါ စွဲကပ်သောသူကို နတ်ဆိုးစွဲကပ်သည်ဟု ယူဆ၍မရပါ။ ဝက်ရူးပြန် ရောဂါသည် ဆေးကုသမှု ခံယူရန် လိုအပ်ပါသည်။

### ➡ ဟောပြောချက်၊ မာကု၊၉း၁၄-၂၉

## သခင်ယေရှုအား ယုံကြည်ခြင်းမရှိလျှင် တန်ခိုးမရှိ။

📖 မာကု၊၉း၁၄-၁၉။

သခင်ယေရှု တောင်ပေါ်တွင်ရှိနေစဉ် ဖြစ်သည့် သူ၏တပည့်တော်သုံးဦးက သူ၏ကြီးစွာသော တန်ခိုး ဘုန်းအာနုဘော်ကို တွေ့မြင်ရသည်။ ယခုသူတို့ တောင်ပေါ်မှ ဆင်းလာကြပြီ။ သူတို့ ဘာများ တွေ့ရ ကြပါသနည်း။

စာတန်ရဲ့ ဩဇာအာဏာလွှမ်းမိုးမှုကို တွေ့ရပါသည်။ သူငယ်သည် ကြောက်မက်ဖွယ် နတ်ဆိုးစွဲကပ်နေခဲ့ပါသည်။ တပည့်တော်များက ဘာမှမလုပ်နိုင်ကြသကဲ့သို့ ပရိသတ်များကလည်း ငြင်းခုံမှုပြုနေကြသည်။

တပည့်တော်များ၌ နတ်ဆိုးများအား ဆန့်ကျင်နှင်ထုတ်ရန် တန်ခိုးမရှိပါ။ အဘယ်ကြောင့် ဆိုသော် သခင်ယေရှုအား မယုံကြည်ကြသောကြောင့် ဖြစ်သည်။

📖 မာကု၊၉း၁၈၊၁၉။

သူတို့၏ ပြဿနာမှာ သခင်ယေရှုအား မယုံကြည်ကြခြင်းဖြစ်သည်။ ယေရှုအသေခံရမည် အကြောင်းနှင့် သေခြင်းမှ ရှင်ပြန်ထမြောက်မည့်အကြောင်း ပြောခဲ့ပါသည်။ သို့သော် သူတို့သည် သခင်ယေရှုအား အယုံအကြည်မရှိကြပါ။ သခင်ယေရှု၏ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို ကျွန်ုပ်တို့ မယုံကြည်ပါက ကျွန်ုပ်တို့၌ တန်ခိုးမရှိနိုင်ပါ။ သခင်ယေရှု၏ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း၌သာ စာတန်မာရ်နတ်ကို အောင်နိုင်သော တန်ခိုးရှိသည်။

⏩ *စာတန်သည် သင်၏ အသက်တာကို ထိန်းချုပ်ထားလိုသည်။ စာတန်သည် ကျွန်ုပ်တို့၏ အသက်တာ ထဲသို့ ဤသူငယ်ကဲ့သို့မဟုတ် အခြား နည်းလမ်းများဖြင့် ကျွန်ုပ်တို့ကို ချုပ်ကိုင်ထားသည်။ (ဤကဲ့သို့ ရှင်းပြပါ။ ဥပမာ စုန်း၊ မှော်အတတ်ကို ကြောက်ရွံ့ခြင်း၊ ငွေကြေးတပ်မက်ခြင်း) သခင်ယေရှုအား မယုံကြည်ပါက စာတန်ကို အောင်မြင်ရန် သင့်ထံတွင် တန်ခိုးရှိမည်မဟုတ်ပါ။*

⏩ *ကျွန်ုပ်တို့အများစုသည် ခရစ်တော်ကို ယုံကြည်ကြသည်။ သို့သော် ဝမ်းနည်းစရာ ကောင်းသည်မှာ သူ့အား ယုံကြည်ကိုးစားရန် မေ့လျော့နေကြခြင်း ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ အသက်တာ၌ တန်ခိုးမပိုင် ဆိုင်နိုင်ကြပေ။ ကျွန်ုပ်တို့ အသက်တာသည် ဓာတ်ခဲမရှိ သောရေဒီယို၊ လျှပ်စစ်မီး မရှိသော ရုပ်မြင်သံကြားစက်နှင့် တူနေပါသည်။ ကျွန်ုပ်တို့သည် ဆုတောင်းပြီး သခင်ယေရှု၏ တန်ခိုးအာဏာကို ယုံကြည်ရန် လိုအပ်သည်။*

📖 *မာကု၊၉း၁၉။*

## သခင်ယေရှုကို ယုံကြည်ခြင်းဖြင့် သူငယ်၏ ရောဂါငြိမ်းစေခဲ့ခြင်း

📖 မာကု၊၉း၂၀-၂၉။

သခင်ယေရှုသည် တန်ခိုးအာဏာ အလုံးစုံကို ပိုင်ဆိုင်တော်မူကြောင်း သနားစရာကောင်းသော ဖခင်က မသိရှာပေ။ ထို့ကြောင့် သခင်ယေရှုက ဖော်ပြခဲ့သည်။ သို့သော် ဖခင်၌ သခင်ယေရှုကို အားကိုးလောက်သည့် ယုံကြည်ခြင်း ရှိပါသလား။ 📖 မာကု၊၉း၂၂-၂၃။

• ထိုသူသည် သူ၏ယုံကြည်ခြင်းကို မည်ကဲ့သို့ ဖော်ပြခဲ့သနည်း။ 📖 မာကု၊၉း၂၄။

ဖခင်၌ ပြည့်ဝစုံလင်သော ယုံကြည်ခြင်း ရှိချင်မှ ရှိမည်။ သို့သော် သူ၏ယုံကြည်ခြင်းကို တွေ့သောအခါ ဝမ်းမြောက်တော်မူ၏။ သခင်ယေရှုက ချက်ချင်းပင် နတ်ဆိုးအား ထွက်သွားရန် ပြောပြီး သူငယ်သည်လည်း အကောင်းပကတိဖြစ်လေ၏။

⏩ *သင်၏ ယုံကြည်ခြင်းအားနည်းနေသည်ဟု သင်ခံစား ရပါသလား။ ထိုသူကဲ့သို့ သင်ခံစား ရပါသလား။ သင်၏ ယုံကြည်ခြင်း အားနည်းသော ကြောင့် သခင်ယေရှုကို တောင်းပန်ပါ။ သင်၏ ယုံကြည်အားနည်းမှုကို ခွန်အားရှိသော သခင်ယေရှုထံ အပ်နှံရန် အစပြုပါ။ သင် ဘယ်လောက် အားနည်းသည် ဆိုသည့်အကြောင်းကို မတွေးပါနှင့်။ သခင်ယေရှု အကြောင်း များစွာတွေးပါ။ သူ၏ ကြီးမားသော ချစ်ခြင်းမေတ္တာနှင့် ကြီးစွာသောတန်ခိုးတော်တို့ကို ယုံကြည်ကိုးစားပါ။ သင်၏အသံကို သူကြားလိမ့် မည်။ ထို့နောက် သင့်အသက်တာ၌သူ၏တန်ခိုးတော်သည် ဝင်ရောက် အလုပ်လုပ်ပေလိမ့်မည်။*

# ၃၆ ကြီးသောသူ သို့မဟုတ် ငယ်သောသူ

## ▣ နောက်ခံသမိုင်း

တပည့်တော်များက သခင်ယေရှုသည် ခရစ်တော်ဖြစ်ကြောင်းကို မြင်လာကြသည်။ ယခု သခင်ယေရှုက သူသည် မည်သူမည်ဝါ ဖြစ်ကြောင်းကို သူ၏တပည့်တော်များအား သိစေလိုပါသည်။ ထို့ကြောင့်

- သခင်ယေရှုက သူအသေခံရမည့် အစီအစဉ်ကိုသူတို့အား နောက်တစ်ဖန် ထပ်၍ပြောပြပါသည်။ 📖 မာကု၊ ၉း၃၀-၃၂။
- သခင်ယေရှုက သူတို့သည် မည်သူနှင့် တူသင့်ကြောင်းကို ဆုံးမသွန်သင် ပါသည်။သူတို့သည် ခရစ်တော်နောက်တော်သို့ လိုက်ပါက သူနှင့်တူလာပါလိမ့်မည်။ သူတို့သည် ငယ်သောသူဖြစ်ရန်လိုလို လားလား ဖြစ်သင့်ပါသည်။ 📖 မာကု၊၉း ၃၃-၄၁။

ဤသည်မှာ မာကု၊၈၊ ၉၊ ၁၀ အတွက် နောက်ခံသမိုင်းဖြစ်သည်။ တပည့်တော်တို့သည် ဤအချက်နှစ်ချက်စလုံးကို နားလည်ရန်ခက်ခဲပါသည်။ တပည့်တော်တို့ မျှော်လင့်သင့်သည့် အရာနှင့် သူတို့အသက်ရှင်မှုသည် ကွဲပြားခြားနား နေကြသည်။ ထို့ကြောင့် သခင်ယေရှုက အကြိမ်ကြိမ်အခါခါ သွန်သင်မှုပြုခဲ့ပါသည်။ 📖 မာကု၊၈-၁၀။

## ⊡ အဓိကအချက်

သခင်ယေရှုက ခရစ်ယာန်များ အစေခံဖြစ်သင့်ကြောင်း ငယ်သောသူ နောက်ကျသောသူများ ဖြစ်သင့်ကြောင်း ဖော်ပြထားသည်။

## ★ လုပ်ဆောင်ရန်

အသင်းတော်တိုင်းတွင် အသင်းသားတို့ သည် မိမိကိုယ်ကို ကြီးမြတ်သောသူဟု ထင်မြင်ကြသောကြောင့်၊ ဤအကြောင်းကို ဟောကြားရန်ခက်ခဲပါသည်။ ငွေကြေးချမ်းသာသူ သို့မဟုတ် ဥစ္စာကြီးပွားသူများ၌ တွေ့ရလေ့ရှိသည်။ သင်းထောက်လူကြီးနှင့် အမှုတော်ဆောင်ဆရာ/မများ၌လည်း တွေ့ရတတ်သည်။

ယေရှုပြောသောစကားကို လက်ခံရန် ဤလူအမျိုးအစားများ၌ ခက်ခဲပါသည်။ သမ္မာတရားကို ဟောကြားခြင်း၌ ဘုရားသခင် အတူပါရှိ မစဖို့ရန် ဆုတောင်းပါ။ သိမ်မွေ့စွာ ဟောကြားဖို့ရန် တောင်းလျှောက်ပါ။ ဘုရားသခင် အသုံးပြုမည့်သူ၊ ငယ်သောသူဖြစ်လာရန် ကူညီမစပါလိမ့်မည်။

မိမိကိုယ်တိုင် ဤသင်ခန်းစာကို သင်ယူတတ်ဖို့ရန် လိုအပ်ပါလိမ့်မည်။ နှုတ်ကပတ်တော်ကို ဟောကြားပါက ဘုရားသခင်၏အစေခံအမှန် ဖြစ်ကြမည်။ ကျွန်ုပ်တို့ကို လက်ခံခြင်းသည် အရေးကြီးသော အချက်မဟုတ်ပါချေ။ လူများ ခရစ်တော်ကို ချစ်တတ်စေဖို့ရန်ဖြစ်သည်။ လူများကို အပေါ်စီးဆက်ဆံဟောပြောရန် မဟုတ်ပါချေ။

## ▲ မှတ်သားရန်

- မာကု၊၉း၃၆၊၃၇။ ယေရှုသည် လူကြီးကို မချစ်ဘဲလျက် ကလေးသူငယ်များကိုသာချစ်ကြောင်း ဆိုလိုသည်မဟုတ်ပါ။ သင်ကြားပေးရန် ကလေးသူငယ်များကို အသုံးပြုခြင်းဖြစ်သည်။ ကလေးသူငယ်ကဲ့သို့ ဝမ်းသာမှုရှိတတ်ရန် ကြိုးဆိုဖိတ်ခေါ်ခြင်းဖြစ်သည်။ ကလေးသူငယ်သည် သူတစ်ပါး၌ ဘာစဉ်းစားနေသည်ကို သတိမထားပါ။ ခရစ်တော်ပိုင်သောသူများဖြစ်လာရန် ဤကလေးသူငယ်များကဲ့သို့ဖြစ်လာဖို့ ခရစ်တော် သွန်သင်ခြင်းဖြစ်သည်။

ကလေးသူငယ်ကဲ့သို့သော လူများကို ယေရှုထံတော်ပါးသို့ ခေါ်ဆောင်လာခြင်းသည် ခရစ်တော်နှင့် ကျွန်ုပ်တို့တူကြောင်း ပြောပါသည်။ ထိုသို့ပြုခြင်းသည် ယေရှုကို လက်ခံကြိုဆိုခြင်းဖြစ်ပါသည်။

**ဟောပြောချက်၊ မာကု၊၉း၃၀-၃၁**

## ၊ယေရှုသည် ကြီးမြတ်သောသူလား?၊ ငယ်သောသူ လား?။

မာကု၊၉း၃၀-၃၂။

လူသားများအထဲတွင် ယေရှုသည် အကြီးမြတ်ဆုံးသောပုဂ္ဂိုလ်ဖြစ်ကြောင်း ကျွန်ုပ်တို့ သိရှိရပါသည်။ မည်သို့ဆိုစေ ခရစ်တော်သည် အငယ်ဆုံးသောသူဖြစ်လာပါသည်။ သူသည် ဘာမှမဟုတ်လောက်သောသူဖြစ်ကြောင်း လူများကို တွေးထင်ခွင့်ပေးသည်။ သူ၏ တပည့်တော်တစ်ဦးက သူ့အား လိမ်လည်ကာ ရန်သူလက်သို့ အပ်နှံခွင့်ပေးခဲ့ပါသည်။ ယေရှုက သူ့ကို လူသားတို့ မုန်းတီးခြင်းနှင့် ကားတိုင်ပေါ်တွင် အသေသတ်ခြင်းပြုရန် အခွင့်ပေးခဲ့သည်။ သူသည် ထိုကဲ့သို့သော ခရစ်တော်ပင်ဖြစ်သည်။

*ထိုသို့သော ခရစ်တော်ကို သင်ချစ်နေပါသလား။ အငယ်ဆုံးသောသူ ဖြစ်လာသော ယေရှုကို ချီးမွမ်းပါ။*

## ကျွန်ုပ်တို့တစ်တွေ ကြီးမြတ်သောသူလား?၊ ငယ်သောသူလား?

မာကု၊၉း၃၃-၃၅။

• တပည့်တော်များအကြောင်းကို ဖတ်ရသောအခါ သင်မည်ကဲ့သို့ခံစားရပါသနည်း။

သခင်ယေရှုက ငယ်သောသူဖြစ်လိုကြောင်း သူတို့အား ပြောပြပါသည်။ တပည့်တော်များကမူ ကြီးမြတ်သောသူများဖြစ်လိုကြသည်။ သခင်ယေရှု မည်မျှ ဝမ်းနည်းတော်မူမည်နည်း။

သခင်ယေရှု၏ နိုင်ငံတော်၌ တပည့်တော်များက အရေးပါအရာရောက်သူများ ဖြစ်လိုကြသည်။ သူတို့ အကောင်းဆုံးသောအလုပ် လုပ်ချင်ကြသည်။ သူတို့သည် အထူးတလည် ကြီးမြတ်သောသူများဖြစ်ကြောင်းကို လူတကာ သိစေလိုသည်။ ကျွန်ုပ်တို့လည်း ထိုနည်းတူ ဖြစ်နိုင်သည်။ (ကျွန်ုပ်တို့ ထိုကဲ့သို့သောသူများ ဖြစ်လိုသည့်ဆန္ဒရှိကြောင်း ဆွေးနွေးပြောဆိုပါ။)

သင်သည် သခင်ယေရှု၏ အားရကျေနပ်ဆုံးသောသူ ဖြစ်လိုပါသလား။ ထို့နောက် သူက ကျွန်ုပ်တို့သည် နောက်ဆုံးသောသူနှင့် အစေခံသောသူများ ဖြစ်သင့်ကြောင်း ပြောပါသည်။ သူနှင့်တူရန် ကြိုးစားပါ။ (သူနှင့် တူရန် မည်သို့ပြုမူသင့်ကြောင်း ဆွေးနွေးပြောကြားပါ။)

## ကျွန်ုပ်တို့သည် ကြီးမြတ်သောသူကို ကြိုဆိုပါသလား။ သို့မဟုတ် ငယ်သောသူကို ကြိုဆိုလက်ခံပါသလား။

မာကု၊ ၉း၃၆-၄၁။

တပည့်တော်များကဲ့သို့ပင် ကျွန်ုပ်တို့သည်လည်း အရေးပါသောသူများဖြစ်ရန် စိမ်လုပ်ဆောင်နိုင်သည်။ သို့သော် ဤအပြုအမူကိုသခင် ယေရှုမနှစ်သက်ပါ။ ကျွန်ုပ်တို့သည် ကိုယ့်အတွက်ပဲ တွေးတော လုပ်ဆောင်နေတတ်သည်ကို သခင်ယေရှု မနှစ်သက်ပါ။ ကျွန်ုပ်တို့ သည် သူ့အတွက် အရေးပါသောသူများကို ဂရုစိုက်ရန် သူအလိုရှိပါသည်။ မည်သူနည်း။

ကျွန်ုပ်တို့သည် သခင်ယေရှုကဲ့သို့ အငယ်ဆုံးသောသူဖြစ်ပါက အငယ်ဆုံးသောသူများကိုလည်း ကြိုဆိုလက်ခံနိုင်မည်ဖြစ်သည်။ (သေးငယ်သောသူဆိုသည်မှာ ကလေးသူငယ်များကိုသာ သခင်ယေရှု ရည်ညွှန်းပြောဆိုနေခြင်းမဟုတ်ကြောင်း ရှင်းပြပါ။) တပည့်တော်များက သခင်ယေရှုသည် ကလေးသူငယ်များအား အရေးပါသောသူဟု အသိအမှတ်ပြုရန် ခဲယဉ်းလှသည်ဟု တွေးထင်နေကြသည်။ သို့သော် သခင်ယေရှုကလူတိုင်းကို ကျွန်ုပ်တို့ အသိအမှတ် ပြုစေလိုပါသည်။ ကျွန်ုပ်တို့သည် အငယ်ဆုံးသောသူများကို ကြိုဆိုလက်ခံရန် သူအလိုရှိပါသည်။

*ဂရုစိုက်ခြင်းမခံရသောသူများအတွက် စဉ်းစားပေးပါ။ သူတို့ကို သခင်ယေရှု ဂရုပြုနေပါသည်။ ကျွန်ုပ်တို့က သူတို့အား သိတင်းကောင်းဝေငှရန် သခင်ယေရှုအလိုရှိသည်။ ကျွန်ုပ်တို့သည် သူတို့အားသခင်ယေရှုထံသို့ ကြိုဆို ဖိတ်ခေါ်သင့်ပါသည်။*

မာကု၊၉း၃၈ရှိ ယောဟန်၏အကြောင်းကို သင်နားလည်ပါသလား။ ယောဟန်က ထိုသူကို ကြိုဆိုလက်ခံခြင်းမပြုဘဲ သူသည် မှန်ကန်စွာ လုပ်ဆောင်နေသောသူဖြစ်ကြောင်း တွေးထင်ထားသည်။ ယောဟန်က တန်ခိုးအာဏာရှိသောသူ တစ်ယောက်ဖြစ်လိုသည်။ သို့သော် သခင်ယေရှုက သူ့အား အစေခံသော သူတစ်ဦး တစ်ယောက်စီတိုင်းအား ကြိုဆိုလက်ခံစေလိုပါသည်။

? လေ့လာချက်၊ မာကု၉း၄၂-၅၀

# ၃၇ ငရဲ၏အန္တရာယ်

## နောက်ခံသမိုင်း

တပည့်တော်များက ကြီးမြတ်သောသူ ဖြစ်လိုကြသည်။ သခင်ယေရှုက သူတို့အား သေးနုပ်သောသူဖြစ်စေလိုသည်။ တပည့်တော်များသည် သခင်ယေရှု၏နိုင်ငံတော်၌ ထိပ်ဆုံးမှ နေရာရနိုင်ရန် မတွေးတော သင့်ကြပါ။ လူသားတစ်ဦးစီတိုင်းသည် သခင်ယေရှုအတွက် အရေးကြီးကြောင်း တပည့်တော်တို့ သိမြင်လာစေရန် အလိုရှိသည်။ သခင်ယေရှုသည် ကလေးသူငယ်များကိုပင် ဂရုစိုက်တော်မူသည်။ 📖 မာကု၊၉း ၃၃-၄၁။

တပည့်တော်များ၏ တွေးခေါ်ယူဆချက်သည် အလွန်ပင် အန္တရာယ်ကြီးပါသည်။

📖 မာကု၊၉း ၄၂-၅၀။

## အဓိကအချက်

သင်သည် ငရဲသို့မသွားရမည် အကြောင်းကို သေချာအောင် လုပ်ဆောင်ပါ။ ငရဲသို့ သွားရခြင်းထက် အရာခပ်သိမ်း ဆုံးရှုံးခြင်းသည် သာ၍ကောင်း၏။

## လုပ်ဆောင်ရန်

စစ်မှန်သော ခရစ်ယာန်အသက်တာ၌ ကြောက်ရွံ့မှုများနှင့် အသက်ရှင်ရမည်ကို ကျွန်ုပ်တို့ မလိုလားပါ။ စစ်မှန်သောခရစ်ယာန်များသည် ငရဲသို့သွားရမည် မဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့သည် အခြားသူများကို သတိပေးရန် လိုအပ်သည်။ အချို့က သူတို့သည် နှစ်ပေါင်းများစွာ ခရစ်ယာန်ဖြစ်နေကြပြီးဖြစ်ကြောင်း မှတ်ယူကြသည်။ မည်သို့ပင်ဖြစ်စေ သူတို့၏ တွေးခေါ်မှုလမ်းကြောင်း မပြောင်းလဲသေးသရွေ့ သူတို့သည် ငရဲသို့သွားရမည်ဖြစ်သည်။

## မှတ်သားရန်

• မာကု၊၉း၄၂။ လူတို့သည် ဂျုံပင်မှဂျုံမှုန့်ရရှိရန် ကြိတ်ဆုံကျောက်ကို အသုံးပြုတတ်ကြသည်။ ၎င်းသည် အလွန်လေးလံသော ကျောက်တုံးဖြစ်သည်။

• မာကု၊၉း၄၃-၄၇။ ဤကျမ်းပိုဒ်ထဲရှိ ပုံဆောင်ချက်သည် အပြစ်တရားကို ဆန့်ကျင်ရန် ခွန်အားအပြည့်ရှိသင့်ကြောင်း ဖော်ပြထားသည်။ သခင်ယေရှုက ကျွန်ုပ်တို့အား အပြစ်တရားကို အဆုံးသတ်နိုင်သမျှ ကြိုးစား၍ အဆုံးသတ် လုပ်ဆောင်ရန် လိုလားသည်။ အပြစ်တရားသည် အလွန်တရာပင် ကြောက်မက်ဖွယ် ကောင်းလှပါသည်။ ၎င်းသည် ငရဲသို့ ပို့ဆောင်ပေးနေ သည်။ ကျွန်ုပ်တို့ အသက်တာ၌ နာကျင်မှုခံစားရမည်ကို သခင်ယေရှု မလိုလားပေ။ အကယ်၍ ကျွန်ုပ်တို့၏ လက်ကို ကျွန်ုပ်တို့ ဖြတ်တောက်လိုက်လျှင်ပင် အမှားပြုနေခြင်းသည် ရပ်တန့်သွားမည်မဟုတ်။ သခင်ယေရှု သွန်သင်ထားသည်မှာ အပြစ်တရားသည် အပြင်မှ ဝင်ရောက်လာခြင်းမဟုတ်ပဲ ကျွန်ုပ်တို့၏နှလုံးသားထဲမှ ပေါ်ထွက်လာခြင်းဖြစ်ပါသည်။ 📖 မာကု၊၇း၂၁။

• မာကု၊၉း၄၉။ ယဇ်ကောင်ရှိသမျှတို့၌ ဆားခတ်ရသကဲ့သို့ ခပ်သိမ်းသောသူတို့သည် မီးဖြင့်သန့်ရှင်းစေခြင်းကို ခံရမည်။ ဘုရားသခင်သည် မီးနှင့်တူသည်။ သူသည် ဖြူစင်၍ သန့်ရှင်းတော်မူ၏။ သခင် ယေရှုက ကျွန်ုပ်တို့၏အသက်တာကို သန့်ရှင်းစင်ကြယ် စေပြီးမှသာ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ရင်ဆိုင်နိုင် ရန် အသင့်ဖြစ်ပေမည်။

• မာကု၊၉း၅၀။ ဆားသည် သူ၏အငန်အရသာ အားလုံးကို ဆုံးရှုံးသွားနိုင်သည်။ မိုးရေကြောင့် ဆား၏ အရသာ လွှင့်ပျက်တတ်သကဲ့သို့ အရွက်များပေါ်ရှိ ဖုန်မှုန့်များလည်း လွှင့်ပျောက်သွားတတ်သည်။ ကျွန်ုပ်တို့လည်း ထိုနည်းတူဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ဆားနှင့်တူသော်လည်း ကျွန်ုပ်တို့၏အထဲ၌ ဆား၏ အနှစ်သာရများ ပျောက်ဆုံးနေတတ်ကြသည်။ ကျွန်ုပ်တို့သည် ခရစ်ယာန်တစ်ယောက်နှင့်တူသော်လည်း ခရစ်တော်နှင့် လုံးဝမတူကြပါ။

**ဟောပြောချက်၊ မာကု၉း၄၂-၅၀**

**ငါ၏ အငယ်ဆုံးသောသူကို မနာကျင်စေပါနှင့်။**

မာကု၊၉း၄၂။

တိရိစ္ဆာန်များ၏ သားကောင်ကလေးများကို ရန်မူမိပါက အလွန်စိတ်ဆိုးတတ်ကြောင်းကို စဉ်းစားကြည့်ပါ။

သခင်ယေရှုသည် သူ၏အငယ်ဆုံးသောသူအပေါ် ထားရှိသော စိတ်ထားသည်လည်း ထိုနည်းတူဖြစ်သည်။ သူ့ကို ယုံကြည်ကိုးစားသူအယောက်တိုင်းသည် အထူးမြင့်မြတ်၊ တန်ဖိုးရှိသူများဖြစ်ကြသည်။ ကျွန်ုပ်တို့ သူတို့အားနာကျင်စေပါက သခင်ယေရှု အလွန်ပင် စိတ်ဆိုးတော်မူသည်။

တစ်စုံတစ်ယောက်အား ကျဆုံးရန် တွန်းတိုက်၍ နာကျင်ထိခိုက်အောင် သင်လုပ်ဖူးပါသလား။ နုနယ်သော ခရစ်ယာန်တစ်ဦးအပေါ် ထိုသို့ပြုမိပါက မည်သို့ဖြစ်လာနိုင်မည်နည်း။ အပြစ်တရားထဲသို့ ကျရှုံးစေရန် အချက်များမှာ မည်သည့်အရာနည်း။ သခင်ယေရှုနှင့် ဝေးကွာသွားရန် မည်သည့်အရာများက ဖျက်ဆီးနေပါ သနည်း။ (အဖြေများ- ဥပမာ သနားကြင်နာမှုမရှိခြင်း၊ အတင်းအဖျင်းပြောဆိုခြင်း....)

သခင်ယေရှုကသူ၏တပည့်တော်များအား အဘယ်ကြောင့် သတိပေးထားပါသနည်း။ တပည့်တော်များက သူတို့သည် အလွန်အရေးပါသောသူများဖြစ် သည်ဟု တွေးထင်သောကြောင့်ဖြစ်သည်။ သခင်ယေရှု ၏ အငယ်ဆုံးသောသူကို နွေးထွေးစွာကြိုဆိုလက်ခံမှု မပြုလိုကြပါ။ ဤသဘောထားများသည် သခင်ယေရှု နှင့် အငယ်ဆုံးသောသူကို ခွဲခွာလိုက်ခြင်းဖြစ်သည်။ တပည့်တော်များ၏ အသက်တာ မပြောင်းလဲပါက သခင်ယေရှု အလွန်ဒေါသထွက်ပေလိမ့်မည်။ သခင်ယေရှု၏ ဒေါသထွက်ခြင်းထက် မှားယွင်းသောသူ၏လည်ပင်း၌ ကြိတ်ဆုံကျောက်ကိုဆွဲ၍ ပင်လယ်ထဲသို့ နှစ်ခြင်းကို ခံရလျှင် အနေသာ၍ ကောင်း၏။

**ငရဲသို့မသွားပါနှင့်။**

မာကု၊၉း၄၃-၅၀။

တပည့်တော်များသည် မှားယွင်းစွာ တွေးခေါ်နေကြဆဲဖြစ်သည်။ အကယ်၍ သူတို့၏အသက်တာ မပြောင်းလဲပါက ငရဲသို့ သွားရမည်ဖြစ်သည်။ သူတို့သည် ကြီးစွာသော အန္တရာယ်နှင့် တွေ့ကြုံရမည်။ တပည့်တော်များက ဘုရားသခင်၏ နိုင်ငံတော်တွင် အရေးကြီးသောသူများ ဖြစ်လိုဆဲပင်ဖြစ်သည်။ ဤအတွေးများကို ဖြတ်တောက်ပစ်လိုက်ရန် လိုအပ်သည်။ သင်သည် အရေးပါအရာရောက်သောသူ ဖြစ်လိုပါက သခင်ယေရှု၏ နိုင်ငံတော်ထဲသို့ ဝင်ခွင့်ရမည်မဟုတ်ပါ။ ဆိုလိုသည်မှာ သင်ငရဲသို့သွားရမည်ဖြစ်သည်။

*သင်မည်ကဲ့သို့ထင်ပါသနည်း။ ငရဲသို့သွားခြင်းထက် ဘာမျှမဟုတ်သောသူဖြစ်ရခြင်းက ပို၍မကောင်းပါသလား။ ငရဲသို့သွားခြင်းထက် ခြေထောက်တစ်ချောင်း သို့မဟုတ် မျက်စိတစ်လုံး အဆုံးခံရခြင်းက ပို၍ မကောင်းဘူးလား။ ငရဲသွားခြင်းထက် လူတကာ အမုန်းခံရခြင်းက ပိုမကောင်းဘူးလား။*

*(ငရဲသည်ဘာနှင့်တူကြောင်းကို ဆွေးနွေးကြပါစို့)*

မာကု၊၉း၄၈။ ညင်သာစွာပြုမူပါ။ သို့သော် ပြင်းပြင်းထန်ထန် ကြိုးစားပါ။ သင်၏ပရိသတ်များကို သင်၏ချစ်ခြင်းမေတ္တာကို မြင်တွေ့ခံစားစေပါ။ သူတို့အား ငရဲသို့မသွားစေလိုကြောင်းဖော်ပြပါ။ ငရဲသည် လောင်ကျွမ်းမှု ရပ်မသွားသော မီးအိုင်နှင့်တူသည်။ ငရဲသည် နာကျင်မှုများနှင့် ပြည့်နှက်ရာနေရာဖြစ်သည်။ သံကောင်ကဲ့သို့ အတွင်း၌ လိုက်စားနေသောအမျိုး ဖြစ်သည်။)

မာကု၊၉း၅၀။ ကျွန်ုပ်တို့သည် စစ်မှန်သော ခရစ်ယာန်ဖြစ်ဖို့ လိုအပ်သည်။ အငန်ကင်းပျောက်သော ဆားကဲ့သို့ မဖြစ်သင့်ပါ။ လူတိုင်းက သင့်အား ခရစ်ယာန်ဟု ယူဆနေကြချိန်တွင် သင်၏အတွင်းစိတ်ထဲ၌စစ်မှန်သော ခရစ်ယာန်ဖြစ်ရန် လိုအပ်သည်။ ထိုသို့မဟုတ်ပါက သင်ငရဲသို့သွားရလိမ့်မည်။

*စဉ်းစားဆင်ခြင်၍ ဆုတောင်းပါ။ သင့်အား စစ်မှန်သော ခရစ်ယာန်ဖြစ်ခြင်းမှ ရပ်တန့်သွားစေသည့် အကြောင်းရင်းကို ဖော်ပြပါ။ မည်သည့်အရာများကို ဖြတ်တောက် စွန့်ပစ်ရန် လိုအပ်ပါသနည်း။ သင့်အတွက် နာကျင်ကောင်း နာကျင်လိမ့်မည်။ သို့သော် ငရဲသို့ မသွားလိုက်ပါနှင့်။*

[?] လေ့လာချက်၊ မာကု၊၁၀း၁-၁၂

# ၃၈ ကွာရှင်းပြတ်စဲခြင်းမပြုပါနှင့်။

## ■ နောက်ခံသမိုင်း

သခင်ယေရှုက တပည့်တော်များအား သင်ကြား ပေးလိုသည်။ ခရစ်တော်သည် မည်သူ ဖြစ်သည်ကို သူတို့အား သိစေလိုသည်။ ခရစ်တော်၏ နောက်တော်သို့ မည်သို့ လိုက်လျှောက်ရမည်ကို နားလည်ရန် သခင်ယေရှု အလိုရှိသည်။

သူတို့သည် သေးငယ်သောသူများဖြစ်သင့်ကြောင်း လေ့လာသင်ယူရမည်ကို ကျွန်ုပ်တို့သိမြင်ပြီး ဖြစ်သည်။ 📖 မာကု၊၉း၃၃-၅၀။

သခင်ယေရှုက ဤသင်ခန်းစာကို သူတို့ အား ထပ်၍သင်ပေးလိမ့်မည်။ 📖 မာကု၊၁၀း၁၃-၁၆။

အပြစ်တရားသည် အလွန်ပင်ဆိုးရွားကြောင်းကို ကျွန်ုပ်တို့ လေ့လာခဲ့ပြီးဖြစ်သည်။ 📖 မာကု၊ ၉း၄၂-၄၈။ သခင်ယေရှု၏ နောက်တော်သို့ လိုက်သောသူ တစ်ယောက်မျှ အပြစ်နှင့်ပတ်သက်ပြီး ပေါ့ဆဆ လုပ်မည် မဟုတ်ပါ။

လက်ထပ်ထိမ်းမြားခြင်းနှင့် ပတ်သက်သော အပြစ်တရားကား အဘယ်သို့နည်း။

📖 မာကု၊၁၀း၁-၁၂။

## ⊡ အဓိကအချက်

ခရစ်ယာန်များသည် ဘုရားသခင်၏ပညတ်တော်များကို နာခံလိုက်လျှောက်ရန် သခင်ယေရှု အလိုရှိသည်။ ဘုရားသခင်က ကျွန်ုပ်တို့ ကွာရှင်းပြတ်စဲမည်ကို မလိုလားပါ။

## ★ လုပ်ဆောင်ရန်

ကျွန်ုပ်တို့သည် တပည့်တော်များနှင့်တူကြသည်။ အခြားသူများ ပြောဆိုလုပ်ကိုင်နေကြသည့် အရာများကို ကျွန်ုပ်တို့ကြားနေကြရသည်။ အခြားသူများ ကွာရှင်းပြတ်စဲကြသောအခါ ကျွန်ုပ်တို့၏ လက်ထပ်ထိမ်းမြားခြင်းသည်လည်း ထိုကဲ့သို့ အဆုံးသတ်သွားမည်ဟု မှားယွင်းစွာ တွေးခေါ်မိကြသည်။ ဘုရားသခင်၏ နှုတ်တော်ထွက်စကားတို့သည် ဘယ်သောအခါမှ မပြောင်းလဲသွားကြောင်း သခင်ယေရှုက သွန်သင်ထားသည်။ ကျွန်ုပ်တို့သည် မခိုင်လုံသော ဆင်ခြေဆင်လက် မပေးသင့်ပါ။ ကျွန်ုပ်တို့သည် လက်ထပ်ထိမ်းမြား စဉ်က ပြုခဲ့သော ကတိသစ္စာများကို စောင့်ထိန်းသင့်ပါသည်။

ဤအကြောင်းအရာနှင့်ပတ်သက်၍ ဘုရားသခင် ပြောဆိုသောအရာများကို တန်ဖိုးထားနိုင်ရန် သင်၏လူများကို မည်ကဲ့သို့ကူညီရမည်ကို စဉ်းစားဆင်ခြင်ပါ။

## ▲ မှတ်သားရန်

- မာကု၊၁၀း၂။ ဤမေးခွန်းမှာ သခင်ယေရှုအား စုံစမ်း နှောင့်ယှက်ရန် မေးသည့်မေးခွန်းဖြစ်သည်။ စင်စစ်အား ဖြင့် ဖာရိရှဲတို့သည် အမှန်တရားကို မသိလိုကြပေ။
- မာကု၊၁၀း၃-၄။ 📖 တရားဟော၊၂၄း၁-၄။မောရှေ၏ဆိုလိုရင်းကို မပြောင်းလဲသင့်ပါ။ မောရှေသည် ကွာရှင်းပြတ်စဲခြင်းကို လက်မခံပါ။ သို့သော် ကွာရှင်း ပြတ်စဲခြင်းသည် ဖြစ်လေ့ဖြစ်ထရှိသောအရာဖြစ်သည်။ ဘုရားသခင်သည် မောရှေအားဖြင့် ဆိုးရွားသည့် အဖြစ် အပျက်များကို အဆုံးသတ်သွားစေရန် ကွာရှင်းပြတ်စဲ ခြင်းကို ခွင့်ပြုလိုက်ခြင်းဖြစ်သည်။ လက်ထပ်ထိမ်းမြား ခြင်းနှင့် ပတ်သက်ပြီး တိကျရှင်းလင်းသော ဘုရားသခင်၏ စကားတော်ကို ကမ္ဘာ၊၂း၂၄ တွင် တွေ့နိုင်ပါသည်။ 📖 မာကု၊၁၀း၇-၈။
- မာကု၊၁၀း၁၁၊၁၂။ ဘုရားသခင်သည် ကွာရှင်းပြတ်စဲခြင်းကို လက်မခံပါ။ အကယ်၍ ကျွန်ုပ်တို့၏ လက်ထပ် ထိမ်းမြားခြင်းကို အဆုံးသတ်ပြီး အခြားတစ်ယောက်နှင့် ထပ်မံထိမ်းမြားခြင်းပြုပါက ခုနစ်ခုမြောက်သောပညတ်ကို ကျူးလွန်နေခြင်းပင်ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ကျွန်ုပ်တို့သည် အခြားသူတစ်ဦးနှင့်အတူ အိပ်နေသောကြောင့် ဖြစ်သည်။ (မဿဲ၊၁၉း၉ ဖော်ပြချက် အရ အကယ်၍ ကျွန်ုပ်တို့၏ ယောကျာ်း(သို့)မိန်းမသည် အခြားသူတစ်ဦးနှင့်အိပ်ပါက ကျွန်ုပ်တို့သည် အခြားသူတစ်ဦးနှင့် လက်ထပ်ထိမ်းမြားခွင့်ရှိပါသည်။)

**➔ ဟောပြောချက်၊ မာကု၊၁၀း၁-၁၂**

## ကျွန်ုပ်တို့သည် အပြစ်တရားကို မုန်းတီးရမည်။

📖 မာကု၊၁၀း၁-၅

● အချို့ခရစ်ယာန်များက ဤကဲ့သို့ တွေးထင် တတ်ကြသည်။ "အကယ်၍ ကျွန်ုပ်အပြစ်ပြုမိပါက ကိစ္စမရှိပါ။ သခင်ယေရှုက ကျွန်ုပ်အား ခွင့်လွှတ် လိမ့်မည်။"

သင့်အနေနှင့်သူတို့အား မည်ကဲ့သို့တုံ့ပြန်မည်နည်း။

သခင်ယေရှုသည် သူ၏ခမည်းတော် ကဲ့သို့ပင် အပြစ်ကို ရွံ့မုန်းပါသည်။ သခင်ယေရှုသည် ဘုရားဖြစ်တော်မူ၏။ သခင်ယေရှု၏ နောက်တော်သို့ လိုက်သောသူများသည် အပြစ်ကိုရွံ့မုန်းသင့်ပါသည်။ ကျွန်ုပ်တို့သည် ဖာရိရှဲများကဲ့သို့မဖြစ်သင့်ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပညတ်တော်များကို မရှောင်ရှားသင့်ပေ။ ကျွန်ုပ်တို့ ဆင်ခြေဆင်လက်မပေးသင့်ပါ။

● သခင်ယေရှုက ဂျူးတို့၏မှားယွင်းစွာ လုပ်ဆောင်ချက်များကို မည်သို့ဖော်ပြထားပါသနည်း။ 📖 မာကု၊ ၁၀း၅။

≫ *ကျွန်ုပ်တို့သည် စိတ်နှလုံးမခိုင်မာသင့်ကြပါ။ သူ၏ ပညတ်တော်များကို မြတ်နိုးရန်၊ ကူညီမစရန် ဘုရားသခင် အားတောင်းလျှောက်ပါ။ ဘုရားသခင်၏ ပညတ်တော် အားလုံးသည် ကောင်းမြတ်တော်မူပြီး အကောင်းဆုံး လိုက်လျှောက်အသက်ရှင်နိုင်ရန် ကျွန်ုပ်တို့အား ကူညီမစ လျက်ရှိပါသည်။*

## ကွာရှင်းပြတ်စဲမှုကို မပြုပါနှင့်။

📖 မာကု၊၁၀း၆-၁၂

သခင်ယေရှုက "ကွာရှင်းပြတ်စဲခြင်းကိုမပြုပါနှင့်"ဟု ပြောရခြင်းမှာ ဘုရားသခင်က "ကွာရှင်းပြတ်စဲခြင်းကို မပြုကြနှင့်"ဟု အမြဲပြောသောကြောင့် ဖြစ်သည်။ ဘုရားသခင်၏ ပညတ်တော်များသည် ပြည့်စုံသောကြောင့် သခင်ယေရှုက ဘယ်သောအခါမှ ပြောင်းလဲပစ်ခြင်း မရှိပါ။

● လူယောကျ်ားနှင့်လူမိန်းမအတွက် ဘုရားသခင်၏ အကြံအစည်တော်များကား အဘယ်နည်း။ 📖 မာကု၊၁၀း ၆-၈။

● အကယ်၍ ကျွန်ုပ်တို့သည် ကွာရှင်းပြတ်စဲပြီး နောက်အိမ်ထောင်ပြုပါက မည်သည့်ပညတ်ကို ကျူးလွန်ခြင်းဖြစ်ပါသနည်း။ 📖 မာကု၊၁၀း၁၁-၁၂။

သို့ဖြစ်၍ သခင်ယေရှုက ကျွန်ုပ်တို့အား ဘာပြောသနည်း။ 📖 မာကု၊၁၀း၉။

သခင်ယေရှု၏စကားတော်များသည် နားလည်ရခက်သောစကားများ မဟုတ်ပါ။ ၎င်းတို့ကို လက်ခံရန်သင့်အတွက် ခက်ခဲနေပါသလား။ တပည့်တော်များအတွက် ခက်ခဲလှပါသည်။ သူတို့သည် သခင်ယေရှုအား ထပ်မံမေးမြန်း ကြသည်။ 📖 မာကု၊၁၀း၁၀။ သခင်ယေရှုက ကျွန်ုပ်တို့သည် ဘုရားသခင်၏ စကားတော်များကို စောင့်ထိန်း သင့်ကြောင်းပြောပါသည်။ ကျွန်ုပ်တို့ ခရစ်ယာန်ဖြစ်လိုပါက သခင်ယေရှု၏ သွန်သင်ချက်အတိုင်း လိုက်လျှောက် သင့်ပါသည်။

(သင်၏ပရိသတ်များက မေးခွန်းမေးကောင်း မေးနိုင်သည်။ ၎င်းတို့ကို ဖြေဆိုနိုင်ရန် အရေးကြီးပါသည်။ ဥပမာအချို့ကို ဖော်ပြထားသည်။)

● ကျွန်ုပ်၏ခင်ပွန်း/ဇနီးအား ချစ်သောစိတ် ပျောက်ဆုံးသွားပါက မည်သို့လုပ်ဆောင်ရမည်နည်း။ ဤအချက်သည် ကွာရှင်းပြတ်စဲစေလောက်သော အကြောင်းပြချက်မဟုတ်ပါ။ ချစ်နိုင်ရန် ကြိုးစား အားထုတ်ပါ။ သင်၏ ချစ်ခြင်းမေတ္တာကို လက်တွေ့ကျသော နည်းလမ်းဖြင့် ဖော်ပြပါ။ ဘုရားသခင်ထံမှ အကူအညီရယူနိုင်ရန် ဆုတောင်းပါ။

● ကျွန်ုပ်၏ခင်ပွန်း/ဇနီးသည် အခြားသူတစ်ဦးနှင့် အိပ်ပါက မည်ကဲ့သို့လုပ်ဆောင်ရမည်နည်း။သခင်ယေရှုက သင်သည် ကွာရှင်းပြတ်စဲပြီး နောက်အိမ်ထောင် ပြုနိုင်သည်ဟု ပြောထားသည်။ သို့သော် ဖြစ်နိုင်ပါက သင်၏ လက်ထပ်ထိမ်းမြားထားခြင်းကို ပိုမို၍သာယာကောင်းမွန်လာနိုင်ကြိုးစားပါ။

● ကျွန်ုပ်အပြစ်ပြုမိပါသည်။ ကျွန်ုပ်၏ခင်ပွန်း/ဇနီးအား ကွာရှင်းပြတ်စဲခဲ့သည်။ ဘုရားသခင်က ကျွန်ုပ်၏ အပြစ်ကို လွှတ်မည်လော။ သူသည်အပြစ်အားလုံးကို ဖြေလွှတ်တော်မူသည်။ ယခု သူစိတ်ကျေနပ်လောက်အောင် အသက်ရှင်ပါ။ နောက်အိမ်ထောင်မပြုပါနှင့်။ သင် နောက် အိမ်ထောင်ပြုပြီးပြီလား။ အကယ်၍ သင်နောက်အိမ် ထောင်ပြုပြီးပါက သာယာပျော်ရွှင်သော လက်ထပ် ထိမ်းမြားခြင်းဖြစ်ရန် ကြိုးစားပါ။

● ကျွန်ုပ်တွင် ဇနီးနှစ်ယောက်ရှိသည်။ ကျွန်ုပ်ဘာလုပ်သင့်ပါသလဲ။ ဤမေးခွန်းသည် ဖြေရန်ခက်ခဲသောမေးခွန်းဖြစ်သည်။ မယားနှစ်ယောက်ရှိခြင်းသည် မှားယွင်းသောလုပ်ဆောင်ချက်ဖြစ်သည်။ သို့သော် ဇနီးနှစ်ယောက်စလုံးအတွက် စီမံလုပ်ဆောင်ပေးရမည်။ သူတို့နှင့် ကတိကဝတ်ပြုထားပြီးသောကြောင့်ဖြစ်သည်။

# ၃၉ ကလေးသူငယ်များကဲ့သို့ ဘုရားသခင်၏ လက်ဆောင်ကို လက်ခံပါ။

## ■ နောက်ခံသမိုင်း

ဘုရားသခင်၏ နိုင်ငံတော်ထဲသို့ မည်သို့သောသူ ဝင်ရောက်မည်နည်း။ မည်သို့သောသူများသည် ခရစ်တော်နောက်သို့လိုက်ကြသနည်း။ တပည့်တော်များက နားမလည်ကြပါ။

📖 မာကု၊၉း၃၃-၃၇။ မာကု၊၉း၃၇ ကိုလေ့လာပါ။ ယခု မာကု၊၁၀း၁၃ ကို စဉ်းစားဆင်ခြင်ပါ။

တပည့်တော်တို့၏ တွေးခေါ်ယူဆပုံတို့သည် မည်သို့မှားယွင်း နေပါသနည်း။ သူတို့၏ မှားယွင်းသော အတွေးအခေါ်များကို မာကုကျမ်း၌ များစွာတွေ့ရသည်။ 📖 မာကု၊၉း၃၄။

## ⊡ အဓိကအချက်

အကယ်၍ သင်သည် ကောင်းကင်နိုင်ငံသို့ဝင်လိုပါက ကလေးသူငယ်များကဲ့သို့ ဖြစ်သင့်သည်။ ဘုရားသခင်၏လက်ဆောင်ကိုလက်ခံရပါမည်။

## ★ လုပ်ဆောင်ရန်

ဘုရားသခင်က ကလေးသူငယ်များသည် လူကြီးများကဲ့သို့ပင် အရေးပါကြောင်း ဖော်ပြထားသည်။ ဤအချက်ကို နားလည်သဘောပေါက်ရန် မည်သို့ကူညီနိုင်မည်နည်း။ လူတို့သည် သူတို့ကိုယ်သူတို့ အရေးပါသောသူဖြစ်ကြောင်း တွေးထင်တတ်ကြသည်။ မည်သို့ပင်ဖြစ်စေ သခင်ယေရှုက ကျွန်ုပ်တို့အား အရေးမပါသောသူ ဖြစ်စေလိုသည်။ သင်၏ ပရိသတ်များသည် ကလေးသူငယ်ကဲ့သို့ ဖြစ်လာနိုင်ရန် ကူညီနိုင်မည့်အကြောင်း ဘုရားသခင်ထံ တောင်းလျှောက်ပါ။

## ▲ မှတ်သားရန်

- မာကု၊၁၀း၁၃။ တပည့်တော်များက လူများအား ဆူပူခြင်း သို့မဟုတ် ကြိမ်းမောင်းခြင်းပြုခဲ့သည်။ ဆိုလိုသည်မှာ လူများနှင့် နေ၍မပျော်သောကြောင့် မောင်းထုတ်ခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ သခင်ယေရှုက တပည့်တော်များအား ပြောကြားခဲ့သည်။
- မာကု၊၁၀း၁၄။ သခင်ယေရှုက ကလေးသူငယ်များအကြောင်း ပြောသောအခါ ဥပမာအဖြစ် အသုံးပြုထားသည်။ ကျွန်ုပ်တို့သည် ကလေးသူငယ်များနှင့်တူသင့်သည်။ ( 📖 မာကု၊ ၉း၄၂ ကို ကြည့်ပါ) ကလေးသူငယ်များသည် အခြားသူများကဲ့သို့ပင် သခင်ယေရှုအတွက် အရေးပါသော သူများဖြစ်ကြသည်။

⇥ ဟောပြောချက်၊ မာကု၊၁၀း၁၃-၁၆

## သခင်ယေရှုက ကလေးသူငယ်များသည် အရေးပါသောသူများဖြစ်ကြောင်း ပြောဆိုခဲ့ခြင်း

📖 မာကု၊၁၀း၁၄

သင်၏ရပ်ရွာမှ ကွဲပြားသော လူအချို့အကြောင်းကို တွေးကြည့်ပါ။ လူကြီး၊ ကလေး၊ အမျိုးသမီး၊ အမျိုးသား၊ လုပ်ငန်းဆောင်တာများ ကွဲပြားမှု အမျိုးမျိုးရှိကြသည်။ မည်သူသည် အရေးပါဆုံးသောသူ ဖြစ်သည်ဟု သင်ထင်ပါသလဲ။ မည်သို့သောသူသည် အရေးမပါသောသူဟု သင်ယူဆပါသနည်း။

- လူတို့သည် အရေးပါအရာရောက်သောသူ ဖြစ်လိုပါသလား။
- အရေးပါအရာရောက်သောသူသည် အရေးမပါသောသူများကို မည်ကဲ့သို့ တွေးမြင် တတ်ပါသနည်း။

📖 မာကု၊၁၀း၁၃။ အရေးပါအရာရောက်သောသူများက ကလေးသူငယ်များကို မည်ကဲ့သို့ တွေးမြင်တတ်ပါ သနည်း။ 📖 မာကု၊၁၀း၁၄။ သခင်ယေရှုက ဘာပြောသနည်း။

⩥ လူသားတိုင်းသည် အတူတူပင်ဖြစ်ကြောင်းကို သခင် ယေရှုသိတော်မူ၏။ ကျွန်ုပ်တို့သည် ကလေးသို့မဟုတ် တစ်ဦးတစ်ယောက်ထက် သာလွန်ကြောင်း တွေးခေါ်ခြင်းကို သခင်ယေရှု မနှစ်သက်ပါ။ သင်၏ ရပ်ရွာ သို့မဟုတ် အသင်းတော်ရှိလူများက သူတို့သည် အခြားသူများထက် မြတ်သည်ဟု ယူဆနေကြပါသလား။ သူတို့ဘာကြောင့် ဤသို့ တွေးတောကြသနည်း။

## သခင်ယေရှုက ကျွန်ုပ်တို့သည် ကလေးသူငယ်များ နှင့်တူသင့်ကြောင်း ပြောဆိုသည်

📖 မာကု၊၁၀း၁၅

မာနထောင်လွှားသော သူတို့သည် ကောင်းကင်နိုင်ငံတော်သို့ မဝင်ရောက်နိုင်ပါ။ မိမိကိုယ်ကို အရေးပါသူဟု တွေးထင်ထားသူများ ကောင်းကင်နိုင်ငံသို့ မရောက်နိုင်ပါ။ ကောင်းကင်နိုင်ငံတော်သို့ ဝင်ရောက်နိုင်ရန် ကျွန်ုပ်တို့သည် ကလေးသူငယ်များနှင့်တူသင့်ပါသည်။

ကျွန်ုပ်တို့သည် မည်သို့ကောင်းကင်နိုင်ငံတော်သို့ ရောက်နိုင်သနည်း။ မာကု၊၁၀း၁၅ထဲတွင် သခင်ယေရှုပြောသော စကားများကို လေ့လာပါ။ ''ခံယူခြင်း'' ကလေးသူငယ်များက ဆုလက်ဆောင်များ ခံယူသကဲ့သို့ ကျွန်ုပ်တို့သည် ဘုရားပေးသော လက်ဆောင်များကို လက်ခံရယူသင့်ပါသည်။ ဤသည်မှာ ကောင်းကင်နိုင်ငံတော်သို့ ရောက်နိုင်သည့်နည်းလမ်း ဖြစ်သည်။

ကလေးသူငယ်များသည် ဆုလက်ဆောင်များကို မည်သည့်ပုံစံဖြင့် လက်ခံယူသည်ကို စဉ်းစားဆင်ခြင်ကြည့်ပါ။ သူတို့သည် မာန်မာနထောင်လွှားခြင်းမရှိပါ။ သူတို့သည် လက်ဆောင်ကိုခံယူရန် မထိုက်တန်လောက်အောင် ဆိုးရွားနေသူများဟု သူတို့ကိုယ် သူတို့ မတွေးထင်ကြပါ။ သူတို့သည် လျင်မြန်စွာရယူကြသည်။ သူတို့သည် လက်ဆောင်ကို ရရန် တံစိုးလက်ဆောင်ပေးခြင်းမျိုးလည်း မရှိပါ။ ရိုးရိုးလေးလက်ခံ ရယူခြင်းဖြစ်သည်။ သူတို့တွင် ပျော်ရွှင်သောအပြုံးများ ရှိကြသည်။ ကျေးဇူးတင်ကြောင်းသူတို့ ပြောကြသည်။

⩥ ကောင်းကင်နိုင်ငံတော်သို့ဝင်နိုင်ရန် တစ်ခုတည်းသောနည်းလမ်းမှာ ကျွန်ုပ်တို့အတွက် ဘုရားသခင်ပေးသော အရာအားလုံးကို လက်ခံယူရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကလေးများကဲ့သို့ဖြစ်သင့်သည်။

**မည်သည့်အစိပ္ပါယ်ကိုဖော်ဆောင်နေသနည်း။**

- ရပ်ရွာထဲရှိ အရေးမပါသောကလေးငယ်သည် ဘုရား သခင်၏လက်ဆောင်ကို လက်ခံရယူလိမ့်မည်။
- အဆိုးယုတ်ဆုံးသောသူသည် ဘုရားသခင်၏ လက်ဆောင်ကို လက်ခံရယူလိမ့်မည်။
- ကျွန်ုပ်တို့၏ဉာဏ်ပညာ၊ သို့မဟုတ် ကောင်းမြတ်သော လုပ်ဆောင်မှု သို့မဟုတ် ဗတ္တိဇံမင်္ဂလာတို့သည် ဘုရားသခင် ကျွန်ုပ်တို့အား ပေးသောဆုကျေးဇူးများကို ဘယ်တော့မှ ဝယ်ယူနိုင်လိမ့်မည် မဟုတ်။

ကျွန်ုပ်တို့အားလုံး အတူတူပင် ဖြစ်ကြ သည်။ ဘုရားသခင်က အခမဲ့ပေးသော ဆုလက်ဆောင်များကို ကျွန်ုပ်တို့အားလုံး ရယူလက်ခံနိုင်ရန် လိုအပ်သည်။

# ၄၀ မိမိကိုယ်မိမိ အလွန်ကောင်းမြတ်သည်ဟု တွေးထင်ထားသော ချမ်းသာသည့် လူငယ်တစ်ဦး။

## နောက်ခံသမိုင်း

သခင်ယေရှုက ကောင်းကင်နိုင်ငံသို့ မည်သို့ဝင်ရောက်ရမည်ကို ကျွန်ုပ်တို့အား ပြောပြထားပြီးဖြစ်သည်။ 📖 မာကု၊၁၀း၁၄–၁၅။ ချမ်းသာသောလူငယ်သည် ကလေးငယ်နှင့် တူပါသလား။
📖 မာကု၊၁၀း၁၇–၂၂။

ထို့နောက် သခင်ယေရှုက ချမ်းသာသောသူများအကြောင်း ပြောပါသည်။ မိမိ၏ကြိုးစားမှုအားဖြင့် ကောင်းကင်နိုင်ငံတော်သို့ ဝင်နိုင်ပါသလား။
📖 မာကု၊၁၀း၂၃–၃၁။ မာကု၊၁၀း၃၁ တွင် သခင်ယေရှုက ဤအကြောင်းအရာနှင့် ပတ်သက်သော သွန်သင်ချက်ကို အဆုံးသတ်ထားပါသည်။

## အဓိကအချက်

အချို့က သူတို့သည် ဘုရားသခင်အတွက် အလွန် ကောင်းမြတ်သောသူများဖြစ်သည်ဟု တွေးထင်ကြသည်။ သူတို့သည် မှားယွင်းကြောင်းကို သခင်ယေရှုပြသွန်ခဲ့ပါသည်။

## လုပ်ဆောင်ရန်

ကျွန်ုပ်တို့၏ ကောင်းမြတ်သောအချက်ကို ဘုရားသခင်က မည်ကဲ့သို့ ထင်မြင်တော်မူသနည်း။ ဘုရားသခင်၏စံချိန်စံနှုန်းကို ကျွန်ုပ်တို့ မမှီနိုင်သေးကြောင်း လူသားများနားလည်ရန် ကျွန်ုပ်တို့ မည်ကဲ့သို့ ကူညီကြမည်နည်း။

## မှတ်သားရန်

• မာကု၊၁၀း၁၈။ ကောင်းမြတ်သောသူတစ်ယောက်ဖြစ်ရန် အလွန်ပင် ခက်ခဲကြောင်း လူငယ်လေး နားလည်ရန် သခင်ယေရှု အလိုတော်ရှိသည်။ သခင်ယေရှုက သူသည် ကောင်းမြတ်သောသူမဟုတ်ဟု ဆိုလိုခြင်း မဟုတ်ပါ။ သခင်ယေရှုက သူသည် ဘုရားမဟုတ်ကြောင်းဆိုလိုနေခြင်းမဟုတ်ပါ။

• မာကု၊၁၀း၂၁။ သခင်ယေရှုက ထိုလူငယ်သည် သူ့ကိုယ်သူ တွေးထင်ထားသလောက် မကောင်းမြတ်ကြောင်း သိတော်မူ၏။ ထို့ကြောင့် သခင်ယေရှုက ထိုသူအားစမ်းသပ်ခဲ့ပါသည်။ ဤစမ်းသပ်ချက်ဖြင့် သူ၏အပြစ်များကို ပြသွန်လိမ့်မည်။ သူသည် ချမ်းသာသောသူ ဖြစ်သည့်အလျောက် သူ၏ငွေကြေးနှင့်ရာထူးကို မြတ်နိုးတပ်မက်သောသူဖြစ်ကြောင်း ဖော်ပြလိမ့်မည်။ သခင်ယေရှုက သူသည် ပြည့်ဝစုံလင်ရန် နီးစပ်သောသူဖြစ်ကြောင်း မဖော်ညွှန်းခဲ့ပါ။ သခင်ယေရှုက သူ့တွင် အမှားတစ်ခုတည်းသာရှိကြောင်း ဖော်ပြခဲ့ခြင်း မဟုတ်ပါ။

## ⇒ ဟောပြောချက်၊ မာကု၊၁၀း၁၇-၂၂

### ထိုလူ၏ပြဿနာ

📖 မာကု၊၁၀း၁၇-၂၀။

ထိုလူ၏ပြဿနာမှာ သူ၏ချမ်းသာခြင်း မဟုတ်ပါ။ သူ၏အဆိုးရွားဆုံးသော ပြဿနာမှာ မိမိကိုယ်ကို အလွန်ကောင်းမြတ်သည်ဟု တွေးထင်နေခြင်း ဖြစ်သည်။

📖 မာကု၊၁၀း၁၈။ သခင်ယေရှုက သူ့အား မည်ကဲ့သို့ မေးခွန်းထုတ်ခဲ့သည်ကို ကြည့်ပါ။ "ကောင်း မြတ်ခြင်း"၏အဓိပ္ပါယ်ကို သူ ကောင်းစွာ မသိပါ။ သူသည် ဘုရားရှင်အတွက် အလွန်ကောင်းမြတ်သောသူ တစ်ယောက်ဟု တွေးထင်နေသည်။ သူသည် ဘုရားသခင်၏ ပညတ်တော်များကို ထိန်းသိမ်းစောင့်ရှောက် သောသူဖြစ်သည်ဟု သူ့ကိုယ်သူတွေးထင် နေခဲ့သည်။

မည်သို့ပင်ဖြစ်စေ၊ သူ့အတွက် သေချာမှု မရှိပါ။ သူ့အသက်တာတွင် တစ်စုံတစ်ခု လွဲချော်ကောင်းလွဲချော်နေ လိမ့်မည်။ ထို့ကြောင့် သခင်ယေရှုထံသို့ အပြေးအလွှားသွားပြီး ထာဝရအသက်ရဖို့ မည်သို့ လုပ်ဆောင်သင့်သည်ကို မေးမြန်းခဲ့ခြင်း ဖြစ်ပါသည်။

≫ *လူအများစုက ထိုသူကဲ့သို့ တွေးထင်နေကြသည်။ သူတို့သည် သူတို့ လုပ်ဆောင်ခဲ့သော ကောင်းမြတ်သည့် အကြောင်းများကို ပြောဆိုနေကြသည်။ အကယ်၍ ကျွန်ုပ် တို့က ကိုယ့်ကိုကိုယ်ကောင်းမြတ်လွန်းသည်ဟု ယူဆနေပါက ဘုရားနှင့်အလွန်ဝေးကွာသွားကြပါလိမ့်မည်။*

📖 မာကု၊၁၀း၁၄-၁၉။

### သခင်ယေရှု၏ဖြေကြားချက်

📖 မာကု၊၁၀း၂၁-၂၂

ထိုသူသည် အပြင်ပန်း ကောင်းမြတ်ကြောင်း သခင်ယေရှုသိမြင်တော်မူ၏။ ထို့ကြောင့် သူ၏ မှားယွင်း ချက်ကို ထောက်ပြရန် နည်းလမ်းရှာဖွေ ခဲ့သည်။

⊞ ဤသို့တွေးကြည့်ပါ။ သင် အလွန်လိုချင်သည့် အရာ တစ်စုံတစ်ခုရရှိရန် သစ်ပင် သို့မဟုတ် လှေကားပေါ်သို့တက်နေသည်။ သင်သည် ထိပ်ဆုံးသို့ ရောက်ခါနီးအချိန်တွင် သင်၏ သူငယ်ချင်းက အော်ပြောသည်။ အောက်ကိုပြန်ဆင်း လာပါ။ ဒါမှပဲ ထိပ်ဆုံး ပြန်ရောက်နိုင်လိမ့်မည်။ သူ၏စကားကို သင် လုံးဝယုံမည် မဟုတ်ပါ။

ထိုသူသည်လည်း ထိုကဲ့သို့ တွေးထင်ခဲ့ သည်။ သူသည် ထိပ်ဆုံးသို့ ရောက်ခါနီးပြီ ဖြစ်ကြောင်း သူ့ကိုယ်သူသိနေသည်။ သခင်ယေရှုက သူ့အား ပြောပါသည်။ ''ကောင်းကင်နိုင်ငံတော်သို့ ရောက်နိုင်မည့် နည်းလမ်းကို သင့်အား ပြောပြမည်။ ကိုယ်ဥစ္စာ ရှိသမျှ ကိုရောင်းချလော့''။ ဤအချက် သည် သူ့အား လှေကား အောက်ခြေသို့ ပြန်လည် ဆွဲချနေသောအချက်ဖြစ်သည်။ သူသည် ကလေး ငယ်နှင့်တူလာလိမ့်မည်။ ထို့နောက် မည်သူ တစ်ဦး တစ်ယောက်မှ သူသည် အရေးပါသောသူဖြစ် ကြောင်း တွေးထင်မည်မဟုတ်တော့ပေ။

ထို့ကြောင့် သူသည် ဘယ်တော့သော အခါမှ ထိုသို့ ပြုမည် မဟုတ်တော့ပါ။ ဤအချက်သည် ကောင်းကင်နိုင်ငံတော်သို့ ရောက်နိုင်သည့် နည်းလမ်း ဖြစ်သည်။ ချမ်းသာခြင်းသည် အလွန်အရေးပါသော အချက်ဖြစ်ကြောင်း လူအများစုက တွေးထင်ထားကြ သည်။ ချမ်းသာသောသူကို သခင်ယေရှုက ကောင်းချီး ပေးမည်ဟု သူတို့တွေးထင်ထားကြသည်။ ထိုသူသည် အရာအားလုံးကို မစွန့်လွှတ်နိုင်ပါက နောက်ကျသောသူ ဖြစ်လိမ့်မည်။ 📖 မာကု၊ ၁၀း၃၁။

အနှစ်ချုပ်။ ပြည့်ဝစုံလင်သောသူတစ်ယောက်ဖြစ်ရန် နောက်ဆုံးသော အချက်တစ်ချက်လိုအပ်ကြောင်း သခင် ယေရှုက ထိုသူအား ပြောခဲ့သည်။ စင်စစ် သခင်ယေရှုက ထိုသူသည် အလွန်မောက်မာသော သူဖြစ်ကြောင်းကို ပြသခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံတော်သို့ ဝင်ရောက် လိုပါက ကျွန်ုပ်တို့၏အပြစ်ကို မြင်နိုင်ရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် ကောင်းမြတ်သောသူများ ဖြစ်ကြောင်း မတွေးထင်သင့်ပါ။

≫ *သင်သည် လှေကားရင်းသို့ ဆင်းလာရန် အဆင်သင့် ဖြစ်ပြီလား။ သို့မဟုတ် သင်သည် သင်၏ကောင်းမြတ်မှုထဲ၌ပင် ထောင်လွှားမောက်မာ နေဆဲလား။*

*ကောင်းသောအရာ တစ်စုံတစ်ခုမျှမရှိကြောင်း ဝန်ခံသောသူအား ဘုရားသခင်က ထာဝရအသက်ကို ပေးနေပါသည်။ စိတ်နှလုံးနှိမ့်ချသောသူ ဘုရားသခင် ပေးသောအရာအားလုံးကို လက်ခံသောသူအား ဘုရား သခင်က ထာဝရအသက်ကိုပေးနေပါသည်။*

[?] လေ့လာချက်၊ မာကု၊၁၀း၂၃-၃၁

# ၄၁ နောက်ကျသောသူဖြစ်လိုပါသလား။

## ▣ နောက်ခံသမိုင်း

📖 မာကု၊၁၀း၁၇-၂၂။ ငွေကြေးချမ်းသာသောသူသည်၊ ကောင်းကင် နိုင်ငံတော်သို့ ဝင်ရန် ကလေးငယ်တစ်ဦးကဲ့သို့ ပြောင်းလဲရန်လိုပါသည်။

📖 မာကု၊၁၀း၃၂-၃၄။ သခင်ယေရှု သေရ မည့်အကြောင်း တပည့်တော်များကို တတိယ အကြိမ်မြောက် ဖြစ်ပါသည်။ သခင်ယေရှု၏ နောက်တော်သို့ လိုက်ခြင်းသည် ခက်ခဲနာကျင်သော လမ်းဖြစ်ကြောင်း တပည့်တော်များ သိထားသင့်ပါသည်။ အရာအားလုံးကို အဆုံးရှုံးခံနိုင်ရမည်။ တစ်နည်းအားဖြင့် နောက်ကျခံနိုင်ရန် ပြင်ဆင်ထား ရလိမ့်မည်။ မာကု၊၈း၃၁-၃၈။ မာကု၊၉း၃၀-၃၅)။

📖 မာကု၊၁၀း၂၃-၃၁။

*ဤအကြောင်းအရာများ တစ်ခုနှင့်တစ်ခု မည်ကဲ့သို့ ဆက်စပ်နေပါသနည်း။*

## ◉ အဓိကအချက်

သခင်ယေရှုနောက်သို့ လိုက်မည်ဆိုပါက နောက်ကျသောသူ ဖြစ်ရန် လိုပါသည်။

📖 မာကု၊၁၀း၃၁။

## ★ လုပ်ဆောင်ရန်

၁။ မာကု၊၁၀း၃၁ ကဲ့သို့သော ကျမ်းပိုဒ်များကို သတိပြုဖတ်ရှုပါ။ ဤကျမ်းပိုဒ်မျိုးသည် အခန်းကြီး တစ်ခုလုံး၏ အဓိကအချက်များ ဖြစ်နေတတ်ပါသည်။ မာကု၊၉း၃၅ ကို ပြန်ကြည့်ပါ။

၂။ တပည့်တော်များသည် အရာခပ်သိမ်းကို စွန့်ထားခဲ့ပြီးဖြစ်သည့်တိုင် သူတို့၏စိတ်နေစိတ်ထားမှာ ကျမ်းစာက ဖော်ပြထားသော သူဌေးကဲ့သို့ပင် ဖြစ်ပါသည်။ သူတို့သည် ထိပ်ဆုံးတွင် နေလိုဆဲဖြစ်ပါသည်။ ကျွန်ုပ်တို့လည်း ထို့အတူပဲလား။ မည်ကဲ့သို့သော နည်းများနှင့် ကျွန်ုပ်တို့၏ အတွေးအခေါ်များ မှားယွင်းသွားခဲ့သနည်း။

## ▲ မှတ်သားရန်

- မာကု၊၁၀း၂၅၊၂၇၊ သခင်ယေရှုပေးထားသော ဥပမာသည် ကျွန်ုပ်တို့အတွက် ရယ်စရာဖြစ်နေပါသည်။ မည်သို့ဖြစ်နိုင်ပါသနည်း။ ကုလားအုပ်ဆိုသည်မှာ မြင်းကြီးကြီးတစ်ကောင်လိုပင်၊ ကန္တာရ ထဲ၌ လူများက စီးကြပါသည်။
- မာကု၊၁၀း၃၀၊ သခင်ယေရှုပေးထားသော ကတိတော်သည် မည်သို့သော အဓိပ္ပါယ်သက်ရောက်ပါသနည်း။ ခရစ်ယာန်များသည် ငွေကြေးအားဖြင့် ကြွယ်ဝချမ်းသာသောသူများ ဖြစ်လာလိမ့်မည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ သူ့အတွက် ကျွန်ုပ်တို့ အိမ်ကို စွန့်လွှတ်ခဲ့လျှင် အိမ်အလုံး(၁၀၀) ပြန်ပေးမည်ဆိုတာမျိုးမဟုတ်ပါ။ သို့သော် အခြား ခရစ်ယာန်မိသားစု (၁၀၀)က ကျွန်ုပ်တို့အတွက် တံခါးဖွင့်ထားပါလိမ့်မည်။ အခြားနည်းလမ်းများနှင့်လည်း ကျွန်ုပ်တို့ကို ကောင်းချီးပေးပါလိမ့်မည်။ ကျွန်ုပ်တို့၏ အသက်တာတွင် သခင်ယေရှုကို လက်ခံရရှိသောအခါ ချမ်းသာကြွယ်ဝသူဟု ခံစားနေရမည်သာ ဖြစ်ပါသည်။

📖 ယာကုပ်၊၂း၅။ ဖိလိပ္ပိ၊၃း၇၊၈။

- မာကု၊၁၀း၃၀။ ညှဉ်းပန်းနှိပ်စက်ခြင်းအဓိပ္ပာယ်မှာ ကျွန်ုပ်တို့သခင် ယေရှုနောက်တော်သို့ လိုက်သောအခါ လူများက ကျွန်ုပ်တို့ကို ထိခိုက်နာကျင်အောင် လုပ်ရန် ကြိုးစားကြမည်ဖြစ်ပါသည်။

**➡ ဟောပြောချက်၊ မာကု၊ ၁၀း၂၃–၃၁**

**ကုလားအုပ်သည် အပ်နဖားကိုမလျှိုနိုင်ပါ။**

📖 မာကု၊ ၁၀း၂၃–၂၇

မာကု၊ ၁၀း၂၅ ပြောသောအချက်ကို သင်သဘောတူပါသလား။

သခင်ယေရှု ပြောပြချက်မှာ အလွန်မှန်ပါသည်။ အဘယ်ကြောင့်ဆိုသော် ချမ်းသာသောသူသည် ကယ်တင်ခြင်းခံရရန် မဖြစ်နိုင်ခြင်းကြောင့် ဖြစ်သည်။ မာကု၊ ၁၀း၂၇ တွင် ဖော်ပြထားသော သူဌေးအကြောင်းကို ပြန်ကြည့်ပါ။

မာကု၊ ၁၀း၂၂ ရှိ သူဌေးကို ပြန်၍သတိရပါ။ ထိုလူက ဘုရားသခင်ထက် သူ့ကိုယ်သူ ပိုချစ်ပါသည်။ သူ၏ငွေကြေးများကိုလည်း ဘုရားထက် ပိုချစ်ပါသည်။

• သင်၏တရားနာပရိသတ်သည် ဘုရားထက် မည်သည့်အရာများကို ပိုချစ်ပါသနည်း။ကယ်တင်ခြင်းရရန် ထိုအရာများကို ရပ်တန့်ဖို့ လိုကြောင်း သွန်သင်ပါ။

*(သင့်ဖက်က သွန်သင်ပြီးသကဲ့သို့ မာကု၊ ၁၀း၂၇ကိုလည်း သတိရပါ။ ထိုသူများ ပြောင်းလဲရန် ဘုရားသခင်ထံတွင် တောင်းလျှောက်ပါ)။*

**သခင်ယေရှု နောက်တော်လိုက်မည့်သူက နောက်ကျသောသူဖြစ်ရန် လိုပါသည်။**

📖 မာကု၊ ၁၀း၂၈–၃၁

📖 မာကု၊ ၁၀း၂၆ ထဲတွင် တပည့်တော်များက ''ဒီအတိုင်းသာဆိုရင် မည်သူက ကယ်တင်ခြင်းရမည်နည်း''ဟု မေးခွန်းထုတ်ခဲ့ကြပါသည်။ အဖြေတစ်ခုတော့ ရှိပါသည်။ မိမိကိုယ်ကို ကောင်းမြတ်သည်ဟု မထင်သောသူ၊ အရေးပါသူဟု မခံယူသောသူများ ဖြစ်ပါသည်။

• ပေတရုက ကောင်းကင်နိုင်ငံတော်သည် သူနှင့်ထိုက်တန်သည်ဟု စဉ်းစားခဲ့ပါသလား (မာကု၊ ၁၀း၂၈)။ ပေတရုက သခင်ယေရှု နောက်လိုက်ခဲ့လို့ ကောင်းကင် နိုင်ငံတော်မှာ နေရာပေးခြင်းမခံရပါ။ ကျမ်းစာထဲမှ သူဌေးများ တွေးသကဲ့သို့ သူမတွေးခဲ့ပါ။

📖 မာကု၊ ၁၀း၃၁။

≫ *သခင်ယေရှုအတွက် အကောင်းတကာ့ အကောင်းဆုံးများ သင်လုပ်ပေးနိုင်ပြီဟု ယူဆနေပါသလား။ ထိုအရာများ လုပ်နိုင်ခဲ့သည့်အတွက် သခင်ယေရှု၏ အတော်ဆုံး လူတွေထဲက တစ်ယောက်ဖြစ်နေ ပါသည်။ ထိုမျှနှင့် မပြီးသေးပါ။ မည်သို့သော လူမျိုးများကို သခင်ယေရှုက ထိပ်ဆုံးမှာ ထားခဲ့ပါသလဲ(မာကု၊ ၁၀း၃၁)။*

• တပည့်တော်များက သခင်ယေရှုနောက် လိုက်သောအခါ ကောင်းသော ပေးဆပ်မှုများပြုခဲ့ပါသလား။ 📖 မာကု၊ ၁၀း၂၈ ကိုဖတ်ပါ။

📖 မာကု၊ ၁၀း၂၉၊၃၀ တပည့်တော်တို့သည် ရှိသမျှကို စွန့်လွှတ်ပြီး နောက်တော်သို့ လိုက်ခဲ့ကြပါသည်။ ယခုလို ယေရှု နောက်တော်သို့ ယုံယုံကြည်ကြည် လိုက်ခဲ့ကြသူများကို ကိုယ်တော်က ကြည့်ရှု စောင်မပါလိမ့်မည်။ တကယ်တော့ ကျွန်ုပ်တို့၏ ပေးဆပ်မှုများက ဘာမျှမဟုတ်ပါ။ သို့သော် ကိုယ်တော်က ကျေနပ်ပါသည်။

≫ *ခရစ်ယာန်များကို အားပေးလိုက်ပါ။ ကျွန်ုပ်တို့သည် ဒုက္ခအခက်အခဲများနှင့် တွေ့ကြုံရမည်ဟု ကတိတော်ရှိပါသည်(မာကု၊ ၁၀း၃၀)။ သို့သော် သခင် ယေရှုက စောင့်မကြည့်ရှုမည် အကြောင်းလည်း ကတိတော်ထားခဲ့ပါသည်။ သူတို့ ဆုံးရှုံးသွားသည်ထက် ပိုပြီး ကောင်းချီးခံစားရပါမည်။*

ခရစ်ယာန်များသည် ချမ်းသာကြွယ်ဝလိမ့်မည်။ သက်တောင့်သက်သာ နေရလိမ့်မည်ဟု မဆိုလိုပါ။ အိမ်ကလေးတစ်လုံးတောင် မပိုင်သော သခင်ယေရှု နောက်ကို ကျွန်ုပ်တို့ လိုက်ခဲ့ကြပါသည်။ *(သင်၏ ပရိသတ်များကို အထက်က ပြောပြခဲ့သော မှတ်သားရန်များကို နားလည်အောင် ထပ်ပြောပြပါ)*။ ဘာမှ မရှိသူက ကျွန်ုပ်တို့ကိုပေးခဲ့သော ကောင်းချီး မင်္ဂလာများကို စဉ်းစားကြည့်ပါ။ ထို့နောက် ကျေးဇူးတော်ကို ချီးမွမ်းပါ။

# ၄၂ သခင်ယေရှု အဘယ်ကြောင့် ကြွဆင်းလာသနည်း။

## နောက်ခံသမိုင်း

သခင်ယေရှုသည် အသေခံရန် မကြာခင် ယေရုရှလင်မြို့သို့ ကြွတော်မူမည်။ 📖 မာကု၊၁၀း၃၂–၃၄။

တပည့်တော်များက အုပ်စိုးခြင်းကိုပြုရန် အလို့ငှါ ယေရုရှလင်မြို့သို့ ဝင်ရောက်ခြင်း ဖြစ်မည်ဟု တွေးထင်နေဆဲပင် ဖြစ်သည်။ သူတို့သည် အရေးပါအရာရောက်သောသူ ဖြစ်လာကြမည်ဟု မျှော်မှန်းထားကြသည်။ သခင်ယေရှု၏ နိုင်ငံတော်တွင် သူတို့သည် အုပ်စိုးအုပ်ချုပ်သူ အကြီးအကဲများ ဖြစ်လာမည်ဟု တွေးထင်ထားကြသည်။

တစ်ကြိမ်ထက်မက သခင်ယေရှုက သူတို့အား အမှန်တရားများကို ပြောခဲ့ပါသည်။ ယေရှုက သူတို့သည် သူနှင့်တူရန် လိုအပ်ကြောင်း ပြောခဲ့သည်။ နောက်ဆုံးသော လူသားအဖြစ် အဆင်သင့်ဖြစ်ရန်လိုပြီး ထိပ်ဆုံးမှ လူ မဖြစ်သင့်ပါ။

📖 မာကု၊၁၀း၃၁။ သူတို့သည်အုပ်ချုပ်သူ အနေနှင့်မဟုတ်ဘဲ အစေခံသူအနေဖြင့် အဆင်သင့်ဖြစ်နေရန်လိုအပ်သည်။ 📖 မာကု၊၁၀း၃၅–၄၅။

## အဓိကအချက်

သခင်ယေရှုသည် သူ၏လူများအတွက် အသေခံရန်၊ အစေခံရန် ကြွဆင်းလာခြင်းဖြစ်သည်။ ထို့ကြောင့် သူတို့သည် လိုလိုလားလား အစေခံသင့်ပါသည်။

## လုပ်ဆောင်ရန်

ဤကျမ်းပိုဒ်ထဲ၌ တန်ခိုးကြီးသော သတင်းစကားနှစ်ခုပါရှိပါသည်။ ထူးဆန်းအံ့သြဖွယ်သော သခင်ယေရှုကို ကျွန်ုပ်တို့ဖော်ပြလိုသည်။ သို့မှသာ သူ့အားလူများက ယုံကြည်အားကိုးချစ်ခင်ကြမည်။ ၎င်းအပြင် ခရစ်ယာန်များက သခင်ယေရှုကဲ့သို့ အစေခံရန် လေ့လာသင်ယူရန် ကျွန်ုပ်တို့အလိုရှိကြသည်။

## မှတ်သားရန်

- မာကု၊၁၀း၃၈။ "သောက်သောခွက်"၊ "ဗတ္တိဇံ"။ ဤစကားလုံးများကို သခင်ယေရှု သုံးနှုန်းရခြင်းမှာ သူ၏ အသေခံခြင်းနှင့်ပတ်သက်၍ ပြောပြလိုခြင်းဖြစ်သည်။ ဘုရားသခင်၏ အမျက်တော်၊ ကြောက်စရာကောင်းသော ခွက်ကို သူသောက်လိမ့်မည်။ ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် ဆိုင်သည့် မုန်တိုင်းများကြား၌ သူသည် ဗတ္တိဇံကိုခံယူလိမ့်မည်။
- မာကု၊၁၀း၃၉–၄၀။ တပည့်တော်များက မှားယွင်းသောအဖြေကို ပေးကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် သခင်ယေရှုကဲ့သို့ ဒုက္ခဝေဒနာများကို ခံစားနိုင်မည် မဟုတ်ပါ။ သို့သော် သခင်ယေရှုက သူတို့သည် ဒုက္ခဝေဒနာများကို ခံစားရဦးမည်အကြောင်း သတိပေးထားပါသည်။ သခင်ယေရှုက သူတို့အားအကောင်းဆုံးသော နေရာရရန် ကတိမပေးထားဘဲ နာကျင်မှုများကို ကြုံဆုံရမည့်အကြောင်း ကတိပေးထားပါသည်။
- မာကု၊၁၀း၄၅။ သခင်ယေရှုက အဘယ်ကြောင့် သူ ကြွဆင်းလာရသည်ကို ရှင်မာကုကျမ်းထဲ၌ တတိယအကြိမ် ဖော်ပြထားခြင်းဖြစ်သည်။ သူသည် ဧဝံဂေလိတရားကို ဟောပြောဝေငှရန် ကြွလာခြင်းဖြစ်သည်။ (မာကု၊၁း၃၈) သူသည် အပြစ်သားများကို ခေါ်ဆောင်ခြင်းငှာ ကြွလာခြင်းဖြစ်သည်။ (မာကု၊၂း၁၇) ယခုတစ်ဖန် သခင်ယေရှုက အစေခံရန်နှင့် အသေခံရန် ကြွလာခြင်းဖြစ်ကြောင်း ပြောခဲ့သည်။
- မာကု၊၁၀း၄၅။ 'ငွေပေး၍ရွေးယူခြင်း' သို့မဟုတ် 'ကယ်တင်ခြင်း'။ သင်သည် ကျွန်တစ်ယောက် လွတ်မြောက်ရန် ငွေပေး၍ ရွေးယူသည်။ သခင်ယေရှုသည် အပြစ်သားများ လွတ်မြောက်ရန် မိမိကိုယ်၏ သွေးတော်ဖြင့် ပေးဆပ်ခဲ့သည်။

## ➔ ဟောပြောချက်၊ မာကု ၁၀း၃၂-၄၅

## သခင်ယေရှုအသေခံရန် ကြွဆင်းလာခြင်း

📖 မာကု၊ ၁၀း၃၂-၃၄၊၄၅။

မာကု၊ ၁၀း၃၂ ကို စဉ်းစားဆင်ခြင်ပါ။ သခင်ယေရှုက ရှေ့မှဦးဆောင်၍ လျှောက်သွားသည်။ ယေရုရှလင်မြို့တွင် ဖြစ်ပျက်မည့်အရာများကို သခင်ယေရှု သိနေသည်။ သူသည် အသင့်ဖြစ်နေသည်။ တပည့်တော်များက ယေရှု၏နောက်တွင် ရှိနေသည်။ သူတို့သည်ကြောက်ရွံ့နေကြပြီး ယေရုရှလင်မြို့သို့ မသွားလိုကြပါ။

ထို့ကြောင့် သခင်ယေရှုက ခေတ္တရပ်နားပြီး တပည့်တော်တို့ကို စကားပြောတော်မူ၏။ သူသည် အသေခံရန် ကြွဆင်းလာကြောင်း သူတို့အား သိစေလိုသည်။ လူသားများက သခင်ယေရှုကို သတ်ကြသော်လည်း သူတို့၏ အမှားမဟုတ်။ ၎င်းအရာအားလုံးသည် ဘုရားသခင်၏ အကြံအစည်တော်ဖြစ်သည်။ သခင်ယေရှုသည် သူရဲကောင်းတစ်ဦး အနေနှင့် အသေခံရမည်မဟုတ်။ လူဆိုးတစ်ယောက်ကဲ့သို့ အသေခံရလိမ့်မည်။

≫ *သခင်ယေရှုက လူသားများသည် သူ့အား တံတွေးနှင့် ထွေးကြမည်ကို သိနိုင်တော်မူသည်။ သူတို့သည် သူ့အား လှောင်ပြောင်၊ ဆဲဆို ကြိမ်းမောင်းကြလိမ့်မည်ကို သိသည်။ ထိုသို့ဖြစ်လင့်ကစား သခင်ယေရှုသည် ကားတိုင်လမ်းကို ရွေးရန် ဝန်ခံခဲ့သည်။ အဘယ်ကြောင့်နည်းဟူမူကား ကားတိုင်သည် ကျွန်ုပ်တို့အား ကယ်တင်ရန် တစ်ခုတည်း သောနည်းလမ်းပင် ဖြစ်သည်။ သခင်ယေရှုသည် ကားတိုင်တော်ကို လက်ခံခဲ့သောကြောင့် သင်သည် သခင်ယေရှုကို ချစ်ပါသလား။ သင်ကိုယ်တိုင် ကားတိုင်တော်ကို လက်ခံပါသလား။ ခက်ခဲကြမ်းတမ်းသော အချိန်မှာပင်လျှင် ချစ်မြတ်နိုးဖွယ်ကောင်းသော သခင်ယေရှု၏ နောက်တော်သို့ သင် လိုက်နိုင်မည်လား။*

## သခင်ယေရှုသည် အစေခံရန် ကြွဆင်းလာခြင်း

📖 မာကု၊ ၁၀း၄၅

ဘုရင်များသည် အစေခံခြင်းကို ပြုဖူးကြပါသလား။ ဘုရင်များသည် မြင့်မြတ်သော ပလ္လင်တော်ပေါ်တွင်သာ ထိုင်နေကြသည်။ ဘုရင်များသည် လူများက သူတို့အား ခစားအစေခံရန် ပြောကြသည်။

ထို့ကြောင့် ယာကုပ်နှင့်ယောဟန်က ဤကဲ့သို့ စိတ်ကူးရခြင်းဖြစ်သည်။ သခင်ယေရှုသည် ဘုရင်ဖြစ်ပြီး သူတို့က လက်ဝဲ၊ လက်ယာဘက်၌ ထိုင်လိုခြင်းဖြစ်သည်။ သူတို့သည် အခြားသူများအပေါ် လွှမ်းမိုးအုပ်စိုးလိုကြသည်။ (မာကု၊ ၁၀း၃၅-၄၁)။

သို့သော် ဤဘုရင်မှာ တမူထူးခြားသည်။ ရှင်ဘုရင်ယေရှုသည် အစေခံခြင်းငှါ ကြွဆင်းလာသည်။ သူ၏ကိုယ်ကျိုးအတွက်မဟုတ်ဘဲ သူတစ်ပါးအတွက် ဆင်းသက်လာခြင်း ဖြစ်သည်။ သူတို့အတွက် အသက်ပေးရန် ကြွဆင်းလာခြင်း ဖြစ်သည်။ ထို့ကြောင့် သခင်ယေရှုက သူ၏တပည့်တော်များအား သင်ခန်းစာ ပေးရန် ရှိနေပါသည်။ 📖 မာကု၊ ၁၀း၄၂-၄၅။

သခင်ယေရှုသည် ကြည်ညိုလေးစားခြင်းကို ခံယူရန် မဟုတ်ဘဲ နာကျင်ခြင်းဝေဒနာကိုခံစားရန် ဆင်းကြွလာခြင်း ဖြစ်သည်။ သခင်ယေရှုက အခြွေအရံများ ထားရှိရန် မဟုတ်ဘဲ အစေခံရန် ကြွလာသည်။ သူ၏တပည့်တော်များသည် သခင်ယေရှုနှင့်တူရန် လိုလိုလားလား ဆန္ဒရှိပါသလား။

≫ *ကျွန်ုပ်တို့သည် အရေးပါသောသူများဖြစ်ရန် သခင်ယေရှု အလိုမရှိပါ။ ကျွန်ုပ်တို့သည် အခြားသူများအား အစေခံရန် သူအလိုရှိသည်။ ကျွန်ုပ်တို့သည် အခြားသူများ၏ အပေါ်စီးမှ နေရန် သူအလိုမရှိပါ။ ကျွန်ုပ်တို့သည် သူတို့၏ အောက်မှာနေရန် အလိုရှိသည်။ သခင်ယေရှုသည် သင့်အား အစေခံသောကြောင့် သူ့ကို သင်ချစ်ပါသလား။ သင်သည်လည်း အစေခံတစ်ယောက် ဖြစ်လိုပါသလား။ ဤသဘောတရားများသည် သင်၏ အသက်တာ၌ မည်သို့ ပေါ်လွင်နေပါသနည်း။*

## သခင်ယေရှုသည် ပေးဆပ်ရန် ကြွဆင်းလာခြင်း

📖 မာကု၊ ၁၀း၄၅

ကျွန်ုပ်တို့ကဲ့သို့သော လူများအတွက် သူ၏ အသက်ကိုပေးရန် သခင်ယေရှု ကြွဆင်းလာခဲ့ပါသည်။ သူ၏လူများ လွတ်မြောက်ရန် အဖိုးအခ ပေးဆပ်ခဲ့သည်။ သူအသေခံခြင်းကြောင့် ကျွန်ုပ်တို့ အသက်ရှင်ခွင့် ရကြသည်။ သူသည် များစွာ ပေးဆပ်ခဲ့သောကြောင့် သင်သည် သခင်ယေရှုကို ချစ်ပါသလား။ သူ၏အခမဲ့ ဆုကျေးဇူးများကို သင် လက်ခံရယူပြီးမည်လော။ သူ၏ ချစ်ခြင်းမေတ္တာ၊ ခွင့်လွှတ်ခြင်းများနှင့် အသက်ကို သင် လက်ခံ ရယူပြီးမည်လား။

[?] လေ့လာချက်၊ မာကု၊၁၀း၄၆-၅၂

# ၄၃ သခင်ယေရှုသည် ကန်းသောသူကို မြင်စေခြင်း

## နောက်ခံသမိုင်း

မာကု၊၈-၁၀ ထဲတွင် သခင်ယေရှုက တပည့်တော်များအား သင်ကြားပို့ချမှု ပြုခဲ့သည်။ သူ အသေခံရမည့်အကြောင်းကို သူတို့အားနားလည်စေလိုပါသည်။ သူတို့သည် အရေးပါသောသူများ ဖြစ်လိုသည့် ဆန္ဒမရှိသင့်ပါ။ သခင်ယေရှုသည် ဒုက္ခဝေဒနာကို ခံစားရမည်ဖြစ်သောကြောင့် သူတို့လည်း ဒုက္ခဝေဒနာကို ခံစားလိုသည့်ဆန္ဒ ရှိသင့်သည်။

ထို့ကြောင့် ရှင်မာကုက ကျွန်ုပ်တို့အား ဤအကြောင်းအရာကို ယခုပြောပြနေခြင်းဖြစ်သည်။

📖 မာကု၊၁၀း၄၆-၅၂။

မျက်စိကန်းနေသောသူသည် တပည့်တော်များအား အရေးကြီးသောသင်ခန်းစာကို သင်ပြပေးနေပါသည်။ သို့သော်လည်း သခင်ယေရှု အဘယ်ကြောင့် ကြွဆင်းလာသည်ကို တပည့်တော်များက မသိမမြင် ကြသေးချေ။ မျက်စိကန်းနေသော သူက သူတို့ထက် ပို၍ သိမြင်နေသည်။ တပည့်တော်များကဲ့သို့ သူသည် အရေးပါအရာရောက်သောသူ မဖြစ်လိုပါ။ သခင် ယေရှုက သူ့အားချစ်ခြင်းမေတ္တာကို ဖော်ပြရန်သာ အလိုရှိသည်။ ဤအကြောင်းကို စဉ်းစားဆင်ခြင် ကြည့်ပါ။ 📖 မာကု၊၁၀း၁၈၊၂၃။

## အဓိကအချက်

သခင်ယေရှုသည် ပေးဆပ်ရန် ကြွဆင်းလာသည်။ ထိုပေးဆပ်ခြင်းကို ကျွန်ုပ်တို့လက်ခံယူရမည်လော။

## လုပ်ဆောင်ရန်

ဤဟောပြောချက်သည် ခရစ်ယာန် မဟုတ်သောသူများအတွက်လည်း ကောင်းသောအချက် ဖြစ်သည်။ လူတိုင်းသူတို့၏မိတ်ဆွေ သူငယ်ချင်းများကို ဖိတ်ခေါ်ရန်ပြောပြပါ။

ခရစ်ယာန်ကောင်းတစ်ယောက် ဖြစ်ရန် ကျွန်ုပ်တို့သည် တစ်စုံတစ်ခု လုပ်ချင်ကြကြောင်းကို သတိရပါ။ ကျွန်ုပ်တို့သည် သခင်ယေရှုထံမှသာ တစ်စုံတစ်ခုကို တောင်းလျှောက်နိုင်ကြောင်း လူများ သိမြင်လာရန် ကူညီပေးပါ။ လွယ်လွယ်လေး ပြောပြနိုင်အောင် ကြိုးစားပါ။ သို့မှသာ လူတိုင်း နားလည်နိုင်ကြလိမ့်မည်။

## မှတ်သားရန်

- မာကု၊၁၀း၄၆။ မျက်စိမမြင်သောသူသည် အလုပ် မလုပ်နိုင်သောကြောင့် လမ်းဘေးတွင်ထိုင်၍ ပိုက်ဆံ ရရန် တောင်းရမ်းစားသောက်လျက် ရှိပါသည်။ သို့သော် ဗာတိမဲက သခင်ယေရှုသည် ငွေကြေး သက်သာ၍ ကောင်းသောအရာ သူ့အားပေးနိုင်သည်ကို သိနှင့်ပါသည်။
- မာကု၊၁၀း၄၇။ ဗာတိမဲက သခင်ယေရှုအား "ဒါဝိဒ်၏သားတော်" ဟုခေါ်ဝေါ်ခဲ့သည်။ သခင်ယေရှုသည် ဘုရားသခင် စေလွှတ်တော်မူသော ဘုရင် (မေရှိယ) ဖြစ်ကြောင်းကို သူနားလည်သဘောပေါက်သည်။ သူသည် ကြီးစွာသော လိုအပ်ချက်ရှိနေပြီး သခင်ယေရှုထံတွင် ကြီးစွာသော ချစ်ခြင်းမေတ္တာ ရှိနေသောကြောင့် သခင်ယေရှုက သူ့အားသနားခြင်း ဂရုဏာ သက်ရောက်စေရန် တောင်းလျှောက်နေခြင်း ဖြစ်သည်။

**ဟောပြောချက်၊ မာကု၊၁၀း၄၆–၅၂**

### ဆင်းရဲနွမ်းပါးသော မျက်မမြင်က တောင်းလျှောက်ခြင်း

မာကု၊၁၀း၄၆–၅၀

သင်၌ အလွန်လိုအပ်သောအရာ တစ်စုံတစ်ခုရှိပါက သင်သည် မည်သူ့အား တောင်းလျှောက်သနည်း။ သင့်အား ကြင်နာသနားပြီး နားထောင်ပေးမည့် သူကိုသာ သင် တောင်းလျှောက်ပေလိမ့် မည်။ သင် လိုအပ်သည့် အရာကို ပေးနိုင်မည့်သူ တစ်စုံတစ်ယောက်ထံတွင်သာ သင် တောင်းလျှောက်မည်ဖြစ်သည်။

သခင်ယေရှုသည် ဖြောင့်မတ်မှန်ကန်သူ တစ်ဦးဖြစ်သည်ကို ဗာတိမဲ သိနေသည်။ သခင်ယေရှုသည် ရှင်ဘုရင် ဖြစ်ကြောင်းကို သူယုံကြည်ခဲ့သည်။ သခင်ယေရှုသည် ကန်းနေသောသူ၏ မျက်စိကို မြင်စေနိုင်ကြောင်း သူယုံကြည်ခဲ့သည်။ သခင်ယေရှုသည် နားထောင်နေသည် ဟု သူယုံကြည်ခဲ့သည်။ ထို့ကြောင့် သူအော်ဟစ်ခဲ့သည်။ ထို့နောက် သခင်ယေရှု သူ့အား အဖြေပေးသည့်တိုင်အောင် သူသည် တိတ်ဆိတ်စွာ မနေခဲ့ပါ။

သခင်ယေရှုသည် ပေးဆပ်ရန်ကြွဆင်းလာခဲ့သည်။ မာကု၊၁၀း၄၅။ သင်နှင့်ကျွန်ုပ်ကဲ့သို့သော လူသားများအတွက် သခင်ယေရှုသည် သူ၏အသက်ကို ပေးရန် ကြွဆင်းလာခဲ့သည်။ သခင်ယေရှုက သူ၏ချစ်ခြင်း မေတ္တာနှင့် ခွင့်လွှတ်ခြင်းတရားကို ကျွန်ုပ်တို့အား ပေးရန် ကြွဆင်းလာခြင်းဖြစ်သည်။ ကျွန်ုပ်တို့ အပြစ်သားများအတွက် အဖိုးအခပေးရန် ကြွဆင်းလာခြင်း ဖြစ်သည်။ (သခင်ယေရှုသည် မည်သူဖြစ်ကြောင်းကို သေချာစွာ ရှင်းပြပါ။ သူသည် ကားတိုင်ပေါ်တွင် အဘယ်ကြောင့် အသေခံရသည်ကို လူများအား ပြောပြပါ။)

*သခင်ယေရှုက ပေးဆပ်ရန် ကြွဆင်းလာသည် ဆိုပါက ကျွန်ုပ်တို့သည် ဘာလုပ်ဆောင်ရမည်နည်း။ မေးကြည့်ပါ။ ကျွန်ုပ်တို့သည် မျက်မမြင်နှင့်တူရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် သခင်ယေရှုအား အလွန် တောင့်တရန် လိုအပ်သည်။ သခင်ယေရှုက ကျွန်ုပ်တို့ကို ပြန်လည်ဖြေကြားသည့်တိုင်အောင် ကျွန်ုပ်တို့ အော်ဟစ်တောင်းလျှောက်ရန် လိုအပ်သည်။ သခင်ယေရှုသည် သူ၏သနားခြင်းကရုဏာတော်ကို ကျွန်ုပ်တို့အား ပြသရန် တောင်းလျှောက်ရန် လိုအပ်သည်။*

### ဆင်းရဲနွမ်းပါးသော မျက်မမြင်က လက်ခံရရှိခြင်း

မာကု၊၁၀း၅၁–၅၂

ဗာတိမဲက ဖြောင့်မတ်မှန်ကန်သောသူထံမှ တောင်းလျှောက် ခဲ့ပါသည်။ သခင်ယေရှုက သူ့အား တိတ်ဆိတ်စွာနေရန် မပြောခဲ့ပါ။ သခင်ယေရှုက "ဆင်းရဲသော၊ ညစ်ပတ်သော၊ မျက်စိကန်းသောသူကို စိတ်မဝင်စားပါ" ဟု မပြောခဲ့ပါ။ သခင်ယေရှုက သူ့အား မေးမြန်းခဲ့ပါသည်။

"သင်၌အဘယ်သို့ ပြုစေလိုသနည်း"။

သခင်ယေရှုက သူ့အား ယုံကြည်ကိုးစားသောသူများကို ဘယ်တော့မှ စိတ်မပျက်စေခဲ့ပါ။ မျက်စိကန်းသောသူ မြင်လာပြီ။ ထို့နောက်သူ ဘာဆက်လုပ်သနည်း။

မာကု၊၁၀း၅၂။

*သခင်ယေရှုကို သင်အသက်တာ၌ မည်ကဲ့သို့ ပြုစေလို သနည်း။ သခင်ယေရှုသည် ကျွန်ုပ်တို့၏ အနာရောဂါများကို ငြိမ်းစေသောကြောင့် ဖြစ်သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့အတွက် ပို၍ အရေးကြီးသောအရာများကို ပေးရန် လာခဲ့ခြင်းဖြစ်သည်။ ကားတိုင်ပေါ်တွင် အသက်ပေးရန် သခင်ယေရှု ဆင်းကြွ လာခဲ့သည်။ သူ၏ အခမဲ့ခွင့်လွှတ်ခြင်းတည်းဟူသော ဆုကျေးဇူးကို သင်လက်ခံရယူလိုပါသလား။ ထို့နောက် မျက်မမြင်ကဲ့သို့ သခင်ယေရှု၏ နောက်တော်သို့ လိုက်ရန် အသင့်ဖြစ်ပြီလား။ မျက်မမြင်ကဲ့သို့ လက်ခံရယူရန် တောင်းလျှောက်ပါ။*

*မဿဲ၊၇း၇–၈။*

*မာကု၊၁၀း၃၆–၃၇။ သင်ပြောပြချင်ပါလိမ့်မည်။ ထိုအချိန်က ယာကုပ်နှင့်ယောဟန်တို့ တောင်းလျှောက်သောအရာကို သခင်ယေရှု မပေးခဲ့ပါ။ မည်ကဲ့သို့သော မှားယွင်းသည့်အရာကို တောင်းလျှောက်ခဲ့ခြင်း ဖြစ်ပါသနည်း။*

# ၄၄ ရှင်ဘုရင်ကြွဆင်းလာခြင်း

## နောက်ခံသမိုင်း

ရှင်မာကုခရစ်ဝင်ကျမ်း တစ်ဝက်လောက်၌ အဘယ်ကြောင့် သခင်ယေရှု ကြွဆင်းလာသည့် အကြောင်း ကို ဖော်ပြထားပါသနည်း။ မာကု၊၈-၁၀တွင် သခင်ယေရှုက တပည့်တော်များအား ဤအကြောင်း အရာများစွာကို ပြောခဲ့သည်။ သူသည် အသေခံရန် ကြွဆင်းလာကြောင်း သူတို့အား ပြောခဲ့သည်။

ယခု လက်တွေ့လုပ်ဆောင်မည့်အချိန် ရောက်လေပြီ။ မာကု၊၁၁ထဲ၌ သခင်ယေရှုသည် ကားတိုင်ပေါ်တွင် အသေသတ်ခြင်းမခံရမီ တစ်ပတ်အလို၌ ယေရုရှလင် မြို့ထဲသို့ ကြွဝင်တော်မူသည်။ လူများက သူ့အား ဘုရင်အဖြစ် ယုံကြည်နိုင်ရန် နောက်ဆုံးသော အခွင့်အရေး တစ်ခုသာ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ သူ့အား ငြင်းဆို၍ သတ်မည်ဖြစ်သည်။

မာကု၊၁၁ ထဲတွင် လူများက သခင်ယေရှုအား ကြိုဆိုကြသည်။ သူသည် ဘုရင်တစ်ပါးဖြစ်ပြီး ဘုရားသခင်က ကတိပေးထားသောသူ ဖြစ်သည်။ သူတို့ အလွန် စိတ်လှုပ်ရှားနေကြသည်။ သူတို့က အချိန်ကာလ ကျရောက်လာပြီ ဖြစ်ကြောင်း ယူဆကြသည်။ နောက်ဆုံး၌ ယေရုရှလင် မြို့၌ ဘုရင်တစ်ပါး ပေါ်လာဦးမည်။

📖 မာကု၊၁၁း၁-၁၁။

## အဓိကအချက်

သခင်ယေရှုသည် ရှင်ဘုရင်ဖြစ်တော်မူ၏။ သို့သော် သူသည် ကျွန်ုပ်တို့ အလိုရှိသော ရှင်ဘုရင်မျိုး ဖြစ်ပါသလား။

## လုပ်ဆောင်ရန်

သခင်ယေရှုကို ကြိုဆိုသောလူအုပ်နှင့် တူရန် လွယ်ကူလှသည်။ သခင်ယေရှုအား ချီးမွမ်း ထောမနာပြုရန် လွယ်ကူလှပြီး ကျွန်ုပ်တို့သည် ခရစ်ယာန်များ ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုနိုင်သည်။ မည်သို့ပင်ဖြစ်စေ လူအများစုက သခင်ယေရှုအား သူတို့၏ ရှင်ဘုရင်အဖြစ် အမှန်တကယ် လက်မခံလိုကြပေ။ သူတို့က သူ့ရဲ့ကောင်းကိုသာ အလိုရှိ ကြပြီး ကယ်တင်ရှင်ကို အလိုမရှိကြပါ။ သူတို့အား ကူညီနိုင်မည့်သူ တစ်စုံတစ်ယောက်ကို လိုအပ်နေသော်လည်း အစေခံသောဘုရင်ကို အလိုမရှိကြပါ။ သူတို့သည် ကောင်းစွာ နေလိုကြသည်။ လူများက သူတို့အား မုန်းမည်ကို မလိုလားပေ။ မြည်းကလေးကို စီးပြီး ကားတိုင်တော်သို့ သွားနေသောရှင်ဘုရင်ကို သူတို့ မလိုချင်ကြပါ။

## မှတ်သားရန်

– မာကု၊၁၁း၂။ ''မြည်း'' ဆိုသည်မှာ မြင်းငယ်ကလေး ဖြစ်ပါသည်။ မြည်းသည် မြင်းထက် ငယ်ပါသည်။ သာမန်လူသားများက မြည်းစီးလေ့စီးထ ရှိပါသည်။ သို့သော် ဘုရင်သာ မြင်းကိုစီးလေ့ ရှိပါသည်။ သခင်ယေရှုသည် ထူးခြားသော ဘုရင်တစ်ပါး ဖြစ်သည်။ သူသည် မြင်းပေါ်က ဘုရင်တစ်ပါး ဖြစ်သည်။ သူသည် ငြိမ်းချမ်းရေး ကို ယူဆောင်လာသော နှိမ့်ချသောဘုရင် တစ်ပါး ဖြစ်သည်။ သူသည် ဘုရားသခင် စေလွှတ်တော်မူမည်ဟု ပြောထားသော ဘုရင်ဖြစ်သည်။ 📖 ဇာခရိ၊၉း၉-၁၀။

• မာကု၊၁၁း၈။ သခင်ယေရှုကို သူတို့၏ ဘုရင် အဖြစ် လက်ခံကြိုဆိုရန် ဤကဲ့သို့ ပြုခြင်းဖြစ်သည်။

• မာကု၊၁၁း၉၊၁၀။ ''ဟောရှဏ္ဏာ''၏ အဓိပ္ပာယ်မှာ ''ကယ်တင်ခြင်း'' သို့မဟုတ် ''ကျေးဇူးတော်ချီးမွမ်းခြင်း '' ဖြစ်သည်။ လူများက ဆာလံကျမ်းထဲရှိ ဝေါဟာရဖြစ်သော ''ဘုရားသခင်၏မေရှိယ'' (ဘုရင်)ကို အသုံးပြုထား ကြသည်။ 📖 ဆာလံ၊ ၁၁၈း၂၅၊၂၆။ သခင်ယေရှုသည် ဘုရားရှင် စေလွှတ်သော ဘုရင်တစ်ပါးဖြစ်သည်ကို သူတို့ သိကြသည်။ သူတို့သည် ဘုရားသခင်အား ချီးမွမ်းကြသည်။ ဘုရင်သည် ကြွဆင်းလာပြီး သူတို့အား ကယ်တင်ရန် အလိုရှိကြသည်။

## ၁၁၁ တောပြောချက်၊ မာကု၊၁၁း၁-၁၁

### ဘုရင်က မြည်းကလေးကို အလိုရှိခြင်း

📖 မာကု၊၁၁း၁-၆

သခင်ယေရှုအတွက် မြည်း လိုအပ်သည်။ ယေရုရှလင် မြို့ထဲသို့ စီးကြွရန်ဖြစ်သည်။ သူသည် ဘုရားသခင် စေလွှတ်တော်မူသော ဘုရင်ဖြစ်ကြောင်း လူများက ပြောရန် သူအလိုရှိသည်။ ယခုထက်တိုင် သခင်ယေရှုက လူစုကြီးကို ဆွဲဆောင်ရန်အလိုမရှိပါ။ ယခုအချိန်သည် သခင်ယေရှု မည်သူ ဖြစ်ကြောင်းကို လူများအား ပြောမည့်အချိန် ဖြစ်သည်။ လူအများစုက ယေရုရှလင်မြို့သို့ သွားနေကြသည်။ အဘယ်ကြောင့် ဆိုသော် ပသခါပွဲတည်းဟူသော အထူး အချိန်ကာလဖြစ်သောကြောင့် ဖြစ်သည်။ သူတို့က သခင်ယေရှုကို ဘုရင်အဖြစ် ကြိုဆိုလက်ခံကြလိမ့်မည်။

ထို့ကြောင့် သခင်ယေရှုက စီးနင်းသွားရန် မြည်းကို အလိုရှိခြင်းဖြစ်သည်။ သူသည် မြင်းကို အလိုမရှိပါ။ သူသည် မြည်းငယ်လေးတစ်ကောင်ကို လိုချင်ပါသည်။ ဓမ္မဟောင်းကျမ်းထဲ၌ ပရောဖက်ဇာခရိက ဘုရားသခင် စေလွှတ်တော်မူသော ရှင်ဘုရင်သည် မြည်းကိုစီး၍ ကြွလာမည့်အကြောင်း ပြောထားသည်။ ဘုရားသခင် စေလွှတ်သောရှင်ဘုရင်သည် နှိမ့်ချသော ရှင်ဘုရင်ဖြစ်သည်။ သူသည် စစ်ဖြစ်ရန် မဟုတ်။ ငြိမ်းချမ်းခြင်းကို ယူဆောင်ရန် ကြွဆင်းလာခြင်းဖြစ်သည်။ ဘုရင်က မြည်းကိုအလိုရှိသည်။ ဘုရင်က မြည်းကို ရှာတွေ့ နိုင်သည့်နေရာကို သိနေကြောင်း သတိပြုမိပါစေ။ ထို့နောက် ရှင်ဘုရင်က တပည့်တော်များအား မြည်းကို ယူဆောင်လာရန် ပြောပိုင်ခွင့်ရှိသည်။ ရှင်ဘုရင် ယေရှုသည် သူ၏ အသေခံရာလမ်းခရီးသို့ လျှောက်သွားစဉ် သူတွင် ထိန်းချုပ်လုပ်ပိုင်ခွင့် အပြည့်ရှိခဲ့သည်။

⊠ *သခင်ယေရှုသည် ဘုရားသခင်စေလွှတ်တော်မူသော ရှင်ဘုရင်ဖြစ်ကြောင်း သေချာပါသည်။ ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင် မြွက်ဆိုတော်မူသည့်အတိုင်း အရာ အားလုံး ဖြစ်ပျက်စေပါသည်။ သင်သည် သခင်ယေရှု ကဲ့သို့ နှိမ့်ချသော ရှင်ဘုရင် ဖြစ်လိုပါသလား။*

### မြည်းစီးသောဘုရင်ကို လက်ခံကြိုဆိုခြင်း

📖 မာကု၊၁၁း၇-၁၁

လူထုပရိသတ်ကြီးက စိတ်လှုပ်ရှားနေကြသည်။ သခင်ယေရှုအတွက် မြေကြီးပေါ်တွင် သူတို့၏ အဝတ်များကို ဖြန့်ခင်းပေးကြသည်။ ရှင်ဘုရင်ကို ကြိုဆိုရန် သစ်ပင်မှသစ်ကိုင်းများကို ခုတ်ကြသည်။ သူတို့ အော်ဟစ်၍ သီချင်းဆိုကြသည်။ သူတို့သည် သခင်ယေရှု ကြွလာခြင်း အတွက် ဘုရားသခင်ကို ချီးမွမ်းကြသည်။ နောက်ဆုံး၌ ဘုရားသခင်သည် သူတို့အား ကယ်တင်မည့်ရှင်ဘုရင်ကို စေလွှတ်ခဲ့ပါသည်။

သူတို့၏လုပ်ရပ်များမှာ မှန်ကန်သည်။ လူတိုင်းသည် ရှင်ဘုရင်ယေရှုအတွက် ဘုရားသခင်ကို ချီးမွမ်းသင့်ပါသည်။ သူသည် ဘုရားသခင် စေလွှတ်သော ကယ်တင်ရှင် ဖြစ်သည်။ ကျွန်ုပ်တို့ အားလုံး သခင်ယေရှုကို လိုအပ်ကြသည်။

မည်သို့ပင်ဖြစ်စေ၊ မြည်းစီးလာသော ဘုရင်ကို သင်အမှန်တကယ် အလိုရှိပါသလား။ တစ်ပတ်ကြာပြီးနောက် ဤဘုရင်သည် ကားတိုင်ပေါ်တွင် အသေခံရလိမ့် မည်ကို ကျွန်ုပ်တို့ သိကြသည်။ ယခု သူတို့ သခင်ယေရှုကို ချီးမွမ်းကြပြီး မကြာခင် သူ့ကို သတ်ကြမည်။ သူသည် ဘုရားသခင်စေလွှတ်သော ဘုရင်ဖြစ်သော်လည်း သူတို့သည် သူ့အား အလိုမရှိကြပါ။ သူသည် သူရဲကောင်းကဲ့သို့ ဘုရင်မဟုတ်ဘဲ သူတို့နောက်တော်သို့ လိုက်လိုသည့် ဘုရင် မဟုတ်ပါ။

⊠ *သခင်ယေရှုနှင့် ပတ်သက်၍ သင်သိသမျှကို သေချာစွာ စဉ်းစားဆင်ခြင်ပါ။ (ရှင်မာကုခရစ်ဝင်ကျမ်းထဲမှ ကျွန်ုပ် တို့ လေ့လာသင်ယူထားသည်များကို ပြောပြပါ။) သခင် ယေရှုသည် သင်အမှန်တကယ် လိုလိုလားလား နောက်တော်လိုက်လိုသော ရှင်ဘုရင် ဖြစ်ပါသလား။*

⊠ သခင်ယေရှုအတွက် သီချင်းသီဆိုသည်မှာ မှန်ပါသည်။ သခင်ယေရှုကို ချီးမွမ်းခြင်းသည် ကောင်းမြတ်တော်မူပြီး သူသည် ဘုရင်ဖြစ်ကြောင်း ပြောသင့်သည်။ သို့သော် သခင်ယေရှုကို သင့်အသက်တာ၏ အရှင်ဘုရင်အဖြစ် အမှန်တကယ် လက်ခံမည်လော။ မြည်းကလေးစီးပြီး *ကားတိုင်တော်သို့သွားသော ဘုရင်၏နောက်သို့* သင် လိုက်လို ပါသလား။

# ၄၅ ရှင်ဘုရင်သည် သူ၏ဗိမာန်တော်သို့ ကြွမြန်းလာပါသည်။

## ▣ နောက်ခံသမိုင်း

သခင်ယေရှုက ယေရုရှလင်မြို့ထဲသို့ ဝင်သွားသည့်အခါ လူများက ကြိုဆိုကြပါသည်။ သူတို့သည် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းကြပါသည်။ ဘုရားသခင်သည် သူတို့အတွက် ကယ်တင်ရှင်ကို စေလွှတ်တော်မူ၏။

📖 မာကု၊ ၁၁း ၁-၁၁။

ဘုရားသခင် စေလွှတ်တော်မူသော ဘုရင်သည် ကယ်တင်ရှင်ဖြစ်ရုံမျှမဟုတ်။ သူသည် တရားစီရင်သောသူလည်း ဖြစ်သည်။ ဘုရားသခင် စေလွှတ်တော်မူသော ဘုရင်သည် ဘုရားသခင်၏ဗိမာန်တော်ထဲသို့ ဝင်ကြွတော်မူသောအခါ သူ ဘာကို တွေ့လိမ့်မည်နည်း။ ထို့နောက် သူဘာလုပ်မည်နည်း။

📖 မာကု၊ ၁၁း၁၂-၁၉။ မာလခိ၊ ၃း၁-၂။

## ◉ အဓိကအချက်

ကျွန်ုပ်တို့က နောက်လိုက် ဟန်ဆောင်ပါက သခင်ယေရှုက မပျော်ရွှင်ပါ။ သူသည် စစ်မှန်သော ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာ၏ အသီးအပွင့်ကို မြင်လိုပါသည်။

## ▲ မှတ်သားရန်

• မာကု၊ ၁၁း၁၁။ "ဗိမာန်တော်" ဘုရားသခင်က ဂျူးတို့အား ထိုနေရာ၌ ဝတ်ပြုကိုးကွယ်ရန် ပြောခဲ့ပါသည်။ သူတို့သည် ဘုရားသခင်အား ယဇ်ပူဇော်ရန် တိရိစ္ဆာန်များကို သတ်သင့်ပါသည်။ ယေရုရှလင်မြို့ထဲရှိ ဗိမာန်တော်သည် သူတို့ဝတ်ပြုကိုးကွယ်ခြင်း၏ အဓိကကျသောနေရာ ဖြစ်သည်။

• မာကု၊ ၁၁း၁၃-၁၄။ သခင်ယေရှုက ဗိမာန်တော်၌ ဝတ်ပြုကိုးကွယ်သည် ပုံကို သင်္ဘောသဖန်းပင်နှင့် နှိုင်းနှိုင်းထားသည်။ ထိုအပင်သည် အရွက်များစွာ ရှိသော်လည်း အသီးမသီးပါ။ အပေါ်ယံကြည့်၍ ကောင်းသော်လည်း အမှန်တကယ်မှာမူ မကောင်းပါ။ သခင်ယေရှုက ထိုအပင်အား ဒဏ်ခတ်တော်မူ၏ (မာကု၊ ၁၁း၁၄)။ ဤကဲ့သို့ လုပ်ခြင်းသည် ဗိမာန်တော် ကိုလည်း တရားစီရင်မည်ဖြစ်ကြောင်း ဖော်ပြလိုခြင်း ဖြစ်သည်။

• မာကု၊ ၁၁း၁၅။ သခင်ယေရှုသည် ပြည့်ဝစုံလင်တော်မူ၏။ သူသည် စိတ်ဆိုးသောအခါ ဘယ်တော့မှအပြစ်မလုပ်ပါ။ သခင်ယေရှု စိတ်ဆိုးသည်မှာ မှန်ပါသည်။ ဘုရင်သည် သူ၏ဗိမာန်တော်ထဲသို့ ဝင်သွားသောအခါ အပြစ်တရားများနှင့် ပြည့်နှက်နေသည်ကို တွေ့ခဲ့ပါသည်။

• မာကု၊ ၁၁း၁၅-၁၆။ ထိုအချိန်သည် ဂျူးလူမျိုးတို့ အတွက် အထူးအရေးကြီးသော အချိန်ကာလဖြစ်ပြီး ပင်တေကုတ္တေပွဲ ကျင်းပသည့် အချိန်ဖြစ်သည်။ သူတို့ သည် ဗိမာန်တော်သို့လာ၍ ဘုရားသခင်အား တိရိစ္ဆာန် များဖြင့် ယဇ်ပူဇော်ကြသည်။ သူတို့သည် တိရိစ္ဆာန်များ ဝယ်ရန် ငွေကြေးများ လဲလှယ်နေသည်မှာ အမှား မဟုတ်ပါ။ သို့သော် သူတို့သည် ဗိမာန်တော်ကို အသုံးချပြီး လူများအား လှည့်ဖျားကာ ချမ်းသာကြွယ်ဝမှုကို ရယူနေကြသည်။ သူတို့သည် ဘုရားသခင်အား ဂရုမစိုက်ကြပါ။ သူတို့အတွက် ငွေရအောင် ဖန်တီးယူလိုကြသည်။

• မာကု၊ ၁၁း၁၇။ အဓိကပြဿနာမှာ သူတို့ အချင်းချင်း လှည့်စားကြခြင်း မဟုတ်ပါ။ ဂျူးများက သူ၏အိမ်တော်သို့လာ၍ သူ့အား ဟန်ဆောင်ကိုးကွယ်နေခြင်းဖြစ်သည်။ စင်စစ်မှာ သူတို့ အတွက်သာ သူတို့ ဂရုစိုက်နေကြခြင်း ဖြစ်သည်။

## ဟောပြောချက်၊ မာကု၊၁၁း၁၁-၁၉
## အသီးမသီးသောအပင်

မာကု၊၁၁း၁၁-၁၄

*အကယ်၍ သခင်ယေရှုက ကျွန်ုပ်တို့ အစည်းအဝေး လုပ်နေသောနေရာသို့ ယနေ့ ကြွလာမည်ဆိုပါက သခင်ယေရှုက ဘာကိုမြင်တွေ့မည်နည်း။*

*သခင်ယေရှုက အပြင်ပန်းသဏ္ဍာန်ကို ကြည့်ရှုပါမည်လား။ ကျွန်ုပ်တို့ စည်းဝေး ဘယ်နှစ်ခါလုပ်ပါသနည်း။ ကျွန်ုပ်တို့ အဝတ်အစားများ မည်မျှကောင်းနေသနည်း။ ကျွန်ုပ်တို့မည်မျှ ကျယ်ကျယ်သီချင်းဆိုနေပါသနည်း။*

*သို့မဟုတ် သခင်ယေရှုက ကျွန်ုပ်တို့၏ အတွင်းစိတ်ကို ကြည့်ရှုပါသလား။ ချစ်ခြင်းမေတ္တာ၊ ယုံကြည်ခြင်းနှင့် သန့်ရှင်းသောအသက်တာကို ကြည့် နေပါသလား။ ဤအတွင်းသဘောများကို သမ္မာကျမ်းက ဝိညာဉ်အသီးများဟု ခေါ်ဆိုထားပါသည်။ သခင်ယေရှုက ယေရုရှလင် ဗိမာန်တော်ထဲသို့ လျှောက်သွားပါသည်။ ထိုနေရာတွင် ဘုရားသခင်၏လူများက သူ့အား ချစ်မြတ်နိုးစွာ ဝတ်ပြုကိုးကွယ်နေသည်ကို တွေ့ရပါသလား။ အသီး အပွင့်များကို တွေ့ရပါသလား။*

သူ၏ခရီးစဉ်၌ သခင်ယေရှုက တစ်စုံတစ်ခုကို တွေ့ခဲ့ပါသည်။ သူက သင်္ဘောသဖန်းပင်ကို တွေ့ခဲ့ပါသည်။ ၎င်းအပင်သည် အရွက်များနှင့် ပြည့်နေပြီး အသီးမသီးပါ။ အပြင်ပန်းကြည့်၍ ကောင်းသော်လည်း စားလို့မရပါ။ ထိုအချင်းအရာသည် ဗိမာန်တော်ထဲ၌ ဖြစ်ပျက်နေသောအရာနှင့် တူနေပါသည်။

သခင်ယေရှုသည် သင်္ဘောသဖန်းပင်ကို ကျိန်တော်မူ၏။ မာကု၊၁၁း၁၃။ ကျမ်းပိုဒ်ထဲတွင်လည်း ဗိမာန်တော်နှင့် သက်ဆိုင်သည့် သတင်းစကားများလည်း ပါသည်။ ဂျူးအများစု၏ မှားယွင်းသော ဝတ်ပြုကိုးကွယ်မှုကြောင့် သခင်ယေရှုက တရားစီရင်မည်ဖြစ်သည်။

ကျွန်ုပ်တို့၏ဆွေးနွေးပွဲသို့ သခင်ယေရှုရောက်လာသည်။ သင်၏အသက်တာ၌ မည်သို့သော အသီးအပွင့် ကို သူမြင်တွေ့လိမ့်မည်နည်း။ အားလုံးက အပြင်ပန်း သွင်ပြင်နှင့်သာဆိုင်သောကြောင့် သခင်ယေရှုက ဝမ်းနည်း၍ ဒေါသထွက်မည်လော။

## ဝတ်ပြုကိုးကွယ်ခြင်းမပြုသောဗိမာန်တော်

မာကု၊၁၁း၁၅-၁၉

- ဘုရင်ယေရှုက သူ၏ဗိမာန်တော်ထဲသို့ ကြွလာသောအခါ သူမည်သည့်အရာကို တွေ့လိုပါသနည်း။

- သူဘာကိုတွေ့ပါသနည်း။

အားလုံးက အပြင်ပန်းသဏ္ဍာန်ချည်းဖြစ်နေသည်။ ဘုရားသခင်အား ဟန်ဆောင်၍ ဝတ်ပြုကိုးကွယ် နေကြသည်။ သူတို့သည် တိရစ္ဆာန်များဖြင့် ဘုရားသခင်အား ယဇ်ပူဇော်ကြသည်။ ပင်တေကုတ္တေပွဲသည် ဘုရားသခင်အတွက် အထူးအချိန်အခါ ဖြစ်သည်။ အရာအားလုံး ကြည့်ကောင်းနေသည်။ သို့သော် သခင်ယေရှု ကမူ စစ်မှန်သော အသီးအပွင့်ကို မတွေ့ပါ။ စစ်မှန်သော ချစ်ခြင်းမေတ္တာမရှိ၊ စစ်မှန်သောဆုတောင်းခြင်းမရှိ၊ စစ်မှန်သော ဝတ်ပြုကိုးကွယ်မှု မရှိပါ။ ဘုရင်ယေရှုက စိတ်ဆိုးမည်မှာ အမှန်ဖြစ်သည်။ ဘုရင်က မှားယွင်းသော ဝတ်ပြုကိုးကွယ်မှုကို သူ၏ဗိမာန်တော်ထဲတွင် လက်ခံလိမ့်မည် မဟုတ်ပေ။ သခင်ယေရှု၏ လုပ်ဆောင်ချက်အပေါ် ဘာသာရေးခေါင်းဆောင်များက မည်ကဲ့သို့ တွေးထင်ကြပါသနည်း။ သူတို့၏ မှားယွင်းသော လုပ်ဆောင်ချက်အတွက် စိတ်မကောင်းဖြစ်နေပါသလား။ သို့မဟုတ် ဘုရားသခင် စေလွှတ်သော ရှင်ဘုရင်ကို သူတို့မုန်းတီးပါသလား။

မာကု၊၁၁း၁၈။

သခင်ယေရှုသည် ဘုရားသခင်ထံမှလာသော ကယ်တင်ရှင် ဖြစ်သည်။ သူသည် ဘုရားသခင်ထံမှ ကြွလာသောတရား သူကြီးလည်းဖြစ်သည်။ သခင်ယေရှု ကျွန်ုပ်တို့၏ အသက်တာထဲရှိ အသီးအပွင့်များကို ရှာဖွေနေပါသည်။ ကျွန်ုပ်တို့၏ ခရစ်ယာန်ဖြစ်ခြင်းသည် နာမည်ခံ ခရစ်ယာန် များနှင့် တူသောကြောင့် သခင်ယေရှုက ကျွန်ုပ်တို့အား စိတ်ဆိုးနေပါသည်။ သင်၏ နှလုံးသားကို ပြောင်းလဲပေးရန်နှင့် သင့်အားခွင့်လွှတ်ရန် သခင်ယေရှုအား တောင်းလျှောက် ပါမည်လော။

# ၄၆ သခင်ဘုရားကို ယုံကြည်ခြင်းရှိကြလော့။

## ■ နောက်ခံသမိုင်း

သခင်ယေရှုက သူ၏ကြီးစွာသော တန်ခိုးတော်ကို ပြသခဲ့ပါသည်။ ဗိမာန်တော်နှင့်ပတ်သက်ပြီး စီရင်ဆုံးဖြတ်နိုင်ခွင့် သူ့ထံတွင်ရှိနေသည်။ သူ့ထံတွင် ထိန်းချုပ်နိုင်စွမ်းရှိသည်။ 📖 မာကု၊၁၁း၁၅-၁၉။

နောက်တစ်နေ့၌ ရှင်ပေတရုက ခြောက်သွေ့နေသော သင်္ဘောသဖန်းပင်ကို တွေ့သောအခါ အံ့သြခြင်းရှိတော်မူ၏။ သခင်ယေရှုက သူ၏ ကြီးစွာသော တန်ခိုးတော်ကို ထပ်၍ပြတော်မူ၏။
📖 မာကု၊၁၁း၂၀-၂၁။

သခင်ယေရှုက သူ၏တန်ခိုးတော် ဘယ်က လာသည်ကို သူ၏တပည့်တော်များအား သိစေလို၏။ မကြာခင် သူသည် သူတို့နှင့်ခွဲခွာမည်ဖြစ်သော်လည်း ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ တန်ခိုးကို ရလိမ့်မည်။ 📖 မာကု၊၁၁း၂၂-၂၅။

## ◉ အဓိကအချက်

သခင်ဘုရားကို ယုံကြည်လော့။ ဘုရားသခင်သည် အရာခပ်သိမ်း တတ်စွမ်းနိုင်သည်။

## ★ လုပ်ဆောင်ရန်

ကျွန်ုပ်တို့သည် ဤကဲ့သို့သော အမှား နှစ်ခုကို မပြုမိရန် ကြိုးစားသင့်ပါသည်။

၁။ ကျွန်ုပ်တို့ ဆုတောင်းရန် ဆုံးဖြတ်ထားသည့်အရာအားလုံး ဘုရားသခင်က ပေးမည်ဟု ကတိမပေးထားပါ။ သခင်ယေရှု ပြောသည်မှာ "သခင်ဘုရားကို ယုံကြည်သောစိတ်ရှိကြလော့။" သူ၏အလိုတော်နှင့် မညီသောအရာများကို ဘုရားသခင်က လုပ်ဆောင်ပေးမည်မဟုတ်။ ကျွန်ုပ်တို့အတွက် မကောင်းမသင့်သောအရာကို ကျွန်ုပ်တို့အားပေးလိမ့်မည်မဟုတ်ကြောင်း စဉ်းစားဆင်ခြင် ပါ။ 📖 ၁ယော၊၅း၁၄-၁၅။ ၁ယော၊၃း၂၂။ ယော၊၁၅း၇။ ကျွန်ုပ်တို့၏ လိုအင်ဆန္ဒသည် ဘုရားသခင်၏အလိုတော်နှင့်ကိုက်ညီပါက ဘုရားသခင်က ကျွန်ုပ်တို့အား ပေးရန် ဘာမှမခက်ပါ။

၂။ ဤကတိတော်သည် ကျွန်ုပ်တို့အတွက် မဟုတ်ဟု တွေးမထင်သင့်ပါ။ ၎င်းကတိသည် သီးသန့်လူများအတွက် မဟုတ်။ သခင်ယေရှုက လူတိုင်း တောင်းလျှောက်နိုင်ကြောင်း ပြောထားသည်။ ကျွန်ုပ်တို့၌အလွန် ကြီးမားသော ယုံကြည်ခြင်း မလိုအပ်ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့တွင် ကြီးမြတ်တော်မူသော ဘုရားရှိနေခြင်းကြောင့်ဖြစ်သည်။ သူပြောသည့်အတိုင်း ဘုရားသခင်အား ယုံကြည်ရန်လိုသည်။

## ▲ မှတ်သားရန်

- မာကု၊၁၁း၂၀။ တစ်နေ့၌ သင်္ဘောသဖန်းပင်သည် သွေ့ခြောက်၍ သေသွားသည်။ သခင်ယေရှုတွင် တရားစီရင်ဆုံးဖြတ်ရန် ဘုရားသခင်၏ တန်ခိုးတော်ရှိသည်။
- မာကု၊၁၁း၂၅။ သူတစ်ပါးအား ခွင့်လွှတ်ရန် အဘယ်မျှလောက် အရေးကြီးသည်ကို သတိပြုပါ။ ဘုရားသခင်က ကျွန်ုပ်တို့အား အဘယ်မျှလောက် ခွင့်လွှတ်နေသည်ကို သတိရပါ။ သူတစ်ပါးအား ခွင့်မလွှတ်နိုင်ပါက ကျွန်ုပ်တို့၏ဆုတောင်းသံကို ဘုရားရှင် ကြားမည်မဟုတ်ပါ။

**➡ ဟောပြောချက်၊ မာကု၊ ၁၁း၂၀–၂၅**

## သခင်ဘုရားကို ယုံကြည်ခြင်းရှိကြလော့။

📖 မာကု၊ ၁၁း၂၂။

သခင်ယေရှုက မကြာခင် သူ၏တပည့်တော်များနှင့် ထွက်ကြွသွားလိမ့်မည်။ ထိုနေရာတွင် ကြီးစွာသော နိမိတ်လက္ခဏာကို ပြုလုပ်လိမ့်မည် မဟုတ်။ ထို့နောက် သူတို့သည် ကြီးစွာသော ဒုက္ခများနှင့် ရင်ဆိုင်ရလိမ့်မည်။ သူတို့ မည်ကဲ့သို့ ခံစားရလိမ့်မည်နည်း။

သခင်ဘုရား၌ ယုံကြည်ခြင်းရှိလော့။ ထိုသို့သော အချိန်၌ ဘုရားသခင်၏တန်ခိုးတော်သည် သူတို့ အတွက်ရှိနေသည်ကို သခင်ယေရှုက သိစေလိုပါသည်။ သူတို့သည် ဘုရားသခင်အား ကိုးစားယုံကြည်ရန် လေ့လာ သင့်သည်။ ယခု သူတို့သည် သခင်ယေရှုနောက်သို့ လိုက်လျှောက်ရန် မည်သည့်အရာများ လိုအပ်ကြောင်း သခင်ယေရှုအား မေးလျှောက်ကြပါသည်။ သူတို့သည် ဘုရားသခင်အား ယုံကြည်ကိုးစားသည့် အသက်တာဖြင့် အသက်ရှင် သင့်ပြီး သူတို့ လိုအပ်သမျှ အားလုံးကို သူ့အား တောင်းလျှောက်ကြမည်။

- ကျွန်ုပ်တို့သည် မကြာခဏ ဘုရားသခင်အား အမှန်တကယ် မယုံကြည်လိုကြပါ။ အဘယ် ကြောင့်နည်း။
- ဘုရားသခင်အား ယုံကြည်ကိုးစားခြင်းသည် အဘယ်ကြောင့်လုံခြုံမှုကို ရစေသနည်း။ ဘုရားသခင်နှင့် မည်သည့် အရာတူပါသနည်း။

## ဘုရားသခင်အတွက် မည်သည့်အရာမှ မခက်ခဲပါ။

📖 မာကု၊ ၁၁း၂၃–၂၄

⊞ ဤအကြောင်းအရာကို ပြောပြပါ။ သင်ကြားဖူး သောသူ တစ်ဦးတစ်ယောက်အကြောင်းကို ပြောပြပါ။ သို့မဟုတ် သမ္မာကျမ်းထဲကအကြောင်းကို ပြောပြပါ။ ဥပမာ – ဧလိယ၊ 📖 ယာကုပ်၊ ၅း၁၇–၁၈။ ၁ရာ၊ ၁၇း၁၊ ၁၈း၄၁–၄၅)

ကိစ္စအတော်များများသည် ကျွန်ုပ်တို့ အတွက် အလွန်ခက်ခဲပါသည်။ ကြီးမားသော ပြဿနာ ဟု ကျွန်ုပ်တို့ တွေ့ရသည်။ ကျွန်ုပ်တို့ ဘာမှ မဖော်နိုင်ကြောင်း သိနေကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့ဝမ်းနည်းကြသည်။ အရှုံးပေးကြသည်။ ဘုရားသခင်က ၎င်းအရာများကို လုပ်ဆောင်နိုင်ကြောင်း တစ်ခါတစ်ရံ ကျွန်ုပ်တို့ မေ့နေကြသည်။ ၎င်းတို့သည် ဘုရားသခင်၏အလိုတော် နှင့် ညီပါက ဘုရားသခင်အား တောင်းလျှောက်လျှင် သူ လုပ်ဆောင်ပေးလိမ့်မည်။

- ကျွန်ုပ်တို့အတွက် အလွန်ခက်ခဲသည်ဟု ယူဆသော အရာများကိုသာ ဘုရားရှင်အား တောင်းလျှောက်ရမည်ဟု သခင်ယေရှု ပြောပါသလား။ ၎င်းပြဿနာသည် လူ့အနေဖြင့် ဖြစ်နိုင်ချေ မရှိသော်လည်း ဘုရားအတွက် မခက်ခဲချေ။

အဘယ်ကြောင့်နည်း။ ကျွန်ုပ်တို့သည် တောင်ကြီးကို ရွှေ့သွားစေရန် သခင်ယေရှုအလိုမရှိ။ ဘုရားသခင်အတွက် ဘာတစ်ခုမျှ မခက်ခဲကြောင်း ကျွန်ုပ်တို့မြင်သာရန် ဥပမာအဖြစ် အသုံးပြုခြင်း ဖြစ်သည်။ ပြဿနာများသည် သခင်ယေရှုအတွက် ဘာမျှမဟုတ်ပါ။

⊠ သင်ထံ၌ ဒုက္ခပြဿနာများရှိပါက သင်ဘာလုပ် မည်နည်း။ သင်စိုးရိမ်ပူပန်မည်လော။ သင်စိတ်ညစ် မည်လော။ သို့မဟုတ်ပင် အရှုံးပေးမည်လော။ သို့မဟုတ် ဘုရားရှင်အား ယုံကြည်ကိုးစားမည်လော။

## တောင်းလျှောက်ခြင်းနှင့်လက်ခံရယူခြင်း

📖 မာကု၊ ၁၁း၂၃–၂၄။

ဘုရားသခင်၏အလိုတော်သည် မည်သည့် အရာဖြစ်သည်ကို တစ်ခါတစ်ရံ ကျွန်ုပ်တို့မသိနိုင်ပါ။ မှန်ကန်သင့်တော်သော အရာအားလုံးကို ဘုရားသခင်က လုပ်ဆောင်ပေးမည်ဟု ကျွန်ုပ်တို့ ယုံကြည်သင့်ပါသည်။ဘုရား သခင်၏အလိုတော်ကို ကျွန်ုပ်တို့သိနိုင်ပါသည်။ ထို့ကြောင့် ဘုရားသခင် သည် အဖြေပေးလိမ့်မည်ဟု ကျွန်ုပ်တို့ ယုံကြည်နိုင်ပါ သည်။ သခင်ဘုရား၌ ယုံကြည်ခြင်း ရှိပါက သူအဖြေပေးတော်မူသည်။

⊞ တရားဟောဆရာက တရားဟောရန် အချိန် အလွန် နီးကပ်လာပြီ။ ဘာမျှ မကြားနိုင်လောက် အောင် ကျယ်လောင်စွာ လေတိုက်နေပါသည်။ ထိုသူသည် ဤကတိတော်ကို သတိရမိသည်။ ဤလူများ ကြားနိုင်ရန် ဘုရားသခင် အလိုတော်ရှိ သည်ကို သူသိနေသည်။ ထို့ကြောင့် လေငြိမ်းသွား စေရန် သူဆုတောင်းခဲ့သည်။ လုံးဝ ဖြစ်နိုင်သည်ကို သူယုံကြည်သည်။ သူတရားဟောရန် မတ်တပ် ရပ်လိုက်သည့်အချိန်၌ လေငြိမ်သွားသည်။ သူ တရား ဟောပြီးသောအခါ လေပြန် တိုက်ခတ်လာသည်။

[?] လေ့လာချက်၊ မာကု၊ ၁၁း၂၇-၃၃

# ၄၇ သင်သည် မည်သူ့အခွင့်နှင့် ဤအရာများကို လုပ်ဆောင်ပါသနည်း။

## ▣ နောက်ခံသမိုင်း

ဂျူးခေါင်းဆောင်များက အလွန်စိတ်ဆိုးကြသည်။ သူတို့သည် လူများအပေါ် လွှမ်းမိုးထိန်းချုပ် နိုင်သည်။ အကယ်၍ လူများက သခင်ယေရှုအား ယုံကြည်ပါက ဤခေါင်းဆောင်များက လူအုပ်ကြီးအား ထိန်းချုပ်နိုင်တော့မည်မဟုတ်ပါ။

ခေါင်းဆောင်များက အလွန်စိတ်ဆိုးကြရခြင်းမှာ လူအုပ်ကြီးက သခင်ယေရှုအား သူတို့၏ဘုရင်အဖြစ် ကြိုဆိုလက်ခံခြင်းကြောင့်ဖြစ်သည်။ 📖 မာကု၊ ၁၁း၈-၁၀။

ခေါင်းဆောင်များက စိတ်ဆိုးရခြင်းမှာ သခင်ယေရှုက ဗိမာန်တော်ထဲမှ လူများကို နှင်ထုတ်သောကြောင့်ဖြစ်သည်။ 📖 မာကု၊ ၁၁း၁၅-၁၇။

ယခုသူတို့သည် သခင်ယေရှုအား သတ် ရန်နည်းလမ်းရှာကြံကြသည်။ 📖 မာကု၊ ၁၁း၁၈။

ထို့ကြောင့် သူတို့က သခင်ယေရှုအား မေးခွန်းမေးလျှောက်ကြသည်။ သို့သော် သူတို့သည် အဖြေမှန်ကို အမှန်တကယ် သိလိုခြင်းမဟုတ်။ သူတို့က သခင်ယေရှုအား ဒုက္ခရောက်စေလိုခြင်းဖြစ် သည်။ သခင်ယေရှုက သူသည် ဘုရင်ဖြစ်ကြောင်း ပြောပါက သူတို့သည် ရောမများအားအကြောင်းကြားလိမ့်မည်။ တိုင်းပြည်ကိုရောမများက အုပ်စိုးနေကြသည်။ ကေသာသည် ဘုရင်ဖြစ်သည်။ မည်သူတစ်ဦး တစ်ယောက်ကမျှ ရှင်ဘုရင်ဖြစ်ကြောင်း မပြောရပါ။ 📖 မာကု၊ ၁၁း၂၇-၃၃။

## ⊡ အဓိကအချက်

သခင်ယေရှုသည် သူလုပ်ချင်သောအရာ ကို လုပ်ခွင့်ရှိကြောင်း ကျွန်ုပ်တို့သိနိုင်ပြီးဖြစ်သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့၏နှလုံးသားကို လွှမ်းမိုးအုပ်စိုးသင့်သော ရှင်ဘုရင်ဖြစ်သည်။

## ★ လုပ်ဆောင်ရန်

ကျွန်ုပ်တို့၏အသက်တာကို သခင်ယေရှု အားအုပ်စိုးစေလိုပါ၏ဟု ပြောရန် လွယ်ကူလှသည်။ သို့သော် ကျွန်ုပ်တို့ သူ့ကို အမှန်တကယ်အလိုရှိပါသလား။ သခင်ယေရှု၏ အသင်းတော်ထဲမှာပင်လျှင် ကျွန်ုပ်တို့ လုပ်ချင်သလို လုပ်နေကြသည်။ သင်၏ပရိသတ်အနေနှင့် သခင်ယေရှုအား ပေးရန်ခက်ခဲသည့်အရာများရှိမိပါသလား။

## ▲ မှတ်သားရန်

- မာကု၊ ၁၁း၂၉။ ရှီးသားစွာ မေးသည့်မေးခွန်းများကို သခင်ယေရှု အဖြေပေးလိမ့်မည်။ ယခုအချိန်သည် အဖြေပေးရန် မသင့်တော်သောအချိန် ဖြစ်ကြောင်း ယေရှုသိပါသည်။ သူတို့သည် ရိုးသားဖြောင့်မတ်သောသူမဟုတ်ကြောင်းကို ဖော်ပြရန်အသင့်တော်ဆုံးအချိန်ဖြစ်သည်။ အကယ်၍ သူတို့က ယေရှု၏မေးခွန်းကိုဖြေပါက သူတို့မေးသောမေးခွန်း၏ အဖြေကိုလည်း သူတို့ကိုယ်တိုင်သိကြလိမ့်မည်။

## ➔ တောပြောချက်၊ မာကု၊၁၁း၂၇–၃၃

### ဂျူးများထံမှမေးခွန်း

📖 မာကု၊၁၁း၂၇–၂၈။

လူငယ်ကလေးတစ်ဦး အကြောင်းကို စဉ်းစားကြည့်ပါ။ သူသည် ခွန်အားကြီးသော လူကြီးတစ်ဦးကို စိတ်ဆိုးစေသည်။ ထိုလူကြီးကို နာကျင်အောင် သူ တတ်နိုင်သမျှ ထိုးနှက်နေပါသည်။ မကြာခင်မှာ ထိုလူငယ်လေး မြေပေါ်သို့ လဲကျသွားသည်။ ထိုသူကို နာကျင်အောင် သူ ဘာမျှပင် မလုပ်နိုင်ပါ။ ထိုသူငယ်သည် ရှုံးသွပ်မိုက်မဲသောသူ ဖြစ်သည်။ ဂျူးဘာသာရေး ခေါင်းဆောင်များမှာ ထိုလူငယ်ကဲ့သို့ပင်ဖြစ်သည်။ သခင်ယေရှုကို သူတို့ မုန်းတီးကြသည်။ သူတို့၏ မေးခွန်းများအားဖြင့် သူ့ကို နာကျင်စေလိုကြသည်။ သို့သော် သခင် ယေရှုကမူ အလွန်ခွန်အားကြီးသည်။ အဆုံး၌ သူတို့သည် ရှုံးသွပ်မိုက်မဲသူများ ဖြစ်သွားကြသည်။

- သခင်ယေရှုက မေးခွန်းကိုဖြေကြားသည်ကို သူတို့ ကြားလိုကြသည်။ စင်စစ်အဖြေမှန်ကို သူတို့သိနှင့်ပြီးသားဖြစ်သည်။ ထိုအဖြေကား အဘယ်နည်း။ သခင်ယေရှုက ဤအရာများအားလုံးကို လုပ်ပိုင်ခွင့်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်က သူ့အား စေလွှတ်သောကြောင့်တည်း။ ဘုရားသခင်က သူ၏ သားကို ဘုရင်အဖြစ် ခံယူရန် စေလွှတ်ခဲ့ပါသည်။ ဗိမာန်တော်ကို သူပိုင်သတော်မူ၏။

သို့သော် သူတို့သည် ဘုရားရှင်စေလွှတ်တော်မူသောဘုရင်ကို အလိုမရှိကြပေ။ သူတို့သည် ဗိမာန်တော်နှင့် လူအုပ်ကြီးကို စိုးမိုးချုပ်ကိုင်လိုကြသည်။ ထို့ကြောင့် သူတို့သည် သခင်ယေရှုကို မုန်းတီးကြသည်။

» *သင်၏အသက်တာကိုအုပ်စိုးပိုင်ခွင့်ရှိသူသည် မည်သူနည်း။ သင်မည်သို့ အသက်ရှင်သင့်သည်ဟု ပြောပိုင်ခွင့် ရှိသူသည် မည်သူနည်း။ အဖြေကို သင်သိနေသည်။ သခင်ယေရှု၌ ထို အခွင့်အရေးများရှိသည်ကို ဘုရားရှင်က ပြောခဲ့သည်။*

» *သို့သော် သင်၏အသက်တာကို သင် ကိုယ်တိုင် ထိန်းချုပ်လိုပါသလား။ သခင်ယေရှု ပြောသော စကားများနှင့် ဆန့်ကျင်တိုက်ခိုက်လို ပါသလား။*

### သခင်ယေရှုထံမှမေးခွန်း

📖 မာကု၊၁၁း၂၉–၃၃။

သခင်ယေရှုက သူတို့၏မေးခွန်းများကို ဖြေကြားခြင်းမရှိခဲ့ပါ။ ၎င်းအစား သူတို့အား မေးခွန်းတစ်ခု မေးခဲ့ပါသည်။ ၎င်းမေးခွန်းသည် သာမန်မေးခွန်း မဟုတ်ပါ။ သူတို့အား အလွန်နာကျင်စေသော မေးခွန်း ဖြစ်ပြီး တိုက်ပွဲကို အနိုင်ရရှိသွားစေပါသည်။

- သခင်ယေရှု၏မေးခွန်းသည် အဘယ်ကြောင့် အလွန်ကောင်းသော မေးခွန်းတစ်ခုဖြစ်ခဲ့ပါသနည်း။

📖 မာကု၊ ၁၁း၂၉–၃၂။

ယောဟန်သည် ဘုရားသခင်ထံမှ ကြွလာသော ပရောဖက်ဖြစ်ကြောင်းကို လူတိုင်းသိကြသည်။ ထို့ကြောင့် ယောဟန်ပြောသမျှကို သူတို့ ယုံသင့်သည်။ ယောဟန်က သခင်ယေရှုသည် ဘုရားသခင်ထံမှ ကြွဆင်းလာသော ဘုရင်တစ်ပါးဖြစ်ကြောင်း ပြောခဲ့သည်။ အကယ်၍ ယောဟန်သည် ဘုရားသခင်ထံမှ ကြွလာသောသူဖြစ်ပါက သခင်ယေရှု သည်လည်း ဘုရားသခင်ထံမှကြွလာသော သူပင် ဖြစ်ပါ သည်။

အကယ်၍ ဂျူးများက သခင်ယေရှု၏ မေးခွန်းကို ရိုးရိုးသားသား ဖြေကြားပါက သူတို့မေးသော မေးခွန်းကို ပြန်ဖြေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် သူတို့က မသိပါဟု ပြောကြသည်။ သူတို့ လိမ်လည်သည်။ သခင်ယေရှု မေးသောမေးခွန်း၏ အဖြေကို သူတို့သိကြပါသည်။ သို့သော် မဖြေလိုကြပါ။

အချို့က သခင်ယေရှု၏ နောက်တော်သို့ » လိုက်လိုပါ။ သူတို့သည် မေးခွန်းကိုမေးကြသော်လည်း အဖြေမှန်ကို မသိလိုကြပါ။ သူတို့သည် မေးခွန်းများကို ဖြေသော်လည်း အမှန်တရားကို မပြောကြပါ။ ဘုရင်ယေရှုကို သူတို့၏ အသက်တာအား အုပ်စိုးထိန်းချုပ်ရန် အလိုမရှိကြပါ။ သင်သည်လည်း ထိုကဲ့သို့ပင် ဖြစ်မိပါ သလား။

# ၄၈ အသီးအပွင့်က အဘယ်မှာနည်း။

## ■ နောက်ခံသမိုင်း

ဂျူးခေါင်းဆောင်များက သခင်ယေရှုအား သတ်ဖြတ်လိုကြသည်။ ရောမဘုရင် ဟေရုဒ်မင်း ထံသို့ အစီရင်ခံစာ တင်နိုင်ရန် သူတို့က သခင်ယေရှုအား တစ်ခုခု ပြောစေလိုသည်။ 📖 မာကု၊ ၁၁း၂၇-၂၈။ မာကု၊၁၂း၁၅။

ထိုခေါင်းဆောင်များ၏ အပြစ်ကို သခင်ယေရှုက ဖော်ပြလိုသည်။ သခင်ယေရှုသည် ဘုရားသခင်ထံမှလာသော မေရှိယဖြစ်သည်။ သို့သော် ဘုရားသခင် စေလွှတ်တော်မူသော ဘုရင်ကို သူတို့က သတ်လိုကြသည်။ 📖 မာကု၊၁၁း၁၇-၁၈။ မာကု၊၁၂း၁-၁၂။

ဤမေးခွန်း၏အဖြေကို ရ မာကု၊၁၁း၂၈ ထဲ၌ ဖြေဆိုထားသည်။ ဘုရားသခင်၏သားတော်၌ ဤအရာများကို လုပ်ပိုင်ခွင့်ရှိသည်။

## ▣ အဓိကအချက်

ဘုရားသခင်က သူ၏သားတော်ကို စေလွှတ်ရခြင်းမှာ အသီးအပွင့်များ ရရှိရန် ဖြစ်သည်။ သို့သော် သူ့အား သူတို့သတ်လိုကြသည်။

## ▲ မှတ်သားရန်

● မာကု၊၁၂း၁။ စပျစ်ခြံသည် စပျစ်ပင်များ စိုက်ပျိုးရာနေရာဖြစ်သည်။ စပျစ်ပင်မှ စပျစ်သီး သီးပြီး စပျစ်ရည် ပြုလုပ်နိုင်ပါသည်။

● မာကု၊၁၂း၁။ "သူငှား" ဤစကားလုံးသည် ဤ ကျမ်းပိုဒ်ထဲ၌ ပါနေသည်။ သူတို့သည် စပျစ်ပင်ကို စိုက်ကြသည်။ သူငှားသည် မြေယာကို မပိုင်ဆိုင်ပါ။ မြေပိုင်ရှင်အတွက် ထိုနေရာကို ကြည့်ရှုစောင့်ရှောက်ပေးသူ ဖြစ်သည်။

● မာကု၊၁၂း၁။ ဤအကြောင်းအရာသည် 📖 ဟေရှာ၊ ၅း၁-၇ မှ လာခြင်းဖြစ်သည်။ ဤအကြောင်းအရာထဲ၌ ဣသရေလကို စပျစ်ခြံအဖြစ်ဖော်ညွှန်းထားသည်။ ဘုရားသခင်က သူ၏လူများအတွက် လုပ်ဆောင်နိုင်သည့်အရာအားလုံးကို လုပ်ပေးခဲ့ပြီးဖြစ်သည်။ သို့သော် ကောင်းသော အသီးမသီးခဲ့ပါ။ ဣသရေလတို့သည် ဆိုးသော အသီးကိုသာ သီးခဲ့ပါသည်။

ဤအကြောင်းအရာကို သခင်ယေရှုက အနည်းငယ် ပြောင်းလိုက်သည်။ သူပြောသော အကြောင်းအရာထဲ၌ သူငှားသည် စပျစ်ခြံကို ကြည့်ရှုစောင့်ရှောက်ရန် ပြောခဲ့သည်။ ဤသူငှားတို့သည် ဂျူးခေါင်းဆောင်များအား ကိုယ်စားပြုနေပါသည်။ ဘုရားသခင်က အသီးများကိုရှာဖွေရန် သူ၏အစေခံများ (ပရောဖက်များ) ကို စေလွှတ်သောအခါ သူငှား (ဂျူးခေါင်းဆောင်) များက သူတို့အား တိုက်ခိုက်ကြသည်။ (နောက်ဆုံးသောပရောဖက်မှာ ဗတ္တိဇံဆရာယောဟန်ဖြစ်သည်။) ဂျူးခေါင်းဆောင်များက သူ့စကားကို နားထောင်ကြပါသလား)။ နောက်ဆုံး၌ ဘုရားသခင်က သူ၏သားတော်ကိုစေလွှတ်ခဲ့သည်။ သို့သော် ခေါင်းဆောင်များက အသီးများကို ထိန်ဝှက်ထားလိုသည်။ သူတို့သည် သူခိုးများဖြစ်ကြသည် ( 📖 မာကု၊ ၁၁း၁၇) လူစုကြီးကို သူတို့ ဆက်လက် ချုပ်ကိုင်ထားလိုသည်။ ထို့ကြောင့် သူတို့သည် ဘုရား၏သားတော်ကို သတ်လိုက်ကြသည်။

● မာကု၊၁၂း၇။ "အမွေခံ" ပိုင်ရှင်၏သားဖြစ်သည်။ စပျစ်ခြံ (ခြံ၊မြေ) သည် သူ၏သား အပိုင်ရလိမ့်မည်။ ထို့ကြောင့် ထိုခြံကို သူတို့အတွက် အမွေဆက်ခံနိုင်ရန် သားတော်ကို သတ်လိုက်ကြသည်။

● မာကု၊၁၂း၁၀။ သခင်ယေရှုက ဤစကားများကို ဆာလံ၊၁၁၈း၂၂၊၂၃မှ ကောက်နုတ်ထားခြင်းဖြစ်သည်။ ဆာလံကျမ်းထဲ၌ ဂျူးများက သူတို့၏မေရှိယကို မည်ကဲ့သို့ ပြုမူမည်ကို ဖော်ပြထားသည်။ သူတို့သည် အဆောက်အဦ (ဘုရားသခင်၏ဗိမာန်တော်) ၌ အရေးအပါဆုံးသော ကျောက်တုံးကို ပယ်ချ (အဝေးသို့ပစ်) လိုက်ကြသည်။ ထိုကျောက်တုံးမှာ သခင် ယေရှုပင်ဖြစ်သည်။

## ဟောပြောချက်၊ မာကု၊၁၂း၁–၁၂
## ဘုရားသခင်သည် သူ၏သားတော်ကို စေလွှတ်တော်မူ၏။

မာကု၊၁၂း၆–၈။

(လူတိုင်း ထိုအကြောင်းကို နားလည်နိုင်ရန် ဤ အကြောင်းအရာကို မည်ကဲ့သို့ ပြောပြမည်ကို စဉ်းစားပါ။ ဤကျမ်းပိုဒ်ထဲ၌ သခင်ယေရှုဆိုသော အဓိပ္ပာယ်ကို သင်၏ ပရိသတ်များ သေချာစွာ နားလည်စေပါ။ ပိုင်ရှင်=ဘုရား၊ (သူငှား) လယ်သမား=ဂျူး ခေါင်းဆောင်များ။ အစေခံများ= ပရောဖက်များ။ သားတော်=သခင်ယေရှု)

ဤကျမ်းပိုဒ်ထဲ၌ ပိုင်ရှင်သည် ဦးစွာအစေခံ များစွာကို စေလွှတ်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ လယ်သမားများက အစေခံများ၏စကားကို နားမထောင်ကြပေ။ ပိုင်ရှင်က အရှုံးမပေးပါ။ နောက်ဆုံး၌ ပိုင်ရှင်က သူ၏သားကို စေလွှတ်ခဲ့ပါသည်။ "သူတို့ကသူ၏ သားကို အမှန်တကယ် ရိုသေ လေးစားကြလိမ့်မည်" ဟု ပြောခဲ့သည်။

ပိုင်ရှင်က အသီးမည်မျှ လိုချင်ခဲ့ပါသနည်း။

ဘုရားသခင်က သူ့သားကိုအဘယ်ကြောင့် စေလွှတ်ခဲ့ ပါသနည်း။

ဘုရားသခင်က အလွန်အရေးကြီးသော လုပ်ငန်း အတွက် သခင်ယေရှုကို စေလွှတ်ခဲ့ပါသည်။ သခင်ယေရှုသည် ဘုရင်အဖြစ်ခံယူရန် ဘုရားသခင် ထံမှ ကြွဆင်းလာခဲ့ပါသည်။ သခင်ယေရှုက သူနှင့်ဆိုင်သော အရာများကို ပြန်လည်တောင်းဆိုရန် ကြွဆင်းလာသည်။ သူက "ငါ၏ အသီးများကို ပြန်ပေးလော့" ဟု ပြောခဲ့သည်။ "ငါ၏ လူများကို ငါ့အားပြန်ပေးလော့"။

ထို့နောက် ခေါင်းဆောင်က ပြောပါသည်။ "အသီးကို ကျွန်ုပ်တို့ အလိုရှိကြသည်။ ဘုရား၏ သားတော်ကို သတ်ကြစို့"။

*ဘုရားသခင်၏သားတော်နှင့် ကျွန်ုပ်တို့ဘာလုပ်ကြ မည်နည်း။*

ဘုရားသခင်သည် သူ၏သားတော်ကို စေလွှတ် တော်မူသည်ကို သတိရပါ။ ၎င်းအချက် သည် အလွန်အရေးကြီးသည်။ သူသည် ကျွန်ုပ်တို့ ထံမှ အသီးများကို တောင်းဆိုနေပါသည်။ ကျွန်ုပ်တို့ သည် အပြစ်တရားကို ကျောခိုင်းကာ သူ့အား ယုံကြည် ကိုးစားရန်ဖြစ်သည်။ ( မာကု၊၁း၁၅) သင်က "အဝေးသို့သွားပါ"၊ "ကျွန်ုပ် ယခု အလွန်အလုပ်များ နေပါသည်" ဟု ပြောမည်လား။ ဘုရားသခင်၏ သားတော်အား "လုံးဝလက်မခံ" ဟု ပြောမည်လား။

## ဘုရားသခင်က ဘာလုပ်မည်နည်း။

မာကု၊၁၂း၉။

"သူတို့ ငါ့သားကို သတ်လည်း အကြောင်း မဟုတ်ပါဘူး"။ "သူတို့ အသီးတွေ လိုချင်ရင်လည်း ယူသွားပါစေ"။ "ငါ့သားကို လုပ်ချင်သလိုလုပ်ဖို့ ကြိုက်သလို ရွေးချယ်ကြပါစေ" လို့ သခင်ဘုရားက ပြောမည်လား။ ထိုကဲ့သို့မဟုတ်၊ ဘုရားသခင်သည် ဒေါသအမျက် ထွက်တော်မူသည်။ သူ၏သားကို မလိုလား သောသူတို့အား ဘုရားသခင်က အပြစ် စီရင်တော်မူမည်။ သူ၏အသီးကို သူ့အားမပေးသော သူအား ဘုရားသခင်က အပြစ်စီရင်လိမ့်မည်။

ဘုရားသခင်၏ အသစ်သောဗိမာန်တော်၊ သူ၏ အသင်းတော်၌ သခင်ယေရှုသည် အရေးပါဆုံးသော ဒေါက်မြစ်ထောင့်ကျောက် ဖြစ်လာလိမ့်မည်။ ဤအကြောင်းအရာကို ဓမ္မဟောင်းကျမ်း၌ ဖော်ပြ ထားပါသည်။

မာကု၊၁၂း၁၀–၁၁)။

ဘုရားသခင်၏ သားတော်ကို "လုံးဝလက်မခံ" ဟု ပြောပါက ဘုရားသခင်က ကျွန်ုပ်တို့အား မည်ကဲ့သို့ ပြုလုပ်မည်နည်း။ သူသည် သေခြင်းမှ ရှင်ပြန်ထမြောက်ပြီး ရှင်ဘုရင်တစ်ပါး ဖြစ်ကြောင်းကို သတိရပါ။ ကျွန်ုပ်တို့ အသက်တာသည် သူနှင့် ဆိုင်သင့်ပါသည်။ ကျွန်ုပ်တို့သည် အသီးများကို ကျွန်ုပ်တို့အတွက် ခိုးယူထားပါက သူသည် ကျွန်ုပ်တို့အား အပြစ်စီရင်လိမ့်မည်။

? လေ့လာချက်၊ မာကု၊၁၂း၁၃–၁၇

# ၄၉ ဘုရားသခင်နှင့်ဆိုင်သောအရာကို ဘုရားသခင်ထံ ပေးအပ်ကြလော့။

## နောက်ခံသမိုင်း

ကြည့်ပါ။ မာကု၊၁၂း၁–၁၂ ၏ နောက်ခံသမိုင်းကို ပြန်ဖတ်ပါ။ ဤအချက်ကို သတိရပါ။ မာကု၊၁၁–၁၂ ထဲရှိ ဖတ်ရသမျှ အားလုံးတို့သည် သခင်ယေရှု အသက်တာ၏ နောက်ဆုံးအပတ်၌ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ ဖြစ်သည်။ ထိုရက်သတ္တပတ်၏ အဆုံးပိုင်း၌ သူတို့သည် သခင်ယေရှုကို သတ်ကြလိမ့် မည်။ မည်သို့ပင်ဖြစ်စေ မာကု၊၁၂ ထဲ၌ သခင်ယေရှု သည် အုပ်စိုးချုပ်ကိုင်နိုင် စွမ်းရှိနေကြောင်း ဖော်ပြထား သည်။ သူကိုယ်တိုင် သူ၏ အသက်ကို ပေးမှသာလျှင် သူတို့က သခင်ယေရှုကို သတ်နိုင်မည်ဖြစ်သည်။

## အဓိကအချက်

ဘုရားသခင်နှင့် ဆိုင်သောအရာကို ဘုရားသခင်ထံ ပေးအပ်ကြလော့။

## လုပ်ဆောင်ရန်

ခရစ်ယာန်အများစုက သူတို့ကို ဘုရားသခင်က လုံး၀ ပိုင်ဆိုင်ကြောင်းကို နားမလည်ကြပါ။ သူတို့သည် ဘုရားသခင်အား ငွေအနည်းငယ်၊ အချိန်အနည်းငယ် သာ ပေးဆပ်ကြသည်။ ကျန်သည့် အချိန်များ၌ သူတို့ နေချင်သလို နေတတ်ကြသည်။
📖 ၁ကော၊၆း၁၉–၂၀။ ရောမ၊၆း၁၃။

## မှတ်သားရန်

- မာကု၊၁၂း၁၃။ ဖာရိရှဲများသည် ဂျူးလူမျိုးများ ဖြစ်ကြပြီး သူတို့၏ဘာသာတရားကို အလွန်ချစ်မြတ်နိုး သူများဖြစ်ကြသည်။ ဟေရုဒ်၏ အသိုင်းအဝိုင်းမှာမူ ဘုရား သို့မဟုတ် ဘာသာတရားကို ဂရုစိုက်သော သူများ မဟုတ်ပါ။ သူတို့နှစ်ဖွဲ့စလုံး သခင်ယေရှုကို မုန်းတီးကြသည်။ သခင်ယေရှုကို သတ်ရန် သူတို့ အတူတကွ ရောက်ရှိလာကြသည်။
📖 မာကု၊၃း၆။
- မာကု၊၁၂း၁၄–၁၅။ သူတို့သည် သခင်ယေရှု ကောင်းမြတ်ကြောင်းကို ဟန်ဆောင်၍ ပြောတတ်ကြသည်။ သူတို့က သခင်ယေရှုအား ရိုသေလေးစားသော သူများဖြစ်ကြောင်းကို သူ့အား တွေးထင်စေလိုကြသည်။ သူတို့ ဘာကို အမှန်တကယ် လိုချင်ကြောင်း သခင်ယေရှု သိနေသည်။ သူ့အား ဒုက္ခရောက်စေလိုကြသည်။ သခင်ယေရှုက ဟေရုဒ် အား ဆန့်ကျင်သည့်အဖြေကို ရယူလိုကြသည်။
- မာကု၊၁၂း၁၅။ ၎င်းသည် လိမ္မာပါးနပ်သော မေးခွန်းဖြစ်သည်။ အကယ်၍ သခင်ယေရှုက "ဟုတ်သည်" ဟု ဖြေလျှင် သာမန် ဂျူးများက သူ့အား ဆန့်ကျင် ကျောခိုင်းသွားမည် ဖြစ်သည်။ အကယ်၍ သခင်ယေရှုက "မဟုတ်ပါ" ဟုဖြေလျှင် ရောမဘုရင် ဟေရုဒ်မင်းနှင့် ပြဿနာတက်လိမ့်မည်။
- မာကု၊၁၂း၁၆။ ရောမငွေဒင်္ဂါးပြား (ဒေနာရီ) တိုင်း ၌ ကေသာဘုရင်၏ပုံ ပါသည်။ ကေသာ (ကေရာဇ် ဘုရင်) သည် ရောမအင်ပါယာ၏ နယ်မြေအများစုကို ပိုင်ဆိုင်သောဘုရင် ဖြစ်သည်။ ထိုငွေဒင်္ဂါးများကိုပင် ကေသာက ပိုင်ဆိုင်ပါသည်။

## ဟောပြောချက်၊ မာကု၊ ၁၂း၁၃–၁၇

## ကေသာဘုရင်အား ဆက်သလော့။

မာကု၊ ၁၂း၁၃–၁၇

(ဤအကြောင်းအရာကို ရှင်းပြပါ)။ အုပ်စုနှစ်ခုသည် သခင်ယေရှုအား ဒုက္ခပေးရန် အတူတကွ ရောက်ရှိလာသည်။ သူတို့၏မေးခွန်းများမှာ မည်မျှလိမ္မာ ပါးနပ်လှကြောင်းကို ဖော်ပြပါ။ ထို့နောက် သခင်ယေရှု၏ ပညာရှိစွာ ဖြေကြားထားသော အဖြေကို ပြောပြပါ)။

"ရောမဒင်္ဂါးပြားကို ငါ့အားပြလော့"။ ရောမများက ဂျူးများအား လွှမ်းမိုးအုပ်စိုးသူများ ဖြစ်သောကြောင့် ဂျူးများက သူတို့အား မုန်းကြသည်။ ဂျူးများက ဘုရားသခင်၏ လူများသည် ကေသာဘုရင်အား အခွန် မဆက်သသင့် ဟု ယူဆကြသည်။

သို့သော် သူတို့အားလုံးက ရောမငွေဒင်္ဂါး များကို အသုံးပြုကြသည်။ သခင်ယေရှုက ထိုဒင်္ဂါးပြား တစ်ပြားကို သူ့အား ပြသရန် တောင်းဆိုခဲ့သည်။ ရောမ ဒင်္ဂါးပြားတိုင်း၌ ကေသာဘုရင်၏ ပုံပါနေပါသည်။ သူသည် ထိုငွေဒင်္ဂါးများကို ပိုင်ဆိုင်ပါသည်။ ထို့ကြောင့် ကေသာဘုရင်အား အခွန် ဆက်သစေလိုပြီး သူတို့ကလည်း ပေးသင့်ပါသည်။

» *သင်သည်လည်း သင်၏အစိုးရအား အခွန်ပေးဆောင်ရမည် ဖြစ်သည်။ အစိုးရက ကေသာဘုရင်ကဲ့သို့ မကောင်းမှုပြုနေသည့်တိုင် သူ့အား ပေးရမည်။ သခင် ယေရှုက ကျွန်ုပ်တို့အား အခွန်ဆက်သစေလိုသည်။ ထို့ကြောင့် ဆင်ခြေဆင်လက်မပေးပါနှင့်။ လိမ်ညာလှည့်ဖြားရန် မကြိုးစားပါနှင့်။ ရောမ၊ ၁၃း၁–၇။*

## ဘုရားသခင်အား ဆက်သလော့။

မာကု၊ ၁၂း၁၇။

သူတို့၏မေးခွန်းများမှာ ပါးနပ်လှသည်။ သို့သော် သခင်ယေရှု၏အဖြေမှာပို၍ထိရောက်သည်။ သခင်ယေရှု ပြောသည့် အရာသည် မှန်ကန်ကြောင်း အုပ်စုနှစ်ခုစလုံးက သိနေသည်။ သူတို့သည် ကေသာဘုရင်အား အခွန်ဆက်သသင့်သည်။ အဘယ်ကြောင့်ဆိုသော် ကေသာ ပိုင်ဆိုင်သောကြောင့်ဖြစ်သည်။ သူတို့သည် ဘုရားသခင် ပိုင်ဆိုင်သောအရာကို ဘုရားသခင်အား ပေးဆပ်သင့်သည်။

- ကျွန်ုပ်တို့သည် ဒင်္ဂါးပြားနှင့်တူကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သဏ္ဌာန်တော်ကို ဖော်ပြ နေကြသည်။ သူက ကျွန်ုပ်တို့ကို ဖန်ဆင်းထားသည်။ ကျွန်ုပ်တို့ကို သူပိုင်သသည်။ ထို့ကြောင့် သူတောင်းဆိုသော အရာအားလုံးကို သူ့အား ပေးဆပ်သင့်သည်။

- ဘုရားသခင်က ကျွန်ုပ်တို့ထံမှ မည်သည့် အရာကို တောင်းဆိုနေပါသနည်း။ (မာကု၊ ၁၂း၂၉–၃၁)။

"ဘုရားသခင် ပိုင်တော်မူသောအရာကို ဘုရားသခင်အား ပေးလော့" ဟု သွန်သင်ရန် ဘုရားသခင်၏ သားတော်ကို ဤလောကသို့ စေလွှတ်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ ဤလူများသည် နားထောင်လိမ့်မည်မဟုတ်။ သူတို့သည် ဘုရားသခင်ကို အမှန်တကယ် မချစ်ကြပါ။ သူတို့၏အသက်တာများကို ဘုရားသခင်အား မဆက်ကပ်လိုကြပေ။ ထို့ကြောင့် ဘုရား၏သားကို သတ်ရန် ကြိုးစားကြပါသည်။

» သခင်ယေရှုက ကျွန်ုပ်တို့အား ပြောပါသည်။ "ဘုရားသခင်နှင့် ဆိုင်သောအရာကို ဘုရားသခင်အား ပေးလော့"။ ထိုသို့ပြုလုပ်ရန် သင်နှစ်သက်ဝမ်းမြောက် ပါသလား။ ကျွန်ုပ်၏ငွေသည် ဘုရား၏ငွေ၊ ကျွန်ုပ်၏ အချိန်သည် ဘုရား၏အချိန်၊ ကျွန်ုပ်၏အသက်တာ အားလုံးသည် ဘုရားအတွက် ဖြစ်သည်ဟု သင်ပြောနိုင် ပါသလား။

» ကျွန်ုပ်တို့သည် ဘုရားသခင် ပိုင်သောအရာများကို ခိုးယူနေကြသည်။ ကျွန်ုပ်တို့သည် ကိုယ့်အတွက်သာကိုယ် အသက်ရှင်နေကြသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့၏ အပြစ်ကြွေးများအတွက် ကားတိုင်ပေါ်တွင် အသေခံခဲ့သည်ကို သတိရပါ။ သူသည် ကျွန်ုပ်တို့အား အပြစ်လွှတ်ရန် လာခဲ့ခြင်းဖြစ်သည်။ သူသည် ကျွန်ုပ်တို့ သူ့ထံပြန်လာပြီး ကျွန်ုပ်တို့အသက်တာကို သူပိုင်ကြောင်း ဖော်ပြရန် ကြွလာခဲ့သည်။ ဘုရားသခင်အတွက် ပြန်လည်ပေးဆပ်ရန် သင့်အတွက် ဘာလိုအပ်ပါသလဲ။

[?] လေ့လာချက်၊ မာကု၊ ၁၂း၁၈–၂၇

# ၅၀ ဆိုးရွားသော မှားယွင်းမှု

## ▣ နောက်ခံသမိုင်း

ကွဲပြားသော ဂျူးအဖွဲ့များစွာတို့သည် သခင်ယေရှုထံသို့လာ၍ မေးခွန်းများ မေးလျှောက်ကြသည်။ သူတို့သည် အဖြေကို သိလိုခြင်းမဟုတ်ပါ။ ၎င်းတို့ သည် ခက်ခဲသော မေးခွန်းများဖြစ်ကြသည်။ သခင် ယေရှုက သူတို့အား အဖြေမပေးနိုင်ဟု သူတို့ တွေးထင်ထားကြသည်။ သူတို့သည် သခင်ယေရှုအား စုံစမ်းလိုခြင်းပင်ဖြစ်သည်။ သခင်ယေရှု တွေဝေသွားပုံကို တွေ့မြင်လိုကြသည်။ နောက်ဆုံး၌ သခင်ယေရှုအား သတ်လိုကြခြင်းဖြစ်သည်။

သခင်ယေရှုအား နောက်ထပ် စုံစမ်းလိုသည့်အုပ်စုမှာ ဒ္ဒေါကဲများဖြစ်သည်။ 📖 မာကု၊ ၁၂း ၁၈–၂၇။

## ⊡ အဓိကအချက်

ဆိုးရွားသောအမှားကို မပြုမိပါစေနှင့်။ သမ္မာကျမ်းထဲမှ ဖော်ပြချက်များကို ယုံကြည်ပါ။

## ⊛ လုပ်ဆောင်ရန်

ဒ္ဒေါကဲများကဲ့သို့ ဆိုးရွားသောအမှားကို လွယ်ကူစွာပြုနိုင်ကြသည်။ သူတစ်ပါးပြောသည့်အရာများ သို့မဟုတ် ကျွန်ုပ်တို့၏မိရိုးဖလာက ပြောသည့်အရာများကို ကျွန်ုပ်တို့သည် အခိုင်အမာ ဆုပ်ကိုင်ထားတတ်ကြသည်။ သို့မဟုတ် အသစ်သောသွန်သင်ခြင်းများကို လွယ်ကူစွာ ခံယူတတ်ကြသည်။ ၎င်းသွန်သင်ချက်များသည် ကျွန်ုပ်တို့အား ဆွဲဆောင်နိုင်စွမ်းရှိသည်။ သို့သော် သမ္မာကျမ်းထဲမှ ဘုရားသခင်၏သွန်သင်ချက်များကို သေသေချာချာ မကြည့်လိုကြပါ။ သမ္မာကျမ်း၏သွန်သင်ချက်များကို မယုံကြည်လိုခြင်းလည်း ဖြစ်နိုင်သည်။ ကျွန်ုပ်တို့သည် မျက်မမြင်များဖြစ်နေကြသည်။

## ▲ မှတ်သားရန်

• မာကု၊ ၁၂း၁၈။ ဒ္ဒေါကဲများသည် ဖာရိရှဲများနှင့် အလွန်ပင် ကွဲပြားခြားနားကြသည်။ သူတို့သည် မွေဟောင်းကျမ်းထဲရှိ မောရှေရေးသားထားသော ပထမကျမ်းငါးကျမ်းကိုသာ ယုံကြည်ကြသည်။ သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းကို လုံးဝ အယုံအကြည်မရှိပါ။

• မာကု၊ ၁၂း၂၀။ ဒ္ဒေါကဲများက ဇာတ်လမ်းဆင်ကြသည်။ ရှင်ပြန်ထမြောက်သည့်နေ့ကို သူတို့ အယုံအကြည်မရှိကြပေ။ (ကျွန်ုပ်တို့၏သေဆုံးသွားသော ခန္ဓာထဲသို့ အသစ်သော အသက်ဝိညာဉ် ဝင်ရောက်ခြင်း) သူတို့ ဇာတ်လမ်းဆင်ထားသည့်အချက်မှာ ရှင်ပြန်ထမြောက်ခြင်းကို ရှုံးမိုက်သော သဘောအဖြစ် မြင်သွားစေသည်။ မိန်းမတစ်ယောက်သည် ညီအစ်ကို ခုနစ်ယောက်နှင့် စုံဖက်၏။ တစ်ယောက်သေသောအခါ တစ်ယောက်နောက်တစ်ယောက် ခုနစ်ယောက်သော ညီအစ်ကို သိမ်းယူ၏။ ဤသည်မှာ ဓမ္မဟောင်းကျမ်း၏ ပညတ်ချက်ဖြစ်သည်။ သို့ဖြစ်၍ ထမြောက်ရာကာလ၌ ထိုမိန်းမသည် အဘယ်သူ၏မယားဖြစ်ပါသနည်း။ ဤအချက်သည် သခင်ယေရှုဖြေကြားရန် အလွန်ခက်ခဲသောမေးခွန်းဖြစ်သည်ဟု သူတို့တွေးထင်ထားကြသည်။

• မာကု၊ ၁၂း၂၆–၂၇။ (ထွက်၊ ၃း၆) ဘုရားသခင်သည် အာဗြဟံ၊ ဣဇာက်နှင့်ယာကုပ်တို့အား ကတိပေးထားတော်မူ၏။ ကမ္ဘာပေါ်တွင် သူတို့ အသက်ရှင်နေသည့် အချိန်ကာလ၌ ဘုရားသခင် ကတိပေးထားသောအရာများကို မခံစားခဲ့ကြရပါ။ သို့သော် ဘုရားသခင်က သူ၏ကတိတော်ကို စောင့်ထိန်းတော်မူသည်။ ဘုရားသခင်သည် ယခုထိတိုင် အာဗြဟံ၊ ဣဇာက်နှင့်ယာကုပ်တို့၏ ဘုရားဖြစ်တော်မူ၏။ သူတို့သည် သေဆုံးသွားပြီး နောက်ဘဝသည် နိဂုံးချုပ် အဆုံးသတ်သွားခြင်းမဟုတ်။ သူတို့၏ဝိညာဉ်များသည် ရှင်သန်နေသေးသည်။ ရှင်ပြန်ထမြောက်မည့်နေ့ကို သူတို့စောင့်မျှော်နေကြ သည်။ သူတို့သည် ခန္ဓာကိုယ်ဖြင့် ထမြောက်လိမ့်မည်။ ထို့နောက် သူတို့ယုံကြည်ထားသည့် ကတိတော်များကို လက်ခံရယူကြမည်ဖြစ်သည်။

## ဟောပြောချက်၊ မာကု၊၁၂း၁၈–၂၇

# ရှင်ပြန်ထမြောက်ခြင်းနှင့်ဆိုင်သောမေးခွန်း

မာကု၊၁၂း၂၃။

ဇဒ္ဒုကဲများက သခင်ယေရှုမိုက်မဲသည့်ပုံကို မြင်တွေ့လိုကြသည်။ (ဇဒ္ဒုကဲများ၏ ပုံပြင်ဇာတ်လမ်း အကြောင်းကို ပြောပြပါ။ ၎င်းဇာတ်လမ်းသည် သခင်ယေရှုအတွက် ပြဿနာဖြစ်စေမည်ဟု အဘယ်ကြောင့် သူတို့တွေးထင်ထားပါသနည်း)

ဤမေးခွန်းသည် သခင်ယေရှုဖြေကြားရန် အလွန်လွယ်ကူပါသည်။ မာကု၊၁၂း၂၅။ကောင်းကင်နိုင်ငံတော်၌ ကျွန်ုပ်တို့၏ခန္ဓာကိုယ်အစစ်အမှန်ရှိ နေလိမ့်မည်။ သို့သော် မြေကြီးပေါ်ရှိ ကျွန်ုပ်တို့၏ခန္ဓာကိုယ်နှင့် တူလိမ့်မည်မဟုတ်။ ကောင်းကင်နိုင်ငံတော်၌ ကျွန်ုပ်တို့သည် မိတ်ဆွေရင်းချာများ ဖြစ်ကြလိမ့်မည်။ မည်သို့ပင်ဖြစ်စေ မြေကြီးအသက်တာနှင့်တူလိမ့်မည်မဟုတ်။ လက်ထပ် ထိမ်းမြားခြင်း၊ ကလေးမွေးခြင်းများမရှိနိုင်ပါ။ (၁ကော၊၁၅း၃၅–၄၄)

တစ်နေ့နေ့၌ ကျွန်ုပ်တို့၏ခန္ဓာကိုယ်သည် သေခြင်းမှထမြောက်မည်အကြောင်း ယုံကြည်ခြင်းသည် အလွန်အရေးကြီးပါသည်။ ကျွန်ုပ်တို့သည် ခန္ဓာကိုယ်အစစ်၊ သာ၍ကောင်းသော ခန္ဓာကိုယ်ကို ပိုင်ဆိုင်ကြမည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကို ယုံကြည်ပါက သူနှင့်အတူ ထာဝရအသက်ရှင်ခွင့်ရမည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ ကျွန်ုပ်တို့တွင် မေးခွန်းများစွာ ရှိကောင်း ရှိနိုင်သည်။ မည်သို့သော မေးခွန်းဖြစ်မည်နည်း။ မစိုးရိမ်ပါနှင့်။ သမ္မာကျမ်းထဲမှာ ဘုရားသခင် ကျွန်ုပ်တို့ကို ပြောသောအရာများကို ယုံကြည်ပါ။

သခင်ယေရှုက ဓမ္မဟောင်းကျမ်းထဲရှိ သွန်သင်ချက်များကို ဇဒ္ဒုကဲတို့အား ပြည့်သွန်ပါသည်။ ၎င်းအထဲ၌ ဖော်ပြထားသည်မှာ ကျွန်ုပ်တို့သည် သေခြင်းမှရှင်ပြန်ထမြောက်လိမ့်မည်။ ဇဒ္ဒုကဲများက မောရှေရေးသားထားသော ကျမ်းပိုဒ်များကိုသာ ယုံကြည်ကြသည်။ သခင်ယေရှုက မောရှေ ရေးသားထားသော ထွက်မြောက်ရာကျမ်းထဲမှ ကောက်နုတ် သင်ကြားပေးခြင်းဖြစ်သည်။ ဘုရားသခင်သည် အသက်ရှင်သော သူတို့၏ဘုရားဖြစ်ပြီး သေနေသော သူတို့၏ဘုရား မဟုတ်ကြောင်း ပြည့်သွန်ခဲ့သည်။ ဤဘဝ၌ ကျွန်ုပ်တို့ သေဆုံးသွားပြီးနောက် ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဘုရားပင်ဖြစ်နေ ပါသေးသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ အသက်တာသည် ပြီးဆုံးသွားခြင်း မဟုတ်ပါ။ ကျွန်ုပ် တို့၏ ခန္ဓာကိုယ်သည် ရှင်ပြန်ထမြောက်လိမ့်မည်။ (မာကု၊၁၂း၂၆–၂၇ ကို ရှင်းပြပါ။ မှတ်သားရန် အချက်ကို ပြန်ကြည့်ပါ)။

## ကျွန်ုပ်တို့အတွက်မေးခွန်း

မာကု၊၁၂း၂၄၊၂၇။

ကျွန်ုပ်တို့သည် ဇဒ္ဒုကဲများကဲ့သို့ ဆိုးရွားသောအမှားများကို ပြုမိကြပါသလား။ မည်သည့်အချက်သည် ဇဒ္ဒုကဲများအတွက် ပြဿနာဖြစ်စေသည်ကို ဖော်ပြပေးပါ။

- သမ္မာကျမ်းသည် နားလည်ရခက်ခဲသည်ဟု သူတို့ထင်ကြပါသလား။
- သို့မဟုတ် သူတို့သည် သမ္မာကျမ်းကို မယုံကြည်သောကြောင့် ဖြစ်နေပါသလား။

ကျွန်ုပ်တို့သည် သမ္မာကျမ်းကို နားလည်ရခက်ခဲနေသောအခါ ဘုရားသခင်က ကျွန်ုပ်တို့အား ကူညီချင်ပါသည်။ သင့်အား ကူညီရန် ဘုရားရှင်ကို တောင်းလျှောက်ပါ။ သင်၏ဆရာများက သင့်အား ကူညီရန် တောင်းခံပါ။

မည်သို့ပင်ဖြစ်စေ ဇဒ္ဒုကဲများက မယုံကြည်ချင်ကြသောကြောင့် သူတို့သည် မှားယွင်းနေကြသည်။ သူတို့သည် သမ္မာကျမ်း၏သွန်သင်ချက်ကို လက်မခံလိုပေ။ သမ္မာကျမ်းထဲမှ ဖော်ပြချက်များကို သူတို့ မနှစ်သက်ကြပါ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် သမ္မာကျမ်းကို မသိခြင်း သို့မဟုတ် ဘုရားသခင်၏ တန်ခိုးတော်ကို မသိနားမလည်သောကြောင့်ဖြစ်သည်။ ဤသည်မှာ ဆိုးရွားသောအမှားဖြစ်သည်။ သင်သည်လည်း မည်မျှမှားယွင်းနေပါသနည်း။

သမ္မာကျမ်းထဲမှ ဘုရားသခင် ဖော်ပြထားသော အရာအားလုံးကို သင်သည် လိုလိုလားလား ယုံကြည်နေပါသလား။ အကယ်၍ ကျမ်းစာထဲမှ တစ်စုံတစ်ခုကို သင်မနှစ်သက်ပါက သင်ဘာလုပ်မည်နည်း။ ထိုအရာများကို သင်လက်ခံနိုင်ရန် ဘုရားသခင်ကူမတော်မည့်အကြောင်း ဘုရားသခင်အား သင်တောင်းလျှောက်ပါသလား။ (ဤအကြောင်းကို များများပြောဆိုပါ)။ ဤကဲ့သို့သောဆိုးရွားသည့်အမှားကို သင် မပြုမိပါစေနှင့်။

[?] လေ့လာချက်၊ မာကု၊ ၁၂း၂၈-၃၄

# ၅၁ သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့ ချစ်လော့။

## ▣ နောက်ခံသမိုင်း

သခင်ယေရှုသည် ယေရုရှလင်မြို့ထဲ၌ ရှိနေသည်။ သူ့အသေမခံမီ နောက်ဆုံးသော ရက်သတ္တပတ်ဖြစ်သည်။ ဂျူးများက သူ့အား သတ်လိုကြသည်။ သို့သော်မည်ကဲ့သို့ပြုလုပ်ရမည်ကို မသိပေ။ သူတို့ သည် သခင်ယေရှု ဒုက္ခရောက် စေမည့် လိမ္မာပါးနပ်သောမေးခွန်းများကို မေးမြန်း ကြသည်။

ယခုလူတစ်ယောက်က သခင်ယေရှုအား မေးခွန်းမေးရန် လာသည်။ ၎င်းမေးခွန်းသည် နောက်ဆုံးသောမေးခွန်း ဖြစ်လိမ့်မည်။ သခင်ယေရှုက အလွန်ကောင်းသောအဖြေကိုပေးခဲ့သည်။ ထို့ကြောင့် မည်သူ တစ်ဦးတစ်ယောက်မျှ မေးခွန်းထပ်၍ မမေးလိုကြတော့ပါ။

ဤလူသည် ထူးခြားသောသူဖြစ်သည်။ သူသည် သခင်ယေရှုကို မုန်းသောသူမဟုတ် သူ့ထံမှ သင်ယူလိုခြင်းဖြစ်သည်။ သူမေးသောမေးခွန်း၏အဖြေကို အမှန်တကယ်သိလိုသည်။ 📖 မာကု၊ ၁၂း၂၈-၃၄။

## ⊡ အဓိကအချက်

ဘုရားသခင်၏အမှန်တရားကို ဤကဲ့သို့ ခံယူပါ။ ချစ်ခြင်းမေတ္တာသည် ဘုရားသခင်၏ ပညတ်တော်တို့ကို စောင့်ထိန်းသည့်နည်းလမ်းဖြစ် ကြောင်း နားလည်သဘောပေါက်ပါ။

## ⊛ လုပ်ဆောင်ရန်

ပညတ်တော်များသည် စောင့်ထိန်းရန် လွယ်ကူပါသည်။ သို့သော် အရာအားလုံးထက် ကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာကို ဘုရားရှင်အလို ရှိသည်။ ဤအချက်သည် ကျွန်ုပ်တို့အတွက်ဖြစ်နိုင်ချေရှိသည်။ ဤအချက်ကို သင်၏ ပရိသတ်များ နားလည်ရန် မည်သို့ဖော်ပြရမည်ကို စဉ်းစားပါ။

## ▲ မှတ်သားရန်

● မာကု၊ ၁၂း၂၈။ ဘာသာရေးဆရာအများစုသည် သခင်ယေရှုကို ဆန့်ကျင်ကြသည်။ သူတို့၏တာဝန်ဝတ္တရားမှာ ဘုရားသခင်၏ပညတ်တော်များကို လေ့လာရန်နှင့် သင်ကြားပို့ချပေးရန်ဖြစ်သည်။ သူတို့သည် သမ္မာကျမ်းထဲတွင် မပါသော အရေးမပါလှသော ရာနှင့်ချီသည့် ပညတ်တော်များကို သွန်သင်ကြသေးသည်။

● မာကု၊ ၁၂း၂၈-၃၀။ ဘာသာရေးခေါင်းဆောင်များက ရာနှင့်ချီသော ပညတ်တော်များကို သွန်သင်ပေးနေကြောင်းသတိရပါ။ သို့ဖြစ်၍ မည်သည့်အရာသည် အရေးကြီးဆုံးဖြစ်သနည်း။ သခင်ယေရှုက အသစ်သော အဖြေကို မပေးခဲ့ပါ။ တရားဟော၊ ၆း၄-၆ ထဲမှစကားလုံးများကိုပင် ပြန်ပြောခဲ့သည်။ ဘာသာရေးခေါင်းဆောင်များက ဤစကားလုံးများကို ကောင်းစွာ သိနှင့်ပြီးသားဖြစ်သည်။ ၎င်းတို့သည် ဓမ္မဟောင်းများထဲမှ အရေးပါသောစကားလုံးများဖြစ်ကြသည်။

● မာကု၊ ၁၂း၃၁။ သခင်ယေရှုက ဒုတိယပညတ်တော်ကို ထပ်မံ ဖြည့်စွက်ခဲ့ပါသည်။ ဤအချက်သည် ဝတ်၊ ၁၉း၁၈ မှကောက်နုတ်ထားခြင်းဖြစ်သည်။ သင်သည် ဘုရားသခင်ကိုချစ်ပါက အခြားသောသူများကို လည်း ချစ်ရမည်ကို သခင်ယေရှုသိတော်မူ၏။ ဤအချက်နှစ်ချက်သည် အတူတကွ ဒွန်တွဲလျက်ရှိသည်။ ပညတ်တော်ဆယ်ပါး၏အချက်လည်းဖြစ်သည်။

● မာကု၊ ၁၂း၃၄။ ဤသူသည် ဘုရားသခင်၏ နိုင်ငံတော်နှင့် အလှမ်းဝေးနေသောသူမဟုတ်ပါ။ ထို့ကြောင့် သူသည်အရေးပါသောအမှန်တရားကို တွေ့ရှိခြင်းဖြစ်သည်။ ဘုရားသခင်၏ပညတ်တော် များကို ကျွန်ုပ်တို့၏နှလုံးသားထဲမှ စောင့်ထိန်းသင့်ပါ သည်။ သူသည် ဤအရာများကိုမလုပ်ဆောင်နိုင်ခဲ့ပါ။ ယခု သူသည် သခင်ယေရှုအား ယုံကြည်ရန်လိုအပ် ပါသည်။

## ⇥ ဟောပြောချက်၊ မာကု၁၂း၂၈-၃၄

# သိချင်စိတ်ရှိသောသူတစ်ဦး

📖 မာကု၁၂း၂၈

လူနှစ်မျိုးနှစ်စားရှိပါသည်။ အချို့က ဘုရားသခင်၏အမှန်တရားမှ အလှမ်းဝေးစွာ နေလိုကြပြီး အချို့မှာ ၎င်းတို့ကို သိလိုကြသည်။ အချို့က ဘုရားသခင်၏ အမှန်တရားများကို စွန့်ပစ်လိုက်ကြပြီး အချို့မှာ လက်ခံရယူလိုကြသည်။ သင်သည်မည်သည့် လူစားမျိုးဖြစ်ပါသနည်း။

ဤကျမ်းပြုဆရာသည် ဘုရားသခင်၏ အမှန်တရားကို သိလိုပါသည်။ (မာကု၁၂း၂၈) အခြားသူများမှာမူသခင်ယေရှုအား ခက်ခဲသောမေးခွန်းများကို မေးမြန်းလာကြသည်။ သို့သော်ဤကျမ်းပြုဆရာကား ထူးခြားလှသည်။ အမှန်တရားကို ရှာဖွေတွေ့ရှိရန် သခင်ယေရှုက သူ့အား ကူညီနိုင်ကြောင်းကို သူသိနေပါသည်။

သခင်ယေရှုက သူ့အားခက်ခဲလွန်း လှသော အဖြေကိုပေးသောအခါ ဘာတွေ ထပ်ပြီးဖြစ်ပျက်ခဲ့သနည်း။

📖 မာကု၁၂း၃၂-၃၃။ ဤအရာသည် အလွန်ခက်ခဲလွန်းလှပါသည်ဟု ထိုသူမပြောခဲ့ပါ။ သူဆင်ခြေမပေးခဲ့ပါ။ သခင်ယေရှု၏အဖြေကို သူလက်ခံခဲ့ပါ သည်။ သခင်ယေရှုသည် မှန်ကန်သောသူဖြစ်ကြောင်း ကို သူသိနေသည်။ ဤပညတ်တော်များကို လိုက်လျှောက်ရန် လိုအပ်ကြောင်းကို သူသိနေသည်။

ဘုရားသခင်၏စကားတော်များသည် လိုက်လျှောက်ရန်ခက်ခဲပါက သင်မည်ကဲ့သို့ တုံ့ပြန်မည်နည်း။ ကျွန်ုပ် မလုပ်ဆောင်နိုင်ပါ။ ကျွန်ုပ်သည် အခြားသူများထက် သာ၍မြတ်ပါသည်။ ဘုရားသခင်က ထိုသို့သော အနက်အဓိပ္ပါယ်ဖြင့် ဆိုလိုခြင်းမဟုတ်ပါ။ (ပိုမို၍ခိုင်လုံသောအကြောင်းပြချက်များဖြင့် ဆွေးနွေးပြောဆိုပါ)။

**ကျွန်ုပ်တို့စောင့်ထိန်းရန်လိုအပ်သောပညတ်တော်**

📖 မာကု၁၂း၃၂-၃၃။

⊞ လူတစ်ယောက်တွင် သားနှစ်ယောက်ရှိသည်။ သူက သားတစ်ယောက်အား ပညတ်ချက်တစ်ရာကို စောင့်ထိန်းခိုင်းသည်။ အခြားသားတစ်ယောက်ကိုမူ သူ့အား ချစ်ရန်သာပြောခဲ့သည်။ သားနှစ်ယောက်စလုံးက ဖခင် မှာကြားသည့်အတိုင်း လုပ်ဆောင်ကြသည်။ မည်သူက ဖခင်ကို ပို၍ ကျေနပ်စေသနည်း။

ကျမ်းပြုဆရာများက ရာနှင့်ချီသော အရေးမပါလှသည့်ပညတ် တော်များကိုသွန်သင်ကြသည်။ သခင်ယေရှု အမှန်တကယ် လိုချင်သောအရာတစ်ခုသာရှိသည်ကို သူသိမြင်နေသည်။ ဘုရားသခင်က ကျွန်ုပ်တို့၏ပူဇော်သက္ကာများကို မလိုလားပဲ ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာကိုသာ အလိုရှိပါသည်။ ကျွန်ုပ်တို့၌ရှိသမျှသော ငွေကြေးအားလုံးကို ဘုရားသခင်အား ပေးနိုင်လိမ့်မည်။ ဘုရားကျောင်းသို့ ကျွန်ုပ်တို့နေ့တိုင်း သွားနိုင်မည်။ တစ်ပတ်လုံး ကျွန်ုပ်တို့ ဆုတောင်းနိုင်မည်။ သို့သော် ချစ်ခြင်းမေတ္တာမပါပါက အရာအားလုံးသည် အချည်းနှီးပင်ဖြစ်သည်။

≫ အဘယ်မျှလောက်သော ချစ်ခြင်းမေတ္တာကို ဘုရားသခင်အလိုရှိ သနည်း။

≫ ဤပညတ်တော်များကို သင်ဘယ်လောက်ကောင်းအောင် စောင့်ထိန်းနိုင်ပါသနည်း။ မည်မျှလွယ်ကူလှပါသနည်း။

≫ ဤသူသည် အမှန်တရားကိုမြင်ခဲ့ကြောင်း သင်သိပါသလား။ ဘုရားသခင်က ကျွန်ုပ်တို့အား သူနှင့်အခြားသူများကို စိတ်နှလုံးအကြွင်းမဲ့ ချစ်ရန် ပြောခဲ့ပါသည်။ သို့သော် ကျွန်ုပ်တို့ မလုပ်ဆောင်နိုင်ကြပါ။ ထိုအရာကို လုပ်ဆောင်ရန် အစမပြုနိုင်ပါ။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို အလွန်ချစ်ကြပါသည်။ ထို့ကြောင့် ဘုရားနှင့်ကျွန်ုပ်တို့ကြား၌ ပြဿနာလေးများရှိနေသည်။

ဤအချက်သည် ယေရှုကို ကျွန်ုပ်တို့၌ လိုအပ်သည့်အကြောင်းရင်းပင် ဖြစ်သည်။ ဘုရားသခင်အား ချစ်ရန် အားနည်းနေသောသူများအား အပြစ်လွှတ်ရန် သူကြွဆင်းလာခြင်းဖြစ်သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့၏ အပြစ်များအတွက်အသေခံရန် ကားတိုင်လမ်းကို လျှောက်ခဲ့ရပါသည်။ သခင်ယေရှုသည် သင်၏ ကယ်တင်ရှင်ဖြစ်လာဖို့ရန် တောင်းလျှောက်ပါ။

# ၅၂ လက်ခံရယူခြင်း သို့မဟုတ် ပေးကမ်းစွန့်ကြဲခြင်း

## ■ နောက်ခံသမိုင်း

လူအမျိုးမျိုးတို့သည် ခက်ခဲသောမေးခွန်းများစွာကို မေးလျှောက်ရန် သခင်ယေရှုထံသို့လာကြသည်။ သူတို့က သူ့အား ဒုက္ခရောက်စေလိုပြီး သတ်ဖြတ်လိုခြင်းဖြစ်သည်။ ယခု သခင်ယေရှုက သူတို့အား မေးမြန်းရမည့်အလှည့် ဖြစ်သည်။

ကျမ်းပြုဆရာများ၏ မှားယွင်းမှုများကို သခင်ယေရှုက လူများအား ပြသလိုကြသည်။ သူတို့သည် သခင်ယေရှုနှင့်ပတ်သက်၍ မှားယွင်းသောအမြင် ရှိနေသည်။ သူတို့၏အသက်ရှင်ပုံရှင်နည်းများသည်လည်း မှားယွင်းနေကြသည်။ သူတို့သည် မိမိတို့အတွက် ပစ္စည်းများ လက်ခံရယူကြသည်။ သူတို့သည် အခြားသူများ သို့မဟုတ် ဘုရားသခင်ကိုပင် ဂရုမစိုက်တတ်ကြပါ။ ဆင်းရဲသောမုဆိုးမဖြစ်ပါက ပို၍ ကောင်းမည်ဖြစ်သည်။ သူမသည် အရာအားလုံးကို ပေးဆပ်လိုသည်။ –

📖 မာကု၊ ၁၂း၃၅–၄၄။

## ⊡ အဓိကအချက်

သူတို့ရရှိသည့်အတွက်သာ ရည်ရွယ် သည့် ဆိုးသွမ်းသော ဆရာများ၏အကြောင်းကို လေ့လာကြည့်ပါ။ ဘုရားသခင်ကို အမှန်တကယ် ချစ်ပြီး အရာအားလုံး ပေးကမ်းစွန့်ကြဲသည့် မုဆိုးမနှင့်တူပါစေ။

## ★ လုပ်ဆောင်ရန်

မာကု၊ ၁၂း၄၁–၄၄ ထဲရှိ မုဆိုးမ၏ အကြောင်းသည် အလွန်ပင် ထိရောက်သော ဥပမာတစ်ခုဖြစ်သည်။ သို့သော် သတိပြုရန်လိုအပ်သည်။ အဓိကအချက်သည် လူများအား ငွေများများ ပေးစေလိုခြင်းမဟုတ်ပါ။ သခင်ယေရှုက ထိုသူသည် အနည်းငယ်မျှကိုသာ ပေးသည်ကိုသတိပြုမိသည်။ ဤနေရာတွင် သခင်ယေရှုသင်ကြားလိုသော အချက်မှာ နှလုံးသားအားပေးဆပ်ခြင်းဖြစ်သည်။

## ▲ မှတ်သားရန်

• မာကု၊ ၁၂း၃၅–၃၇။ ပြီးခဲ့သောတနင်္ဂနွေနေ့၌ သခင်ယေရှု ယေရုရှလင်မြို့သို့ကြွလာသောအခါ လူများက "ဒါဝိဒ်၏သားတော် ဟောရှန္နာဖြစ်စေသတည်း"ဟု ကြွေးကြော်ကြသည်။ ကျမ်းပြုဆရာများက အလွန်ပင် စိတ်ဆိုးကြသည်။ သူတို့က သခင်ယေရှုအား "ဒါဝိဒ်၏သားတော်"ဟုခေါ်ခြင်းကို မလိုလားကြပေ။ ၎င်း၏အဓိပ္ပါယ်မှာ သခင်ယေရှုသည် 'ခရစ်တော်' သို့မဟုတ် 'မေရှိယ'ဖြစ်သည်ဟု ဆိုလိုသည်။

ယခု သခင်ယေရှုက သမ္မာကျမ်းမှ ဖော်ပြထားသော 'ခရစ်တော်'၏ အကြောင်းကို သွန်သင်ဖော်ပြသည်။ သူတို့ တွေးထင်ထားသည်ထက် သူသည် ပို၍ အရေးပါနေသူဖြစ်သည်။ ခရစ်တော်သည် လူသားတစ်ဦးမျှသာမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ဒါဝိဒ်က သူ့အား အရှင်သခင်ဟု ခေါ်ခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် ကျမ်းပြုဆရာများက သခင်ယေရှုအား "ဒါဝိဒ်၏သားတော်" ထက်ပို၍ကောင်းသော အသုံးအနှုန်းဖြင့် ခေါ်ဝေါ်ရပါသည်။ သူ့အား အရှင်သခင်၊ ဘုရားအဖြစ် ကြည်ညိုရပါသည်။

• မာကု၊ ၁၂း၄၀။ ကျမ်းပြုဆရာများက အလွန်သန့်ရှင်းသူများဟု ထင်ရပါသည်။ အမှန်စင်စစ် သူတို့သည် လောဘကြီး၍ ရက်စက်ကြမ်းကြုတ်သူများဖြစ်ကြသည်။ သူတို့သည် အကူအညီ လိုအပ်သောမုဆိုးမများထံမှ ငွေကြေးများ ယူတတ်ကြသည်။ သူတို့၏လုပ်ဆောင်ချက်များကို ကျွန်ုပ်တို့ အမှန်တကယ်မသိနိုင်သော်လည်း ခိုးယူနေခြင်းဖြစ်ကြောင်း သခင်ယေရှုက တွေးထင်ခဲ့ပါသည်။

## ⇨ တောပြောချက်၊ မာကု၊ ၁၂း၃၅-၄၄

### ဆိုးသွမ်းသောဆရာများ – အန္တရာယ်ရှိခြင်း

📖 မာကု၊ ၁၂း၃၅-၄၀

• ဆရာများက ပုံပြင်ကောင်းကောင်းလေး ပြောပြလိမ့်မည်။ ကျွန်ုပ်တို့ ရယ်မောအောင် ပြုကောင်းပြုလိမ့်မည်။ သူသည် ကြီးမားသောအသင်းတော်မှ လာခြင်းဖြစ်လိမ့်မည်။ သို့သော် သူသည် ဆိုးသွမ်းသောဆရာဖြစ်ကြောင်း ကျွန်ုပ်တို့ မည်သို့ပြောနိုင်သနည်း။

၁။ သူသည်အမှန်တရားအားလုံးကို မသွန်သင်ပါ။ 📖 မာကု၊ ၁၂း၃၅-၃၇။

(ဤကျမ်းပိုဒ်များကို ရှင်းပြပါ။ ▲ မှတ်သားရန်အချက်မှာရှိ)

⊠ ကျမ်းပြုဆရာများက သမ္မာကျမ်းထဲရှိ ဖော်ပြချက်များကို လက်မခံလိုကြပါ။ သူတို့ပြောချင်သမျှကိုပြောပြီး ကျမ်းစာက ပြောသည်ဟု ပုံချတတ်သည်။

*ဘုရားသခင်၏စကားတော်အတိုင်း မလိုက်လျှောက်လိုသောဆရာများကို လက်မခံပါနှင့်။ သမ္မာကျမ်းက ကျွန်ုပ်တို့ကို ပြုပြင်ပြောင်းလဲပေးနိုင်ရန် ကျွန်ုပ်တို့သည် လိုလိုလားလားဖြစ်သင့်သည်။*

၂။ ဆိုးသွမ်းသောဆရာသည် သူ့အတွက်ကိုသာ ဂရုပြုတတ်သည်။ 📖 မာကု၊ ၁၂း၃၈-၄၀။

ကျမ်းပြုဆရာများသည် အလွန်ကောင်းမြတ်သောသူဟု မြင်တတ်ကြသည်။ သူတို့သည် အရေးကြီးသော အစည်းအဝေးများ၌ အမြဲတမ်း ပါတတ်သည်။ သူတို့သည် အဘယ်မျှလောက် ကောင်းကြောင်းကို လူတိုင်းအား သိစေလိုကြသည်။ မည်သို့ပင်ဖြစ်စေ အားလုံးက သူတို့အတွက်ချည်းပင်ဖြစ်သည်။ သူတို့သည် လောဘကြီးကြသည်။ တန်ခိုးသြဇာကို လိုချင်ကြသည်။ ငွေလိုချင်ကြသည်။ မုဆိုးမများကဲ့သို့သော လိုအပ်နေသောသူများကို ဂရုမစိုက်ကြပါ။

• အချို့ခရစ်ယာန်ခေါင်းဆောင်များက သူတို့နှင့်တူကြသည်။ အလွန်သတိထားပါ။ ကျော်ကြားသောဆရာသမားများ၏ပို့ချချက်ကို ကျွန်ုပ်တို့ အားလုံးနားထောင်လိုကြသည်။ သို့သော် သူသည် ဘုရားသခင်အား ကြည်ညိုလေးစားသောသူဖြစ်လိုပါသလား။ သို့မဟုတ် သူသည် ငွေကြေးလိုချင်သောသူဖြစ်ပါသလား။ လူများက သူ့အားကောင်းမြတ်သောသူဖြစ်ကြောင်းကို သိမြင်စေလိုပါသလား။

⊠ ဤကဲ့သို့သောသူများသည် မည်သို့ ဖြစ်ပျက်လာလိမ့်မည်နည်း။ 📖 မာကု၊ ၁၂း၄၀။

### ကောင်းသောဥပမာ – အရာအားလုံးကို ပေးဆပ်သောသူတစ်ယောက်

📖 မာကု၊ ၁၂း၄၁-၄၄။

• ဤမုဆိုးမသည် ကျမ်းပြုဆရာများနှင့် မည်သို့ကွဲပြားပါသနည်း။

⊞ ဤနေရာတွင် ဘုရားသခင်က လူများစွာကို ကယ်တင်ခဲ့သည်။ လူတိုင်းက တရားဟောဆရာထံမှ ကြားနာလိုကြသည်။ တစုံတစ်ယောက်က သူ့အား မေးပါသည်။ ''သင်အဘယ်ကြောင့် အလွန်အောင်မြင်နေပါသနည်း''။ တရားဟောဆရာက ပြန်ပြောပါသည်။ ''ကြည့်လိုက်ပါ။ သင်မြင်ရလိမ့်မည်''။ အဘွားအိုတစ်ယောက်က ဘုရားကျောင်းထဲသို့ နေးကွေးစွာ လျှောက်လာပါသည်။ ''သူမသည် နေ့တိုင်း ဘုရားကျောင်းသို့လာ၍ ဆုတောင်းပါသည်။''

ထိုအမျိုးသမီးကြီးသည် မာကု၊ ၁၂ ထဲက မုဆိုးမနှင့်တူပါသည်။ မုဆိုးမသည် သူမ၏ငွေအားလုံးကို ပေးလှူခဲ့ပါသည်။ အားလုံးကို သူမ စွန့်ကြဲခဲ့သည်။ ဤအမျိုးသမီးသည် သူမ၏အချိန်အားလုံးကို ဘုရားသခင်အား ပေးခဲ့သည်။ တစ်စုံတစ်ယောက်က သူမအား သတိပြုမိရန် မလိုလားပေ။ သူမသည် ဘုရားသခင်ကို ချစ်သည်။ ထို့ကြောင့် သူမသည် ပေးဆပ်ရန် နှစ်သက်မြတ်နိုးသည်။

⊠ *သခင်ယေရှုက သူ့အား အမှန်တကယ် ချစ်သောသူကို သိနေသည်။ အခြားသူများက ကြီးမြတ်သောတရားဟောဆရာများကို သတိပြုမိကြသည်။ သို့သော် သခင်ယေရှုက ပေးကမ်းရန် နှစ်သက်သောသူများကို မြင်တော်မူ၏။*

[?] လေ့လာချက်၊ မာကု၁၃း၁-၈

# ၅၃ ဒုက္ခဆင်းရဲခြင်းခံရန် မျှော်လင့်ပါ။

## ▣ နောက်ခံသမိုင်း

ရက်သတ္တပတ်အဆုံး၌ သခင်ယေရှုသည် ကားတိုင်ပေါ်တွင် အသေခံရလိမ့်မည်။ ထို့နောက် ကောင်းကင်ဘုံသို့ကြွချီသွားလိမ့်မည်။ သခင်ယေရှုက ကမ္ဘာမြေကြီးပေါ်၌ နာကျင်မှု၊ ခက်ခဲမှုမျိုးစုံ ဖြစ်ပျက်မည့်အကြောင်းကို ကြိုတင်သိထားတော်မူ၏။ သူ၏မိတ်ဆွေများက ထိုဖြစ်ပျက်မည့် အရာများသည် မှားယွင်းနေခြင်းမဟုတ်ကြောင်း သိသင့်ပါသည်။ သခင်ယေရှုက ခက်ခဲ ဆိုးရွားသောအရာများ ဖြစ်ပျက်လာမည့်အကြောင်းကို ကြို၍ ကတိပေးထားသည်။ သူတို့က သခင်ယေရှုအား ယုံကြည်ကိုးစားသင့်သည်။ သူတို့သည် သခင်ယေရှုက ကမ္ဘာကြီးကို တစ်ဖန်ပြန်လာပြီး အပြစ်စီရင်မည့်အချိန်ကို စောင့်မျှော်ရပါသည်။ 📖 မာကု၊၁၃။

## ⊙ အဓိကအချက်

အခက်အခဲများအတွက် အသင့်ရှိနေပါစေ။ ဘုရားသခင်အား ယုံကြည်ကိုးစားမှု မယုတ်လျော့သွားပါစေနှင့်။ သခင်ယေရှုက အရာအားလုံးကို ကိုင်တွယ်ထိန်းချုပ်ထားကြောင်းကို ယုံကြည်ပါ။

## ★ လုပ်ဆောင်ရန်

၁။ မာကု၊၁၃ သည် နားလည်ရခက်သောကျမ်းပိုဒ်ဖြစ်သည်။ မဿဲ၊၂၄ က သင့်အားနားလည်ရန်ကူညီပေးလိမ့်မည်။ သမ္မာကျမ်း သင်ကြားပို့ချပေးသောဆရာများက ကွဲပြားသောပုံစံအမျိုးမျိုးဖြင့် ရှင်းပြလိမ့်မည်။ ကျွန်ုပ်တို့ သေသေချာချာ လေ့လာသင့်ပါသည်။ အဓိကအချက်များကို ရှင်းလင်းစွာ သင်ကြားပေးနေရန် ဘုရားရှင်ကူညီမစမည့်အကြောင်း တောင်းလျှောက်ပါ။ ကျွန်ုပ်တို့၏လူများရောထွေးသွားမည်ကို ကျွန်ုပ်တို့မလိုလားကြပါ။ သခင်ယေရှုထံတွင် ကျွန်ုပ်တို့အတွက် အလွန် အရေးကြီးသောသတင်းစကားများ ရှိပါသည်။ ဤရှင်းလင်းသော သတင်းစကားများကို ကျွန်ုပ်တို့အားလုံး နားထောင်နိုင်ရန် ဆုတောင်းပါ။

၂။ ဤအခန်း၌ သခင်ယေရှုက ကွဲပြားသောအချက်နှစ်ချက်ကို ဖော်ပြထားသည်။ (၁) ယေရုရှလင်မြို့ကို ဘုရားသခင်တရားစီရင်ခြင်း။ အေဒီ(၇၀)ခုနှစ် (သခင်ယေရှုမွေးဖွားပြီးနောက် နှစ်၇၀တွင်) ရောမများက ယေရုရှလင်မြို့တစ်မြို့လုံးနှင့် ဗိမာန်တော်ကို ဖျက်ဆီးလိမ့်မည်။ (၂) ကမ္ဘာကြီး၏နောက်ဆုံးသောနေ့ရက်တွင် သခင်ယေရှုသည် ကမ္ဘာလောကကြီးတစ်ခုလုံးကို အပြစ်စီရင်ရန် ကြွလာလိမ့်မည်။

မာကု၊၁၃ ထဲတွင် ဖော်ပြထားသည့် သခင်ယေရှု ဆိုလိုသည့်အချက်မှာ မရှင်းမလင်းဖြစ်နေပါသည်။ အဖြစ်အပျက်နှစ်ခုသည် ဆင်တူနေပါသည်။ ယေရုရှလင်မြို့ကို အပြစ်စီရင်ခြင်းသည် ကမ္ဘာလောကကြီးကို ဘုရားသခင်အပြစ်စီရင်သည့်ပုံဖြစ်သည်။ သခင်ယေရှုကသူ၏လူများ အဆင်သင့် ရှိနေစေလိုပါသည်။

## ▲ မှတ်သားရန်

• မာကု၊၁၃း၄။ 📖 မဿဲ၊၂၄း၃။သခင်ယေရှုပြန်လည်ကြွလာချိန်၊ ကမ္ဘာကြီး၏နောက်ဆုံးသောနေ့ရက်၌ ဗိမာန်တော်ဖျက်ဆီးခံရမည်ဟု တပည့်တော်များတွေးထင်ထားကြသည်။ အဖြစ်အပျက်(၁)နှင့်(၂)နှင့် ပတ်သက်ပြီး သခင်ယေရှု အဖြေပေးထားခြင်းဖြစ်သည်။

• မာကု၊၁၃း၇-၈။ ကမ္ဘာပေါ်၌ ကြီးစွာသောဒုက္ခဆင်းရဲခြင်းများ ဖြစ်ပျက်ပါက ကမ္ဘာကြီး၏ နောက်ဆုံးသောကာလ ရောက်လာတော့မည်ဟု လူအများတွေးမြင်ကြသည်။ ဤအတွေးသည် မှားယွင်းကြောင်း သခင်ယေရှုက ကျွန်ုပ်တို့အားပြောခဲ့သည်။ ဤဖြစ်စဉ်သည် ကလေးမွေးဖွားသည့်ဖြစ်စဉ်နှင့်တူသည်။ ပထမဦးဆုံးစတင်၍ နာကျင်လာခြင်းသည် အဆင်သင့် ဖြစ်သင့်ကြောင်း ပြောနေခြင်းဖြစ်၍ မွေးဖွားရန်အချိန် ကြာနေသေးသည်။ စစ်မက်ဘေးဒဏ်နှင့် ဒုက္ခဆင်းရဲခြင်းများက နောက်ဆုံးသောကာလအတွက် အဆင်သင့်ဖြစ်ရန် ပြောနေခြင်းဖြစ်သည်။ သို့သော် နောက်ဆုံးသောနေ့ရောက်လာသည့် အဓိပ္ပါယ် မသက်ရောက်ပေ။

## ➡ တောင်ပြောချက်၊ မာကု၁၃း၁-၈

## ဒုက္ခဆင်းရဲခြင်းများ ရောက်လာလိမ့်မည်

📖 မာကု၊၁၃း၂-၇။

⊞ သင့်ထံ၌ အလွန်ခိုင်ခံ့ကောင်းမွန်သော နှစ်ပေါင်းများစွာ တည်တံ့မည့် ဘုရားကျောင်း ရှိပါသလား။ ထိုသို့ သော ဘုရားကျောင်းကို သင်ဆောက်ကောင်း ဆောက်မည်။ ထို့အတွက် သင်ဂုဏ်ယူနေမည်။ ထို့နောက် တစ်စုံတစ်ယောက်က ပြောမည်။ "၎င်းသည် မကြာခင် အပိုင်းပိုင်းပျက်စီး သွားမည်။ သင်မည်ကဲ့သို့ထင်ပါသနည်း။

ဂျူးများက သူတို့၏ ဗိမာန်တော်သည် အရေးအပါဆုံး ဗိမာန်တော်ဖြစ်သည်ဟု ယူဆကြသည်။ ဗိမာန်တော်သည် သူတို့ဝတ်ပြုကိုးကွယ်ခြင်း၏ အဓိက ကျသောနေရာဖြစ်သည်။ ၎င်းသည် အလွန်ကြီးကျယ် ခမ်းနားစွာ လုပသည်။ ကျောက်တုံးများက အလွန်ခိုင်ခံ့ပြီး ကြာရှည်ခိုင်ခံ့နေမည် ဖြစ်သည်။ သခင်ယေရှုက ထိုအရာအားလုံး ပျောက်ကွယ် သွားမည်ဟု ဖော်ပြထား သည်။ အလွန်ကြောက်စရာကောင်းလှပါသည်။

သခင်ယေရှုက ကျွန်ုပ်တို့အား ကြောက်မက်ဖွယ်ရာများအတွက် အသင့်ရှိနေစေလိုသည်။

≫ *ကျွန်ုပ်တို့၏တိုင်းပြည် သို့မဟုတ် ကျေးရွာ၌ မည်ကဲ့သို့ ကြောက်မက်စရာအဖြစ်အပျက်များ ဖြစ်ပျက်ဖူးပါသနည်း။*

≫ *ကျွန်ုပ်တို့သည် မည်ကဲ့သို့သော အဖြစ်အပျက်များကို ကြောက်လန့်ပါသနည်း။*

*သခင်ယေရှုက ဒုက္ခဆင်းရဲများရောက်ရှိလာမည်ဟု ပြောခဲ့ခြင်းကို သတိရပါ။ ဗိမာန်တော်သည် ထိုနေရာ၌ တည်နေမည်မဟုတ်သော်လည်း ဘုရားသခင်၏ အကြံအစည်တော်ကား ထိုနေရာ၌တည်နေလိမ့်မည်။ တစ်စုံတစ်ယောက်က သင်၏ဗိမာန်တော် အဆောက်အအုံကို ဖျက်ဆီးကောင်းဖျက်ဆီးလိမ့်မည်။ သို့သော် သခင်ယေရှုသည် အရာအားလုံးကိုထိန်းချုပ်ထားမြဲဖြစ်သည်။ စစ်ဘေး၊ ငလျင်လှုပ်ခြင်း၊ မုန်တိုင်းများနှင့် ငတ်မွတ်ခေါင်းပါးခြင်းတို့ ကြုံဆုံလာရမည်။ သခင်ယေရှုက ပြောခဲ့ပါသည်။ ဤအရာမှ သခင်ယေရှု၏အမှန်တရားကို ပြောင်းလဲပစ်နိုင်စွမ်းမရှိပါ။ ဘုရားသခင်၏အကြံအစည်များ ပျက်ယွင်းသွားသည်ဟု မထင်လိုက်ပါနှင့်။ သူ့အားယုံကြည်ကိုးစားပါ။*

## ဘုရားသခင်ကို မစွန့်လွှတ်လိုက်ပါနှင့်။

📖 မာကု၊၁၃း၇။

ဒုက္ခဆင်းရဲခြင်းသည် ကျွန်ုပ်တို့အား ဝမ်းနည်းကြေကွဲစေ ပါသည်။ သို့သော် ဒုက္ခဆင်းရဲခြင်း များနှင့် ကြုံဆုံရသည့်အခါ အမှားအယွင်းများ လုပ်မိမည်ကို သခင်ယေရှုအလိုမရှိပါ။

⊞ တစ်စုံတစ်ယောက်က သင့်အား တစ်စုံတစ်ခုကို ကိုင်ထားနိုင်သည်ဟု မှန်းဆကြည့်ပါ။ သူက တဖြည်းဖြည်း ပူလာလိမ့်မည်ဟု ပြောသော်လည်း လက်မလွှတ်လိုက်ပါနှင့်။ သင်လက်လွှတ်လိုက်ပါက ထိုအရာ ကွဲသွားလိမ့်မည်။ သခင်ယေရှုက ကြီးစွာသောနာကျင်မှုများ ကြုံရသော်လည်း အမှန်တရားကို လက်မလွှတ်ရန် ပြောပါသည်။ အမှားမလုပ်မိပါ စေနှင့်။ ကြီးစွာသော ဒုက္ခဆင်းရဲခြင်းနှင့် ကြုံရသောအခါ ကျွန်ုပ်တို့ မလုပ်သင့်သောအချက်နှစ်ချက်ကို သခင်ယေရှုက ပြောခဲ့ပါသည်။

၁။ ကမ္ဘာကြီး၏ နောက်ဆုံးသောကာလ ရောက်ရှိလာပြီဟု မယူဆသင့်ပါ။ မာကု၊၁၃း၇။

≫ *(မှတ်သားရန်များထဲမှ ဖော်ပြထားသောအရာများသည် သင့်အား ရှင်းလင်းသွားစေရန် အကူအညီပေးလိမ့်မည်)။ ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာ အသက်ရှင်မှုကို ဆက်လက်၍ ယူတင်ဝတ်ဆောင်သွားရန် သခင်ယေရှု အလိုတော်ရှိပါသည်။ ကြောက်စရာကောင်းသည့် အဖြစ်အပျက်များ ကြုံလာမည် ဖြစ်သော်လည်း ကမ္ဘာကြီး၏နောက်ဆုံးသောအချိန်ကာလရောက်လာမည့် အဓိပ္ပါယ်မသက်ရောက်ပါ။ စိတ်ငြိမ်ငြိမ်ထားပါ။ ဆုတောင်းပါ။ သင်ကူညီနိုင်မည့်နည်းလမ်းကို စောင့်ကြည့်ပါ။*

၂။ ကျွန်ုပ်တို့သည် မှားယွင်းသောသွန်သင်ချက်ကို မယုံသင့်ပါ။ မာကု၊၁၃း၆။

≫ "ဤအချက်သည် သမ္မာကျမ်းက ဖော်ပြထားသော အချက် ဖြစ်ပါသလား"။ ဤမေးခွန်းကိုအမြဲမေးပါ။ အချို့က ထူးဆန်း၍ စိတ်ဝင်စားစရာများကို ပြောပြလိမ့်မည်။ သခင်ယေရှုက ထိုသူတို့သည် လူများစွာကို လှည့်စား လိမ့်မည်ဟု ကျွန်ုပ်တို့အား သတိပေးထားပါသည်။ (သူတို့၏လိမ်လည်မှုကို လူအများက ယုံကြည်ကြလိမ့်မည်)။ သမ္မာကျမ်းက ဖော်ပြထားသော အရာတစ်ခုတည်းကိုသာယုံပါ။

[?] လေ့လာချက်၊ မာကု၊၁၃း၁-၁၃

# ၁၄ သတင်းကောင်းကို ဆက်လက်ဝေငှပါ။

## ▣ နောက်ခံသမိုင်း

သခင်ယေရှုက သူ၏တပည့်တော်များက အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ထားရန် အလိုရှိပါသည်။ သခင်ယေရှု ပြန်ကြွသွားပြီးနောက်ပိုင်းတွင် သူတို့သည် အခက်အခဲများစွာနှင့် ရင်ဆိုင်ရမည်။ သူတို့သည် နောက်ဆုံးသောအချိန် ရောက်လာပြီဟု မတွေးထင်သင့်ပါ။ သူတို့ကို လူများက မုန်းကြလိမ့်မည်။ သူတို့က "သခင်ယေရှုအကြောင်းကို မပြောနှင့်" ဟုဆိုကြလိမ့်မည်။ သို့သော် တပည့်တော်များက သခင်ယေရှု၏အကြောင်းကို ဆက်လက်ပြောဆိုဝေငှရန် အသင့်ဖြစ်ရပါမည်။

ဒုက္ခဆင်းရဲခြင်းများ ရောက်လာသောအခါ သခင်ယေရှုက ကျွန်ုပ်တို့အား ဘာလုပ်စေလိုသနည်း။

📖 မာကု၊၁၃း၉-၁၃။

## ⊡ အဓိကအချက်

ကျွန်ုပ်တို့သည် လူတိုင်းအား ဝေဝေဖေဖေ သတင်းကောင်းကို ဝေငှပြောကြားသင့်ပါသည်။ တစ်စုံတစ်ယောက်မျှ သင့်အား မရပ်တန့်သွားစေပါနှင့်။

## ★ လုပ်ဆောင်ရန်

ဤအထဲ၌ဖော်ပြထားသည့်အတိုင်း သင်၏ပရိသတ်များက တကယ့်ဒုက္ခများနှင့် ကြုံတွေ့ရမည်ဖြစ်သည်။ သူတို့၏ယုံကြည်ခြင်းကို ဖုံးကွယ်မထားရန် သူတို့အားကူညီပါ။ ဤကျမ်းပိုဒ်အားဖြင့် သူတို့အတွက် ခွန်အားဖြစ်စေရန် ဆုတောင်းပါ။

ထိုသို့မဟုတ်ပဲ သင်၏ပရိသတ်များက သူတို့သည် သခင်ယေရှုကို ယုံကြည်ကြောင်း ဝန်ခံပြောဆိုရန် လွယ်ကောင်းလွယ်လိမ့်မည်။ သူတို့သည် အခြားနေရာဒေသမှ သခင်ယေရှုအတွက် ဒုက္ခခံနေရသည့်ခရစ်ယာန်များအား ဂရုပြုနိုင်ရန် ကူညီပေးပါ။ သူတို့မည်သို့သော နည်းလမ်းရှာနိုင်မည်နည်း။ သူတို့ မည်သို့ကူညီပေးနိုင်လိမ့်မည်နည်း။

## ▲ မှတ်သားရန်

• မာကု၊၁၃း၁၀။ တပည့်တော်များက သခင်ယေရှုသည် မကြာတော့သော အချိန်အတွင်း ပြန်လည်ကြွလာမည်ဟု မျှော်လင့်နေကြသည်။ မည်သို့ပင်ဖြစ်စေ သခင်ယေရှုပြန်ကြွမလာမီ ဘုရား၏လူများ ဆောင်ရွက်စရာ အမှု ရှိနေပါသည်။ ကမ္ဘာပေါ်ရှိကွဲပြားသော လူမျိုးစုအားလုံးသည် သတင်းကောင်းကိုကြားနိုင်ရန် လိုအပ်ပါသည်။

• မာကု၊၁၃း၁၁။ဘုရားသခင်က ကျွန်ုပ်တို့သည် စကားမပြောခင် သေချာစွာစဉ်းစားရန် အလိုရှိသည်။ ကျွန်ုပ်တို့သည် ကိုယ်အလိုအလျောက် ပြောသည်ဟု တွေးမထင်သင့်ပဲ သန့်ရှင်းသောဝိညာဉ်တော် ပြောနေခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ သခင်ယေရှုက ကျွန်ုပ်တို့အား သတိပေးထားသည်မှာ ကြီးစွာသောဒုက္ခဆင်းရဲခံရချိန် (သင်ဖမ်းဆီးချုပ်နှောင်ခံနေရချိန်)တွင် သင်သည်အကူအညီရလိမ့်မည်။ သူ့အတွက် ကျွန်ုပ်တို့ မှားမှားမတ်မတ်ရပ်တည်ပါက သူက ကျွန်ုပ်တို့အား အမှန်တကယ်ကူညီမည်ဖြစ်သည်။ ကျွန်ုပ်တို့ စိုးရိမ်စရာမလိုပါ။

• မာကု၊၁၃း၁၃။ ခရစ်ယာန်များက သခင်ယေရှုသည် ကားတိုင်ပေါ်တွင် ကျွန်ုပ်တို့အား ကယ်တင်ခြင်းအမှုကို ပြီးပြီးပြီဖြစ်ကြောင်း ပြောလိမ့်မည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် သခင်ယေရှုကိုကိုးစားယုံကြည်သောကြောင့် ကျွန်ုပ်တို့အသက်တာသည် လုံခြုံနေပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့သည် အဆုံးတိုင်အောင် တည်ကြည်ရန် လိုအပ်ကြောင်း သခင်ယေရှု ပြောခဲ့ပါသည်။ ထို့နောက် ကျွန်ုပ်တို့သည် ကယ်တင်ခြင်းကို ခံစားရရှိလိမ့်မည်။ ကယ်တင်ခြင်းဆိုသည်မှာ ကားတိုင်မှ အစပြု၍ ကောင်းကင်နိုင်ငံ၌ အဆုံးသတ်သွားသော ခရီးစဉ်နှင့်တူပါသည်။ သခင်ယေရှုကိုယုံကြည်သောသူသည် အသက်တာအဆုံးထိတိုင်အောင် ယုံကြည်ရန် လိုအပ်သည်။ ထို့ကြောင့် သူတို့သည် သခင်ယေရှုနှင့် အတူစံမြန်းရလိမ့်မည်။

## ⇥ ဟောပြောချက်၊ မာကု၊ ၁၃း၉-၁၃

**လူအပေါင်းတို့သည် သင်တို့ကို မုန်းကြလိမ့်မည်။**

📖 မာကု၊ ၁၃း၉၊ ၁၂၊ ၁၃။

လူတိုင်း ကျွန်ုပ်တို့ကို ချစ်ရန် ကျွန်ုပ်တို့ လိုလားကြသည်။ ကျွန်ုပ်တို့သည် ကောင်းမြတ်သော သူများဖြစ်ကြောင်း လူများကို မြင်စေလိုကြသည်။ သူတစ်ပါးက ကျွန်ုပ်တို့အား မုန်းရန် ကျွန်ုပ်တို့က ဘယ်တော့မှ လုပ်ယူမည်မဟုတ်ပါ။ ထို့ကြောင့် သူတစ်ပါး မကြိုက်နှစ်သက်သည့်အရာကို ကျွန်ုပ်တို့ မပြောမိရန် ကြိုးစားကြသည်။

- *သို့သော် သခင်ယေရှုကမူ ဘာပြောခဲ့ပါသနည်း။*

ခရစ်ယာန်အများစုက အခက်အခဲများ ရှောင်ရှားရန် နည်းလမ်းများ ရှာကြံကြသည်။ သခင်ယေရှုအကြောင်းကို သူတို့၏မိတ်ဆွေများနှင့် ပြောဆိုတတ်သည်။ သို့သော် သူတို့သည် ခရစ်ယာန်များဖြစ်ကြောင်းကို အခြားသူများအား မပြောပြပါ။ သခင်ယေရှုနှင့်ပတ်သက်၍ တိတ်တိတ်ကလေးနေကြသည်။ သို့မှသာ ကျွန်ုပ်တို့အား သူတစ်ပါးမုန်းမည်မဟုတ်ပါ။

- *သို့သော် သခင်ယေရှုက ဘာပြောခဲ့ပါသနည်း။*

⊳ *သခင်ယေရှုအား သင်ဘယ်လောက်ချစ်ပါသနည်း။ အကယ်၍ တစ်စုံတစ်ယောက်က သင့်အား ရိုက်နှက်လိုပါက သင်သည် သခင်ယေရှုကိုချစ်ကြောင်း ပြောဦးမည်လား။ သင့်မိသားစုက သင့်အား မုန်းပါက သခင်ယေရှုအား ဆက်၍ချစ်နိုင်ပါသလား။*

⊳ *ဤအရာသည် အလွန်ခက်လှပါသည်။ သခင်ယေရှု က သင့်အားကူညီရန် တောင်းလျှောက်ပါ။*

**ကျွန်ုပ်တို့ လုပ်ဆောင်ရမည့်အရာကို သခင်ယေရှုက ပြောပြပါသည်။**

၁။ လူသားတိုင်း သခင်ယေရှု၏အကြောင်းကို ကြားသင့်ပါသည်။ 📖 မာကု၊ ၁၃း၁၀။

တစ်စုံတစ်ယောက်မျှ ကျွန်ုပ်တို့အား မပိတ်ပင်ပါစေနှင့်။ ကျွန်ုပ်တို့ ကြောက်လန့်ကြမည်ဖြစ်သော်လည်း လူသားတိုင်း သခင်ယေရှုအကြောင်း ကြားသင့်ပါသည်။ ဤသည်မှာ သခင်ယေရှု၏ အကြံအစည်တော်ဖြစ်သည်။ အုပ်ချုပ်သူများ သို့မဟုတ် ရဲများက ကျွန်ုပ်တို့အား တားမြစ်ကြသည့်တိုင် သူတို့သည်လည်း သခင်ယေရှုအကြောင်းကို ကြားသိရန် လိုအပ်သည်။ (မာကု၊ ၁၃း၉)

⊳ သင် သို့မဟုတ် သင့်အသင်းတော်က သခင်ယေရှု အကြောင်းကို မည်သူ့အား ပြောပြမည်နည်း။ မည်သူတို့က သခင်ယေရှုအကြောင်းကို မကြားဘူးသေးကြောင်းကို စဉ်းစားကြည့်ပါ။

၂။ မစိုးရိမ်ပါနှင့်။

📖 မာကု၊ ၁၃း၁၁။

သူ့အတွက် ကျွန်ုပ်တို့ဒုက္ခခံရသောအခါ သခင်ယေရှုသည် ကျွန်ုပ်တို့အားကြည့်ရှု စောင့်ရှောက်လိမ့်မည်။ ကျွန်ုပ်တို့ပြောရမည့်စကား များကို သန့်ရှင်းသော ဝိညာဉ်တော်က ဖော်ပြမည် ဟုကတိပေးထားသည်။ ကျွန်ုပ်တို့ စိုးရိမ်ကြောင့်ကြ ကြမည်ကို သခင်ယေရှု အလိုမရှိပါ။ ကျွန်ုပ်တို့ စကားပြောရန် သူအလိုရှိသည်။ သူ့အားယုံကြည် ကိုးစားပါ။

၃။ အဆုံးတိုင်အောင် တည်ကြည်ပါ။

📖 မာကု၊ ၁၃း၁၃။

ခက်ခဲမည်ဖြစ်သော်လည်း အရှုံးမပေးလိုက် ပါနှင့်။ သခင်ယေရှုက အဆုံးထိတိုင်အောင် သင့်အား ကူမတော်မူလိမ့်မည်။

(အခက်အခဲများနှင့် ပြည့်နေသောခရီးစဉ်၏ ရုပ်ပုံကားချပ်ကို အသုံးပြုနိုင်ပါသည်)

⊳ မည်သည့်အချက်များက သင့်အား အရှုံးပေးလိုစိတ် ဖြစ်ပေါ်လာစေသနည်း။

⊳ ရှေ့ဆက်၍ လျှောက်ရန် သခင်ယေရှု၏ မည်သည့်စကားတော်များက သင့်အား ခွန်အားနှင့် သတ္တိကို ပေးနေပါသနည်း။

# ၁၅ အရောခပ်သိမ်းကို မယုံကြည်လိုက်ပါနှင့်။

## [■] နောက်ခံသမိုင်း

သခင်ယေရှု ပြန်လည်မကြွလာခင်ကြီးစွာသော ဒုက္ခဆင်းရဲခြင်း အချိန်ကာလရောက်ရှိလာဦးမည်ဖြစ်သည်။ သခင်ယေရှုက ဤအရာများအတွက် ကျွန်ုပ်တို့ပြင်ဆင်ထားရန် အလိုရှိပါသည်။

အေဒီ(၇၀)ခန့်ကလည်း ကြီးစွာသောဒုက္ခဆင်းရဲခြင်းနှင့် ကြုံဆုံခဲ့ရသေးသည်။ သခင်ယေရှုက ဤအရာများအတွက် တပည့်တော်များအား ပြင်ဆင်ထားစေလိုပါသည်။ ဤအဖြစ်အပျက်သည် သူတို့အသက်ရှင်ခဲ့သောအချိန်၌ ကြုံဆုံခဲ့ကြရသည်။

ဤကျမ်းပိုဒ်သည် အချိန်ကာလနှစ်ခုစလုံးအတွက် ဖော်ညွှန်းထားပေးခြင်းဖြစ်သည်။ သခင်ယေရှုမွေးဖွားပြီး အနှစ်(၇၀)ခန့်က ဘုရားသခင်၏ တရားစီရင်ခြင်းသည် ပုံဥပမာတစ်ခုပင်ဖြစ်သည်။ သခင်ယေရှု ပြန်လာသည့်အချိန်၌ ကမ္ဘာကြီးအား ဘုရားသခင်တရားစီရင်မည့်ပုံမှာ ထိုနည်းတူဖြစ်သည်။

📖 မာကု၊၁၃း၁၄-၂၃။ သခင်ယေရှုက ဘာတွေများ သတိပေးခဲ့ပါသနည်း။

## [•] အဓိကအချက်

သခင်ယေရှုမကြွလာမီ ကြီးစွာသောဒုက္ခဆင်းရဲခြင်းကာလ ရောက်ရှိလာမည်ဖြစ်သည်။ ကမ္ဘာကြီး၏ နောက်ဆုံးသောအချိန်၌ ကြားသမျှအရာအားလုံးကို မယုံလိုက်ပါနှင့်။

## [★] လုပ်ဆောင်ရန်

ကျွန်ုပ်တို့သည် ကမ္ဘာကြီး၏ နောက်ဆုံးသောကာလအကြောင်းကို ပြောသောအခါ အချို့က အလွန် စိတ်လှုပ်ရှားကြသည်။ ဖြစ်ပျက်လာမည့်အရာများအပေါ် အမျိုးမျိုးတွေးခေါ်ကြသည်။ သခင်ယေရှုက ကျွန်ုပ်တို့အား သင်ယူစေလိုသောအရာများကို ကျွန်ုပ်တို့မေ့လျော့ကောင်းမေ့လျော့နိုင်သည်။ သင်၏စကားပြောဆိုခြင်းထဲ၌ သမ္မာကျမ်းက ပြောဆိုသောအရာများကို သတိပြု၍ထိန်းသိမ်းစောင့်ရှောက်ပါ။ သခင်ယေရှု၏အဓိကဆိုလိုချက်ကို ထိန်းသိမ်းစောင့်ရှောက်ပါ။ ကြီးစွာသောဒုက္ခဆင်းရဲရောက်လာသောအခါ ကျွန်ုပ်တို့ အသင့်ဖြစ်နေရန် သူအလိုရှိသည်။

## [▲] မှတ်သားရန်

• မာကု၊၁၃း၁၄။ ဗိမာန်တော်ထဲရှိ ကြောက်မက်ဖွယ်ရာ အဖြစ်အပျက်များကို ဒံယေလက ပြောခဲ့ပါသည်။ (ဒံယေလ၊၁၁း၃၁)။ ဘုရားသခင်၏ဗိမာန်တော်ထဲတွင် တိုင်းတစ်ပါးမှ ဘုရင်များလာရောက်၍ ရုပ်တုဆင်းတုများ တည်ထားကိုးကွယ်ကြလိမ့်မည်။ ဤကဲ့သို့သော အဖြစ်အပျက်များဖြစ်လာပါက ယေရုရှလင်မှ ခရစ်ယာန်များသည် သူတို့၏အသက်လွတ်မြောက်ရန် ပြေးရလိမ့်မည်။

• မာကု၊၁၃း၁၅-၁၈။ ဤကျမ်းပိုဒ်သည် နှစ်(၇၀)ကြာသောအခါ ယေရုရှလင်မြို့၌ ဖြစ်ပျက်မည့်အကြောင်းကို ဖော်ပြထားခြင်းဖြစ်သည်။ နောက်ထပ်နှစ်(၄၀)ကြာသောအခါ ရောမစစ်တပ်သည် ဗိမာန်တော်ကို လာရောက်ဖျက်ဆီးလိမ့်မည်။ ဤသည်မှာ ဘုရားသခင်၏ တရားစီရင်ခြင်းဖြစ်သည်။ (ဂျူးတို့က မေရှိယအား ယုံကြည်လက်ခံခြင်းမပြုကြပဲ သူတို့၏ဟောင်းနွမ်းနေသော ဘာသာတရားကိုသာ စောင့်ထိန်းကြသည်) သို့သော် ဘုရားသခင်က ယေရုရှလင်မြို့ထဲရှိ ခရစ်ယာန်များအား တရားစီရင်ခြင်းမပြုလိုပေ။ ထို့ကြောင့် သခင်ယေရှုက သူတို့အား အဝေးသို့အလျင်အမြန်ပြေးရန် ပြောခြင်းဖြစ်သည်။

• မာကု၊၁၃း၁၉-၂၀။ သခင်ယေရှုက ကမ္ဘာကြီး၏ အဆုံးသို့ မရောက်မီ ဖြစ်ပျက်မည့်အကြောင်းအရာများကို ပြောပြခြင်းဖြစ်သည်။ ထို့နောက် ဆက်လက်ဖြစ်ပျက်မည့်အရာများကို ဖော်ပြထားသည်။ (မာကု၊၁၃း၂၄။ မဿဲ၊၂၄း၂၉)။

## ဟောပြောချက်၊ မာကု၊၁၃း၁၄-၂၃
## ဒုက္ခဆင်းရဲခြင်း၏ကြောက်မက်ဖွယ်ရာအချိန်ကာလ

မာကု၊၁၃း၁၉-၂၀။

• ကြီးစွာသောဒုက္ခဆင်းရဲခြင်းအကြောင်းကို သခင်ယေရှုက အဘယ်ကြောင့်သတိပေးနေပါသနည်း။

ကြောက်မက်ဖွယ်ရာကောင်းသော အချင်း အရာများ ဖြစ်ပေါ်လာပါက ကျွန်ုပ်တို့သည် အခိုင်အမာ ရပ်တည်ရန် သခင်ယေရှု အလိုတော်ရှိ၏။ ခရစ်ယာန် များက သခင်ယေရှု ပြန်လာမည့်အချိန်ကို စောင့်မျှော်နေကြသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့သည် ဦးစွာ အလွန်ခက်ခဲသောအချိန်ကာလကို ကျော်ဖြတ်နိုင်ရန် အဆင်သင့်ရှိရပါမည်။

မာကုက ကြောက်စရာအချိန်ကာလနှင့် ကြုံဆုံနေရသော ခရစ်ယာန်များထံသို့ စာရေးလိုက်ပါသည်။ ရောမစစ်တပ်များက ယေရုရှလင်မြို့ကို ဖျက်ဆီးကြလိမ့်မည်။ သခင်ယေရှုအတွက်ကြောင့် ခရစ်ယာန်များစွာ အသေခံရလိမ့်မည်။ ခရစ်ယာန်တစ်ဦးတစ်ယောက်မျှ မကျန်တော့ဟု သူတို့တွေးထင်ထားကြသည်။ သို့သော် ဘုရားသခင်က သူ၏လူများကို ကြည့်ရှုစောင့်ရှောက်တော်မူသည်။ ရွေးကောက်တော်မူသော သူ၏လူတို့အား ဘုရားသခင် ကြည့်ရှုစောင့်ထိန်းတော်မူလိမ့်မည်။

ဤအချက်သည် ကျွန်ုပ်တို့သတိရသင့်သည်။ ကြောက်စရာကောင်းသောအချိန်ကာလ ရောက်ရှိလာမည်ဖြစ်သော်လည်း ဘုရားသခင်သည် စီမံတော်မူမည်။ သခင်ယေရှုပြန်မလာမီ ကြီးစွာသောဒုက္ခဆင်းရဲရောက်ရှိလာမည့်အကြောင်း ကျွန်ုပ်တို့အား ပြောနေသည်။နောက်ဆုံးသော နေ့ရက်ကာလတိုင်အောင် ကျွန်ုပ်တို့ သည် သစ္စာရှိနေရန်လိုအပ်သည်။

**အရာခပ်သိမ်းကိုမယုံကြည်လိုက်ပါနှင့်။**

မာကု၊၁၃း၂၁-၂၃။

• ဆရာတစ်ယောက်၏လုပ်ဆောင်ချက်သည် မှားလား၊ မှန်သလားကို သင်မည်ကဲ့သို့သိနိုင်သနည်း။

• သူသည် မေရှိယဖြစ်သည်ဟု တစ်စုံတစ်ယောက်က ပြောလာပါက သူ့အား ကျွန်ုပ်တို့ယုံသင့်ပါသလား။

• သူသည် ပရောဖက်ဖြစ်သည်ဟု တစ်စုံတစ်ယောက်က ပြောလာပါက သူ့အား ကျွန်ုပ်တို့ ယုံသင့်ပါသလား။

• အကယ်၍ လူတစ်ယောက်က အံ့ဩဖွယ်ရာနိမိတ်လက္ခဏာကို လုပ်ပြပါက သူ့အား ကျွန်ုပ်တို့ ယုံသင့်ပါသလား။

သမ္မာကျမ်းအားဖြင့် အရာအားလုံးကို ဆန်းစစ်ဝေဖန်သင့်သည်။ သခင်ယေရှုက မှားယွင်းသောဆရာများ ရောက်ရှိလာမည့် အကြောင်းကို ကျွန်ုပ်တို့အား သတိပေးထားသည်။ ကျွန်ုပ်တို့အား ပြောပြသည်မှာ အချို့က သခင်ယေရှု ပြန်လည် ကြွလာမည့် အကြောင်း ပြောလိမ့်မည်။ သူတို့အား လူကောင်းဟု သင်တွေးထင်မိလိမ့်မည်။ အံ့ဩဖွယ်ရာ နိမိတ်လက္ခဏာများကိုလည်း ပြကြလိမ့်မည်။ သူတို့သည် နားထောင်ကောင်းသော ပုံပြင်များစွာကို ပြောပြလိမ့်မည်။ သူတို့က ခရစ်ယာန်ဖြစ်ခြင်းသည် လွယ်ကူလှကြောင်း သင့်ကိုပြောပြလိမ့်မည်။ စင်စစ်အားဖြင့် သူတို့သည် လူသားများကို လှည့်ဖြားသောသူများဖြစ်ကြသည်။ မှားယွင်းသော လိမ်လည်လှည့်စားမှုများကို လူသားတို့အား အယုံသွင်းနေခြင်းဖြစ်သည်။

ဤအချက်သည် အလွန်အရေးကြီးသည် ခရစ်ယာန်အများစုက လွယ်လွယ်ကူကူနှင့် ယုံတတ်ကြသည်။ မှားယွင်းသောသွန်သင်ချက်ကို သိရှိနားလည်နိုင်မည့်အကြောင်း သင်၏ပရိသတ်များအားသင်ပြပါ။ မှားယွင်းသော သွန်သင်ချက်များအကြောင်းကို ရှင်းပြပါ။ ဤအကြောင်းအရာနှင့်ပတ်သက်၍ သမ္မာကျမ်းက မည်သို့ ဖော်ပြထားကြောင်း သူတို့အားမေးမြန်းပါ။

မာကု၊၁၃း၅၊၂၃။ သခင်ယေရှုက ကျွန်ုပ်တို့အား စောင့်ကြည့်ရန် ပြောထားသည်။ ဒုက္ခနှင့်ကြုံတွေ့ရမည်။ ကြောက်မက်ဖွယ်သောအချိန်ကာလ ရောက်ရှိလာသောအခါ အဆုံးထိတိုင်အောင် တည်ကြည်ဖို့ရန် သခင်ယေရှု အလိုရှိသည်။ သူက လိမ်လည်ပြောဆိုသောအရာကို ကျွန်ုပ်တို့အား မယုံကြည်စေလိုပါ။ ခက်ခဲဆိုးဝါးသောအချိန်ကာလဖြစ်လင့်ကစား ကျွန်ုပ်တို့က သူ့အား ယုံကြည်ကိုးစားရန် သူအလိုရှိသည်။

# ၅၆ သခင်ယေရှု ပြန်လည်ကြွဆင်းလာဦးမည်။

## ▣ နောက်ခံသမိုင်း

အေဒီ(၇၀)ခန့်က ကြုံဆုံရမည့် ကြောက်မက်ဖွယ်ရာ အဖြစ်အပျက်များအတွက် တပည့်တော်များအသင့်ဖြစ်နေရန် သခင်ယေရှုအလိုတော်ရှိသည်။

နောက်ဆုံးသော နေ့ရက်ကာလအထိ ခရစ်ယာန်များအားလုံး အဆင်သင့်ဖြစ်ရန် သခင်ယေရှု အလိုတော်ရှိသည်။

ကြောက်မက်ဖွယ်ရာများ ဖြစ်ပေါ်လာပါက ကျွန်ုပ်တို့ မကြောက်ရွံ့သင့်ပါ။ သူတို့က ကမ္ဘာကြီး၏ နောက်ဆုံးသောအချိန်ကာလ ရောက်ရှိလာမည်ဖြစ်ကြောင်း ရည်ညွှန်းခြင်းမဟုတ်ပါ။ ထိုကဲ့သို့သော စကားများကို ကျွန်ုပ်တို့ မယုံကြည်သင့်ပါ။ ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာကို ဆက်လက်စောင့်ထိန်းသင့်သည်။ သခင်ယေရှုကို ကျွန်ုပ်တို့ ယုံကြည်သင့်သည်။ သို့ဖြစ်ပါက သခင်ယေရှု ပြန်လာမည့်အချိန်ကို ကျွန်ုပ်တို့ မည်ကဲ့သို့ သိနိုင်မည်နည်း။ ဖြစ်ပျက်လာမည့်အရာများကို သခင်ယေရှုက ကျွန်ုပ်တို့အား ပြောပြထားသည်။ 🕮 မာကု၊၁၃း၂၄–၃၇။

## ▣ အဓိကအချက်

သခင်ယေရှု ကတိပေးခဲ့သည်။ သူ ပြန်လည်ကြွဆင်းလာဦးမည်။

## ⊛ လုပ်ဆောင်ရန်

သခင်ယေရှု မကြာခင် ပြန်လည်ကြွဆင်းလာမည့်အချက်ကို ယုံကြည်ရန် ခက်ခဲပါသည်။ သူဘယ်တော့မှ ပြန်မလာတော့သည့် ခံစားချက်မျိုးကို ကျွန်ုပ်တို့ ခံစားနေကြရသည်။ သူပြန်မလာခင် ကျွန်ုပ်တို့ အရင်သေဆုံးကြမည်ဟု တွေးထင်မိကြသည်။ အကယ်၍ ကျွန်ုပ်တို့သေသွားပါကလည်း သူ့အတွက် ကျွန်ုပ်တို့ အဆင်သင့်ဖြစ်နေရန် လိုအပ်သည်။ သခင်ယေရှု ပြန်လည်ကြွဆင်းလာမည့်အကြောင်းကို ကျွန်ုပ်တို့ မေ့မေ့ပျောက်ပျောက်ဖြစ်သွားရန် စာတန်က အလိုရှိပါသည်။ သင်၏ ပရိသတ်များ သတိတရရှိနေရန် သင်မည်ကဲ့သို့ ကူညီနိုင်မည်နည်း။

## ▲ မှတ်သားရန်

• မာကု၊၁၃း၂၄–၂၅။ ဤကျမ်းပိုဒ်ထဲ၌ သခင်ယေရှုသည် တရားစီရင်ရန် ပြန်ကြွလာမည့်အကြောင်း ဖော်ပြထားသည်။ ဤစကားလုံးများသည် ဓမ္မဟောင်းကျမ်းထဲရှိ အသုံးအနှုန်းနှင့်တူပါသည်။ ပရောဖက်များက ဘုရားသခင်သည် ဤပုံစံအတိုင်းကြွလာမည့်အကြောင်း ဖော်ပြထားသည်။ ဘုရားသခင်သည် တရားစီရင်ခြင်းငှာ ကြွလာမည်ဖြစ်ကြောင်း သူတို့ကဖော်ပြထားသည်။ ဥပမာ – ဟေရှာယ၊၁၃း၉–၁၁။ ယောလ၊၂း၁၀။ ၃၁။

• မာကု၊၁၃း၂၆။ ဤကျမ်းပိုဒ်သည် ဒံယေလ၊ ၇း၁၃–၁၄ နှင့်ဆင်တူသည်။ သခင်ယေရှုသည် ရှင်ဘုရင်ကဲ့သို့လည်းကောင်း၊ တရားသူကြီးကဲ့သို့လည်းကောင်း ပြန်လည်ကြွဆင်းလာမည်။ လူသားတိုင်း သူ့အား ဦးညွှတ်ကိုးကွယ်ကြလိမ့်မည်။

• မာကု၊၁၃း၃၀။ ဤအဖြစ်အပျက်များ မကြာခင်ဖြစ်ပျက်လာမည့်အကြောင်း သခင်ယေရှု ကတိပေးထားသည်။ တပည့်တော်များသည် အသက်ရှင်နေဦးမည်ဖြစ်သည်။ ပထမအကြိမ် တရားစီရင်ခြင်းနှင့်ဆိုင်သော အဖြစ်အပျက်အားလုံးသည် အေဒီ(၇၀)တွင် ဖြစ်ပျက်မည်ဟု သခင်ယေရှုက ပြောသည့်အဓိပ္ပါယ်သက်ရောက်ပါသည်။ ကြီးစွာသော ဒုက္ခဆင်းရဲခြင်းသည် မကြာခင် ရောက်ရှိလာမည်ဖြစ်သည်။ သူ၏လူများ အသင့်ဖြစ်နေရန် သူအလိုရှိသည်။

## ➡ ထောက်ပြချက်၊ မဿဲ ၁၃း၂၄-၃၁
## သခင်ယေရှု ပြန်လာလိမ့်မည်။

● သခင်ယေရှု ပြန်လည်ကြွဆင်းလာလိမ့်မည်။ ထိုအကြောင်းအရာနှင့် ပတ်သက်၍ သင်မည်ကဲ့သို့ ယူဆထားပါသနည်း။ သင့်အနေနှင့် မကြာခင် အချိန်အတွင်းမှာ ပြန်လာစေလိုပါသလား။

၁။ ကမ္ဘာကြီးအား တရားစီရင်ရန် သူပြန်လည်ကြွဆင်းလာဦးမည်။

📖 မာကု၊ ၁၃း၂၄-၂၆။ ဤအချက်သည် အလွန်ထိတ်လန့်စရာကောင်းသည့် အချက်ဖြစ်သည်။ သခင်ယေရှုသည် ကမ္ဘာလောကကြီးအား တရားစီရင်ရန် ပြန်လည်ကြွဆင်းလာဦးမည်။ သူသည် ဘုန်းတန်ခိုးအာနုဘော်ကို ချီဆောင်လျက် ကြွလာဦးမည်။ သခင်ယေရှုသည် ဘုရင်ဖြစ်ကြောင်း လူတိုင်း သိကြလိမ့်မည်။ လူတိုင်းက သူ့အား ဦးညွှတ်ကိုးကွယ်ကြလိမ့်မည်။ ထိုအချိန်ရောက်မှ သခင်ယေရှုထံမှ ခွင့်လွှတ်မှုကိုတောင်းဆိုရန် အချိန်အတော် နောက်ကျ နေပြီဖြစ်သည်။ 📖 ဗျာဒိတ်၊ ၆း၁၂-၁၇။

⏩ *ထိုနေ့ရက်အတွက် သင်အဆင်သင့်ဖြစ်ပြီလား။ သခင်ယေရှု သင့်အား ခွင့်လွှတ်ရန် ယခုပင် တောင်းလျှောက်ပါ။ သင်၏ရှင်ဘုရင်အဖြစ် ယခုပင် သူ့အား အစေခံပါ။*

၂။ သူ၏လူသားများအတွက် သူပြန်လည်ကြွမြန်းလာဦးမည်။

📖 မာကု၊ ၁၃း၂၆-၂၇။ သင်သည် သခင်ယေရှုနှင့်သိကျွမ်းပါက ကြောက်ရွံ့ထိတ်လန့်စရာ မလိုပါ။ သူသည် သင့်အား အပြစ်စီရင်ရန် လာခြင်း မဟုတ်ပါ။ သူ၏ရွေးကောက်ထားသောသူများအတွက် ပြန်လာမည်။ သူနှင့်အတူ သူတို့အား အိမ်တော်သို့ ပြန်လည်ချီဆောင်သွားမည်။

သင်ဘာကိုစောင့်မျှော်နေပါသလဲ။ (ဥပမာ - မွေးနေ့ အလည်လာမည့်မိတ်ဆွေ......) ထိုအကြောင်းများကို တွေးမိသောအခါ သင်မည်ကဲ့သို့ ခံစားရပါသနည်း။

⏩ ဤအခြင်းအရာသည် ထိုအရာထက်သာ၍ မြတ်၏။ သင်၏မိတ်ဆွေ အရင်းအချာသည် လာနေပြီ။ စဉ်းစားကြည့်ပါ။ ကြီးမြတ်တော်မူသောနေ့ကို လှမ်းမျှော်ကြည့်ပါ။ သခင်ယေရှု ပြန်လည်ကြွဆင်းလာရန် ဆုတောင်းပါ။

## သခင်္ဘောသဖန်းပင်မှသင်ယူပါ။

📖 မာကု၊ ၁၃း၂၈-၃၁။

● သင်္ဘောသဖန်းပင်အရွက် စထွက်လာသောအချိန်၌ လူများက မည်သို့ ပြောဆိုကြသနည်း။

သင်္ဘောသဖန်းပင်သည် လိမ်လည်ခြင်း မရှိပါ။ အရွက်နုဝေခြင်းသည် မကြာခင်နွေရောက်မည် သဘောကို ရည်ညွှန်းခြင်းဖြစ်သည်။

သခင်ယေရှုမည်သည့်အချိန် ပြန်လာမည်ကို ကျွန်ုပ်တို့မသိနိုင်ပါ။ (မာကု၊ ၁၃း၃၂) သို့သော် အခြေအနေများ ဖြစ်ပေါ်လာသည်ကို သိနိုင်လိမ့်မည်။ သခင်ယေရှုက ကျွန်ုပ်တို့ မျက်ခြည်မပြတ် စောင့်ကြည့်ရန် အလိုရှိတော်မူသည်။ ကျွန်ုပ်တို့ အသင့်ဖြစ်နေရန် သူအလိုရှိသည်။ အေဒီ(၇၀)ခန့်က ယေရုရှလင်မြို့ မပျက်စီးမီ အချိန်က ကနဦး ခရစ်ယာန်များကဲ့သို့ ဖြစ်လိမ့်မည်။ ခရစ်ယာန်များသည် ပိုမို၍ ညှဉ်းဆဲနှိပ်စက်ခြင်းကိုခံရလိမ့်မည်။ မှားယွင်းစေသောဆရာများက ထူးဆန်းသော အကြောင်းအရာများစွာကို ဖော်ပြလိမ့်မည်။ သူတို့သည် အံ့ဩဖွယ်ရာနိမိတ်လက္ခဏာများကို ပြကြလိမ့်မည်။ ဤသို့သော အချင်းအရာများ ဖြစ်လာပါက သခင်ယေရှု မကြာခင်ပြန်လည်ကြွဆင်းလာတော့မည်ကို သိနိုင်ပါလိမ့်မည်။

သခင်ယေရှုသည် ဘယ်တော့မှမလိမ်လည်ကြောင်းကို သတိရပါ။

📖 မာကု၊ ၁၃း၃၁။ သခင်ယေရှု ဘယ်တော့သောအခါမှ မလာတော့ဟု ကျွန်ုပ်တို့ တွေးထင်ကောင်းတွေးထင်မိလိမ့်မည်။ သို့သော် သူအမှန် တကယ်ပြန်လာဦးမည်။ (ရေလွှမ်းမိုးခြင်း အကြောင်းကို သင်ပြောနိုင်သည်။ နောဧကို တစ်ဦး တစ်ယောက်မျှမယုံခဲ့ပါ။ ထို့ကြောင့် တရားစီရင်ချိန် ရောက်သောအခါ လူသားများ အဆင်သင့် ရှိမနေကြပါ။ ၂ပေ၊ ၃း၃-၉ ထဲတွင် သခင်ယေရှု အချိန်ဆွဲထားသည့်အကြောင်းကို ဖော်ပြထားသည်။

# ၅၇ သခင်ယေရှုအတွက် အသင့် ပြင်ဆင်ပါ။

## [■] နောက်ခံသမိုင်း

မာကု၊၁၃း၂၄-၃၁ ၏ နောက်ခံသမိုင်းကို ကြည့်ပါ။ သခင်ယေရှုက မာကု၊၁၃ ထဲမှာ သင်ခန်းစာကို ကျွန်ုပ်တို့အား သင်ယူစေ လိုသည်။ ကျွန်ုပ်တို့သည် သူ့အတွက် အဆင်သင့်ဖြစ်နေရန် သူအလိုရှိသည်။ နောက်ဆုံး အပိုင်းသည် မာကု၊၁၃၏ အဓိကအပိုင်းဖြစ် သည်။

📖မာကု၊၁၃း၃၂-၃၇။ ဤအကြောင်းအရာများကို ရှင်မဿဲခရစ်ဝင်ကျမ်း ၌ သခင်ယေရှုက ပြည့်စုံစွာ ပြောထားပါသည်။ သခင်ယေရှုက ကျွန်ုပ်တို့ သူ့အတွက် အဆင်သင့်ရှိနေစေလို ကြသည်။ ဤအကြောင်းသည် မည်သည့် အဓိပ္ပါယ်ကိုဆောင်ပါသနည်း။

📖 မဿဲ၊၂၄း၃၆-၄၄ (မဿဲ၊၂၅ တွင် ဤအကြောင်းများကို ဖော်ပြထားသည်)

## [•] အဓိကအချက်

သခင်ယေရှု တစ်ဖန် ကြွလာဦးမည်။ သူ့အတွက် အဆင်သင့် ရှိနေပါစေ။

## [★] လုပ်ဆောင်ရန်

သခင်ယေရှုက သူပြန်လာမည့်အချိန် စောင့်မျှော်ရန် ကျွန်ုပ်တို့အား မှာကြားခဲ့ပါသည်။ ကျွန်ုပ်တို့အလုပ်များကို ရပ်တန့်ဖို့ သခင်ယေရှု ဆိုလိုနေခြင်း မဟုတ်ပါ။ သူ့အား စောင့်မျှော်နေစေလိုသော်လည်း ဘာမှမလုပ်ပဲနေရန် သူအလို မရှိပါ။ သူပြန်မလာခင် အချိန်အထိ သခင်ယေရှု အတွက် လုပ်ဆောင်ရန် ကျွန်ုပ်တို့၌ အလုပ်များ ရှိနေသည်။ ကမ္ဘာပေါ်ရှိ လူသားအားလုံးထံသို့ သတင်းကောင်း ယူဆောင်သွားရန် သူအလိုရှိ သည် (မာကု၊၁၃း၁၀)။

## [▲] မှတ်သားရန်

• မာကု၊၁၃း၃၂။ သခင်ယေရှုသည် ဘုရားသခင်ဖြစ်တော်မူ၏။ သို့သော် သခင်ယေရှု လောက၌ ရှိတော်မူစဉ် ခမည်းတော်ကဲ့သို့ အရာ အားလုံးကို သူ မသိပါ။ သူသည် လူ့ဇာတိခံယူသော လူသားစစ်စစ် ဖြစ်သောကြောင့်အရာ အားလုံးကို မသိနိုင်ခြင်းဖြစ်သည်။ သခင်ယေရှုသည် လောက၌ ရှိနေစဉ် ဘယ်အချိန် ပြန်လာမည်ကို သူမသိခဲ့ပါ။

• မာကု၊၁၃း၃၆။ "အိပ်ပျော်ခြင်း" (ငိုက်မြည်း ခြင်း) ကျွန်ုပ်တို့အားလုံး ညအချိန်၌ အိပ်စက် အနားယူရန်လိုအပ်သည်။ သခင်ယေရှုက ကျွန်ုပ် တို့၏ ခရစ်ယာန်အသက်တာကို ပုံဖော်ရာ၌ အိပ်ပျော်ခြင်း ဟူသောစကားကို သုံးနှုန်းထား သည်။ အကယ်၍ သခင်ယေရှုကို မေ့လျော့နေပါက အိပ်ပျော်နေခြင်းကြောင့်ဖြစ်သည်။ အသက်ရှင်စဉ် လောက၌ အရေးကြီးသောအရာများကိုသာ ဦးစားပေး လုပ်ဆောင်ပါက အိပ်ပျော်နေခြင်းကြောင့် ပင်ဖြစ်သည်။ ဘုရားသခင်အတွက် ကျွန်ုပ်တို့ ပျင်းရိနေပါကလည်း အိပ်ပျော်နေခြင်းပင်ဖြစ်သည်။

**⇒ ဟောပြောချက်၊ မာကု၊၁၃း၃၂-၃၇**

## တစ်ဦးတစ်ယောက်မျှမသိ

📖 မာကု၊၁၃း၃၂-၃၅

သင်၏သူဌေးက သင့်အား လုပ်ငန်းတစ်ခုပေးအပ်သည် ဆိုကြပါစို့။ ထို့နောက် သူသည် အဝေးကိုထွက်သွား၏။ သူပြန်လာသည့်နေ့၌ သင်အလုပ်ကောင်းစွာလုပ်ထားသည်ကို မြင်လို၏ဟု ပြောခဲ့သည်။ မည်သို့ပင်ဖြစ်စေ တစ်ပတ်ကြာသောအခါ သူပြန်မလာပါ။ သင်၏ အားစိုက်ထုတ်မှုနည်းလာသည်။ တစ်လကြာသည့်နောက်တွင်လည်း သူပြန်မလာသေးပါ။ တချို့က သူသည် မနက်ဖြန်ပြန်လာမည်ဟုပြောကြသည်။ သို့သော် သူ ပြန်မလာပါ။ ထို့ကြောင့် သင်လည်း ရာသီဥတုကောင်းမှသာ အလုပ်လုပ်တော့သည်။ တစ်နှစ်ကြာသည့်အထိ သူပြန်မလာပါ။ သူဘယ်တော့မှ ပြန်လာတော့မည်မဟုတ်ဟု သင်တွေးထင်မိသည်။ ထို့ကြောင့် သင်သည်လည်း အနားယူပြီး ပျော်သလိုသာနေရတော့သည်။ အချိန်ပြည့် အလုပ်မလုပ်တော့ပါ။ မကြာမီ သင်၏သူဌေးပြန်ရောက်လာသည်။ သူသည် သင့်အား ဘာပြောမည်နည်း။

ဤအကြောင်းအရာသည် သခင်ယေရှုပြောသောပုံပြင်နှင့်တူပါသည်။ အကယ်၍ ကျွန်ုပ်တို့က သခင်ယေရှု ပြန်လာမည့်အချိန်ကိုကြိုသိပါက ကျွန်ုပ်တို့ အဆင်သင့်စောင့်နေမည်သာဖြစ်သည်။ သို့သော် သူပြန်လာမည့်အချိန်ကို ကျွန်ုပ်တို့ မသိကြပါ။ ကျွန်ုပ်တို့ မောပန်းနေကြပြီ။ သူဘယ်တော့မှ ပြန်လာမှာ မဟုတ်တော့ဟု ကျွန်ုပ်တို့ ထင်ကြသည်။

သို့သော် သူလာလိမ့်မည်။ ကျွန်ုပ်တို့ အဆင်သင့်ဖြစ်နေရန် သူအလိုရှိသည်။

⊠ သခင်ယေရှုပြန်လာမည့်အချိန်ကို မည်သူမျှ မသိနိုင်ပါ။ သူပြန်လာမည့်အချိန်ကို သိသည်ဟု ပြောကြ သောသူတို့သည် မည်သို့သောသူများဖြစ်သနည်း။ သူတို့သည် မှားယွင်းကြကြောင်း သခင်ယေရှုကပြောသည်။

သခင်ယေရှုပြန်လာမည့်အချိန်ကို မည်သူမျှ မသိနိုင်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့ အမြဲအသင့်ပြင်ထားသင့်သည်။ ယနေ့ သင်အဆင်သင့် ဖြစ်နေပါသလား။

## ထို့ကြောင့် အသင့်ဖြစ်နေပါစေ။

၁။ စောင့်ကြည့်ပါ။

📖 မာကု၊၁၃း၃၅-၃၇။

လုံခြုံရေးကင်းစောင့်တစ်ဦးကဲ့သို့ ကျွန်ုပ်တို့သည် နိုးနိုးကြားကြားနှင့် အဆင်သင့်ဖြစ်ရန် သခင်ယေရှုအလိုရှိသည်။ တစ်စုံတစ်ခု ဖြစ်ပျက်ခဲ့ပါက အစောင့်သည်မြင်လိမ့်မည်။ ဤအကြောင်းအရာသည် ကျွန်ုပ်တို့အတွက် မည်သို့သော အဓိပ္ပါယ်ဆောင်ပါသနည်း။

- သခင်ယေရှုပြန်လည်ကြွမြန်းလာခြင်းအကြောင်းကို တွေးတောဆင်ခြင်ပြီး ဆုတောင်းပါ။

သခင်ယေရှုပြောသော ဖြစ်ပျက်လာမည့်အကြောင်းများကို သတိရပါ။

- ကြီးစွာသောဒုက္ခဆင်းရဲအတွက် အသင့်ဖြစ်ပါစေ။

၂။ လုပ်ဆောင်ပါ။

📖 မာကု၊၁၃း၃၄။

- ခရစ်ယာန်များလုပ်ဆောင်ရန် သခင်ယေရှုက မည်သည့်အလုပ်များ ပေးခဲ့ပါသနည်း။

သခင်ယေရှုအတွက် သင်ဘာတွေလုပ်ဆောင်ပေးပါသနည်း။

*သူ့အတွက် ကောင်းစွာသင်အလုပ်လုပ်ပါ သလား။*

*(မာကု၊၁၃း၁၄-၃၀ ထဲမှ သခင်ယေရှု ဖော်ပြသော ပုံပြင်ကို သင်ပြောပြနိုင်ပါသလား)*

⊠ သင်ငိုက်မြည်းအိပ်ပျော်နေပါသလား။ သခင်ယေရှု ပြန်လည်ကြွလာ မည်ကို သင်မေ့ပျောက်သွားပါသလား။ သင်၏ကိုယ်ရေးကိုယ်တာကိစ္စများနှင့် အလုပ်ရှုပ်နေပါသလား။ သင်နိုးထလော့၊ စောင့်ကြည့်၍အလုပ်လုပ်ပါ။ သခင်ယေရှုအတွက် အသင့်ဖြစ်ပါစေ။

# ၅၈ သခင်ယေရှု၏အသေခံခြင်းအတွက် ပြင်ဆင်ခြင်း

## နောက်ခံသမိုင်း

သခင်ယေရှု အသေခံရန်အချိန် အလွန်နီးကပ်လာပြီဖြစ်သည်။ ထိုနေ့သည် ဗုဒ္ဓဟူးနေ့ဖြစ် သည်။ သောကြာနေ့တွင် သခင်ယေရှုအသေခံရလိမ့်မည်။ သခင်ယေရှုအသေခံရမည်ကို တပည့်တော်များ က ယခုထိ မယုံကြည်ကြပေ။ မာကု၊၁၄ ထဲတွင် သူ၏အသေခံခြင်းအတွက် ပြင်ဆင်ရန် သခင်ယေရှုက သူတို့အား ကူညီနိုင်သည်။ မာကု၊၁၄း၁–၄၂။ မာကု၊၁၄း၁–၁၁။ လူအမျိုးမျိုးတို့က သခင်ယေရှု၏ အသေခံခြင်းအတွက် မည်ကဲ့သို့ ပြင်ဆင်ကြသနည်း။ (ဂျူးခေါင်းဆောင်များ၊ယုဒအမျိုးသမီးများ)

ရှင်မာကုက ကွဲပြားသောအချက်များကို အုပ်စုအလိုက်ခွဲထားပြီး ကျွန်ုပ်တို့အား စဉ်းစားတွေးခေါ်စေလိုသည်။ (မာကု၊၁၄း၁–၂ သည် မာကု၊၁၄း၁၀–၁၁ နှင့် မည်မျှတူသည်ကို ကြည့်ပါ။ အလယ်ပိုင်းသည် မာကု၊၁၄း၃–၉ ဖြစ်သည်။ မည်မျှကွဲပြားခြားနားသည်ကိုကြည့်ပါ)။

## အဓိကအချက်

သခင်ယေရှုအသေခံခြင်းသည် သတင်းကောင်းတစ်ပုဒ်ဖြစ်သည်။ သခင်ယေရှုကို သင်မည်မျှချစ်ပါသနည်း။

## လုပ်ဆောင်ရန်

သခင်ယေရှုအသေခံရမည်ကို ကျွန်ုပ်တို့ မလိုလားပါ။ ကျွန်ုပ်တို့သည် ယုဒကဲ့သို့မဟုတ်ကြပါ။ သို့သော် ကျွန်ုပ်တို့ထဲက တချို့တော့ဖြစ်နိုင်သည်။ ယုဒနှင့်တူသော လူများစွာရှိသည်။ သူတို့သည် ခရစ်ယာန်နှင့်တူသော်လည်း အတွင်းစိတ်ထဲ၌မူ ခရစ်ယာန်မဟုတ်ကြပါ။ သခင်ယေရှုကိုချစ်သည်ထက် ငွေကြေး သို့မဟုတ် တစ်စုံတစ်ခုကို ပို၍ ချစ်ကြသည်။ ဤအကြောင်းကို ပြောပြနိုင်ရန် ဘုရားသခင် သင့်ကို ကူမည်အကြောင်း တောင်းလျှောက်ပါ။

## မှတ်သားရန်

- မာကု၊၁၄း၁။ ပသခါအဖမပွဲနှင့် တဆေးမဲ့မုန့်ပွဲ။ ဤပွဲတော်သည် ဘုရားသခင်က သူတို့အား အဲဂုတ္တုပြည်မှ ကယ်နှုတ်ခဲ့ကြောင်းကို ဂျူးများအား ပြန်လည်သတိရစေပါသည်။ သူတို့သည် သိုးသူငယ်ကိုသတ်ပြီး အသွေးကို တံခါးပေါ်၌ သုတ်လိမ်းထားရသည်။ ဘုရားသခင်၏ကောင်းကင်တမန်များက အဲဂုတ္တုပြည်မှ သားဦးများကိုသတ်ပြီး အသွေးသုတ်ထားသော အိမ်များကို ကျော်လွှားခဲ့သည်။ သခင်ယေရှုသည် ပသခါသိုးသငယ်နှင့်တူပါသည်။ သူသည် ဘုရားသခင်၏အမျက်တော်မှ ကျွန်ုပ်တို့အား ကယ်တင်ရန် ပသခါပွဲအချိန်၌ အသေခံခဲ့ပါသည်။ ထွက်၊၁၂း၁–၃၀။
- မာကု၊၁၄း၃။ "အမျိုးသမီးတစ်ယောက်" ယောဟန်က ကျွန်ုပ်တို့အား ပြောသောအမျိုးသမီးမှာ မာရိဖြစ်ပြီး ဗေသနိရွာတွင် မာသ၊ လာဇရုတို့နှင့်အတူ နေထိုင်သော သူဖြစ်သည်။ (ယောဟန်၊၁၁း၁–၂၊ ၁၂း၁–၇)။
- မာကု၊၁၄း၄–၅။ ယုဒက ဤကဲ့သို့ပြောဆိုကြောင်း ယောဟန်က ကျွန်ုပ်တို့အား ပြောခဲ့ပါသည်။ ဤအကြောင်းကို သူက ဦးစွာပြောခဲ့သူဖြစ်သည်။ ယုဒသည် ငွေနောက်လိုက်သောသူခိုးတစ်ဦးဖြစ်သည် (ယော၊၁၂း၄–၆)။
- မာကု၊၁၄း၃၊၈။ ထိုအမျိုးသမီးက အလွန်ထူးခြားသောအရာကို လုပ်ခဲ့ပါသည်။ လူများက မွှေးကြိုင်သောအနံ့ရရန် 'နံ့သာမွှေး' ကိုအသုံးပြုကြသည်။ ၎င်းနံ့သာမွှေးသည် တနှစ်စာ လုပ်အားခဖြစ်သည်။ သူမသည် သခင်ယေရှု အသေခံရမည်ကို ယုံကြည်သည်။ သခင်ယေရှုအပေါ်ထားရှိသော သူမ၏ချစ်ခြင်းမေတ္တာကို သူမ တတ်နိုင်သမျှဖော်ပြလိုသည်။ သခင်ယေရှု အသေခံပြီးနောက် မည်သူတစ်ဦးတစ်ယောက်မျှ သူ့အား ရေမွှေး မလိမ်းပေးခဲ့ပါ။ သို့သော် မာရိက ထိုအရာများကို လုပ်ဆောင်ခဲ့ကြောင်း ယေရှုက ပြောခဲ့သည်။

## ဟောပြောချက်၊ မာကု၊၁၄း၁-၁၁

### သခင်ယေရှုအားသတ်ရန် အသင့်ဖြစ်နေခြင်း

မာကု၊၁၄း၁-၂၊၁၀-၁၁။

- သခင်ယေရှုထက် ငွေကြေးကို နှစ်သက်တပ်မက်သော သူကိုသင်သိပါသလား။
- ဝင်ငွေပိုကောင်းသောကြောင့် သူတို့ကိုယ်သူတို့ ခရစ်ယာန် သို့မဟုတ် အသင်းအုပ်ဆရာဖြစ်ကြောင်း ပြောသောသူကို သင်သိပါသလား။

ယုဒသည် စစ်မှန်သောယုံကြည်သူ မဟုတ် ပါ။ (ယော၊၁၃း၁၀-၁၁) ယုဒက သခင်ယေရှုကို ချစ်ဟန်ဆောင်ခဲ့သည်။ သူသည် အခြားတပည့်တော်များနှင့်တူသယောင်ယောင်ရှိသည်။ သို့သော် သူသည် သခင်ယေရှုကို မချစ်ပဲ ငွေကိုတပ်မက်သည်။ ထို့ကြောင့် အမျိုးသမီးတစ်ဦးက သခင်ယေရှုအပေါ်သို့ ဆီမွှေးများကို လောင်းချသောအခါ သူအလွန်စိတ်ဆိုး ခဲ့သည်။ ပိုက်ဆံဖြုန်းခြင်း သက်သက် ဖြစ်ကြောင်း ပြောသည်။

ထို့နောက် ယုဒက အခြားဝင်ငွေရနိုင်သော ကြောက်စရာကောင်းသည့် နည်းလမ်းကို တွေးမိခဲ့သည်။ မာကု၊၁၄း၁၀-၁၁။

*ယုဒက ငွေကြေးကြောင့် သခင်ယေရှုအား သတ်ရန် လိုလားနေသည်။ သင့်အနေနှင့် မည်သည့်အရာကို အလိုရှိပါသနည်း။ ငွေကြေးပိုရအောင် သင်သည် လိမ်လည်လှည့်စားမည်လော။ အခွန်မပေးရရန် သင် ကြိုးစားမည်လော။ သခင်ယေရှုအတွက် အနည်းငယ်သောငွေကြေးကိုသာ ပေးမည်လော။ သင်သည် ငွေကြေးထက် သခင်ယေရှုကို ပိုချစ်သည်မှာ သေချာပါသလား။ ယုဒကဲ့သို့ ခရစ်ယာန်တစ်ယောက်အဖြစ် ဟန်ဆောင် မနေပါနှင့်။*

### သခင်ယေရှုအားချစ်ရန် အသင့်ဖြစ်နေခြင်း

မာကု၊၁၄း၃-၉။

သခင်ယေရှုသည် အသေခံရန် အသင့်ဖြစ်နေပါသည်။ သူ၏သေခြင်း နှင့် ပတ်သက်၍ သူမည်ကဲ့သို့ ပြောသည်ကိုကြည့်ပါ။ မာကု၊၁၄း၈-၉ ကျွန်ုပ်တို့သည် သေခြင်းတရားအကြောင်းကို မပြောလိုပါ။ သို့သော် သခင်ယေရှုက ဤအရာကို ''ဧဝံဂေလိ'၊ ''သတင်းကောင်း''ဟု သူပြောခဲ့ပါသည်။

ယခု သခင်ယေရှု၏သေခြင်းအကြောင်းကို ကျွန်ုပ်တို့ ဂုဏ်တော်ချီးမွမ်းကြပြီး ၎င်းသည် သတင်းကောင်း ဖြစ်ကြောင်းကို ကျွန်ုပ်တို့သိကြသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့အတွက်အသေခံပြီး ရှင်ပြန်ထမြောက်တော်မူသောကြောင့် သူ့အား ကျွန်ုပ်တို့ချစ်ကြသည်။ ဤအရာသည် သခင်ယေရှုအကောင်းဆုံး လုပ်ဆောင်ခဲ့သောအရာဖြစ်သည်။ (တရားဟောခြင်းပြီးနောက်တွင် သခင်ယေရှုအား ကျေးဇူးတော်ချီးမွမ်းသည့်သီချင်း အချို့ သီဆိုပါ)။

သခင်ယေရှု၏ မိတ်ဆွေအများစုက သခင်ယေရှုအသေခံရန်အတွက် အသင့်မဖြစ်ကြပါ။ သူ ဘာကြောင့်အသေခံသင့်သည်ကို သူတို့ နားမလည် ကြပါ။ သို့သော် မာရိက အနည်းငယ်နားလည် သဘောပေါက်ပါသည်။ တတ်နိုင်သမျှ သူမ၏ချစ်ခြင်း မေတ္တာကို သခင်ယေရှုအား ဖော်ပြရန် လိုအပ်ကြောင်း သိခဲ့သည်။

- မာရိက သခင်ယေရှုကို မည်မျှချစ်ခဲ့သနည်း။

သခင်ယေရှုအတွက် အနည်းငယ်သော နံ့သာမွှေးကိုသာ လောင်းချပေးရမည်ဟု ကျွန်ုပ် တွေးထားသည်။ ကျန်သည့်အရာများကို ကျွန်ုပ်အတွက် သိမ်းဆည်းထားမည်။ သို့သော် မာရိက နံ့သာမွှေး၏ တန်ဖိုးကို ဂရုမစိုက်ခဲ့ပါ။ သခင်ယေရှုသည် သူမအတွက် အရာခပ်သိမ်းဖြစ်တော်မူ၏။

*မာရိသိသည်ထက်ပို၍ ကျွန်ုပ်တို့ ပို၍ သိနေကြသည်။ သခင်ယေရှု သည် ကားတိုင်ပေါ်တွင် အသေခံခြင်းဖြင့် ကျွန်ုပ်တို့၏အပြစ်များကို ဆောင်ယူသွားခဲ့သည်။ မာရိသူ့အားချစ်သည်ထက် ကျွန်ုပ်တို့ သူ့ကို ပိုချစ်သင့်သည်။*

*သင်သည် သခင်ယေရှုအား ချစ်ရန် အသင့်ဖြစ်ပြီလား။ မည်မျှ ချစ်သနည်း။ ချစ်ကြောင်း သင်မည်သို့ပြမည်နည်း။*

# ၅၉ သခင်၏ညစာစားပွဲ

## နောက်ခံသမိုင်း

ဤနေ့သည် ကြာသပတေးနေ့ဖြစ်သည်။ သခင်ယေရှုသည် နောက်တစ်နေ့၌ အသေခံရမည်ကို သူသိနေသည်။ သူအသေခံခြင်းသည် သူတို့အတွက် ဖြစ်ကြောင်းကို တပည့်တော်များ သိရန် လိုအပ်ပါသည်။ ထိုအရာသည် ဘုရားသခင်၏ အကြံအစည်တော်ဖြစ်ကြောင်းကို သူတို့သိရန်လိုသည်။ ပသခါပွဲသည် သခင်၏ ညစာစားပွဲ ဖြစ်သည်။ 📖 မာကု၊ ၁၄း၁၂-၂၆။

## အဓိကအချက်

သခင်ယေရှုသည် အသေခံရန် အသင့်ဖြစ်နေသည်။ ကျွန်ုပ်တို့တစ်ယောက်စီတိုင်းသည် ကိုယ့်နည်း ကိုယ်ဟန်ဖြင့် သူ၏သေခြင်းကို ယုံကြည်နေရန် လိုအပ်သည်။

## လုပ်ဆောင်ရန်

သခင်၏ညစာစားပွဲ၌ ကျွန်ုပ်တို့ခရစ်ယာန်များ ပါဝင်လေ့ရှိကြသည်။ မုန့်နှင့်စပျစ်ရည်သည် ကျွန်ုပ်တို့နှင့် အလွန်ရင်းနှီးကျွမ်းဝင်လှသည်။ သို့သော် သခင်ယေရှု ဘာကိုဆိုလိုကြောင်း ကျွန်ုပ်တို့ အမှန်တကယ် သဘောပေါက်ပါသလား။ သခင်ယေရှုက သူ၏ တပည့်တော်များအား ဘာကိုနားလည်စေလို သနည်း။

## မှတ်သားရန်

• မာကု၊၁၄း၁၂။ ပသခါအဇုမပွဲနှင့် တဆေးမဲ့မုန့်။ ဤပွဲတော်သည် ဘုရားသခင်က သူတို့အား အဲဂုတ္တုပြည်မှ ကယ်နှုတ်ခဲ့ကြောင်းကို ဂျူးများအား ပြန်လည် သတိရစေပါသည်။ သူတို့သည် သိုးသငယ်ကိုသတ်ပြီး အသွေးကိုတံခါးပေါ်၌ သုတ်လိမ်းထားရသည်။ ဘုရားသခင်၏ကောင်းကင်တမန်များက အဲဂုတ္တုပြည်မှ သားဦးများကိုသတ်ပြီး အသွေးသုတ်ထားသော အိမ်များကိုကျော်သွားသည်။ သခင်ယေရှုသည် ပသခါ သိုးသငယ်နှင့်တူပါသည်။ သူသည် ဘုရားသခင်၏ အမျက်တော်မှ ကျွန်ုပ်တို့အား ကယ်တင်ရန် ပသခါပွဲ၌ အသေခံခဲ့ပါသည်။ 📖 ထွက်၊၁၂း၁-၃၀။

• မာကု၊၁၄း၁၂-၁၆။ ဤအကြောင်းအရာများသည် သတိရှိရှိ ညွှန်ကြားထားသောအချက်များဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သခင်ယေရှုအတွက် အန္တရာယ် ရှိနေခြင်းကြောင့်ဖြစ်သည်။ သခင်ယေရှုသည် သူ၏ တပည့်တော်များနှင့် လျှို့ဝှက်စွာတွေ့လိုပါသည်။

• မာကု၊၁၄း၂၁။ ယုဒသည် နောက်ဆုံးသောအချိန်၌ ကယ်တင်ခြင်း မခံရပါ။ သူ့အတွက်ကြောက်စရာ ကောင်းသည့်အရာများ ရောက်ရှိလာမည့်အကြောင်း သခင်ယေရှုပြောပြပါသည်(ယောဟန်၊၁၇း၁၂)။

• မာကု၊၁၄း၂၂-၂၄။ သခင်ယေရှုသည် ပုံဥပမာအားဖြင့် ပြောလေ့ရှိပါသည်။ မုန့်သည် သူ၏ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ဖြစ်ကြောင်း မပြောခဲ့ပါ။ စပျစ်ရည်သည် သူ၏ခန္ဓာပိုင်းဆိုင်ရာ အသွေး ဖြစ်ကြောင်း ဆိုလိုခဲ့ခြင်း မဟုတ်ပါ။ သို့သော် ယုံကြည်ခြင်းအားဖြင့် သူ၏သေခြင်းနှင့်ဆိုင်သော ဆုကျေးဇူးကို ခံယူရန် သူအလိုရှိ ပါသည်။

• မာကု၊၁၄း၂၄။ "ပဋိညာဉ်တရား" အလွန်အရေးကြီး သောကတိစကား။ "အသွေး"သည် မည်မျှလေးနက် ကြောင်းကို ဖော်ပြနေပါသည်။ အသစ်သော ပဋိညာဉ် အဖြစ် ပုံဖော်ပေးခဲ့သည်။ သခင်ယေရှု၏အသွေးတော် အားဖြင့် သခင်ယေရှု၏အသေခံခြင်းကို ယုံကြည်သူ တိုင်း ကယ်တင်မည့်အကြောင်းသည် ဘုရားသခင်၏ သေချာသောကတိစကားဖြစ်သည်။

• မာကု၊၁၄း၂၅။ သူ၏အသေခံခြင်းသည် အဆုံး သတ်သွားခြင်းမဟုတ်ကြောင်းကို သခင်ယေရှုက တပည့်တော်များအား သိစေလိုသည်။ သူတို့သည် သူနှင့်အတူ ကောင်းကင်ဘုံ၌ အတူစားသောက်ရ လိမ့်ဦးမည်။

## ဟောပြောချက်၊ မာကု၊၁၄း၁၂-၂၆

## သခင်ယေရှုသည် အသေခံရန် အသင့်ဖြစ်နေခြင်း

သင်၌စာမေးပွဲ (သို့) စမ်းသပ်စစ်ဆေးမှုခံယူရန် ရှိနေသည်ဆိုပါစို့။ သို့မဟုတ် အလုပ်အတွက် အင်တာဗျူးဝင်ရမည်ဆိုပါစို့။ ထိုအရာများ မလုပ်ခင် သင်ဘာလုပ်မည်နည်း။ သင်ပြင်ဆင်မည်။ သင် အသင့်ဖြစ်နေရမည်ကို သင်သိနေသည်။

ထိုကိစ္စသည် သခင်ယေရှုအတွက် အလွန်ခက်ခဲသောကိစ္စဖြစ်သည်။ သခင်ယေရှုသည် အခက်ခဲ ဆုံး။ အနာကျင်ဆုံးသော စမ်းသပ်စစ်ဆေးမှုကို ဖြတ်ကျော်ရမည်။ သူသည် အသင့်ဖြစ်နေသည်။

- သူ၏တပည့်တော်များနှင့်အတူ ပသခါပွဲကို အတူ စားရန် အသင့်ရှိ နေပါသည်။ (မာကု၊၁၄း၁၂-၁၆)
- ယုဒသည် သူ့အားအပ်နှံရန် (လှည့်ဖြားခြင်းကိုခံရန်) အသင့်ဖြစ်နေသည်။ (မာကု၊၁၄း၁၇-၂၁)
- သူအသေမခံရမီ ညစာအတူဝေမျှစားရန် အသင့်ဖြစ်နေသည်။(မာကု၊၁၄း၂၂-၂၆)

*(ဤအချက်သုံးချက်ကို အကျယ်တဝင့် ပြောပြပါ။ သခင်ယေရှုသည် အရာအားလုံးကို ထိန်းချုပ်ထားဆဲဖြစ်ပါသည်။ သမ္မာကျမ်းထဲ၌ သူ့အကြောင်းကို ဖော်ပြထားသည့်အတိုင်း သူသည် ဆက်လက်လုပ်ဆောင်ရန် အသင့်ရှိနေသည်။ (မာကု၊၁၄း၂၁)*

*ကျွန်ုပ်တို့သည် တစ်ခါတစ်ရံ တပည့်တော်များကဲ့သို့ ဖြစ်နေကြသည်။ ကျွန်ုပ်တို့သည် အားငယ်၍ ကြောက်ရွံ့နေတတ်ကြသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ယုံကြည်ကိုးစားရန် ကျွန်ုပ်တို့အတွက် ခက်ခဲလှကြောင်းတွေ့ရသည်။ သို့သော် ကျွန်ုပ်တို့၏အရှင်သခင် ကယ်တင်ရှင်သည် ကျွန်ုပ်တို့အတွက် အသေခံရန် အသင့်ဖြစ်နေသည်။ နာကျင်မှုအားလုံးကို ယူဆောင် သွားရန် အသင့်ဖြစ်နေသည်။ သူ့အားချစ်မြတ်နိုးပါ။*

### ယူ၍စားလော့။

📖 မာကု၊၁၄း၂၂

သခင်ယေရှုအသေခံရန် အသင့်ဖြစ်နေသည်။ သူသည် တစ်ယောက်တည်း အသေခံသင့်သည်။ သခင်ယေရှုတစ်ဦးတည်းသည် ကျွန်ုပ်တို့၏ အပြစ်များကို ယူဆောင်သွားနိုင်မည်။ မည်သို့ပင်ဖြစ်စေ သခင်ယေရှုက သူ၏တပည့်တော်များကို သူနှင့်အတူ ဝေမျှခံစားစေလိုသည်။ ထို့ကြောင့် သေခြင်းနှင့်စပ်ဆိုင်သောစားပွဲကို သူတို့အတူတကွစားသင့်သည်။ "ငါသည် အသေခံရမည်ဖြစ်ပြီး ဤအသေခံခြင်းသည် သင်၏အတွက်လည်းဖြစ်သည်"ဟု သခင်ယေရှု ပြောသည်။ ငါ၏"အသွေး"နှင့် "အသား"ကို ယူ၍စားလော့။ ငါ၏ အသေခံခြင်းကို အတူမျှဝေကြလော့။

*(ပသခါပွဲနှင့်ပတ်သက်သည့်အကြောင်းကို ပြောပါ။ ဣသရေလလူမျိုးများ ထိုပွဲတော်၌ မည်သို့ ပါဝင်ကြရကြောင်း ပြောပြပါ။ သူတို့သည် သိုးကို သတ်၍ စားရသည်။ အသွေးကိုသူတို့၏တံခါးထုတ်၌ သုတ်လိမ်း ထားရသည်။ သူတို့သည် ပသခါပွဲကိုပါဝင်ဆင်နွဲကြ သောကြောင့် လုံခြုံမှုကို ခံစားကြရသည်။)*

*ကျွန်ုပ်တို့ သခင်ယေရှု၏အသေခံခြင်းကို ယုံကြည်ကြသည်။ သို့သော် ဤမျှလောက်နှင့်မလုံလောက်ပါ။ သခင်ယေရှု၏အသေခံခြင်းသည် လူသားတိုင်းကို ကယ်တင်ပေးလိမ့်မည်မဟုတ်ပါ။ သူ၏အသေခံခြင်းကို ကျွန်ုပ်တို့၏အသက်တာ၌ ယူတင်ဝတ်ဆောင်သင့်သည်။ သခင်ယေရှု ကျွန်ုပ်တို့ကို ကယ်တင်နိုင်ကြောင်းကို ကျွန်ုပ်တို့ ယုံကြည်ရပါသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့အတွက် အသေခံသောပသခါပွဲသိုးသငယ်ဖြစ်ကြောင်းကို လက်ခံမှသာ ကျွန်ုပ်တို့အသက်တာသည် လုံခြုံစိတ်ချရမည်။ (ကျွန်ုပ်တို့၏အသက်တာ၌ သခင်ယေရှုကို ကိုယ်တိုင်ယုံကြည် လက်ခံခြင်းမပြုမီ သခင်ယေရှု၏ ပွဲတော်မင်္ဂလာ၌ မပါသင့်ကြောင်း ရှင်းပြပါ)။*

*ခရစ်ယာန်များ ပွဲတော်မင်္ဂလာကို ပါဝင်ကြ သောအခါ ဂရုတစိုက်ပြုလုပ်သင့်သည်။ အလေ့အထတစ်ခု အဖြစ် မလုပ်ဆောင်သင့်ပါ။ မည်သည့်အဓိပ္ပါယ်ဖြင့် လုပ်ဆောင်ကြောင်းကိုဆင်ခြင်သင့်သည်။ ကျွန်ုပ်တို့စားသောက်သောအခါ သခင်ယေရှု၏သေခြင်းက ကျွန်ုပ်တို့၏အပြစ်များကို ယူဆောင်သွားခြင်းဖြစ်ကြောင်းကို ယုံကြည်ရမည်။ သခင်ယေရှု၏အသွေးတော်သည် ဘုရားသခင်၏ပဋိညာဉ် (ကျွန်ုပ်တို့အားကယ်တင်ခြင်းနှင့် ကောင်းချီးများကို ပေးမည်ဟူသော သူ၏ကတိတော်) တရားကိုဖော်ပြနေကြောင်း ကျွန်ုပ်တို့ သတိရနေမည်ဖြစ်သည်။*

⑦ လေ့လာချက်၊ မာကု၊၁၄း၂၇-၄၂

# ၆၀ ကြီးမားသောစစ်ဆေးမှု

## ▣ နောက်ခံသမိုင်း

သခင်ယေရှု အသေခံရန် အချိန်ရောက်ရှိလာပြီဖြစ်သည်။ သခင်ယေရှုက သူ၏တပည့်တော်များ အားပြင်ဆင်ထားရန် ပြောကြားသော်လည်း သူတို့သည်အသင့်ဖြစ်ပါသလား။ သခင်ယေရှုနှင့် တပည့်တော်တို့၏ကွဲပြားခြားနားချက်ကို ရှင်မာကုက ကျွန်ုပ်တို့အား ပြညွှန်ခဲ့သည်။

📖 မာကု၊၁၄း၂၇-၃၁။ တပည့်တော်များ က သူတို့သည် မည်သို့သော ညှဉ်းပန်းမှုမဆို (သေခြင်းတရားကိုပင်)ရင်ဆိုင်ရန် အသင့်ရှိကြောင်း ပြောခဲ့ပါသည်။

📖 မာကု၊၁၄း၃၂-၄၂။ သခင်ယေရှု သည် ဆုတောင်းခဲ့ပြီး ကားတိုင်ပေါ်တွင် အသေခံရန် အသင့်ဖြစ်နေသည်။

ဤပြောဆိုနေသောအကြောင်းအရာသည် မာကု၊၁၄း၃၂-၄၂ အကြောင်းဖြစ်သည်။ မာကု၊၁၄း၂၇-၃၁ကို ပြန်လေ့လာပြီး ရှင်ပေတရု၏ အဖြစ်အပျက်အကြောင်းအရာများကို တွေ့ရမည်ဖြစ်သည်။

📖 မာကု၊၁၄း၆၆-၇၂။

## ⊡ အဓိကအချက်

သခင်ယေရှုက သူ၏ခမည်းတော်အလိုကို ရွေးချယ်ခဲ့ပြီး သူ၏ကားတိုင်တော်ကိုထမ်းရွက်ခဲ့သည်။ ကျွန်ုပ်တို့အနေနှင့်မည်သည့်လမ်းကို ရွေးချယ်မည်နည်း။

## ⊛ လုပ်ဆောင်ရန်

ဤအပိုင်းသည် သခင်ယေရှုနှင့်ဆိုင်သော အပိုင်းဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ယေရှုကို ချစ်မြတ်နိုး၍ ကျေးဇူးတော်ချီးမွမ်းလိုကြသည်။ သူ၏လူများအတွက် နာကျင်မှုအားလုံးကို ယူဆောင်သွားလိုသည်။

မည်သို့ပင်ဖြစ်စေ၊ တပည့်တော်များ၏ အကြောင်းကို ရှင်မာကုက ကျွန်ုပ်တို့အား ပြညွှန်လိုသည်။ ၎င်းအချက်က ကျွန်ုပ်တို့သည် နာကျင်မှု ခံစားရန် အသင့်ဖြစ်နေပြီလားဟူသော မေးခွန်းကို ပေါ်ထွက်လာစေသည်။ ကျွန်ုပ်တို့သည် သခင်ယေရှု၏နောက်တော်သို့ လိုက်သောအခါ နာကျင်မှုများနှင့် ကြုံရကြမည်ဖြစ်သည်။ 📖 မာကု၊၈း၃၄-၃၅။ နေ့စဉ်အသက်တာ၌ ရွေးချယ်မှုများပြုရမည်။ သခင်ယေရှုကဲ့သို့ ခက်ခဲသောလမ်းကို ရွေးချယ်မည်လော(သို့) တပည့်တော်များကဲ့သို့ အိပ်ပျော်နေမည်လော။ (သင်၏လူများအတွက် သင့်လျော်မည့်ဥပမာများကို စဉ်းစားပေးပါ)

## ▲ မှတ်သားရန်

● မာကု၊၁၄း၃၅-၃၆။ သခင်ယေရှုသည် အသေခံရန်မည်သို့ အသင့်ရှိနေကြောင်းကို ရှင်မာကုက ပြခဲ့သည်။ သခင်ယေရှုက သူသည် အသေခံရန် ကြွဆင်းလာခြင်းဖြစ်ကြောင်း မကြာခဏ ပြောခဲ့သည်။ ဤအချိန်၊ ဤနေရာ၌လည်း သခင်ယေရှု၏စိတ်တော်သည် ပြောင်းလဲသွားခြင်းမရှိပါ။ သူ့အတွက် အလွန်နာကျင်လှသော်လည်း ခမည်းတော်၏အလိုကို အဆုံးတိုင်လိုက်သည်။

● မာကု၊၁၄း၃၆။ "ခွက်ဖလား" သို့မဟုတ် "နာကျင်ခံစားမှုခွက်" 📖 ဆာလံ၊၇၅း၈။ ဘုရားသခင် ၏ အမျက်တော်ခွက်ကို လူတိုင်းသောက်ရန် ထိုက်တန်လှသည်။ ယခု ကျွန်ုပ်တို့၏အပြစ်များအတွက် သခင်ယေရှုသည် ဘုရားသခင်၏အမျက်တော်ခွက်ကို သောက်သုံးရမည်။ ကားတိုင်တော်နှင့်ပတ်သက်၍ သခင်ယေရှုအတွက် အနာကျင်ရဆုံးအချက်မှာ ခမည်းတော်၏ အမျက်တော် ခွက်ဖလားပင်ဖြစ်သည်။

● မာကု၊၁၄း၃၈။ "စိတ်ဝိညာဉ်ကား စေတနာစိတ်ရှိသော်လည်း" တပည့်တော်များက သခင်ယေရှုနှင့်အတူ အမြဲရှိနေလိုသည်။ (မာကု၊၁၄း၃၁) သို့သော် ကိုယ်ခန္ဓာ၊ အသား (လူ့သဘောသဘာဝ)မှုကား အားနည်းသည်။ သူတို့သည် ဘုရားသခင်ထံမှ အကူအညီလိုအပ်သောကြောင့် သူတို့သည် ဆုတောင်းရန်လိုအပ်သည်။ အချိန်တန်ပြီ ဖြစ်သော်လည်း တပည့်တော်များက အဆင်သင့် မဖြစ်သေးပါ (မာကု၊၁၄း၃၁)။

## ➡ ဟောပြောချက်၊ မာကု၊ ၁၄း၂၇-၄၂
## သခင်ယေရှုက ကားတိုင်တော်ကို ရွေးချယ်ခဲ့သည်။

### ၁။ သခင်ယေရှုသည် နာကျင်မှုကိုခံစားသည်

📖 မာကု၊ ၁၄း၃၃-၃၆။

အလွန်အဆိပ်ပြင်း၍ ခါးသီးသောအဆိပ်သင့်သည့်အရည်ကို သင် သောက်ရမည်ဆိုပါစို့။ အလွန်ခါးသီးသောအရသာရှိပြီး မီးကဲ့သို့ ပူလောင်လွန်းလှသည်။ ခွက်အကြီးကြီးတစ်ခွက်ထဲမှ အဆိပ်အားလုံး သင်သောက်ရမည်။

သခင်ယေရှုက ထို့ထက်ဆိုးရွားသောအရာကို သောက်သုံးရမည်ဖြစ်သည်။ သူသည် ကားတိုင်လမ်းကို လျှောက်သည်။ သခင်ယေရှုအတွက်မူ ကားတိုင်တော်သည် ဘုရားသခင်၏လောင်ကျွမ်းနေသောအမျက်တော်နှင့် ပြည့်နေသည့်ခွက်ဖလားနှင့် တူသည်။ ဘုရားသခင်၏ကျိန်ခြင်းနှင့် ပြည့်နေသော ခွက်ဖြစ်သည်။ ငရဲကဲ့သို့ အပြစ်စီရင်ခြင်းနှင့်ပြည့်သော ခွက်ဖလားဖြစ်သည်။ ဤကဲ့သို့ဖြစ်ရခြင်းမှာ ကျွန်ုပ်တို့၏အပြစ်ကို သခင်ယေရှု ယူဆောင်သွားခြင်းကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့ခံယူရမည့် အပြစ်စီရင်ခြင်းကို သခင်ယေရှု ယူဆောင်သွားမည်ဖြစ်သည်။ (၁ပေ၊၂း၂၄)။

• သူ၏ခံစားချက်ကို သခင်ယေရှု မည်ကဲ့သို့ ပြောပြသနည်း။

ကျွန်ုပ်တို့နာကျင်မှုခံစားရသကဲ့သို့ သခင် ယေရှုသည် နာကျင်ခြင်းဝေဒနာ ခံစားရသည်။ ထို့ကြောင့် သူမည်မျှခံစားနေရကြောင်း သူ၏ခမည်းတော်အား ပြောပြသည်။ သူ၏စိုးရိမ်မှုနှင့် နာကျင်မှုအတွက် အော် ဟစ်ခဲ့သည်။ ကားတိုင်တော်သည် အလွန်ကြောက်စရာ ကောင်းလှပြီး လွတ်နိုင်မည့်အခြားလမ်း သခင်ယေရှု မျှော်လင့်ကောင်း မျှော်လင့်လိမ့်မည်။

### ၂။ သခင်ယေရှုက လက်ခံခဲ့ပါသည်။

📖 *မာကု၊ ၁၄း၃၆။*

အကြောင်းအရာတစ်ခုကို သေသေချာချာ မစဉ်းစားပဲ ''ဟုတ်ပါသည်''ဟု သင် တစ်ခါတလေ ပြောဖူးပါသလား။ နောက်ပိုင်းတွင်မှ ''မဟုတ်ပါ''ဟု ပြန်ပြင်ပြောလိုပါသလား။

ကားတိုင်လမ်း မည်မျှခက်ခဲကြမ်းတမ်းသည်ကို သခင်ယေရှု သိမြင်သည်။ သူသည် ပြင်းပြင်းထန်ထန် ခံစားရမည့်အကြောင်း သိနေသည်။ သို့သော် သူသည် ဝန်ခံလျက်ဖြစ်သည်။ စင်စစ်အားဖြင့် သခင်ယေရှုသည် နာကျင်မှုဝေဒနာကို မခံစားလိုပါ။ သို့သော် သူ၏ဖခင်စိတ်ကျေနပ်မှုရရန် ပေးဆပ်လုပ်ဆောင် လိုစိတ်ရှိသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့ကို ကယ်တင်ရန် အမှုပြီးအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

>> *သခင်ယေရှုသည် နာကျင်မှုများကို ခံယူရန် လိုလိုလားလားရှိနေသောကြောင့် သူ့အားကျေးဇူးတင်ပါ။ သခင်ယေရှုကိုချစ်မြတ်နိုးပါ။ သခင်ယေရှုအား ချီးမွမ်းပါ။ (ဤအကြောင်းကို အကျယ်တဝင့် ပြောဆိုပါ။) သခင်ယေရှု ကျွန်ုပ်တို့အတွက် မည်မျှလုပ်ဆောင်ခဲ့သည်ကို နားလည်နိုင်ရန် ကူညီပေးပါ။ ဆုတောင်းခြင်းသို့မဟုတ် သီချင်းဆိုရန် အချိန်အနည်းငယ်ယူပါ။*

### တပည့်တော်များ ဒိုက်မြည်းအိပ်ပျော်ခြင်း

📖 မာကု ၁၄း၃၇-၄၂

တပည့်တော်များက ကျရှုံးသောသူများ မဖြစ်လိုကြပါ။ သူတို့သည် သခင်ယေရှုကဲ့သို့ပင် ဘုရားသခင်၏အလိုတော်ကို ဆောင်ရွက်လိုကြသည်။ မည်သို့ပင်ဖြစ်စေ သူတို့သည်အလွန်အားနည်းနေကြသည်။

• တပည့်တော်များ မည်မျှအားနည်းနေကြောင်းကို ရှင်မာကုက ကျွန်ုပ်တို့အား မည်ကဲ့သို့ဖော်ပြသနည်း။

>> *သင်သည် သခင်ယေရှုနောက်တော်သို့ လိုက်လိုပါသလား။ သင်သည် ဘုရားသခင်၏အလိုတော်ကို ဆောင်လိုပါသလား။ ကျွန်ုပ်တို့သည် အလွန် အားနည်းနေသောကြောင့် အပြည့်အဝမလုပ်ဆောင်နိုင်ကြပါ။ သခင်ယေရှု၏ အလိုတော်ဆောင်စဉ် မည်သည့်အချိန်အခါသည် သင့်အတွက် အခက်ခဲဆုံးအချိန်ဖြစ်သနည်း။ စုံစမ်းနှောင့်ယှက်ခြင်းများနှင့် ရင်ဆိုင်ရသောအခါ သင့်အတွက်လိုအပ်သည်မှာ -*

*• ဆုတောင်းခြင်း - နံနက်တိုင်း သခင်ယေရှုအတွက် ခက်ခဲသော အရာများလုပ်ဆောင်နိုင်ရန် အသင့်ရှိစေဖို့ ဆုတောင်းပါ။*

*• အခက်ခဲဆုံးအချိန်များအတွက် ''ဟုတ်ကဲ့ပါ''ဟု အမြဲပြောနိုင်ရန် သခင်ယေရှုအား ယုံကြည်ကိုးစားပါ။*

# ၆၁ သခင်ယေရှုသည် အသေခံရန်သွားခြင်း

## [■] နောက်ခံသမိုင်း

ကြာသပတေးနေ့ည ညဉ့်နက်နေပြီ။ သခင်ယေရှုသည် ကားတိုင်ပေါ် အသေခံရန် အသင့်ဖြစ်နေသည်။ သူဆုတောင်းခဲ့သည်။ နာကျင်မှုပြည့်နှက်နေသည်။ ခွက်ဖလားကို မြည်းစမ်းခဲ့ရသော်လည်း အလိုတော်ကိုဝန်ခံခဲ့သည်။ တပည့်တော်များက သခင်ယေရှုနှင့်အတူသွားရန် အသင့်ရှိကြောင်း ပြောပြသည်။ သို့သော် သူတို့သည် အားနည်းလှသည်။ သူတို့သည် ဆုမတောင်းကြပါ။ (မာကု၊၁၄း၃၇-၄၂)။

ယခုသခင်ယေရှုသည် အသေခံရန် ထ၍ကြွသွားသည်။ 📖 မာကု၊၁၄း၄၁-၅၂။

## [●] အဓိကအချက်

သခင်ယေရှုသည် အသေခံရန်သူ ကိုယ်တိုင် မိမိကိုယ်ကို အပ်နှံခဲ့သည်။ တပည့်တော်များက သူတို့အသက်လွတ်ရန်အလို့ငှါ ထွက်ပြေးကြသည်။

## [★] လုပ်ဆောင်ရန်

တပည့်တော်များ၌ မှားယွင်းသော အတွေးအခေါ်များ ရှိနေသေးကြောင်းကို သတိရပါ။ သခင်ယေရှုသည် ကြီးမြတ်သောဘုရင်တစ်ပါး ဖြစ်ကြောင်း သူတို့ မျှော်လင့်နေကြဆဲဖြစ်သည်။ သူတို့သည် သခင်ယေရှုနှင့်အတူ ရှိနေလိုကြပြီး တိုက်ပွဲဝင်ရန် ဆန္ဒရှိကြသည်။ သို့သော် ကျရှုံးသော သူတစ်ယောက်၏နောက်သို့ လိုလိုလားလား မလိုက်လိုကြပါ။ သခင်ယေရှုကားတိုင်၌ အသေခံရန် တပည့်တော်များက အဆင်သင့်မဖြစ်ကြပါ။ ကျွန်ုပ်တို့သည် သူတို့နှင့်မည်မျှတူကြောင်း ဆင်ခြင်ကြည့်ကြပါ။

## [▲] ဘ်သားရန်

- မာကု၊၁၄း၄၄။ ယုဒက သခင်ယေရှုကို အပ်နှံရန် နမ်းခဲ့သည်။ မှားယွင်းချွတ်ချော်မှုမဖြစ်သင့်ပါ။ အမှောင်ထုကြီးစိုးမိုးလာပြီဖြစ်သည်။ လူအုပ်ကြီးက သခင်ယေရှုကိုပင် ကောင်းစွာမသိကြပါ။
- မာကု၊၁၄း၄၇။ ယောဟန်၊၁၈း၁၀ ထဲတွင် ပေတရု၏အကြောင်းကို ဖော်ပြထားသည်။ တပည့်တော်များက တိုက်ခိုက်ရန် အသင့်ဖြစ်နေကြသည်။ သို့သော် သခင်ယေရှုက တုံ့ပြန်မှု မပြုသောအခါ သူတို့ထွက်ပြေးသွားကြသည်။ သူတို့အသက်ကို ပေးဆပ်ရန် အသင့်မဖြစ်ကြပါ။
- မာကု၊၁၄း၄၈။ သူတို့သည် သခင်ယေရှုကို တော်လှန်ပုန်ကန်မှုအား ဦးဆောင်သော လူဆိုးကဲ့သို့ ဥပဒေခွင့်ပြုသည်ထက် လွန်ကဲစွာ ညှဉ်းပန်းနှိပ်စက်ကြသည်။
- မာကု၊၁၄း၄၉။ သခင်ယေရှုအား ဗိမာန်တော်ထဲ၌ သို့မဟုတ် နေ့ဖက်၌ မဖမ်းဆီးကြပါ။
- မာကု၊၁၂း၁၂ အရ သူတို့သည် လူအုပ်ကြီးကို ကြောက်ကြသည်။
- မာကု၊၁၄း၄၉-၅၀။ ဓမ္မဟောင်းကျမ်း၏ ဖော်ပြချက်အရ ဤအရာအားလုံးဖြစ်ပျက်လိမ့်မည်။ သခင်ယေရှုက ဤအကြောင်းများကို သိနေသည်။ 📖 မာကု၊၁၄း၂၇ (ဇာခရိ၊၁၃း၇)။ 📖 ယောဟန်၊၁၈း၁-၁၁ သခင်ယေရှုသည် ဖမ်းဆီးခံရသည့်အချိန်၌ပင်လျှင် ထိန်းချုပ်နိုင်စွမ်းရှိသေးကြောင်းကို ဖော်ပြထားသည်။

## ဟောပြောချက်၊ မာကု၊ ၁၄း၄၃-၅၂

### ယုဒက သခင်ယေရှုကို အပ်နှံခြင်း

မာကု၊ ၁၄း၄၃-၄၆။

*(ပုံဆောင်စကားတစ်ခုကို ရေးပြီး သင်၏ ပရိသတ်များအား ဆိုလိုသည့်အဓိပ္ပါယ်ကို မှန်းဆနိုင်ရန် ကူညီပါ)*။ အရာအားလုံး အလွန်မှားယွင်းနေသည်။ ဂျူးခေါင်းဆောင်များက ယုဒအား ငွေပေးကြသည်။ ဆိုးသွမ်းသောသူများကိုလည်း ငွေပေးကြသည်။ အပြစ်ကင်းမဲ့သော သခင်ယေရှုကို ညအချိန်၌ ဖမ်းရန် ရောက်ရှိလာကြသည်။ သူတို့သည် သခင်ယေရှုကို အလွန်မုန်းကြသောကြောင့် ဘာမဆို ရက်စက်ညှဉ်းဆဲရန် အသင့်ရှိနေကြသည်။ သူ အသေခံသင့်သည်။ သခင်ယေရှုက သူတို့အတွက် အသင့်ဖြစ်နေသည်။ ယုဒ၏အနမ်းခံရန်ပင် အသင့်ဖြစ်ခဲ့သည်။ ယုဒ၏ လုပ်ရပ်သည် အဘယ်မျှလောက် ကြောက်စရာကောင်းပါသနည်း။

*ဘာသာရေးခေါင်းဆောင်များက အလွန်ဆိုးသော အရာများကို လုပ်ဆောင်ပါက ကျွန်ုပ်တို့မအံ့ဩသင့်ပါ။ ခရစ်ယာန်ခေါင်းဆောင်အချို့ အလွန်ဆိုးရွားသော အလုပ်ကို လုပ်ပါကလည်း ကျွန်ုပ်တို့ မအံ့ဩသင့်ပါ။ အဘယ်ကြောင့် ဤအရာများဖြစ်ပျက်ခဲ့သနည်း။*

### သခင်ယေရှုသည် သူ၏အသက်ကို ပေးအပ်ခဲ့ခြင်း

မာကု၊ ၁၄း၄၆-၄၉။

သခင်ယေရှုသည် သွားရန် အသင့်ဖြစ်နေကြောင်းကို ကျွန်ုပ်တို့ သိကြသည်။ ဆိုးသွမ်းသော လူအုပ်ကို ရင်ဆိုင်ရန် သူသွားခဲ့သည်။ ဤလူများ၏လုပ်ဆောင်မှုများကို ရပ်တန့်စေသည့်တန်ခိုး (သို့မဟုတ်) ကောင်းကင်တမန်များက သူတို့အားသတ်ရန် ခေါ်၍ရနိုင်သည့်တန်ခိုး သူ့တွင် ရှိသည်။ သူတို့၏ ဓားနှင့်လှံများသည် သခင်ယေရှု၏တန်ခိုးတော်ကို ဆန့်ကျင်နိုင်စွမ်းမရှိကြပါ။ သူ့အား ဖမ်းဆီးရန် ကြမ်းတမ်းသည့်လူအုပ်ကြီးမလိုအပ်ပါ။ သခင်ယေရှုက သူတို့အား သူ၏အသက်ကို ပေးလိုက်ခြင်းဖြစ်သည်။ သူ့အား ဖမ်းဆီးချုပ်နှောင်ရန် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

မာကု၊ ၁၄း၂၇ သခင်ယေရှုက ဓမ္မဟောင်းကျမ်းထဲ၌ သူ့အကြောင်း ဘာပြောထားသလဲဆိုတာကို သိနေသည်။ ဇာခရိ၊ ၁၃း၇ ထဲတွင် ဘုရားသခင်က သိုးထိန်းကို ရိုက်သတ်လိမ့်မည်ဟု ပြောထားသည်။ သခင်ယေရှုက ဘုရားသခင်၏အလိုတော်ဖြစ်မှန်းသိနှင့်သည် (သခင်ယေရှုသည် ကောင်းသောသိုးထိန်းဖြစ်သည်။ သူသည် သူ၏သိုးများအတွက် ဝမ်းမြောက်စွာ အသက်ပေးပါသည်။ ယောဟန်၊ ၁၀း၁၁၊ ၁၄-၁၈)။

*အံ့ဩဖွယ်ရာ သခင်ယေရှုနှင့်ပတ်သက်ပြီး သင်မည်ကဲ့သို့ ခံစားရသနည်း။*

*သင်သည် သခင်ယေရှု၏နောက်လိုက်မဟုတ်ပါက သူ့အားယုံကြည်ကိုးစားရန် ဤအချက်က သင့်အား မည်သို့ ကူညီနိုင်မည်နည်း။*

### တပည့်တော်များက သူတို့၏အသက်ကို ကယ်တင်ကြခြင်း

မာကု၊ ၁၄း၅၀-၅၂။

ကျွန်ုပ်တို့တစ်ယောက်မျှ ယုဒနှင့်မတူချင်ကြပါ။ သူ၏အကောင်းဆုံးသောမိတ်ဆွေကို အပ်နှံခဲ့သည်။ ကျွန်ုပ်တို့သည် အခြားတပည့်တော်များနှင့်လည်း တူလိုကြပါသလား။ သူတို့သည် မည်သူတို့နှင့်တူပါသနည်း။

သူတို့သည် တိုက်ခိုက်လိုကြသော်လည်း သခင်ယေရှုက သူတို့အား မတိုက်ခိုက်စေလိုပါ။

သူတို့သည် သခင်ယေရှုနှင့်အတူနေရန် ကတိပေးကြသော်လည်း သူတို့ထွက်ပြေးသွားကြသည်။

မာကု၊ ၁၄း၂၉၊ ၃၁။

*တပည့်တော်များကဲ့သို့ သင်သည် ကားတိုင်ကို ကြောက်ပါသလား။ လူများက သင့်အား ရယ်မောလှောင် ပြောင်ကြသောအခါ သင်သည် သခင်ယေရှုနှင့် နေလိုပါ သေးသလား။ သို့မဟုတ် အခက်အခဲဒုက္ခကြားမှ ထွက်ပြေးပါမည်လား။*

သတိရပါ။ မာကု၊ ၁၄း၂၇ သိုးများသည် ထွက်ပြေးကြလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သခင်ယေရှုက ကျွန်ုပ်တို့၏အပြစ်များကို သူကိုယ်တိုင် ဆောင်ယူသွားခြင်းကြောင့်ဖြစ်သည်။ ကွဲလွင့်နေသော သိုးများအတွက် သခင်ယေရှုအသေခံခြင်းဖြစ်သည်။

# ၆၂ အပြစ်မရှိပါ။

## ▣ နောက်ခံသမိုင်း

ဂျူးခေါင်းဆောင်များက သခင်ယေရှုအား ဖမ်းဆီးကြသည်။ သူ့အား သတ်လိုကြသည်။ သို့သော် ဂျူးများက သူ့အား သတ်ခွင့်မရှိပါ။ အဘယ်ကြောင့်ဆိုသော် ရောမများက တိုင်းပြည်ကို အုပ်ချုပ်နေသောကြောင့်ဖြစ်သည်။ သခင်ယေရှုက အမှားတစ်ခုခုကျူးလွန်ပြီး အပြစ်ရှိကြောင်း ဖော်ပြနိုင်ရန် ဂျူးများက အပြစ်ရှာနေကြသည်။ ထိုအပြစ်ကို ရောမဘုရင်ပိလတ်မင်းထံ တင်ပြပြီး သခင်ယေရှုအား သေခြင်းသို့တွန်းပို့မည်ဖြစ်သည်။ 📖 မာကု၊ ၁၄း၅၅–၆၅၊ ၁၅း၁–၅။

ရှင်မာကုက ပေတရုအား သတိပြုမိစေလိုသည်။ သခင်ယေရှုသည် စွဲချက်တင်ခြင်းခံရမည်ဖြစ်သကဲ့သို့ ပေတရုလည်း စွပ်စွဲခြင်းခံရလိမ့်မည်။ သခင်ယေရှုနှင့်ပေတရုတို့၏ ခြားနားချက်ကို ကြည့်ကြပါစို့။ 📖 မာကု၊၁၄း၅၃–၅၄၊၆၆–၇၂။

## ⊡ အဓိကအချက်

မည်သူတစ်ဦးတစ်ယောက်ကမှ သခင်ယေရှု၏အမှားကို ရှာမတွေ့ပါ။ သခင်ယေရှုက သူသည် ခရစ်တော်(မေရှိယ)ဖြစ်ကြောင်း ပြောခဲ့သဖြင့် ထိုစွဲချက်ဖြင့် အသေခံရမည်ဖြစ်သည်။

## ★ လုပ်ဆောင်ရန်

ဤအပိုင်းမှ သင်ခန်းစာ(၃)ချက်ကို ပို့ချပေးနိုင်ရန် ကြိုးစားပါ။

• သခင်ယေရှု၏ လုပ်ဆောင်ခဲ့သောအရာများအတွက် ကျွန်ုပ်တို့ သူ့ကို ချစ်လိုပါသည်။

• ကျွန်ုပ်တို့သူ့အတွက် ဒုက္ခဆင်းရဲခံစားရခြင်းဖြင့် သခင်ယေရှုနှင့်တူလို ကြပါသည်။ (သူ့အတွက် အမြဲဒုက္ခခံရမည်ဆိုသည့်သဘောမဟုတ်ပါ)

• တရားသူကြီးဖြစ်သော သခင်ယေရှုကို တွေ့ဆုံရန် အသင့်ဖြစ်နေလိုပါသည်။

## ▲ မှတ်သားရန်

• မာကု၊၁၄း၅၅။ ''ဆင်ဟဲဒရင်'' သို့မဟုတ် ''ကောင်စီ''သည် အလွန်အရေးပါသော ဂျူးတရားစီရင်ရာဌာနဖြစ်သည်။

• မာကု၊၁၄း၅၈။ ရ ယော၊၂း၁၉။ သခင်ယေရှုက သူသည် ဗိမာန်တော်ကို ဖျက်ဆီးမည့်အကြောင်း ပြောနေခြင်းမဟုတ်။ တစ်နည်းအားဖြင့်ဆိုသော် သခင်ယေရှုက သူ့ကိုယ်သူ ရည်ညွှန်းနေခြင်းဖြစ်သည်။ သူတို့က သူ့အား သတ်မည်ဖြစ်ပြီး သူသည် သုံးရက်မြောက်သောနေ့၌ ရှင်ပြန်ထမြောက်မည်။

• မာကု၊၁၄း၆၂။ 📖 ဒံယေလ၊၇း၁၃–၁၄။ သခင်ယေရှုက သူ့ကိုယ်သူ ''လူသား'' ဟု မကြာခဏ သုံးနှုန်းထားပါသည်။ သူဘာကို ရည်ရွယ်၍ ပြောကြောင်းကို ရှင်းလင်းစွာ ပြောပြထားသည်။ သူသည် ခရစ်တော်၊ မေရှိယ ဖြစ်သည်။ သူသည် ဘုရားသခင်၏လက်ယာဘက်၌ထိုင်နေပြီး ကမ္ဘာကြီးအား တရားစီရင်ရန်ကြွလာဦးမည်။

• မာကု၊၁၄း၆၃။ သခင်ယေရှုပြောသော စကားများအတွက် ယဇ်ပုရောဟိတ်ကြီးက အလွန်စိတ်ဆိုးကြောင်း သူ၏အင်္ကျီကို ဆုတ်ဖြဲခြင်းဖြင့် ဖော်ညွှန်းနေသည်။ သခင်ယေရှု ပြောဆိုသောစကားသည် ''ဘုရားကိုပြစ်မှား၍ ပြောဆိုသောစကားဖြစ်ကြောင်း သူတွေးထင်နေမိသည်။ သခင်ယေရှု ပြောသော စကားများသည် ဘုရားသခင် အမှန်တကယ် ပြောစေလိုသော စကားဖြစ်သည်။ (အတွင်းစိတ်ထဲ၌မှု ယဇ်ပုရောဟိတ်ကြီးက အလွန်ပင် ကျေနပ်နေမိသည်။ နောက်ဆုံး၌ သခင်ယေရှုကို အသေသတ်ရန် အကြောင်းပြချက်ကို ရရှိခဲ့လေပြီ။)

## ဟောပြောချက်၊ မာကု၊၁၄း၅၃-၆၅

**အပြစ်မရှိပါ။**

မာကု၊၁၄း၅၅-၆၁။

သခင်ယေရှုကို ဂျူးများက မုန်းသကဲ့သို့ တိုင်းပြည်အချို့၌ လူများသည် ခရစ်ယာန်များကို မုန်းကြသည်။ ခရစ်ယာန်များကို လိမ်လည်၍ သူတို့အား ထောင်ထဲချခြင်း သို့မဟုတ် သတ်ဖြတ်မှုများပြုကြသည်။ (ဖြစ်နိုင်ပါက ဖြစ်ရပ်မှန်အကြောင်းအရာတစ်ခု ပြောပြပါ)။ အဘယ်မျှလောက် ခံစားရမည်ကို သခင်ယေရှုသိနေသောကြောင့် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းပါ။ ဘုရားသခင်ကူညီမစမည့်အကြောင်း တောင်းလျှောက်ပါ။ သူ၏လူများ သူ့အပေါ်သစ္စာရှိရန် ဆုတောင်းပေးပါ။

**သူတို့ဘာအပြစ်တစ်ခုမျှရှာမတွေ့ပါ။**

**(သခင်ယေရှု၏ အသက်တာအကြောင်း ပြောပြပါ။ အရာအားလုံး ပြည့်ဝစုံလင်အသရေရှိနေသည်။ အတွေးတိုင်း၊ စကားတော်တိုင်း၊ လုပ်ဆောင်မှုတိုင်းသည် ကောင်းမြတ်လှပါသည်)။**

ဂျူးများက အတော်ခက်ခက်ခဲခဲကြိုးစားကြ သည်။ အချို့က သခင်ယေရှုနှင့်ပတ်သက်ပြီး လိမ်လည်ပြောဆိုကြသည်။ အချို့က သခင်ယေရှု ပြောသောစကားများကို ပြောင်းပြန်ပြောဆိုကြသည်။ (မာကု၊၁၄း၅၈) သူတို့၏လုပ်ဇာတ်သည် တစ်ခုမှမမှန်ကန်ကြောင်း သိသာထင်ရှားသည်။ သခင်ယေရှု အမှားတစ်ခုမျှ မကျူးလွန်ခဲ့ကြောင်း လူတိုင်းသိနေပါသည်။

- ဤအကြောင်းအရာများနှင့်ပတ်သက်၍ သခင်ယေရှု ဘာပြောခဲ့သနည်း။ မာကု၊၁၄း၆၀-၆၁။

သခင်ယေရှုက ဘာမျှပြောရန်မလိုပါ။ သူသည် အပြစ်ကင်းစင်ကြောင်း လူတိုင်း သိနေပါ သည်။ ဤအချက်က သခင်ယေရှု အဘယ်ကြောင့် ကားတိုင်လမ်းကို လျှောက်ခဲ့သည်ကို သတိရနေစေပါသည်။ အပြစ်သားများအတွက်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံး အပြစ်ရှိနေကြပြီး ကျွန်ုပ်တို့ အတွက် သခင်ယေရှုက ကိုယ်စားခံရန် လိုလိုလားလားရှိနေသည်။

ဟေရှာယ၊၅၃း၆-၇။

*သခင်ယေရှု ဤကဲ့သို့ခံစားရသည်ကို သင်မြင်သော အခါ သင်မည်ကဲ့သို့ခံစားရသနည်း။ သင်မလုပ်ပဲနှင့် သင့်အား လူများ အပြစ်တင်သောအခါ သင်မည်ကဲ့သို့ ဖြစ်မည်နည်း။*

**အပြစ်ရှိခြင်း**

မာကု၊၁၄း၆၁-၆၅။

သခင်ယေရှုပြောရန် နှစ်သက်သော စကားတစ်ခွန်းရှိသည်။ သူသည် ခရစ်တော်ဖြစ်သည်။

မာကု၊၁၄း၆၂ သည် ယဇ်ပုရောဟိတ်ကြီးကို အဘယ်ကြောင့် ကြောက်လန့်တုန်လှုပ်သွားစေသနည်း။ (မှတ်သားရန်ကိုကြည့်ပါ)

- သို့သော် ယဇ်ပုရောဟိတ်ကြီးသည် မကြောက်ရွံ့ပါ။ သခင်ယေရှုအား စွဲချက်တင်ရန် အချက်အလက်ရရှိသောကြောင့် သူပျော်နေသည်။ ဘုရားသခင်တစ်ပါးတည်းသာ ပြောခွင့်ရှိသောစကားကို သခင်ယေရှု ပြောခြင်းဖြစ်သည်။ သူ၌အပြစ်ရှိ၍ သေသင့်သည်။ ထို့ကြောင့် သူတို့သည် ဘုရား၏သားကို ခေါ်ထုတ်သွားကြပြီး တံတွေးနှင့်ထွေးခြင်း၊ ရိုက်နှက်ခြင်း၊ လှောင်ပြောင်ခြင်းကို ပြုကြပါသည်။

မာကု၊၁၄ သည် မည်သူက အမှန်တကယ် အပြစ်ရှိကြောင်းကို ဖော်ပြနေသည်။ ထိုလူတို့သည် သခင်ယေရှုအား စီရင်ကြသော်လည်း သူတို့သည် အပြစ်ရှိသောသူများဖြစ်ကြသည်။ တစ်နေ့နေ့၌ သူတို့သည် တရားဆုံးဖြတ်မည့် သခင်ယေရှုနှင့်ရင်ဆိုင်ရမည်။

*မာကု၊၁၄း၆၂ထဲ၌ သခင်ယေရှု ပြောသောစကားသည် အဘယ်မျှလောက် မှန်ကန်လှသနည်း။ သူသည် တရားသူကြီးဖြစ်သည်။ သူတစ်ဖန်ပြန်ကြွလာသောအခါ သူ့အား မြင်တွေ့ရလိမ့်ဦးမည်။ သူသည် ကျွန်ုပ်တို့ တစ်ယောက်စီတိုင်းကို တရားစီရင်လိမ့်မည်။*

*ထို့ကြောင့် သခင်ယေရှုနှင့်အတူ သင်ဘာလုပ်မည်နည်း။ သူသည်လည်း သင်နှင့်အတူဘာလုပ်မည်နည်း။*

ပေတရုသည် တစ်ချိန်လုံး စောင့်ကြည့်နေသည်။

မာကု၊၁၄း၅၃-၅၄ သူ့အား သခင်ယေရှုအကြောင်းကို စတင် မေးမြန်းပြောဆိုသောအခါ ပေတရုက ဘာလုပ်သနည်း။ ကျွန်ုပ်တို့၏ကယ်တင်ရှင်ကို လူများ မုန်းကြသောအခါ ကျွန်ုပ်တို့အား မည်သို့မြင်ကြမည်နည်း။ သင်သည် အမှားတစ်ခုမျှမလုပ်ပဲနှင့် သခင်ယေရှုအတွက် ဒုက္ခဆင်းရဲခြင်းကို ဝမ်းမြောက်စွာ ခံစားနိုင်ပါသလား။ နောက်ပိုင်းတွင် ပေတရုက ဤစာကို ရေးခဲ့ပါသည်။ ၁ပေ၊၂း၂၀-၂၃။

[?] လေ့လာချက်၊ မာကု၁၄း၆၆-၇၂၌

# ၆၃ သူ့ကို ကျွန်ုပ်မသိပါ။

## ■ နောက်ခံသမိုင်း

ညနေပိုင်းကတည်းက သခင်ယေရှုက သူ၏တပည့်တော်များက သူ့အား စွန့်ပစ်မည့် အကြောင်းကို သတိပေး ပြီးသားဖြစ်သည်။ ထိုအချက်ကို ပေတရု လုံးဝ မယုံကြည်ခဲ့ပါ။ သေခြင်းနှင့်ရင်ဆိုင်ရသည့်တိုင်အောင် သခင်ယေရှုနှင့်အတူ ရှိနေမည့်အကြောင်း ကတိပေးခဲ့သည်။ 📖 မာကု၁၄း၂၇-၃၁။

ဂျူးများက သခင်ယေရှုကို ဖမ်းဆီးလိုက်ကြပြီ။ တပည့်တော်များက အဝေးသို့ထွက်ပြေးသွားကြသည်။ သခင်ယေရှု ဘာတွေ ဆက်လက်တွေ့ကြုံရမည်ကို သိလိုသော ပေတရုက နောက်ယောင်ခံလိုက်ခဲ့သည်။ ယဇ်ပုရောဟိတ်ကြီးက သခင်ယေရှုအား မေးခွန်းထုတ်နေသည်ကို သူစောင့်ကြည့်နေသည်။ 📖 မာကု၁၄း၅၃-၆၅။

ယခု တစ်ဖန် ပေတရုက ခက်ခဲသော မေးခွန်းကို ဖြေကြားရမည့် အလှည့်ရောက်လာသည်။ 📖 မာကု၁၄း၆၆-၇၂။

## ⊡ အဓိကအချက်

ပေတရုသည် သခင်ယေရှု၏နောက်တော်သို့လိုက်ရန် ခွန်အား အလွန်ရှိနေခြင်းတော့ မဟုတ်ပါ။ သခင်ယေရှု ကားတိုင်ပေါ်တွင် အသေခံခြင်းဖြင့် ကျွန်ုပ်တို့အား ကယ်တင်ရန်လိုအပ်သည်။

## ★ လုပ်ဆောင်ရန်

အခြားသူများအား ကြောက်ရွံ့နေသည့် စိတ်အလွန်များနေသည်။ သူတို့ မည်ကဲ့သို့ ပြောဆိုမည်သို့မဟုတ် မည်သို့လုပ်ဆောင်မည်ကို ကျွန်ုပ်တို့ ကြောက်နေကြသည်။ ကျွန်ုပ်တို့အချင်းချင်း အပြန်အလှန် ခွန်အားပေးရန် လိုအပ်သည်။ ဤကျမ်းပိုဒ်များက သင့်အား ကူညီပေးလိမ့်မည်။

📖 သုတ္တံ၂၉း၂၅။ မဿဲ၁၀း၂၈။ ၁ပေ၃း၁၃-၁၄။

## ▲ မှတ်သားရန်

- မာကု၁၄း၂၇။ သခင်ယေရှုက ဓမ္မဟောင်းကျမ်းထဲမှာ ဇာခရိ၁၃း၇ ကို ကောက်နုတ် အသုံးပြုထားသည်။ အရာအားလုံးသည် ဘုရားသခင်၏ အစီအမံအတိုင်း ဖြစ်လာလိမ့်မည်ဟု ဖော်ပြထားသည်။ ဘုရားသခင်သည် သိုးထိန်း(သခင်ယေရှု)ကို ရိုက်နှက်လိမ့်မည်။ သိုး(တပည့်တော်)တို့သည်လည်း အသက်လွတ်ရန် ပြေးကြလိမ့်မည်။
- မာကု၁၄း၂၈။ သူတို့သည် သူ့ထံမှထွက်ပြေးမည့်အကြောင်းကို သခင်ယေရှု သတိပေးပြီးသားဖြစ်သည်။ သို့သော် သေခြင်းမှရှင်ပြန်ထမြောက်သည့်အခါ သူ့ထံသို့ လာကြလိမ့်မည်။ သူ၏ အသေခံခြင်းသည် အဆုံးသတ်သွားခြင်းမဟုတ်ကြောင်း သူတို့ အားသိစေလိုသည်။
- မာကု၁၄း၆၈။ ''ငြင်းဆန်ခြင်း'' ဤစကားလုံး၏အဓိပ္ပါယ်မှာ ပေတရုက မဟုတ်ပါဟု ပြောနေခြင်းဖြစ်သည်။ မာကု၁၄း၃၀-၃၁ ကို ပြန်ကြည့်ပါ။ ပေတရုက သူသည်သခင် ယေရှုနှင့်မသက်ဆိုင်ကြောင်းကို ငြင်းဆိုထားသည် (သူသည် သခင်ယေရှုကို မသိကြောင်းကိုပြောခဲ့သည်)။
- မာကု၁၄း၇၂။''ကြက်တွန်သံ''ကြက်ဖကြီး၏ ကျယ်လောင်စွာ မြည်သောအသံဖြစ်သည်။ နံနက်စောစော တွန်လေ့တွန်ထရှိသည်။

ဟောပြောချက်၊ မာကု၊၁၄း၆၆–၇၂၊၁၁

## သခင်ယေရှုနောက်သို့ စိတ်မပါတပါ လိုက်သော ပေတရု

မာကု၊၁၄း၅၄။

သခင်ယေရှုက သူ၏လူများ သူ့နောက် သို့ လိုက်ရန်ခေါ်သည့်အခါ ခဏတဖြုတ်သာ လိုက်ရန် ခေါ်ခြင်းမဟုတ်။ ပေတရုက သူသည် သခင်ယေရှုနှင့် နီးကပ်စွာ အမြဲရှိနေလိမ့်မည်ဟု တွေးခဲ့သည်။ ယခု သူ့အသက်လုံခြုံရန် သခင် ယေရှုနှင့် ဝေးဝေးနေရန် စဉ်းစားနေသည်။ သူမှန် ပါသလား။

သင်သည် ပေတရုနှင့်တူပါသလား။ သင့်ကိုယ် သင်ခရစ်ယာန်ဟု အခေါ်ခံရခြင်းကို နှစ်သက်ပါ သလား။ လူများက သင့်အား တစ်မျိုးတွေးထင်ကြ သောအခါ သင်ကြောက်ရွံ့မိပါသလား။ မယုံကြည် သောသူတိုင်းနှင့်တူရန် သင်ကြိုးစားပါသလား။ သခင်ယေရှု သင့်အား စောင့်ကြည့်နေပါသည်။ သူ့အတွက် သင်ရှက်နေပါက သူသိနေသည်။

## ပေတရုက ယေရှုခရစ်ကို မသိကြောင်း ပြောခဲ့ခြင်း

မာကု၊၁၄း၆၆–၇၁။

- ပေတရုက သူသည် သခင်ယေရှုကို မသိဟု အဘယ်ကြောင့် ပြောခဲ့သနည်း။
- ပေတရုသည် ဘာကို ကြောက်လန့်နေပါသနည်း။

*(သင်၏ပရိသတ်များအား သူတို့ ကြောက်ရွံ့သင့်သောအရာများကို စဉ်းစားမိရန် ကူညီပေးပါ။ သခင်ယေရှုအကြောင်းကို တွေးရင်း မည်သည့် အချိန်၌ ပုန်းကွယ်ရန် ကျွန်ုပ်တို့ ကြိုးစားကြပါသနည်း။ အဘယ်ကြောင့်နည်း)*

နောက်ဆုံးအချိန်၌ ပေတရုက သူသည် ယေရှုကို မသိကြောင်း ဖော်ပြ၍ကျိန်ဆိုခဲ့သည်။ သခင်ယေရှုအား ချစ်မြတ်နိုးခြင်းကို ပုန်းကွယ်ရန် သင်ဘာများ လုပ်ဆောင်ခဲ့ပါသနည်း။

## ပေတရု ငိုကြွေးခြင်း

မာကု၊၁၄း၇၂။

- ဘာကြောင့် ပေတရု ငိုကြွေးရသနည်း။ (သူသည် ကြွားဝါခဲ့သောကြောင့် ဖြစ်သည်။ (မာကု၊၁၄း၂၉–၃၁) သခင်ယေရှု သူ့အား သတိပေးသောအခါ သူ နားမထောင်ခဲ့သောကြောင့်ဖြစ်သည်။ အဘယ် ကြောင့်ဆိုသော် သူချစ်သော သခင်ယေရှု အတွက် ရှက်ခဲ့မိသောကြောင့်ဖြစ်သည်)။

သင်သည် သခင်ယေရှုကို ဝမ်းနည်းစေ ခဲ့သော ကြောင့် ပေတရုကဲ့သို့ ငိုယိုနေပါသလား။ သို့မဟုတ် အခြားသူများက သင့်ကို မည်သို့ တွေးထင် လိမ့်မည် နည်းဟု စဉ်းစားရင်း ကြောက်နေတုန်းလား။

ပေတရုကဲ့သို့ပင် ခရစ်ယာန်အားလုံးသည် သခင်ယေရှုကို စွန့်လွှတ်ခဲ့ကြသည်။ ကျွန်ုပ်တို့ သည် အားနည်းကြပြီး အချိန်တိုင်း ကြောက်ရွံ့ နေတတ် သည်။ သို့သော် သခင်ယေရှု အဘယ်ကြောင့် ကားတိုင်တော် သို့သွားခဲ့သည်ကို သတိရပါ။ မိမိကိုယ်ကိုမကယ်တင်နိုင်သော အားနည်းသည့် အပြစ်သားများအတွက် အသေခံခြင်း ဖြစ်ပါသည်။ သခင်ယေရှုသည် ပေတရု၏ကျဆုံးခြင်းကို စောင့်ကြည့်နေပါသည်။ သူ၏အသေ ခံခြင်းအားဖြင့် ပေတရု၏အပြစ်အတွက် အဖိုးအခ ပေးဆပ်သွား ရမည်ကို သူသိနေသည်။ ပေတရုက ကြောက်စရာ ကောင်းသည့် အချက်များ ပြောခဲ့သော်လည်း သခင် ယေရှုက သူ့အား ခွင့်လွှတ်နေသည်။ သခင်ယေရှုက ပေတရုအား စေခိုင်းရန် ကြီးမားသည့် လုပ်ငန်းများ ရှိနေသည်။ အဆုံး၌ ပေတရုသည် သခင်ယေရှု အတွက် အသေခံခဲ့သည်။

သခင်ယေရှု သင့်အပြစ်များဖြေလွှတ်ရန် တောင်း လျှောက်စဉ် သင့်အား သင်ခန်းစာပေး၍ သွန်သင်ရန် တောင်းလျှောက်ပါ။ သင့်အသက်တာကို ပြုပြင် ပြောင်းလဲပေးရန် တောင်းလျှောက်ပါ။ ပေတရုအား ခွန်အားကို ပေးသကဲ့သို့ သင့်အားခွန်အားပေးရန် တောင်းလျှောက်ပါ။

# ၆၄ သူ့ကို ကားတိုင်ပေါ်မှာ ရိုက်ထားလိုက်ပါ။

## ■ နောက်ခံသမိုင်း

ကြာသပတေးနေ့ တစ်ညလုံး ဂျူးခေါင်းဆောင်များက သခင်ယေရှုအား ဆန့်ကျင်၍ ပြောဆိုကြသည်။ သခင်ယေရှုအား အပြစ်ပေးနိုင်ရန် အချက်ကို ကြိုးစားရှာဖွေခဲ့ကြသည်။ နောက်ဆုံး၌ သခင်ယေရှုက သူသည် ဘုရား၏သား၊ ခရစ်တော်ဖြစ်ကြောင်းပြောခဲ့သည်။ ဂျူးများက ဤစကားသည် ဘုရားကို လွန်ကျူး၍ ပြောသောစကားဖြစ်ကြောင်း အပြစ်တင်သည်။ ဤလွန်ကျူးသောစကားကြောင့် သခင်ယေရှုသည် အသေခံသင့်ကြောင်း ပြောကြပါသည်။

မည်သို့ပင်ဖြစ်စေ ယခု သူတို့သည် ရောမဘုရင်ပိလတ်မင်းထံသို့ သွားရမည်။ သခင်ယေရှုကို အသေသတ်ရန် အမိန့်ပေးပိုင်ခွင့်ရှိသူမှာ ပိလတ်မင်းတစ်ပါးတည်းသာဖြစ်သည်။ သခင်ယေရှုအား မည်သည့်စွဲချက်နှင့် စွပ်စွဲကြမည်နည်း။

သခင်ယေရှုက သူသည် ခရစ်တော်ဖြစ်ကြောင်း တစ်နည်းအားဖြင့် ဘုရင်ဖြစ်ကြောင်း ပြောခဲ့ပါသည်။ ပိလတ်မင်းသည် ဂျူးတို့ကို အုပ်ချုပ်နေသူဖြစ်သည်။ သခင်ယေရှုသည် ပိလတ်မင်းကိုပင် ပြဿနာဖြစ်စေလောက်သည့် လူဖြစ်ကြောင်းကို ဂျူးတို့က ပိလတ်မင်းကို ယုံစေလိုသည်။ သခင်ယေရှုသည် ဘုရင်တစ်ပါးဖြစ်ခဲ့လျှင် သူသည် ဂျူးများကို ဦးဆောင်၍ ပိလတ်မင်းကို ဆန့်ကျင်လိမ့်မည်။ 📖 မာကု၊၁၅း၁–၁၅။

## ▣ အဓိကအချက်

သခင်ယေရှုသည် အမှားတစ်ခုမျှမလုပ်ခဲ့ သော် သူ့အား ကားတိုင်ပေါ်တွင် သတ်ခဲ့ကြသည်။ ဗာရဗ္ဗသည် အပြစ်ရှိသောသူဖြစ်သော်လည်း သူ့အား လွတ်မြောက်ခွင့်ပေးခဲ့သည်။

## ★ လုပ်ဆောင်ရန်

လူအစုအဝေးကြီးက သခင်ယေရှုအား အဘယ်ကြောင့် မုန်းသည်ကို နားလည်ရခက်နေပါသည်။ "သူ့ကိုသတ်ကြပါ"ဟူသော ကြွေးကြော်သံများသည်လည်း ခန့်မှန်းရခက်နေပါသည်။ သို့သော် ကျွန်ုပ်တို့ကော သူတို့ထက် ပိုကောင်းပါသလား။ ကျွန်ုပ်တို့သည် ယနေ့ သခင်ယေရှုနှင့်အတူ ဘာတွေ လုပ်ဆောင်မည်နည်း။ လူအများစုက ယခုထိတိုင် သခင်ယေရှုအား အဘယ်ကြောင့် မလိုလားကြသနည်း။

## ▲ မှတ်သားရန်

- မာကု၊၁၅း၁–၅။ တစ်ဖန် သခင်ယေရှုသည် တိတ်ဆိတ်စွာ နေတော်မူ၏။ သူသည် အပြစ်ကင်းစင်ကြောင်း (အမှား ဘာမှမကျူးလွန်ခဲ့ကြောင်း) ပြောလိမ့်မည်မဟုတ်။ သူသည် ဂျူးတို့၏ဘုရင်၊ ခရစ်တော်ဖြစ်ကြောင်းကိုသာ ပြောလိမ့်မည်။(မာကု၊၁၄း၆၀–၆၂ကိုကြည့်ပါ။)
- မာကု၊၁၅း၆–၁၀။ ပိလတ်မင်းက ဂျူးခေါင်းဆောင်များကို ကြောက်ပါသည်။ ထို့ကြောင့်လည်း သခင်ယေရှုအား လွှတ်ပေးရန်ကြောက်နေပါသည်။ လူအုပ်ကြီးက သူ့အတွက် တစ်ခုခုလုပ်ပေးရန် မျှော်လင့်နေမိသည်။ သူတို့က သခင်ယေရှုကို လွှတ်ပေးစေချင်သည်မှာ သေချာလှသည်။ ပသခါပွဲ၌ ပိလတ်မင်းက အကျဉ်းသား၊ တစ်ဦးကိုလွှတ်ပေးနေကျဖြစ်သည်။ ဗာရဗ္ဗသည် လူဆိုးတစ်ယောက်ဖြစ်ပြီး အန္တရာယ်ပေးသောသူဖြစ်သည်။ သူသည် လမ်းပေါ်တွင် ပြဿနာရှာပြီး လူသတ်တတ်သည်။ လူထုကြီးက သခင်ယေရှုအား လွှတ်မြောက်စေလိုပြီး ဗာရဗ္ဗကိုမူ မလွှတ်စေလိုကြောင်းကို ပိလတ်မင်း ထင်နေမိသည်။
- မာကု၊၁၅း၁၃။ "သူ့အား ကားတိုင်ပေါ်တင်ပါ"။ အဓိပ္ပါယ်မှာ "သူ့အား ကားတိုင်ပေါ်တွင်သတ်ပါ" ဖြစ်သည်။
- မာကု၊၁၅း၁၅။ ရှင်မာကုက သခင်ယေရှုခံစားခဲ့ရသော ကြီးမားသည့် နာကျင်မှုဝေဒနာအကြောင်းကို အနည်းငယ်သာ ဖော်ပြထားသည်။ ရောမတို့ တဖြည်းဖြည်း ညှဉ်းဆဲပြီးမှ သတ်ကြသည်။ သို့သော် ရှင်မာကုက ဤအချက်ကိုအဓိကထား၍ မစဉ်းစားစေလိုပါ။ အဓိကအချက်မှာ အဘယ်ကြောင့် သခင်ယေရှုကို ကားတိုင်ပေါ် တင်ခဲ့သနည်း။

## တောဖြေချက်၊ ဟကု၁၅း၁-၁၅

### အပြစ်ကင်းသော်လည်း အသတ်ခံရသည်။

မာကု၊၁၅း၁၃-၁၄။

အပြစ်ကင်းသောသူ တစ်ယောက်အကြောင်းကို ဖော်ပြပါ။ တရားရုံးက သူ၌အပြစ်ရှိသည်ဟု ယူဆရသည်။ လူတိုင်းက သူ၌ အပြစ်မရှိကြောင်း သိနေသည်။ သို့သော် သူသည် ထောင်ထဲ၌ရှိနေဆဲဖြစ်သည်။ အဘယ်ကြောင့် ဤကဲ့သို့ဖြစ်နေသနည်း။

သခင်ယေရှုသည် အမှားအယွင်းတစ်ခုမှ မလုပ်ခဲ့ကြောင်း လူတိုင်း သိနေသည်။

ပိလတ်မင်းက သူတို့ဘာကြောင့် သခင်ယေရှု ကို သူ့ထံသို့ခေါ်လာသည်ကို သူကောင်းစွာသိနေသည်။ မာကု၊၁၅း၁၀။ ပိလတ်မင်းက သူတို့သည် သခင်ယေရှုကို ဆန့်ကျင်၍ လိမ်လည်ပြောဆိုနေကြောင်းကို သိနေသည်။ မာကု၊၁၅း၃-၅။ သခင်ယေရှုက သူသည် ဂျူးတို့၏ ဘုရင်ဖြစ်ကြောင်းကို ပြောသော်လည်း ပိလတ်မင်းက စိုးရိမ်ခြင်းမရှိခဲ့ပါ။ သခင်ယေရှုသည် ရောမတို့ကို ဆန့်ကျင်၍ ဘာမှမလုပ်ကြောင်းကို သူကောင်းစွာသိနေသည်။ ထို့ကြောင့် ပိလတ်မင်းက သခင်ယေရှု လွှတ်မြောက်ရန် ကြိုးစားခဲ့သည်။ မာကု၊၁၅း၉၊၁၂၊၁၄။ သခင်ယေရှုသည် အပြစ်ကင်း သော်လည်း ပိလတ်မင်းက သူ့အား ကားတိုင်ပေါ်တွင် အသေသတ်ရန် အခွင့်ပေးခဲ့သည်။ မာကု၊၁၅း၁၅။ ပိလတ်မင်းက လူအုပ်ကြီးနှင့် ဂျူးခေါင်းဆောင်များကို ကြောက်သောကြောင့်ဖြစ်သည်။

လူအုပ်ကြီးကလည်း သခင်ယေရှု အပြစ်ကင်းစင်ကြောင်းကို သိနေသည်။ မာကု၊၁၅း၁၄။ သခင်ယေရှု၏အပြစ်ကို တစ်ဦးတစ်ယောက်မျှ မဖော်ပြနိုင်ပါ။ သခင်ယေရှုအား သတ်ရန်သာ အော်ဟစ်နေကြသည်။

သခင်ယေရှုသည် အသေခံရန်မထိုက်တန်ကြောင်းကို ယနေ့ လူတိုင်းသိနေသည်။ သခင်ယေရှုသည် ကောင်းမြတ်သောသူတစ်ဦးဖြစ်ကြောင်းကိုသာ ပြောကြသည်။

သခင်ယေရှုသည် အပြစ်ကင်းစင်သော်လည်း ကျွန်ုပ်တို့သည် အပြစ်မကင်းကြပါ။ ကျွန်ုပ်တို့၏အပြစ်အတွက် ခရစ်တော်အသေခံခဲ့သည်။

### ဗာရဗ္ဗကို လွှတ်ပါ။

မာကု၊၁၅း၆-၁၂။

ဗာရဗ္ဗနှင့်သခင်ယေရှု မည်ကဲ့သို့ ခြားနားကြောင်းစဉ်းစားပါ။ (သခင်ယေရှုသည် အနာရောဂါများကို ငြိမ်းစေသောအရှင်ဖြစ်ပြီး ဗာရဗ္ဗမှာမူ လူသတ်သမားဖြစ်သည်။ သခင်ယေရှုသည် အပြစ်ကင်းသူဖြစ်ပြီး ဗာရဗ္ဗမှာမူ ဆိုးသွမ်းသောသူဖြစ်သည်)။

(ပိလတ်မင်းက လူအုပ်ကြီး၏ဆန္ဒအားဖြင့် သခင်ယေရှုကို လွှတ်မြောက်ခွင့်ပေးလိုကြောင်း ရှင်းပြပါ)။ လူအုပ်ကြီး၌ ရွေးချယ်ပိုင်ခွင့်ရှိသည်။ ကောင်းမြတ်သောအရာများကို လုပ်ဆောင်ခဲ့သော သခင်ယေရှု လွှတ်မြောက်ရန် လူအုပ်ကြီးက တောင်းဆိုပါမည်လော။ သို့မဟုတ် ဆိုးသွမ်းသောဗာရဗ္ဗကို ရွေးချယ်မည်လော။

သူတို့ပြောသည့်အရာကို ယုံကြည်ရန် အလွန်ခက်ခဲလှသည်။ ထိတ်လန့်စရာဖြစ်သည်။ သခင်ယေရှု၌ အမှားတစ်ခုမျှ မကျူးလွန်ကြောင်း သူတို့သိဖို့နေသည်။ သို့သော် သခင်ယေရှုကို သတ်ချင်လောက်အောင် သူတို့ အလွန်မုန်းတီးနေကြသည်။ အဘယ်ကြောင့်နည်း။

*တစ်လောကလုံးက သခင်ယေရှုကို ကားတိုင်တင်ကြသည်။ ဂျူးခေါင်းဆောင်၊ ရောမအာဏာရှိသူများနှင့် သာမန်လူအားလုံး သဘောတူကြသည်။ သင်သည် သူတို့နှင့် အနည်းငယ် ကွာခြားမှုရှိပါသလား။*

*သူတို့သည် ဗာရဗ္ဗကို ရွေးချယ်ကြသည်။ သခင်ယေရှုကို မရွေးချယ်ပါ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် မကောင်းမှုကို နှစ်သက်မြတ်နိုးပြီး ကောင်းမြတ်သည့်အရာကို မလိုလားသောကြောင့်ဖြစ်သည်။ အပြစ်လုပ် တာချင်းအတူတူ သင်သည် သူတို့ထက် သာ၍ကောင်းပါသလား။ သင်သည် သခင်ယေရှုကို ကားတိုင်ပေါ်မတင်ခဲ့ပါ။ သို့သော် သင်နှင့်ဝေးရာသို့ တွန်းထုတ်လျက်ရှိပါသည်။ သခင်ယေရှုကို သင်မလိုလားခြင်းမှာ သင်၏ အသက်တာကို သင်မပြောင်းလဲလိုခြင်းကြောင့်ဖြစ်သည်။ သို့ဖြစ်၍ သင်သည် ထိုလူအုပ်ကြီးထက်သာ၍ကောင်းပါသလား။*

*သခင်ယေရှု အမှားတစ်ခုမျှမလုပ်ခဲ့ပါ။ သို့သော် ဗာရဗ္ဗနှင့် ကျွန်ုပ်တို့ကဲ့သို့သော ဆိုးသွမ်းသော လူများ၏နေရာ၌ သူအသေခံခဲ့သည်။ သခင်ယေရှုထံမှ ခွင့်လွှတ်ခြင်းကိုတောင်းခံပြီး သင်၏အရှင်သခင်အဖြစ် လက်ခံပါ။*

[?] လေ့လာချက်၊ မာကု၊ ၁၅း၁၆-၃၂

# ၆၅ မည်သူမျှ အလိုမရှိသောကယ်တင်ရှင်

## ■ နောက်ခံသမိုင်း

ရှင်မာကုက သူ၏ပုံပြင်ကို မည်သို့ပြောပြကြောင်း သတိရပါ။

• မာကု၊ ၁-၈ ထဲတွင် သခင်ယေရှုသည် မည်သူဖြစ်ကြောင်းကို ဖော်ပြ ထားသည်။

• မာကု၊၉-၁၆ထဲတွင် သခင်ယေရှု အဘယ်ကြောင့် ကြွဆင်းလာကြောင်းကို ဖော်ပြထားသည်။

သခင်ယေရှုက သူသည် အပြစ်သားများအတွက် အသေခံရန် ကြွဆင်းလာခြင်းဖြစ်ကြောင်း ကြိမ်ဖန်များစွာ ဖော်ပြထားသည်။ ယခု ကျွန်ုပ်တို့ ဤအဖြစ်အပျက်များကို တွေ့သောအခါ အလွန်ဝမ်းနည်းနေကြသည်။ အဘယ်ကြောင့်ဆိုသော် လူတိုင်းက သူ့အားမကြင်နာကြပါ။ သခင်ယေရှုသည် ဒုက္ခဝေဒနာများစွာကို ခံစားနေရသည်။ သို့သော် သခင်ယေရှုသည် ကြွဆင်းလာရခြင်း၏ ရည်ရွယ်ချက်ကို ပြီးပြည့်စုံအောင် ဆောင်ရွက်ခဲ့သောကြောင့် ကျွန်ုပ်တို့ ဝမ်းမြောက်ဝမ်းသာကြသည်။ သခင်ယေရှုသည် ဘုရား သခင်၏အကြံအစည်တော်ကို ကားတိုင်ပေါ်တွင် ပြီးပြည့်စုံစေခဲ့သည်။ သူ့အား ကျေးဇူးတော်ချီးမွမ်းပါ။ 📖 မာကု၊ ၁၅း၁၆-၃၂။

## ⊡ အဓိကအချက်

သခင်ယေရှုသည် ကယ်တင်ရှင်ဖြစ်သည်။ သို့သော် သူ့ကို မည်သူမျှ အလိုမရှိပါ။

## ★ လုပ်ဆောင်ရန်

ဤအပိုင်းသည် အလွန်အရေးပါသော ကဏ္ဍဖြစ်သည်။ ကယ်တင်ရှင်ကို မလိုလားသောသူများအတွက် ဆုတောင်းပေးပါ။ ခရစ်ယာန်များကို ခွန်အားပေးနိုင်ရန် ကြိုးစားပါ။ ကျွန်ုပ်တို့သည် သခင်ယေရှုကို ချစ်မြတ်နိုးပြီး ကျေးဇူးတော်ချီးမွမ်းလိုပါသည်။ ကျွန်ုပ်တို့ သူ့အား မလိုလားကြသော်လည်း သူသည် ကျွန်ုပ်တို့ကို ကယ်တင်ခဲ့ပါသည်။ သူ့အား ကျွန်ုပ်တို့ မုန်းတီးကြသော်လည်း သူက ကျွန်ုပ်တို့အား ချစ်ပါသည်။

## ▲ မှတ်သားရန်

• မာကု၊ ၁၅း၁၇။ ရောမစစ်သားများက သခင်ယေရှုအား ဘုရင်ဝတ်စုံ ဝတ်ပေးပြီး သူ့အား လှောင်ပြောင်ရယ်မောကြသည်။ ဘုရင်၏သရဖူကို ဆူးပင်များနှင့်ပြုလုပ်ထားပြီး သခင်ယေရှု၏ ဦးခေါင်းတော်ကို နာကျင်စေကြသည်။

• မာကု၊ ၁၅း၂၁။ ဤကျမ်းပိုဒ်ထဲ၌ သခင်ယေရှုက ကားတိုင်တော်ထမ်းရန် အလွန်အားနည်းနေကြောင်း ကျွန်ုပ်တို့ကို ပြောပြသည်။ သူသည် နာကျင်မှုဝေဒနာများစွာကို ခံစားခဲ့ပြီးဖြစ်သည်။

• မာကု၊ ၁၅း၂၃။ "မုရန်"၊ ဤအရည်သည် နာကျင်မှုကို သက်သာစေသည်။ သို့သော် သခင်ယေရှုသည် နာကျင်မှုအားလုံးကို ယူဆောင်ခဲ့သည်။

• မာကု၊ ၁၅း၂၆။ သူတို့သည် ပြစ်မှုကို လူတိုင်းတွေ့နိုင်ရန် ရေးသားထားသည်။ သူတို့သည် သခင်ယေရှုကို ကားတိုင်တင်ရခြင်းမှာ သူသည် "ဂျူးတို့ ၏ဘုရင်"ဖြစ်သောကြောင့်ဖြစ်သည်။

• မာကု၊ ၁၅း၂၉၊၃၂။ သူတို့သည် ထိုးနက်ခြင်း၊ ပြက်ရယ်ပြုခြင်းဖြင့် စော်ကားကြသည်။ ဆိုလိုသည်မှာ ရိုင်းစိုင်းသောစကားများဖြင့် ဆဲဆိုကြ သည်။

➡ ဟောပြောချက်၊ မာကု၊၁၅း၁၆-၃၂

## မည်သူမျှ သူတို့၏ကယ်တင်ရှင်ကို အလိုမရှိကြပါ။

(ကွဲပြားသောအုပ်စုအလိုက် သခင်ယေရှုကို မည်သို့လှောင်ပြောင် နေကြသည်ကို ဖော်ပြပါ။ သခင်ယေရှုအား သူတို့မည်သို့ တွေးထင်ကြောင်း ကို မည်သို့သောနည်းလမ်းဖြင့် ဖော်ပြသနည်း။ သခင်ယေရှုသည် မည်သို့ ခံစားရပါနည်း)။

- စစ်သားများ။ 📖 မာကု၊၁၅း၁၆-၂၀။
- လမ်း၌ဖြတ်သွားသောသူများ။ 📖 မာကု၊၁၅း၂၉-၃၀။
- ဂျူးခေါင်းဆောင်များ။ 📖 မာကု၊၁၅း၃၁-၃၂။
- သူခိုးနှစ်ယောက်။ 📖 မာကု၊၁၅း၂၇၊၃၂။

သခင်ယေရှုသည် ကောင်းမြတ်သောအရာများကိုသာ လုပ်ဆောင်ခဲ့ပါသည်။ သို့သော် ဤနေရာ၌ သခင်ယေရှုအား စကားအကောင်းတစ် ခွန်းမျှမပြောကြပါ။ အားလုံးက သူ့ကို စွန့်လွှတ်လိုကြသည်။ မည်သူမျှ သူတို့၏ ကယ်တင်ရှင်ကို အလိုမရှိပါ။

⊠ *ထိုအချက်သည် ယနေ့အတွက် မှန်ကန်နေသလား။ မည်သို့သောလူများက ခရစ်ယာန်များကို လှောင်ပြောင် နေကြသနည်း။ သခင်ယေရှုနှင့် မပတ်သက်လိုသော သူတို့သည် မည်သို့သောသူများ ဖြစ်သနည်း။ ကားတိုင်ပေါ်တွင် အသေခံသော ကယ်တင်ရှင်ကို လူများက မည်သို့တွေးထင်ကြသနည်း။ သင်ကကောဘယ်လိုလဲ။*

## သခင်ယေရှုသည် စစ်မှန်သောကယ်တင်ရှင်ဖြစ်သည်။

သခင်ယေရှုကားတိုင်ပေါ်တွင် ဆွဲထားခြင်း ခံရချိန်၌ ကျွန်ုပ်တို့အားလုံး သူ့အား မည်သို့တွေးထင်နေကြသည်ကို သူကောင်းစွာသိနေသည်။ သို့သော် သူသည် ကျွန်ုပ်တို့ကို ချစ်နေဆဲဖြစ်သည်။ သူ့အား ရိုက်နှက်လှောင်ပြောင်သောသူများကို သူချစ်နေဆဲဖြစ်သည်။ ထိုသူသည် သူတို့၏ကယ်တင်ရှင်ဖြစ်သည်။

သခင်ယေရှုအား ကြွေးကြော်ခဲ့သည့် အကြောင်းကို တစ်ဖန် ပြန်စဉ်းစားပါ။ သူတို့သည် အမှန်တကယ်ပင် စော်ကားခဲ့ကြသည်။

- "ဂျူးတို့၏ဘုရင်" 📖 မာကု၊၁၅း၁၈၊၂၆။ စစ်သားများက သခင်ယေရှုအား လှောင်ပြောင်ခြင်းဖြင့် ပျော်ပွဲဆင်နွှဲနေကြသည်။ သခင်ယေရှုသည် ဘုရားသခင်ကတိပေးခဲ့သော ဘုရင်တစ်ပါးဖြစ်သည်။ သူသည် ဂျူးတို့၏ဘုရင်ဖြစ်သည်။ လူတိုင်း၏ဘုရင်လည်းဖြစ်သည်။

⊠ *ကျွန်ုပ်တို့အများစုသည် သခင်ယေရှုကို ကျွန်ုပ်တို့၏ဘုရင်အဖြစ် ကိုးကွယ်ဦးညွှတ်ကြသည်။ ဤသို့လုပ်ဆောင်ခြင်းသည် မှန်ကန်သောလုပ်ရပ် ဖြစ်သည်ကို ကျွန်ုပ်တို့သိကြပြီး သူ့ကို ကျွန်ုပ်တို့ချစ်ကြသည်။ သင်အနေနှင့် ဘယ်လိုခံစားရပါသနည်း။ သခင်ယေရှုအား သီချင်းများစွာ သီဆိုချီးမွမ်းနိုင်သည်။ သို့သော် ဘုရင်အား စစ်မှန်စွာ ဝတ်ပြုကိုးကွယ်နိုင်ပါသလား။*

- သူသည် သူတစ်ပါးကို ကယ်တင်နိုင်သော်လည်း သူ့ကိုယ်သူ မကယ်တင်နိုင်ပါ။ 📖 မာကု၊၁၅း၃၁။

ထိုအချက်သည် မှန်ကန်ပါသည်။ ကယ်တင်ရှင်ယေရှုသည် ကားတိုင်ပေါ်မှ ဆင်းမလာ နိုင်ပါ။ သူတို့ကို အပြစ်မှကယ်နုတ်ရမည် ဖြစ်သောကြောင့်တည်း။ ကားတိုင်တော်သည် ကျွန်ုပ်တို့အား ကယ်တင်နိုင်သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။ (ဤအကြောင်းကို အကျယ်တဝင့်ပြောဆိုပါ။ အပြစ်၏အဖိုးအခအတွက် သခင်ယေရှု မည်မျှပေးဆပ် ရကြောင်းဖော်ပြပါ။ မာကု၊၁၀း၄၅) သူ၏ကြီးမြတ်သော ချစ်ခြင်းမေတ္တာအကြောင်း ပြောပြပါ။)

⊠ "သခင်ယေရှုသည် ကျွန်ုပ်အား ကယ်တင်ရန် အသေခံခဲ့သောကြောင့် သူ့ကိုယ်သူ မကယ်တင်ပါ"ဟု သင်ပြောနိုင်ပါသလား။ သခင်ယေရှုသည် သင်၏ကယ်တင်ရှင် အရှင်သခင်ဖြစ်သောကြောင့် သခင်ယေရှုကို သင်ချီးမွမ်းမည်လော။

[?] လေ့လာချက်၊ မာကု၊၁၅း၃၃–၃၉

# ၆၆ ဘုရားသခင်ထံတော်သို့ သွားရာလမ်း

## [■] နောက်ခံသမိုင်း

ရှင်မာကုသည် သူ၏စာအုပ်အစပိုင်း၌ သခင်ယေရှုသည် ခရစ်တော်ဖြစ်ကြောင်း၊ ဘုရား၏ သားတော်ဖြစ်ကြောင်း ကျွန်ုပ်တို့အားပြောခဲ့ပါသည်။ 📖 မာကု၊၁း၁။ ဤအချက်ကို ပေတရုနှင့် တပည့်တော်များက အမှန်တကယ် ယုံကြည်ခဲ့သည် မှာ ကြာခဲ့ပြီ ဖြစ်သည်။ 📖 မာကု၊၈း၂၉။

ယခု သခင်ယေရှု အသေခံခဲ့ပြီး ရောမ စစ်သားများသည်ပင်လျှင် အမှန်တရားများကို တွေ့မြင်ခဲ့ကြသည်။ 📖 မာကု၊၁၅း၃၉။ ကားတိုင်တော်သည် သခင်ယေရှုနှင့်ပတ်သက်သော အမှန်တရားကို တွေ့မြင် နိုင်သောနေရာဖြစ်သည်။

## [•] အဓိကအချက်

သခင်ယေရှုသည် ဘုရားသခင်၏အမျက် တော်အောက်၌ အသေခံခဲ့ပြီး ကျွန်ုပ်တို့အား ဘုရားသခင်ထံသို့ခေါ်ဆောင်သွားပါသည်။

## [★] လုပ်ဆောင်ရန်

ခရစ်ယာန်မဟုတ်သောသူများသည် ယေရှု ဘာကြောင့် အသေခံခဲ့သည်ကို နားလည်ရန် လိုသည်။ ဤဟောပြောချက်သည် သူတို့အတွက် အကူအညီ ဖြစ်စေမည်။ ဤဟောပြောချက်ကို လူတိုင်းကြားနိုင်ရန် အထူးတွေ့ဆုံပွဲ ပြုလုပ်ပြီး ဖိတ်ကြားပါ။ ခရစ်ယာန် တစ်ယောက်အနေနှင့် သခင်ယေရှု၏သေခြင်း မည်သို့ ယုံကြည်ကြောင်းကို ပြောပြစေပါ။

## [▲] မှတ်သားရန်

- မာကု၊၁၅း၃၃။ "ခြောက်နာရီ"၏အဓိပ္ပါယ်မှာ နေ့လယ်ပိုင်းဖြစ်သည်။ မွန်းတည့်ချိန်သုံးနာရီသည် မှောင်မိုက်နေပါသည်။ ဤအရာသည် နေကြတ်ခြင်း မဟုတ်ပါ။ နေကြတ်ခြင်း၌ နေကိုလက မိနစ်အနည်းငယ် ကွယ်ထားခြင်းဖြစ်သည်။ ဘုရားသခင်က လောကကြီးတစ်ခုလုံးကို အမှောင်ချထားခြင်းဖြင့် လူများအား တွေးတောဆင်ခြင်စေခဲ့သည်။ သမ္မာကျမ်း ထဲ၌ အမှောင်ထုသည် ဘုရားသခင်၏ အမျက်ဒေါသကို ဖော်ညွှန်းထားသည် (ဟေရှာယ၊ ၁၃း၉–၁၀)။
- မာကု၊၁၅း၃၄။ ဤကြွေးကြော်သံမှာ ဘုရားသခင်၏အမျက်ဒေါသသည် သခင်ယေရှုအပေါ်၌ သက်ရောက်နေကြောင်း ဖော်ပြသည်။ ဘုရားသခင် က သူ့အား စွန့်လွှတ်လိုက်ကြောင်းကို သခင်ယေရှု သိနေသည် (စွန့်လွှတ် သို့မဟုတ် စွန့်ပစ်ဟူသော အဓိပ္ပါယ်သည် ထားခဲ့သည့်သဘောဖြစ်သည်)။ ဤအခြေအနေသည် သခင်ယေရှုအတွက် ငရဲကဲ့သို့ဖြစ်နေသည်။ ဘုရားသခင်၏ အမျက်တော်သည် သခင်ယေရှုအပေါ် သက်ရောက်နေသည်။ လူသားတို့၏အပြစ်အတွက် ဘုရားသခင်က သခင်ယေရှုအား အပြစ်ပေးနေခြင်း ဖြစ်သည်။
- မာကု၊၁၅း၃၅–၃၆။ သခင်ယေရှုပြောသော အကြောင်းကို သူတို့ နားမလည်ကြပါ။ သို့မဟုတ် သူတို့သည် သူ့အား ပြောင်လှောင်နေဆဲပင်ဖြစ်သည်။ ယေရှုက ပရောဖက်ကြီးဧလိယကို ခေါ်နေခြင်းဖြစ်သည်ဟုထင်ကြသည်။ ဤအချက်ကိုကြည့်ခြင်းဖြင့် လူများ မည်မျှမှောင်မိုက်အတိ ဖုံးလွှမ်းနေသည်ကို တွေ့နိုင်ပါသည်။
- မာကု၊၁၅း၃၈။ ဗိမာန်တော်သည် ယေရုရှလင်မြို့၏ အခြားတစ်ဖက်၌ ရှိနေသည်။ သခင်ယေရှုအသက်တော် စွန့်သည့်အချိန်၌ ဗိမာန်တော်၌ မည်သည့်အရာများ ဖြစ်ပျက်သည်ကို ရှင်မာကုက ကျွန်ုပ်တို့အား မြင်တွေ့စေလိုသည်။ ဗိမာန်တော် ကန့်လန့်ကာသည် အလွန် ရှည်ပြီး ထူလှပါသည်။ ဘုရားသခင် တစ်ပါးတည်းသာ ကန့်လန့်ကာကို ထိပ်ဖျားမှစ၍ ဆုတ်ဖြဲနိုင်သည်။

ဤအရာသည် မည်သည့်အဓိပ္ပါယ်ကို ဆောင်ပါသနည်း။ ကန့်လန့်ကာသည် အမြင့်မြတ် အသန့်ရှင်းဆုံးသောနေရာသို့သွားရန် တားဆီးထားခြင်းဖြစ်သည်။ ဘုရားသခင်သည် ထိုနေရာတွင်ရှိနေသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် အလွန် သန့်ရှင်းလွန်းသည်။ အပြစ်သားများသည် သူ၏အနီးသို့ မသွားနိုင်ပါ။ (အပြစ်ဖြေလွှတ်ရာနေ့၌ အမြင့်ဆုံးသော ယဇ်ပုရောဟိတ်ကသာ ကန့်လန့်ကာမှ ဖြတ်သွားပြီး "အမြင့်မြတ်အသန့်ရှင်းဆုံးသော နေရာ"သို့ သွားရ သည်)။ သို့သော် သခင်ယေရှု အသက်ကုန်ဆုံးသွား သောအခါ ဘုရားသခင်က ကန့်လန့်ကာကိုဖြဲပစ်လိုက်သည်။ ယခု ဘုရားသခင် ထံသို့သွားသော ခရီးလမ်း သည် ပွင့်သွားပြီဖြစ်သည်။ အပြစ်သားများ ဘုရားသခင်ထံသို့သွားရန် သခင်ယေရှုသည် လမ်းဖွင့်ပေးခဲ့သည် (၁ပေ၊၃း၁၈)။

## ဟောပြောချက်၊ မာကု၊၁၅း၃၃–၃၉

## သခင်ယေရှုသည် ဘုရားသခင်၏ အမျက်တော်ကို ဆောင်ယူသွားခြင်း

မာကု၊၁၅း၃၃–၃၉။

သင်ကြောက်သောသူတစ်ယောက်၏ အကြောင်းကို တွေးကြည့်ပါ။ ထိုသူသည် သင့်အား အလွန်ဒေါသ ထွက်စေသည်ဟုဆိုကြပါစို့။ ထိုသူက သင့်အား လုပ်ချင်သလိုလုပ်နေသည်။

ကျွန်ုပ်တို့သည် အမှားများစွာပြုကြသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား အပြစ်ပေးသင့် သည်။ (ဤအကြောင်းကို အကျယ်တဝင့် ပြောဆိုပါ)။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှ ငြိမ်သက်ခြင်းကို ရှာဖွေတွေ့ ရှိနိုင်ရန် လိုအပ်သည်။ ထိုသို့မဟုတ်ပါက တစ်နေ့နေ့တွင် ဘုရားသခင်၏ အမျက်ဒေါသသည် ကျွန်ုပ်တို့ အပေါ်သို့ ကျရောက် လာဦးမည်ဖြစ်သည်။

ကားတိုင်ပေါ်ရှိ သခင်ယေရှုအကြောင်းကို စဉ်းစားဆင်ခြင်ပါ။ သူသည် ခမည်းတော်ကျေနပ်ရန် အမြဲလုပ်ဆောင်သည်။ သူ၏ခမည်းတော်က သူ့အား အမြဲချစ်တော်မူ၏။ ယခု ကောင်းကင်သည် မဲမှောင်လာပြီး လူအုပ်ကြီး မည်မျှကြောက်လန့် နေမည်ကို တွေးကြည့် ပါ။ သို့သော် သခင်ယေရှုက အဘယ်ကြောင့် မဲမှောင်လာသည်ကို သိနှင့်နေပါသည်။ ဘုရားသခင်၏ အမျက်တော်သည် သူ့အပေါ် သွန်းလောင်းလေပြီ။ ငရဲသို့ သွားခြင်းနှင့် တူနေပါသည်။ ''အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း''ဟု ကြီးစွာသော အသံနှင့် ဟစ်အော်တော်မူ၏။

အဖြေကိုသခင်ယေရှုသိနေသည်။ ကျွန်ုပ်တို့၏အပြစ်များအတွက် ဘုရားသခင်၏ အမျက်တော် သည် သူ့အပေါ် သက်ရောက်နေခြင်း ဖြစ်သည်။ ကျွန်ုပ်တို့ ခံထိုက်သောအပြစ်စီရင်ခြင်းကို သူ ဆောင်ယူသွားသည် (ရုပ်ပုံကားချပ်ကို အသုံးပြု၍ ရှင်းပြပါ။ သခင်ယေရှု၏ အံ့ဖွယ်မေတ္တာတော် အကြောင်းကို ပြောပါ)။

*ယနေ့ သင်သည် မည်သည့်နေရာ၌ ရှိနေပါသနည်း။*

*အဖြေနှစ်ခုရှိသည်။*

*သခင်ယေရှုသည် သင်၏အပြစ်ကို ယူဆောင်သွား ကြောင်း သင်ယုံကြည်လက်ခံပြီလား။ သင်၏အပြစ်ကြွေး များကို သူယူဆောင်သွားသည်။ သင်လွတ်မြောက်ပြီ။ ဘုရားသခင်၏အမျက်တော်သည် သင့်အပေါ် ဘယ်တော့မှ မသက်ရောက်တော့ပါ။ သင်သည် ယေရှုကို အလွန်ချစ်မြတ်နိုးပါ။*

*သခင်ယေရှုက သင့်၏အပြစ်များကို ယူဆောင်သွားကြောင်း ယုံကြည်လက်ခံခြင်း မပြုသေးပါသလော့။ ထိုသို့ ဖြစ်ပါက ဘုရားသခင်က သင့်အား စိတ်ဆိုးနေဆဲ ဖြစ်သည်။ သင်သည် ငရဲပြည်၏ ကြီးစွာသော ဒုက္ခဆင်းရဲခြင်း နှင့်ကြုံရမည်။ သခင်ယေရှုကို သင်၏ ကယ်တင်ရှင်အဖြစ် တောင်းလျှောက်ရန် အချိန်တန်ပြီ ဖြစ်သည်။*

## သခင်ယေရှုသည် လမ်းခရီးတော်ကို ဖွင့်ပြခဲ့သည်။

မာကု၊၁၅း၃၇–၃၉။

စာရွက်ကို မီးနားတွင်ထားပါက မည်သို့ဖြစ်သွားမည်နည်း။

ကျွန်ုပ်တို့လည်း ဘုရားသခင်အနားသို့ မိမိကိုယ်ကျင့်တရားအားဖြင့် မချဉ်းကပ်နိုင်ပါ။ သူသည် အလွန် သန့်ရှင်း၍ ကျွန်ုပ်တို့သည် အပြစ်ရှိကြသည်။ သူသည် မီးကဲ့သို့ ကျွန်ုပ်တို့ကို လောင်ကျွမ်းသွားစေနိုင်သည်။

*(ဗိမာန်တော်နှင့်ကန့်လန့်ကာအကြောင်းပြောပါ။ ပုံဆွဲ၍ ၄င်းပုံစံပြခြင်း အားဖြင့်လည်းကောင်း ပြောနိုင်ပါသည်။ လူသားတို့ ဘုရားသခင်အနားသို့ မချဉ်းကပ်နိုင်ကြောင်းကို သင်ပြောပြရန် လိုပါသည်)*

ထိုအရာများအားလုံး ပြောင်းလဲပစ်ရန် သူကြွလာခြင်းဖြစ်သည်။ သူအသေခံလိုက်ခြင်းဖြင့် အပြစ်ရှိသူများ ဘုရားသခင်ထံသို့လာရန် လမ်းဖွင့်ခဲ့ပါသည်။ ဘုရားသခင်က ဗိမာန်တော်၏ကန့်လန့်ကာကို နှစ်ခြမ်းခွဲခဲ့ပါသည်။ ထိုအရာသည် အမှတ်လက္ခဏာ တစ်ခုဖြစ်သည်။ ဘုရားသခင်ထံတော်သို့ သွားသောလမ်းသည် ယခု ပွင့်သွားပြီ။ ''သခင်ယေရှု အားဖြင့် ငါ့ထံသို့လာကြလော့''ဟု ဘုရားသခင်က ဖိတ်ခေါ်နေပါသည်။

ကျွန်ုပ်တို့ဘုရားသခင်ထံသို့ မရောက်နိုင် ခြင်းမှာ ကျွန်ုပ်တို့၏အပြစ်များကြောင့်ဖြစ်သည်။ ထို အပြစ်များကို သခင်ယေရှုက ယူဆောင်သွားရန် ကြွလာခြင်းဖြစ်သည်။ ကားတိုင်ပေါ်တွင် အသေခံခြင်းဖြင့် ဘုရားသခင်ထံတော် သို့သွားသည့်လမ်းပွင့်ခဲ့ပါသည်။

*သခင်ယေရှုအသေခံခြင်းသည် ကျွန်ုပ်တို့ကဲ့သို့သော သူများအတွက် အကောင်းဆုံးသောသတင်းဖြစ်သည်။ ဘုရားသခင်ထံတော်သို့ သွားသောလမ်း ပွင့်ခဲ့ပြီး ဘုရားသခင်က သခင်ယေရှုအားဖြင့် သူ့ထံ အရောက်လာရန် ကျွန်ုပ်တို့အား ဖိတ်ခေါ်နေသည်။ သင်သွားမည်လား။ သို့မဟုတ် ဘုရားသခင်နှင့်ဝေးဝေးနေမည်လား။*

[?] လေ့လာချက်၊ မာကု၊၁၅း၄၀–၄၇

# ၆၇ သူတို့မြင်ခဲ့သည်။ သူတို့ဂရုပြုခဲ့သည်။

## နောက်ခံသမိုင်း

သခင်ယေရှု အသေခံခဲ့ပြီးနောက် သူ သည် ဘုရား၏သားဖြစ်ကြောင်းကို ရောမ အာဏာရှိများက သေချာစွာသိမြင်ခဲ့သည်။ 📖 မာကု၊၁၅း၃၉။

မာကု၊၁၆ ထဲတွင် သခင်ယေရှုသည် သေခြင်းမှ မည်သို့ထမြောက်ကြောင်းကို ကျွန်ုပ် တို့ ဖတ်ရပါသည်။ ရှင်မာကုက ဤဖြစ်စဉ်၌ လုံးဝ အမှားအယွင်းမရှိကြောင်းကို ဖော်ပြခဲ့သည်။ သခင်ယေရှု အမှန်တကယ် သေဆုံးခဲ့ကြောင်း လူပေါင်းများစွာ မြင်တွေ့ခဲ့သည်။

📖 မာကု၊၁၅း၄၀–၄၇။

## အဓိကအချက်

သခင်ယေရှုအသက်တော်စွန့်ခဲ့ချိန်၌ လူတိုင်းက သိမြင်ခဲ့ရပါသည်။ ဤလူများသည် အရေးပါသောမျက်မြင်သက်သေများဖြစ်ကြသည်။ သခင်ယေရှုသည် အမှန်တကယ် သေဆုံးခဲ့ ကြောင်း သူတို့သိကြသည်။

## လုပ်ဆောင်ရန်

ကျွန်ုပ်တို့သည် အမျိုးသမီးများနှင့် ယောသပ်ထံမှအရေးပါသော သင်ခန်းစာများ သင်ယူနိုင်ပါသည်။ ဤအချက်သည် ရက်ကြောက်တတ်သော ခရစ်ယာန်များအတွက် ခွန်အားဖြစ်စေရန် ဆုတောင်းပေးပါ။ သင်၏ ပရိသတ်အချို့က သခင်ယေရှုကို ယုံကြည်သော်လည်း ဝန်မခံရဲကြပါ။ သို့မဟုတ် သူတို့သည် သခင်ယေရှု၏နောက်လိုက်စစ်စစ်ဖြစ်ကြောင်း သက်သေပြရန် နှစ်ခြင်းမခံကြသေးပါ။ ဤအကြောင်းကို ပိုမို စဉ်းစားဆင်ခြင်နိုင်ရန် သမ္မာကျမ်း သင်ကြားပေးခြင်းဖြင့် သူတို့အား ကူညီပါ။

## မှတ်သားရန်

- မာကု၊၁၅း၄၂။ နောက်တစ်နေ့သည် ဥပုသ်နေ့(စနေနေ့)ဖြစ်သည်။ ဥပုသ်နေ့သည် သောကြာနေ့ ညနေပိုင်း(၆)နာရီမှ အစပြုခြင်းဖြစ် သည်။ ဥပုသ်နေ့မတိုင်ခင် သခင်ယေရှုအား သင်္ဂြိုလ်ရန် လိုအပ်သည်။ (ဥပုသ်နေ့သည် အနားယူသောနေ့ဖြစ်သည်)။
- မာကု၊၁၅း၄၃။ 📖 မဿဲ၊၂၇း၅၇–၆၀။ လုကာ၊၂၃း၅၀–၅၄။ ယောဟန်၊၁၉း၃၈။ ယောသပ်သည် အရေးပါသော ဂျူးအရာရှိတစ်ဦး ဖြစ်သည်။ အခြားခေါင်းဆောင်အားလုံးက သခင်ယေရှုကို သတ်လိုကြသည်။ ယောသပ် အနေဖြင့် သူတို့နှင့်ဆန့်ကျင်ဘက်ပြု၍ အလွန်ခက်ခဲလှသည့် သခင်ယေရှု၏ အလောင်းတော် ကို ဂရုတစိုက်မြှုပ်နှံရန် သတ္တိရှိနေသည်။
- မာကု၊၁၅း၄၄။ "ရေးရောမတပ်မှူး" (စစ်တပ်အရာရှိ)သည် စစ်သားများအား အမိန့်ပေး၊ ညွှန်ကြားရသူ ဖြစ်သည်။ သူက လူများစွာ သေဆုံးသည်ကို မြင်ခဲ့ဖူးသည်။ သခင်ယေရှု အသက်တော်စွန့်သည်ကိုလည်း သူမြင်ခဲ့သည်။ သခင်ယေရှု အမှန်တကယ် သေဆုံးသွားကြောင်း သူသိနေသည်။

➡ ဟောပြောချက်၊ မာကု၊၁၅း၄၀–၄၇

**သခင်ယေရှု အမှန်တကယ် သေဆုံးခဲ့သည်။**

● သခင်ယေရှု အမှန်တကယ် သေဆုံးသည်ကို မြင်ရန် ထိုနေရာ၌မည်သူ ရှိနေသနည်း။ သခင်ယေရှုသေဆုံးသည်မှာ စစ်မှန်ကြောင်းကို သူတို့အားလုံး သိနေကြသည်။ သူသည် လျင်မြန်စွာသေဆုံးခဲ့သည်။ သို့သော် မှားယွင်း ချွတ်ချော်မှု တစ်စုံတစ်ရာမရှိခဲ့ပါ။ ထို့ကြောင့် သူ့ကို ချစ်မြတ်နိုးသော ယောသပ်က သူ၏အလောင်းကို မြှုပ်နှံခဲ့သည်။

အချို့က သခင်ယေရှု ဘယ်တော့မှမသေကြောင်းကို ယုံကြည်လိုကြသည်။ ထိုသို့ဖြစ်ပါက သူသည် သေခြင်းမှ အမှန်တကယ် ထမြောက်မည် မဟုတ်ပါ။ သို့သော် ရှင်မာကုက သခင်ယေရှု၏ သေနေသောခန္ဓာကိုယ်ကို လူပေါင်းများစွာ မြင်တွေ့ခဲ့ကြောင်းကို သေချာစွာ မှတ်တမ်းတင်ခဲ့သည်။

အချက်အလက်များနှင့်ပတ်သက်၍ ခရစ်ယာန်များ ကြောက်နေရန် မလိုပါ။ လူများက ကျွန်ုပ်တို့အား ခက်ခဲသောမေးခွန်းများ မေးကောင်းမေးကြမည်။ သူတို့သည် အမှန်တရားကို ရင်ဆိုင်နိုင်ရန် လိုအပ်သည်။ သခင်ယေရှုသည် သေပြီးမှရှင်ပြန်ထမြောက်ခဲ့သည်။ ဤအချက်က လူသားတိုင်း သခင်ယေရှုကို ယုံကြည် သင့်ကြောင်း ဖော်ညွှန်းနေပါသည်။

## ဂရုစိုက်သောသူများ

### အမျိုးသမီးသုံးယောက်

📖 မာကု၊၁၅း၄၀–၄၁၊၄၇၊

အခြားတပည့်တော်များအားလုံး ထွက်ပြေးသွားကြသည်။ ရှင်ယောဟန်တစ်ဦးတည်းသာ ကားတိုင် ရင်းသို့လာခဲ့သည်။ သို့သော် သခင်ယေရှု၏ နောက်တော်သို့လိုက်ခဲ့ကြသော အမျိုးသမီးများသည် သူ့အား ဂရုစိုက်ကြသည်။ ယခု သခင်ယေရှုသေသွားသော်လည်း သူတို့သည် သူ့အား မစွန့်ပစ်ခဲ့ပါ။ အဆုံးထိတိုင်အောင် သူနှင့်အတူရှိနေခဲ့သည်။ ယောသပ်က သခင်ယေရှုကို မြှုပ်နှံသည့်အချိန်၌ သူတို့သည် ထိုနေရာ၌ရှိနေကြသည်။ သခင်ယေရှု ရှိနေသည့်နေရာကို သိပြီးမှ သူတို့ ပြန်သွားလိုကြသည်။

ဤအမျိုးသမီးများက ကျွန်ုပ်တို့ကို ခွန်အားပေးနေပါသည်။ သူတို့ တစ်စုံတစ်ခုပြောမိကြောင်းကို ကျွန်ုပ်တို့ မဖတ်မိကြပါ။ သို့သော် သူတို့၏မေတ္တာကို ပြသကြသည်။ သခင်ယေရှုအား လူတိုင်း စွန့်ခွာသွားသော အချိန်၌ သူတို့သည် အနီးအပါး၌ ရှိနေကြသည်။ သင်သည် သူတို့ကဲ့သို့ သခင်ယေရှုကို ချစ်ပါသလား။ သင်၏မေတ္တာကို မည်ကဲ့သို့ ဖော်ပြမည်နည်း။

### ယောသပ်

📖 မာကု၊၁၅း၄၃–၄၆။

(ယောသပ်၏အကြောင်းကို ပို၍သိနိုင်ရန် မဿဲ၊ လုကာနှင့် ယောဟန် တို့ကို လေ့လာပါ)။

● သင်သည် သခင်ခရစ်တော်ကို ယုံကြည်သည်ဟု ပြောပြရန် မည်သည့်အချိန်သည် သင့်အတွက် အခက်ခဲ ဆုံးဖြစ်ပါသနည်း။

ယောသပ်အတွက် အလွန်ခက်ခဲကြောင်း တွေ့ရသည်။ သူတစ်ယောက်တည်း သခင်ယေရှုကို လျှို့ဝှက်စွာ ယုံကြည်ခဲ့သည်။ အခြား ဂျူးခေါင်းဆောင်များက သခင်ယေရှုအား မုန်းသောကြောင့် ယောသပ်က သူ၏ယုံကြည်ခြင်းကို ဖော်ပြရန် ကြောက်ရွံ့နေကြ သည်။

ယခုအခြေအနေ ပြောင်းလဲသွားပြီ ဖြစ်သည်။ သခင်ယေရှု၏သေခြင်းက သူ၏ တပည့်တော်များကို ကြောက်ရွံ့စေခဲ့သည်။ သို့သော် ယောသပ်အတွက်မူ ရဲရင့်ခြင်းကိုဖြစ်စေခဲ့သည်။ သူ၏ချစ်ခြင်းမေတ္တာကို သခင်ယေရှုအား ပြသသင့်ကြောင်း သူသိနေသည်။ အခြားခေါင်းဆောင်များက သူ့အား မုန်းတီးကြလိမ့်မည်။ သူ့ကိုသတ်ရန် ကြိုးစားကောင်း ကြိုးစားကြလိမ့်မည်။ သို့သော် ယောသပ်အတွက်မူ သူ၏ယုံကြည်ခြင်း ကို ဖော်ပြရန် အချိန်ကျရောက်လေပြီ။ (ယောသပ်၏ လုပ်ဆောင် ချက်များကို အကျယ်တဝင့် ပြောဆိုပါ)။

⊠ ကျွန်ုပ်တို့အတွက် သခင်ယေရှုအသေခံခဲ့သည်ကို တွေးမိတိုင်း သူ့ကို ပို၍ချစ်မြတ်နိုးလိုပါသလား။ သင့်အား ရဲရင့်မှုကိုဖြစ်စေပါသလား။ သင်သည် သခင် ယေရှုကို ယုံကြည်ကြောင်း သူတစ်ပါးအား ဖော်ပြရန် အချိန်ဖြစ်ပါသလား။

[?] လေ့လာချက်၊ မာကု၊၁၆း၁-၈

# ၆၈ သခင်ယေရှု ရှင်ပြန်ထမြောက်ခြင်း

## ▣ နောက်ခံသမိုင်း

ရှင်မာကုဖော်ပြထားသည်မှာ -

• သခင်ယေရှုသည် ကတိတော်နှင့်ဆိုင်သော ဘုရား၏သားတော် သခင်ခရစ်တော်ဖြစ်သည်။

• သခင်ယေရှုသည် ကတိထားတော်မူသည့်အတိုင်း ကားတိုင်ပေါ်တွင် အသေခံခဲ့သည်။

• သူ၏တပည့်တော်များက သခင်ယေရှုသည် ခရစ်တော်ဖြစ်ကြောင်းကို နားလည်ကြသည်။ သို့သော် သူအသေခံသည့်အကြောင်းကို နားမလည်နိုင်ကြပါ။ သခင်ယေရှုသေခြင်းမှ ရှင်ပြန်ထမြောက်မည်ကို လုံးဝမမျှော်လင့်ခဲ့ကြပါ။

• မာကု၊၁၆း၁-၈ (ရှင်မာကုသည် သူ၏ဝေဂေလိကျမ်းကို မာကု၊၁၆း၈ ၌ အဆုံးသတ်ခဲ့သည်ဟု လူအချို့က ယုံကြည်ကြသည်။ ဖြစ်နိုင်ချေရှိသည်မှာ နောက်နှစ်များစွာ ကြာသောအခါမှ တစ်စုံတစ်ယောက်က မာကု၊ ၁၆း၉-၂၀ကို ထပ်မံဖြည့်စွက်ထားခြင်းဖြစ်သည်။

## ⊡ အဓိကအချက်

သခင်ယေရှုသည် သူပြောနှင့်သည့် အတိုင်း သေခြင်းမှရှင်ပြန် ထမြောက်ခဲ့သည်။

## ⊛ လုပ်ဆောင်ရန်

သင်၏ပရိသတ်အများစုက ဤအချက် များကို ယုံကြည်ကြသည်။ သခင်ယေရှုသေခြင်းမှ ရှင်ပြန်ထမြောက်ကြောင်းကို သူတို့ယုံကြည်ကြသည်။ သို့သော် အချို့က သူ့အား ယခုထိတိုင် မယုံကြည်ကြပါ။ ဤခံယူချက်သည် မမှန်ကန်ကြောင်း သူတို့အားမည်သို့ဖော်ပြမည်နည်း။

(⊞ *ဤပုံဥပမာကို သင်အသုံးပြုနိုင်သည်။ သင်၏အိမ်သည် မီးစွဲလောင်နေသည်။ အသက်လွတ်ရန် ထွက်ပေါက်တံခါးကို သင်သိနေသည်။ ထိုတံခါးအားဖြင့် သင်လွတ်မြောက်မည်ကို သင်ယုံကြည်နေပါသည်။ သို့သော် သင်သည် သင့်အိမ်ကို အလွန်နှစ်သက်မြတ်နိုးသည်။ ထို့ကြောင့် ထိုတံခါးမှသင်ထွက်မသွားပါ။ ဘာများ ဖြစ်ပျက်လိမ့်မည်နည်း)*

### မှတ်သားရန်

• [▲]ကု၊၁၆း၁။ ဤကျမ်းပိုဒ်သည် အမျိုးသမီးများက သခင်ယေရှုအား မည်မျှချစ်ကြောင်း ဖော်ပြထားခြင်းဖြစ်သည်။ သောကြာနေ့တွင် သူတို့၌ အချိန်မရလိုက်ပါ။ သခင်ယေရှု၏ အလောင်းတော်ကို သူတို့ပြုစုချင်သည့်အတိုင်း မပြုစုလိုက်ရပါ။

• မာကု၊၁၆း၅။ ထိုသူသည် ကောင်းကင်တမန်ဖြစ်သည်။မဿဲ၊၂၈း၂-၅။

မာကု၊၁၆း၇။ အထက်က မိန့်တော်မူသည့်အတိုင်း 📖 မာကု၊၁၄း၂၈ ကိုကြည့်ပါ။

• မာကု၊၁၆း၇။ ပေတရုက သခင်ယေရှုကို သူမသိကြောင်း ငြင်းပယ်မိခဲ့သည်။ သို့သော် သခင်ယေရှုသည် သူ့အား လိုလိုလားလား ခွင့်လွှတ်တော်မူသည်။ အမျိုးသမီးများက ပေတရုအား ပြောပြမည်မှာ သေချာသည်။ သခင်ယေရှုက ပေတရု အား ဂါလိလဲတွင် ရှိနေစေလိုသည်။ (ဂါလိလဲသည် အိုင်ဖြစ်ပြီး၊ သခင်ယေရှုက ပေတရုအား သူ့နောက် တော်သို့လိုက်ရန် အဦးဆုံး ခေါ်ခဲ့သည့်နေရာဖြစ် သည်)။

ဟောပြောချက်၊ မာကု၊၁၆း၁–၈

## သခင်ယေရှု မိန့်တော်မူခဲ့သည့်အတိုင်း

မာကု၊၁၆း၆–၇။

အချို့ အကြောင်းအရာများသည် ယုံကြည်ရန် အလွန်ခက်ခဲလှပါသည်။ *(ဤအကြောင်း အရာကို ပြောပြပါ။ မဖြစ်နိုင်သော အကြောင်းအရာ တစ်ခုကို သင်တွေးနေသည်ဆိုပါစို့။ ထိုအရာကို သင်အယုံ အကြည်မရှိပါ။ ထို့နောက် ထိုအကြောင်း အရာများ ဖြစ်ပျက်လာလိမ့်မည်ကို ကြိမ်ဖန်များစွာ ဖော်ပြခြင်း ခံရသည်။ နောက်ဆုံး၌ ထိုအဖြစ်အပျက်များကို သင်ယုံ ကြည်လိုက်သည်)*။

လူသေတစ်ယောက် အသက်ပြန်မရှင်နိုင်ကြောင်းကို လူတိုင်းသိနေသည်။ ဤအမျိုးသမီးများကလည်း သခင်ယေရှုသေခြင်းမှ ရှင်ပြန်ထမြောက်မည်ကို လုံးဝမမျှော်လင့်ခဲ့ပါ။ လူသေကို ကြည့်ရှုစောင့်ရှောက်ရန် လာခဲ့ခြင်းသာဖြစ်သည်။

အချက်အလက်များက ရှင်းလင်းနေပါ သည်။

- တစ်စုံတစ်ယောက်က ကျောက်တုံးကြီးကို ရွှေ့လိုက်သည်။
- သင်္ချိုင်းဂူထဲတွင် ဘာမျှမရှိပါ။
- သခင်ယေရှု ရှင်ပြန်ထမြောက်ကြောင်း ကောင်းကင် တမန်များက သူတို့အား ပြောပြသည်။
- ဤအရာများဖြစ်ပျက်မည်ကို သခင်ယေရှုက သူတို့အားပြောခဲ့သည်။

သခင်ယေရှုသည် သေခြင်းမှထမြောက်ခဲ့သည်။ ဘုရားသခင်က ကျွန်ုပ်တို့အား ဤသမ္မတရားကို သေချာစွာ သိစေလိုသည်။ သခင်ယေရှုက သူသည် သမ္မာတရားဖြစ်ကြောင်း သက်သေပြခဲ့သည်။ သူသည် ရှင်ပြန်ထမြောက်ခဲ့ပြီ။ ဆိုလိုသည့် အဓိပ္ပါယ်မှာ –

- သခင်ယေရှုသည် ဘုရားသခင်ထံသို့ရောက်ရန် တစ်ခုတည်းသောလမ်းဖြစ်သည်။
- လူတိုင်းသခင်ယေရှုကို ယုံကြည်အားကိုးရပါမည်။

ဤအဖြစ်အပျက်များကို အယုံအကြည် မရှိသောသူများသည် မည်ကဲ့သို့ဖြစ်ပျက်သွားမည်ကို စဉ်းစားပါ။

## အမျိုးသမီးများက ကြောက်ရွံ့နေဆဲ ဖြစ်သည်။

မာကု၊၁၆း၈။

ဤအမျိုးသမီးများသည် ဂူထဲ၌ ဘာမှမရှိသည်ကို တွေ့ရသည်။ ကောင်းကင်တမန်ကလည်း သခင်ယေရှု ရှင်ပြန်ထမြောက်ကြောင်းကို ပြောခဲ့သည်။ သို့သော် သူတို့ကြောက်လန့်နေဆဲဖြစ်သည်။ ထိုအချက်ကို ယုံသင့်၊မယုံသင့်ကို သူတို့ဝေခွဲ၍ မရနိုင်ဆဲဖြစ်သည်။

သင်သည်ထိုအမျိုးသမီးများနှင့် တူပါသလား။ သင်ယုံကြည်လိုသော်လည်း ကြောက်ရွံ့နေဆဲဖြစ်ပါသလား။ သခင်ယေရှုသည် အလွန်ကြင်နာတော်မူ၏။ သင်ယုံကြည်လာရန် သင့်အား ကူညီလိမ့်မည်။

တပည့်တော်များပင်လျှင် မယုံကြည်ကြပါ။ ဤအမျိုးသမီးများလည်း အပြည့်အဝ မယုံကြည်ကြပါ။ မည်သို့ပင်ဖြစ်စေ သခင်ယေရှု၌ သူတို့အတွက် သတင်းကောင်းရှိနေပါသည်။ မာကု၊ ၁၆း၇။ သူရှင်ပြန်ထမြောက်ကြောင်းကို သူတို့အား ပြောလိုသည်။ ထိုအချက်သည် အလွန်မှန်ကန်သော အချက်ဖြစ်သည်။ သူသည် ပေတရုကိုလည်း တွေ့လိုသည်။ ပေတရုက ရှက်နေသည်။ သူသည် သခင်ယေရှုကို မသိဟုပြောခဲ့ခြင်းကြောင့်ဖြစ်သည်။ သခင်ယေရှု သူ့အား ဘယ်တော့မှ ခွင့်လွှတ်တော်မူမည်မဟုတ်ဟု ပေတရု တွေးကောင်းတွေးနေမည် ဖြစ်သည်။ သို့သော် သူခွင့်လွှတ်ခဲ့သည်။

သင်ယုံကြည်ရန် နှေးကွေးကောင်းနှေးနေလိမ့်မည်။ ပေတရုကဲ့သို့ သခင်ယေရှုအား ယုတ်ညံ့စွာ ပြောကောင်း ပြောမိလိမ့်မည်။ ယခု ယုံကြည်လက်ခံရန် မနောက်ကျသေးပါ။ ရှင်ပြန်ထမြောက်တော်မူသော ယေရှုသည် သင့်ကို ခွင့်လွှတ်လိမ့်မည်။ သူ့ထံသို့ ယခုလာပါ။

? လေ့လာချက်၊ မာကု၊၁၆း၉-၂၀

# ၆၉ ယုံကြည်၍ ဝေငှသက်သေခံပါ။

## ▣ နောက်ခံသမိုင်း

မာကု၊၁၆း၉-၂၀ကို ရှင်မာကု ရေးသားခဲ့ကြောင်း ဟုတ်မဟုတ် စဉ်းစားစရာများစွာရှိနေသည်။ မည်သို့ပင်ဖြစ်စေ မာကု၊၁၆း၈ တွင် အဆုံးသတ်ထားသည်မှာ ပြတ်တောက်နေသည့်ပုံစံဖြစ်နေသည်။ ရှင်မာကုကိုယ်တိုင် အဆုံးမသတ်နိုင်ခဲ့ခြင်းလည်း ဖြစ်နိုင်ပါသည်။ မာကု၊၁၆း၉-၂၀ သည် နောက်နှစ်များစွာကြာသောအခါမှ တစ်စုံတစ်ယောက်က ထပ်မံဖြည့်စွက် ထည့်ထားခြင်းလည်း ဖြစ်နိုင်သည်။ (ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မြတ်နိုးသူများက ဤအကြောင်း ကိုပြောထားခြင်းဖြစ်သည်)။

မည်သို့ပင်ဖြစ်စေ ဤအပိုင်းသည် ကျွန်ုပ်တို့ကျမ်းစာ၌ ပါဝင်သော ကျမ်းပိုဒ်ပင်ဖြစ်သည်။ ထိုအပိုဒ်ထဲမှ လေ့လာသင်ယူရန် အချက်များစွာရှိသည်။ မာကု၊၁၆း၉-၂၀ ထဲမှ အကြောင်းအရာအများစုကို အခြားခရစ်ဝင်ကျမ်းများတွင်လည်း တွေ့နိုင်ပါသည်။ ဤကျမ်းပိုဒ်ထဲတွင်သာ တွေ့နိုင်သည့်အပိုဒ်များကိုမူ ကျွန်ုပ်တို့ ဂရုပြုသင့်ပါသည်။ (မှတ်သားရန်နှင့် မာကု၊၁၆း၁၇-၁၈ ကိုကြည့်ပါ)။

ဤအဆုံးပိုင်း၌ တပည့်တော်များသည် ယုံကြည်ရန် နှောင့်နှေးနေကြကြောင်း တွေ့ရသည်။ သို့သော် သခင်ယေရှု၌သူတို့အတွက် ပေးအပ်ရန် အလုပ်များစွာရှိနေသည်။ မြေကြီးစွန်းတိုင်အောင်သွား၍ သတင်းကောင်းကို ဝေမျှရန် ဖြစ်သည်။

## ▣ အဓိကအချက်

နောက်ဆုံး၌ တပည့်တော်များ ယုံကြည်သွားသည်။ ယခု ကမ္ဘာလောကကြီးထဲ၌ ဝေမျှရမည်ဖြစ်သည်။

## ★ လုပ်ဆောင်ရန်

ရှင်မာကုက သတင်းကောင်းအကြောင်းကို ကျွန်ုပ်တို့အား ပြောပြသောကြောင့် လူများယုံကြည်ကြ လိမ့်မည်။ 📖 မာကု၊၁း၁၊၁၅။ ရှင်မာကု ခရစ်ဝင်ကျမ်းကို ဖတ်ပြီးနောက် ဤအကြောင်းအရာသည် မည်မျှ အရေးကြီးကြောင်းကို လူတိုင်းမြင်လာ နိုင်ရန် ဆုတောင်းပါ (မာကု၊၁၆း၁၆)။

## ▲ မှတ်သားရန်

- မာကု၊၁၆း၁၄။ သခင်ယေရှုကို မြင်တွေ့ခဲ့သောသူများက ပြောသည်ကို တပည့်တော်များက ယုံကြည်သင့်သည်။ ထို့ကြောင့် သခင်ယေရှုက သူတို့အား ကြိမ်းမောင်းအပြစ်တင်တော်မူ၏။
- မာကု၊၁၆း၁၆။ ဗတ္တိဇံသည် တစ်စုံတစ်ဦးကို ကယ်တင်ခြင်း မပေးနိုင်ပါ။ တစ်စုံတစ်ဦးကို ကယ်တင်နိုင်ရန်အတွက် ဗတ္တိဇံသည် အကူအညီ မပေးနိုင်ပါ။ တစ်စုံတစ်ဦးက သခင်ယေရှုကို ယုံကြည်ကြောင်း သက်သေပြရန် ဗတ္တိဇံကိုခံယူခြင်းဖြစ်သည်။ သမ္မာကျမ်း ဖော်ပြချက်အရ ယုံကြည်ခြင်းကို ဖော်ပြရန် သက်သေ ခံသင့်ကြောင်း ပြောခဲ့သည်။
- မာကု၊၁၆း၁၇-၁၈။ သခင်ယေရှုက သူ၏လူများကို များစွာသော ဆုကျေးဇူးများပေးရန် ကတိပေးခဲ့သည်။ သို့သော် ကျမ်းစာ၏ နောက်ဆုံးအပိုင်း၌ သခင်ယေရှု၏ လူများသည် မြွေကို ဖမ်းကိုင်ခြင်း သို့မဟုတ် အဆိပ် သောက်နိုင်သော တန်ခိုးရှိမည်ဟု မဖော်ပြခဲ့ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်အား စုံစမ်း၍အန္တရာယ် မပြုမိစေရန်သာ သတိပေးထားခြင်းဖြစ်သည်။ (မဿဲ၊၄း၅-၇)
- မာကု၊၁၆း၁၇၊၂၀။

"နိမိတ်လက္ခဏာ" (နိမိတ်) ဤအရာများသည် အံ့ဩဖွယ်ရာအထူး အဆန်းပြုရုံသက်သက် မဟုတ်ပါ။ နိမိတ်လက္ခဏာများ အားဖြင့် သတင်းစကားများသည် ဘုရားသခင်ထံမှ လာခြင်းဖြစ်ကြောင်းကို ဖော်ပြရန်ဖြစ်သည်။ ဤအချက်သည် နိမိတ်လက္ခဏာ၏အဓိပ္ပါယ်သာဖြစ်သည်။ နိမိတ်လက္ခဏာသည် ကျွန်ုပ်တို့အား တစ်စုံတစ်ခုကို ဖော်ပြရန်ဖြစ်သည်။ အဘယ်ကြောင့် ဤနိမိတ်လက္ခဏာများ အမှန်တကယ် လိုအပ်ခဲ့ပါသနည်း။ ယနေ့အခြေအနေနှင့်ဘာများ ခြားနားနေပါသနည်း။ သူ၏နှုတ်တော်ထွက်စကားများသည် မှန်ကန်ကြောင်းကို ဖော်ပြရန် မည်သည့်အချိန်၌ ဘုရားသခင်က အထူးနိမိတ်လက္ခဏာကို ပြတော်မူမည်နည်း။

## ⇥ ဟောပြောချက်၊ မာကု၊၁၆း၉-၂၀

## သတင်းကောင်းကို ယုံကြည်လက်ခံပါ။

📖 မာကု၊၁၆း၉-၁၄။

(ဤကဲ့သို့သော အကြောင်းအရာမျိုးကို ဖော်ပြပါ)။ သင်၌ ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်း ရှိနေသည်။ သင်က သူတို့အား ပြောပြသော်လည်း သူတို့က မယုံကြပါ။ သင်မည်ကဲ့သို့ ခံစားရသနည်း။

• ဤအပိုင်းကိုဖတ်သောအခါ မယုံကြည်သည့် အကြောင်းကို ဘယ်နှစ်ကြိမ် ဖော်ပြထားပါသနည်း။

သခင်ယေရှုအသေခံခြင်းကြောင့် တပည့်တော်များ အလွန်ဝမ်းနည်းကြသည်။ ယခု သူအသက်ရှင်နေသည်ကို သူတို့ မယုံကြည်နိုင်ကြပါ။

• ဤအကြောင်းကို သခင်ယေရှု မည်သို့တွေးထင်ပါသနည်း(မာကု၊၁၆း၁၄)။

ကျွန်ုပ်တို့ မယုံကြသောကြောင့် အလွန်ဝမ်းနည်းစရာဖြစ်လိမ့်မည်။ သခင်ယေရှုသည် သူ၏တပည့်တော်များအတွက် နာကျင်မှုဝေဒနာကို ခံသွားသည်။ သူတို့၏အပြစ်များအတွက် ကားတိုင်ပေါ်တွင် အသေခံခဲ့သည်။ သူသည် သေခြင်းမှရှင်ပြန်ထမြောက် ခဲ့သည်။ သူတို့အတွက် အရာအားလုံးကို ပေးဆပ်ခဲ့ပြီး ဖြစ်သော်လည်း ထိုအရာများ မှန်ကန်ကြောင်းကို သူတို့ မယုံကြည်ကြပါ။

⪢ *သင်သည် ထိုတပည့်တော်များနှင့်တူပါသလား။ သခင်ယေရှုအကြောင်းကို သင်ဘယ်နှကြိမ် ကြားဖူးပါသလဲ။ အချက်အလက်အားလုံးကို သင်သိနေသည်။ သမ္မာကျမ်းက သမ္မာတရားကို ဖော်ပြထားကြောင်း သင်သိနေသည်။ သို့သော် ယခုထိတိုင် သခင်ယေရှုကို သင်မယုံကြည်သေးပါ။ သခင်ယေရှုက သင့်ကို မည်ကဲ့သို့မြင်ပါသနည်း။ 📖 မာကု၊၁၆း၁၆။*

## သတင်းကောင်းကိုဝေငှပါ။

📖 မာကု၊၁၆း၁၅။

သင့်ထံ၌ သတင်းကောင်းရှိပါက သင်တိတ်ဆိတ်စွာ သိမ်းဆည်းထားမည်လား။ မဟုတ်ပါ။ လူတိုင်းကို သင်ပြောလိမ့်မည်။ သင်၏သတင်းကောင်းသည် လူများစွာအတွက် အကျိုးရှိသည်ဆိုပါစို့။ အေအိုင်ဒီအက်စ်ရောဂါအတွက် ဆေးကောင်းတစ်လက်ကို သင်ရှာတွေ့ထားသည်ဆိုပါစို့။ ထိုအချက်ကို လျှို့ဝှက်စွာ သင်သိမ်းဆည်းထားမည်လော။ ထိုသို့ပြု ပါကမှားယွင်းမည်ဖြစ်သည်။

သခင်ယေရှုက သူ၏တပည့်တော်များအား ကမ္ဘာတစ်ဝန်းသို့သွား၍ သူ့အကြောင်းကို ပြောနိုင်းသည်။ တပည့်တော်များသည် သခင်ယေရှု အသင်းတော်၏အစဖြစ်သည်။ ထိုမိန့်မှာချက်သည်လည်း ယနေ့ ကျွန်ုပ်တို့ လုပ်ဆောင်ရန်ဖြစ်သည်။ ကမ္ဘာလောကကြီး သည်သတင်းကောင်း ကြားနိုင်ရန် လိုအပ်လျက်ရှိသည်။ သင်၏တိုင်းပြည်ထဲ၌ မည်သူတို့သည် သခင်ယေရှု၏ တရားများကို မသိသေးသနည်း။ အခြားမည်သည့်နိုင်ငံများ၌ သခင်ယေရှုအကြောင်းကြားသိရန် လိုအပ်ပါ သနည်း။ ကမ္ဘာလောကကြီးအား သတင်းကောင်း ဝေငှရန် သင်၏အသင်းတော်က မည်သို့ကူညီဆောင်ရွက်နေပါသနည်း။

⪢ *ကျွန်ုပ်တို့စွပ်စွဲမှုအမျိုးမျိုးကြုံတွေ့ရမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် ကြောက်ရွံ့ခြင်း၊ အလုပ်များခြင်းသို့မဟုတ် ပျင်းရိခြင်းတို့နှင့် ကြုံကောင်း ကြုံမည်။ လူများက သခင် ယေရှု၏အကြောင်းမသိလိုသောကြောင့် သတင်းကောင်း ဝေငှရာ၌ အခက်တွေ့လိမ့်မည်။ ထိုအရာသည် မလွယ်ကူလှကြောင်းကို တပည့်တော်များ သိကြသည်။ အချို့က သူတို့အား မုန်းတီးပြီး သတ်ကြလိမ့်မည်။*

⪢ *သင်သည် သတင်းကောင်းကိုမြတ်နိုးပါက သူတစ်ပါး အား ပြောပြချင်စိတ်ရှိလိမ့်မည်။ သင်သည်သခင်ယေရှုကို ချစ်ပါက သူ့အမိန့်တော်ကို နာခံချင်လိမ့်မည်။ သင်မည်ကဲ့သို့ လုပ်ဆောင်မည်ကို ဆင်ခြင်စဉ်းစား၍ ဆုတောင်းပါ။*

📖 မာကု၊၁၆း၂၀။

ကောင်းကင်ဘုံ၌ရှိတော်မူသော သခင်ယေရှုသည် သူတို့နှင့်အတူ အလုပ်လုပ်လျက်ရှိသည်။ သခင်ယေရှုက သူ၏ကြီးမြတ်သောအလုပ်ကို လုပ်ဆောင်သည်။ သူသည်အသေခံရန်ကြွလာပြီး ရှင်ပြန်ထမြောက်ခဲ့သည်။ ယခု သူပေးအပ်သော တာဝန် များကို သူ၏လူများက ဆက်လက်ထမ်းဆောင်သင့် သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့နှင့်အတူ အလုပ် လုပ်လျက်ရှိသည်။ ကျွန်ုပ်တို့သည် တစ်ဦးတစ်ယောက်တည်း မဟုတ်ပါ။ သတင်းကောင်းကို ဝေငှသည့်အခါ သခင်ယေရှုက ထာဝရအသက်ကိုပေးမည်ဖြစ်သည်။ သူ့အား ချီးမွမ်းပါ။

# ရှင်မာကုခရစ်ဝင်ကျမ်းအကြောင်း

**၁။ မည်သူရေးခဲ့သနည်း။**

ရှင်မာကုရေးခဲ့သည်။ ရှင်မာကုသည် တပည့်တော်(၁၂)ပါးထဲတွင် မပါပါ။ သူသည် တမန်၊ ၁၂း၁၂၊ ၂၅နှင့် အခြားကျမ်းပိုဒ်များတွင် ဖော်ပြထားသော ယွန်မာကုဖြစ်နိုင်သည်။ ရှင်ပေတရုက အဖြစ်အပျက်အားလုံးကို ရှင်မာကုအား ပြောပြခဲ့ခြင်းဖြစ်နိုင်သည်။ ထို့နောက် ရှင်မာကုက ထိုအကြောင်းအရာများကို သူ၏ခရစ်ဝင်ကျမ်းထဲတွင် ပြန်ရေးချထားခြင်းဖြစ်သည်။

**၂။ မည်သည့်အချိန်က ရေးသားခဲ့သနည်း။**

အေဒီ ၄၀ နှင့် အေဒီ ၆၀ကြားတွင် ရေးသားခဲ့ခြင်းဖြစ်သည်။ ရှင်မာကုခရစ်ဝင်သည် အဦးဆုံးရေးသားခဲ့သော ခရစ်ဝင်ကျမ်းဖြစ်သည်။ ရှင်မဿဲနှင့် ရှင်လုကာသည် ရှင်မာကု၏ခရစ်ဝင်ကျမ်းထဲမှ အစိတ်အပိုင်းအချို့ကို အသုံးပြုထားကြသည်။ ထို့ကြောင့် ရှင်မဿဲခရစ်ဝင်ကျမ်းနှင့် ရှင်လုကာခရစ်ဝင်ကျမ်းထဲရှိ ကျမ်းပိုဒ်အချို့သည် ရှင်မာကုခရစ်ဝင်ကျမ်းထဲမှ ကျမ်းပိုဒ်နှင့်တူနေခြင်းဖြစ်သည်။

**၃။ ရှင်မာကုသည် အဘယ်ကြောင့် ခရစ်ဝင်ကျမ်းကို ရေးသားခဲ့ရပါသနည်း။**

ရှင်မာကုအဘယ်ကြောင့် ရေးသားခဲ့သည်ကို မာကု၊ ၁း၁ ထဲတွင် ကျွန်ုပ်တို့အားဖော်ပြထားသည်။ "ဘုရားသခင်သားတော် ယေရှုခရစ်၏ ဝံဂေလိတရား၏အစကို ဆိုပေအံ့"။

သူသည် သခင်ယေရှုခရစ်တော်၏ဝံဂေလိသတင်းကောင်းကို ကျွန်ုပ်တို့အား ပြောပြသည်။ ရှင်မာကုခရစ်ဝင်ကျမ်းသည် သခင်ယေရှု၏သက်တော်စဉ်ကိုသာ ဖော်ပြသောကျမ်းမဟုတ်ပါ။ ၎င်းအထဲ၌ သတင်းကောင်းများလည်းပါဝင်ပါသည်။

- သခင်ယေရှုသည် မည်သူနည်း။
- သခင်ယေရှုအဘယ်ကြောင့် ကြွဆင်းလာသနည်း။
- သခင်ယေရှုအဘယ်ကြောင့် အသေခံခဲ့သနည်း။

ဤအချက်များသည် ရှင်မာကု၏အဓိကသတင်းစကားများဖြစ်သည်။ ဤအချက်များသည် ကျွန်ုပ်တို့ သခင်ယေရှုအကြောင်းကို နားလည်နိုင်ရန် အကူအညီပေးနေကြောင်း သတိရပါ။ ရှင်မာကုက ဘာတွေဖြစ်ပျက်ခဲ့သည်ကိုသာ ကျွန်ုပ်တို့အား ပြောပြနေခြင်းမဟုတ်ပါ။ ရှင်မာကုက၌ ဤထက်ကောင်းသော အကြောင်းပြချက်ရှိသည်။ သူပြောပြသော သခင်ယေရှုအကြောင်းသည် သခင်ယေရှု မည်သူဖြစ်ကြောင်းနှင့် သူဘာကြောင့် ကြွဆင်းလာကြောင်းကို ကျွန်ုပ်တို့နားလည်နိုင်ရန် အကူအညီ ပေးပါသည်။ ကျွန်ုပ်တို့နောင်တရ၍ ယုံကြည်ရန်သူအလိုရှိသည်(မာကု၊ ၁း၁၅)။

ရှင်မာကုကျမ်းကို ဟောကြားသည့်အခါ ဤအချက်များကို သတိရပါ။ အကြောင်းအရာအားလုံး ဆက်စပ်ကိုက်ညီမှု ရှိနေသည်။ ရှင်မာကုခရစ်ဝင်ကျမ်း၏ အဓိကသတင်းစကားမှာ သခင်ယေရှုအကြောင်းဖြစ်ပြီး ကွဲပြားသော အကြောင်းအရာများစွာကို စုစည်းတင်ပြထားခြင်း မဟုတ်ပါ။

ထို့ကြောင့် အကြောင်းအရာတစ်ခုကို ဟောပြောပို့ချမည်ဆိုပါက ကျွန်ုပ်တို့ကိုယ်ကို ဤမေးခွန်းများ မေးသင့်ပါသည်။

- ရှင်မာကုက အဘယ်ကြောင့် ဤအကြောင်းအရာများကို ထည့်သွင်းထားပါသနည်း။ မည်ကဲ့သို့ဆီလျော်မှု ရှိနေပါသနည်း။
- သခင်ယေရှုသည် မည်သူနည်း သို့မဟုတ် သခင်ယေရှု အဘယ်ကြောင့် ကြွဆင်းလာရသနည်း စသည့် အကြောင်းများကို ကျွန်ုပ်တို့အား မည်သို့ပြောပြ သနည်း။
- သခင်ယေရှုကို ယုံကြည်ကိုးစားရန် ကျွန်ုပ်တို့အား မည်ကဲ့သို့ အကူအညီပေးနေသနည်း။

**၄။ ရှင်မာကု၏ရည်ရွယ်ချက်ကား အဘယ်နည်း။**

ရှင်မာကုသည် သူ၏ခရစ်ဝင်ကျမ်းကို အပိုင်းနှစ်ပိုင်းခွဲထားသည်။

- သခင်ယေရှုမည်သူနည်း။ မာကု၊ ၁-၈။
- သခင်ယေရှု အဘယ်ကြောင့် ကြွဆင်းလာသနည်း။ မာကု၊ ၉-၁၆။

မာကု၊ ၁-၈သည် သခင်ယေရှုမည်သူဖြစ်ကြောင်းကို ဖော်ပြထားသည်။

သခင်ယေရှုသည် ဘုရား၏သား ခရစ်တော်ဖြစ်သည်။မာကု၊ ၁း၁။ ၂း၇။ ၄း၄၁။ ၈း၂၉။


မာကု၉-၁၆သည် သခင်ယေရှု အဘယ် ကြောင့် ကြွဆင်းလာသည့်အကြောင်းကို ဖော်ပြထား သည်။ သခင်ယေရှုသည် အပြစ်အတွက် ဒုက္ခခံရန်၊ အသေခံရန်ကြွလာခြင်းဖြစ်သည်။ မာကု၊ ၁၀း၄၅။

ဤအကြံအစည်တော်ကို သတိရရန် ကြိုးစားပါ။ ရှင်မာကုခရစ်ဝင်ကို သင်နားလည်အောင် ကူညီပေးမည် ဖြစ်သည်။

| ယေရှုမည်သူနည်း | ယေရှု အဘယ့်ကြောင့် ကြွဆင်းလာသနည်း |
|---|---|
| မာကုအခန်းကြီး၊၁-၈ | မာကုအခန်းကြီး ၈-၁၆ |

**ရှင်မာကုခရစ်ဝင်ကျမ်းမှ တရားဟောချက်များ၏အဆုပ်ကို ဘယ်လို အသုံးပြုမလဲ။**

**နမူနာကို ကြည့်ပါ။**



သင်မဟောပြောခင်၊ ပြင်းထန်စွာလေ့လာပြီး ဆုတောင်းဖို့ လိုအပ်သည်။ ဤကျမ်းပိုဒ်များကို နားလည်နိုင်ရန် ဘုရားကူညီမစဖို့ တောင်းလျှောက်ပါ။

အဦးဆုံးလုပ်ရမည့်အရာမှာ 📖 မာကု၊၂း ၁၃–၁၇ ကို ဖတ်ရန်ဖြစ်သည်။ မာကု၊၂း၁၃–၁၇ မှ အကြောင်းအရာကို သတိရပါ။ မာကု၊၂း၁၃–၁၇ က ဤဓာတ်လမ်းထဲ ဘယ်လို အံဝင်ဂွင်ကျရှိကြောင်းကို စဉ်းစားပါ။ နောက်ခံသမိုင်းမှတ်စုက သင်စဉ်းစားဖို့ အထောက်အကူပြုပါလိမ့်မည်။

## မှတ်သားရန်

ဤကဏ္ဍက ခက်ခဲသောအရာများကို နားလည်နိုင်ဖို့ အထောက်အကူပေးလိမ့်မည်။ အချို့အကြောင်းအရာများကို ရှင်းပြရန်လိုအပ်ပါလိမ့်မည်။

## အဓိကအချက်

ဤကဏ္ဍ၏အကြောင်းအရာများကို အကုန်အစင် သိသည်အထိ ထပ်ခါတလဲလဲဖတ်ပါ။ အဓိကသွန်သင်သော အရာများကို နားလည်အောင် ကြိုးစားပါ။ သင်ဟောပြောချက်၏အဓိကအချက် ဖြစ်ပါလိမ့်မည်။ သင်၏လူများအတွက် အဘယ်သို့ အရေးကြီးကြောင်း နားလည်ဖို့ကြိုးစားပါ။ သူတို့ ရှင်းရှင်းလင်းလင်း နားလည်အောင်ဆုတောင်းပါ။

- *ယေရှုလေဝိကိုခေါ်ခြင်းသည် ဘာကြောင့် ထိတ်လန့်စရာဖြစ်ကြောင်း သင်နားလည်ပါသလား။*
- *ဤအရာက မာကု၊၂း၁၇ နှင့် ဘယ်လို ဆက်သွယ်နေပါသလဲ။*

ဤကဏ္ဍ၏အဓိကအချက်မှာ ဤသို့ဖြစ်သည်။ ယေရှုက ကောင်းသောသူများအတွက် ကြွလာခြင်း မဟုတ်ပါ။ အပြစ်သားများအတွက် ကြွလာခြင်းဖြစ်သည်။

## လုပ်ဆောင်ရန်

ယေရှုသည် လူကောင်းများကို ရွေးချယ်သည်ဟု လူများထင်နေဆဲဖြစ်ပါသည်။ လူအတော်များများက သူတို့ ကိုယ်သူတို့လူကောင်းများဟုထင်နေကြသည်။ သူတို့လူကောင်းများဖြစ်သောကြောင့် ယေရှုသူတို့ကို စိတ်နှင့်တွေ့သည်ဟု ထင်ကြသည်။ ဤအရာ မှားနေကြောင်း ဤကဏ္ဍက သွန်သင်ပါသည်။ ဤအရာကို ဘယ်လိုပြောမလဲဆိုတာ စဉ်းစားပြီးဆုတောင်းဖို့ လိုအပ်ပါသည်။ ယေရှုက ဆိုးသောသူများအတွက် သူကြွလာကြောင်းကို မြင်စေလိုသည်။ သူတို့အပြစ်များမှ ကယ်တင်ခြင်းရရန် ယေရှုကို တောင်းလျှောက်စေလိုသည်။

## သင်၏ဟောပြောချက်

ယခုသင့်ဟောပြောချက်ကို သင်၏ဘာသာစကားဖြင့် ပြောရန်၊ ပြင်ဆင်ပြီးဖြစ်သည်။ ကျွန်ုပ်တို့ပေးထားသောအကြံဉာဏ်များက သင့်ကို ထောက်ကူပေးလိမ့်မည်။ သင်၏ကိုယ်ပိုင်ဟောပြောချက်သည် သင်၏နှလုံးသားထဲမှ ထွက်ပေါ်လာရမည်။ ဘုရားမစဖို့ ဆုတောင်းပါ။ သင်၏ကိုယ်ပိုင်ဘာသာစကားဖြင့် မှတ်စုအချို့ရေးပါ။

*ဟောပြောချက်ကိုစတင်ပါ။*


ဘာအကြောင်း ပြောနေသလဲဆိုတာ လူများနားလည်စေဖို့ ဘယ်လို အစပြုမလဲဆိုတာ စဉ်းစားပါ။ သူတို့အတွက် ဘာကြောင့် အရေးကြီးတယ်ဆိုတာ သင့်လူများ မြင်ဖို့ကူညီပေးပါ။ အကြံဉာဏ်တစ်ခုရှိပါသည်။

*အုံဩဖွယ်ရာများကို သင်ကြိုက်နှစ်သက်သလား။ (နမူနာအချို့ပေးပါ)။ မကြာခဏ ယေရှု ကျွန်ုပ်တို့ကို အုံဩဖွယ်ဖြစ်စေသည်။ ယနေ့ ကျမ်းစာကဏ္ဍတွင် ယေရှုက လူတိုင်းမျှော်လင့်သောအရာနှင့် ဆန့်ကျင်ဖက်ကို လုပ်ခဲ့ပါသည်။ အချို့က ၎င်းကို နှစ်သက်၍ အချို့က မုန်းတီးသည်။ ယနေ့ ကောင်းသော*

*အံ့ဖွယ်အရာများကို ယေရှုသင့်ကိုပေးသလားဆိုတာ ကျွန်ုပ်သိချင်ပါသည်။*

*(သို့မဟုတ်) ဤအရာသည် ပြင်ထန်သော ထိတ်လန့်ဖွယ်ရာဖြစ်ကောင်းဖြစ်မည်။*

*အဲဒီနေ့ လူအုပ်ကြီးထဲမှာ သင်သည်လည်း အပါအဝင်ဖြစ်သည်ဟု တွေးကြည့်ပါ။ ထိုလူအုပ်ကြီးတွင် ခရစ်တော်စကားကို နားထောင်လိုသောသူ များစွာရှိပါသည်။ ရေအိုင်အနားမှာထိုင်ပြီး ယေရှု သွန်သင်ခြင်းကို နားထောင်ကြပါသည်။ သို့သော် ယေရှုက သူ့နောက်လိုက်ဖို့ ဘယ်သူ့ကိုမှမခေါ်ဘဲ သူ၏တပည့်တော် များသာ အထူးခေါ်ဖိတ်သည်။ ထို့နောက် ယေရှု၏ ဟောပြောခြင်းကို နားမထောင်နိုင်လောက်အောင် အလွန် အလုပ်များသောသူတစ်ဦးကို မြင်သည်။ သူဘာလုပ်နေသလဲ။ သူ၌ ငွေကြေးများစွာကို ရေတွက်သည်။ သို့သော် ယေရှုက သူ့ကို 'ငါ့နောက်သို့လိုက်ပါ'ဟု ပြောသည်။ ဘယ်လောက်အံ့သြစရာ၊ ထိတ်လန့်စရာ ကောင်းသနည်း။ ဘာကြောင့် ယေရှုက လေဝိကဲ့သို့လူကို အလိုရှိတာလဲ။*



လေဝိအကြောင်းနှင့် သူ့ကို လူတွေ ဘာကြောင့် မုန်းကြသည့်အကြောင်းကို သင်ထပ်၍ ပြောနိုင်ပါသည်။ ယေရှုက ဆိုးသောလူများကို ရွေးချယ်ခြင်းဖြစ်သည်။ လူများကို မည်မျှစိတ်ပျက်စေသည်ကို စဉ်းစားကြည့်ပါ။

ဤကဏ္ဍတွင် အမှန်တရား(၃)ခုအကြောင်း သွန်သင်ဖို့ရှိသည်။ ဤအမှန်တရားများအားလုံးသည် အဓိကအချက်ကို ရှင်းပြဖို့ အထောက်အကူပြုသည်။ ယေရှု အပြစ်သားများအတွက် ဘယ်လိုကြွလာသည်ကို ဖော်ပြပါသည်။

**ယေရှုအပြစ်သားများကို ခေါ်သည်။**

📖 - မာကု၊ ၂း၁၃

- *ယေရှုခေါ်သော လူအမျိုးအစားများနှင့်သင်တူသလား။*
- *သင်အပြစ်သားလား။*

လေဝိသည် ဘယ်လိုလူအမျိုးအစားဖြစ်သည်ကိုပြောပါ။ ယေရှုနှင့်အတူတူ ဝိုင်းဖွဲ့စားသည့် လူအုပ်စုအကြောင်း ပြောပါ။ သင်နေသောမြို့(သို့)ကျေးရွာကို စိတ်ကူးကြည့်ပါ။ မာကု၊ ၂း၁၇ကဘာပြောသလဲ။ သတိပြုပါ။ ယေရှုက ထိုလူများကို နှိမ်သည်ဟု သူမပြောပါ။ ယေရှု သူတို့အတွက် အထူးကြွလာခြင်းဖြစ်သည်ဟု ပြောပါသည်။

**ဆိုးသောသူများအတွက် ဤအရာမှာ သတင်းကောင်း ဖြစ်ပါသည်။** အခြားဘယ်သူမှ လေဝိကိုဂရုမစိုက်ပါ။ လူတိုင်းက အပြစ်သားများနှင့် အခွန်ခံများကို မုန်းပါသည်။ သို့သော် အဆိုးသွမ်းဆုံးလူများအတွက် ယေရှုကြွလာပါသည်။ ယေရှု ထိုသူများကို ချစ်ပါသည်။ ဤအကြောင်းပို၍ထပ်ပြောပြပါ။

**ဤအရာသည် လူကောင်းများအတွက် သတင်းဆိုး ဖြစ်သည်။** ယခု ယေရှု ကြွလာပြီး မခေါ်သောသူများမှာ ဘယ်သူလဲ။ (ဖြောင့်မတ်သောသူများသည် လူကောင်းများဖြစ်ပါသည်။ ဖာရိရှဲများက သူတို့သည် လူကောင်းများဖြစ်သည်ဟု ထင်သည်။ ယေရှု၊ ဆိုးသောသူများနှင့် စားသောက်နေခြင်းကို မနှစ်မြို့ပါ။

📖 - မာကု၊ ၂း၁၆

ဤအကြောင်းပို၍ပြောပြပါ။ ယနေ့ လူများက သူတို့ကောင်းသည်ဟု ထင်ကြသည်။ ဆိုးသောသူများကို နှိမ်ကြပါသည်။ ယေရှုက အပြစ်သားများအတွက် ကြွလာသည်ဟုပြောခြင်းကို သူတို့မနှစ်မြို့ပါ။

**ဤအရာသည် ကယ်တင်ခြင်းရသောသူများ အတွက်အရေးကြီးသည်။** ယေရှု ကျွန်ုပ်တို့ကို ခွင့်လွှတ်သည်။ ဤအကြောင်းလူအများကို ပြောပြချင်သည်။ ဘယ်လိုလူမျိုးကို သင်ပြောမလဲ။ ဘုရားကျောင်းမှန်မှန်တက်နေသောလူကောင်းများကိုဘဲ ပြောမလား။ ဆိုးတယ်လို့ကျွန်ုပ်တို့ ထင်တဲ့လူတွေကိုပြောမလား

၂။ ဘာကြောင့်ယေရှုအပြစ်သားတွေကို ခေါ်တာလဲ။

📖 - မာကု၊ ၂း၁၇

ဖာရိရှဲများက ဤအရာကို နားလည်ဖို့ ခက်ခဲကြောင်း တွေ့ပါသည်။ ဘယ်လိုလုပ်ပြီးသခင်ကဆိုးတဲ့

လူများဆီသွားဖို့ကို ရွေးချယ်သော ယေရှုလိုမျိုးဖြစ်နိုင်မလဲ။ ကျွန်ုပ်တို့လဲဘဲ နားလည်ရန် အလွန်ခက်ခဲပါသည်။ သေချာတာကတော့ ယေရှုသည် ဘုရားကျောင်းတက်သောသူများ၊ အိမ်နီးချင်းကို သနားသောသူများကို အနှစ်သက်ဆုံးဖြစ်ပါလိမ့်မည်။

ယေရှုက သူဘာကြောင့် အပြစ်သားများအတွက်ကြွလာကြောင်းကို ရှင်းပြပါသည်။ အကြောင်းမှာ သူတို့က ယေရှုကိုလိုအပ်သောကြောင့်ဖြစ်သည်။ သင့်လူများ နားလည်ဖို့ အထောက်အကူပြုရန် သမားတော် ယေရှု ရုပ်ပုံကားချပ်ကို အသုံးပြုပါ။ ဖျားနာသောသူများသာ ဆရာဝန်ဆီသို့သွားကြောင်း ထောက်ပြပါ။ အပြစ်အားလုံးကို သက်သာအောင် လုပ်ပေးနိုင်သော ယေရှုအကြောင်း သင့်လူများကို ပြောပြပါ။ ထိုသို့လုပ်ပေးဖို့ သူဘယ်လို ကားတိုင်ပေါ် အသေခံခဲ့ကြောင်း သူတို့ကို ပြောပါ။ သူတို့ အပြစ်များလွတ်ခြင်းခံရဖို့နှင့် လူကောင်းများဖြစ်လာအောင် လုပ်ပေးဖို့ ယေရှုကို တောင်းလျှောက်ပါ။

ကောင်းသောလူများက သမားတော်ယေရှုကို ဘာကြောင့် မလိုအပ်ကြောင်း သင့်လူများကို ထောက်ပြပါ။ သူတို့ကိုယ်သူတို့ကောင်းသည်ဟု ထင်သောကြောင့် သူတို့၏အပြစ်များကို ဖြေလွှတ်ဖို့မလိုချင်ကြပါ။ ကျန်းမာသောအမျိုးသမီးက သမားတော်ထံသွားတွေ့ခြင်းအကြောင်း ပုံဥပမာကိုပြောပြပါ။ သူဘယ်လောက် ကျန်းမာနေသည်ကို ဆရာဝန်အား ပြောပြပါသည်။ ဆရာဝန်၏စမ်းသပ်ခြင်းကိုလည်း မခံယူပါ။ ထိုသို့မလိုလားပါ။ ဆရာဝန်က သူ့ကိုစိတ်ကျေနပ်မှုရှိဖို့ကိုဘဲ လိုလားပါသည်။ ဟုတ်ပါသည်။ ဆရာဝန်က ကျန်းမာနေသောသူများအတွက် အချိန်ကိုမဖြုန်းပါ။ ယေရှုက ကောင်းသောသူများအတွက် ကြွလာခြင်းမဟုတ်ပါ။ အကြောင်းမှာ ထိုသူများသည် ဆရာဝန်ကိုလိုအပ်သည်ဟု မထင်ကြသောကြောင့် ဖြစ်သည်။

သင်၏ပုံဥပမာကို ထပ်ဖြည့်စွက်နိုင်ပါသည်။ (၂)လကြာပြီးသည်နောက် ထိုအမျိုးသမီးသေဆုံးသွားပါသည်။ သူ့ကိုယ်တွင်း၌ ရောဂါရှိပါသည်။ အမှန်တကယ်မှာ သူ၌ ကျန်းမာရေးမကောင်းပါ။ ဆရာဝန်က သူ့ကို စမ်းသပ်ဖို့ လိုအပ်ပါသည်။ ယခုတွင် အချိန်နှောင်းခဲ့ပါပြီ။ ကောင်းသောသူများလည်း ယေရှုကို အမှန်တကယ် လိုအပ်ပါသည်။ သူတို့လည်း အပြစ်သားချင်းဖြစ်ကြသည်။ သင်၏လူများကို ကျန်းမာရေးစစ်ဆေးခံရန် ယေရှုထံသွားခိုင်းပါ။ သူတို့၏အပြစ်များကို ဖော်ပြပေးဖို့ ယေရှုကို တောင်းလျှောက်ရမည်။

## ၃။ အပြစ်သားများကို မည်သည့်အရာ လုပ်နိုင်းစေမည်နည်း။

– မာကု၊၂း၁၄ ဖတ်ပါ။

သင်သည် လေဝိဖြစ်သည်ဟု စိတ်ကူးကြည့်ပါ။ သင်အလေးထားသောအရာတစ်ခုမှာ ငွေကြေးဖြစ်သည်။ ထိုငွေကြေးအတွက်ကြောင့် သင့်မှာ မိတ်ဆွေ မြောက်မြားစွာ ဆုံးရှုံးရပါသည်။ သင့်အသက်တာမှာ လူများကို ငွေကြေးအတွက် လိမ်လည်ခြင်းဖြင့်သာ ကုန်ဆုံးခဲ့ပါ သည်။ ယခုယေရှုက"ငါ့နောက်လိုက်ပါ"ဟုပြောပါသည်။ ဤအရာမှာ ကြီးမားသောတောင်းဆိုမှု ဖြစ်သည်။ သို့သော် လေဝိက ဘာလုပ်သလဲ။ သူ့အသက်မွေးဝမ်း ကြောင်းကို စွန့်ပစ်၍ ယေရှုနောက်သို့ လိုက်ပါသည်။ ဤအရာမှာ ဦးတည်ချက်ပြောင်းလိုက် ခြင်းဖြစ်သည်။ လေဝိသည် သွားနေသောလမ်းမှ ပြန်လှည့်လာ၍ အခြား လမ်းတစ်ခုကို သွားပါသည်။

ယေရှုက ကျွန်ုပ်တို့၏ဟောင်းသောအသက်တာကို စွန့်ပစ်ဖို့ ခေါ်ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့လှည့်ပြန်ပြီး ယေရှုနောက်သို့လိုက်ဖို့ခေါ်ပါသည်။

ဤအရာကို သင့်လူများ နားလည်ဖို့ အရေးကြီးပါသည်။ အပြစ်သားများနှင့်အတူနေဖို့ရန်အတွက်သာ ယေရှုကြွလာခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့ကို အပြစ်မှကယ်တင်ရန်ဖြစ်သည်။ ကျွန်ုပ်တို့အသက်တာကို ပြောင်းလဲပေးဖို့ သူကြွလာပါသည်။ ရုပ်ပုံကားချပ်ကို အသုံးပြုပါ။

သင်ဆရာဝန်ထံသို့သွားသည်ဟု စိတ်ကူးကြည့်ပါ။ ဘာမှားနေသလဲဆိုတာ သူသင့်ကိုပြောပါသည်။ သောက်ဖို့ ဆေးဝါးများပေးပါသည်။ သင်ကဆေးများကို လွှင့်ပစ်ပါသည်။ သင်မသောက်လိုပါ။ သင်သက်သာလာ ပါ့မလား။ ဟုတ်ပါသည် သင်မသက်သာလာပါ။

ယေရှုက ကျွန်ုပ်တို့အပြစ်များမှ လွတ်ငြိမ်းစေရန် လိုအပ်သောဆေးဝါးကို ပေးပါသည်။ ၎င်းမှာအခမဲ့ဖြစ်ပါသည်။ သူက'သင့် အပြစ်များကို ငါဖြေလွှတ်မည်'ဟု ပြောပါသည်။ သူက'သင့်ဒုစရိုက်များကို စွန့်ပြီး ငါ့နောက် သို့လိုက်ပါ'ဟု ပြောပါသည်။ ထိုဆေးကို သင်သောက် မည်လား။

**သင့်ဟောပြောချက်ကိုအဆုံးသတ်ပါ။**

- လူများအား ဘာကိုသတိရစေချင် ချင်တာလဲ။
- လူများကို ဘာလုပ်စေချင်တာလဲ။
- အဓိကအချက်ကိုထပ်ပြောပါ။
- သူတို့တိတ်ဆိတ်စွာ ဆုတောင်းဖို့ တခါတလေ လိုအပ်ပါလိမ့်မည်။

# PREACHING MARK

## TALK OUTLINES FOR MARK

*... written for Bible teachers around the world*

The word of God gives life to dead people. The word of God feeds hungry people. The word of God brings Jesus to us. 2 Timothy 2:15 says: ' Be a good worker, one who does not need to be ashamed, one who correctly (rightly) explains the word of truth'.

Preaching Mark will help you to do this. It will help you to:

- Understand what Mark tells us about Jesus Christ.
- Think how each section is important for your people.
- Teach the main point clearly.

Preaching Mark is a new resource designed for the developing world.



" This helpful guide is a wonderful tool for getting to the heart of Mark's Gospel, understanding its message, clarifying its teaching and communicating it to others with confidence and accuracy. I warmly commend it".

***David Jackman, President, Proclamation Trust, UK.***

One of the greatest needs around the world is for preaching that is firmly based in the Bible passage, exposing its power and its relevance. Preaching Mark is a great help for the many pastors and lay preachers around the world who have so few resources, and it provides a positive transferable model for the growing churches in the majority world.

***Jonathan Lamb, Director, Langham Preaching, Langham Partnership International.***





This book is a reliable guide for Pastors. Sunday School teachers and house group leaders on the emphases of Mark's Gospel: Who Jesus is and Why He came. It is faithful to the intention of the Biblical author and is written in easily understandable English with down-to-earth applications, leaving ample opportunity for adaptation within the local situation. May the Lord be pleased to use this material to change many lives.

***Emmanuel Egbunu, Bishop of Lokoja, Nigeria.***

CLC
MYANMAR